

# ရှေးမြန်မာမင်းများလက်ထက်ထောက်လှမ်းရေး

ဗိုလ်မှူးကြီးသန်းမွှင့်



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

| | |
|---|---|
| pmrcijy|t rw | -49^2004(5) |
| မျက်နှာဖုံးခွင့်ပြုအမှတ် | -၃၅/၂၀၀၄(၅) |
| မျက်နှာဖုံးသရုပ်ဖော်ပုံ | -ဗြိတိသျှပန်းချီဆရာ စီဂရန့် ရေးဆွဲခဲ့သော အမရပူရနေပြည်တော်ပုံ နှင့် ပုဂံမြို့ လောကထိပ်ပန်ဂူဘုရားအတွင်း၌ရေးဆွဲထားသောမဟော သဓဇာတ်တော်မှ ဘုရားလောင်းသုခမိန်က ချောင်းမြောင်းနားထောင် နေပုံ။ |
| ထုတ်ဝေသူ | -ဦးအောင်ဇော်၊ ယာယီမှတ်ပုံတင်အမှတ်(၃၇၁) |
| ပုံနှိပ်သူ | -မိတ်ကောင်းပုံနှိပ်တိုက် (၀၄၀၈၂)<br>အမှတ်-၄၅၆/၄၅၇၊ သံလွင်လမ်း၊ (၆၄)ရပ်ကွက်၊<br>စက်မှုဇုန်(၂)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့။<br>ဖုန်း-၅၉၀၃၃၆၊ ၀၉၅၀-၁၅၁၆၇ |
| ထုတ်ဝေသည့်နေ့စွဲ | -၂၀၀၄ ခုနှစ် ဇူလိုင်လ |
| ပုံနှိပ်ခြင်း | -ပထမအကြိမ် |
| အုပ်ရေ | -၁၀၀၀ |
| တန်ဖိုး | -၃၀၀၀ ကျပ် |

# ရှေးမြန်မာမင်းများလက်ထက် ထောက်လှမ်းရေး

ဗိုလ်မှူးကြီးစန်းပွင့်

# ရှေးမြန်မာမင်းများလက်ထက်ထောက်လှမ်းရေး
# ဗိုလ်မှူးကြီးစန်းပွင့်

## မာတိကာ


| | |
|---|---|
| မိတ်ဆက်အမှာစကား | ၉ |
| စွန်ရဲ | ၁၂ |
| ဒေါက်တာတိုးလှ | ၁၆ |
| ချစ်နိုင်(စိတ်ပညာ) | ၁၈ |
| ဒေါက်တာ ကျော်ဝင်း | |
| သပြေညို မောင်ကိုဦး | ၁၉ |
| ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ) | ၂၂ |
| တက္ကသိုလ်တင်ခ | ၂၃ |
| စာရေးသူ၏မေတ္တာရပ်ခံချက် | ၂၅ |
| အခန်း (၁) | |
| ထောက်လှမ်းရေး သမိုင်းအစ | ၂၇ |
| နိဒါန်း | ၂၉ |
| ထောက်လှမ်းရေးဆိုသည်မှာ အဘယ်နည်း | ၂၉ |
| အဘယ့်ကြောင့် ထောက်လှမ်းရေးလုပ်ရပါသနည်း | ၃၀ |
| မည်သည့်အရာများကို ထောက်လှမ်းကြပါသနည်း | ၃၁ |
| မြန်မာနိုင်ငံတွင် မည်သည့်အချိန်ကစ၍ ထောက်လှမ်းရေးလုပ်ခဲ့ပါသနည်း | ၃၁ |
| ရှေးမြန်မာမင်းများလက်ထက်က မည်သည့်နည်းနာများဖြင့် ထောက်လှမ်းရေးလုပ်ခဲ့ကြပါသနည်း | ၃၂ |
| အခန်း (၂) | |
| ထောက်လှမ်းရေးဆိုင်ရာ ဝေါဟာရများ | ၃၃ |
| ရှေးမြန်မာမင်းများလက်ထက် ထောက်လှမ်းရေးဆိုင်ရာ ဝေါဟာရများ | ၃၅ |
| အခန်း (၃) | |
| ပုဂံခေတ် ထောက်လှမ်းရေး | ၃၉ |
| ပုဂံခေတ် ထောက်လှမ်းရေး | ၄၁ |
| ပုဂံခေတ်ထောက်လှမ်းရေးအသိပညာ ရရှိနိုင်သောစာပေများ | ၄၄ |
| ထေရဝါဒဗုဒ္ဓဘာသာ ပါဠိစာပေများမှ ရရှိနိုင်သော ထောက်လှမ်းရေးအသိပညာ | ၄၄ |
| ငါးရာ့ငါးဆယ်နိပါတ်တော်လာ မဟောသဓဇာတ် | ၄၈ |
| မဟောသဓဇာတ်တော်လာ သူလျှိုစစ်ဆင်ရေး | ၄၈ |
| မဟောသဓဇာတ်တော်လာ လျှို့ဝှက်ရေးနှင့် ထောက်လှမ်းမှု | ၄၉ |
| ငါးရာ့ငါးဆယ် နိပါတ်တော်လာ ကဏှတိဏ္ဍုကဇာတ် | ၅၄ |
| မိလိန္ဒပဥှာပါဠိတော် | ၅၄ |

လျှို့ဝှက်အပ်သည်များကို မတိုင်ပင်သင့်သည့်အရပ်(၈)ပါး ၅၅
လျှို့ဝှက်တိုင်ပင်မှုကို ဖျက်ဆီးတတ်သောပုဂ္ဂိုလ်(၈)ဦး ၅၅
လျှို့ဝှက်အပ်သည်များကို အထက်ပါ(၈)ဦးနှင့် တိုင်ပင်သော် ၅၆
လျှို့ဝှက်တိုင်ပင်ချက်ကို ဖျက်ဆီးတတ်သူ (သို့မဟုတ်)
ပေါက်ကြားစေတတ်သူ ပုဂ္ဂိုလ်(၉)ဦး ၅၆
အထက်ပါပုဂ္ဂိုလ်(၉)ဦးအား လျှို့ဝှက်ချက်များကို တိုင်ပင်သော် ၅၆
အင်္ဂုတ္တိုရ်၊ ဝိနယပိဋက၊ စူဠဝဂ္ဂ ၅၇
တမန်အင်္ဂါ(၈)ပါး ၅၇

အခန်း (၄)

ပထမအင်းဝခေတ်(အေဒီ၁၃၆၄-၁၅၅၄)ထောက်လှမ်းရေး ၅၉

ပထမအင်းဝခေတ်(အေဒီ၁၃၆၄-၁၅၅၄)ထောက်လှမ်းရေး ၆၁
ပထမအင်းဝခေတ် ပါဠိ သက္ကတစာပေများမှ ရရှိနိုင်သည့် ထောက်လှမ်းရေးအသိပညာ ၆၃
ကာမန္ဒကီနီတိသာရကျမ်း ၆၃
အတိုင်အပင် ဖျက်ဆီးတတ်သူ(၇)ဦး ၆၆
တိုင်ပင်သင့်သော အရပ်(၅)ပါး ၆၆
တမန်အင်္ဂါ(၉)ပါး ၆၇
တမန်တစ်ဦးလိုက်နာဆောင်ရွက်ရမည့်တာဝန်များ ၆၈
တမန်တစ်ဦးနှင့် စုံစမ်းရမည့် အကြောင်းအရာ(၅)ပါး ၆၉
သူလျှိုတစ်ဦး၏ အင်္ဂါရပ်(၆)ပါး ၆၉
သူလျှိုတစ်ဦးအနေဖြင့် သတင်းရယူရန် အဆွေခင်ပွန်းပြုရမည့်သူများ ၆၉
ယုံကြည် မျက်စိမျက်ဆန်ပြုရာသောအမတ်၏ဂုဏ်အင်္ဂါများ ၇၀
ကောဋိလျအာတ္ထသျှတ္ထရကျမ်း ၇၁
ကောဋိလျအာတ္ထသျှတ္ထရကျမ်းလာ အထောက်တော်အမျိုးအစားများ ၇၃
ကောဋိလျ၏ ထောက်လှမ်းရေးနည်းနာများ ၇၃
အမရကောသကျမ်း ၇၅
အမရကောသကျမ်းလာ မင်း၏အုပ်ချုပ်ရေးဖွဲ့စည်းပုံ ၇၅
လောကနီတိကျမ်း ၇၆
ဟိတောပဒေသကျမ်း ၇၇
သံတမန်ဖြစ်ထိုက်သည့် ဂုဏ်အင်္ဂါ(၁၀)ပါး ၇၈
ရွှေဟသ်ာမင်းပျို့ ၇၉
နဝရတ်ပျို့ ၈၀
လောကသာရပျို့ ၈၀
နေမိမဂ္ဃစိုးခဏ်းပျို့ ၈၀
ဂမ္ဘီသာရပျို့ ၈၁
သံဝရပျို့ ၈၃

အခန်း(၅)
တောင်ငူခေတ် ထောက်လှမ်းရေး ၈၇
တောင်ငူခေတ် ထောက်လှမ်းရေး ၈၉
တောင်ငူခေတ် သုဝဏ္ဏဗျူဟာ ၉၁
ကျေးစေရတု
ဥတည်မင်း-သမီးထံစေဟန်၉၁
အခန်း(၆)
ညောင်ရမ်းခေတ်ထောက်လှမ်းရေး ၉၃
ဒုတိယအင်းဝခေတ်(သို့မဟုတ်)ညောင်ရမ်းခေတ်ထောက်လှမ်းရေး ၉၅
ဒုတိယအင်းဝခေတ်စာပေများမှ ရရှိနိုင်သည့် ထောက်လှမ်းရေးအသိပညာ ၉၆
ဦးကုလား မဟာရာဇဝင်ကြီး ၉၆
မင်းတို့ကျင့်တော်မူရာသော တရား(၈)ပါး ၉၆
တမန်အင်္ဂါ(၈)ပါး ၉၇
တစ်နည်း တမန်အင်္ဂါ(၈)ပါး ၉၇
သံတော်ခံအင်္ဂါ(၆)ပါး ၉၈
တိုင်းပြည်ကျယ်ဝန်းအံ့သော အကြောင်း(၈)ပါး ၉၈
စူးစမ်း၍သိရာသည့် အကြောင်း(၇)ပါး ၉၈
စစ်အောင်ရာသည့် အကြောင်း(၁၂)ပါး ၉၈
ကုမ္မာဘယပျို့ ၉၉
အခန်း(၇)
ကုန်းဘောင်ခေတ်(၁၇၅၂-၁၈၈၅)ထောက်လှမ်းရေး ၁၀၁
အလောင်းဘုရား(၁၇၅၂-၁၇၆၀)လက်ထက် ထောက်လှမ်းရေး ၁၀၃
ဗဒုံမင်း(ဘိုးတော်ဘုရား)(၁၇၈၂-၁၈၁၉)လက်ထက် ထောက်လှမ်းရေး ၁၀၈
ဘကြီးတော်စစ်ကိုင်းမင်း(၁၈၁၉-၁၈၃၇)လက်ထက် ထောက်လှမ်းရေး ၁၁၃
မြေးနန်းဝန်ဟောင်း မင်းလှသာဂသူနှင့် ညီအဆောင်တော်မြ ရွှေတောင်သာဂသူတို့၏
အထောက်တော် တင်လွှာမှ ကောက်နုတ်ချက် ၁၁၅
ကုန်းဘောင်ခေတ် မြန်မာသူလျှိုတစ်ဦးရေးဆွဲခဲ့သည့် ယိုးဒယားမြို့တော်၏မြေပုံ ၁၁၉
ကုန်းဘောင်ခေတ်မြို့ပြအုပ်ချုပ်ရေးတွင် ထောက်လှမ်းရေးတာဝန်ထမ်းဆောင်ရသူ
(နားခံ)ခန့် အမိန့်တော်ပြန်တမ်း ၁၂၀
ကုန်းဘောင်ခေတ်တွင် ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံအား ထောက်လှမ်းခဲ့ကြပုံ ၁၂၁
ကုန်းဘောင်ခေတ်ဦးပိုင်း အင်္ဂလိပ်သံတမန်သူလျှိုများ ၁၂၂
ကုန်းဘောင်ခေတ်စာပေများမှ ရရှိနိုင်သည့် ထောက်လှမ်းရေးအသိပညာ ၁၂၅
လက်ဝဲသုန္ဒရအမတ်ကြီး(၁၇၂၃-၁၇၉၉)ရေးသားခဲ့သည့် စစ်ရေးဆိုင်ရာပျို့များ ၁၂၅
သေနင်္ဂဗျူဟာပျို့ ၁၂၅
ဗျူဟစက္ကပျို့ ၁၂၅
နန္ဒိသေနပျို့ ၁၂၇

ရာဇဒီပနီကျမ်း ၁၂၇
ဝိဓူရပျို့ ၁၂၈
ဇနကပျို့ ၁၂၈
မှန်နန်းမဟာရာဇဝင်တော်ကြီး ၁၂၉
- နိုင်ငံကျယ်အံ့သောအကြောင်း(၈)ပါး ၁၂၉
- စုံစမ်း၍ သိရာသော အကြောင်း(၇)ပါး ၁၂၉
- စစ်အောင်ရာသောအကြောင်း (၁၂)ပါး ၁၂၉

ပေါက္ကံမောင်ချို၏ စကားပုံ ၁၃၀
မဟော်ပြဇာတ် ၁၃၀
ရာဇာဘိဟိတဒီပနီကျမ်း ၁၃၁
- ပြည့်ကြီးရှင်မင်းတို့ မဆင်မခြင် မစုံမစမ်း မကျင့်ရာ(၇)ပါး ၁၃၁

မဇ္ဈိမဒေသအရေးတော်ပုံကျမ်း ၁၃၁
- တမန်အင်္ဂါ(၈)ပါး ၁၃၂
- ရန်အောင်ရာသောအကြောင်း(၄)ပါး ၁၃၂
- အမတ်ကောင်းတို့၏အင်္ဂါ(၉)ပါး ၁၃၂
- မတိုင်ပင် မပေါင်းဖော်အပ်သူ(၈)ဦး ၁၃၃

**အခန်း (၈)**

**ကုန်းဘောင်ခေတ်နှောင်းကာလ ထောက်လှမ်းရေး ၁၃၅**

ကုန်းဘောင်ခေတ်နှောင်းကာလ ထောက်လှမ်းရေး ၁၃၇
ပုဂံမင်းလက်ထက် ထောက်လှမ်းရေး ၁၃၇
မင်းတုန်းမင်း(၁၉၅၃-၁၈၇၈)လက်ထက် ထောက်လှမ်းရေးဖွဲ့စည်းပုံ ၁၄၅
အထင်အရှားထားသောအထောက်တော်များ ၁၄၇
မထင်မရှားထားသောအထောက်တော်များ ၁၄၇
မင်းတုန်းမင်းကြီး အထောက်တော်ချုပ် ခန့်ထားတာဝန်ပေးပုံ ၁၄၈
မင်းတုန်းမင်း အထောက်တော်များနှင့်တွေ့ဆုံသတင်းရယူပုံ ၁၅၁
မင်းတုန်းမင်းကြီး၏ ထောက်လှမ်းရေးအသုံးစရိတ် ၁၅၂
မင်းတုန်းမင်း၏ သာသနာရေးဆိုင်ရာ ထောက်လှမ်းပုံ ၁၅၃
မင်းတုန်းမင်းလက်ထက် အထောက်တော်သတင်းများအရ အရေးယူဆောင်ရွက်ခဲ့ပုံများ ၁၅၃
စုံစမ်းထောက်လှမ်းမှုနှင့်သက်ဆိုင်သော အစုအမှုထမ်းများအတွက် ထုတ်ပြန်ခဲ့သည့်ဥပဒေ ၁၅၄
မင်းတုန်းမင်းကြီးလက်ထက် အဝေးမြို့ရွာများမှ ထောက်လှမ်းရေးသတင်းရယူခဲ့ပုံ ၁၅၇
မင်းတုန်းမင်းကြီးလက်ထက် ယိုးဒယားနိုင်ငံအား ထောက်လှမ်းခဲ့ပုံ ၁၅၉
မင်းတုန်းမင်းလက်ထက် တရုတ်ပြည်သို့ သံအဖွဲ့စေလွှတ်ခဲ့ပုံ ၁၆၀
"တရုတ်ပြည်သွား သံတော်များသို့ ပေးအပ်သည့်မှတ်စာမှ ကောက်နုတ်ချက်" ၁၆၁
မင်းတုန်းမင်းကြီးလက်ထက် အိမ်ရှေ့စံ ကနောင်မင်းသားကြီးကိုယ်တိုင် ထောက်လှမ်းခဲ့ပုံ ၁၆၆
သီပေါမင်း(၁၈၇၈-၁၈၈၅)လက်ထက် ထောက်လှမ်းရေး ၁၆၇
စစ်ရေးနှင့်ပတ်သက်၍ ရှမ်းပြည်အရှေ့ပိုင်းနှင့်ဇင်းမယ်ဒေသသို့ ထောက်လှမ်းခဲ့ပုံ ၁၆၉

မိုင်းနောင်ကြောင်းချီ ဗိုလ်ချုပ်ပုဂံဝန်ထောက်က လွှတ်တော်လျှောက်လွှာ ၁၆၉
ကျိုင်းတုံမြို့ကို စေလွှတ်ထောက်လှမ်းပြန်ရောက်သူ ငစံခန်း၊ ငတံကူးတို့ ထွက်ဆိုအစစ်ခံချက် ၁၇၀
ကျိုင်းတုံမြို့ မင်္ဂလာကျောင်းနေ ဦးပညာက မိုင်းနောင်မြို့စားထံပေးသည့်မေတ္တာစာ ၁၇၀
သက္ကရာဇ် ၁၂၄၆ ခု၊ တော်သလင်းလဆန်း ၉ရက်နေ့ နာခံငမှုံ့တွင်ပါသည့် စက္ကူစာ ၁၇၁
ထောက်လှမ်းစေခိုင်းသူ နာခံငမှုံ့၊ ငပန်းဦးတို့ လျှောက်ရင်းစာလကျဲ ၁၇၁
ကုန်းဘောင်ခေတ် လေ့လျှင်၊ မြင်းလျှင် ဆက်သားများ၏ ထောက်လှမ်းရေးတာဝန် ၁၇၂
ကုန်းဘောင်ခေတ် နှောင်းပိုင်း ပြဋ္ဌာန်းခဲ့သည့် စုံစမ်းထောက်လှမ်းမှုနှင့်ပတ်သက်၍
ခရိုင်ဝန်၊မြို့ဝန်တို့စောင့်ထိန်းလိုက်နာရမည့် ဥပဒေ ၁၇၂
ကုန်းဘောင်ခေတ်ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံအား ထောက်လှမ်းခဲ့ကြပုံ ၁၇၃
ကုန်းဘောင်ခေတ်နှောင်းပိုင်း အင်္ဂလိပ်သံတမန်သူလျှိုများ ၁၇၄
ပြင်သစ်ရောက်မြန်မာသံအဖွဲ့ကို အင်္ဂလိပ်က ထောက်လှမ်းခဲ့ခြင်း ၁၇၆
နေပြည်တော်ရှိ နိုင်ငံခြားသံရုံးများကို ထောက်လှမ်းခြင်း ၁၇၆
နေပြည်တော်သို့လာရောက်ကြသည့် သံတမန်အဖွဲ့များကို ထောက်လှမ်းခြင်း ၁၇၈
နယ်ချဲ့အင်္ဂလိပ်တို့အတွက် သူလျှိုလုပ်ပေးခဲ့သည့် အီတလီကောင်စစ်ဝန် ၁၇၉
နေပြည်တော်မှာ နေထိုင်ခဲ့ကြသည့် ဥရောပနိုင်ငံခြားသားများအတွင်းမှ သူလျှိုများ ၁၈၁
အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ရန် အင်္ဂလိပ်များ၏ကြိုတင်ထောက်လှမ်းမှု ၁၈၃
ထမင်းကျွေးပြီး သတင်းပေးခဲ့သည့် အောက်မြစ်စဉ်ဝန် ၁၈၅
အထက်မြန်မာနိုင်ငံကို သိမ်းယူခါနီး ထောက်လှမ်းခြင်း ၁၈၈
ကုန်းဘောင်ခေတ်နှောင်းပိုင်း ထောက်လှမ်းရေးအသိပညာ ရရှိနိုင်သောစာပေများ ၁၈၈
ရာဇသေဝကဒီပနီကျမ်း ၁၈၈
စရ မည်သောသူလျှိုတို့၏အင်္ဂါလက္ခဏာ ၁၈၉
စရ မည်သောသူလျှိုတို့၏အင်္ဂါလက္ခဏာဂါထာ ၁၉၀
ယထာရဟာဝဏ္ဏ သူလျှိုအထူး ၁၉၀
ယထာရဟာဝဏ္ဏ သူလျှိုအထူး၏လက္ခဏာများ ၁၉၁
ကဝိလက္ခဏာဒီပနီကျမ်း ၁၉၁
ရာဇနီတိ ၁၉၁
ရာဇဓမ္မသင်္ဂဟကျမ်း ၁၉၂
မဃဒေဝလင်္ကာ ၁၉၃
အခန်း (၉)
နိဂုံး ၁၉၇

ကိုးကားကျမ်းစာရင်း ၂၀၂
အက္ခရာဝလိအညွှန်း ၂၁၉
ပုံအညွှန်း ၂၂၆

# မိတ်ဆက်အမှာစကားများ

## စွန်ရဲ၏ မိတ်ဆက်အမှာစကား

ဤစာအုပ်ရေးသားသူ ဗိုလ်မှူးကြီးစန်းပွင့်အား စာပေဝါသနာပါသူတစ်ဦးဖြစ်ကြောင်း သိခဲ့ပါသည်။ သူသည် ၁၉၈၄ခုနှစ်တွင် သတင်းစာဆောင်းပါး စတင်ရေးသားခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ အလင်းဝင်လာသော လူငယ်(၄)ဦးအား သူဦးဆောင်၍ ဗမာပြည်ကွန်မြူနစ်ပါတီ အရှေ့မြောက်စစ်ဒေသ စတင်သည်မှ ပြိုကွဲသည်ထိ၊ တစ်နည်းအားဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီကျဆုံးခန်းကို ‘ ထို့ကြောင့် ဤသို့ ’ ဟူသောအမည်ဖြင့် စာအုပ်တစ်အုပ် ရေးသားခဲ့သည်။ သည့်နောက်တွင် ၁၉၉၈ခုနှစ်၌ ‘ ဦးခွန်ဆာ ဘာကြောင့် လက်နက်နဲ့ငြိမ်းချမ်းရေး လဲခဲ့ရသလဲ’၊ ၁၉၉၉ခုနှစ်တွင် ငြိမ်းချမ်းရေးရယူခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်ပတ်သက်၍ ‘ တပ်မတော်အစိုးရ၏တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကြိုးပမ်းဆောင်ရွက်ချက်’၊ ၂၀၀၂ခုနှစ်တွင် မြန်မာ၊ ထိုင်း(၂)နိုင်ငံ ဆက်ဆံရေးအခြေအနေများကို အတိတ်သမိုင်းမှမျက်မှောက်ကာလထိ ရှာဖွေလေ့လာ၍ ‘ အမြဲသတိထားရမည့်အိမ်နီးချင်း’ ဆိုသောစာအုပ်များကို ကလောင်အမည်အမျိုးမျိုးဖြင့် ရေးသားခဲ့သည်။ ယခုတစ်ဖန် ရှေးခေတ်ကာလမြန်မာတို့၏ထောက်လှမ်းရေးနှင့်ပတ်သက်၍ ‘ရှေးမြန်မာမင်းများလက်ထက် ထောက်လှမ်းရေး’ ဟူသောစာအုပ်ကို ရေးသားပြုစုပြန်သည်။ သူ့အား ဤစာအုပ်ရေးသားရန် ကျွန်တော် တိုက်တွန်းအားပေးခဲ့ပါသည်။ ၁၉၉၅ ခုကတည်းက စတင်လေ့လာရေးသားခဲ့သဖြင့် ဆယ်စုနှစ်တစ်စုနီးပါးအားထုတ်ခဲ့ကြောင်း ကျွန်တော် သိနေပါသည်။ ဤစာအုပ် ကောင်းပါသည်ဟု ကျွန်တော် အမွှန်းမတင်လိုပါ။ သို့ရာတွင် တပ်မတော်ခေါင်းဆောင်များ၊ သံတမန်တာဝန်ထမ်းဆောင်သူများ၊ စုံစမ်းထောက်လှမ်းမှုဆိုင်ရာ တာဝန်ထမ်းဆောင်ရသူများအနေဖြင့်မူ အထူး အလေးထား ဖတ်ရှုလေ့လာသင့်ပါကြောင်း တိုက်တွန်းအပ်ပါသည်။

စွန်ရဲ

## တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးလှ၏အမှာစကား

လူသား၏လှုပ်ရှားမှုမှန်သမျှကို လူသားက အမြဲစောင့်ကြည့်လေ့လာလျက်ရှိသည်။ အကြောင်းမှာ လူသား၏သမိုင်း အစဉ်တိုးတက်နေစေလို၍ ဖြစ်သည်။ လူသား၏သမိုင်းဆိုရာ၌ လူမှုအဖွဲ့အစည်း၏ နေ့စဉ်လှုပ်ရှားမှုအရပ်ရပ်ကို သိမ်းကြုံးဆိုခြင်းဖြစ်သည်။ သာမန်အားဖြင့် ထိုသို့စောင့်ကြည့်လေ့လာနေသူကို သမိုင်းဆရာဟုခေါ်တတ်ကြသည်။ စင်စစ် သမိုင်းဆရာအပြင် အားလုံးသောဝိဇ္ဇာသိပ္ပံပညာရှင်များလည်း သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် ပါဝင်ကြသည်သာဖြစ်ပေသည်။

သမိုင်းဆရာတို့က သမိုင်းရေးသားသောအခါ အတိတ်သမိုင်းအတွက် ဆိုင်ရာခေတ်လူတို့၏ နိစ္စဓူဝလှုပ်ရှားမှုကို တစ်ဦးချင်းအလိုက်၊ အစုအပေါင်းအလိုက်၊ နိုင်ငံအလိုက်မှသည် တစ်ကမ္ဘာလုံးခြုံလျက် ပုံဖော်ပေးနိုင်သော ယင်းတို့၏အသုံးအဆောင်နှင့်စာပေမှတ်တမ်းများကို စုဆောင်း လေ့လာလျက် ပြန်လည်တည်ဆောက်ကြည့်တတ်ကြသည်။ နီးစပ်ရာ၊ ဆက်နွှယ်ရာခေတ်တို့၏အနေအထားတို့ဖြင့်လည်း နှိုင်းယှဉ်ကြည့်မြဲ ဖြစ်သည်။ လူမှုအဖွဲ့အစည်း၏တိုးတက်ဖွံ့ဖြိုးမှုအရှိန်အဟုန် သို့မဟုတ် လူမှုအလားအလာတို့ကို ပီပြင်စွာမြင်နိုင်စေရန် ဖြစ်ပါသည်။ အကြောင်းက အရှိန်အဟုန် နည်းလွန်းနေလျှင် သို့မဟုတ် လူမှုအခြေအနေမကောင်းလျှင် သတိပေးနိုင်ရန်နှင့် အရှိန်အဟုန်ကောင်းနေလျှင် လျှော့ကျမသွားရအောင် ထိန်းသိမ်းပေးထားနိုင်ရန် ဖြစ်လေသည်။ ထို့ကြောင့် သမိုင်းဟူသည် လူသား၏ အတိတ်အကြောင်းချည်းသာမကဘဲ ယင်းက လူသားမျက်မှောက်ဘဝကိုလည်း အရိပ်မိုးလျက် ရှိနေသည်။ ထို့အပြင် လူ့အဖွဲ့အစည်း၏အနာဂတ်ကို ပုံဖော်ရာ၌လည်း လူ့အတိတ်သမိုင်းသည် လုံးဝ ပစ်ပယ်၍ မရသောအခန်းကဏ္ဍမှ တစ်မျိုးမျိုးသော စံ တစ်ခုအဖြစ်ဖြင့် ပါဝင်နေတတ်သည်ကို တွေ့ရှိရသည်။

သမိုင်းဆရာတို့သည် လူမှုအဖွဲ့အစည်း၏အသေးငယ်ဆုံး အဖြစ်အပျက်အလေးမှသည် အကြီးအကျယ်ဆုံးသော အဖြစ်အပျက်များအထိ လေ့လာမှတ်တမ်းပြု ရေးသားကြသည်။ အကြောင်းအရာတို့ကို အထူးသီးသန့်ပြု၍ လေ့လာသကဲ့သို့ ယေဘုယျခြုံငုံ၍လည်း ကြည့်တတ်မြင်တတ်ကြပေသည်။ လူမှုအဖွဲ့အစည်းအတွင်း မိမိကျင်လည်ရာ ကျွမ်းကျင်ရာ စိတ်ဝင်စားစရာတို့ကို လေ့လာပြုစုကြခြင်းဖြစ်၍ သာမန်လူတို့ထက် ကြည့်တတ် မြင်တတ် ဝေဖန်တတ်ပေသည်။ သို့ဖြင့် သမိုင်းဆရာတို့ကို ယင်းတို့အထူးပြု လေ့လာရေးသားကြသည့် အကြောင်းအရာအလိုက် ကျွမ်းကျင်ပညာရှင် (ပါရဂူ)အဖြစ် အသိအမှတ်ပြုကြရသည်။

ဤတွင် သမိုင်းဆရာဆိုသဖြင့် တက္ကသိုလ်ကျောင်းတော်ကြီးမှ သမိုင်းပညာကိုသင်ယူ၍ ထိုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူကိုသာ ဆိုလိုခြင်းမဟုတ်ချေ။ လူမှုအဖွဲ့အစည်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုကို ကျရာ မြင်ရာ လေ့လာပွန်းတီးရာအနေအထားမှ အမြဲစောင့်ကြည့်လျက် အများပြည်သူတို့ကို အသိပညာသစ်ရရှိနိုင်အောင် ဖော်ထုတ်ရေးသားပြုစုနိုင်သူအားလုံးကို

ဆိုလိုပါသည်။ ထို့ကြောင့် သမိုင်းဆရာဖြစ်ရန်သည် စိတ်ကောင်းစေတနာထားမှု၊ လေ့လာတတ်ပွန်မှုနှင့် ရေးသားတင်ပြမှုတို့သာ ပြည့်စုံရန်လိုပေသည်။ ယင်းအခြေခံသုံးချက်ကို အရေးအဖတ်တတ်၍ စိတ်ပါဝင်စားသူတိုင်း လေ့ကျင့်ယူ၍ရရှိနိုင်သည်ဟု ယုံကြည်သည်။ သို့သော် သမိုင်းလေ့လာမှုအခြေခံနှင့်သုတေသနနည်းနာများ သိရှိလျှင်မူ ထူးချွန်သူတစ်ဦး ဖြစ်လာပေမည်။

မြန်မာ့သမိုင်းတွင် ကွက်လပ်ပေါင်း များစွာရှိနေသည်။ ကွက်လပ်များပြားခြင်းသည် သမိုင်းဆရာအရေအတွက်ရော အရည်အချင်းပါ အားနည်းနေခြင်း၏သင်္ကေတဟု ယုံကြည်ရသည်။ အထူးသဖြင့် ထိုအားနည်းမှုကို နှစ်ဆယ်ရာစုနှစ်လယ်ထိ အထင်အရှား တွေ့မြင်နေရသည်။ သို့သော် နှစ်ဆယ်ရာစုနှောင်းကာလတွင် မြန်မာတို့အသိပညာ ပိုမိုနိုးကြားလာခဲ့ကြသဖြင့် သမိုင်းကွက်လပ်ပေါင်းများစွာတို့ကို လူငယ်ပညာရှင်ပေါင်းများစွာတို့က တဖြည်းဖြည်း ဖြည့်ဆည်းနိုင်လာခဲ့ကြသည်။ အမျိုးသားပညာရေးစနစ်၏အသိပညာဖွင့်ပေးနိုင်မှုကြောင့် အရေးပါသည့်အသစ်အသစ်သောသမိုင်းကွက်လပ်များကိုလည်း ဖော်ထုတ်လာနိုင်ခဲ့ကြသည်။

ယခုအခါ မြန်မာ့သမိုင်းသုတေသီတို့သည် ခေတ်အဆက်ဆက်၏အခြေခံအဆောက်အအုံဖြစ်သောစီးပွားရေးမှသည် အပေါ်ထပ်အဆောက်အအုံဖြစ်သောနိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စာပေအနုပညာ၊ ယဉ်ကျေးမှုနှင့်ကိုးကွယ်ယုံကြည်မှု စသည်တို့ကို ဘက်ပေါင်းစုံမှ လေ့လာနိုင်ခဲ့ကြသည်။ လေ့လာနေကြဆဲလည်း ဖြစ်ပါသည်။ အမျိုးသားပညာရေးနှင့်အသိပညာနယ်ပယ်ကျယ်ဝန်းလာသောအခါ သမိုင်း၏သေးငယ်၍ အရေးပါသောအဖြစ်အပျက်လေးများကိုလည်း သုတေသနပြု ဖော်ထုတ်လာနိုင်ခဲ့ကြသဖြင့် အားတက်ဖွယ် ဖြစ်လာရသည်။ အကြောင်းအရာနှင့်အချိန်ကာလ ကျဉ်းလေကြံ့လေ သုတေသနပြုမှုခက်ခဲနက်နဲလေ ဖြစ်ပေသည်။

ဤတွင် လတ်တလောအားဖြင့် မြန်မာ့သမိုင်းမှအရေးပါသည့် ကွက်လပ်တစ်ခုကို ဖြည့်ဆည်းနိုင်ခဲ့သော တိုးတက်မှုတစ်ခု ပေါ်ထွန်းလာခဲ့ပါသည်။ ထိုကွက်လပ်ကား ရှေးခေတ်မြန်မာ့ထောက်လှမ်းရေးအကြောင်းဖြစ်၍ ပြုစုတင်ပြခဲ့သူမှာ ဗိုလ်မှူးကြီးစန်းပွင့် ဖြစ်သည်။ ကျမ်းခေါင်းစဉ်မှာ "ရှေးမြန်မာမင်းများလက်ထက်ထောက်လှမ်းရေး"ဟူ၍ဖြစ်ပါသည်။ စစ်ရေး၊ နိုင်ငံရေးနှင့်အုပ်ချုပ်ရေးတွင် ထောက်လှမ်းရေးသည် မရှိမဖြစ်သောလုပ်ငန်းတာဝန်ပါ အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ မည်သည့်ခေတ် မည့်သည့်နိုင်ငံမည်သည့်အစိုးရပုံစံမျိုး၌မဆို ထောက်လှမ်းရေးမရှိ၍မဖြစ်ချေ။ လူတိုင်းသည် အမေရိကန်ပြည်ထောင်စု၏အက်ဖ်ဘီအိုင်(FBI)နှင့် စီအိုင်အေ(CIA)တို့ကိုလည်းကောင်း၊ ရုရှားနိုင်ငံ၏ကေဂျီဘီ (KGB) နှင့် ဂျီအာယူ(GRU)တို့ကိုလည်းကောင်း သိရှိကြားဖူးကြမည်ဖြစ်သည်။ ထိုအဖွဲ့အစည်းများသည် ယင်းတို့နိုင်ငံအတွင်း မရှိမဖြစ်သောထောက်လှမ်းရေးအဖွဲ့အစည်းများတည်း။ အခြားနိုင်ငံတိုင်းတွင်လည်း နိုင်ငံ့လိုအပ်ချက်အရ ဖွဲ့စည်းတည်ထောင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေသည်သာ ဖြစ်ပါသည်။

တိုင်းပြည်တစ်ပြည်တွင် ထောက်လှမ်းရေးသည် ထိုနိုင်ငံအစိုးရအတွက် အသက်ဖြစ်သည်။ ထောက်လှမ်းရေး မပါ၊ မကောင်းသောစစ်ရေးသည် မအောင်နိုင်ရာ။ ထောက်လှမ်းရေးမပါ၊ မကောင်းသောနိုင်ငံရေးသည် ပြည်သူနှင့်နိုင်ငံကို သာယာငြိမ်းချမ်းအောင် မဆောင်ရွက်နိုင်ရာ။ ထောက်လှမ်းရေးမပါ၊ မကောင်းသောအုပ်ချုပ်ရေးသည် အောင်မြင်သောအစိုးရစနစ်ကို မဖော်ဆောင်နိုင်ရာ။ ဤမျှအရေးပါသောထောက်လှမ်းရေးသမိုင်းကို ယခင်က လေ့လာဆည်းပူးတင်ပြခဲ့ခြင်းမျိုး မရှိခဲ့ဖူးချေ။

ကုန်းဘောင်ခေတ်ကို စူးစိုက်လေ့လာနေကြသော သမိုင်းပညာရှင်တို့သည် ထိုခေတ်၏တစ်ပိုင်းတစ်စ ထောက်လှမ်းရေးဆိုင်ရာသတင်းများကို ပြန့်ကျဲလျက် တွေ့ရှိကြဖူးပါသည်။ အထူးသဖြင့် ဗဒုံ

မင်းလက်ထက်၊ စစ်ကိုင်းမင်းလက်ထက်၊ မင်းတုန်းမင်းလက်ထက်ကာလများနှင့် အများဆုံးဆိုင်သော ထောက်လှမ်းရေးသတင်းများ ဖြစ်ပါသည်။ သို့သော်လည်း ယင်းတို့ကို ရနိုင်သမျှစုစည်းလျက် ကျမ်းတစ်စောင်ပေတစ်ဖွဲ့အဖြစ်ရောက်အောင် ရေးသားတင်ပြကြရန် စိတ်မကူးမိခဲ့ကြချေ။ ဘာသာရပ်ကို မကျွမ်းကျင်၍လည်းကောင်း၊ အထောက်အထားလုံလောက်မှုမရှိဟု ထင်မြင်ယူဆ၍လည်းကောင်း ဖြစ်ပါမည်။

ယခု ဗိုလ်မှူးကြီးစန်းပွင့်က ပြုစုတင်ပြလာသောအခါမှ မိမိတို့သိတန်သမျှသိသော်လည်း မလုပ်နိုင်ခဲ့၊ မရေးနိုင်ခဲ့သည်ကို ပြန်လည်သုံးသပ်သဘောပေါက်မိပါသည်။ ယင်းက စူးစိုက်လေ့လာဖော်ထုတ်လျက် ရှေ့ဆောင်လမ်းပြလုပ်ပေးနိုင်ခဲ့သဖြင့် ဝမ်းသာပီတိ ဖြစ်မိရပါသည်။ ယခင်က သတိမမူမိခဲ့သော သမိုင်း၏ကွက်လပ်တစ်ခုကို ဖြည့်ဆည်းနိုင်ခဲ့သဖြင့်လည်း ပြုစုသူကို ကျေးဇူးတင်ရပါသည်။ ရှေးခေတ်မှသည် ကုန်းဘောင်ခေတ်တိုင်ပြုစုထားသဖြင့် ကျယ်ပြန့်သောကျမ်းတစ်စောင်လည်း ဖြစ်ပါသည်။ ကျောက်စာ၊ ခေတ်ပြိုင်မှတ်တမ်းစာပေနှင့် ရှေးဟောင်းပို့ကဗျာလင်္ကာတို့ကို အားကိုးဖော်ပြထားသဖြင့်လည်း မြင်ကွင်းကျယ်ကားတစ်ချပ်ကို ရှုမြင်နေရသကဲ့သို့ ခံစားမိပါသည်။ ကျမ်းပြုသူက ကုန်းဘောင်ခေတ်ကို ပိုမိုပီပြင်အောင်ပြရန် ကြိုးပမ်းချက်ကိုလည်း သတိထားမိပေသည်။ ထို့ကြောင့် မြန်မာ့ထောက်လှမ်းရေးသမိုင်းကို ရှေးခေတ်မှသည် ကုန်းဘောင်ခေတ်ဆုံးသည့်တိုင် ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်သဖြင့် သမိုင်းလေ့လာနေသူများအဖို့ အတတ်ပညာရပ်တစ်ရပ်ကိုမျက်စိဖွင့်ပေးသောကျမ်း ဖြစ်ကြောင်း ယုံမှားသံသယကင်းကြမည် ဖြစ်ပါသည်။

စာပေနှင့်သမိုင်းတွင် အမွန်အစပြုလုပ်ကြရသူတို့သည် လက်လှမ်းမမီသော အထောက်အထားများ၊ မသိရှိရသေးသော အထောက်အထားများ အစဉ်ရှိနေတတ်သဖြင့် မပြည့်စုံနိုင်ကြောင်းကို ပညာရှင်တိုင်း နားလည်သဘောပေါက်ပြီးဖြစ်ကြပါသည်။ သို့သော် နောက်ထပ်ပြုစုနိုင်သူ မထွက်ပေါ်လာနိုင်သေးသမျှ ထိုကျမ်းသည် ပြိုင်ဘက်ကင်းကျမ်းဟူ၍ပင် သတ်မှတ်ရပါမည်။ ဆက်လက်၍ပြုစုသူများ ရှိလာပါကလည်း အဦးအစပုဂ္ဂိုလ်သည် ရှေ့ဆောင်လမ်းပြခဲ့သူ သို့မဟုတ် ဆရာအဆင့်မှာသာ ရှိနေရမြဲ ဖြစ်ပါသည်။

ယခုအခါ ဗိုလ်မှူးကြီးစန်းပွင့်က ရှေးမြန်မာမင်းတို့လက်ထက်က ထောက်လှမ်းရေးသမိုင်းကို ပြုစုလိုက်နိုင်သဖြင့် နှောင်းပညာရှင်တို့သည် ယင်းကို ကျေးဇူးတင်နေရုံမျှဖြင့် အားရကျေနပ်နေ၍မရနိုင်ပါ။ ထိုကျမ်းကို လေ့လာဖတ်ရှုလျက် နှောင်းပညာရှင်တို့သည် ယင်းကိုအမာခံထားကာ ဆက်လက်တိုးချဲ့ပြုစုခြင်း၊ ဖြည့်ဆည်းခြင်း၊ ဝေဖန်ခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်ပါသည်။ သို့မှ သာ၍တိုးတက်သော သမိုင်းစဉ် ပေါ်ပေါက်လာမည် ဖြစ်ပါသည်။

ထောက်လှမ်းရေးပညာနှင့်ပတ်သက်၍ သမိုင်းကိုပြန်ကြည့်လျှင် ကုန်းဘောင်ခေတ်၌ မြန်မာနိုင်ငံသည် မိမိထက် အစစအရာရာသာလွန်၍ ခေတ်မီတိုးတက်သည့် စက်မှုနယ်ချဲ့နိုင်ငံကြီးဖြစ်သော ဗြိတိသျှတို့နှင့် ယှဉ်ပြိုင်နေရသဖြင့် အလွန်မလွယ်ကူလှသော အနေအထားတွင်ရှိသည်ကို တွေ့ရှိရပေသည်။ ထိုအချိန်က မြန်မာ့ထောက်လှမ်းရေးရည်မှန်းချက်သည် မြန်မာနိုင်ငံအပေါ် နယ်ချဲ့အင်္ဂလိပ်တို့သဘောထားနှင့် အဆုံးစွန်ရည်မှန်းချက်များကို ကြိုတင်သိရှိနိုင်ရေး၊ ရန်သူ၏အင်အားနှင့်စစ်ရေးလှုပ်ရှားမှုတို့ကို ကြိုတင်သိရှိနိုင်ရေး၊ နိုင်ငံတကာတွင်ကြုံတွေ့နေရသောရန်သူ၏အခက်အခဲများနှင့် ရန်သူ့အောက်ရှိ မကျေနပ်သူ တိုင်းရင်းသားအကြီးအကဲများနှင့်မဟာမိတ်ဖွဲ့စည်းနိုင်ရေးတို့ ဖြစ်သည်။ ထိုလုပ်ငန်းအောင်မြင်ရေးအတွက် မြန်မာ့သူလျှိုများသည် အိမ်နီးချင်းနိုင်ငံများသို့ ပုံစံအမျိုးမျိုးဖြင့် ဝင်ရောက်လှုပ်ရှားလျက် ရှိနေခဲ့ပေသည်။ အထူးသဖြင့် အိန္ဒိယတိုက်ငယ်ဘက်တွင် ဖြစ်လေသည်။

သာမန်အားဖြင့်ကြည့်လျှင်ပင် နယ်ချဲ့က နည်းပညာဘက်၌ ယှဉ်မရအောင် သာလွန်နေသည်။ ငွေအား ကြေးအား ဓနအားလည်း အလွန်တောင့်တင်းလှပေသည်။ ဘာသာစကားနှင့်ခေတ်ပညာ များစွာ တတ်မြောက်သူပညာရှင်တို့နှင့်လည်း ပြည့်စုံသည်။ ထို့ကြောင့် မြန်မာတို့၏လှုပ်ရှားမှုအတော်များများကို နယ်ချဲ့အင်္ဂလိပ်တို့က သိနှင့်နေပြီးကဲ့သို့ ဖြစ်နေသည်။ နှစ်နိုင်ငံ အပြန်အလှန်စေလွှတ်နေခဲ့ကြသော အင်္ဂလိပ်သံအဖွဲ့ဝင်များနှင့်မြန်မာသံအဖွဲ့ဝင်ပုဂ္ဂိုလ်များကို နှိုင်းယှဉ်စစ်ဆေးကြည့်ရုံမျှနှင့်ပင် ထောက်လှမ်းရေးပညာရပ်၌ မည်မျှကွာခြားနေသည်ကို သိရှိနိုင်ပေသည်။ သို့ဆိုသဖြင့် မြန်မာတို့သည် စိတ်ဓာတ်ရေးရာအားဖြင့် သိန်ငယ်နိမ့်ကျနေသည်ဟု ဆိုလိုရာမရောက်ပါချေ။ ကိုယ့်ဘုရင် ကိုယ့်အရှင်အတွက် စွမ်းအားရှိသမျှ စိတ်ဓာတ်အမြင့်ဆုံးဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

မည်သို့ပင်ဖြစ်စေ မြန်မာမင်းတို့သည် ထောက်လှမ်းရေးမည်မျှအရေးပါကြောင်းကို ကောင်းစွာ သိရှိနေပြီဖြစ်သည်။ သို့သော် ကမ္ဘာ့နိုင်ငံရေး၌အသိနည်းပါးသောမြန်မာမင်းတို့သည် အခြေအနေ အချိန်အခါတို့နှင့် လိုက်လျောညီထွေရှိသောအုပ်ချုပ်ရေးစနစ်နှင့်ထောက်လှမ်းရေးအဖွဲ့များကို စနစ်တကျ နှင့် ကျယ်ကျယ်ပြန့်ပြန့် မထူထောင်နိုင် မဆောင်ရွက်နိုင်ခဲ့သည်မှာ သမိုင်း၏သင်ခန်းစာပင် ဖြစ်ပေသည်။ ကျမ်းပြုသူ ဗိုလ်မှူးကြီးစန်းပွင့်ကလည်း မြန်မာ့ထောက်လှမ်းရေး၏အားနည်းအားသာများကို မြင်နိုင်သလောက် ထင်ရှားအောင် ဖော်ပြဆွေးနွေးထားသဖြင့် စာရှုသူတို့ ကျေနပ်လက်ခံနိုင်လောက်မည် ထင်ပါသည်။ ထောက်လှမ်းရေးသမိုင်းပြုစုမှုတွင် ရှေ့ဆောင်လမ်းပြ ပြုလုပ်သွားခဲ့သဖြင့် ကျေးဇူးတင်ရမည်ဖြစ်ပါကြောင်းလည်း ထပ်လောင်းဖော်ပြပါသည်။ ဆက်လက်၍ ရှေးခေတ်မြန်မာ့ထောက်လှမ်းရေး သမိုင်းကို ရေးသားပြုစုပါရန်လည်း တိုက်တွန်းပါသည်။

ဒေါက်တာတိုးလှ
ဒုတိယ ညွှန်ကြားရေးမှူးချုပ်
တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန

## ချစ်နိုင်(စိတ်ပညာ)၏အမှာစကား

## ချီးကျူးဝမ်းသာ

ကင်ဖော်လေ(Ken Follet)ရေးသောဝတ္ထုများကို အသည်းတယားယား ဖတ်ခဲ့ဖူးကြမည်။ ဟားရိုး ရော်ဘင်(Harold Robbin)၊ ဝေါ်လတာဝင်းဝပ်ဒ်(Walter Windward)၊ အိုင်ယင် ဖလိန်းမင်း (Ian Fleming)၊ ကောလင်း ဖော်ဘီးစ်(Collin Forbes)စသော စာရေးဆရာများ၏အနောက်တိုင်း စုံထောက်ဝတ္ထုများသည် သာမန်လူသတ်မှု၊ ခိုးဝှက်မှုမျိုးကိုသာ ရေးဖွဲ့သော လျှို့ဝှက်သည်းဖိုဇာတ်လမ်း မဟုတ်။ ထောက်လှမ်းရေးသူရဲကောင်းတစ်ယောက် ခြေချော်လက်ချော် ဖြစ်သွားလိုက်မိပါက တစ်ဘက် ရန်သူက ကွဲခနဲဖမ်းပြီး ဖော်ထုတ်လိုက်ခြင်းအားဖြင့် မဟာဗျူဟာရည်မှန်းချက်ကြီးတွေ ပျက်ပြားသွားနိုင် သည်အထိ အရေးပါအရာရောက်ကြလေသည်။ ဝတ္ထုများဖြစ်၍ စိတ်ကူးယဉ်ချဲ့ထွင်မှုတွေ ပါဝင်သော် လည်း ယုတ္တိရှိစွာ သဘာဝအခြေအနေများကိုလည်း နောက်ခံကား ယူထားတတ်ကြသည်-

- ▷ ဆိုဗီယက်နှင့် အမေရိကန်
- ▷ အီဂျစ်နှင့်အစ္စရေး
- ▷ အာရပ်နိုင်ငံများနှင့်အစ္စရေး
- ▷ တရုတ်နှင့် အမေရိကန်
- ▷ အာရပ်နိုင်ငံများနှင့် အမေရိကန်
- ▷ အာရှနိုင်ငံများနှင့် အမေရိကန်

အပြန်အလှန် သတင်းထောက်လှမ်း၍ အဆက်မပြတ် ထောက်လှမ်းရေးလုပ်ငန်းများ ဆောင်ရွက် ခဲ့ကြသည်ကို အထူးဖော်ပြရန် မလိုပေ။ အရည်အချင်းထက်မြက်ပြည့်ဝသော သူရဲကောင်း ထောက်လှမ်း ရေးသမားသည် တစ်ဘက်လူတွေထက် နှာတစ်ဖျားအမြဲသာနေအောင် လက်ဦးမှု ယူတတ်ကြလေသည်။ ညံ့သူဘက်က ခံစမြဲပေ။ သူရဲကောင်းတွေ လိုအပ်နေသည်။ အာဇာနည်ပုဂ္ဂိုလ်တို့အကြောင်းကို ကြားနာ လေ့လာရခြင်းသည် မင်္ဂလာရှိ၏။ အမြဲတမ်း စိတ်အား တက်ကြွစေ၏ဟု ညိုမြက ရေးခဲ့ဖူးသည်။ တိုင်းပြည် နိုင်ငံထူထောင်ရာတွင် ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာရန် လိုအပ်သည်။ ကာကွယ်ရေးဆိုင်ရာ စစ်လက်နက်ပစ္စည်း ကိရိယာ၊ ယာဉ် စသည့် အသုံးအဆောင်များ ခေတ်မီနေဖို့ရာ စစ်သည်တော်များ လေ့ကျင့်နေဖို့ရာ ဘဏ္ဍာငွေ လိုသည်။ ငွေကြေးကြွယ်ဝရန် စီးပွားရေးလည်း ကောင်းမွန်ရပေမည်။ စစ်ရေး၊ စီးပွားရေးစသည့် ကဏ္ဍတွေမှာ အင်အားတောင့်တင်းရန်သာမက သတင်းလက်ဦးမှု၊ သတင်းကြိုတင်ရရှိမှု၊ သတင်းအခြေအနေမှန်ကို တိကျပြည့်စုံစွာ အခြေအနေ အချိန်အခါနှင့် တစ်ပြေးညီရရှိသိမြင်နေမှုသည် အရေးကြီးသည်။ တစ်နည်းအားဖြင့် နားနှင့်မျက်စိသဖွယ် ဖြစ်လေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏အတိတ်သမိုင်းကြောင်းတွင် ပုဂံခေတ်အရင်ကမူ သမိုင်း အထောက်အထားရှားပါးသဖြင့် သုတေသနပြုကြဆဲ အခြေအနေမှာပဲ ရှိသေးသည်ထားစို့။ ပုဂံခေတ် ဆယ့်တစ်ရာစုကာလတွင်ကား မြန်မာများသည် အခိုင်အမာ အထင်အရှား နိုင်ငံတော်ကို ဖွဲ့စည်းအုပ် ချုပ်နိုင်ခဲ့ပြီ ဖြစ်သည်။ အထောက်အထားများ ခိုင်မာသည်။ ပတ်ဝန်းကျင်ရှိ တိုင်းပြည်နိုင်ငံများထက် မနိမ့်ကျသော အခြေအနေဖြင့် စည်ကားခမ်းနားခဲ့ကြောင်း တွေ့ရသည်။

မော်စရာ ပုဂံခေတ်တွင် သူရဲကောင်းတွေ များစွာပေါ်ထွက်ခဲ့ပေမည်။ လက်ရုံးရည်နှလုံးရည် ပြည့်ဝသော မင်းမှုထမ်းများ၊ စစ်သည်တော်များ၏စွမ်းအားဖြင့် ထူထောင်ခဲ့ရမည်။ ထိုစွမ်းရည်သတ္တိရှိသူ များအနက်တွင် ထောက်လှမ်းရေး၊ သတင်းရယူရေးကို စီမံကွပ်ကဲရသူတို့ ထောင့်စေ့အောင် ပါဝင်ထမ်းရွက် နိုင်ကြသောကြောင့် ' မြန်မာနိုင်ငံတော် ' ၏ ဘုန်းလက်ရုံးတောက်ပခဲ့ခြင်း ဖြစ်ပေမည်။ နိုင်ငံတော်အကြီး အကဲ၏အနီးအပါးတွင် လက်ရုံးရည်နှလုံးရည် စွယ်စုံပြည့်ဝသော အမှုထမ်း၊ အရာထမ်းတို့ ရှိခဲ့ကြလေမည် ကို ယုံမှားဖွယ်ရာမရှိပါ။

နှစ်ပေါင်းတစ်ထောင်ကျော်ကပင် စတင်၍ အမှန်တကယ် မလွဲမသွေရှိခဲ့ဖူးမည့် မြန်မာမင်းများ လက်ထက် ထောက်လှမ်းရေးအခြေအနေသည် စိတ်ဝင်စားဖွယ်ကောင်းသလောက် လျှို့ဝှက်သိပ်သည်းလှ ပေသည်။ ကျောက်စာ၊ ပေစာအထောက်အထားလည်း နည်းပါးလှသည်။ ရှားပါးလှသည်။ ရှာဖွေစုဆောင်း ရန် ခက်ခဲလှပေသည်။

ရှေးမြန်မာမင်းများလက်ထက်က ထောက်လှမ်းရေးစနစ်များ၊ ဖွဲ့စည်းပုံများ၊ မူဝါဒများ၊ အခြေ ခံသဘောတရားများ၊ လုပ်ထုံးလုပ်နည်းများ၊ ဆောင်ရွက်စဉ်များ၊ ထင်ရှားသော ဖြစ်ရပ်သာဓကများကို တစ်ကျမ်းတစ်စောင် ပြုစုထားသော သုတေသနဟူ၍ မိမိမတွေ့ဖူးပါ။ မြန်မာဘာသာဖြင့် ထုတ်ဝေသမျှ စာအုပ်ပေါင်းများစွာကို စာကြည့်တိုက်မှူးတစ်ဦးနီးပါး ကျွန်တော်သည် ဝါသနာအလျောက် အဆက်မပြတ် လေ့လာဖတ်ရှုခဲ့ပါ၏။ မိမိသိမီသမျှ နှစ်ပေါင်း(၅၀)ခန့်အတွင်း သတိမထားမိပါ။ (ရှိချင်ရှိမည်။ မိမိမသိမြင်၊ မတွေ့ရှိဖူးခဲ့ပါ)။ ဤအကြောင်းခြင်းရာကို သုတေသီပညာရှင်တို့လည်း ရေးနိုင်ပါသည်။ ထောက်လှမ်းရေး ဆိုင်ရာ တာဝန်ဝတ္တရားများကို နှစ်ကာလရှည်လျား ထမ်းဆောင်ဖူးသူတို့က စုဆောင်းလေ့လာပြီး ရေးသား လျှင်လည်း ရပါသည်။ အထူးပြုပညာရပ်၊ ဘာသာရပ်ဖြစ်သဖြင့် လက်တွေ့လည်း အတွေ့အကြုံရှိပြီး သုတေ သနပြုစုရှာမှီးခြင်းကိုလည်း ဝါသနာထုံတတ်သူ တစ်စုံတစ်ဦးကရေးသားလျှင် ပိုမိုသင့်လျော် ကောင်းမွန်ပေ လိမ့်မည်ဟု စဉ်းစားမိခဲ့ပါသည်။ ဤလိုအပ်ချက်ကို ယခုအခါ ဗိုလ်မှူးကြီးစန်းပွင့်က ရေးသားဖြည့်ဆည်း လိုက်ပါပြီ။

စာဖတ်သူ၏စိတ်အာရုံ၌ ကောင်းမည် မကောင်းမည် ကျွန်တော် မသိ။ ဖတ်ချင်စဖွယ်ရှိအောင် ဖွဲ့စည်းရေးသားထားကြောင်းကို တွေ့ရှိရသည်။ အသုံးကျ၍ တန်ဖိုးရှိလှသည်ကား သေချာသည်။ ယခင်က ယခုကဲ့သို့ စုစုစည်းစည်းဆက်စပ်ဖွဲ့စည်းပြီး လေ့လာပြုစုခဲ့ခြင်းမျိုး မရှိ။ ဤဘာသာရပ်နှင့်ဆိုင်ရာ အကြောင်းခြင်းရာတို့ကို ကျမ်းတစ်စောင်ပေတစ်ဖွဲ့ ဤသို့ကြိုးပမ်းရေးသားခြင်းအတွက် ဗိုလ်မှူးကြီး စန်းပွင့်ကို လေးစားစွာ ဂုဏ်ပြုကြိုဆိုပါသည်။ ကျွန်တော် မသိဘူး၊ မမြင်ဘူးသော အသိပညာ ဗဟုသုတတွေ ပါသဖြင့် မိမိအနေနှင့်တော့ စိတ်ဝင်စားသည်။ ဖတ်ရှု လေ့လာရသူများအတွက် အသိသစ်အမြင်သစ် ရစေမည့် စာအုပ်ကောင်းတစ်အုပ်ဟု အလေးအနက် ထောက်ခံတင်ပြချင်ပါသည်။

ချစ်နိုင်(စိတ်ပညာ)

## ရန်ကုန်တက္ကသိုလ် သမိုင်းဌာန ဌာနမှူး
## ပါမောက္ခ ဒေါက်တာကျော်ဝင်း၏အမှာစကား

မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲတွင် သူလျှိုအရေးပါပုံနှင့် စပ်လျဉ်း၍ စုံစမ်း၍သိရသော အကြောင်း(၇)ပါးကို ဖော်ပြထားသည်ကို ဖတ်ရှုရပါသည်။ သူမြို့မှာ စုံစမ်း၍သိရသောအကြောင်း(၇)ပါး ဟူသည်မှာ-

တို့ကသူလျှိုလွှတ်သဖြင့် သိရသည်
သူကလွှတ်သည်ကို တို့ကကင်းစောင့်သဖြင့် သိရသည်
တို့က ကျွန်ပြုသွားသဖြင့် သိရသည်
သူက ကျွန်ပြုလာသော ကျွန်သည်တို့ကို ပေးကမ်းဖြားယောင်း၍ သိရသည်
တို့က တမန်စေသဖြင့် သိရသည်
သူ့အရပ်မှလာသော သူတို့အား ဥပါယ်တံမျဉ်ဖြင့် စုံစမ်း၍ သိရသည်
သူ့တမန်ကို ပေးကမ်းစုံစမ်းသဖြင့် သိရသည်ဟူ၍ ဖော်ပြထားသည်။

မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲတွင်ပင် စစ်အောင်ရသော အကြောင်း(၁၂)ပါးတွင် ' သူလျှိုကိုစေ၍ သူ့ပြည့်ရန်သူဘေးအန္တရာယ်ကင်းသဖြင့် စစ်အောင်ရသည် ' ဟူ၍ သူလျှို၏အရေးပါပုံကို ဖော်ပြထားပြန်သည်။ သို့ဖြစ်၍ မြန်မာမင်းလက်ထက်ကပင် သူလျှို၏အရေးပါပုံကို သတိမူမိကြောင်း သိသာထင်ရှားပါသည်။

မြန်မာမင်းလက်ထက် သူလျှို၊ အထောက်တော်၊ နားခံတော် စသည်ဖြင့် အမည်အမျိုးမျိုး ခေါ်ခဲ့ကြသော ' ထောက်လှမ်းရေး ' နှင့် ပတ်သက်၍ ဆောင်းပါးများဖတ်ရှုရသော်လည်း ကျမ်းတစ်စောင်တစ်ဖွဲ့ ပြုစုခဲ့သူ မရှိခဲ့ပါ။ ကျမ်းတစ်စောင်တစ်ဖွဲ့ ပြုစုရကောင်းမှန်းလည်း သတိမမူခဲ့ကြပါ။ ဤသမိုင်းကွက်လပ်ကိုဖြည့်ရန်အတွက် ဗိုလ်မှူးကြီးစန်းပွင့်က ' ရှေးမြန်မာမင်းများလက်ထက်ထောက်လှမ်းရေး ' စာအုပ်ကို ပြုစုခဲ့ခြင်း ဖြစ်ပါသည်။

ရှေးမြန်မာမင်းများလက်ထက် ထောက်လှမ်းရေးစာအုပ်တွင် စာရေးသူ ဗိုလ်မှူးကြီးစန်းပွင့်သည် ကျမ်းအကိုးအထောက်အထားများစွာဖြင့် ပြည့်ပြည့်စုံစုံတင်ပြထားသည်ကို ဖတ်ရှုရသည်။ ကျောက်စာ၊ ပေ၊ ပုရပိုက်စသည့် ရှားပါးအထောက်အထားများ၊ စာပေအထောက် အထားများကိုအခြေခံ၍ ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်ဦး၊ ကုန်းဘောင်ခေတ်နှောင်း စသည်ဖြင့် မြန်မာမင်းလက်ထက် အဆက်ဆက်ထောက်လှမ်းရေးကို မည်သို့မည်ပုံပြုလုပ်ခဲ့ပုံ၊ မြန်မာမင်းတို့လက်ထက် မြန်မာ့ထောက်လှမ်းရေးအဆင့်အတန်းမြင့်မားခဲ့ပုံ၊ မြန်မာမင်းတို့သည် ပတ်ဝန်းကျင်နိုင်ငံများနှင့်ဆက်ဆံရာတွင် ထောက်လှမ်းရေးသည် မည်မျှအရေးပါပုံ၊ နယ်ချဲ့တို့နှင့်ထိတွေ့လာသည့်အခါတွင်လည်း နယ်ချဲ့တို့၏ထောက်လှမ်းရေးနှင့်အပြိုင် ယှဉ်ပြိုင်လုပ်ဆောင်ခဲ့ပုံတို့ကို ပြည့်ပြည့်စုံစုံ တင်ပြထားသည်ကို ဖတ်ရှုရသည်။

သမိုင်းသုတေသီများ မလုပ်ဆောင်ရသေးသော မြန်မာမင်းလက်ထက်ထောက်လှမ်းရေးကို ကြိုးစားဖော်ထုတ်ပေးခဲ့သည့် စာရေးသူ ဗိုလ်မှူးကြီးစန်းပွင့်၏ကြိုးပမ်းအားထုတ်မှုကိုလည်း ချီးကျူးမိပါသည်။ ဤစာအုပ်သည် စာအုပ်စင်တွင် အမြတ်တနိုး သိမ်းဆည်းထားရမည့်စာအုပ်ကောင်းတစ်အုပ်အဖြစ် လက်ကမ်းကြိုဆိုလိုက်ရပါသည်။

ပါမောက္ခ ဒေါက်တာ ကျော်ဝင်း
သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

## သပြေညှိမောင်ကိုဦး၏အမှာစကား

သူ့စာများကို ဖတ်ရှုရတိုင်း ကျွန်တော်နှစ်ခြိုက်လှပါသည်။ သူ ကိုယ်တိုင်က 'စာရေးဆရာ' 'သုတေသနပညာရှင်' မဟုတ်ပါဟု ဆိုငြားသော်လည်း၊ ကျွန်တော်ကမူ သူ့ကို အရေးအဖွဲ့ကောင်းသူအဖြစ် ရှုမြင်ပါသည်။ သူသည် ရေးလိုသည့်အကြောင်းအရာနှင့်သက်ဆိုင်သမျှကို နိုက်နိုက်ချွတ်ချွတ်ရှာဖွေကာ လေ့လာမှတ်သားလေ့ရှိပါသည်။ ပြီးလျှင် သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များထံဆည်းကပ်၍ နှီးနှောတိုင်ပင်လေ့ရှိသည်။ ပြီးမှ သူ့စာများကို အကျိုးအကြောင်းခိုင်ခိုင်လုံလုံဖြင့် တင်ပြလေ့ရှိခြင်းကြောင့် ကျွန်တော်တို့ သူ့စာများကို ဖတ်ရှုရသည့်အခါ သူ့ 'စေတနာ'ကို မြင်တွေ့ရခြင်း ဖြစ်ပါသည်။ သူက နားလည်လွယ်အောင် ရိုးရိုးစင်းစင်းဖြင့် ရေးလေ့ရှိခြင်းမှာလည်း အလွန်နှစ်လိုဖွယ်ကောင်းပါသည်။

လွန်ခဲ့သည့်တစ်နှစ်ကျော်ခန့်က သူနှင့်ကျွန်တော်ဆုံမိကြရာတွင် 'ထောက်လှမ်းရေး' ဆိုင်ရာ အကြောင်းတစ်ရပ်ကို ပြောဆိုခဲ့ကြသည်။ 'ရှေးခေတ်မြန်မာမင်းများလက်ထက်က စစ်သေနင်္ဗျူဟာကျမ်းများ' ရေးသားပြုစုခဲ့ခြင်းရှိခဲ့သော်လည်း 'ထောက်လှမ်းရေး'နှင့်ပတ်သက်၍ စာတစ်စောင်ပေတစ်ဖွဲ့အနေဖြင့် ပေ၊ ပုရပိုက်၊ မှတ်တမ်းမှတ်ရာများ မတွေ့ခဲ့သေးကြောင်း၊ တိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်နိုင်ငံ၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲဖို့အရေးမှာ 'ထောက်လှမ်းရေး'ကိစ္စမရှိလျှင် မဖြစ်နိုင်ကြောင်း၊ ရှေးမြန်မာမင်းများလက်ထက်ကလည်း ရှိမည်ဖြစ်ကြောင်း၊ ဤအချက်မှာ 'ကွက်လပ်'သဖွယ်ဖြစ်နေ၍ သူ အလွန်စိတ်ဝင်စားပြီး ရှာဖွေလေ့လာစုစည်းလျက်ရှိကြောင်း၊ ဆရာကြီးဦးမောင်မောင်တင်ထံမှာ ကုန်းဘောင်ခေတ်အထောက်တော်တစ်ဦးရေးဆွဲသည့် 'ထောက်လှမ်းရေး'ဆိုင်ရာ မြို့ပြမြေပုံ၊ ပုရပိုက်တစ်ဆူတွေ့ရှိထား၍ သူ ကူးယူထားကြောင်း၊ အရေးပါသည့်အထောက်အထားအဖြစ် စိတ်ဝင်စားဖွယ်ဖြစ်ကြောင်း သူက တက်တက်ကြွကြွ အားပါးတရ ပြောပြပါသည်။ ကျွန်တော်သည် သုတေသနဆိုင်ရာများကို စိတ်ဝင်စားတတ်သူဖြစ်ကြောင်း သူ သိထားသဖြင့် ' ဝိုင်းကူစမ်းပါဦး' ဟု ကျွန်တော့်ကို တိုက်တွန်းလိုက်သေးသည်။

မကြာမီ သူနှင့်ပြန်တွေ့ရာ "ရှေးမြန်မာမင်းများလက်ထက်ထောက်လှမ်းရေးစာမူကြမ်းကို သူ ရေးပြီးပြီ၊ ဖတ်ပြီး ဝေဖန်အကြံပေးစမ်းပါဦး" ဟုပြောဆိုပါသည်။ "ပြည့်ပြည့်စုံစုံကြီးတော့ မဟုတ်သေးပါဘူး၊ လက်လှမ်းမီသမျှ၊ လေ့လာတွေ့ရှိသမျှအပေါ် အခြေခံပြီးရေးရတာ 'နိဒါန်း' တစ်ခုပေါ့ဗျာ၊ ပညာရှင်များ၊ သုတေသီများက ဆက်လက်ပြုစုရေးသားနိုင်ကြရင်တော့ ပိုပြီးပြည့်စုံမှာပေါ့"ဟု သူက ထပ်လောင်းပြောကြားသည်။ အလုပ်အလွန်များပြီး မအားလပ်သည့် ' သူ' အနေဖြင့် ဤမျှခက်ခဲသော ကျမ်းတစ်စောင်စာတစ်ဖွဲ့ကို ရေးသားပြီးပြီဆို၍ ကျွန်တော် အံ့သြရပြန်သည်။

ကျွန်တော်တို့ရှေးမြန်မာများမှာ လွန်စွာလျှို့ဝှက်လေ့ရှိကြပါသည်။ ဆရာစားချန်လေ့ရှိသည့် အလေ့အထဟုလည်း ဆိုကြပါသည်။ မြန်မာဆေးပညာ၊ ဂမ္ဘီရပညာမှအစ မည်သည့်အကြောင်းအရာမဆို မိမိ မိသားစုထဲမှ သားသမီးများအားလုံးကိုပင် ပညာအမွေပေးလေ့မရှိကြပါ။ လက်ရွေးစင်သား သို့မ

ဟုတ် သမီး တစ်ဦးတစ်ယောက်ကိုသာ ပညာအမွေခံအဖြစ်ထား၍ ပေးလေ့ရှိကြသည်။ အကြောင်းမညီညွတ်၍ မပေးနိုင်ခဲ့သည့်အခါ ထိုပညာရပ်များ ပျောက်ကွယ်ဆုံးရှုံးခဲ့ကြရသည်။ စာဖြင့်ပေဖြင့် ရေးသားမှတ်တမ်းတင်ရာတွင်လည်း ခက်ခက်ခဲခဲရေးလေ့ရှိခြင်းကြောင့် အဓိပ္ပာယ်ဖွင့်ဆိုမှုလွဲမှားစေခြင်း၊ အလွယ်တကူနားလည်နိုင်မှုမရှိခြင်း အခက်ကြုံရသည်။ တတ်ကျွမ်းသည့်ပညာရှင်များက အဓိပ္ပာယ်ဖွင့်ဆိုပြသကြမှသာ သိရှိခွင့်ရကြတော့သည်။ မြန်မာ့ရိုးရာအစဉ်အလာတစ်ရပ်ဟုပင် ဆိုနိုင်ပါသည်။

'ထောက်လှမ်းရေး' ကိစ္စဆိုသည်မှာ အရာရာကို လျှို့ဝှက်စွာ ကျင့်သုံးလိုက်နာဆောင်ရွက်ရသော သဘောသဘာဝ ရှိ၏။ သို့ဖြစ်၍လည်း မှတ်တမ်းမှတ်ရာ မရေးခဲ့ခြင်းပေလား မသိရ။ အလွန်ခက်ခဲသည့် ကိစ္စ ဖြစ်၏။ ကျွန်တော်တို့ငယ်စဉ်က 'နန္ဒီသေနပျို့' ကဲ့သို့သော စစ်အတတ်ပညာကျမ်းကို သင်ယူခဲ့ရသော်လည်း 'ထောက်လှမ်းရေး' နှင့်ဆိုင်သည့်အကြောင်းအရာများကိုမူ မတွေ့ခဲ့ဖူးသေးပါ။ ဤသည်ကိုပင် 'သူ' သည် စာပေကျမ်းဂန်၊ ရာဇဝင်သမိုင်းအစောင်စောင်၊ ပျို့ကဗျာလင်္ကာ၊ ဆုံးမစာများမှအစ လက်လှမ်းမီ လေ့လာတွေ့ရှိရသမျှတို့မှ ထုတ်နုတ်ကာ ရေးသားပြုစုနိုင်ခဲ့ခြင်းကို ကျွန်တော် မအံ့သြဘဲ မနေနိုင်ပါ။ ဝမ်းမြောက်ဝမ်းသာဖြင့်လည်း ဂုဏ်ပြုပါသည်။

ရှေးမြန်မာတို့၏ထောက်လှမ်းရေးအတတ်ပညာနှင့်ပတ်သက်၍ 'နိဒါန်း' မျှသာဟု သူက ဆိုသော်လည်း အတော်အတန် ပြည့်စုံပါသည်။ အလွန်အလှမ်းဝေးနေပြီဖြစ်သည့် ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူခေတ်မှသည် ညောင်ရမ်း(ဒုတိယအင်းဝခေတ်)တိုင်အောင်၊ သမိုင်းမှတ်တမ်းတို့တွင် 'ထောက်လှမ်းရေး' ဆိုင်ရာ၊ တစ်နည်း 'အထောက်တော်' ကိစ္စများနှင့်ပတ်သက်၍ မတွေ့နိုင်သလောက် နည်းပါးပါသည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းမှာမှ တွေ့ရှိရာတွင်၊ အထောက်တော်ခန့်ထားပုံ၊ ဖွဲ့စည်းပုံ၊ တာဝန်ပေးအပ်ပုံ၊ ငွေကြေးသုံးစွဲမှုကအစ ပြည်တွင်းပြည်ပ ထောက်လှမ်းခဲ့ကြပုံများ၊ အမိန့်တော်ပြန်တမ်းများဖြင့် ထိန်းကွပ်ထားပုံများကို 'အံမခန်း' ဖတ်ရှုရပါသည်။ အထူးသဖြင့် ကုန်းဘောင်ခေတ်က ဘိုးတော်ဘုရား၊ ဘကြီးတော်ဘုရားမင်းများလက်ထက်တွင် အင်္ဂလိပ်သူလျှိုများ ခြေချင်းလိမ်နေကြပြီး မြန်မာဘုရင်အထောက်တော်များကလည်း ပိပိရိရိ ထောက်လှမ်းနိုင်ခဲ့ကြသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်း၊ သာယာဝတီမင်း၊ မင်းတုန်းမင်းတို့ လက်ထက်တွင် မြန်မာထောက်လှမ်းရေးသမားများနှင့် နယ်ချဲ့ထောက်လှမ်းရေးသမားများ အပြန်ပြန်အလှန်လှန် ထောက်လှမ်းခဲ့ကြသည်များမှာ အလွန်အဖိုးတန်သည့်မှတ်တမ်းများ ဖြစ်ပါသည်။ မန္တလေးရတနာပုံခေတ်သို့ ရောက်ရှိလာသည့်အခါ နယ်ချဲ့အင်္ဂလိပ်သူလျှိုများ အမျိုးမျိုးခြေပုန်းခုတ်၍ထောက်လှမ်းကြသကဲ့သို့ ပြောင်ပြောင်တင်းတင်း ထောက်လှမ်းခြင်းများလည်း တွေ့ရပါသည်။ ရင်တွင်းမှာနင့်နေအောင် ခံစားလိုက်ရသည့် သင်ခန်းစာတစ်ရပ်အား ဖတ်ရှုရသည်ကို မမေ့နိုင်တော့ပါ။ မြန်မာတို့ဘက်မှ 'အောက်မြစ်စဉ်ဝန်မင်း' က အင်္ဂလိပ်တို့ရေကြောင်းမှချီတက်လာလျှင် ခုခံတိုက်ခိုက်နိုင်ရန် အသေအချာ ပြင်ဆင်တည်ဆောက်ထားသော မင်းလှခံတပ်၊ ဂွေးချောင်းခံတပ်တို့အား မန္တလေးကိုသိမ်းယူမည့် အင်္ဂလိပ်စစ်ဗိုလ်ချုပ်ကြီး ' ဂျင်နရယ် ပရင်ဒါဂတ်' ကိုမှ အသေးစိတ်လိုက်လံပြသခဲ့သည့်အကြောင်းကို ဖတ်ရှုရပါသည်။ သူခိုးကို ဓားရိုးကမ်းသကဲ့သို့ ဖြစ်ရချေပြီ။ သဘောကောင်းလွန်းသည့် ရှေးမြန်မာများ၏ထောက်လှမ်းရေးအသိပညာ နည်းလွန်းလှပုံ၊ ထောက်လှမ်းရေးသတိကင်းမဲ့လှပုံကို ရင်ထုမနာဆိုရမည်သို့ မခံချိမခံသာ တွေ့ရှိခံစားရပါသည်။ မြန်မာတို့ထီးကျိုးစည်ပေါက်ဖြစ်ရုံသာမက သူ့ကျွန်အောက်ကသဘောက်ဘဝသို့ပင် ရောက်ခဲ့ရသည့် သင်ခန်းစာကြီးတစ်ခု ဖြစ်ပါသည်။

ထို့အတူ သီပေါမင်းလက်ထက်၊ နန်းတွင်းအပျိုတော်များတွင် နိုင်ငံခြားသူများ၊ ကပြားမများကို ထားရှိခြင်းမှာလည်း ဆင်ခြင်မှု အားနည်းလွန်းလှသည်။ မာယာပရိယာယ်ကြွယ်သည့် မိန်းမလည်း နိုင်ငံခြားသူ အပျိုတော်မ၏လှည့်စားကွက်တွင် အမိခံခဲ့ရသူ အတွင်းဝန်စာရေးတစ်ယောက်၏မိုက်မဲမှုကြောင့် ပြင်သစ်တို့၏သဝဏ်လွှာနှင့် မြန်မာ-ပြင်သစ်စာချုပ်မိတ္တူကို နယ်ချဲ့အင်္ဂလိပ်တို့ ရရှိသွားခဲ့ပါသည်။ နဂိုကပင် မြန်မာတစ်နိုင်ငံလုံးကိုသိမ်းယူရန် အကြိမ်ကြိမ်ကြိုးစားရင်း အချိန်စောင့်ဆိုင်းနေသည့် အင်္ဂလိပ်များအား ချက်ချင်းသိမ်းယူစေရန် စေ့ဆော်ပေးရာ ရောက်ရှိစေပါသည်။ ကျွန်ဘဝသို့ စောစီးစွာ ရောက်ခဲ့စေခြင်းဖြစ်ရာ 'ထောက်လှမ်းရေး' အတတ်ပညာ မည်မျှအရေးပါသည်ကို စာရှုသူများ သုံးသပ်နိုင်ပါသည်။

ရှေးမြန်မာမင်းများလက်ထက်ကအကြောင်းအရာများဟု ဆိုသော်လည်း ခေတ်တစ်ခေတ်၏ စနစ်ကောင်းများအဖြစ် မြင်တွေ့ရမည်ဖြစ်၍ အတုယူမှတ်သားဖွယ်ရာများ ဖြစ်ပါသည်။ အထူးသဖြင့် ရှေးမြန်မာတို့၏ထောက်လှမ်းရေးနှင့် နယ်ချဲ့တို့၏ထောက်လှမ်းရေးများ 'ဘတစ်ပြန် ကျားတစ်ပြန်' တန်ပြန်ထောက်လှမ်းမှုအခြေအနေများကို နှိုင်းယှဉ်သိရှိနိုင်အောင် ဖော်ထုတ်တင်ပြထားခြင်းကြောင့် အကျိုးဖြစ်ထွန်းစေမည်မှာ မုချ ဖြစ်ပါသည်။ အကြောင်းမူ မျက်မှောက်ခေတ်ကာလအချိန်အထိ လိုက်နာကျင့်သုံးအပ်သော အဆင့်အတန်းမြင့်မားသည့် အခြေခံသဘောတရားများကို တွေ့မြင်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။

မိမိနိုင်ငံ၊ မိမိလူမျိုး တည်တံ့ခိုင်မြဲရေးအတွက် 'ထောက်လှမ်းရေး' သည် မပါလျှင်မပြီး၊ မရှိလျှင် မဖြစ်သည်ကို ဤစာအုပ်က မီးမောင်းထိုးပြသပေးပါလိမ့်မည်။ နိုင်ငံနှင့်အမျိုးကိုချစ်တတ်ကြသော အမျိုးကောင်းသားသမီး ကြီးငယ်မဟူ မိမိနိုင်ငံနှင့်အမျိုး ဘာသာ သာသနာကအစ ယဉ်ကျေးမှုများအပါအဝင် အရာရာတိုင်းကို ကာကွယ်စောင့်ရှောက်နိုင်ရန်မှာ ထောက်လှမ်းရေးအသိ၊ ထောက်လှမ်းရေးသတိ ကြီးစွာထားရှိနိုင်ပါမှ တော်ကာကျပါမည်။ သို့မဟုတ်ပါလျှင် တစ်ပါးနိုင်ငံ၊ တစ်ပါးလူမျိုးတို့၏ ဝါးမျိုခြင်းခံရမည်ကို သမိုင်းသက်သေများအရ မမေ့သင့်ကြပါ။ ဤသို့ဆိုလျှင် စိတ်ကူးဖြင့်ရေးသားထားခြင်းမဟုတ်ဘဲ ခိုင်မာသည့် အထောက်အထားဖြစ်ရပ်မှန်များမှ ဖော်ထုတ်ရေးသားထားသည့် ဤစာအုပ်သည် တစ်မျိုးသားလုံးအတွက် လိုအပ်နေသော ကွက်လပ်လေးတစ်ခုကို တစ်နိုင်တစ်ပိုင် ဖြည့်ဆည်းပေးသည့် 'သူ' ၏စေတနာဖြစ်သည်ကို အမှန်မြင်တွေ့နိုင်ကြမည်ဟု အထူးအလေးထား ယုံကြည်မိပါကြောင်း။

သပြေညို မောင်ကိုဦး

## ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ဌာနမှူး
## ပါမောက္ခဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)၏အမှာစကား

# ကြိုဆိုအပ်သောကျမ်းတစ်စောင်

ဗိုလ်မှူးကြီးစန်းပွင့် ပြုစုသော "ရှေးမြန်မာမင်းများလက်ထက်ထောက်လှမ်းရေး"စာမူကို ဖတ်ရှုခွင့် ရခဲ့ပါသည်။ စာရေးသူသည် ဤကျမ်းကိုပြုစုရာ၌ မြန်မာစာပေါ်ဦးစကာလ ကျောက်စာ၊ မင်စာ၊ စဥ့်ကွင်းစာများကစ၍ ပျို့၊ကဗျာလင်္ကာများ၊ ဇာတ်နိပါတ်ဝတ္ထုများ၊ ရာဇဝင်မှတ်တမ်းများ၊ မြန်မာမင်းများ၏အမိန့်တော်များစသည်တို့မှ ထောက်လှမ်းရေးဆိုင်ရာအထောက်အထားများကို နှံ့နှံ့စပ်စပ်သုတေသနပြု၍ ရေးသားပြုစုထားကြောင်း တွေ့ရပါသည်။ ပုံမနှိပ်ရသေးသော ပေပုရပိုက်မှတ်တမ်းများ၊ ပုံနှိပ်ပြီး မြန်မာမှတ်တမ်းများနှင့် နိုင်ငံခြားသားများရေးသားသည့် မှတ်တမ်းများပါမကျန် ဖြန့်ကျက်လေ့လာပြီးမှ ဤကျမ်းကို ရေးသားပြုစုခြင်းဖြစ်ကြောင်းလည်း တွေ့ရပါသည်။

စစ်ရေးစစ်ရာနှင့်ပတ်သက်သော စာပေများတွင် ထောက်လှမ်း ရေးဆိုင်ရာ အကြောင်းကိစ္စများကို ဟိုတစ်ကွက်သည်တစ်ကွက် တွေ့ရသော်လည်း စာပေတစ်စောင်တစ်ဖွဲ့အဖြစ် စုစည်း ဖော်ထုတ်ထားသည်ကို မတွေ့ရဘူးသေးပါ။ မဟာသဓောတ်အပါအဝင် ဇာတ်နိပါတ်များတွင် ထောက်လှမ်းရေးကိစ္စများကို ကြိုးကြိုးကြားကြား တွေ့ရသည်။ ပျို့ကဗျာ လင်္ကာများတွင် အကွက်ဆိုက်သည့်နေရာ၌ စာဆိုတို့က စစ်ရေးစစ်ရာအကြောင်းရေးဖွဲ့ရင်း ထောက်လှမ်းရေးကိစ္စများပါသွားခြင်းမျိုးကိုလည်း တွေ့ရသည်။ အမိန့်တော်များတွင်လည်း စစ်ချီတက်စဉ် ရန်သူ၏အခြေအနေကို စုံစမ်းထောက်လှမ်းရန် အမိန့်ထုတ်ပြန်ခြင်းမျိုးကို တွေ့ရသည်။

ကုန်းဘောင်ခေတ်စာဆို လက်ဝဲသုန္ဒရ၏သေနင်္ဗျူဟာပျို့၊ ဗျူဟာစက္ကပျို့၊ နန္ဒိသေနပျို့ ဟူသော စစ်ပျို့(၃)စောင်တွင်မူ စစ်ရေးစစ်ရာများအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် တွေ့ရသည်။ စစ်ရေးစစ်ရာသဘောတရားများ၊ နည်းနာများ၊ ယင်းတို့ကို လက်တွေ့အသုံးပြု၍စစ်ဆင်ပုံများကို လေ့လာရသည်။ လွတ်လပ်ရေးရပြီးခေတ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၊ ပါမောက္ခဆရာကြီး ဦးဗမောင်က စစ်တက္ကသိုလ်တွင် အသုံးပြုရန် စကားပြေလက်ရွေးစင်စာအုပ်တစ်အုပ် ပြုစုပေးဖူးသည်။ မန္တလေးတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် မြန်မာစာအဖွဲ့ဝင် ဆရာကြီးဦးလှရွှေက မဟာဝိဇ္ဇာဘွဲ့အတွက် စစ်သမိုင်းဝင်ကဗျာများ ဟူသောကျမ်းကို ပြုစုတင်သွင်းကြောင်း သိရသည်။ သို့သော် ထိုကျမ်းမှာ ပုံနှိပ်စာအုပ်အဖြစ် ပေါ်ထွက်လာခြင်းမရှိပါ။ မေမြို့မိုးကြည်ကလည်း မြန်မာ့စစ်ပညာဟူသော စာအုပ်တစ်အုပ် ပြုစုဖူးပါသည်။ စစ်ရေးစစ်ရာနှင့်ပတ်သက်သောစာပေများကို အာရုံပြုမိသမျှ ဖော်ပြခြင်း ဖြစ်ပါသည်။ ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း ပညာရှင်အဆက်ဆက်ပြုစုသော စစ်ရေးစစ်ရာစာပေများတွင် ဗိုလ်မှူးကြီးစန်းပွင့်ပြုစုသော ထောက်လှမ်းရေးဆိုင်ရာကျမ်းမျိုးဟူ၍ တစ်စောင်တစ်ဖွဲ့ မတွေ့ရသေးပါ။ ဗိုလ်မှူးကြီးစန်းပွင့်သည် ရှေးက တစ်စောင်တစ်ဖွဲ့ မပြုစုခဲ့ဘူးသေးသော မြန်မာ့ထောက်လှမ်းရေးဆိုင်ရာ ဤကျမ်းကို အောင်မြင်စွာ ရေးသားပြုစုခြင်းဖြင့် မြန်မာ့စစ်ရေးစစ်ရာစာပေတွင် လိုအပ်နေသော ကဏ္ဍတစ်ရပ်ကို ဖြည့်ဆည်းလိုက်ခြင်းဖြစ်သည်ဟု ဆိုရပါလိမ့်မည်။

ဤကျမ်းတွင် ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အထိ မြန်မာမင်းအဆက်ဆက် ထောက်လှမ်းရေးနှင့် ပတ်သက်၍ မည်သို့မည်ပုံဆောင်ရွက်ခဲ့သည်ကို သမိုင်းကြောင်းတစ်လျှောက် ခြေရာကောက်ကြည့်နိုင်မည် ဖြစ်ပါသည်။ မြန်မာ့ရိုးရာ စစ်ရေးအစဉ်အလာကိုလည်း အာရုံပြုမိနိုင်မည် ဖြစ်ပါသည်။

မြန်မာစာပေနယ်ပယ်တွင် လိုအပ်နေသေးသောကဏ္ဍတစ်ရပ်ကို ဖြည့်ဆည်းပေးသောကျမ်းတစ်စောင်ဖြစ်သည့်အတွက် ဝမ်းပန်းတသာ ကြိုဆိုအပ်ပါသည်။

ပါမောက္ခ ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)
မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

## မိတ်ဆက်အမှာစာမဟုတ်သော အမှာ

စာရေးသူ၏မေတ္တာရပ်ခံစာတွင် "တို့နိုင်ငံမှာရော. . . . "ဟူ၍ မချင့်မရဲ မဝံ့မရဲ ဆိုခဲ့လှစွာ ဆိုထားပါသည်။ အကယ်ဆိုမူ သူသည်"ရှေးမြန်မာမင်းများလက်ထက်ထောက်လှမ်းရေး" မှတ်တမ်းမှတ်ရာကို မှတ်တမ်းစာပေအထောက်အထားများမှ မှတ်မှတ်သားသားရေးထားသည်ကို သတိပြုကြည့်ရှုလေ့လာမိပါသည်။

သမိုင်းမတင်မီမှသည် သမိုင်းတင်ပြီး၊ သမိုင်းတင်ဆဲထဲမှ ရွေးချယ်ကောက်နုတ်ရှာဖွေဖော်ထုတ်ထားပါသည်။ သူသည်"မှုထမ်းစာဆို"တစ်ဦးဖြစ်သည့်ပြင် မြန်မာ့ထောက်လှမ်းရေးအတတ်ပညာကို စာတွေငါတွေလေ့လာပွန်းတီးရင်းနှီးသူပီပီ "ထောက်လှမ်းရေးသမိုင်းအစ"ကို တစ်စွန်းတစ်စ ညွှန်းပြနိုင်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

ရှေးပျူခေတ်မှပင် မြန်မာ့ထောက်လှမ်းရေးအစကို ပြဆိုထားသည်မှာ လက်ခံဖွယ်ရာဖြစ်ပါသည်။ ပုဂံခေတ်တွင် ခံတပ်မြို့များတည်ထားခဲ့ခြင်းဖြင့် မြန်မာ့ထောက်လှမ်းရေးဝေါဟာရဟူ၍ မဖွင့်ဆိုနိုင်သော်လည်း စစ်ထောက်လှမ်းရေးဆိုင်ရာလုပ်ငန်းများကို လက်တွေ့ကျကျ အသုံးချခဲ့သည်ကို ခိုင်ခိုင်မာမာ ပြဆိုထားသည်မှာ ဂုဏ်ပြုမှတ်တမ်းတင်ဖွယ်ရာဖြစ်ပါသည်။

ပုဂံခေတ်နောက်ပိုင်းမှ ပင်းယ၊ စစ်ကိုင်း၊ ပထမအင်းဝခေတ်များတွင် စာပေရေးရာသမိုင်းအထောက်အထားများကို ထင်ထင်ရှားရှား တင်ပြထားသည်မှာ ခိုင်လုံပြည့်စုံနေပါသည်။ ကုန်းဘောင်ခေတ်တွင်မူ မြန်မာမင်းများကိုယ်တိုင် ထောက်လှမ်းရေးအတတ်ပညာကို ပိုင်ပိုင်နိုင်နိုင်အသုံးပြုလျက်ရှိပုံကိုပါ ပြည့်စုံစွာ အကိုးအကားဖြင့် ကြိုးစားရေးသားထားပါသည်။

မြန်မာတို့သည် မြန်မာဝေါဟာရကို ခရစ်နှစ်၁၁၉၀ပြည့်နှစ်ပုဂံခေတ်ကျောက်စာများမှာ ခိုင်လုံစွာ တွေ့နေရပြီဖြစ်ပါသည်။ မြန်မာကိုကျွန်ပြုခဲ့သောနယ်ချဲ့သည် မြန်မာဝေါဟာရကို ပီပီသသ တိတိကျကျ အမည်နာမခေါ်ဆိုနိုင်ခဲ့ခြင်း အလျဉ်းမရှိခဲ့သေးပါ။ မြန်မာတို့သည် ပုဂံခေတ် ပုဂံကျောက်စာများတွင်"မြန်မာ"ဟူ၍ခေါ်ဝေါ်ပြဋ္ဌာန်း မှတ်တမ်းပြုနိုင်ခဲ့ပြီဖြစ်ပါသည်။

"ရှေးမြန်မာမင်းများလက်ထက် ထောက်လှမ်းရေး"စာအုပ်သည် မြန်မာစာပေအထွေထွေမှ ရှာဖွေဖော်ထုတ်ကာ ခိုင်မာသောအထောက်အထားအကိုးအကား မှတ်တမ်းမှတ်ရာများဖြင့် မြန်မာ့ထောက်လှမ်းရေးအတတ်ပညာကို ကြိုးပမ်းရေးသားထားသည့်ကျမ်းစာအုပ်ဖြစ်ကြောင်း အထူးဂရုပြုမှတ်တမ်းတင်လိုပါသည်။

မြန်မာစာပေသမိုင်းစဉ်တွင် စစ်စာပေရှာဖွေပါက လွန်စွာရှားပါး အားနည်းခဲ့ပါသည်။ ကုန်းဘောင်ခေတ် စစ်ပျို့သုံးစောင်ကိုပြုစုခဲ့သူ လက်ဝဲသုန္ဒရ၏စာပေကျေးဇူးကို အထူးမှတ်တမ်းတင်ဂုဏ်ပြုလိုပါသည်။ အရေးတော်ပုံကျမ်းများသည် စစ်စာပေစာရင်းဝင်နိုင်သော်လည်း မြန်မာ့ထောက်လှမ်းရေးအတတ်ပညာကို စိစစ်ကောက်နုတ်မှ လေ့လာဖတ်ရှုခွင့် အနည်းငယ်သာ ရနိုင်ပါသည်။

လက်ဝဲသုန္ဒရသည်"မှုထမ်းစာဆိုဖြစ်ရလို၏"ဟု ဆန္ဒဆုမွန်ပြုခဲ့ဖူးသည်။ ထို့အတူ"ရှေးမြန်မာမင်းများလက်ထက် ထောက်လှမ်းရေး" ကျမ်းပြုသူအားတိမ်မြုပ်နေသည့် "မြန်မာ့တပ်မတော် ထောက်လှမ်းရေး စာပြုစာဆိုပုဂ္ဂိုလ်မွန်"အဖြစ် ဂုဏ်ပြုမှတ်တမ်းတင်လိုက်ရပါသည်။

စာရေးသူ၏ကျမ်းအဖွင့်မှာ"တို့နိုင်ငံမှာရော. . . "ဆိုလာသည့် မဝံ့မရဲဆိုထားသည့် ရည်ရွယ်ချက်ဆန္ဒမွန်သည် တစ်စုံတစ်ရာသော အတိုင်းအတာထိရရှိနိုင်ပြီဟု ယုံကြည်မျှော်လင့်ထားမိပါသည်။

စေတနာမေတ္တာမွန်ဖြင့်

တက္ကသိုလ်တင်ခ

## စာရေးသူ၏မေတ္တာရပ်ခံချက်

စာရေးသူသည် ထောက်လှမ်းရေးနှင့်ပတ်သက်သည့် စာအုပ်စာပေများကို ဝါသနာအလျောက် ရှာဖွေဖတ်ရှုလေ့လာခဲ့ပါသည်။ ကမ္ဘာပေါ်၌ နာမည်ကြီးခဲ့ကြသည့် ဂျာမနီနိုင်ငံမှ နာဇီ-ဂက်စတာပိုအဖွဲ့၊ ဖက်ဆစ်ဂျပန်တို့၏ကင်ပေတိုင်အဖွဲ့၊ ရုရှားနိုင်ငံမှ KGB အဖွဲ့၊ အမေရိကန်နိုင်ငံမှ CIA နှင့် FBI အဖွဲ့၊ အင်္ဂလန်နိုင်ငံမှ MI-6အဖွဲ့၊ အစ္စရေးနိုင်ငံမှ Mossadအဖွဲ့စသည့်ထောက်လှမ်းရေးအဖွဲ့များနှင့်ပတ်သက်သောအကြောင်းအရာများအား ရေးသားထားသည့်စာအုပ်များကိုသာ တွေ့ရှိ ဖတ်ရှုခဲ့ရပါသည်။ ဤသို့ ဖတ်ရှုရသောအကြောင်းအရာများတွင် နိုင်ငံအလိုက် ထောက်လှမ်းရေးအဖွဲ့အစည်း၊ ထောက်လှမ်းရေးလုပ်ငန်းများသည် ရွံရှာဖွယ်၊ မုန်းတီးဖွယ်၊ မနှစ်မြို့ဖွယ်တွေ့ရသကဲ့သို့ အတုယူဖွယ်၊ အားကျဖွယ်၊ ဂုဏ်ယူဖွယ်ကောင်းသည်များလည်း တွေ့ရှိရပါသည်။ မည်သို့ပင်ဖြစ်စေ ထောက်လှမ်းရေးအဖွဲ့အစည်းများဆိုသည်မှာ တိုင်းပြည်၏နားမျက်စိများ ဖြစ်ကြပါသည်။ ယင်းတို့နိုင်ငံ၊ ယင်းတို့အစိုးရ၊ ယင်းတို့လူမျိုး၏အကျိုးစီးပွားအတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်နေကြသူများလည်း ဖြစ်ပါသည်။ နိုင်ငံအတွက်အရေး ပါသောအဖွဲ့အစည်းဖြစ်၍ Invisible Government ဟု တင်စားပြောဆိုကြပါသည်။ ယင်းတို့လုပ်ငန်းနှင့် ယင်းတို့အလုပ်သဘာဝသည်ပင် လျှို့ဝှက်ရသောလုပ်ငန်းဖြစ်၍ ကန့်လန့်ကာ နောက်ကွယ်က ဇာတ်လိုက်များဟု ထင်မြင်မိပါသည်။

စာရေးသူအနေနှင့် သူတစ်ပါးနိုင်ငံမှ ထောက်လှမ်းရေးအဖွဲ့အစည်း၊ ထောက်လှမ်းရေးဆိုင်ရာ အကြောင်းအရာများကို ဖတ်မိတိုင်း "တို့နိုင်ငံမှာရော . . . "ဆိုသည့်မေးခွန်းက အတွေးထဲဝင်လာပါသည်။ ရှည်လျားသောသမိုင်းစဉ်နှင့်အတူ အာရှတစ်လွှားတွင် ထင်ရှားခဲ့သည့် မြန်မာနိုင်ငံမှာလည်း ခေတ်အခါအလိုက် ထောက်လှမ်းရေးလုပ်ငန်းများ လုပ်ခဲ့ကြပါလိမ့်မည်။ ထောက်လှမ်းရေးလုပ်ငန်း မလုပ်ဘဲ နိုင်ငံကြီးတစ်နိုင်ငံအဖြစ် မည်သို့မျှ ရပ်တည်နိုင်မည်မဟုတ်ပေ။ သို့ရာတွင် ရှေးမြန်မာမင်းများ လက်ထက်က ထောက်လှမ်းရေးနှင့်ပတ်သက်၍ သတ်သတ်မှတ်မှတ် ရေးသားထားသည့် စာအုပ်စာတမ်းဆို၍ မတွေ့မိခဲ့ပါ။ ခေတ်အလိုက် ထောက်လှမ်းရေးနှင့်ပတ်သက်သည့်အကြောင်းအရာများကို ကြိုကြား ကြိုကြားဆိုသလိုသာ တွေ့ရှိဖတ်ရှုမိခဲ့ပါသည်။ ဖတ်ရှုသလောက်နှင့်ပင် ရှေးမြန်မာမင်းများလက်ထက်က ထောက်လှမ်းရေးနှင့်ပတ်သက်၍ အဆင့်အတန်းမြင့်မားခဲ့ကြောင်း တွေ့ရပါသည်။ ရှေးခေတ်မြန်မာ့ထောက်လှမ်းရေးဆိုင်ရာ အတွေးအခေါ်၊ အယူအဆ၊ နည်းနာများသည် ဂုဏ်ယူစရာ၊ အတုယူလေ့လာစရာကောင်းကြောင်း တွေ့ရပါသည်။ အတုယူလေ့လာရုံသာမက မည်သည့်ခေတ်၊ မည်သည့်ကာလမှာမဆို ကိုယ့်နိုင်ငံကိုယ့် လူမျိုးအတွက် အသုံးဝင်အကျိုးပြုနိုင်ကြောင်းကိုလည်း တွေ့ရပေသည်။ သို့ရာတွင် အစောပိုင်းကတင်ပြခဲ့သလို စုစုစည်းစည်း မှတ်တမ်းတင်ထားခြင်းမရှိသဖြင့် ရှာဖွေလေ့လာဖို့ ခက်ခဲလှပါသည်။ စုစည်းပြီးရေးသားနိုင်လျှင် ကောင်းမည်ဟု စဉ်းစားမိပါသည်။ ဤသို့ စဉ်းစားမိသဖြင့် ဖတ်ရှုလေ့လာသိရှိသမျှထဲက ကောက်နုတ်၍ "ရှေးမြန်မာမင်းများလက်ထက် ထောက်လှမ်းရေး" ဆိုသည့်

ခေါင်းစဉ်ဖြင့် ရေးသားပြုစုရန် အားထုတ်ခဲ့ပါသည်။ စာရေးသူသည် စာရေးဆရာလည်းမဟုတ်၊ သမိုင်းပညာရှင်လည်းမဟုတ်၊ ဖတ်ရှုလေ့လာသိရှိသမျှ ဝါသနာအလျောက်ရေးသားပြုစုခြင်းသာဖြစ်၍ ပြည့်စုံလုံလောက်သည့် ကျမ်းတစ်စောင် မဖြစ်နိုင်ပါ။ မည်သို့ပင်ဖြစ်စေ တို့နိုင်ငံတို့လူမျိုးကလည်း ညံ့သည့်လူမျိုးမဟုတ်၊ ယခုခေတ်တွင် ကမ္ဘာကျော်ဖြစ်နေကြသည့် ထောက်လှမ်းရေးအဖွဲ့အစည်းများ၏ထောက်လှမ်းရေးနည်းနာများကို ရှေးနှစ် ပေါင်းများစွာကတည်းက မိမိတို့မြန်မာများလည်း လုပ်ဆောင်နိုင်ခဲ့ပါသည်ဟု ပြောပြချင်သဖြင့် ဤစာအုပ်အား ကြိုးစားပြုစုခဲ့ပါသည်။ သမိုင်းသုတေသနပညာရှင်များ ဝိုင်းဝန်းရေးသားပြုစုကြမှသာ ယခုထက် ပိုမိုပြည့်စုံမည်ဟု ယုံကြည်မိပါသည်။

ဤစာအုပ်ရေးသားပြုစုနိုင်ရန် သမိုင်းဆိုင်ရာအချက်အလက်များ၊ အကြံဉာဏ်များပေးခဲ့ပြီး ဖတ်ရှုတည်းဖြတ် အမှာစာရေးသားပေးသော တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးလှ၊ ရန်ကုန်တက္ကသိုလ် သမိုင်းပါမောက္ခ ဒေါက်တာကျော်ဝင်းတို့အားလည်းကောင်း၊ အချက်အလက်အထောက်အထားများစွာ ဖတ်ရှုလေ့လာပံ့ပိုးပေးခဲ့သည့် မဟာဝိဇ္ဇာကျောင်းသားမောင်နန်းလှိုင်အားလည်းကောင်း၊ ကုန်းဘောင်ခေတ် မြန်မာသူလျှိုတစ်ဦးက ရေးဆွဲပေးပို့သည်ဟုယူဆရသည့် ယိုးဒယားမြို့တစ်မြို့မြေပုံ မူရင်းပုရပိုက်ကို ကူးယူလေ့လာခွင့်ပြုခဲ့သော ကွယ်လွန်သူ ဆရာကြီးဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) [၂၂ နိုဝင်ဘာ ၁၉၁၇ - ၃၁ မေ ၂၀၀၁]အားလည်းကောင်း၊ အမှာစာရေးပေးကြသည့် စာရေးဆရာစွန်ရဲ၊ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန ဌာနမှူး ပါမောက္ခဒေါက်တာခင်အေး( မောင်ခင်မင်-ဓနုဖြူ)၊ သပြေညိုမောင်ကိုဦး၊ ချစ်နိုင်(စိတ်ပညာ)၊ တက္ကသိုလ်တင်ခတို့အားလည်းကောင်း၊ စာအုပ်ဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးကြသော ကိုထွန်းသိန်း၊ ကိုဇော်ဝင်း၊ ကိုကျော်လှိုင်တို့အားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဗိုလ်မှူးကြီးစန်းပွင့်

အခန်း(၁)

# ထောက်လှမ်းရေး
# သမိုင်းအစ

## နိဒါန်း

မျက်မှောက်ခေတ်တွင် ကမ္ဘာပေါ်၌ အင်အားကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ထောက်လှမ်းရေးအဖွဲ့အစည်း ထောက်လှမ်းရေးစွမ်းရည် ကောင်းမွန်သောနိုင်ငံတို့သည် ထိပ်တန်းနိုင်ငံများအဖြစ် ရပ်တည်နေကြောင်း တွေ့ရပေမည်။ ထောက်လှမ်းရေးအဖွဲ့အစည်း ဆိုသည်မှာ ကန့်လန့်ကာနောက်ကွယ်မှ အစိုးရ (Invisible Government)ဟူ၍ပင် တင်စားပြောဆိုကြသဖြင့် နိုင်ငံတစ်နိုင်ငံအတွက် မည်မျှအဓိကကျသည်၊ မည်မျှအရေးပါသည်ကို ရှင်းပြရန်ပင်လိုမည်မဟုတ်ပေ။ ထို့ကြောင့် မည်သည့်ခေတ်၊ မည်သည့်ကာလမဆို ထောက်လှမ်းရေးသည် နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်သောအဖွဲ့အစည်း၊ မလုပ်မဖြစ်သောလုပ်ငန်းတာဝန် ဖြစ်ပေသည်။ နှစ်ပေါင်းထောင်နှင့်ချီ၍ သမိုင်းစဉ်ရှည်လျားခဲ့သော မြန်မာနိုင်ငံတွင်လည်း ခေတ်အဆက်ဆက် ထောက်လှမ်းရေးရှိခဲ့ကြမည်၊ လုပ်ခဲ့ကြမည် ဖြစ်ပါသည်။ သို့ရာတွင် ရာဇဝင်၊ သမိုင်းမှတ်တမ်းများတွင် ရှင်ဘုရင်ကိုယ်တိုင်ဖြစ်စေ၊ အထောက်တော်၊ သူလျှို၊ သံတမန်များဖြင့်ဖြစ်စေ ထောက်လှမ်းမှုလုပ်ခဲ့ကြပုံများကို ရေးသားမှတ်တမ်းတင်ထားခြင်းမှာ အနည်းအကျဉ်းသာ တွေ့ရပါသည်။ ကျယ်ကျယ်ပြန့်ပြန့် မှတ်တမ်းတင်ထားခြင်းမှာ မရှိသလောက်ပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ရှေးမြန်မာမင်းများသည်လည်း ခေတ်အခါအလိုက် စွမ်းဆောင်နိုင်ခဲ့ကြသည်သာဖြစ်၍ မျက်မှောက်ခေတ်အတွက် သင်ခန်းစာယူဖွယ်ရာများ အမှန်ပင်ရှိမည်ဟု ယုံကြည်ပါသည်။ သို့ဖြစ်၍ ရှေးမြန်မာမင်းများလက်ထက်ထောက်လှမ်းရေးနှင့်ပတ်သက်သော ဖြစ်ရပ်ဖြစ်စဉ်များကို ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အထိ ရာဇဝင်၊ သမိုင်းမှတ်တမ်းများမှ လေ့လာတွေ့ရှိသမျှ ကောက်နုတ်တင်ပြမည်ဖြစ်ပါသည်။ ထို့ပြင် ခေတ်ကိုထင်ဟတ်နေသည့်စာပေကျမ်းဂန်များနှင့် ဆက်စပ်သုံးသပ်မှ ပိုမိုပြည့်စုံမည်ဟု ယူဆသဖြင့် ခေတ်အလိုက်ပေါ်ပေါက်ခဲ့သည့်စာပေကျမ်းဂန်များထဲမှ ထောက်လှမ်းရေးနှင့်ဆိုင်သည့်အတွေးအခေါ်၊ အယူအဆ၊ နည်းနာနိဿယ၊ လမ်းညွှန်ချက်များကိုလည်း ကောက်နုတ်တင်ပြမည်ဖြစ်ပါသည်။

## ထောက်လှမ်းရေးဆိုသည်မှာ အဘယ်နည်း

မျက်မှောက်ခေတ်၌ ထောက်လှမ်းရေးဆိုသည့်စကားရပ်သည် အလွန်လူသိများသောစကားရပ်ဖြစ်သည်။ ပထမကမ္ဘာစစ် (၁၉၁၄-၁၉၁၈) နှင့် ဒုတိယကမ္ဘာစစ် (၁၉၃၈-၁၉၄၅) အပြီးတွင် သူလျှိုဇာတ်လမ်း၊ စာပေ၊ ရုပ်ရှင်ဇာတ်ကားများကြောင့် ပို၍လူသိများလာခဲ့ပါသည်။ ထောက်လှမ်းရေးဆိုသည်မှာ အဘယ်နည်းဟုမေးလျှင် အတိုချုံး၍ ပြည့်စုံသည့်အဖြေပေးနိုင်ရန် ခက်ခဲကြောင်းတွေ့ရပေလိမ့်မည်။ ထောက်လှမ်းရေးဆိုသည့် စကားရပ်၏အဓိပ္ပာယ်သည် အလွန်ကျယ်ပြန့်သဖြင့် မည်သည့်အဓိပ္ပာယ်ကိုမေးလိုပါသနည်းဟု ပြန်၍မေးရမည့်သဘောရှိပါသည်။ စကားရပ်သက်သက်အဓိပ္ပာယ်ကိုသာ မေးလိုခြင်းဖြစ်ပါ

သည်ဟုဆိုလျှင် ထောက်လှမ်းသည် ဆိုသည်မှာ မြန်မာအဘိဓာန်၌(ထောက်လှမ်း၊ ကြိယာ-မေးမြန်းစုံစမ်းသည်)ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ ထောက်လှမ်းရေး ဆိုသည့်အဓိပ္ပာယ်ကို အကျဉ်းချုပ်ဖော်ပြရလျှင် ကြားသိအပ်သောအဖြစ်အပျက် အကြောင်းအရာများ၏အခြေအနေကို သိအောင် မေးမြန်းစုံစမ်းမှုလုပ်ခြင်းပင်ဖြစ်သည်ဟု ဆိုရပါမည်။

## အဘယ့်ကြောင့် ထောက်လှမ်းရေးလုပ်ရပါသနည်း

ကျောက်ခေတ်မှစ၍ ရှေးခေတ်လူသားများသည် ပထမဦးစွာ မိမိတို့ဘ၀ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် သဘာ၀ဘေးအန္တရာယ်၊ သားရဲတိရစ္ဆာန်များ၏အန္တရာယ်၊ အုပ်စုတစ်စုနှင့်တစ်စု တိုက်ခိုက်ကြသည့်အန္တရာယ်များမှကာကွယ်နိုင်ရန် ထောက်လှမ်းမှုများ လုပ်ခဲ့ကြရသည်။ ထောက်လှမ်းရေးအသိ၊ ထောက်လှမ်းရေးအတတ်ပညာဆိုသည်မှာ လူ့သမိုင်းအစ၊ ကျောက်ခေတ်လူသားများဘ၀ကပင် စတင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ကျောက်ခေတ်လူသားများသည် မိမိတို့အသက်ရှင်ရပ်တည်နိုင်ရန်အတွက် သဘာ၀ဘေးအန္တရာယ်၊ တောရိုင်းတိရစ္ဆာန်များ၏အန္တရာယ်၊ အုပ်စုချင်းတိုက်ခိုက်ကြသည့်အန္တရာယ်နှင့် အစားအစာအတွက် သားကောင်များကိုရှာဖွေသည့်အခါ ဘ၀ပေးထောက်လှမ်းရေးအသိ၊ ဘ၀ပေးထောက်လှမ်းရေးအတတ်ပညာများကို အသုံးချကြရပေသည်။ ဥပမာ- သားကောင်များဖမ်းဆီးရန်အတွက် ခြေရာခံခြေရာကောက်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း စသည့်ရာသီဥတု သဘာ၀ဘေးအန္တရာယ်များကို ရှောင်တိမ်းနိုင်ရန်အတွက် စူးစမ်းမှတ်သားခြင်း၊ အုပ်စုတစ်စုနှင့်တစ်စု တိုက်ခိုက်ကြသည့်အခါ ကြိုတင်ချောင်းမြောင်းလေ့လာခြင်းများသည် ထောက်လှမ်းရေးအသိ၊ ထောက်လှမ်းရေးအတတ်ပညာများ၏အခြေခံအစပင် ဖြစ်သည်။ မြန်မာနိုင်ငံ ရှမ်းပြည်နယ်၊ တောင်ကြီးဒေသ၊ ရွာင်အနီး ပြဒါးလင်းဂူထဲတွင် ကျောက်ခေတ်လူသားများ၏အသုံးအဆောင်များ၊ ဂူနံရံ၌ရေးဆွဲထားသည့် သားကောင်များ၏ပုံများ တွေ့ရှိခဲ့ရသည်။ ရေးဆွဲထားခဲ့သည့်အရုပ်များသည် ပြီးစီးသည်အထိရေးဆွဲထားခြင်းမဟုတ်ဘဲ တစ်၀က်တစ်ပြက်သာရေးဆွဲထားသဖြင့် သတင်းပို့(Message) အရုပ်များသာ ဖြစ်သည်ဟု ပညာရှင်များက ခန့်မှန်းခဲ့ကြသည်။ မြန်မာနိုင်ငံမှ ရှေးအကျဆုံး ထောက်လှမ်းရေးဆိုင်ရာ အထောက်အထားဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ကျောက်ခေတ်လူသားဘ၀မှ လူ့သမိုင်းစဉ်တိုးတက်ပြောင်းလဲမြင့်မားလာသည်နှင့်အမျှ ထောက်လှမ်းရေးအသိ၊ ထောက်လှမ်းရေးပညာများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သည်။ သုံးစွဲရန်နှင့် စိုက်ပျိုးရန်လိုအပ်သည့် ရေအရင်းအမြစ်ရရှိနိုင်သော ပထ၀ီ၀င်နောက်ခံကိုအမှီပြုပြီး နောက်ဆုံး မြို့ပြနိုင်ငံငယ်များမှ နိုင်ငံအဆင့်သို့ ပြောင်းလဲတိုးတက်လာခဲ့သည်။ သာဓကအားဖြင့် ရေအရင်းအမြစ်ယဉ်ကျေးမှု(Hydrolic Culture)ဟု သတ်မှတ်ကြသည့် ယူဖရေးတီးစ်နှင့် တိုက်ဂရစ်စ် မြစ်နှစ်သွယ်ကြားမှ မက်ဆိုပိုတေးမီးယားယဉ်ကျေးမှု၊ နိုင်းမြစ်၀ှမ်းမှ အီဂျစ်ယဉ်ကျေးမှု၊ ဧရာ၀တီမြစ်၀ှမ်းမှ ကျောက်ခေတ်အညာသားယဉ်ကျေးမှု(Anyathian Culture)စသည်များဖြစ်ပေါ်လာခဲ့သည်။ လူ့သမိုင်းစဉ်ပြောင်းလဲလာသကဲ့သို့ ထောက်လှမ်းမှုများမှာလည်း အဖွဲ့အစည်းပုံစံဖွဲ့စည်းလုပ်ဆောင်လာကြသည်။ နိုင်ငံအဆင့်ရောက်လာသည့်အခါ ထောက်လှမ်းရသည့် ဦးတည်ချက်များကလည်း ပြောင်းလာကြသည်။ နိုင်ငံတိုင်းတွင် မိမိတို့နိုင်ငံ၏ပြည်တွင်းပြည်ပလုံခြုံရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ထောက်လှမ်းရေးအဖွဲ့အစည်းများ ထားရှိ ထောက်လှမ်းကြသည်။

အချုပ်အားဖြင့် ထောက်လှမ်းရေးဆိုသည်မှာ ကျောက်ခေတ်လူသားဘဝကပင် မရှိမဖြစ်၊ ရှိခဲ့လုပ်ခဲ့ကြရသည့်လုပ်ငန်းဖြစ်သဖြင့် နိုင်ငံအဆင့်ရောက်လာသည့်အခါ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်သော အဖွဲ့အစည်းဖြစ်သကဲ့သို့ နိုင်ငံ့အကျိုးစီးပွားအတွက် မလုပ်မနေလုပ်ရမည့် လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်ပေသည်။

## မည်သည့်အရာများကို ထောက်လှမ်းကြပါသနည်း

လူ့သမိုင်းစဉ် တိုးတက်ပြောင်းလဲသည်နှင့်အမျှ ထောက်လှမ်းမှုများမှာလည်း တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်အိမ်ထောင်ချင်း၊ မျိုးနွယ်စုတစ်စုချင်းအတွက်သာမဟုတ်တော့ဘဲ ပြောင်းလဲတိုးတက်လာမည် ဖြစ်သည်။ လူ့သမိုင်းစဉ် တိုးတက်ပြောင်းလဲလာသည့်နည်းတူ ထောက်လှမ်းရေးအသိပညာ အတတ်ပညာများလည်း တိုးတက်ပြောင်းလဲလာခဲ့သည်။ မြို့ပြနိုင်ငံငယ်အဆင့်မှ နိုင်ငံဟူ၍ဖြစ်လာသည့်အခါ အုပ်ချုပ်သူလူတန်းစားများလည်း ပြောင်းလဲလာသည်။ သက်ဦးဆံပိုင်ဘုရင်စနစ်၊ အစိုးရအဖွဲ့စနစ်စသည်ဖြင့် ပြောင်းလဲခဲ့လေသည်။ ထောက်လှမ်းမှုမှာလည်း တစ်ဦးတစ်ယောက်၊ တစ်အိမ်ထောင်၊ တစ်မိသားစု၊ မျိုးနွယ်တစ်စုအတွက်သာ မဟုတ်တော့ဘဲ အုပ်ချုပ်သူအတွက်၊ အစိုးရအဖွဲ့အစည်းအတွက်၊ နိုင်ငံအတွက် ဖြစ်လာကြသည်။ နိုင်ငံဟူ၍ ပေါ်ပေါက်လာသည့်အခါ ပြည်တွင်းပြည်ပထောက်လှမ်းမှုများ လုပ်လာကြသည်။ ပြည်တွင်းထောက်လှမ်းမှု၏ရည်ရွယ်ချက်မှာ အုပ်ချုပ်ရေးယန္တရားချောမွေ့စေရန်နှင့် ပြည်တွင်းလုံခြုံရေးအတွက် ဖြစ်သည်။ ပြည်ပထောက်လှမ်းမှုမှာ အိမ်နီးချင်းနိုင်ငံများက မိမိနိုင်ငံအား မကျူးကျော်နိုင်စေရန် ကြိုတင်ကာကွယ်ထောက်လှမ်းမှုလုပ်ခြင်း ဖြစ်သည်။ အချို့အင်အားကြီးနိုင်ငံများမှာ မိမိတို့နိုင်ငံလုံခြုံရေးအပြင် အခြားနိုင်ငံများအပေါ် စစ်ရေး၊ နိုင်ငံရေးအသာစီးရရှိရန်၊ ဩဇာလွှမ်းမိုးနိုင်ရန် ထောက်လှမ်းရေးလုပ်လာကြသည်။ ပြည်တွင်းပြည်ပ ထောက်လှမ်းကြသည့်အခါ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အရေးပါသောကဏ္ဍများကို အဓိကထားတတ်ကြပေသည်။

## မြန်မာနိုင်ငံတွင် မည်သည့်အချိန်ကစ၍ ထောက်လှမ်းရေးလုပ်ခဲ့ပါသနည်း

သမိုင်းမှတ်တမ်းမတင်မီခေတ်(Prehistoric Period)ကပင် ဖြစ်စေ၊ သမိုင်းမှတ်တမ်းတင်သည့်ခေတ်(Historic Time)မှာပင်ဖြစ်စေ မြန်မာနိုင်ငံမှာလည်း ထောက်လှမ်းရေးလုပ်ခဲ့ကြမည်သာ ဖြစ်သည်။ မင်းနားတစ်ထောင်ဆိုသည့်စကားသည် ရှင်ဘုရင်များ မည်သို့သတင်းရသည်ကို ဖော်ပြနေသဖြင့် ထောက်လှမ်းရေးလုပ်ခဲ့ကြောင်း အလွန်ထင်ရှားပါသည်။ ထောက်လှမ်းရေးလုပ်ဆောင်မှုများနှင့်ပတ်သက်၍ ရာဇဝင်သမိုင်းမှတ်တမ်းများ၌ အထောက်အထား များများစားစား မတွေ့ရသော်လည်း မြန်မာနိုင်ငံ၌ ပျူခေတ်ကတည်းက ထောက်လှမ်းရေးလုပ်ခဲ့ကြသည်ဟု ဆိုနိုင်သည်။ ပျူခေတ်တွင် ယဉ်ကျေးမှုအဆင့်အတန်း အလွန်မြင့်မားခဲ့ကြောင်း ကမ္ဘာသိပင် ဖြစ်သည်။ မြန်မာနိုင်ငံတွင်း၌ ပျူလူမျိုးများသည် မြောက်ဘက်၌ ရွှေလီမြစ်အထက်ပိုင်း၊ တောင်ဘက်၌ မုတ္တမ၊ ထားဝယ်၊ ဧရာဝတီမြစ်၊ အနောက်ဘက်၌ ယောနယ်ထိ ကျယ်ပြန့်စွာ နေထိုင်ခဲ့ကြသည်။ ထိုသို့ ကျယ်ပြန့်လှသောနိုင်ငံ၏ကာကွယ်ရေးအတွက် ခံတပ်မြို့ (Garrison Town) (၉)မြို့ တည်ဆောက်ခဲ့ကြသည်ဟု သမိုင်းပညာရှင်များက ဆို

ပါသည်။ သီပေါ၊ ရွှေလီမြစ်အနီးရှိ ကန်သီတာ၊ မြင်းခြံ၊ မောရိယ၊ ဟလင်း၊ သဲကုန်း၊ ထီးချိုင့်၊ မိုင်းမော၊ တောင်တွင်းကြီး စသည့်မြို့များပင် ဖြစ်သည်။ ထိုခံတပ်မြို့များသည် မြောက်ဘက်နှင့်အရှေ့မြောက်ဘက် မှရန်သူကို မျှော်မှန်းတည်ဆောက်ခဲ့သည်ဟု ယူဆရသည်။ အထူးသဖြင့် ထိုခေတ်က နန်ချောင်များ (Nan Chao)၏ရန်ကို ကြိုတင်ထောက်လှမ်းနိုင်ရန်ဖြစ်မည်ဟု ယူဆပါသည်။ တရုတ်မှတ်တမ်းများတွင် (၈) ရာစုနှစ်ခန့်က ပျူလူမျိုးကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သို့ရောက်သည့်အကြောင်း၊ သဘင်အကနှင့် တူရိယာသမားများ၊ တူရိယာပစ္စည်းများပါရှိကြောင်းနှင့် တီးပုံ၊ ကပုံ၊ သီဆိုပုံများကို ရေးသားမှတ်တမ်းတင် ထားကြောင်း သိရှိရ၏။ ပျူများသည် ထိုအချိန်ကတည်းက တောရိုင်းကြက်ကို အိမ်မွေးကြက်အဖြစ် မွေးမြူနေကြပြီဟုလည်း သိရသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် ကြက်မွေးမြူရေးကို ပျူလူမျိုးများက စတင်ခဲ့သည်ဟု ဆိုနိုင်သည်။ ပျူခေတ်တွင် ပျူစာပေရှိသကဲ့သို့ အိန္ဒိယနိုင်ငံမှ ဗုဒ္ဓဘာသာပါဠိစာပေများ နှင့် သက္ကတစာပေများ ရောက်ရှိနေပြီဖြစ်ကြောင်း တွေ့ရှိရ၏။ ထို အထောက်အထားများအရ ပျူလူမျိုးတို့ ၏အသိဉာဏ်နှင့် ယဉ်ကျေးမှုအဆင့်အတန်း အလွန်မြင့်မားကြောင်းသိရှိရသဖြင့် ထောက်လှမ်းရေးအသိ ဉာဏ်မြင့်မားပြီး ထောက်လှမ်းမှုများလည်းလုပ်ခဲ့ကြမည်မှာ သေချာလှပါသည်။

ပုဂံခေတ်တွင် ထောက်လှမ်းရေးဆိုသည့်ဝေါဟာရကို တိုက်ရိုက် မတွေ့ရသေးသော်လည်း စုံစမ်း ထောက်လှမ်းရန် စေလွှတ်ခြင်း၊ စုံစမ်းမှုပြုလုပ်ခြင်း၊ တမန်စေလွှတ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရ သည်။ ပုဂံခေတ်နောက်ပိုင်း ပင်းယ၊ စစ်ကိုင်းခေတ်၊ ပထမအင်းဝခေတ်မှစပြီး ရှေးမြန်မာမင်းများ သည် ကိုယ်တိုင်စနည်းနာ ထောက်လှမ်းသကဲ့သို့ အထောက်တော်များနှင့်လည်း ထောက်လှမ်းခဲ့ကြောင်း မှတ်တမ်းမှတ်ရာများ၌ တွေ့ရှိရ၏။ ကုန်းဘောင်ခေတ်တွင် ထောက်လှမ်းရေးနှင့်ပတ်သက်၍ စနစ်တကျ လုပ်ဆောင်ခဲ့သလို ပြည်တွင်းပြည်ပနိုင်ငံများအထိ အထောက်တော်များ စေလွှတ်ထောက်လှမ်းခဲ့ကြောင်း တွေ့ရပါသည်။

## ရှေးမြန်မာမင်းများလက်ထက်က မည်သည့်နည်းနာများဖြင့် ထောက်လှမ်းရေးလုပ်ခဲ့ကြပါသနည်း

ပုဂံခေတ်မှ ကုန်းဘောင်ခေတ် (အေဒီ ၁၁-၁၉ ရာစု) အထိ ရှေးမြန်မာမင်းများသည် သံတမန် များ၊ စာပေ၊ ဘာသာရေး၊ ယဉ်ကျေးမှုများနှင့်ဆိုင်သည့် ကိုယ်စားလှယ်အဖွဲ့များစေလွှတ်ပြီး အထင် အရှား ထောက်လှမ်းသောနည်း (သို့မဟုတ်) ပြောင်ထောက်လှမ်းသောနည်း နှင့် သူလျှို၊ အထောက် တော်များစေလွှတ်ပြီး မထင်မရှား လျှို့ဝှက်ထောက်လှမ်းသောနည်း ဟူ၍ နည်း(၂)မျိုးဖြင့် ထောက် လှမ်းခဲ့ကြသည်။ စစ်ရေးအတွက် သူလျှိုစေလွှတ်ထောက်လှမ်းသကဲ့သို့ တမန်စေလွှတ်ထောက်လှမ်းခဲ့ ကြောင်း အထင်အရှားတွေ့ရပါသည်။ ပုဂံခေတ်မှကုန်းဘောင်ခေတ်အထိ ခေတ်အဆက်ဆက် ထိုနည်း နာ(၂)ရပ်ဖြင့် ထောက်လှမ်းခဲ့ကြပါသည်။ စင်စစ် ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း ထိုနည်းများအတိုင်းသာ ထောက်လှမ်းခဲ့ကြောင်း တွေ့ရပေသည်။ မျက်မှောက်ခေတ်တွင် သိပ္ပံပညာများတိုးတက်ထွန်းကားလာ သဖြင့် နည်းပညာနှင့် အထောက်အကူပစ္စည်းများတိုးတက်လာသော်လည်း ထောက်လှမ်းရေးနည်းနာ အနေဖြင့် ထိုနည်းနာ(၂)ရပ်ကိုပင် အဓိကအခြေခံပြီး လုပ်ဆောင်နေကြရဆဲ ဖြစ်ပါသည်။

အခန်း(၂)

# ထောက်လှမ်းရေးဆိုင်ရာ ဝေါဟာရများ

## ရှေးမြန်မာမင်းများလက်ထက် ထောက်လှမ်းရေးဆိုင်ရာဝေါဟာရများ

ပုဂံခေတ်တွင် ထောက်လှမ်းရေးဆိုသည့်စကားရပ်၊ အထောက်တော်နှင့်သူလျှိုဆိုသည့် အသုံးအနှုန်းများ မတွေ့ရသေးပေ။ စုံစမ်းထောက်လှမ်းရသူကို (ပင်ဝှက်သည်)ဟူ၍သုံးနှုန်းပြီး သံတမန်ကို (တမန်)ဟူ၍ သုံးနှုန်းကြောင်းသာ အနည်းအကျဉ်းတွေ့ရပါသည်။ နန်းတွင်းအရှုပ်အရှင်းများ၊ မိဖုရားအရှုပ်အရှင်းများ စုံစမ်းရသောသူကို (ပင်ဝှက်သည်)ဟုသုံးနှုန်းကြောင်း ကျောက်စာများတွင် တွေ့ရ၏။

ပထမအင်းဝခေတ်မှစပြီး စနည်းနာ သည်၊ ထောက်လှမ်း သည်၊ သူလျှို၊ အထောက်တော်၊ သံ၊ တမန်၊ မြင်းထောက်၊ လှေထောက်၊ နားခံ၊ ကင်းစမ်းထိုး၊ ကင်းထောက်၊ ကင်းတို၊ ကင်းရှည်၊ စစ်လျှင်စသည့် ထောက်လှမ်းရေးအသုံးအနှုန်းများ သုံးနှုန်းလာကြောင်း တွေ့ရပါသည်။

စနည်းနာ ဆိုသည်မှာ မြန်မာစာအဖွဲ့မှထုတ်ဝေသည့် မြန်မာအဘိဓာန်၌ စနည်းနာ၊ စနဲနာ၊ ကြိယာ-လူအများ ပြောသံဆိုသံကို ထောက်လှမ်းသည်ဟု အဓိပ္ပာယ်ဖွင့်ပြီး ထောက်လှမ်းသည်ဆိုသည်မှာ ထောက်လှမ်း၊ ကြိယာ-မေးမြန်းစုံစမ်းသည်ဟု အဓိပ္ပာယ်ဖွင့်ပါသည်။ စနည်းနာခြင်းနှင့် ထောက်လှမ်းခြင်းမှာ အဓိပ္ပာယ်အတူတူပင် ဖြစ်သည်။

သူလျှို ဆိုသည်မှာ သူလျှို-ဒလျှို၊ နာမ်- သတင်းကို လျှို့ဝှက်ထောက်လှမ်းသူဟူ၍ မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ပါသည်။ ဦးဘဦးရေးသားသည့် မြန်မာအုပ်ချုပ်ရေးပညာ၊ သံတမန်အခန်း၌ နည်းအမျိုးမျိုးနှင့် သွေးဆောင်ဖြားယောင်းပြီး ကိစ္စအဝဝကို အလိုရှိသည့်အခါ အောင်မြင်စွာ ပြီးမြောက်စေရန် အယုံသွင်းတတ်ကြသူများကို သူလျှိုဟုခေါ်သည်။ သူလျှိုလုပ်ငန်းဆိုသည်မှာ ပြည်တွင်းပြည်ပနှင့် ဆိုင်သည့် စုံထောက်လုပ်ငန်း ဟူ၍ဆိုပါသည်။

ဒလန် ဆိုသည်မှာ မြန်မာအဘိဓာန်၌ ဒလန်၊ နာမ်- တစ်စုံတစ်ယောက်၏အကျိုးအတွက် အခြားသူကို လှည့်ဖြားပြီး ဆောင်ရွက်ပေးသူဟူ၍ အဓိပ္ပာယ်ဖွင့်၏။ ဒလန် ဆိုသည်မှာလည်း ထောက်လှမ်းမှုလုပ်ငန်း၌ ဆက်နွယ်ပါဝင်နေပါသည်။

အထောက်တော် ဆိုသည်မှာလည်း သူလျှိုနှင့်အတူတူပင် ဖြစ်သည်။ အခြေအနေအရပ်ရပ်ကို စုံစမ်းထောက်လှမ်း သတင်းပေးပို့ရသူ ဖြစ်သည်။ သာမန်အရပ်သားသုံး အထောက်ဟူသောစကားမှ ဘုရင်မှ စေလွှတ်စုံစမ်းခိုင်းသည့်သူဖြစ်သဖြင့် အထောက်တော်ဟူ၍ သုံးသည့်သဘောပင် ဖြစ်သည်။

မြင်းထောက်၊ လှေထောက် နှင့်ပတ်သက်၍ မြင်းထောက်ဆိုသည်မှာ စုံစမ်းထောက်လှမ်း၍ ရရှိသောသတင်းများကို မြင်းစီး၍ သတင်းပေးပို့သူဖြစ်သည်။ လှေထောက်ဆိုသည်မှာ ရေကြောင်းလမ်းမှ စုံစမ်းထောက်လှမ်းသတင်းပေးပို့ရသူ ဖြစ်သည်။

သံတမန် ဟူသည် တိုင်းပြည်တစ်ပြည်နှင့်တစ်ပြည်၊ မင်းတစ်ဦးနှင့်တစ်ဦး၊ လူတစ်ယောက်နှင့်တစ်ယောက်ကြား သွားလာဆက်သွယ်သူ ဖြစ်သည်။ သံတမန်ကို တမန်၊ တံဆေး၊ သံ့သေး၊ သံ၊ မင်းစေ ဟူ၍ (၅)မျိုးခွဲ သုံးခဲ့ကြောင်း၊ အရှင်မှာတိုင်းဆိုသူကို တမန်၊ မင်းနှစ်ပါး သင့်မြတ်အောင်ဆိုသူကို တံဆေး၊ သူ့စကားကိုထောက်၍ ယုတ်လွန်မရှိဆိုသူကို သံ့သေး၊ လိုသည်ကို တောင်းလာသူကို သံ၊ မှာတိုင်းဆို၍ စေဖက်ရမှ သွားသူကို မင်းစေ ဟုခေါ်ကြောင်း မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၃)တွင် လေ့လာတွေ့ရှိရ၏။ ယခုအခါ သံတမန် ဟုသာ သုံးစွဲပါသည်။

မြန်မာအဘိဓာန်တွင် သံနှင့်တမန် အဓိပ္ပာယ်အတူတူပင် ဖြစ်သည်ဟု ဆိုပါသည်။ သံ(သက္ကတ) နာမ်- မင်းတစ်ပါးက အခြားမင်းတစ်ပါးထံ နိုင်ငံအရေးအခင်းကိစ္စ ဆောင်ရွက်ရန် စေလွှတ်ခြင်းခံရသူ၊ အခြားနိုင်ငံသို့ သွားရောက်နေထိုင်၍ နိုင်ငံကိစ္စအဝဝကို နိုင်ငံကိုယ်စားဆောင်ရွက်ရသူဟု အဓိပ္ပာယ်ဖွင့်၏။ ရှေးမြန်မာမင်းများလက်ထက်က မင်းတစ်ပါးနှင့်တစ်ပါး မိတ်ဆက်ရန်လာသော တမန်၊ ရန်ဘက်အဖြစ် စစ်ထိုးရန်လာရောက်အကြောင်းကြားသော တမန်၊ စစ်ပြေငြိမ်းရန် လာရောက်သော တမန်ဟူ၍ (၃)မျိုးရှိသည်ဆို၏။ ရှေးမြန်မာတို့အလေးထားခဲ့သည့် အဋ္ဌာရသ ၁၈ ရပ်တွင် ကေတု-သံတမန်အတတ်ကိုလည်း ပညာရပ်တစ်ခုအဖြစ်ထည့်သွင်းထားသည်ကို တွေ့ရ၏။ မည်သို့သောတမန်ဖြစ်စေ ထောက်လှမ်းမှု ပြုလုပ်ကြသည်သာ ဖြစ်ပါသည်။ သံတမန်အခွင့်အရေးကို အသုံးချပြီး ထောက်လှမ်းရေးလုပ်ကြသည်သာ ဖြစ်သည်။ မည်သည့်သံတမန်မဆို ပြောင်သူလျှို၊ အထင်အရှားသူလျှိုများသာ ဖြစ်ပါသည်။

နားခံ ဆိုသည်မှာလည်း ထောက်လှမ်းရေးလုပ်ရသူများပင် ဖြစ်ပါသည်။ ပထမအင်းဝခေတ်မှစပြီး မြို့ပြအုပ်ချုပ်ရေးဘက်နားခံ၊ စစ်ဘက်နားခံဟူ၍ (၂) မျိုးရှိကြောင်း တွေ့ရသည်။ နှစ်မျိုးစလုံးမှာ ထောက်လှမ်းရေးတာဝန်ထမ်းဆောင်ရသူများပင်ဖြစ်သည်။ လွှတ်တော်နှင့် ဗြဲတိုက်တို့တွင် တာဝန်ထမ်းဆောင်ရသော နားခံတော်ဆိုသည့်အမတ်ကြီးနှင့် ယခုတင်ပြမည့် ထောက်လှမ်းရေးတာဝန်ထမ်းဆောင်ရသော နားခံ(၂)မျိုးမှာ သီးခြားစီဖြစ်ပါသည်။ နန်းတွင်းဗြဲတိုက်နှင့် လွှတ်တော်ကနားခံကို နားခံတော်ကြီး (စမြောင်မှူး)ဟု ခေါ်သည်။ နားခံတော်ကြီးမှာ ရာထူးအဆင့်အတန်း မြင့်မား၏။ ရောထွေးမသွားစေလိုသည့်အတွက် ထည့်သွင်းရှင်းလင်းတင်ပြခြင်း ဖြစ်သည်။ ဦးတင်(၁၈၆၁-၁၉၃၃)၏မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ စတုတ္ထတွဲ၌ မြို့ပြအုပ်ချုပ်ရေးနှင့်ပတ်သက်၍ ခန့်ထားသောနားခံမှာ မြို့ဝန်နှင့်စစ်ကဲတို့ကို ကူညီဖို့ရန်နှင့် မြို့ဝန်၊ ရေဝန်၊ အခွန်ဝန်၊ စစ်ကဲတို့၏အမူအကျင့်ကိုထောက်လှမ်းပြီး နေပြည်တော်သို့သတင်းပို့ရသည်ဟု ဆိုသည်။ စစ်ကဲနှင့်နားခံတို့က တရားရာဇဝတ်မှုများကိုလည်း ရုံးတက်ပြီး စီရင်ဆုံးဖြတ်ခွင့်ရှိသည်ဟု သိရ၏။ စစ်ကဲက ရာဇဝတ်ဝန်နှင့်တူပြီး နားခံက စုံထောက်အရာရှိနှင့်တူကြောင်း၊ မြို့ငယ်လျှင် နားခံ တစ်ဦး၊ မြို့ကြီးလျှင် နားခံ(၂)ဦး ခန့်ထားသည်ဟု ဆိုသည်။

စစ်ဘက်နားခံ နှင့်ပတ်သက်၍ ကုန်းဘောင်ခေတ်ဦးကာလ၊ စာဆိုအမတ်ကြီး လက်ဝဲသုန္ဒရ (၁၇၂၃-၁၇၉၉) ရေးဖွဲ့သီကုံးပြီး ဗိုလ်မှူးဘသောင်းတည်းဖြတ်သည့် သေနင်္ဗျူဟာစစ်သမိုင်းနှင့် ဗျူဟာစက္ကိပျို့၌ တပ်သား၅၀၀၊ အကြပ် ၅၀၊ သွေးသောက် ၁၀၊ တပ်မှူး ၅၊ ဗိုလ် ၁ ပါဝင်သောတပ်မှာ လက်ရုံးရည်နှလုံးရည်ဆိုင်ရာအရာရှိနှစ်ဦး ပါကြောင်း၊ ၎င်းတို့(၂) ဦးမှာ တပ်ရေးနှင့် စစ်နားခံဖြစ်ကြောင်း၊ စစ်နားခံဆိုသည်မှာ တပ်နှင့်တပ်သားများကို ထိန်းသိမ်းစောင့်ရှောက် ပဲ့ပြင်ဆုံးမရသူဖြစ်ကြောင်း၊ တပ်များအပေါ် စုံထောက်သူလည်းဖြစ်ကြောင်း၊ တပ်များကောင်း မကောင်းကြည့်ရှုပြီး အထက်ဗိုလ်ချုပ်ထံ အစီရင်ခံရသူလည်းဖြစ်ကြောင်း ဖော်ပြပါရှိ၏။

ကင်းစမ်းထိုး ဆိုသည်မှာ ရန်သူအသွားအလာ၊ အနေအထား၊ အခြေအနေကို မထင်မရှား သွားရောက်ထောက်လှမ်း စုံစမ်းစေခြင်းပင် ဖြစ်ပါသည်။

ကင်းထောက်ဆိုသည်မှာ ကင်းစမ်းထိုးအတိုင်းပင် ဖြစ်ပါသည်။

ကင်းမဆိုသည်မှာ တပ်မကြီး၏ရှေ့မှ ချီတက်ရသောကင်းတပ်ကြီး၊ ထိုကင်းတပ်ကြီးမှ တပ်ခွဲ လွှတ်၍ ထောက်လှမ်းစုံစမ်းရပါသည်။

ကင်းရှည် ဆိုသည်မှာ အဝေးမှာရှိသောရန်သူ၏စစ်အလားအလာကို ကြိုတင်ထောက်လှမ်းရ သည့်သူ ဖြစ်ပါသည်။

ကင်းတို ဆိုသည်မှာ အနီးအနားရှိ ရန်သူ့စစ်အလားအလာကို ကြိုတင်ထောက်လှမ်းရသူဟူ၍ သေနင်္ဗျူဟာကျမ်းတွင် အဓိပ္ပာယ်ဖွင့်ထားပါသည်။

စစ်လျှင် ဆိုသည်မှာ စစ်တိုက်နေသောအချိန်၊ စစ်ချီနေသောအချိန်၊ စခန်းချနေသောအချိန်၊ ရေတပ်များ လှည့်ပတ်သွားလာနေသောအချိန်၊ သို့မဟုတ် ကျောက်ချနေသောအချိန်အတွင်းမှာ ရန်သူ့ သတင်းကို စုံစမ်းထောက်လှမ်းပြီး သက်ဆိုင်ရာကို သတင်းပို့ရသူများ ဖြစ်သည်။ အရေးကြီးသည့်တာဝန် မှာ စစ်တပ်များကို ရှေ့ဆောင်သွားရခြင်း၊ ရန်သူ့ဒေသနှင့်အင်အားကို ဗိုလ်ချုပ်တို့ထံ သတင်းပို့ရခြင်း ဖြစ်၏။ စစ်လျှင် ဆိုသူတို့သည် ရန်သူ့ကင်းထောက်စစ်သည်တို့ကို နိုင်နင်းသောအင်အားရှိလျှင် ဖျက်ဆီး ခွင့်ရှိသည်။ သို့ရာတွင် အခွင့်ကောင်းရတိုင်း မတိုက်ရ၊ လျှို့ဝှက်ထားခြင်းမှာ အကောင်းဆုံးဖြစ်သည်ဟု ဦးဘဦး၏ *မြန်မာအုပ်ချုပ်ရေးပညာကျမ်း၊* စစ်ဆင်စစ်တိုက်နည်းအခန်း၌ ဖော်ပြထားပါသည်။

အခန်း(၃)

# ပုဂံခေတ်
# ထောက်လှမ်းရေး

## ပုဂံခေတ် ထောက်လှမ်းရေး

အနော်ရထာ(၁၀၄၄-၁၀၇၇?)မတိုင်မီကတည်းက ပုဂံ (အရိမဒ္ဒနပူရ)ကို တည်ထောင်ခဲ့သော်လည်း နှစ်ပေါင်း(၂၀၀)ခန့်အထိ အခိုင်အမာမရှိခဲ့သေးဟု သမိုင်းဆရာများက ဆိုပါသည်။ အေဒီ (၁၀၄၄) မှာ အနိရုဒ္ဓဒေဝ(ခေါ်) အနော်ရထာမင်း နန်းတက်ခဲ့ပြီး စောမွန်နစ်မင်း (၁၂၉၈-၁၃၃၄)ထိ နှစ်ပေါင်း(၃၅၀)ခန့် ကြာမြင့်ခဲ့သည်။ သမိုင်းစဉ်ရှည်လျားခဲ့ပြီး ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့သည့် ပုဂံခေတ်တွင် ရာဇဝင်သမိုင်းမှတ်တမ်းများ၌ ရှင်ဘုရင်များ၏ထောက်လှမ်းရေး လုပ်ဆောင်မှုများကို မှတ်တမ်းတင်ထားခဲ့ခြင်းများ မတွေ့ရပေ။ ပုဂံခေတ်၏နိုင်ငံတော်အကျယ်အဝန်းကို အေဒီ(၁၁၉၆)ထိုး ဓမ္မရာဇိကဘုရား မြန်မာကျောက်စာ၌ အခိုင်အမာတွေ့ရှိရပါသည်။ ပုဂံ၏အရှေ့ကို လားသော် သံလွင်မြစ်၊ အနောက်ကိုလားသော် မဏ္ဍီရိ၊ မြောက်ကိုလားသော် ငဆောင်ချမ်း၊ တောင်ကို လားသော် ထားဝယ်၊ တနင်္သာရီ၊ သလင်းကြေး (Cape of Salang)ဟူ၍ ပါရှိပါသည်။ အရှေ့တောင်အာရှ၌ ဤမျှ ကျယ်ဝန်းခန့်ညားသည့် နိုင်ငံ၏တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးအတွက် စစ်ရေး၊ အုပ်ချုပ်ရေးများ၌ ထောက်လှမ်း ရေးလုပ်ငန်းကို မလွဲမသွေ လုပ်ရပေလိမ့်မည်။ ထောက်လှမ်းမှုမရှိဘဲ ထိုမျှကြီးမားသော နိုင်ငံတော်ကြီးကို တည်ဆောက်ရန်မဖြစ်နိုင်ပေ။ ထို့ပြင် မြန်မာ့နယ်စပ်ကို စောင့်ရှောက်ရန်နှင့် သတင်းရရှိရန်အတွက် အချက်အချာကျသောနေရာတိုင်း၌ ကင်းစခန်းများ ချထားခဲ့ပေသည်။ ထိုသို့ ချထားသောကင်းကို စကြဝ် ကင်သည်ဟုခေါ်ကြောင်း အေဒီ(၁၂၄၈)ကျောက်စာအရ သိရပါသည်။ ပုဂံခေတ်၌ တရုတ်၊ အိန္ဒိယ၊ သီရိလင်္ကာစသော ပြည်ပနိုင်ငံများသို့ သံတမန်များ စေလွှတ်ဆက်ဆံခြင်းရှိခဲ့သဖြင့် ပြည်တွင်းပြည်ပထောက်လှမ်းမှုများ လုပ်ခဲ့ပေလိမ့်မည်ဟု သုံးသပ်နိုင်ပါသည်။

ပုဂံခေတ်၌ ပြည်ပဆက်ဆံမှုအနေဖြင့် သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံများသို့ သံအဖွဲ့များ မကြာခဏ စေလွှတ်ခဲ့ကြောင်း သိရသည်။ အလားတူပင် စောခင်နှစ်မင်း၊ ညောင်ဦးစောရဟန်း၊ စုက္ကတေး၊ အနော်ရထာ၊ ကျန်စစ်မင်း၊ အလောင်းစည်သူမင်းများလက်ထက်၌လည်း တရုတ်ပြည်နှင့် အဆက်အဆံရှိခဲ့ကြောင်း သိရ၏။ စောခင်နှစ်မင်းသည် တရုတ်ပြည် ယူနန်ဘုရင်ထံသို့ သားတော်ဦးစီးသည့်သံတမန်များနှင့် သဘင် ကချေသည်များ စေလွှတ်ခဲ့သည်ဟု တရုတ်မှတ်တမ်းများအရ သိရသည်။ ပုဂံခေတ်ကျောက်စာများတွင်လည်း တမန်ဆိုသည့်အသုံးအနှုန်းနှင့် စုံစမ်းထောက်လှမ်းသည့်သဘော ပါရှိသော အထောက်အထား အနည်းအကျဉ်း တွေ့ရပေသည်။

အေဒီ(၁၂၈၃)ခုနှစ် တရုတ်ပြေးမင်းဟုခေါ်ဆိုကြသည့် နရသီဟပတေ့မင်း(အေဒီ ၁၂၅၆-၁၂၈၇)လက်ထက်တွင် ကူဗလိုင်ခန်(အေဒီ ၁၂၁၆-၁၂၉၄)၏မွန်ဂိုတာတာတပ်များက မြန်မာနိုင်ငံကို ကျူးကျော်ဝင်ရောက်ခဲ့သည်။ တကောင်းအရပ်အထိ ရောက်ရှိလာ၏။ နရသီဟပတေ့မင်းသည် ပုဂံမှ ပြည်အနောက်ဘက် လှည်းကျအရပ်သို့ ပြောင်းရွှေ့စံနေပြီး စစ်ရေးအခြေအနေမလှသည့် အတွက် စစ်ပြေငြိမ်းရန် စီစဉ်ခဲ့ပါသည်။ ရှင်ဒိသာပါမောက္ခကို တရုတ်ပြည် တယ်တူ (T'ai-Tu ယခု -ပေကျင်း)ရှိ

ကူဗလိုင်ခန်မင်းကြီးထံ တမန်အဖြစ် စေလွှတ်ခဲ့ပေသည်။ ရှင်ဒိသာပါမောက္ခ၏ဆောင်ရွက်မှုကြောင့် စစ်ပြေငြိမ်းခဲ့သည်။ ထိုအကြောင်းကို ရှင်ဒိသာပါမောက္ခက ကျောက်စာရေးထိုးခဲ့၏။ ရှင်ဒိသာပါမောက္ခ၏ကျောက်စာကြောင်းရေ (၂-၃)တွင် အနန္တပိစည်နှင့် မဟာပိုအမတ်ကြီးတို့အား-

"နင်တိုဝ် တရုက်၏အလာအလာကိုဝ် သိဩင်မူလိယ် ဟု စိယ်တ်မူ၏"

ဟု ပါရှိပါသည်။ မှန်းဆကြည့်ပါက ထောက်လှမ်း စုံစမ်းခိုင်းသည့်သဘော တွေ့ရ၏။ ထို့အပြင် ရှင်ဒိသာပါမောက္ခ၏ ကျောက်စာကြောင်းရေ (၄)၌-

"ဤအမှုက ကြီစွာ။ တုမ်တပဲလေ လွှတ်ရသည် မဟိ"

ဆိုပြီး တွေ့ရှိရပါသည်။ တုမ်တပဲ ဆိုသည့် ဝေါဟာရအနက်ကို မန္တလေး တက္ကသိုလ် မြန်မာစာပါမောက္ခ ဆရာကြီးဦးချမ်းမြ(မြကေတု)က သူလျှို အထောက်တော်ပင်ဖြစ်ကြောင်း *ပုဂံခေတ်က ပင်ဝှက်သည်* စာပေ သုတေသနဆောင်းပါးထဲတွင် ဖော်ပြထား၏။ ရှင်ဒိသာပါမောက္ခ၏ ကျောက်စာကြောင်းရေ(၁၀)တွင်-

"ပုကံမဟာရစ် (စသော) မင်းတိုဝ်ကာ တန်မန်ကိုဝ် မချုပ်ရျာ"

ဟုပါရှိသည်။ စာကြောင်းရေ(၁၁)တွင်

"(ငါ)ကိုဝ်လျင် ငါတိုဝ်တန်မန်မူလျှင် အံဟူရုယ်"

ဟုပါရှိသည်။ ပုဂံမဟာရစ် စသောမင်းတို့ကား တမန်ကိုမချုပ်ရာဟု ဆိုထားခြင်း၊ ငါ့ကို တမန်အဖြစ်စေသည်ဟု ဆိုထားခြင်းများကို ထောက်ရှုခြင်းအားဖြင့် ထိုခေတ်က သံတမန်ဆက်ဆံမှုများ ကောင်းစွာရှိနေပြီဖြစ်သည်။ သံတမန်ကိုသတ်ရန် မဆိုထားနှင့်၊ ချုပ်နှောင်ထားခြင်းမျိုးပင်လျှင် မလုပ်ရဟု ဆိုထားသဖြင့် သံတမန်နှင့်ပတ်သက်၍ ကျင့်ဝတ်စောင့်ထိန်း လိုက်နာမှုအဆင့်အတန်း မြင့်မားနေပြီဖြစ်ကြောင်း တွေ့ရသည်။ အေဒီ-၁၂၄၃ခုနှစ်တွင် ရေးထိုးခဲ့သည့် ပုဂံမြို့မင်းနန်သူရွာ၏ အရှေ့မြောက်ဘက် ဖိုးကလုန်ဘုရားကျောက်စာ၌ နန်းတွင်းမိဖုရား၊ မောင်းမမိသံတို့ အမွေဆက်ခံမှုအရှုပ်အရှင်း၊ နိုင့်ထက်စီးနင်းမတရားလုပ်မှုကို "ပင်ဝှက်သည်" ဟုခေါ်သည့် အမျိုးသမီးအထောက်တော်က ဘုရင့်ထံ လျှောက်ထားသည့်အတွက် အမှုမှန်ကို ဘုရင်ကသိရှိ ဆုံးဖြတ်ခဲ့သည့်အကြောင်း ရေးထိုးထား၏။ ထိုကျောက်စာကို ကျစွာမင်း အေဒီ(၁၂၃၅-၁၂၄၉)လက်ထက်က ရေးထိုးခဲ့ခြင်းဖြစ်သည်။ ကျောက်စာပါ အမျိုးသမီးအထောက်တော်နှင့်ပတ်သက်၍ ဆရာကြီးမြကေတုက 'ပုဂံခေတ်ကပင်ဝှက်သည်'ဆိုသည့်ဆောင်းပါးတွင် အပြည့်အစုံ ရှင်းလင်းဖော်ပြထားသည်။ ကျစွာမင်း(အေဒီ ၁၂၃၅-၁၂၄၉)၊ ဥဇနာမင်း(၁၂၄၉-၁၂၅၆)တို့လက်ထက်က နန်းတွင်းမိဖုရား၊ မောင်းမမိသံများနေသည့် နန်းဆောင်တွင်(ပင်ဝှက်သည်) ဟုခေါ်သည့် အမျိုးသမီးအထောက်တော်များခန့်ထားကြောင်း၊ ပင်ဝှက်သည်၏တာဝန်မှာ မိဖုရား၊ မောင်းမမိသံအချင်းချင်း နိုင်ထက်စီးနင်း နှိပ်စက်ကလူပြုခဲ့လျှင် ဘုရင့်ထံလျှောက်ထားရန်ဖြစ်ကြောင်း၊ ပင်ဝှက်သည်ကို လျှို့ဝှက်ထားခြင်းမဟုတ်ဘဲ၊ အထင်အရှားထားရှိသည်ဟု ဆိုထားပါသည်။ ပင်ဝှက်သည် ဆိုသည့်စကားသည် ပန်ဝှက်သည်ဆိုသော စကားအရင်းအမြစ်မှလာသည်ဟု ယူဆရပါသည်။ ပန်ဆိုသည်မှာ ပန်ကြားခြင်း၊ ဝှက်ဆိုသည်မှာ လျှို့ဝှက်ခြင်း၊ သည်မှာ အလုပ်အမှုရှိသူဟု အနက်အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ပင်ဝှက်သည် ဆိုသည်မှာ လျှို့ဝှက်သောသတင်းရပ်များကို ဘုရင့်ထံပန်ကြားရသူဟု ဆိုလိုခြင်းဖြစ်သည်။ ပုဂံခေတ်က မိဖုရား၊ မောင်းမမိသံများနေထိုင်ကြသည့် အနောက်ဆောင်တွင် ကြီးကြပ်အုပ်ထိန်းရန်ခန့်ထားခံရသူကို (အမိသင်တော်)ဟု ခေါ်ပါသည်။ ကျောက်စာပါဖြစ်စဉ်အရ ကျစွာမင်းလက်ထက်တွင် (အမိသင်တော်)ဟုခေါ်သော မောင်းမမိသံ၊ မိဖုရားများအပေါ်





**ပုဂံမြို့၊ မင်းနန်သူရွာ အရှေ့မြောက်ဘက် ဖိုးကလုန်ဂူဘုရားနှင့် ဘုရားအတွင်းရှိကျောက်စာပုံ**

အုပ်ထိန်းရသူ မရှက်သည် အမည်ရှိသည့် မောင်းမမိဿံတစ်ဦး ရှိခဲ့၏။ ထိုအမိသင်တော်မရှက်သည် သေခါနီးတွင် သူ့မိဘများထံက အမွေရသည့်မြေနှင့်ကျွန်များ၊ ဘုရင်ကပေးသနားထားသော မြေနှင့် ကျွန်များကို သူလှူဒါန်းထားသည့် ဂူဘုရား၌ လှူဒါန်းခဲ့သည်။ လှူဒါန်းမှုကို ရေစက်မချခဲ့ဟု ဆို၏။ အမိသင်တော်မရှက်သည်သေပြီးသည့်အခါ ဆင်ထိန်း ယရည်းရမံ၏မယား (အိုဝ်ကဲ)ဆိုသူက အမိသင် တော်မရှက်သည်လှူခဲ့သော ကျွန်များအနက် "င၀ နှင့် ငလျောင်"သည် သူ့မိဘကပေးခဲ့သည့် အမွေကျွန် များ ဖြစ်သည်၊ အမိသင်တော်မရှက်သည်နှင့် မည်သို့မျှမသက်ဆိုင်၊ အမိသင်တော်မရှက်သည်က အဘယ့် ကြောင့် ဘုရားမှာလှူခဲ့ရသနည်းဟုဆိုကာ ကျွန်များကို ဘုရားသို့မပို့ဘဲ ထိပ်တုံးခတ်နှောင်ဖွဲ့ထားခဲ့သည်။ ထိုသို့ နိုင်ထက်စီးနင်း အရှုပ်အရှင်းပြဿနာပေါ်သည့်အခါ အမျိုးသမီးအထောက်တော်ပင်ဝှက်သည် က ဘုရင့်ထံ အကျိုးအကြောင်း လျှောက်ထားခဲ့သည်။ ဘုရင်က အဖြစ်မှန်ကိုသိရှိခဲ့သဖြင့် အမိသင်တော် မရှက်သည် မသေခင်က ဘာမှမပြောဘဲ ယခုမှပြောဆိုခြင်းသည် မသင့်လျော်၊ မရှက်သည်လှူခဲ့သော မြေနှင့်ကျွန်ကို အနိုင်အထက်ပြုလုပ်လျှင် (၁)ဆကို (၃)ဆ ပြန်လျော်စေဟု အမိန့်တော်ချမှတ်ဖြေရှင်းခဲ့ ကြောင်း ကျောက်စာတွင် ရေးထိုးပါရှိ၏။ ပုဂံခေတ်က မိန်းမသားအထောက်တော်ပင်ဖြစ်သော်လည်း မှန်လျှင်မှန်သလို မည်သူ့မျက်နှာမျှမထောက်၊ ပြတ်ပြတ်သားသား လေးလေးနက်နက် တာဝန်ထမ်းဆောင် ခဲ့ခြင်းသည် ချီးမွမ်းစရာဖြစ်သည်ဟု ဆရာကြီးမြကေတုက ရေးသားထားပေသည်။ ထိုကျောက်စာပါ အထောက်အထားများအရ ပုဂံခေတ်က ပြည်တွင်းပြည်ပစစ်ရေး၊ အုပ်ချုပ်ရေးများတွင် ထောက်လှမ်းမှုကို စနစ်တကျ လုပ်ဆောင်ခဲ့သည်ဟု ယူဆပါသည်။

## ပုဂံခေတ် ထောက်လှမ်းရေးအသိပညာ ရရှိနိုင်သောစာပေများ

ပုဂံခေတ်မတိုင်မီ ခရစ်နှစ်အစောပိုင်းကာလကပင် မြန်မာနိုင်ငံ၌ ပျူ၊ မွန်၊ ရခိုင်တို့သည် ကုန်သွယ်ခရီးသွားများကတစ်ဆင့် အိန္ဒိယယဉ်ကျေးမှုများနှင့် စတင်ထိတွေ့ခဲ့ကြပါသည်။ ထေရဝါဒ၊ မဟာယာန၊ ဟိန္ဒူ ဗြဟ္မဏ ဘာသာယုံကြည်သက်ဝင်မှုများ ရောက်ရှိလွှမ်းမိုးခဲ့ပြီး ဖြစ်သည်။ ဗုဒ္ဓဘာသာ ပါဠိပိဋကတ် စာပေများ၊ သက္ကတဘာသာစာပေများ ရောက်ရှိခဲ့ပါသည်။ ပုဂံခေတ်အုပ်ချုပ်ရေးတွင် ဗုဒ္ဓစာပေတတ်ကျွမ်းသောပုဂ္ဂိုလ်များအား အုပ်ချုပ်ရေးရာထူးများကို ပေးအပ်ခန့်ထားစေခဲ့သည့် သမိုင်းအထောက်အထားများ ရှိနေပါသည်။ ထို့ကြောင့် မြန်မာတို့သည် ပထမဦးဆုံး ထောက်လှမ်းရေး အသိပညာများကို ဗုဒ္ဓပိဋကတ်စာပေများ၊ သက္ကတဘာသာနှင့် ရေးသားထားသည့် စာပေကျမ်းဂန်များမှ ရရှိနိုင်သည်ဟု ဆိုရပါမည်။

## ထေရဝါဒဗုဒ္ဓဘာသာ ပါဠိစာပေများမှ ရရှိနိုင်သော ထောက်လှမ်းရေးအသိပညာ

ပုဂံ၌ အနော်ရထာမင်းမတိုင်မီကတည်းက ဗုဒ္ဓသာသနာ ရောက်ခဲ့ပြီးဖြစ်၏။ ဗုဒ္ဓသာသနိက စေတီပုထိုးများ ရှိခဲ့ပြီးဖြစ်သည်။ ငကျွဲနားရှောင်၊ ဗူးဘုရားစသော ထူပါစေတီများသည် အနော်ရထာ မတိုင်မီက တည်ခဲ့သောဘုရားများဖြစ်သည်ဟု သမိုင်းပညာရှင်များက ဆိုသည်။ ပုဂံသီရိပစ္စယာအရပ်က ဖက်လိပ်ဘုရားနှစ်ဆူ၌ ငါးရာ့ငါးဆယ်နိပါတ်တော် မြေမီးဖုတ်ဇာတ်ရုပ်ချပ် (Terra-cotta Plaques)

ရုပ်လုံး၊ ရုပ်ကြွ (Reliefs) များကို တွေ့ရှိရပါသည်။ ပုဂံမြို့ လောကထိပ်ပန်ဘုရားရှိ နံရံဆေးရေးပန်းချီမှာလည်း မဟောသဓဇာတ် (မဟာဥင္ဂဇာတ်)အား မင်စာ (Ink -inscription)ဖြင့် ရေးဆွဲပူဇော်ထားသည်ကို တွေ့ရှိရသည်။ မဟောသဓဇာတ်တော်အပြင် ရာဇောဝါဒဇာတ်တော်၊ ဝမ္မကီသူကရဇာတ်တော်၊ စူဠကာလိင်္ဂဇာတ်တော်များမှာလည်း တိုင်းရေးပြည်မှု၌ သူလျှို(အထောက်တော်)များအတွက် သင်ခန်းစာယူဖွယ်ရာများကို တွေ့ရှိရ၏။ မောင်းထောင်ဆရာတော်(၁၇၅၈-၁၈၆၃)၏ ပုဂံမြို့ ဇာတကစဥ့်ကွက်ပုံစာရင်း၌ လေ့လာတွေ့ရှိရပါသည်။

| ဇာတ်စဉ် | ဇာတ်အမည် | အရုပ်အရေအတွက် |
|---|---|---|
| ၂၈၃ | ဝမ္မကီသူကရဇာတ် | ကျားကို ဝက်များပက်၍ သေဟန် ဝက် ၂၊ ကျား ၁၊ ရသေ့စဥ်းလဲသေဟန် ၁၊ သစ်ပင်ထက် ဘုရားလောင်း ရုက္ခစိုးနတ်မင်း ၁။ |
| ၁၅၁ | ရာဇောဝါဒဇာတ် | ရထားထိန်း ၁၊ ပြဟ္မဒတ်မင်းစီးသော မြင်းရထား ၁၊ ရထားထိန်း ၁ နှင့် ဘလ္လိကစီးသော မြင်းကသော ရထား ၁၊ ခရီးရင်ဆိုင်တွေ့ဟန်။ |
| ၃၀၁ | စူဠကာလိင်္ဂဇာတ် | မြင်းစီးလျက် အဿကမင်း ကာလိင်္ဂမင်းစစ်ထိုးဟန် ရင်ဆိုင် ၂၊ ၎င်းတို့အနီး ကိုယ်စောင့်နတ်ချင်း တိုက်ဟန်၊ နွားဖြူနွားနက်ဝှေ့ဟန် ၂၊ ဘုရားလောင်းရသေ့သင်္ခမ်းတွင် ၁။ |
| ၅၂၀ | ကဏှတိဏ္ဍုကဇာတ် | တည်ပင်ထက် ဘုရားလောင်းရုက္ခစိုးနတ် ၁၊ ပဥ္စာလရာဇ်မင်းအိပ်ဟန် နန်းဆောင်နှင့် ညအခါ ၎င်းတည်ပင်စောင့်နတ် လာ၍ဆုံးမဟန်။ |
| ၅၄၂ | ဥမင်္ဂဇာတ် | ဝိဒေဟရာဇ်မင်းကြီး ပြဿဒ်နှင့် ၁၊ မဟောသဓ လျှောက်ဟန် ၁၊ သုခမိန်လေးယောက် လျှောက်ဟန် ၄။ |

အထက်ဖော်ပြပါဇာတ်တော်များကို မောင်းထောင်ဆရာတော်၏ ဇာတကစဥ့်ကွက်ပုံစာရင်းထဲ၌ သာမက ညောင်ဦးရွှေစည်းခုံစေတီ ပထမပစ္စယံ၌ရှိသည့်စဥ့်ကွက်များကိုလည်း ယခုတိုင် တွေ့မြင်နိုင်ပါသည်။ ရွှေစည်းခုံစေတီ၏ ဒုတိယပစ္စယံ တောင်ဘက်မျက်နှာလှေကား အနောက်ဘက်ခြမ်းရှိ စဥ့်ကွက်ဇာတ်ကွက်အမှတ်(၂၈၆)တွင် ဝက်(၃)ပုံ၊ လဲနေသူ(၂)ပုံ၊ သစ်ပင်စောင့်နတ်(၁)ပုံ ပါဝင်သော ဝမ္မကီသူရကဇာတ်ကို တွေ့မြင်ရမည်ဖြစ်သည်။ တတိယပစ္စယံ အရှေ့ဘက်မျက်နှာ လှေကားတောင်ဘက်ခြမ်းဇာတ်ကွက် အမှတ်(၄၃၃)တွင် မဟောသဓဇာတ်၊ တတိယပစ္စယံ မြောက်ဘက်လှေကား အရှေ့ဘက်ခြမ်းဇာတ်ကွက် အမှတ် (၅၇၈) တွင် ဝမ္မကီသူရကဇာတ်၊ ဇာတ်ကွက်အမှတ်(၅၈၉)တွင် ရာဇောဝါဒဇာတ် (လူပုံ၊ မင်းပုံ၊ ရသေ့ပုံ) (၃)ပုံအား တွေ့ရှိနိုင်သည်။

အလားတူ အာနန္ဒာဂူဘုရားအထက်ပစ္စယံမှာလည်း ဇာတ်ကွက်အမှတ်(၉၂)တွင် မဟောသဓဇာတ်တော်ကို တွေ့ရှိရသည်။ ထိုဇာတ်တော်ကြီးတစ်ခုတည်းကို ဇာတ်ကွက်ပေါင်းများစွာဖြင့် သရုပ်ဖော်ထားပြီး ဇာတ်ကွက်အမှတ်စဉ်(၆၄၇)မှ (၇၄၀)အထိ စုစုပေါင်းဇာတ်ကွက်(၉၆)ကွက်မျှ ပါရှိလေ



ပုဂံမြို့၊ လောကထိပ်ပန်ဂူဘုရားအတွင်းမှ မဟောသဓသုခမိန်က အမတ်ကြီးလေးပါး၏ လျှို့ဝှက်စကားများကို ချောင်းမြောင်းနားထောင်နေသည့် နံရံဆေးရေးပန်းချီပုံ



ပုဂံမြို့၊ လောကထိပ်ပန်ဂူဘုရားအတွင်းရှိ မဟောသဓကျေးစေခန်းကို သရုပ်ဖော်ရေးဆွဲထားသော နံရံဆေးရေးပန်းချီပုံ။

သည်။ မဟောသဓဇာတ်ကွက်တွင် အမှတ်(၇၁၃-၇၁၄)တို့၌-

၇၁၃။ မဟောသဓက ကြက်တူရွေးကို ကေဝဋ်အမတ်လာသည့်အကြောင်း စုံစမ်းရန် ပဥ္စလရာဇ်တိုင်းသို့ စေလွှတ်ဟန်။ ကြက်တူရွေးမှာ မဟောသဓ၏ပေါင်ပေါ်၌ နားနေဟန်၊ ရှေ့မှာ ရှိခိုးဟန် (၂) ဦး။

၇၁၄။ ကြက်တူရွေးက စုံစမ်းပြန်လာပြီး ဘုရင်နှင့်မဟောသဓသွားလျှင် အသတ်ခံရ လိမ့်မည်ဟု ပြန်ပြောဟန်၊ ရှေ့မှာ လူ(၄) ဦး ထိုင်နေဟန်။



**အာနန္ဒာဘုရား၊ အထက်စတုတ္ထပစ္စယံရှိ မဟောသဓဇာတ်တော်မှ ကျေးစေခန်း စဥ့်ကွက်ပုံ (ဇာတ်ကွက်အမှတ် ၆၄၇ မှ ၇၄၀ အထိ)**

ငါးရာ့ငါးဆယ်နိပါတ်တော်များနှင့် အကျွမ်းတဝင်ရှိနေပြီဖြစ်၍ ထိုဇာတ်တော်များမှလည်း ထောက်လှမ်းရေးနှင့်သက်ဆိုင်သည့်အသိပညာများ ရရှိနိုင်ပါသည်။ ငါးရာ့ငါးဆယ်နိပါတ်တော်အပြင် အခြားသော သုတ္တန်ပိဋကတ်၊ ဝိနယပိဋကတ်စသောကျမ်းဂန်များတွင်လည်း ရှင်ဘုရင်များအတွက် စစ်ရေး၊ အုပ်ချုပ်ရေးသာမက ထောက်လှမ်းရေးနှင့်ဆိုင်သော အတွေးအခေါ် အသိပညာများ လေ့လာရရှိနိုင်သည်ကို တွေ့ရပါသည်။

## ငါးရာ့ငါးဆယ်နိပါတ်တော်လာ မဟောသဓဇာတ်

ငါးရာ့ငါးဆယ်နိပါတ်တော်မှ မဟောသဓဇာတ်တော်မှာ ရှင်ဘုရင်များအတွက် မင်းကျင့်တရား၊ မှူးမတ်များအတွက်ကျင့်ဝတ်များနှင့် နိုင်ငံကို မည်သို့သာယာဝပြောအောင် လုပ်ဆောင်အုပ်ချုပ်ရမည်၊ လုံခြုံအောင် စစ်ရေးနှင့် မည်သို့ဆောင်ရွက်ရမည် ဆိုသည်များကို လေ့လာအတုယူဖွယ်ရာ ပါရှိပါသည်။ အထူးသဖြင့် နိုင်ငံတော်လုံခြုံရေးအတွက် ထောက်လှမ်းရေးနှင့်ပတ်သက်၍ သူလျှိုများ စေလွှတ်ထောက်လှမ်းစေခဲ့ခြင်း၊ လူသာမက ကျေးငှက်များကိုပါ လေ့ကျင့်အသုံးချခဲ့သဖြင့် လျှို့ဝှက်ချက်များကို ကြိုတင်သတင်းရယူနိုင်ခဲ့ခြင်း စသည့်အချက်များကို တွေ့ရှိရ၏။ နိုင်ငံတစ်နိုင်ငံအတွက် ထောက်လှမ်းရေးကဏ္ဍမည်မျှအရေးကြီးကြောင်း သင်ခန်းစာပေးထားပါသည်။

## မဟောသဓဇာတ်တော်လာ သူလျှိုစစ်ဆင်ရေး

မဟောသဓဇာတ်တော်သည် ဝိဒေဟရာဇ်တိုင်း၊ မိတ္ထီလာပြည့်ရှင် ဝိဒေဟရာဇ်မင်းကြီးထံ အသက်အငယ်ဆုံး ပညာရှိသုခမိန်အဖြစ်ခစားခဲ့သည့် ဘုရားအလောင်းတော်မဟောသဓ၏ဇာတ်ကြောင်းဖြစ်ပါသည်။ မဟောသဓကို ဝိဒေဟရာဇ်မင်းကြီးက သားအမှတ် ချီးမြှင့်မြှောက်စားပြီး သုခမိန်အဖြစ်ခစားစေရုံသာမက စစ်ဘုရင်သေနာပတိအဖြစ်ပါ ခန့်အပ်တာဝန်ပေးခဲ့လေသည်။ စစ်သေနာပတိအဖြစ်တာဝန်ပေးခံရသည့်အခါ မဟောသဓသည် နိုင်ငံတော်လုံခြုံရေးအတွက် လိုအပ်သည့် စီမံဆောင်ရွက်ဖွယ်ကိစ္စများကို စီမံဆောင်ရွက်ခဲ့၏။ မြို့တော်ကိုချဲ့ထွင်ပြီး မြို့ပြင်သို့ ရန်သူများအဆောတလျင် မကပ်နိုင်အောင် တံတိုင်းနှစ်ထပ်၊ ကျုံးသုံးထပ် ကာရံခဲ့သည်။ မြို့တွင်းသောက်သုံးရေအတွက် ရေကန်ကြီးများတူးဖော်ပြီး ရေမပြတ်စေရန် စီစဉ်ခဲ့သည်။ ပတ်ဝန်းကျင်နိုင်ငံပေါင်း ၁၀၀ မှ ထီးဆောင်းမင်းများ၏သတင်းများကို စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ခဲ့သည်။ ကြိုတင်သတင်းရရှိရေးအတွက် မဟောသဓ၏ဖွားဖက်တော် (၁၀၀၀) အနက် စိတ်ချရသည့် ဖွားဖက်တော်(၁၀၀)အား ရွေးချယ်ပြီး သူလျှိုအဖြစ်စေလွှတ်ရန် စီစဉ်ခဲ့သည်။ သူလျှိုအဖြစ် စေလွှတ်မည့်သူများကို သက်ဆိုင်ရာနိုင်ငံက ပြည့်ရှင်မင်းအနီးအပါး ခစားနိုင်အောင် ပြည့်ရှင်မင်းကြီးအကြိုက် လက်ဆောင်ပဏ္ဏာများ ထည့်ပေးသည်။ မည်သို့လျှောက်ထားခစားပြီး မည်သို့ သတင်းရယူကြမည်ဆိုသည်ကို အသေအချာ မှာကြားသည်။ ထိုသို့သူလျှိုများ စေလွှတ်မြုပ်နှံထားရှိသောကြောင့် ကပိလတိုင်း၊ ဥတ္တရ ပဥ္စာလရာဇ်ပြည်၊ စူဠနီဗြဟ္မဒတ်မင်း၏စစ်ရေးပြင်ဆင်မှုများကို ကြိုတင်သိရှိခဲ့ပေသည်။

ပဥ္စာလရာဇ်ပြည် စူဠနီဗြဟ္မဒတ်မင်းထံ၌ ခစားနေသည့် မဟောသဓ၏သူလျှိုက စူဠနီဗြဟ္မဒတ်မင်း၏ စစ်သည်၊ လက်နက် စုဆောင်းပြင်ဆင်မှုများကိုတွေ့ရသည့်အခါ စစ်ရေးပြင်ဆင်မှုပြုနေကြောင်း၊ မည်သည့်ရည်ရွယ်ချက်ရှိသည်ကို မသိကြောင်း၊ သတိထားနေပါရန် မဟောသဓထံ စာဖြင့် သတင်းပို့ခဲ့သည်။ ထိုအခါ မဟောသဓက စူဠနီဗြဟ္မဒတ်မင်း၏အကြံအစည်ကို တိတိကျကျ သတင်းရရှိစေရန် အသေအချာ မွေးမြူလေ့ကျင့်ထားသော ကျေးသားကို စေလွှတ်ခဲ့၏။ စူဠနီဗြဟ္မဒတ်မင်းနှင့် သုခမိန်ကေဝဋ္ဋအမတ်ကြီးတို့ လျှို့ဝှက်တိုင်ပင်ပြောဆိုသည့်စကားများကို မဟောသဓ၏သူလျှိုကျေးသားက ထောက်လှမ်းကြားသိခဲ့ပါသည်။ ကေဝဋ္ဋအမတ်က ပတ်ဝန်းကျင်နိုင်ငံ (၁၀၀)အား သိမ်းပိုက်ရန်နှင့်

မည်သို့ပရိယာယ်ဝေဝုစ်သုံးပြီး သိမ်းပိုက်မည်ဆိုသည်ကို လျှောက်ထားရာ စူဠနီဗြဟ္မဒတ်မင်းကြီးက သဘောတူခဲ့သည်။ ထိုသို့ တိုင်ပင်သည်ကို ကြားသိရသောကျေးသားသည် မဟောသဓထံ ပြန်လည်လျှောက်တင်ခဲ့လေသည်။ ထိုသို့ ကြိုတင်သတင်းရရှိသည့်အတွက် မဟောသဓသည် လိုအပ်သည့်စစ်ရေးပြင်ဆင်မှုများ ပြုလုပ်နိုင်ခဲ့၏။

စူဠနီဗြဟ္မဒတ်မင်းသည် နိုင်ငံကြီးငယ်(၉၉)ခုအား သိမ်းပိုက်ခဲ့ပြီးနောက် မိတ္ထီလာပြည်အား ဆက်လက်သိမ်းပိုက်ရန် ရှေ့ရှုချီတက်လာလေသည်။ ကေဝဋ္ဋအမတ်က စူဠနီဗြဟ္မဒတ်မင်းအား မိတ္ထီလာပြည်ကို နောင်မှ ချီတက်သိမ်းပိုက်လျှင် သင့်လျော်မည်ဟု လျှောက်ထားသည့်အတွက် ပဉ္စာလရာဇ်ပြည်သို့ ပြန်သွားခဲ့၏။ ထိုအကြောင်းကို သူလျှိုများကလျှောက်ထားသဖြင့် မဟောသဓ သိရှိခဲ့သည်။ နောင်အခါ မိတ္ထီလာပြည်ကိုသိမ်းပိုက်ရန် စူဠနီဗြဟ္မဒတ်မင်းစစ်ချီလာကြောင်း သူလျှိုများက ကြိုတင် သတင်းပေးပို့ခဲ့သည်။ စူဠနီဗြဟ္မဒတ်မင်းကြီး၏ နေ့စဉ်စခန်းထောက် ရောက်ရှိရာနေရာတိုင်းကိုလည်း သူလျှိုများထံမှ သတင်းများရခဲ့သည်။ ထို့ကြောင့်လည်း မဟောသဓအနေဖြင့် လိုအပ်သောစစ်ရေးကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ခဲ့သဖြင့် အင်အားအဆမတန်များပြားသော စူဠနီဗြဟ္မဒတ်မင်းသည် မိတ္ထီလာပြည်ကို တိုက်ခိုက်သည့်အခါ မသိမ်းပိုက်နိုင်ဘဲ ဖြစ်ခဲ့ရသည်။ စူဠနီဗြဟ္မဒတ်မင်းဘက်၌ မြှုပ်နှံထားသည့် မဟောသဓ၏သူလျှိုများအပြင် စစ်အတွင်း၌ ပါးနပ်သည့်ဒလန်များစေလွှတ်ပြီး အဖျက်အမှောင့်များ မွှေနှောက်လုပ်ကြံခဲ့သဖြင့် စူဠနီဗြဟ္မဒတ်မင်း၏စစ်သည်များသည် စစ်မနိုင်သည့်အပြင် ဗရုတ်ဗရက် ထွက်ပြေးကြရသည်အထိ ဖြစ်ခဲ့ရပေသည်။ စစ်ရေး၌ မအောင်မြင်နိုင်ခဲ့သည့် စူဠနီဗြဟ္မဒတ်မင်းသည် ဝိဒေဟရာဇ်မင်းကြီးကို သမီးတော်နှင့်လက်ဆက်ရန် ဖြားယောင်းပြီး ဝိဒေဟရာဇ်နှင့်မဟောသဓကို လုပ်ကြံ သတ်ဖြတ်ရန် ကြံစည်ခဲ့၏။ ထိုကြံစည်မှုကိုလည်း သူလျှိုကျေးသားကြောင့် မဟောသဓသည် ကြိုတင် သတင်းရရှိခဲ့လေသည်။ ရန်သူ့အကြံအစည်ကို ကြိုတင်သိရှိသည့် မဟောသဓသည် ဝိဒေဟရာဇ်မင်းကြီး၏အသက်ကိုပါ ကယ်နိုင်ခဲ့သည့်အပြင် စူဠနီဗြဟ္မဒတ်မင်း၏သမီးတော်နှင့်ပါ လက်ဆက်ပေးနိုင်ခဲ့သည်အထိ စီမံဆောင်ရွက်နိုင်ခဲ့ပါသည်။

မဟောသဓသည် သူလျှိုဒလန်အဖြစ် လူကိုသာမက ကျေးသားကိုပါ လေ့ကျင့်အသုံးချခဲ့ကြောင်း တွေ့ရှိရ၏။ မဟောသဓ၏သူလျှိုများသည် အရေးကြီးသည့်သတင်းများကို ကြိုတင်ရယူနိုင်ခဲ့ရုံသာမက ရန်သူ့အတွင်း၌ အဖျက်၊ အမှောက်၊ ဝါဒဖြန့်ချိမှုများကိုပါ လုပ်နိုင်ခဲ့သည်ကို တွေ့ရသည်။ မိမိနိုင်ငံထက် အဆမတန် အင်အားကြီးမားသည့်ရန်သူကို သူလျှိုစစ်ဆင်ရေးဖြင့် အနိုင်ယူခဲ့သည်ဟု ဆိုရပါမည်။ မဟောသဓဇာတ်တော်အား လေ့လာပါက အင်အားနည်းသည့်နိုင်ငံငယ်လေးများ၏နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်ကာကွယ်ရေးအခန်းကဏ္ဍတွင် ထောက်လှမ်းရေးသည် အဓိကအရေးကြီးဆုံးဖြစ်ကြောင်း တွေ့ရပါမည်။

## မဟောသဓဇာတ်တော်လာ လျှို့ဝှက်ရေးနှင့် ထောက်လှမ်းမှု

မဟောသဓဇာတ်တော်မှာ မင်း၊ မှူးမတ်၊ အကြီးအကဲ၊ ခေါင်းဆောင်များ၊ အမှုထမ်းများ၊ သူလျှိုများ၊ အထောက်တော်များအတွက် လျှို့ဝှက်ရေးနှင့်ပတ်သက်၍ အလွန်အရေးကြီးသည့်သင်ခန်းစာပေးထားပါသည်။ လျှို့ဝှက်အပ်သောစကားကို မည်သူ့ကိုမှ မပြောအပ်၊ မည်သို့ စောင့်ထိန်းရမည်၊ မစောင့်

ထိန်းဘဲပြောခဲ့လျှင် မည်သည့်အကျိုး၊ အပြစ်ရနိုင်သည်ဆိုသည်များကို သင်ခန်းစာပေးထားသည်။ ဇာတ်တော်ထဲတွင် ဝိဒေဟရာဇ်မင်းကြီးက မဟောသဓာသုခမိန်ကို သေနာပတိအရာပေးပြီး ချီးမြှောက်သည့်အခါ သေနက၊ ကာမိန္ဒ၊ ဒေဝိန္ဒ၊ ပက္ကုသ အမတ်ကြီး(၄)ဦးတို့က မနာလိုဝန်တို ဖြစ်ကြလေသည်။ မဟောသဓာ၏ပျက်စီးရာပျက်စီးကြောင်း ကြံစည်ကြ၏။ သေနကအမတ်က မဟောသဓာကို လျှို့ဝှက်အပ်သည့်စကားအား မည်သူ့ကိုပြောအပ်သနည်းဟု မေးမည်၊ မဟောသဓာက မည်သူ့ကိုမျှမပြောအပ်ဘူးဟု ဖြေလိမ့်မည်၊ ထိုအခါ မင်းကြီးဆီသွားပြီး ကုန်းချောစကားလျှောက်ထားကြမည်ဟု တိုင်ပင်ဆွေးနွေးသည့်အခါ အားလုံးသဘောတူကြသည်။ ထို့နောက် မဟောသဓာ၏အိမ်ကိုသွားကာ စကားစရှာရေလာမြောင်းပေးပြီး ယင်းတို့လိုချင်သည့်အဖြေကိုရအောင် မေးကြသည်။ မဟောသဓာကလည်း မိမိလျှို့ဝှက်အပ်သည့်စကားကို သူတစ်ပါးတို့အားမပြောအပ်ဟု ဖြေလေသည်။ အမတ်ကြီး(၄)ဦးသည် ယင်းတို့အကြံအစည်အတိုင်း ဘုရင့်ထံသွားရောက်ပြီး မဟောသဓာသည် အရှင့်စီးပွားကို နှုတ်ကသာလိုလားဟန်ပြသော်လည်း စိတ်ထဲကမဖြောင့်မမှန် အကောက်ကြံသူဖြစ်သည်ဟု ကုန်းချောလျှောက်ထားကြ၏။ အစဦးတွင် မင်းကြီးက ယုံကြည်တော်မမူ။ မဟောသဓာသည် အကောက်ကြံဖောက်ပြန်မည့်သူမဟုတ်ဟု ဆိုသည်။ အမတ်ကြီးများက အရှင့်အကျိုးအတွက် လျှောက်ထားခြင်း ဖြစ်ပါသည်၊ ယုံတော်မမူလျှင် မဟောသဓာကို ရာဇပရိယာယ်နှင့် လျှို့ဝှက်အပ်သည့်စကားကို မည်သူ့ကို ပြောအပ်သနည်းဟု မေးစေလိုကြောင်း၊ အကောက်ကြံသူမှန်ပါက မည်သူ့ကိုမျှ မပြောအပ်ပါဟု ဖြေဆိုလျှင် ယင်းတို့လျှောက်ထားသည့်စကားကို ယုံကြည်တော်မူပါလိမ့်မည်ဟု လျှောက်ထားကြသည်။ မင်းကြီးလည်း ယုံမှားသံသယဖြစ်သွားခဲ့၏။

တစ်နေ့တွင် မင်းကြီးက အမတ်ကြီးများကို လျှို့ဝှက်အပ်သည့်စကား မည်သူ့ကိုပြောအပ်သနည်းဟု မေးမြန်းပါသည်။ သေနကအမတ်ကြီးက မင်းကြီးကိုယ်တိုင် ယင်းတို့(၄)ဦးနှင့် အလိုတူအလိုပါဖြစ်အောင် ကြံစည်စဉ်းစားပြီး အရှင့်အလိုတော်ကိုသိမှ ဆန္ဒတော်နှင့်လည်းညီအောင် အမေးတော်လည်းပြေလည်အောင် စဉ်းစားပြီး လျှောက်ထားပါမည်၊ အရှင်မင်းကြီးသည် ပြည်ကြီးဝန် ရွက်ဆောင်တော်မူရသည့်အရှင်ဖြစ်၍ လျှို့ဝှက်သည့်စကားကို မည်သူ့ကို ပြောအပ်သည်၊ မည်သူ့ကိုမပြောအပ်ဆိုသည်ကို မပြတ်ဆင်ခြင် သတိရှိတော်မူသည်နှင့်အညီ အရှင်မင်းကြီး၏အလိုတော်ကို ဆိုတော်မူစေလိုကြောင်း လျှောက်တင်သည်။ ထိုအခါ မင်းကြီးသည် ကာမဂုဏ်ကျူးသည့်မင်းဖြစ်သဖြင့် သူ့အလိုနှင့်လျော်စွာလိမ္မာသည့်မယားကောင်းကိုပြောအပ်သည်ဟု ဖြေပါသည်။

သေနကအမတ်က သူတို့အကြံအတိုင်း အကွက်ဝင်လာပြီဆိုပြီး ဝမ်းသာစွာနှင့် လျှို့ဝှက်အပ်သည့်စကားကို အဆွေခင်ပွန်းကောင်းအားပြောအပ်သည်ဟု စပြီးဖြေသည်။ ပက္ကုသအမတ်က ညီရင်းအစ်ကိုတို့ကို ပြောအပ်သည်၊ ကာမိန္ဒအမတ်က အဖနှင့်အကျင့်တူ အဖအလိုလိုက်ပြီး အဖနှစ်ခြိုက်ရာ ပြုတတ်သည့်အနုဇာတသားကို ပြောအပ်သည်၊ ဒေဝိန္ဒအမတ်က မိခင်အားပြောအပ်သည်ဟု ဖြေကြသည်။

မဟောသဓာအမတ်အလှည့်ရောက်သည့်အခါ လျှို့ဝှက်အပ်သည့်အမှုကို လျှို့ဝှက်မှသာကောင်းပါသည်။ လျှို့ဝှက်အပ်သည့်အမှုကိုမလျှို့ဝှက်ဘဲ သူတစ်ပါးအားပြောမိလျှင် နောင်မကောင်းဖြစ်တတ်ပါသည်။ မိမိလိုအပ်သည့်အကျိုးမပြည့်စုံသေးသမျှကာလပတ်လုံး လျှို့ဝှက်အပ်သည့်အမှုကို မည်သူ့ကိုမျှမသိစေအပ်သည့်အတွက် မပြောမဆို နှုတ်စောင့်စည်းပြီး ချုပ်တည်းသည်းခံရမည်။ မိမိအလိုပြည့်စုံမှသာ ပြောလိုလျှင် ပြောဆိုရမည်ဟု လျှောက်ထားပါသည်။

ထိုအခါ ဝိဒေဟရာဇ်မင်းကြီးသည် သေနကအမတ်ကြီးတို့ နားသွင်းကုန်းချောထားသည်နှင့် ကိုက်ညီနေသဖြင့် မျက်နှာမသာမယာဖြစ်သွားသည်။ မဟောသဓအမတ်က မင်းကြီးနှင့်အမတ်ကြီးများ၏ မျက်နှာအမူအရာကိုတွေ့မြင်သည်နှင့် ဤပြဿနာစကားကိုမမေးခင်ကတည်းက အမတ်(၄)ဦးသည် သူ့အကျိုးပျက်စီးအောင် မင်းကြီးကိုပြောဆိုလျှောက်ထားပြီး အားလုံးသဘောတူ သူ့အလိုစမ်းချင်သည့်အတွက် ဤသို့မေးမြန်းခြင်းဖြစ်ရမည်ဟု သိရှိလိုက်သည်။

ပြဿနာစကားဖြေစဉ်မှာပင် နေဝင်ပြီဖြစ်သဖြင့် မဟောသဓသည် မင်းကြီးကိုရှိခိုးပြီး နန်းတော်မှ ထွက်ခဲ့သည်။ မင်းကြီးနှင့်အမတ်ကြီး(၄)ဦး၏အဖြေစကားသည် ပညာရှိစကားမဟုတ်၊ သူတို့တစ်ဦးချင်းနှင့်ပတ်သက်သည့်အကြောင်းခြင်းရာရှိရမည်ဟု မဟောသဓက တွေးမြင်မိသည်။ သို့ဖြစ်၍ ယခုပင် ဤကိစ္စသိအောင်လုပ်မည်ဟု ကြံရွယ်ပြီး နန်းတော်တံခါးဝအနီး ထမင်းပွဲခုံအတွင်း၌ ဝင်ရောက်ပုန်းခိုနေခဲ့သည်။ အမတ်ကြီး(၄)ဦးမှာ ဘုရင်ကြီးနှင့်ကျန်ခဲ့ရာမှ ဆက်လက်ပြီး ကုန်းချောလျှောက်ထားကြသည်။ ဘုရင်ကြီးသည် အမတ်ကြီး(၄)ဦး၏စကားကိုနားဝင်ပြီး နောက်နေ့နံနက်စောစော မဟောသဓ နန်းတော်ထဲသို့ အခစားဝင်ရောက်လာလျှင် လုပ်ကြံသတ်ဖြတ်ရန်အတွက် သေနကအမတ်အား သန်လျက်တော်အပ်လိုက်၏။ အမတ်ကြီး(၄)ဦးသည် သူတို့အကြံအစည်အောင်မြင်၍ ဝမ်းမြောက်ဝမ်းသာဖြင့် နန်းတော်ကဆင်းခဲ့ပြီး မဟောသဓပုန်းအောင်းနေသည့်ထမင်းပွဲခုံ၌ ထိုင်ကြပါသည်။ မဟောသဓကို လုပ်ကြံရန်ကိစ္စတိုင်ပင်ပြီး သေနကအမတ်ကို အားလုံးက တာဝန်ပေးကြသည်။

ထို့နောက် လျှို့ဝှက်အပ်သည့်စကားမည်သူ့ကိုပြောအပ်သနည်းဆိုသည့်အမေးကို တစ်ဦးချင်းဖြေဆိုခဲ့ကြခြင်းနှင့်ပတ်သက်၍ မေးမြန်း ဆွေးနွေး ပြောဆိုကြသည်။ သေနကအမတ်က ပြည့်တန်ဆာမတစ်ဦးနှင့်ပျော်ပါးစဉ် လက်ဝတ်တန်ဆာများကိုတွေ့ရှိရာ လိုချင်သဖြင့် ပြည့်တန်ဆာမကို သတ်ဖြတ်ခဲ့ကြောင်း၊ အလောင်းကို ဘဏ္ဍာတိုက်ထဲ ဝှက်ထားခဲ့ကြောင်း၊ ယင်းကိစ္စကို သူ့အိမ်သားများအပါအဝင်မည်သူ့ကိုမှမပြောကြောင်း၊ စိတ်ချရသည့်အဆွေခင်ပွန်းတစ်ဦးကိုသာ ပြောပြကြောင်း၊ ထိုအဆွေခင်ပွန်းနှုတ်စောင့်သဖြင့် ယခုထိ မင်းကြီးမသိသေးကြောင်း၊ ထို့ကြောင့် လျှို့ဝှက်သည့်စကား အဆွေခင်ပွန်းကိုသာ ပြောသင့်သည်ဟု ဖြေဆိုခဲ့ကြောင်း ပြောပြသည်။ ပက္ကုသအမတ်က သူ၏ပေါင်မှာ နူနာရှိသဖြင့် သူ့ညီဖြစ်သူက နေ့စဉ်ဆေးလိမ်းပေးရကြောင်း၊ နူနာရှိသည်ကို သူ့ညီမှတစ်ပါး မည်သူမျှမသိကြောင်း၊ ထို့ကြောင့် လျှို့ဝှက်အပ်သည့်စကား ညီရင်းအစ်ကိုကိုသာပြောသင့်သည်ဟု ဖြေခဲ့ကြောင်း ပြောဆိုသည်။ ကာမိန္ဒအမတ်က သူ့မှာ တစ်လတစ်ကြိမ် နရဒေဝဘီလူးဖမ်းသည့်အခါ ခွေးရူးကဲ့သို့ လှည့်ပတ်အော်မြည်နေရကြောင်း၊ သူ၏သားကိုသာ ပြောပြပြီး ရောဂါဖြစ်မည့်နေ့တိုင်း တိုက်ခန်းထဲသွင်း၍ တံခါးပိတ်ထားခိုင်းရကြောင်း၊ အော်သံမကြားအောင် အပြင်၌ အတီးအမှုတ်ပွဲသဘင်လုပ်ရကြောင်း၊ သူ့သားမှတစ်ပါး မည်သူမျှမသိကြောင်း၊ ထို့ကြောင့် လျှို့ဝှက်အပ်သည့်စကား သားကိုသာပြောသင့်သည်ဟုဖြေခဲ့ကြောင်း ပြောပြသည်။ ဒေဝိန္ဒအမတ်က မင်းကြီးအား သိကြားမင်းပေးထားသည့်ပတ္တမြားကို မင်းကြီးမသိအောင် ခိုးယူပြီး သူ၏မိခင်အား အပ်ထားကြောင်း၊ မင်းကြီးထံ အခစားဝင်သည့်အခါ မိခင်ထံမှ ပတ္တမြားကို တောင်းပြီး အခစားဝင်ကြောင်း၊ ပတ္တမြား၏အာနုဘော်ကြောင့် မင်းကြီးက နေ့စဉ်ရိက္ခာ၊ ငွေကြေးချီးမြှင့်ကြောင်း၊ ဤကိစ္စ မိခင်မှအပ မည်သူမျှမသိကြောင်း၊ ထို့ကြောင့် လျှို့ဝှက်အပ်သည့်စကား မိခင်ကိုသာ ပြောအပ်သည်ဟုဖြေခဲ့ကြောင်း အသီးသီး ပြောဆိုကြလေသည်။

မဟောသဓသည် အမတ်ကြီးများ၏ တိုင်ပင်ပြောဆိုမှုများကို အသေးစိတ် ကြားသိမှတ်သားခဲ့ပါသည်။ ထိုည၌ ဝိဒေဟရာဇ်မင်းကြီးလည်း မဟောသဓကိုလုပ်ကြံရန်ကိစ္စ ဥဒုမ္ဗရဒေဝီမိဖုရားကြီးကို ဖွင့်ဆိုပြောပြခဲ့သည်။ ထိုသတင်းကို မိဖုရားကြီးကလည်း မဟောသဓထံ ချက်ချင်း လျှို့ဝှက်အသိပေးခဲ့၏။ မင်းကြီးနှင့်အမတ်ကြီးများ၏အကြံအစည်ကိုသိသဖြင့် နံနက်လင်းသည့်အခါ မဟောသဓသည် နန်းတွင်းသို့ ခါတိုင်းကဲ့သို့ စောစောမဝင်ဘဲ နေမြင့်မှလာသည်။ သေနကအမတ်ကြီးလည်း လုပ်ကြံခွင့်မရဘဲ ဖြစ်သွားလေသည်။ မဟောသဓသည် နန်းဝရောက်လျှင် မင်းကြီးရှိရာသို့ရှိခိုးပြီး မဝင်ဘဲ ရပ်နေပါသည်။ မင်းကြီးက ဝင်ခဲ့ဟုဆိုမှသာ ဝင်ရောက်ခစား၏။ မင်းကြီးက မသိဟန်ဆောင်ပြီး ခစားဝင်ချိန်မှာမဝင်ဘဲ နေမြင့်မှဝင်လာသည်မှာ အကြောင်းတစ်စုံတစ်ရာရှိလေသလောဟု မေးမြန်းလိုက်သည်။ မဟောသဓက လျှို့ဝှက်အပ်သည့်စကားပြဿနာ၌ မယားကောင်းကို ပြောအပ်သည်ဟု မင်းကြီးအမိန့်တော်ရှိပြီးမှ နန်းတော်က ပြန်ခဲ့ကြောင်း၊ အိမ်ပြန်ရောက်၍ ညအိပ်မည်ပြုချိန်တွင် မင်းကြီးက သူ့ကိုလုပ်ကြံဖို့ အမတ်ကြီး (၄)ဦးထံ သံလျက်ပေးအပ်ခဲ့ကြောင်း၊ ဤကိစ္စကို မင်းကြီးက မိဖုရားကြီးကိုပြောပြခဲ့သဖြင့် အကြောင်းစုံ ကြားသိရကြောင်း၊ ထို့ကြောင့် ခါတိုင်းကဲ့သို့မဝင်ဝံ့၍ နေမြင့်မှဝင်လာရကြောင်း လျှောက်ထားခဲ့၏။

မင်းကြီးက မိဖုရားကြီးကို မဟောသဓအား အသိပေးရကောင်းလားဟု ဒေါသဖြင့် ကြည့်ပါသည်။ မင်းကြီးကို မဟောသဓက မိဖုရားကြီးအား အပျက်တော်မရှိသင့်ကြောင်း၊ မိဖုရားကြီးမပြောလည်း ဆင်ခြင်မျှော်တွေးပြီး သိရှိနိုင်ကြောင်း၊ အမတ်ကြီး(၄)ဦး၏စကားကို မည်သူမျှ လာမပြောသော်လည်း ပညာဖြင့်သိခဲ့ကြောင်း ဖြေသိမ့်လျှောက်ထားလိုက်သည်။ ဆက်လက်ပြီး မဟောသဓသည် ယမန်နေ့က ကြားသိခဲ့သည့် အမတ်ကြီး(၄)ဦး၏လျှို့ဝှက်ချက်များကို လျှောက်ထားလေသည်။ သေနကအမတ်ကြီးက ပြည့်တန်ဆာမကိုသတ်ဖြတ်ပြီး လက်ဝတ်တန်ဆာယူခဲ့ခြင်းနှင့်ပတ်သက်၍ အဆွေခင်ပွန်းတစ်ဦးကိုသာ အသိပေးခဲ့ကြောင်း၊ ဤသည်ကိုအစွဲပြုပြီး လျှို့ဝှက်အပ်သည့်စကားကို အဆွေခင်ပွန်းကိုသာ ပြောသင့်သည်ဟု ဖြေဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ပက္ကုသအမတ်၏ပေါင်တွင် နူနာရောဂါရှိကြောင်း၊ သူ၏ညီ တစ်ဦးတည်းကိုသာ အသိပေးထားသည်ကိုအစွဲပြုပြီး လျှို့ဝှက်အပ်သည့်စကား ညီရင်းအစ်ကိုကိုသာ ပြောအပ်သည်ဟု ဖြေဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ကာမိန္ဒအမတ်မှာ နတ်ပူးဝေဒနာရှိကြောင်း၊ သားတစ်ဦးတည်းကိုသာ အသိပေးထားသည်ကိုအစွဲပြုပြီး လျှို့ဝှက်အပ်သည့်စကား သားကိုသာ ပြောအပ်သည်ဟု ဖြေဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ဒေဝိန္ဒအမတ်က မင်းကြီးထံမှ ပတ္တမြားခိုးထားကြောင်း၊ မိခင်တစ်ဦးတည်းကိုသာ အသိပေးထားသည်ကိုအစွဲပြုပြီး လျှို့ဝှက်အပ်သည့်စကား အမိကိုသာ ပြောအပ်သည်ဟု ဖြေဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ကြားသိသမျှ အသေးစိတ် လျှောက်ထားခဲ့ပါသည်။

အမတ်ကြီး(၄)ဦးလည်း ယင်းတို့၏အပြစ်ကို ဝန်ခံကြ၏။ အမတ်ကြီး (၄)ဦးကို မင်းဒဏ်ပေးပြီးသည့်အခါ မဟောသဓက ဤအပြစ်များကိုမြင်၍ လျှို့ဝှက်အပ်သောစကားကို မည်သူ့ကိုမျှ မပြောအပ်ဟု လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း၊ အဆွေခင်ပွန်းစသည့်သူများကို ပြောအပ်သည်ဟု ဆိုသူများမှာ ယခုကြီးစွာ ပျက်စီးဆုံးရှုံးခြင်းရောက်ရသည်ကို နှလုံးထားတော်မူပါဟု မင်းကြီးအား လျှောက်ထားသည်။ ဆက်လက်၍ မင်းကြီးအား တရားလမ်းကျင့်စဉ်ရှိသည့်အတိုင်း ပြလိုသည့်အတွက် ဂါထာ (၆)ပိုဒ်ဖြင့် လျှောက်ထားခဲ့ပေသည်။

(၁) လျှို့ဝှက်အပ်သည့်အမှုကို မလျှို့ဝှက်ဘဲ၊ သူတစ်ပါးအား ပြောကြားခဲ့လျှင် နောင်မကောင်းဖြစ်တတ်သည်။ အကြင်ပညာရှိသည် မိမိလိုအပ်သည့်ကိစ္စ ၊ အကျိုးမပြည့်စုံသေးသမျှ ကာလပတ်လုံး လျှို့ဝှက်အပ်သည့်အမှုကို မည်သူ့ကိုမျှ မသိစေအပ်သည့်အတွက် မပြော မဆို နှုတ်စောင့်စည်းပြီး ချုပ်တည်းသည်းခံရမည်။ မိမိအလိုပြည့်စုံသည့်အခါ ပြောလိုသူကို ပြောဆိုရာ၏။

(၂) ရွှေအိုးကို သူတစ်ပါးအား မခိုးယူစိမ့်သောငှာ လုံခြုံစွာ စောင့်ရှောက်သကဲ့သို့ မိမိ၌ လျှို့ဝှက်အပ်သည့်အမှုကို လိုရာကိစ္စ မပြီးသေးသမျှကာလပတ်လုံး သူတစ်ပါးတို့အား မသိ စေအပ်။ လျှို့ဝှက်အပ်သောအမှုကို မိမိမှတစ်ပါး သူသိလေက ထိုသိသောသူက မိမိကို မကောင်းကြံတတ်၊ ပြုတတ်၏။

(၃) လျှို့ဝှက်အပ်သည့်အမှုကို ပြောမှားချေက လျင်စွာအပြစ်ကို ပေးတတ်သောသူကား-

(က) မိန်းမလည်း တစ်ယောက်၊

(ခ ) မချစ် မနှစ်သက်လိုသောရန်သူလည်း တစ်ယောက်၊

(ဂ ) ဥစ္စာစည်းစိမ်၊ အဝတ်တန်ဆာ တစ်စုံတစ်ခုနှင့် ပေးကမ်းဖြားယောင်းပြီး အဆွေခင်ပွန်း ဖွဲ့တတ်သည့်သူလည်း တစ်ယောက်၊

(ဃ) စိတ်ထဲမဖြောင့်မမှန် အကောက်ကြံလျက် နှုတ်ဖြင့် အကျိုးလိုယောင်ပြပြီး သူ့အပြစ် ကို ရှာချင်၍ ချိုသာနာဖွယ်စကားနှင့် ချော့စားတတ်သူ သည်လည်း တစ်ယောက်၊

ထိုလေးယောက်တို့ကို လျှို့ဝှက်အပ်သောစကား ပြောမှားချေက လျင်စွာ အမှုရောက်တတ်၏။

(၄) လျှို့ဝှက်အပ်သောအမှုကို အကြင်သူသည် အကယ်၍ ကြားသိငြားအံ့၊ ထိုကြားသိသောသူအား ထိုအမှုကို မဖော်ပြစေခြင်းငှာ မိမိကို ကျွန်ကဲ့သို့ပြု၍ ထိုသူဆဲဆိုသော်လည်း သည်းခံသဖြင့်သာ နေရ၏။

(၅) အကြင်သူသည် မိမိလျှို့ဝှက်အပ်သောအမှုကို သူတစ်ပါးသိလေသည်ရှိသော် ထိုသူ သိလေသည်မှစ၍ ပြင်းထန်သောထိတ်လန့်ခြင်းသည် ဖြစ်ရာ၏။ ထိုသို့ တစိုးရိမ်ရိမ်ရှိရာသောကြောင့် လျှို့ဝှက်အပ်သောစကားကို သူတစ်ပါးအား မပြောအပ်။

(၆) တိုင်ပင်အပ်သောအမှုကို ယုံမှတ်သောသူတို့နှင့် တိုင်ပင်လိုသော်လည်း နေ့အခါဖြစ်မူ ဆိတ်ကွယ်ရာအရပ်၌သာ တိုင်ပင်ရ၏။ ညဉ့်အခါဖြစ်မူကား ထိုသူကြားလောက်ရုံ အနီး၌ နေ၍သာ အသံကိုအပြင်မထွက်စေရဘဲ အရှည်အလံမဆို လိုရာစကားတွင်၍သာ တိုးတိုး သက်သက် တိုင်ပင်ရာ၏။ အဘယ်ကြောင့်နည်းဟူမူကား တိုက်နံရံတွင်းမှနေ၍လည်း ကောင်း၊ အိပ်ပျော်ယောင်ဆောင်၍လည်းကောင်း၊ တစ်ပါးစကားပြောဆိုယောင်ပြု၍ လည်းကောင်း၊ မှောင်ကွယ်ရာကနေ၍လည်းကောင်း သူတစ်ပါးအကြံအစည်ကို ခိုးတတ် သောသူသည် ချောင်းမြောင်းလျက် နားထောင်တတ်၏။ ထိုသို့ ချောင်းမြောင်း၍ နား ထောင်တတ်သောသူ ကြားသဖြင့် မိမိအကြံအစည် အတိုင်အပင် ပျက်ခြင်းသို့ ရောက်တတ်၏။ ထို့ကြောင့် လျှို့ဝှက်အပ်သောစကားဟူသည်ကို သူတစ်ပါးမသိရအောင် လုံ့လ သတိရှိစေရာ၏။

## ငါးရာ့ငါးဆယ် နိပါတ်တော်လာ ကဏှတိတ္ထုကဇာတ်

ငါးရာ့ငါးဆယ်ဇာတ်တော်ထဲတွင် မြတ်စွာဘုရားက ပသေနဒီကောသလမင်းကြီးကို ဆုံးမတော်မူရာမှာ အကြောင်းပြုပြီးဟောကြားထားသည့် ကဏှတိတ္ထုကဇာတ်ဟု ရှိပါသည်။ လွန်လေပြီးသော ကာလက ကပိလတိုင်း၊ ဥတ္တရပဉ္စာလပြည်တွင် ပဉ္စာလမင်းကြီး မင်းပြုခဲ့ပါသည်။ ထိုမင်းသည် အဂတိလေးပါး လိုက်စားပြီး မေ့မေ့လျော့လျော့နေသကဲ့သို့ မှူးမတ်များကလည်း တရားမစောင့်။ တိုင်းသူပြည်သားများကို အခွန်အတုတ်များနှင့် နှိပ်စက်ကြသည်။ ရွာနေပြည်သူများသည် နေ့တွင် မင်းမှုထမ်းများကို ကြောက်ရွံ့သဖြင့် တောထဲသို့ ပုန်းရှောင်နေရပါသည်။ နေ့တွင် မင်းမှုထမ်းတို့ လာရောက်လုယက်သကဲ့သို့ ညတွင် သူခိုးသူဝှက်တို့၏လုယက်ခြင်းကို ခံကြရသည်။ ပဉ္စာလမင်းကိုးကွယ်ပသသည့် ဘုရားအလောင်း တည်ပင်စောင့်နတ်သည် နှစ်စဉ်ပသသည့်ကျေးဇူးကိုထောက်ထား၍ ဤသို့ဖြစ်ပျက်နေသည်များကို မင်းကြီးအား ကိုယ်ထင်ပြကာ သတိပေးခဲ့သည်။ ဗဟိုအချက်အချာအရပ်ဒေသနှင့် နယ်ပယ်ဒေသများကို သတင်းဦးစွာရရှိရန် လှည့်ပတ်သွားလာသင့်သည့်အကြောင်း၊ ထိုသို့ လှည့်ပတ်သွားလာမှသာ ကြားသင့်သည်များကို ကြားရ၊ မြင်သင့်သည်များကိုမြင်ရမည်ဖြစ်ကြောင်း၊ သို့မှသာ အကျိုးရှိသည့်အမှုကို လုပ်ဆောင်နိုင်မည့်အကြောင်း သတိပေးခဲ့သည်။ စင်စစ် ကိုယ်တိုင်စနည်းနာရန် သတိပေးဆုံးမခြင်း ဖြစ်ပါသည်။ ပဉ္စာလမင်းလည်း ကိုယ်တိုင်နန်းကထွက်ပြီး စနည်းနာပါသည်။ ပြည်သူပြည်သားများက မင်းကို ငြိုငြင်နေသည့် အဖြစ်မှန်များအား သိရှိသွားသည့်အခါ နန်းတော်သို့ပြန်လာပြီး တရားနှင့်အညီ မင်းပြုခဲ့ပါသည်။ ထိုဇာတ်တော်ကို ဥပမာပြု၍ ပသေနဒီကောသလမင်းကြီးအား အဂတိလေးပါးလိုက်စားခြင်းကိုစွန့်ပြီး မင်းပြုလော့ဟု မြတ်စွာဘုရားက ဟောကြားခဲ့သည်။ ထိုဇာတကကို ထောက်ရှုပြီး မင်းဆိုသည်မှာ မေ့မေ့လျော့လျော့နေ၍မရ၊ ပြည်သူများ၏ခံစားချက်၊ ပြည်သူများ၏ကြား၌ ဖြစ်ပျက်နေသည်များကို သိရှိရန်လိုအပ်ကြောင်း၊ ပြည်သူများနှင့် ပခုံးချင်းထိထားမှ တစ်မုဟုတ်ချင်း သိနိုင်မည်ဖြစ်ကြောင်း၊ အဖြစ်မှန်များကိုသိရှိရန် ဒေသအနှံ့၊ ပြည်သူတို့ကြား၌ မထင်မရှား ရောနှောသွားလာပြီး ကိုယ်တိုင်လှည့်လည် စနည်းနာသင့်ကြောင်း ထောက်လှမ်းရေးအသိပညာပေးထားပါသည်။

## မိလိန္ဒပဥှာပါဠိတော်

ခုဒ္ဒကနိကာယ်ဝင်၊ သုတ္တန်ပိဋကတ်၊ မိလိန္ဒပဥှာပါဠိတော် မြန်မာပြန်ကျမ်း ရမ္မကထာတွင် ထောက်လှမ်းရေးအသိပညာများ ရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။ ထောက်လှမ်းရေးလုပ်ငန်း၌ အရေးအကြီးဆုံးသိရှိအပ်သည်မှာ လျှို့ဝှက်ရေးပင် ဖြစ်သည်။ လျှို့ဝှက်အပ်သည့်အကြောင်းအရာကို မတိုင်ပင်သင့်သည့်အရပ်ဒေသ၊ မတိုင်ပင်သင့်သည့် အရပ်နေရာတို့၌တိုင်ပင်လျှင် ဖြစ်လာမည့်အကျိုးပျက်စီးမှု၊ လျှို့ဝှက်အပ်သည့်အရာအား မတိုင်ပင်သင့်သည့်ပုဂ္ဂိုလ်ကိုတိုင်ပင်လျှင် ဖြစ်လာမည့်အကျိုးပျက်စီးမှု၊ လျှို့ဝှက်အပ်သည့်အရာကိုတိုင်ပင်လျှင် ပေါက်ကြားစေတတ်သည့်ပုဂ္ဂိုလ်များနှင့်ပတ်သက်၍ နာဂသေနမထေရ်နှင့် မိလိန္ဒမင်းကြီးတို့၏အမေးအဖြေများ၌ ပါရှိ၏။ လျှို့ဝှက်ရေးဆိုသည်မှာ လူတစ်ဦးချင်းမှ နိုင်ငံတော်အဆင့်ထိ အရေးကြီးသည့်ကိစ္စဖြစ်၍ လုံခြုံမှုလိုအပ်သည်။ မိမိလုံခြုံမှုကို မည်သို့ထိန်းသိမ်းရမည်ဆိုသည့်ပညာရနိုင်သကဲ့သို့သူတစ်ပါးထံကသတင်းရရှိရန် မည်သို့လုံခြုံမှုများကျိုးပေါက်နိုင်သနည်း

ဆိုသည်ကိုလည်း လေ့လာဆောင်ရွက်နိုင်ပါသည်။ နာဂသေနမထေရ်နှင့် မိလိန္ဒမင်းကြီးတို့၏အမေး အဖြေများမှာပါရှိသည် လျှို့ဝှက်ရေးနှင့်ဆိုင်သော ပညာယူဖွယ်ရာများမှာ-

## လျှို့ဝှက်အစ်သည်များကို မတိုင်ပင်သင့်သည့်အရပ်(၈)ပါး

(၁) မညီညွတ်သောအရပ်၊
(၂) ဘေးရန်ရှိသောအရပ်၊
(၃) အလွန်လေထန်သောအရပ်၊
(၄) နံရံစသည်ဖုံးကွယ်ရာအရပ်၊
(၅) နတ်စင်နတ်ကွန်းအရပ်၊
(၆) ခရီးလမ်းမ၊
(၇) စစ်မြေပြင်အရပ်၊
(၈) ရေဆိပ်တို့ ဖြစ်ပါသည်။

- ❑ မညီညွတ်သည့်အရပ်၌ တိုင်ပင်သော်အကျိုးမှာ ပြန့်ကြဲ၏၊ လွင့်စင်၏၊ လျော့ကျ၏၊ မပြီး မြောက်နိုင်။
- ❑ ဘေးရန်ရှိသောအရပ်၌ စိတ်နှလုံးတုန်လှုပ်၏၊ ကောင်းမွန်မှန်ကန်သော အကျိုးမမြင်နိုင်။
- ❑ အလွန်လေထန်သောအရပ်၌ အသံသည် မထင်ရှား။
- ❑ နံရံစသည့်ဖုံးကွယ်ရာအရပ်၌ ချောင်းမြောင်းနားထောင်သူတို့ လာတတ်ကုန်၏။
- ❑ နတ်စင်၊နတ်ကွန်း၌တိုင်ပင်သော် အကျိုးသည် နှောင့်နှေးလေးဖင့်စွာ သက်ရောက်၏။
- ❑ ခရီးလမ်းမ၌ တိုင်ပင်သော် အကျိုးသည် အချည်းနှီး ဖြစ်တတ်၏။
- ❑ စစ်မြေပြင်အရပ်၌ တိုင်ပင်သော် လှုပ်ရှားခြင်းဖြစ်၏။
- ❑ ရေဆိပ်၌တိုင်ပင်သော် ပေါက်ကြားလွယ်၏ဟု ပါရှိပါသည်။

## လျှို့ဝှက်တိုင်ပင်မှုကို ဖျက်ဆီးတတ်သောပုဂ္ဂိုလ်(၈)ဦး

(၁) ရာဂစရိုက်ရှိသူ၊
(၂) ဒေါသစရိုက်ရှိသူ၊
(၃) မောဟစရိုက်ရှိသူ၊
(၄) မာနစရိုက်ရှိသူ၊
(၅) လာဘ်၌လိုချင်တပ်မက်သူ၊
(၆) ပျင်းရိသူ၊
(၇) အကြံတစ်ခုတည်းကိုသာ စူးစိုက်ကြံစည်တတ်သူ၊
(၈) ငယ်ရွယ်မိုက်မဲသူ တို့ဖြစ်ပါသည်။

**လျှို့ဝှက်အပ်သည်များကို အထက်ပါ(၈)ဦးနှင့် တိုင်ပင်သော်**

- ရာဂစရိုက်ရှိသူသည် ရာဂ၏အစွမ်းဖြင့် တိုင်ပင်အပ်သောအကျိုးကို ပျက်စီးစေ၏။
- ဒေါသစရိုက်ရှိသူသည် ဒေါသ၏အစွမ်းဖြင့် တိုင်ပင်အပ်သောအကျိုးကို ပျက်စီးစေ၏။
- မောဟစရိုက်ရှိသူသည် မောဟ၏အစွမ်းဖြင့် တိုင်ပင်အပ်သောအကျိုးကို ပျက်စီးစေ၏။
- မာနစရိုက်ရှိသူသည် မာန၏အစွမ်းဖြင့် တိုင်ပင်အပ်သောအကျိုးကို ပျက်စီးစေ၏။
- လာဘ်၌လိုချင်တပ်မက်အားကြီးသူသည် လောဘ၏အစွမ်းဖြင့် တိုင်ပင်အပ်သောအကျိုးကို ပျက်စီးစေ၏။
- ပျင်းရိသောသူသည် ပျင်းရိသည့်အဖြစ်ကြောင့် တိုင်ပင်အပ်သောအကျိုးကို ပျက်စီးစေ၏။
- အကြံတစ်ခုတည်းကိုသာ စူးစိုက်ကြံစည်သူသည် အကြံတစ်ခုတည်းကိုသာ စူးစိုက်ကြံစည်သောကြောင့် တိုင်ပင်အပ်သောအကျိုးကို ပျက်စီးစေ၏။
- ငယ်ရွယ်မိုက်မဲသောသူသည် ငယ်ရွယ်မိုက်မဲသည့်အဖြစ်ကြောင့် တိုင်ပင်အပ်သောအကျိုးကို ပျက်စီးစေ၏ဟု ပါရှိပါသည်။

**လျှို့ဝှက်တိုင်ပင်ချက်ကို ဖျက်ဆီးတတ်သူ (သို့မဟုတ်) ပေါက်ကြားစေတတ်သူ ပုဂ္ဂိုလ်(၉)ဦး**

(၁) ရာဂများသူ၊
(၂) ဒေါသများသူ၊
(၃) မောဟများသူ၊
(၄) ကြောက်လန့်တတ်သူ၊
(၅) လာဘ်အာမိသ၌အလေးပြုသူ၊
(၆) မိန်းမ၊
(၇) သေသောက်ကြူးသူ၊
(၈) ပဏ္ဍုက်၊
(၉) သူငယ် တို့ဖြစ်ပါသည်။

**အထက်ပါပုဂ္ဂိုလ်(၉)ဦးအား လျှို့ဝှက်ချက်များကို တိုင်ပင်သော်**

- ရာဂစရိုက်ရှိသူသည် ရာဂ၏အစွမ်းဖြင့် လျှို့ဝှက်အပ်သောအတိုင်အပင်ကို ဖွင့်ဖော်တတ်၏၊ သိုသိပ်မထားနိုင်။

- ❑ ဒေါသစရိုက်ရှိသူသည် ဒေါသ၏အစွမ်းဖြင့် လျှို့ဝှက်အပ်သောအတိုင်းအပင်ကို ဖွင့်ဖော်တတ်၏၊ သိုသိပ်မထားနိုင်။
- ❑ မောဟစရိုက်ရှိသူသည် မောဟ၏အစွမ်းဖြင့် လျှို့ဝှက်အပ်သောအတိုင်းအပင်ကို ဖွင့်ဖော်တတ်၏၊ သိုသိပ်မထားနိုင်။
- ❑ လာဘ်လာဘ၌ အလေးပြုသူသည် လာဘ်လာဘဟူသော အကြောင်းကြောင့် လျှို့ဝှက်အပ်သောအတိုင်းအပင်ကို ဖွင့်ဖော်တတ်၏၊ သိုသိပ်မထားနိုင်။
- ❑ မိန်းမသည် ပညာနည်းသည်အဖြစ်ကြောင့် လျှို့ဝှက်အပ်သော အတိုင်းအပင်ကို ဖွင့်ဖော်တတ်၏၊ သိုသိပ်မထားနိုင်။
- ❑ သေသောက်ကြူးသူသည် သေရည်သေရက်သောက်စားခြင်း၌ လျှပ်ပေါ်သည့်အဖြစ်ကြောင့် လျှို့ဝှက်အပ်သောအတိုင်းအပင်ကို ဖွင့်ဖော်တတ်၏၊ သိုသိပ်မထားနိုင်။
- ❑ ပဏ္ဍုက်သည် စိတ်ထားမတည့်မတ်သောကြောင့် လျှို့ဝှက်အပ်သောအတိုင်းအပင်ကို ဖွင့်ဖော်တတ်၏၊ သိုသိပ်မထားနိုင်။
- ❑ သူငယ်သည် စိတ်နေနုနယ်ပြောင်းလဲလွယ်သောကြောင့် လျှို့ဝှက်အပ်သောအတိုင်းအပင်ကို ဖွင့်ဖော်တတ်၏၊ သိုသိပ်မထားနိုင်ဟု ပါရှိပါသည်။

## အင်္ဂုတ္တိုရ်၊ ဝိနယပိဋက၊ စူဠဝဂ္ဂ

ထောက်လှမ်းရေးတာဝန် ထမ်းဆောင်ရသူများတွင်ပါဝင်သည့် တမန်နှင့်ပတ်သက်၍ မည်သည့်အရည်အချင်းနှင့်ပြည့်စုံသူအား တမန် အဖြစ်ရွေးချယ်ရမည်ဆိုသည်ကို အင်္ဂုတ္တိုရ်ပါဠိတော်၊ အဋ္ဌကနိပါတ်၊ ဒူတေယျသုတ်နှင့် ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်များတွင် လေ့လာတွေ့ရှိရပါသည်။

**တမန်အင်္ဂါ(၈)ပါး**

(၁) နားလည်း ထောင်တတ်ရမည်၊
(၂) ပြန်လည်း ပြောတတ်ရမည်၊
(၃) သင်ယူလည်း သင်ယူတတ်ရမည်၊
(၄) ဆောင်လည်း ဆောင်တတ်ရမည်၊
(၅) သိလည်း သိတတ်ရမည်၊
(၆) သိစေလည်း သိစေတတ်ရမည်၊
(၇) အကျိုးစီးပွားရှိ-မရှိ၌လည်း လိမ္မာရမည်၊
(၈) ငြင်းခုံခြင်းလည်းမပြုတတ် ဟုပါရှိပါသည်။

ကြမ်းတမ်းစွာပြောဆိုတတ်သော ပရိသတ်သို့ရောက်လျှင်လည်း မတုန်လှုပ်။ စကားကိုလည်း မယုတ်စေ။ သတင်းစကားကိုလည်း မဖုံးလွှမ်း။ ယုံမှားခြင်းကင်းသည့်စကားကိုလည်း မပြောဆိုတတ်။ မေးမြန်းသည့်အခါ အမျက်မထွက်သည့်ပုဂ္ဂိုလ်ကိုလည်း တမန်အဖြစ်စေလွှတ်သင့်သည်ဟု ဆိုပါသည်။

ပုဂံခေတ်တွင် မင်းများ၏ထောက်လှမ်းရေးလုပ်ဆောင်မှုကို ရာဇဝင်သမိုင်းမှတ်တမ်းများ၌ မှတ်တမ်းမှတ်ရာများများစားစားမတွေ့ရသော်လည်း ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့ပြီးဖြစ်သဖြင့် ထောက်လှမ်းမှုလုပ်ငန်းများ မလွဲမသွေလုပ်ခဲ့ကြမည် ဖြစ်ပါသည်။ တွေ့ရှိရသော ကျောက်စာအထောက်အထားများအရ သံတမန်နှင့်အထောက်တော်များထားရှိသည်ကို အထင်အရှား တွေ့ရ၏။ ပုဂံခေတ်တွင်ထွန်းကားနေပြီဖြစ်သော ဗုဒ္ဓဘာသာပါဠိစာပေနှင့်သက္ကတစာပေများအရ ထောက်လှမ်းမှုနှင့်ဆိုင်သောအသိပညာများ လေ့လာရရှိနိုင်ကြောင်း တွေ့ရပေသည်။ ပုဂံခေတ်တွင် မြန်မာမင်းတို့သည် ထိုစာပေများကို ကောင်းစွာလေ့လာကြမည် ဖြစ်၏။ ယဉ်ကျေးမှုအသိပညာအဆင့်အတန်း မြင့်မားကြသဖြင့် ထောက်လှမ်းမှုများလည်း စနစ်တကျ အဆင့်အတန်းမြင့်မားစွာ လုပ်ဆောင်ခဲ့ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

အခန်း(၄)

# ပထမအင်းဝခေတ်
# (အေဒီ၁၃၆၄-၁၅၅၄)
# ထောက်လှမ်းရေး



ပထမအင်းဝခေတ် သူလျှိုင်အသုံးအနှုန်းပါသော စစ်ကိုင်းမြို့၊ ထူပါရုံဘုရားတွင်ရှိသည့်
စည်းခုံကြီးဘုရားကျောက်စာ၊ ရှေ့ဘက်မျက်နှာစာပုံ

# ပထမအင်းဝခေတ်
# (အေဒီ၁၃၆၄-၁၅၅၄)
# ထောက်လှမ်းရေး

အေဒီ(၁၂၇၉) ပုဂံနိုင်ငံတော်ကြီး ပြိုကွဲချိန်မှစပြီး ပဒေသရာဇ်နိုင်ငံငယ်များ သူတစ်လူ ငါတစ်မင်း ပေါ်ပေါက်လာခဲ့သည်။ ပုဂံပျက်ပြီး (၁၈)နှစ်အကြာတွင် ပင်းယနှင့်စစ်ကိုင်းတို့သည် ခေတ်ပြိုင်ပဒေသရာဇ်နိုင်ငံငယ်များအဖြစ် ပေါ်ပေါက်လာခဲ့ပါသည်။ ပင်းယမှာ မင်းဆက် (၆)ဆက်၊ နှစ်ပေါင်း(၅၀) ကျော်ကြာခဲ့ပြီး စစ်ကိုင်းမှာ မင်းဆက်(၇)ဆက်၊ နှစ်ပေါင်း (၄၀)နီးပါး မင်းပြုခဲ့ကြသည်။ ပင်းယနှင့် စစ်ကိုင်းခေတ်တွင် နိုင်ငံအုပ်ချုပ်ရေး၊ စစ်ရေးစသည့်ကိစ္စများ ကြီးကျယ်ထင်ရှား မရှိခဲ့ပေ။ စစ်ရေး၊ အုပ်ချုပ်ရေးပုံစံအနေဖြင့် ပုဂံခေတ်နှင့်ကွာခြားမှု မရှိနိုင်ပေ။ ပုဂံခေတ်မှ လုပ်နည်းလုပ်ဟန်များအတိုင်း လုပ်ဆောင်မည်ဟု ယူဆရပါသည်။ ပင်းယခေတ် ငါးစီးရှင်ကျော်စွာ(၁၃၄၄-၁၃၅၀)လက်ထက်တွင် စစ်ရေးနှင့်ပတ်သက်၍ ဒိုင်းများ၊ ကာများကိုင်ဆောင်ပြီး သီဆိုသည့် 'ကာချင်း' သီချင်းများ မြန်မာစာပေ၌ ထင်ရှားခဲ့ပါသည်။ ထောက်လှမ်းရေးနှင့်ပတ်သက်၍ မည်သို့လုပ်ဆောင်ခဲ့သည်ကို မတွေ့ရှိရပါ။ သူ့ခေတ်သူ့အခါ သူ့အခြေအနေနှင့် လိုက်လျောညီထွေ လုပ်ဆောင်မှုများရှိမည်ဟုသာ ယူဆရပါသည်။ ပင်းယခေတ်တွင် သက္ကတဘာသာမှ ဟိတောပဒေသကျမ်းကို မြန်မာဘာသာ ပြန်ဆိုခဲ့ပြီးဖြစ်၍ ထိုကျမ်းမှ စစ်ရေး၊ အုပ်ချုပ်ရေးနီတိများ ရရှိပြီး ထောက်လှမ်းရေးနှင့်ပတ်သက်၍ လေ့လာသိရှိကြမည်ဟု ယူဆပါသည်။

စစ်ကိုင်း(ဇေယျပူရ)ခေတ် ဆင်ဖြူရှင်တရဖျားငယ် (၁၃၅၂-၁၃၅၄) လက်ထက်တွင် ရေးထိုးခဲ့သည့် ကျောက်စာချပ်ကို စစ်ကိုင်းမြို့ စည်းခုံကြီးဘုရား၌တွေ့ရှိပြီး ယခုအခါ ထူပါရုံဘုရား၌ ထိုကျောက်စာချပ်ရှိပါသည်။ စည်းခုံကြီးဘုရား ကျောက်စာကြောင်းရေ (၂၃) တွင်-

*"သစ်ငယ်တကန်၊ အထက်လိန်သူလျှိုဝ်မင်ကြီ တကန်၊ တောင် အရှေ့လာ*
*ကိုဝ်တ်ကြီးကျောင် မင်ကျောင် မြေလျှင်အစပ်တေ"*

ဟု ရေးထိုးထားသည်။ သစ်ငယ်တကန်၊ သူလျှိုမင်းကြီးတကန်၊ တောင် အရှေ့ကား ကိုယ်တော်ကြီးကျောင်း၊ မင်းကျောင်းမြေလျှင် အစပ်ထား၍ဟု အဓိပ္ပာယ်သက်ရောက်သည်။ မြေနယ်နိမိတ်ကို ဖော်ပြခြင်းဖြစ်သည်။ ဤနေရာ၌ မင်ဆိုသည်မှာ ပုဂံခေတ်ကတည်းက အုပ်ချုပ်သူကို ဆိုလိုခြင်းဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံး၌ အရေးပါအရာအရောက်ဆုံးသောပုဂ္ဂိုလ်များ ဖြစ်ကြသည်။ထို့ကြောင့် သူလျှိုဝ်မင်ကြီဆိုသည်မှာ သူလျှို(အထောက်တော်)နှင့်ဆိုင်သည့်အကြီးအကဲဟု ဆိုရပါမည်။ တစ်ဖန် မင်းကြီးစွာ(၁၃၆၇-၁၄၀၀)၏အမိန့်တော်တမ်းထဲတွင် "သူလျှို သူကန်"ဆိုသည့်အသုံးအနှုန်းတွေ့ရသဖြင့် သူလျှိုဝ်မင်ကြီဆိုသည်မှာ သူလျှိုနှင့်ပတ်သက်သောအကြီးအကဲဟု ဆိုနိုင်ပါသည်။

ပထမအင်းဝမြို့တည် သတိုးမင်းဖျား (၁၃၆၄-၁၃၆၇)သည် စုံစမ်းထောက်လှမ်းမှုအား ကိုယ်တော်တိုင်လုပ်ဆောင်ခဲ့သည်ကို မဟာရာဇဝင်တို့၌ ထူးထူးခြားခြား တွေ့ရသည်။ သတိုးမင်းဖျားသည် ညဉ့်အခါတွင် သာမန်ပြည်သူပြည်သားတစ်ဦးကဲ့သို့ တစ်ဦးတည်း မြို့တော်တွင်း လှည့်လည်စုံစမ်းလေ့ရှိသည်။ မြို့တည်ရန် အစဉ်အလာယုံကြည်မှုအတိုင်း စနည်းတဘောင် နားထောင်ရန်၊ မြို့တည်ဆဲအခါမှာလည်း မြို့ရေး၊ ရွာရေး သိရန်၊ အခြားအမှုအကြောင်းအရာများသိရန် လိုအပ်သည့်အခါ တစ်ဦးတည်း ရဲရဲဝံ့ဝံ့ လှည့်လည်စုံစမ်းလေ့ရှိသည်။ ထိုသို့စုံစမ်းသဖြင့် အရာရှိ အမှုထမ်းများအကြောင်း၊ သူခိုးသူဝှက်တို့အကြောင်း၊ ရှင်ပျက်ရှင်ယောင်များအကြောင်း သိခဲ့ရပေသည်။ ထို့ကြောင့်လည်း သူခိုး ငတက်ပြား ကို ကိုယ်တိုင်လက်ရဖမ်းဆီးနိုင်သကဲ့သို့ စစ်ကိုင်းဘက်မှ ရှင်ပျက်ရှင်ယောင်အမှုကိုလည်း ကိုယ်တိုင်ဖော်ထုတ်နိုင်ခဲ့သည်ကို တွေ့ရပါသည်။ သတိုးမင်းဖျားလက်ထက် အင်းဝနေပြည်တော်၌ သူခိုး ငတက်ပြားသည် အရှောင်အတိမ်း လျင်မြန်စွမ်းသန်လှသဖြင့် အမှုထမ်းများ ဖမ်းဆီးမရဖြစ်ခဲ့သည်။ ထိုအကြောင်း သတိုးမင်းဖျား ကြားသိသောအခါ သူခိုးငတက်ပြား၏အလေ့အထ အသွားအလာ နေထိုင်ရာများကို ကိုယ်တော်တိုင်စုံစမ်းပြီး ငတက်ပြားအား ချဉ်းကပ်ပေါင်းသင်းကာ ပရိယာယ်နှင့် ဖမ်းဆီးခဲ့လေသည်။ အလားတူပင် စစ်ကိုင်းဘက်မှမုန့်သည်မတစ်ဦးက ရှင်ပျက်တစ်ယောက်ကို ငွေများ အပ်နှံခဲ့ပါသည်။ ငွေပြန်တောင်းသည့်အခါ ရှင်ပျက်က မအပ်ဟု ငြင်းဆိုခဲ့သည်။ ဆိုင်ရာရုံး၌ လျှောက်ထားတောင်းဆိုသော်လည်း သက်သေမရှိသဖြင့် ရှုံးလေသည်။ သတိုးမင်းဖျား ကြားသိသည့်အခါ ကိုယ်တော်တိုင် စုံစမ်းခဲ့သည်။ အကြောင်းစုံသိပြီးသည့်အခါ ကိုယ်တော်တိုင် ခေါ်စစ်ဆေး၏။ ရှင်ပျက်က ငြင်းဆိုရာ ကိုယ်တိုင်ကြုံတွေ့သိမြင်ခဲ့ပြီးဖြစ်သည်ဟုဆိုမှ ဝန်ခံခဲ့ပြီး လက်ခံထားသည့်ငွေကို ပြန်ပေးပါသည်။ သတိုးမင်းဖျားသည် ကိုယ်တော်တိုင် စုံစမ်းထောက်လှမ်းမှုများလုပ်လေ့ရှိသဖြင့် နိုင်ငံအုပ်ချုပ်သည့်နေရာတွင်လည်း ထောက်လှမ်းစုံစမ်းမှုများကို အလေးထား ပြုလုပ်ခဲ့လိမ့်မည်ဟု မှန်းဆသိရှိနိုင်ပါသည်။

ပထမအင်းဝခေတ် မင်းကြီးစွာစော်ကဲ (၁၃၆၇-၁၄၀၀) လက်ထက် ၁၃၆၈ခုနှစ် ဇွန်လ(၁၉) ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့်အမိန့်တော်တမ်းထဲတွင်-

*ဝင်းမှူး ဝင်းစာချီ ဆင်မှူးတို့မှာလည်း ဝင်း ၄ မျက်နှာ သားတို့ကို ရုံးထား၍ အလှည့်အလည် အိပ်လှည့် အိပ်ဘန်ကို မပြတ်မလတ်အောင် လုလ္လနှင့် ကျေးဇူး သစ္စာတော်မြတ်ကို စောင့်သိသည်နှင့်အညီ ဝင်းစု အမှုထမ်းမှန်သမျှတွင် တရားစကားမှစ၍ အမှုပေါ်ရှိသည်များကို ကြပ်ကြပ်တည်းတည်း မလစ်မဟင်း မယွင်းမယိုရ စီရင်။ ဝင်းမှူး ဝင်းစာချီအရာနှင့် ငါခန့်အပ်တော်မူကြောင်းလည်း ဂတိ ၄ ပါးနှင့် မြဲမြံတည်ကြည်သောသူ ဖြစ်သည်လည်းတကြောင်း၊ သူလျှိုသူကန် အစရှိသည်ကို ရိပ်ချည်သိသူ ဖြစ်၍ ဝင်းမှူးဝင်းစာချီအရာနှင့် ငါခန့်ထားအပ်တော်မူသည်တစ်ကြောင်း၊ ငါ့ ယောက်ဖတော်ဘုရားတွင် မလစ်မဟင်း မယွင်းမယိုရ ကျေးဇူးသစ္စာတော်နှင့်အညီ ထမ်းရွက်သည့်မှူးမတ်ကြီးဖြစ်၍ ငါ ထပ်မံ ခန့်တော်မူသည်။ ဝင်းသားမှန်သမျှကို ကြပ်ကြပ်တည်းတည်း စီရင်။*

*ဗိုလ်မှူး တပ်မှူး စစ်ကဲ နာခံ အကြီးအကြပ်တို့မှာလည်း ငါ့ ယောက်ဖတော်ဘုရားလက်ထက်တော် လုပ်ကြဲတော်မူရာ ကျေးဇူးသစ္စာနှင့်အညီ ပြန်ရောက်သူဖြစ်၍လည်း အမှုတော်ထွက်သမျှကို ရဲရင့်တည်ကြည်စွာ ထမ်းရွက်ကြသည်ဖြစ်၍ စစ်ရေး စစ်ခွင့်*

*ရောက်လျှင် ကြပ်ကြပ်တည်းတည်း မလစ်မဟင်းရ နိုင်နင်းအောင် သတ်ဖြတ်စီရင်လိမ့် မည်ဖြစ်၍ ငါလက်ထက်တော်ကလည်း ထပ်မံ၍ ခန့်အပ်တော်မူသည်။ ကျေးဇူးသစ္စာ တော်နှင့်အညီ ကြပ်ကြပ်တည်းတည်း အမှုပေါ်ရှိသမျှကို အမှုနှင့် အင်တန်အောင် ကွပ်ညှပ်စီရင်။*

မင်းကြီးစွာစော်ကဲ၏အမိန့်တော်တမ်းကို လေ့လာကြည့်သည့်အခါ ပထမအင်းဝခေတ်တွင် သူလျှိုဆိုသည့် အသုံးအနှုန်း စတင်သုံးစွဲလာသည်ကို တွေ့ရှိရသည်။ ထိုခေတ်ထိုအချိန်တွင် သူလျှိုစေလွှတ်ခြင်းရှိသကဲ့သို့ ဆန့်ကျင်ဘက်ရန်သူကလည်း သူလျှို့စေလွှတ်လာနိုင်သည်ဆိုသည်ကို သတိရှိနေပြီဖြစ်ကြောင်း ဖော်ပြနေပေသည်။ တစ်ဆက်တည်း ပထမအင်းဝခေတ်စစ်တပ်ဖွဲ့စည်းပုံ၌ စစ်ဘက်နားခံဆိုသည့် ထောက်လှမ်းရေးတာဝန်ထမ်းဆောင်ရသောအရာရှိ ထားရှိပြီဖြစ်ကြောင်း တွေ့ရှိရသည်။ ရာဇဝင်နှင့်သမိုင်းမှတ်တမ်းများ၌ ပထမအင်းဝခေတ်တွင် ထောက်လှမ်းရေးနှင့်ပတ်သက်၍ မှတ်တမ်းမှတ်ရာ များများစားစား မတွေ့ရသော်လည်း ထောက်လှမ်းရေးလုပ်ငန်းများလုပ်ကြပြီဆိုသည်ကို အသေအချာ ပြောနိုင်ပါသည်။

**ပထမအင်းဝခေတ် ပါဠိသက္ကတစာပေများမှ ရရှိနိုင်သည့် ထောက်လှမ်းရေးအသိပညာ**

အိန္ဒိယနိုင်ငံမှ သက္ကတ၊ ပါဠိဘာသာများဖြင့် ရေးသားထားသောစာပေများသည် မြန်မာနိုင်ငံသို့ ပျူခေတ်၊ ပုဂံခေတ်ကတည်းက ရောက်ရှိခဲ့ပါသည်။ ၁၉၉၀ခုနှစ်က၊ ပုဂံ သရပါတံခါးအနီး ကျုံးထဲ၌ သက္ကတဘာသာဖြင့်ရေးသားထားသည့် ကျောက်စာတစ်ချပ်ကို တွေ့ရသည်။ ရွှေကူကြီးဘုရား ကျောက်စာမှာလည်း ပါဠိဘာသာဖြင့် ရေးထိုးထားသည့်တိုင် နောက်ဆုံး ဘုရားပြီးရက်စွဲကိုမူ သက္ကတဘာသာဖြင့် ရေးထိုးထားကြောင်း တွေ့ရသည်။ ထို့ကြောင့် ပုဂံခေတ်တွင် ပါဠိ၊ သက္ကတစာပေ ထွန်းကားနေပြီ ဖြစ်သည်ဟု ဆိုရပါမည်။ ပါဠိ၊ ပိဋကတ်စာပေနှင့် သက္ကတစာပေများတွင်ပါရှိသော နိုင်ငံအုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ စစ်ရေး စသည့် သင်ခန်းစာယူဖွယ်ရာများသည် မြန်မာမင်း၊ အမတ်၊ ပညာရှိများအပေါ် ဩဇာသက်ရောက်မှု ရှိခဲ့ပါသည်။ သက္ကတဘာသာဖြင့်ရေးသားထားသည့်ကျမ်းများဖြစ်သော ရာမာယန၊ မဟာဘာရတ၊ ဘဂဝါဂီတ၊ ဟိတောပဒေသ၊ ကာမန္တကီနိတိသာရ၊ အမရကောသျှ ကျမ်းများသည် စစ်ရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာသင်ခန်းစာများပါရှိသည့်ကျမ်းများ ဖြစ်သည်။ ထိုကျမ်းများအတွင်းမှနေ၍ ထောက်လှမ်းရေးအသိပညာများ အများအပြားရရှိခဲ့မည်ဟု ဆိုနိုင်ပါသည်။

## ကာမန္တကီနီတိသာရကျမ်း

သက္ကတဘာသာဖြင့်ရေးသားထားသည့်ကျမ်းများအနက် ကာမန္တကီနီတိသာရကျမ်းသည် ပထမအင်းဝခေတ်၌ ရောက်ရှိခဲ့ပြီးဖြစ်ပေသည်။ အေဒီ-၁၄၂၆ ခုဌ်ရေးထိုးခဲ့သည့် တက်နွယ်ကျောင်းကျောက်စာ ၌ အထင်အရှား တွေ့ရပါသည်။ အင်းဝဘုရင် သီဟသူ(အေဒီ ၁၄၂၃-၁၄၂၆)နှင့် မိုးညှင်းသတိုး(အေဒီ၁၄၂၆-၁၄၃၉)လက်ထက်တွင်ရေးထိုးခဲ့သည့် ထိုကျောက်စာ၌ ပိဋကတ်ကျမ်းစာများ၊ ဆေးကျမ်းများ၊ ဗေဒင်ကျမ်းများကို လှူဒါန်းထားသည့်စာရင်း ရေးထိုးထားသည်။ ကျောက်စာ၏ (၄)မျက်နှာ

ဝဲဘက်ကြောင်းရေ (၃၃)၌ "ကာမန္တကီ" ဆိုပြီး တွေ့ရှိရပေသည်။ ထို့ကြောင့် ပထမအင်းဝခေတ်၌ ကာမန္တကီကျမ်း ရောက်ရှိနေပြီမှာ ထင်ရှားပါသည်။ ပုဂံခေတ်၌လည်း ကာမန္တကီကျမ်းကို သမိုင်း အထောက်အထားအနေဖြင့် မတွေ့ရသည့်တိုင် အေဒီ၁၄၂၆ ခုနှစ်၏အစောပိုင်းကတည်းက ရောက်ရှိနေပြီဟု ခန့်မှန်းနိုင်ပေသည်။

ရခိုင်ဒေသ မြောက်ဦးမင်းဆက်(အေဒီ၁၄၀၄-၁၇၈၂) မင်းဘင် (၁၅၂၅-၁၅၃၁)နှင့် ဒိခ (အေဒီ ၁၅၃၁-၁၅၅၃) မင်း-အများ (ခေါ်) မင်းဗာကြီးလက်ထက် ၁၅၃၆ ခုတွင် သျှစ်သောင်းပုထိုးတော်ကြီးကို ကောင်းမှုပြုတည်ထားခဲ့သည်။ သျှစ်သောင်းပုထိုးတော် (ခေါ်) ရန်အောင်ဇေယျ သိမ်တော်ကြီးထဲ၌ လိုဏ်ဂူနှစ်ထပ် ရှိသည်။ အတွင်းနံရံ၌ ရှေးဟောင်းဗိသုကာလက်ရာများ အများအပြားတွေ့ရှိရသည်။ ဝက်ပါသဖွယ်တည်ဆောက်ထားသည့် လိုဏ်ဂူ၏တောင်ဘက်အလယ်တန်း၌ ငါးရာငါးဆယ်နိပါတ်တော်များ၊ အနောက်၊ မြောက်နှင့် အရှေ့ဘက်တွင်လည်း ဇာတကများအပြင် "ကာမန္တကီကျမ်း"၊ သေနင်္ဗျူဟာကျမ်း၊ ပူရာမ်ကျမ်းများ၏သရုပ်ဖော်ဇာတ်ကွက်များကို တွေ့ရသည်။ အေဒီ ၇၆၂ ကတည်းက အာနန္ဒစန္ဒြကျောက်စာကို သက္ကတဘာသာဖြင့်ရေးထိုးထားခြင်းအား ထောက်ဆပါက ကာမန္တကီကျမ်းသည် အေဒီ ၁၅၃၆ မတိုင်မီ အစောပိုင်းကတည်းက ရခိုင်သို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

ကာမန္တကီကျမ်းကို အေဒီ ၁၇၅၃ ခုနှစ် ရခိုင်ရွှေနန်းရှင် ရက္ခိုဏ္ဍ မဟာဓမ္မရာဇာမင်း(၁၇၄၂-၁၇၆၁)လက်ထက်၌ သက္ကတဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခဲ့ပါသည်။ (အမျိုးသားစာကြည့်တိုက် ပေမူ တိုက်ပိုင်အမှတ်၊ ဘားနဒ်-၇၈၅)။ ထိုကျမ်းအား ရှင်ဘုရင်များ သိအပ်၊ လိုက်နာအပ်သည့် နီတိများကို ထုတ်နုတ်ပြီး အကျဉ်းအားဖြင့် ဘာသာပြန်ခဲ့သည်ဟု ဆိုသည်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူ ရှင်ဘုရင်နှင့် မှူးကြီးမတ်ကြီးများကို ဆုံးမလမ်းညွှန်ချက်များ ဖြစ်၏။ စစ်ရေးနှင့်ပတ်သက်သည့် အကြောင်းအရာ အများဆုံးပါရှိသဖြင့် စစ်ကျမ်းတစ်စောင်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ စစ်ရေး၊ အုပ်ချုပ်ရေးအခန်းကဏ္ဍများတွင် ထောက်လှမ်းရေးနှင့်ပတ်သက်၍ လေ့လာဖွယ်ရာများ ပါရှိပါသည်။

ပြည့်ရှင်မင်းတို့ အလေးထားလိုက်နာ ဆောင်ရွက်အပ်သည်များကို လမ်းညွှန်ရာ၌ ထောက်လှမ်းရေးနှင့်ပတ်သက်၍ သူလျှို တမန်တို့ကို ပြည့်နား၊ ပြည့်ခံတွင်း၊ ပြည့်နှာခေါင်းဆိုပြီး ပြဆိုထားပါသည်။

*ပြည့်တံခွန်ကို၊ ဆောက်ရာ၏၊ မလည်းစေရာ။*
*ပြည့်ဦးခေါင်း မကွဲရာ။*
*ပြည့်ကျက်သရေကို တောက်ပစေရာ၏။*
*ပြည့်နှာခေါင်းကို များစွာမရှည်စေရာ။*
*ပြည့်နားကို မပင်းစေရာ။*
*ပြည့်မျက်စိကို မကန်းစေရာ။*
*ပြည့်ခံတွင်းကို မကျယ်စေရာ။*
*ပြည့်စွယ် ပြည်သွားကို မချိုးရာ။*
*ပြည့်လက်ရုံးကို မဖျာစေရာ။*
*ပြည့်လက်ရုံးကို မယားမရွံ့စေရာ။*
*ပြည့်အသက်ကို မညှိုးစေရာ။*
*ပြည့်ဝမ်းကို မပေါက်စေရာ။*

*ပြည့်အသဲအအူကို အပြင်မထုတ်ရာ။*

*ပြည့်ခြေကို များအောင် လုပ်ကြံရာ၏။*

ဟု ပါရှိပါသည်။ ပြည့်နား၊ ပြည့်နှာခေါင်းဆိုသည်မှာ သတင်းရဖို့ စုံစမ်းထောက်လှမ်းသည့်သူလျှို အထောက်တော်များကို ဆိုလိုခြင်းဖြစ်ပါသည်။ ပြည့်ခံတွင်းကို မကျယ်စေရာဆိုသည်မှာ လေ့လာပွန်းတီး တတ်သိလိမ္မာသူ မင်းစေတမန်ကို ဆင်ခြင်ပြီးလွှတ်ရမည်ဟု ဆိုလိုပေသည်။

နိုင်ငံအုပ်ချုပ်ရေးနှင့်ပတ်သက်၍ ရှင်ဘုရင်သည် သူလျှို အထောက်တော်၊ တမန်များကို မည်သို့ အသုံးပြုရမည်ဆိုသည်ကိုလည်း လမ်းညွှန်ထားပါသည်။

*မရှည်သော အိပ်စက်ခြင်းတို့ဖြင့် သူတကာတို့၏စီးပွားကိုလည်း နေ့တိုင်းရှာရာ၏။ ခိုးသူ တံတ တို့ကိုလည်း အခါခပ်သိမ်း စူးစမ်းရာ၏။ ကွပ်ညှက်ရာ၏။ အရှေ့၊ အနောက်၊ တောင်၊ မြောက်အရပ်တို့၌ ကြည်းခရီး၊ ရေခရီးတို့၌ စူးစမ်းစေရာ၏။သူလျှို၊ အထောက်တော်တို့ဖြင့် သူပြည်သူရွာတို့၌ စုံစမ်းစေရာ၏။ အညမ် စူးစမ်း၍ နောက်နောင် မြေးသားစဉ်ဆက် စီးပွားဖြစ်စိမ့်သောငှာ နှုတ်ကောင်း ခွန်းသာနှင့် ချစ်ခင်သောစကားတို့ဖြင့် မင်းတမန်စေရာ၏။*

*နောင်အခါ၌ ပျက်စီးပူပင်ခြင်းကို မဖြစ်စိမ့်သောငှာ လို့လဖြင့် ဥပါယ်တံမျဉ် ပြု၍ ကာလဒေသကို စုံစမ်းဆင်ခြင်၍ ကာလဒေသကို စုံစမ်းဆင်ခြင်ခြင်းရှိသော မင်းတို့သည်ကား ရန်သူတို့သည် မနိုင်ရာ။ ဥပမာကား- တောင်ကိုဝှေ့သောဆင်သည် အစွယ်ကျိုးလေသကဲ့သို့ မင်းပညာဖြင့် မတတ်နိုင်သောအမှုကို ဆင်ခြင်ရာ၏။အောင် ခြင်းကိုအလိုရှိသော မင်းကြီးသည်ကား အခါခပ်သိမ်း မင်းလျှင်ပြုသဖြင့် ရန်သူကို ခင်ပွန်းဖြစ်စေရာ၏။ ခင်ပွန်းဖြစ်ပြီးသောမင်းတို့ကိုလည်း ဥပါယ် တံမျဉ်တို့ဖြင့် အလွန် ခင်ပွန်းဖြစ်အောင် ကြံရာ၏။ ခင်ပွန်းမဖြစ်သောမင်းတို့ကိုကား ချမ်းသာဖြင့် ဖြစ် အောင် ကြံရာ၏။ မင်းတို့သည်ကား ရန်ဖြစ်အံ့သော အကြောင်းအရာကို စုံစမ်းရာ၏။*

ထို့ပြင် အမှုထမ်းလုံခြုံရေးနှင့်ပတ်သက်၍ ဘုရင့်ထံပါး ဝင်ထွက်ခစားနေသူများ၊ မိဖုရားများကို လည်း စုံစမ်းထောက်လှမ်းမှုများပြုလုပ်ရမည်ဟု လမ်းညွှန်ထားပါသည်။

*အတွင်း၌ အစဉ်ဖြစ်သောသူရဲနှင့် စောင့်စည်းစေရာ၏။ ဤကား အတွင်း၌လုပ် ကျွေးစေရာ၊ စောင့်စည်းစေရာ အမတ်တို့သည် အလွန်အဆင်းလှသော၊ သန့်ရှင်းစင် ကြယ်သော၊ ကိုယ်လက်အင်္ဂါကောင်းမွန်သော မိန်းမကောင်းတို့ကို အဝတ်ပုဆိုး ကောင်းဝတ်၍ လုပ်ကျွေးစေရာ၏။ ဆေးသမားတို့၌ စုံစမ်းခြင်းပြုရာ၏။ ခစားသူ အသစ်တို့၌ကား ကောင်းစွာစုံစမ်းရာ၏။ ရေချိုး၍ မပြတ်နံ့သာလိမ်းသဖြင့် ကောင်း သောအနံ့ရှိသော၊ မပြတ်ပန်းပန်သော တန်ဆာဆင်သော ချစ်စွာသောမိဖုရားတို့၌ လည်း၊ အလွန်ချစ်သောမိဖုရားတို့၌လည်း စုံစမ်းရာ၏။*

ထို့ပြင် ဘုရင်မင်းမြတ်၏လုံခြုံရေးနှင့်ပတ်သက်၍ ခရီးသွားသည့်အခါ မည်သို့စီစဉ်ရမည်၊ မည်သို့သွားရမည်ဆိုသည်ကိုလည်း လမ်းညွှန်ထား၏။

*မသိသောခရီးကိုလည်း မသွားရာ။ သွားလိုသော် ယုံကြည်ရသော ကျွန်တို့ကို သိအောင် စုံစမ်းစေရာ။ ကျဉ်းမြောင်းသောခရီးဖြင့် မသွားရာ။ သွားလိုသော် အစည်*

*အနွယ်မမှ ယုံကြည်အပ်သော ကျွန်ရင်းတို့ကို ကောင်းစွာစောင့်ရှောက်စေပြီးမှ သွားတော်မူရာ၏။*

ထို့ပြင် ဘုရင်မင်းမြတ်အနေဖြင့် တိုင်ပင်အပ်၊ မတိုင်ပင်အပ်ဆိုသည်ကို စဉ်းစားဆင်ခြင်နိုင်ရန် အတွက် အတိုင်အပင်ကိုဖျက်ဆီးတတ်သူ(၇)ဦးနှင့် တိုင်ပင်သင့်သည့်နေရာ(၅)မျိုးကိုလည်း လမ်းညွှန်ထား ကြောင်း တွေ့ရသည်။

**အတိုင်အပင် ဖျက်ဆီးတတ်သူ(၇)ဦး**

(၁) အနေမကျစ်လစ်သူ။
(၂) မေ့လျော့တတ်သောသူ။
(၃) အလွန်ရန်မက်ရှိသောသူ။
(၄) အအိပ်ကြီးသောသူ။
(၅) အကျိုးမဲ့ကို ပြုတတ်သောသူ။
(၆) ဖုံးလွှမ်းသောအရပ်။
(၇) အလွန်ရမ္မက်များသောမိန်းမ။

**တိုင်ပင်သင့်သော အရပ်(၅)ပါး**

(၁) တိုင်မရှိသောအရပ်။
(၂) လေသွန်နန်းမရှိသောအရပ်။
(၃) နံရံအကြား၌ မှီစကောင်းသောအရပ်။
(၄) ပြသာဒ်အဖျား။
(၅) အများမရှိသော တောအရပ် တို့ဖြစ်ပါသည်။

ဘုရင်မင်းမြတ် ယုံကြည်စိတ်ချ၍ လျှို့ဝှက်မှုကိုတိုင်ပင်သော မင်းမှုထမ်းများနှင့်ပတ်သက်၍ လည်း အမြဲယုံမှတ်တော်မမူဘဲ သစ္စာရှိမရှိ အမှန်အကန်ဆောင်ရွက်မှုရှိမရှိ စုံစမ်းထောက်လှမ်းနေရမည် ဆိုသည်ကိုလည်း လမ်းညွှန်ထားပါသည်။

*မင်းနှင့်တိုင်ပင်ဘက်ရသော အမတ်ကြီး၊ အမှုကြီးငယ်၌ မစပေးသော မင်း ကျေးဇူးစားသော အမတ်ပုရောဟိတ်၊ အိမ်ရှေ့မင်း ဤသူတို့၌ ပျက်စိမ့်သောငှာ အပြစ်ရှိလျက်မူကား အဟုတ်အဟတ်များ သိအောင်စုံစမ်း၍ အပြစ်နှင့်အလျောက် ဒဏ်ပေးရာ၏။ မင်း၏လက်ရုံး မျက်စိကဲ့သို့ မှတ်တော်မူသော မင်းသုံးစွဲသောအမတ် အိမ်ရှေ့မင်း၊ မင်းနှင့်တိုင်ပင်ဘက်ဖြစ်သော အမတ်ကြီးတို့သည် ဤသူတို့သည် ဖျက်ဆီး အပ်သောအကျင့်ကို ကျင့်ဘိမူကား သူတစ်ပါးတို့သည်ကား အဘယ်မည်သော အကျင့် ကို မကျင့်လေတုံအံ့နည်း။ မင်း၏ပျက်စီးရာသောအကြောင်းကို ကျင့်သောသူတို့ကို လည်း ဒဏ္ဍဥပါယ် ဖြင့် မှန်ကန်အောင်စုံစမ်း၍ ငြိမ်းစေရာ၏။*

စစ်ရေးနှင့်ပတ်သက်၍ ရှေးခေတ်မြန်မာ့တပ်မတော်များ၌ လက်သုံးဖြစ်ခဲ့သည့် သေနင်္ဂဗျူဟာ (၃၂) ပါးထဲမှ ထောက်လှမ်းရေးဗျူဟာဖြင့် မည်သို့စစ်ဆင်ရမည်ဆိုသည်ကို လမ်းညွှန်မှုပေးထားသည်။

သုဝဗျူဟာ ဆိုသည်မှာ ကျေး၊ ကြက်တောတို့ကို ဘာသာစကားသင်ပေးပြီး စုံစမ်းထောက်လှမ်းစေသည့် နည်းဗျူဟာ ဖြစ်သည်။ ဝါယုဗျူဟာ ဆိုသည်မှာ သူလျှိုစေလွှတ်ပြီး ရန်သူတစ်ဘက်သားမင်းတို့၏ အားရှိအားမဲ့ကိုစုံစမ်းပြီး စစ်ဆင်သည့်ဗျူဟာ ဖြစ်သည်။ ထိုသို့ သေနင်္ဂဗျူဟာကို လမ်းညွှန်ထားသည့်အပြင် စစ်ချီစစ်တက် တိုက်ခိုက်သည့်အခါ ထောက်လှမ်းမှုများ မည်သို့ပြုလုပ်ရမည်ဆိုသည်ကိုလည်း အသေးစိတ် လမ်းညွှန်ထားကြောင်း တွေ့ရှိရပါသည်။

> *ရန်သူကိုတိုက်ခိုက်ရာ၌ ရန်သူ၏အနှောင့်အယှက်ကို စူးစမ်းထောက်လှမ်း၍ စစ်ထိုးစေရာ၏။ ထိုသို့ နှောင့်ယှက်သော ရန်သူ၏စစ်သည်ဗိုလ်ပါကိုလည်း စစ်သူကြီးအမှူးရှိသော သတြု အမည်ရှိသောသူရဲ အဂ္ဂဝိကအမည်ရှိသောသူရဲတို့ကို ရှေးဦးစွာ ရှေ့နောက် လက်ဝဲလက်ယာ ပြားမျှ သတ်စေရာ၏။ ရန်သူစစ်သူကို သတ်စေရာ၏။ သူလျှိုအထောက်တော်တို့ဖြင့် ရန်သူတို့၏အကျင့်အပြုအမူကို သိအောင်စုံစမ်း၍ မမေ့မလျော့နေရာ၏။*
>
> *တစ်တိုင်းတစ်နိုင်ငံ၌ရှိသောသူကိုကား၊ တော၌ ဆင်ပြောင်ကို အောက်မဖြင့်လှည့်ပတ်သကဲ့သို့၊ လျို့ဝှက်ခြင်းတို့ဖြင့် ထောက်လှမ်းစုံစမ်းရာ၏။*

စစ်ချီသောအခါ ရှေ့မှဖြစ်သောရန်သူ ၊ နောက်မှဖြစ်သော ရန်သူ၊ အတွင်း၌ဖြစ်သော ရန်သူ၊ အပ၌ဖြစ်သောရန်သူတို့ကို သူလျှို တမန်တို့ဖြင့် သိအောင်စုံစမ်းရမည်။ သူလျှိုတို့ဖြင့် ရန်သူတို့၏ အကျင့်၊ အပြုအမူကို သိအောင်စုံစမ်း၍ မမေ့မလျော့ နေရမည်။ အဝေးအရပ်မှာရှိသည့် ရန်သူတို့၏ အမူအကျင့်ကိုလည်း လေကဲ့သို့ အလျင်အမြန်နှင့် မြင်းသည်တို့ဖြင့် စုံစမ်းရမည်ဟု လမ်းညွှန်ထားပေသည်။

ကာမန္ဒကီကျမ်းထဲတွင် တမန်တစ်ယောက်၏အင်္ဂါ(၉)ပါးကို ဖော်ပြသည့်အပြင် တမန်တစ်ဦးလိုက်နာဆောင်ရွက်ရမည့်တာဝန်ဝတ္တရား၌ ထောက်လှမ်းစုံစမ်းမှုကို မည်သို့ပြုလုပ်ရမည်၊ မိမိဘက်မှစေလွှတ်သောသူလျှိုတို့ကို မည်သို့တွေ့ဆုံရမည်ကို အသေးစိတ် လမ်းညွှန်ထားပါသည်။

**တမန်အင်္ဂါ(၉)ပါး**

(၁) ပညာလျင်ခြင်း၊
(၂) ကောင်းစွာအောက်မေ့တတ်ခြင်း၊
(၃) စကားတတ်ခြင်း၊
(၄) လက်အတတ်ကိုတတ်ခြင်း၊
(၅) ကျမ်းဂန်တတ်ခြင်း၊
(၆) အချိန်အခါ အရပ်နေရာကိုသိခြင်း၊
(၇) အစီးအပွားကိုသိခြင်း၊
(၈) စီးပွားဟုတ်၊ မဟုတ်ကို နှိုင်းယှဉ်နိုင်ခြင်း၊
(၉) သတင်းစကားကို ဝှက်၍ဆောင်နိုင်ခြင်းတို့ ဖြစ်ပါသည်။

## တမန်တစ်ဦးလိုက်နာဆောင်ရွက်ရမည့်တာဝန်များ

(၁) အရှင်မင်း၏စကားကိုလည်း မှတ်ရာ၏။
(၂) မိမိစကားနှင့်သူ့စကားကို နှိုင်းယှဉ်တတ်ရာ၏။
(၃) မြတ်သောအမေးအဖြေကိုလည်း ကြံ၍သွားရာ၏။
(၄) ရန်သူ၏တိုင်းပြည်သို့ သဘင်သို့ မထင်မရှားသောအဖြစ်ဖြင့် မဝင်ရာ။
(၅) တမန်၏အမူနှင့် လျောက်ပတ်သောအခါကိုရှု၍ အခွင့်လမ်းပေးပြီးမှ ဝင်ရာ၏။
(၆) ရန်သူ၏တိုင်းကားနိုင်ငံ၌ အစောင့်အရှောက် ရှိမရှိ၊ ကျီကျဘဏ္ဍာ၊ ခင်ပွန်း ဗိုလ်ပါ သူရဲတို့၏အနှစ် ရှိမရှိကိုလည်း သိအောင်စုံစမ်းရာ၏။
(၇) ဓားလက်နက်ဖြင့် ခြိမ်းခြောက်လျှင်မူလည်း၊ အရှင်မင်းတို့ ဆိုတိုင်းလျှင်ဆိုရာ၏။
(၈) ချစ်ခြင်းမုန်းခြင်း၊ မျက်စိမျက်နှာ အပြုအမူလည်း သိအောင်ပြုရာ၏။
(၉) သူ ဆိုသောမနှစ်သက်ဖွယ်သော စကား၊ သူ အမျက်ထွက်ခြင်းကိုလည်း သည်းခံရာ၏။
(၁၀) သူ့အလိုသဘောကိုလည်း စုံစမ်းရာ၏။
(၁၁) ယစ်လျက်အိပ်သောအခါ မိမိနှလုံး၌ဖြစ်သောစကားကို ဆိုမိန့်တတ်သောကြောင့် မိမိ တမန်၏သဘောကို စောင့်စည်းသောသူသည် သူတစ်ထူးနှင့်အတူ မအိပ်ရာ။
(၁၂) အံကစားခြင်း၊ သေသောက်ခြင်းကိုလည်း မပြုရာ။
(၁၃) အရှင်မင်း၏ချို့တဲ့ခြင်းကို မဆိုမူ၍၊ အရှင်၏တန်ခိုးသတင်းဖြင့် ရန်သူကိုအစိုးရခြင်း၊ အမျိုးမြတ်ခြင်း၊ သစ္စာများခြင်း၊ မြတ်သောအပြုအမူရှိခြင်းတည်းဟူသော (၄)ပါးအပြား ဖြင့် သူနှစ်လိုဖွယ်သောစကားကို ဆိုရာ၏။
(၁၄) မိမိ၏လက်တတ်၌ ပညာရှိတို့ဖြင့် မင်း (၂)ပါးတို့ကို စေ့စပ်၍ ရန်သူမင်း၏အသင်းအပင်း အမူအထားတို့ကို သိအောင်စုံစမ်းရာ၏။
(၁၅) ကျမ်းဂန်သင်လိုသောအယောင်ဖြင့်၊ ရသေ့ရဟန်းပြု၍ မိမိအရပ်မှလွှတ်လိုက်သော သူလျှို (အထောက်တော်)တို့ကို ရေစီးကြောင်း၊ နတ်အိမ်တို့၌တွေ့သော်လည်း စကားဆိုရာ၏။
(၁၆) မိမိအရှင်မင်း၏တန်ခိုးကြီးခြင်း၊ အမျိုးမြတ်ခြင်း၊ ရန်သူတို့ကို အစိုးရခြင်း၊ အပေးအကမ်း ကြီးခြင်း၊ လုံ့လရှိခြင်း၊ ကောင်းယှဉ်ခြင်း၊ မြင့်သောအကျင့်ရှိခြင်း၊ လိမ္မာခြင်းတို့ကို မပြတ် ဆိုရာ၏။
(၁၇) ကောင်းသောလေးရပ်တို့ကို ပညာရှိသောမင်းစေတမန်တို့သည်ကား အရှင်မင်း၏အကျိုး စီးပွားအကျိုးငှာ ကောင်းစွာစုံစမ်းဆင်ခြင်ပြီးသော်၊ အခါကောင်းကိုမလွတ်စေမူ၍ အပ်သောအခါ သွားရာ၏။
(၁၈) ကောင်းသောလေးရပ်တို့ကို အလျင်သွားခြင်းကြောင့် အရှင်အပျက်အစီးကို မမြင်မူကား လျင်စွာ သွားရာ၏။

**တမန်တစ်ဦးနှင့် စုံစမ်းရမည့် အကြောင်းအရာ(၅)ပါး**

(၁) ရန်အပိုင်းအခြားကိုစုံစမ်းခြင်း၊
(၂) အဆွေခင်ပွန်း၏အပိုင်းအခြားကို စုံစမ်းခြင်း၊
(၃) မြို့ပြ၊ ကျီကျ၊ ဗိုလ်ပါသူရဲတို့၏အပိုင်းအခြားကို စုံစမ်းခြင်း၊
(၄) အသင်းအပင်း သိမ်းမြန်းခြင်း၊
(၅) စစ်မြေသာမသာကိုစုံစမ်းခြင်း တို့ဖြစ်ပါသည်။

သူလျှိုနှင့်ပတ်သက်၍လည်း သူလျှိုတစ်ဦးတွင် ရှိရမည့်အရည်အချင်း၊ သူလျှိုတစ်ဦး လုပ်ဆောင်ရမည့်နည်းလမ်းများကိုလည်း လမ်းညွှန်ထားပါသည်။

**သူလျှိုတစ်ဦး၏ အင်္ဂါရပ်(၆)ပါး**

(၁) သူ့အကြံအစည်သိတတ်ခြင်း၊
(၂) မပြတ်အောက်မေ့ခြင်း၊
(၃) လျင်သောလုံ့လရှိခြင်း၊
(၄) အစီးအပွား၌လိမ္မာခြင်း၊
(၅) ကောင်းသောအကျင့်ရှိခြင်း၊
(၆) သည်းခံနိုင်ခြင်း ၊

သူလျှိုဆိုရာမှာလည်း ရသေ့ရဟန်းအယောင်ဆောင်သောသူလျှို၊ လက်တတ်ပညာဖြင့် အယောင်ဆောင်ထားသည့်သူလျှို၊ အရောင်းအဝယ်ဖြင့် အယောင်ဆောင်သည့်သူလျှိုတို့ဖြင့် ရန်သူ၏အရပ်ထက်ဝန်းကို သိအောင်စုံစမ်းရမည်ဟု ဆိုထားပါသည်။

သူလျှိုတစ်ဦးအနေဖြင့် သတင်းရရှိနိုင်ရန်အတွက် မည်သို့သောပုဂ္ဂိုလ်များကို ချဉ်းကပ်ပြီး သတင်းရယူရမည်။ တစ်နည်းအားဖြင့် သတင်းပေးအဖြစ် မည်သို့သောပုဂ္ဂိုလ်များကို ချဉ်းကပ်မွေးမြူရမည်ဆိုသည်ကိုလည်း လမ်းညွှန်ထားပါသည်။

**သူလျှိုတစ်ဦးအနေဖြင့် သတင်းရယူရန် အဆွေခင်ပွန်းပြုရမည့်သူများ**

(၁) အ သောသူ
(၂) ကန်း သောသူ
(၃) နားပင်း သောသူ
(၄) စဉ်းလဲ သောသူ
(၅) နပုန်းကွ သောသူ
(၆) ကုန်း သောသူ

(၇) လက်တက်ပညာ တတ်သောသူ
(၈) ရဟန်း၌လုပ်ကျွေးသောသူ
(၉) မင်း၌လုပ်ကျွေးသောမိန်းမ
(၁၀) ပန်းကိုပြုပြင်သောသူ
(၁၁) မီးဆွဲ၊ ခရားဆွဲ၊ ရထားထိန်း၊ မြင်းထိန်း၊ ဟင်းချက်သောသူ
(၁၂) ဟင်းမျိုးပြုသောသူ
(၁၃) ချစ်စိုးသောသူ
(၁၄) ချိုးရေတော်တည်သောသူ
(၁၅) တန်ဆာဆင်ပေးသောသူ
(၁၆) စားတော်သည်
(၁၇) ကိုယ်လက်ဆုပ်နယ်သောသူ
(၁၈) ရေစိုး၊ ကွမ်းစိုး၊ ပန်းစိုး၊ နံ့သာစိုး၊ ဝတ်လဲတော်စိုး

ထိုပုဂ္ဂိုလ်များသည် မင်းထံမှစကား၊ အမတ်ထံမှစကား၊ သူတစ်ပါးဆီမှစကားတို့ကို ကြားသိတတ်သဖြင့် မိတ်ဆွေခင်ပွန်းပြု၍ သတင်းရအောင်စုံစမ်းရမည်ဟု ကာမန္ဒကီကျမ်းက လမ်းညွှန်ထားပါသည်။ ထိုနည်းဖြင့် တမန်၊ သူလျှို အထောက်တော်များသည် ရန်သူ၏အားနည်းချက်များကိုလည်း စုံစမ်းရမည်။ ရန်သူမင်း၏အကြောင်းကို သိရှိပြီးသည့်အခါ ရန်သူဘက်၌ မိမိမင်း၏ဘုန်းတန်ခိုး၊ သတင်း၊ နေကဲ့သို့ ဖြစ်စေရမည်။ မိမိနိုင်ငံ၏ကောင်းသောအပြုအမူများကို လ ကဲ့သို့ ဖြစ်စေရမည်။ တစ်ဘက်ရန်သူမင်း၏ အင်အားအခြေအနေကို သိရှိပြီးသည့်အခါ မိမိတို့ပြည့်ရှင်မင်းသည် ဆင်၊ မြင်းအစရှိသည့် ဗိုလ်ပါသူရဲ အင်အားအခြေအနေကိုဆင်ခြင်ပြီး အင်အားကြီးပွားတိုးတက်အောင် အားထုတ်ရပါမည်ဟု ဆိုထားပါသည်။

## ယုံကြည် မျက်စိမျက်ဆန်ပြုရာသောအမတ်၏ဂုဏ်အင်္ဂါများ

ယုံကြည် မျက်စိမျက်ဆန်ပြုရာသောအမတ်၏ဂုဏ်အင်္ဂါဆိုသည်မှာအနီး၊ အဝေး၊ အတွင်း၊ အပြင်၊ မင်းထံမှာ ထွက်ဝင်ခစားရသူ မှူးမတ်အမျိုးအစား(၁၄)မျိုးသောသူတို့၌ ရှိရမည့်အရည်အချင်းပင် ဖြစ်ပါသည်။ ထိုအမတ်(၁၄)မျိုးထဲ၌ ထောက်လှမ်းရေးတာဝန်ထမ်းဆောင်ရသည့် "စရ" ဟုခေါ်သည့် သူလျှိုအမတ်၊ ဒူတ ဟုခေါ်သည့် တမန်အမတ်များလည်း ပါရှိပါသည်။ ကာမန္ဒကီကျမ်းမှ သတ်မှတ်ထားသည့် အမတ်၏အင်္ဂါရပ်များသည် အထူးသဖြင့် ထောက်လှမ်းရေးတာဝန်ထမ်းဆောင်ရသည့် သူလျှိုအမတ်နှင့် တမန်အမတ်တို့အတွက် လိုအပ်သည့်အင်္ဂါရပ်များဖြစ်သဖြင့် ဖော်ပြအပ်ပါသည်။

(၁) စကားတတ်ခြင်း၊
(၂) ပဋိဘာန်ပညာတတ်ခြင်း၊
(၃) အောက်မေ့တတ်သောသတိရှိခြင်း၊
(၄) ရှင်သောနှလုံးရှိခြင်း၊
(၅) ခွန်အားကြီးခြင်း၊

(၆) မိမိနိုင်ငံသို့ သူတစ်ပါးကို ဆောင်နိုင်ခြင်း၊
(၇) ဒဏ်ပေးခြင်း၌ သိမ်မွေ့ခြင်း၊
(၈) လက်တတ်ပညာ ရှိခြင်း၊
(၉) ကောင်းစွာ ငြင်းခုန်တတ်ခြင်း၊
(၁၀) သူအဆိုအမိန့်ကို သည်းခံခြင်း၊
(၁၁) အမှုခပ်သိမ်းကို မြင်တိုင်းပြုနိုင်ခြင်း၊
(၁၂) ရန်သူအပြစ်ကို မြင်နိုင်ခြင်း၊
(၁၃) အစေ့အစပ်ကို ပြုနိုင်ခြင်း၊
(၁၄) စစ်ထိုးခြင်း အစီအရင်ကို ပြုနိုင်ခြင်း၊
(၁၅) စစ်ထိုးခြင်း၏အစီအရင်ကို အဟုတ်အတိုင်း သိနိုင်ခြင်း၊
(၁၆) လျှို့ဝှက်အပ်သော အတိုင်အပင်ကို သိနိုင်ခြင်း၊
(၁၇) အရပ်အခါကို သိနိုင်ခြင်း၊
(၁၈) ဥစ္စာကိုယူခြင်း၊ ပေးခြင်း၌ ကောင်းစွာသိတတ်ခြင်း၊
(၁၉) သူတို့၏အလိုက်ဖက်ကို သိတတ်ခြင်း၊
(၂၀) ကြောက်ခြင်း၊ အမျက်ထွက်ခြင်း၊ အငြိုးဖွဲ့ခြင်း၊ စဉ်းလဲ ခြင်း၊ လျှပ်ပေါ်ခြင်းတို့၌ကင်းခြင်း၊
(၂၁) သူတစ်ပါးအား ပူပန်စေခြင်း၊ ငြူစူခြင်း၊ အပြစ်မှကင်းခြင်း၊
(၂၂) ကြီးသောဥပဒေသနှင့် ယှဉ်ခြင်း၊
(၂၃) သိမ်မွေ့စွာ ကောင်းသောအမြင်ရှိခြင်း၊
(၂၄) ကျေးဇူးကောင်းကို သိတတ်ခြင်း၊
(၂၅) ချစ်ဖွယ်စကားကို ဆိုခြင်း၊
(၂၆) လူ၏အကျင့်ကို သိတတ်ခြင်း၊
(၂၇) ပညာမြဲမြံခြင်းတို့ ဖြစ်ပါသည်။

ကာမန္တကီကျမ်းကိုလေ့လာကြည့်မည်ဆိုလျှင် တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူအတွက် မိမိလုံခြုံရေးမှစပြီး စစ်ရေး၊ အုပ်ချုပ်ရေးကိစ္စများ၌ သူလျှိုတမန်များဖြင့် မည်သို့ ထောက်လှမ်းစုံစမ်းမှု ပြုလုပ်ရမည်။ သူလျှိုတမန်များကလည်း မည်သို့အရည်အချင်းရှိရမည်။ ထို့ပြင် ရှောင်ရန်၊ ဆောင်ရန်၊ လုပ်ဆောင်ရန်များကို အသေးစိတ်လမ်းညွှန်မှုပေးထားသဖြင့် ရှေးခေတ်မြန်မာမင်း၊ မှူးမတ်များသည် ထိုနီတိကျမ်းမှ ထောက်လှမ်းရေးအသိပညာများရခဲ့ကြမည်ဟု ဆိုရပါမည်။

## ကောဋိလျအာတ္ထသျှတ္ထရကျမ်း

ထိုကျမ်းသည် အိန္ဒိယနိုင်ငံ၊ စန္ဒဂုတ်မင်းလက်ထက် မင်းတိုင်ပင် ပညာရှိပုဏ္ဏား ကောဋိလျ (စာဏာကျ)က ရေးသားခဲ့သည့်နီတိကျမ်း ဖြစ်သည်။ ကောဋိလျ၏ငယ်နာမည်မှာ ဗိဿနိုးဂုပ္ဗသျှမ ဖြစ်ပါသည်။ ကောဋိလျမှာ မျိုးနွယ်အမည်ဖြစ်ပြီး ဇနကျ(Chanakya)၏သား ဖြစ်၏။ တက္ကသီလဒေသ (ယခု-ပါကစ္စတန်)၌ မွေးဖွားခဲ့သည်။ ၄၀၀ဘီစီ မတိုင်မီ ကောဋိလျ၏ ဒုတိယကျော်ကြားသည့်ကျမ်းမှာ

အာတ္ထသျှတ္တရပင် ဖြစ်ပေသည်။ ထိုကျမ်းသည်လည်း ပုဂံခေတ်ကတည်းက ရောက်ရှိခဲ့ပြီဟု ယူဆရသည်။ ကဝိလက္ခဏာဝိသောဓနီကျမ်းတွင် ဦးဆန်းထွန်း(မန်းတက္ကသိုလ်)က ကောဋိလျကျမ်းထဲမှ ဧကရာဇ်မင်းတို့၏နေ့ညအချိန်အပိုင်းအခြားအလိုက် စီမံဆောင်ရွက်ကြပုံများအား ရေးသားဖော်ပြထားသည်ကို လေ့လာသိရှိရသည်။ ပြည့်ရှင်မင်းတို့၏နေ့ညဆောင်ရွက်ကြသည့် လုပ်ငန်းဆောင်တာများထဲတွင် သူလျှိုများနှင့်တွေ့ဆုံပြီး သတင်းကြားနာခြင်း၊ ဆွေးနွေးခြင်း၊ သူလျှိုများဆိုင်ရာ တာဝန်ပေးခြင်းများ ပြုလုပ်သည်ကို တွေ့ရှိရပါမည်။ ထိုသို့သော လမ်းညွှန်မှုများကို မြန်မာရှင်ဘုရင်များသည် လေ့လာပြီး နည်းနာရယူခဲ့ကြလိမ့်မည်ဟု ယူဆရပေသည်။

မင်းဧကရာဇ်တို့သည် နေ့နှင့်ညဉ့်ကို ရှစ်ပိုင်း ရှစ်ပိုင်း (တစ်ပိုင်းလျှင် စက်နာရီအားဖြင့် ၁နာရီခွဲ) ခွဲခြား၍ အချိန်အပိုင်းအခြားအလိုက် မင်းမှုမင်းရေးတို့ကို စီမံဆောင်ရွက်ကြ၏။

(၁) နေ့၏ပထမပိုင်းတွင် တိုင်းသူပြည်သားတို့၏ကာကွယ်ရေး၊ လုံခြုံရေးနှင့် နိုင်ငံတော်၏ ဘဏ္ဍာရေး အဝင်အထွက်ကို ကြားနာတော်မူသည်။
(၂) ဒုတိယပိုင်းတွင် မြို့ပြပြည်သူတို့၏တရားတဘောင် အမှုအခင်းများကို ကြားနာတော်မူသည်။
(၃) တတိယပိုင်းတွင် ရေချိုးသုံးခြင်း၊ ပွဲတော်တည်ခြင်း၊ ဓမ္မကျမ်းစာဖတ်ရွတ်ခြင်းများ ပြုတော်မူသည်။
(၄) စတုတ္ထပိုင်းတွင် အခွန်တော်ဌာနကိုစစ်ဆေးခြင်း၊ အုပ်ချုပ်ရေးအရာရှိတို့၏ရာထူးခန့်ထားရေး၊ ပြောင်းရွှေ့ရေး စသောအမှုအခင်းများကို စီမံတော်မူသည်။
(၅) ပဥ္စမပိုင်းတွင် အရေးကြီးသောကိစ္စများနှင့်ပတ်သက်၍ မင်းတိုင်ပင်အဖွဲ့နှင့် တိုင်ပင်ဆွေးနွေးတော်မူသည်။ ဤအချိန်မှာပင် သူလျှိုများ၏လျှို့ဝှက်သောသတင်းများကို ကြားနာတော်မူသည်။
(၆) ဆဋ္ဌမပိုင်းတွင် မင်းဧကရာဇ်အလိုတော်ရှိရာအတိုင်း ပြုသည်။ သို့မဟုတ် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဆွေးနွေးတိုင်ပင်သည်။
(၇) သတ္တမပိုင်းတွင် ဆင်၊ မြင်း၊ ရထား၊ လက်နက်များကို စစ်ဆေးတော်မူသည်၊ နေရာချထားတော်မူသည်။
(၈) အဋ္ဌမပိုင်းတွင် စစ်သေနာပတိကို ခေါ်ယူတော်မူ၍ စစ်မက်ရေးရာများ ဆွေးနွေးတော်မူသည်။ ဤသို့အားဖြင့် ဆည်းဆာချိန်ရောက်သောအခါ "ဆည်းဆာဝတ်" ပြု တော်မူသည်။
(၉) ည၏ပထမပိုင်းတွင် သူလျှိုများနှင့် ဆွေးနွေးတော်မူသည်။
(၁၀) ဒုတိယပိုင်းတွင် ရေချိုးသုံးခြင်း၊ ပွဲတော်တည်ခြင်း၊ ဓမ္မကျမ်းစာဖတ်ရွတ်ခြင်းများ ပြုတော်မူသည်။
(၁၁) တတိယပိုင်းတွင် ပဉ္စင်တူရိယာသံကို နာခံတော်မူ၍ အဆောင်တော်ကူးတော်မူသည်။
(၁၂) စတုတ္ထပိုင်းနှင့် ပဥ္စမပိုင်း(သို့မဟုတ်)တစ်ယံပတ်လုံး အိပ်စက်တော်မူသည်။(ညဉ့် ၁၀ နာရီခွဲမှ နာရီပြန် ၁ ချက်ခွဲအထိ)
(၁၃) ဆဋ္ဌမပိုင်းတွင် တူရိယာသံနှင့်အတူ နိုးတော်မူသည်။ ထိုအချိန်တွင် နီတိကျမ်း(နိုင်ငံရေး)နှင့် လာမည့်နေ့တွင် အရေးတကြီးဆောင်ရွက်ဖွယ်များကို ဆင်ခြင်စဉ်းစား တော်မူသည်။

(၁၄) သတ္တမပိုင်းတွင် သူလျှိုများနှင့်လျှို့ဝှက်သတင်းများရယူခြင်း၊ ဆိုင်ရာဆိုင်ရာ တာဝန်ပေးအပ်ခြင်းများ ပြုသည်။

(၁၅) အဋ္ဌမပိုင်းတွင် ယစ်အကြီးအကဲများ၊ ဆရာကြီးများ၊ ပုရောဟိတ်များနှင့် အောင်နိမိတ်၊ အောင်ဟိတ်မင်္ဂလာဂါထာ၊ သျှန္တိ၊ ပါဠိကားမှု ပြုတော်မူသည်။ ညဥ့်၏အဆုံးပိုင်း၌ သမားတော်များ၊ စားတော်ကဲများ၊ ဟူးရားဗေဒင်သမားများနှင့် ဆွေးနွေးတိုင်ပင်တော်မူ၍ ကျန်းမာရေး အကြံပေးညွှန်ကြားချက်များကို ခံယူတော်မူသည်။

## ကောဋိလျအာသျှတ္တရကျမ်းလာ အထောက်တော်အမျိုးအစားများ

ကောဋိလျအာတ္ထသျှတ္တရကျမ်းတွင် စရ (ခေါ်) အထောက်တော်အား (၄)မျိုး ခွဲထားပါသည်။ ၎င်းတို့မှာ-

(၁) ကာပတိက

(၂) ဥဒါသိတ

(၃) ဂရိဟာပတိ

(၄) တာပ တို့ဖြစ်ကြပါသည်။

ကာပတိက အထောက်တော်သည် ကျောင်းသားလူငယ်များကဲ့သို့ သွားလာနေထိုင်ပြီး ကျောင်းသားလူငယ်များကို သူလျှိုဒလန်အဖြစ် အသုံးချခြင်းမျိုး ဖြစ်သည်။ ဥဒါသိတ အထောက်တော်မှာ ဘုန်းကြီးရဟန်း အသွင်ယူထားသူ ဖြစ်သည်။ ဂရိဟာပတိ အထောက်တော်မှာ အလုပ်လက်မဲ့အသွင်ယူထားသူ ဖြစ်သည်။ တာပ အထောက်တော်မှာ သူတော်ကောင်းအသွင်ယူထားသူ ဖြစ်သည်။

## ကောဋိလျ၏ထောက်လှမ်းရေးနည်းနာများ

ကောဋိလျအာတ္ထသျှတ္တရကျမ်း၏အလိုအရ တိုင်းနိုင်ငံမှာ ဘုရင့်အမှုထမ်းများနှင့် အများပြည်သူတို့၏စိတ်ဆန္ဒကို သိရှိစေရန် စရ (ခေါ်) အထောက်တော်များကို ကျယ်ကျယ်ပြန့်ပြန့် ခန့်ထားရမည်။ အထောက်တော်များကလည်း မင်းမှုထမ်းများ၏စိတ်ဆန္ဒကို သိရှိအောင်စုံစမ်းပြီး ဆန့်ကျင်ပုန်ကန်မည့်သတင်းများရလျှင် မင်းနှင့်လွှတ်တော်သို့ တင်လျှောက်သတင်းပို့ရမည်။ မင်းမှုထမ်းများ၏အမူအကျင့်နှင့် ဘုရင့်အပေါ်ကြည်ညိုလေးစားမှုများကို ဆန်းစစ်သုံးသပ်ရာတွင် အောက်ပါနည်းလမ်း(၄)သွယ်ဖြင့် ဆန်းစစ်ရမည်ဟု ဆိုပါသည်။ ၎င်းတို့မှာ-

(၁) ဓမ္မောပဒနည်း

(၂) အတ္တောပဒနည်း

(၃) ကာမောပဒနည်း

(၄) ဘယောပဒနည်း တို့ဖြစ်ကြပါသည်။

ဓမ္မောပဒနည်း ဆိုသည်မှာ သဘောတရားယုံကြည်မှုကို အကြောင်းပြု၍ စမ်းသပ်သည့်နည်းဖြစ်၏။ အထောက်တော်သည် ဆန်းစစ်လိုသည့် အမတ်ကြီးထံ ချဉ်းကပ်၍ ပြည့်ရှင်မင်း၏ပုရောဟိတ်မှ

စေလွှတ်သဖြင့် လာရောက်ခြင်းဖြစ်ကြောင်း၊ ပုရောဟိတ်က လက်ရှိဘုရင်သည် ဘာသာသာသနာ အပေါ် အလွန်ဆန့်ကျင်ကြောင်း၊ ရာဇပလ္လင်နှင့် မထိုက်တန်တော့ကြောင်း၊ လက်ရှိဘုရင်ကို နန်းချပြီး အခြားမျိုးနွယ်ကောင်း၍ သာသနာအပေါ်ကြည်ညိုသူ၊ စိတ်နှလုံးဖြူစင်သူကို ဘုရင်အဖြစ်တင်မြှောက်ရန် အားလုံးက သဘောတူလက်ခံကြကြောင်း၊ အမတ်ကြီး၏သဘောထား မည်သို့ရှိသည်ကို သိလိုကြောင်း ပြောဆိုရမည်။ ထိုအခါ အမတ်ကြီးက အထောက်တော်ကို ဟိန်းဟောက်ခဲ့လျှင် ဤအမတ်ကြီးအား ဘုရင့်အပေါ်ဖြူစင်သူဟု သတ်မှတ်ရမည်။ ထိုသို့ စမ်းသပ်သောနည်းကို ဓမ္မောပဒနည်းဟု ဆိုပါသည်။

အတ္ထောပဒနည်း ဆိုသည်မှာ ဥစ္စာဓနကိုအကြောင်းပြု၍ စမ်းသပ်သည့်နည်း ဖြစ်၏။ အထောက်တော်သည် သေနာပတိအမည်ကို အသုံးပြုပြီး ဆန်းစစ်လိုသူအမတ်ကြီးထံ သွားရောက်၍ သေနာပတိက ရှင်ဘုရင်ကိုနန်းချရန် အကူအညီတောင်းခြင်းဖြစ်ကြောင်း၊ အကယ်၍ အောင်မြင်လျှင် အမတ်ကြီးတောင်းသည့် ဥစ္စာဓန လိုသမျှပေးမည်ဖြစ်ကြောင်း ပြောဆိုရမည်။ အမတ်ကြီးက သေနာပတိ ၏စကားကို ပယ်ချခဲ့လျှင် ဘုရင့်အပေါ်သစ္စာစောင့်သိသူဟု သတ်မှတ်ရမည်။ ထိုသို့ ဥစ္စာဓနဖြင့် စမ်းသပ်သည့်နည်းကို အတ္ထောပနနည်းဟု ဆိုပါသည်။

ကာမောပဒနည်း ဆိုသည်မှာ ကာမဂုဏ်ကိုအကြောင်းပြု၍ စမ်းသပ်သည့်နည်း ဖြစ်၏။ ထိုနည်းဖြင့် စမ်းသပ်ရန်အလို့ငှာ မောင်းမမိဿံတစ်ဦးအား မိဖုရားကြီးနေသည့်အဆောင်တွင် သူတော် စင်သက်န်း ဆင်မြန်းပေးပြီး မိဖုရား၏ ကြည်ညိုလေးမြတ်သူ ယောဂီအဖြစ် ထားရှိရမည်။ ထိုယောဂီမကို အများက ကောင်းစွာ သိထားစေရမည်။ ထိုယောဂီမသည် ဆန်းစစ်လိုသူအမတ်ကြီးထံ ချဉ်းကပ်၍ မိဖုရားကြီးက အမတ်ကြီးကို ချစ်ကြိုက်နှစ်သက်နေကြောင်း၊ သူမ၏ချစ်ခင်နှစ်သက်မှုကို မလေးစားပါက အကြီးအကျယ် ပြဿနာဖြစ်နိုင်ကြောင်း ပြောရမည်။ ထိုအခါ အမတ်က ပြင်းထန်စွာ ဟိန်းဟောက်ခဲ့ လျှင် ဖြူစင်သူအဖြစ် သတ်မှတ်ရမည်။ ထိုသို့ စမ်းသပ်သည့်နည်းကို ကာမောပဒနည်းဟု ဆိုပါသည်။

ဘယောပဒနည်း ဆိုသည်မှာ ခြိမ်းခြောက်ပြောဆို၍ စမ်းသပ်သည့်နည်းပင် ဖြစ်သည်။ ရာထူး ဌာနန္တရ ချထားခံနေရသည့်မှူးမတ်များကို ဆန်းစစ်လိုသည့်အခါ အသုံးပြုသည့်နည်းဖြစ်၏။ အထောက် တော်သည် ထိုဆန်းစစ်လိုသည့်မှူးမတ်အားချဉ်းကပ်၍ လက်ရှိဘုရင် မကောင်းကြောင်း၊ ရှိသင့်သည့် အရည်အချင်း မရှိကြောင်း၊ ထို့ကြောင့် လက်ရှိဘုရင်ကို နန်းချကာ နောက်မင်းတစ်ပါးကို နန်းတင်သင့် ကြောင်း၊ အခြားအမတ်များကလည်း မနှစ်သက်ကြကြောင်း၊ ထိုအမတ်များနှင့် တွေ့ဆုံလျှင် ကောင်းမည်ဖြစ်ကြောင်းပြောဆို၍ သဘောထားမေးမြန်းရမည်။ ထိုသို့ ခြိမ်းခြောက်ပြောဆိုသော်လည်း မတုန်မလှုပ်၊ သဘောမတူခဲ့လျှင် ထိုအမတ်သည်ဖြူစင်သည်ဟု သတ်မှတ်ရမည်ဆို၏။

ဓမ္မောပဒနည်းနှင့်ထောက်လှမ်း၍ ဖြူစင်ကြောင်းသိလျှင် တရားရုံးမှာ ခန့်အပ်ရမည်။ အတ္ထောပဒနည်းနှင့်ထောက်လှမ်း၍ ဖြူစင်ကြောင်းသိလျှင် အခွန်တော်ဌာနတွင် ခန့်အပ်ရမည်။ ကာမော ပဒနည်းနှင်ထောက်လှမ်း၍ ဖြူစင်ကြောင်းတွေ့လျှင် အနောက်ဆောင်မှာ ခန့်ထားရမည်။ ဘယောပဒ နည်းနှင့်ထောက်လှမ်း၍ ဖြူစင်လျှင် ဘုရင့်အနီးအပါး၌ အရေးကြီးတာဝန်များ ခန့်အပ်ရမည်။ မဖြူစင် သောပုဂ္ဂိုလ်များကို အဝေးမှာရှိသည့် သတ္တုတွင်း၊ သစ်တော၊ ဆင်ထိန်းစသည့်နေရာများ၌ ခန့်ထားစေ ရမည်ဟု ဆိုပါသည်။

## အမရကောသကျမ်း

အမရကောသကျမ်းသည် ခရစ်နှစ်(၁၁၀၀)ခန့်က ပေါ်ပေါက်ခဲ့သည့် သက္ကတအဘိဓာန်ကျမ်းဖြစ်ကြောင်း၊ နိဿယပြန်ဆိုသူ အဘယာရာမဆရာတော်က ဆိုပါသည်။ ပင်းယခေတ်တွင် စတုရင်္ဂဗလအမတ်(၁၃၁၃-၁၃၆၃)က မြန်မာပြန်ဆိုခဲ့သည်ဟု အရှေ့တိုင်းပညာရှင်အချို့က ဆို၏။ ၁၄၂၆ခုနှစ် ထိုးတက်နွယ်ကျောင်းကျောက်စာ၌ အမရကောသကျမ်း၊ အမရကောသနိဿယကျမ်းစာရင်းကို အလှူမှတ်တမ်း၌ တွေ့ရသည်။ အမရကောသ သက္ကတအဘိဓာန်ထဲတွင် စရ(ခေါ်)သူလျှို၏ အခြားအဓိပ္ပာယ်မှာ ပြတျယိတ(ယုံကြည်အပ်သူ)ဟု တွေ့ရှိရသည်။ ထို့ကြောင့် မြန်မာမင်းများလက်ထက်က အထောက်တော်သူလျှိုဆိုသည်မှာ မင်း၏ယုံကြည်စိတ်ချအပ်သည့်ပုဂ္ဂိုလ်ဟု တိုက်ရိုက်အဓိပ္ပာယ်သက်ရောက်ပေသည်။

**အမရကောသကျမ်းလာ မင်း၏အုပ်ချုပ်ရေးဖွဲ့စည်းပုံ**

| | |
|---|---|
| (၁) မန္တြီ , သစိဝ , အမာတျး | မင်းတိုင်ပင်အမတ် |
| (၂) ကမ | အမှုထမ်းအမတ် |
| (၃) မဟာမာတြာ | အမတ်ချုပ် |
| (၄) ပုရောဟိတ ; ပုရောဓး | ပုရောဟိတ်၊ ယဇ်အမတ် |
| (၅) ဗျဝဟာရာဏာ၊ အကဒဂ်က | တရားသူကြီး |
| (၆) ပြတီဟာရး , ဒွါဒဿ , ဒွါရပါလ | တံခါးမှူးမတ် |
| (၇) ရက္ခိဝဂး | ကိုယ်ရံတော် |
| (၈) အဓျက၊ အဓိကဒတ | အကြီးအကဲ၊ အရာရှိ၊ အရာခံ |
| (၉) ဂြာမေ | တစ်ရွာသူကြီး |
| (၁၀) ဿာယုက | သူကြီး |
| (၁၁) ဂေါပ | တိုက်သူကြီး |
| (၁၂) ဘော်ရိကး ကနဘာဓျက | ရွှေတိုက်စိုး |
| (၁၃) ရူပါဓျက | ငွေတိုက်စိုး |
| (၁၄) အန္တး , မဝဂိကး | အတွင်းဝန်မှူး |
| (၁၅) ကဉ္စုကိန , ဿာပတျား | အနောက်ဝန် |
| (၁၆) မဏ္ဍး, ဝပဝရး | မိန်းမစိုး(နပုံး) |
| (၁၇) သေဝက | မင်းခစား |
| (၁၈) စရး၊ ဟာပ္ဒ၊ ပြတျယိတ | သူလျှို<br>ပြတျယိတ(ယုံကြည်အပ်သူ) |
| (၁၉) သာဝတရး | ဟူးရားဗေဒင်အမတ် |
| (၂၀) ကာသန္တိက | သမားတော် |
| (၂၁) တာန္တြိက, ဇာတသိဒ္ဓါန္တး | ကျမ်းဂန်တတ်သူ |

| | |
|---|---|
| (၂၂) သတ္တိ၊ ဂဟေပတိ | အိမ်ရှင်သူကြွယ် |
| (၂၃) လိပိကရ၊ အကရ- ဥဠုး | စာရေး |
| (၂၄) သံဒေဂ-ဟရ၊ဒူတ | သံတမန်(စေခိုင်းလိုက်သူ) |
| (၂၅) အဒ္ဓနီန | ခရီးသွား၊ ခရီးသည် |

## လောကနီတိကျမ်း

ပင်းယခေတ် လေးစီးရှင် သီဟသူမင်းလက်ထက်၌ စတုရင်္ဂဗလအမတ်ကြီးသည် လောကနီတိကျမ်းကို ရေးသားခဲ့ပါသည်။ လောကနီတိကျမ်း၌ စုံစမ်းထောက်လှမ်းမှုနှင့်သက်ဆိုင်သည့် ပညာယူဖွယ်များ၊ သံတမန်တစ်ဦး၏လိုအပ်သည့်အရည်အချင်းများကို အတုယူစရာ တွေ့ရပါသည်။

သုဇနကဏ္ဍ အပိုဒ်ရေ(၄၄)၌-

* စစ်မြေပြင်အရပ်၌ ရဲရင့်သူကို အလိုရှိ၏။
* လျှို့ဝှက်သောကိစ္စ၌ နှုတ်လုံသူကို အလိုရှိ၏။
* စားကောင်းသောက်ဖွယ် စားသောက်ရချိန်၌ ချစ်ခင်သူကို အလိုရှိ၏။
* ခက်ခဲနက်နဲသော အရေးကိစ္စကြုံတွေ့ရချိန်၌ ပညာရှိကို အလိုရှိ၏။

ပကိဏ္ဏက ကဏ္ဍ အပိုဒ်ရေ(၁၂၃)၌-

* နေ့ပြောနောက်ကြည့် ညပြောအောက်ကြည့် ဆိုဘိသကဲ့သို့ ကြည့်ရှုဆင်ခြင် ကုန်စင်အောင် စူးစမ်းမေးမြန်းခြင်းမပြုဘဲ စကားမဆိုရာ။
* တောလိုက်မုဆိုးသည် သားရဲ၏ဘေးရန်ကို အစဉ်သတိပြု ကြည့်ရှုရသကဲ့သို့ ကျင့်ရာ၏။

ဗာလဒုဇ္ဇန ကဏ္ဍ အပိုဒ်ရေ (၇၆)၌-

* န'တ္တဒေါသံ ပရေ ဇညာ၊ ဇညာ ဒေါသံ ပရဿတု။
  ဂုယှေ ကုမ္မာဝ အင်္ဂါနိ၊ ပရ ဒေါသဉ္စ လက္ခယေ။

ပဏ္ဍိတော၊ ပညာရှိသောသူသည် ။ အတ္တဒေါသံ၊ မိမိအပြစ်ကို။ ပရေ၊ သူတစ်ပါးတို့ကို။ န ဇညာ၊ မသိစေရာ။ ပရဿ၊ သူတစ်ပါး၏။ ဒေါသံတု၊ အပြစ်ကိုကား။ ဇညာ၊ သိအောင်ပြုရာ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ကုမ္မာ၊ လိပ်တို့သည်။ အင်္ဂါနိ၊ လက်ခြေ ဦးခေါင်းတို့ကို။ ဂုယှန္တိဣဝ၊ လျှို့ဝှက်ကုန်သကဲ့သို့။ အတ္တဒေါသံ၊ မိမိအပြစ်ကို။ ဂုယှေ၊ လျှို့ဝှက်ရာ၏။ ပရဒေါသဉ္စ၊ သူတစ်ပါးတို့၏ အပြစ်ကိုလည်း။ လက္ခယေ၊ မှတ်ရာ၏။ အကျဉ်းချုပ်ဆိုရလျှင် မိမိနှင့်ပတ်သက်သည်ကို သူတစ်ပါးမသိစေနှင့်၊ လက်ခြေဦးခေါင်းတို့ကိုသိုဝှက်တတ်သည့်လိပ်များကဲ့သို့ လျှို့ဝှက်ထားပြီး သူတစ်ပါးနှင့်ပတ်သက်သည်ကိုမူ သိအောင်လုပ်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

မိတ္တကဏ္ဍ အပိုဒ်ရေ(၈၆)၌ -

* ဝဟေ အ-မိတ္တံ ခန္ဓေန၊ ယာဝ ကာလံ အနာဂတံ။
  တမေဝ အာဂတေ ကာလေ၊ သေလေ ဘိန္ဒေ ယဋံ
  ဣဝ။

ယ၀၊ အကြင်မျှလောက်။ ကာလံ၊ မိမိ၏အကြံကာလသည်။ အနာဂတံ၊ မရောက်သေး။ တာ၀၊ ထိုရွေ့လောက်။ အမိတ္တံ၊ ရန်သူကိုလျှင်။ ခန္ဓေန၊ ပခုံးဖြင့်။ ၀ဟေ၊ ရွက်ဆောင်ရာ၏။ ကာလေ၊ မိမိအကြံကာလသည်။ အာဂတေ၊ ပြည့်စုံခြင်းသို့ရောက်လေပြီးသော်။ တမေ၀၊ ထိုရန်သူကိုလျှင်။ သေလ၊ ကျောက်၌။ ယဋံ၊ ရွက်ဆောင်သောအိုးကို။ ဘိန္ဒေက္က၀၊ ခွဲသကဲ့သို့ ဘိန္ဒေ၊ ဖျက်ရာ၏။ အကျဉ်းချုပ်ဆိုရလျှင် သံတမန်ဟူသည် အရှက်အကြောက်မရှိရဟု ဆိုခြင်းပင်ဖြစ်ပါသည်။

ပကိဏ္ဏက ကဏ္ဍ အပိုဒ်ရေ(၁၆၀)၌-

* ဓန ဓည ပယောဂေသု၊ တထာ ဝိဇ္ဇာဂမေသုစ။
ဒူတေသု၊ အပစာရေသု၊ စဇ္ဇာ လဇ္ဇာ တဒါဘဝေ။

လောကေ၊ လောက၌။ ဓနဓည ပယောဂေသု၊ ဥစ္စာစပါးရောင်း၀ယ်သောအခါတို့၌လည်းကောင်း။ တထာ၊ ထိုမှတစ်ပါး။ ဝိဇ္ဇာဂမေသုစ၊ အတတ်သင်သောအခါတို့၌လည်းကောင်း။ ဒူတေသု၊ တမန်အစေအပါးခံသောအခါတို့၌လည်းကောင်း။ အပစာရေသု၊ မေထုန်မှီဝဲသောအခါတို့၌လည်းကောင်း။ တဒါတေသုကာလေသု၊ ထိုအခါတို့၌။ လဇ္ဇာ၊ အရှက်အကြောက်ကို။ စဇ္ဇာ၊ စွန့်အပ်သည်။ ဘဝေ၊ ဖြစ်ရာ၏။ အကျဉ်းချုပ်ဆိုလျှင် မိမိအကြံမအောင်သေးလျှင် ရန်သူကိုပခုံးဖြင့်ထမ်းသကဲ့သို့ လုပ်ဆောင်ဖွယ်ရာများကို အောင်မြင်အောင်ဆောင်ရွက်၊ မိမိအကြံအောင်သည့်အခါ ထိုရန်သူကို ရွက်ထားသည့်အိုးအား ခွဲဘိသကဲ့သို့ ချေမှုန်းဖျက်ဆီးပါဟု ဆိုခြင်းဖြစ်သည်။

## ဟိတောပဒေသကျမ်း

ဟိတောပဒေသကျမ်းအား အေဒီ(၉)ရာစုခန့်က ဘင်္ဂလားပြည် ဝေလစန္ဒြမင်းလက်ထက်တွင် နာရာယနပဏ္ဍိတ်က ရေးသားပြုစုခဲ့သည်ဟု သိရပါသည်။ သက္ကတဘာသာဖြင့်ရေးသားခဲ့သည့် ထိုကျမ်းသည် မြန်မာနိုင်ငံသို့ ပင်းယခေတ်တွင်ရောက်ရှိခဲ့သည်ဟု ယူဆကြ၏။ ပင်းယခေတ် ငါးစီးရှင်မင်းရဲ ကျော်စွာလက်ထက်၌ သီရိမဟာစတုရင်္ဂဗလအမတ်ကြီး(၁၃၁၃-၁၃၆၃?)က မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။ ဟိတောပဒေသကျမ်း၌ မိတ်ဖွဲ့ခန်း၊ မိတ်ပျက်ခန်း၊ စစ်တိုက်ခန်း၊ စေ့စပ်ခန်းဟူ၍ နီတိများကို အခန်း(၄)ခန်း ခွဲထား၏။ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး နီတိများဖြစ်ပြီး အဓိကမှာ စစ်ရေးနီတိများဖြစ်သည်။ တိရစ္ဆာန်များစကားပြောဟန်ဖြင့် မင်းသားများကို နီတိကျမ်း သင်ကြားပေးခြင်း ဖြစ်ပေသည်။ ဤကျမ်း၌ ထောက်လှမ်းရေးနှင့်ပတ်သက်၍ သံတမန်တို့၏အင်္ဂါရပ်များ၊ သံတမန်ကျင့်ဝတ်များ၊ သူလျှို၏ အရေးပါမှု၊ သူလျှို၏တာ၀န်များ၊ သူလျှိုတစ်ဦး၏လုပ်ဆောင်မှုများကို သင်ခန်းစာပေးထားပါသည်။

ဝိဂ္ဂဟစစ်တိုက်ခန်း၌ မင်းညီမင်းသားများအား သေနင်္ဗျူဟာ စစ်တိုက်ခြင်းအကြောင်းအရာများကို ပညာပေးထားပေသည်။ ခံစစ်ကို မည်သို့ပြင်ဆင်ရမည်၊ ခံစစ်ကိုတိုက်သည့်အခါ မည်သို့တိုက်ရမည်ဆိုသည့်ပညာပေးသကဲ့သို့ ချီစစ်တိုက်စစ်မှာလည်း အလားတူ ပညာပေးထားသည်။ စစ်ရေးတွင် သူလျှိုအခန်းကဏ္ဍ၏အရေးပါမှုကိုလည်း ပညာပေးထားပါသည်။

သံတမန်နှင့်ပတ်သက်၍ ဟိတောပဒေသ စစ်တိုက်ခန်းတွင် သံတမန်ဆိုသည်မှာ မင်း၏ခံတွင်းဖြစ်၍ ယုတ်မာရိုင်းပျသော်လည်း မသတ်ထိုက်ကြောင်း၊ သံတမန်၏စကားကိုအခြေခံပြီး မိမိနိမ့်ကျမှု၊ ရန်သူ့မြင့်မြတ်မှုကို အသိအမှတ်မပြုသင့်ကြောင်း၊ သံတမန်ဆိုသည်မှာ ဘေးမဲ့ရထားသူဖြစ်၍ လွတ်လွတ်

လပ်လပ် မည်သည့်စကားကိုမဆို ပြောရဲ ဆိုရဲရမည်ဟု ဖော်ပြထား၏။ ထို့ပြင် သံတမန်စေလွှတ်ရန် ရွေးချယ်မည်ဆိုလျှင် သံတမန်တစ်ယောက်၏ရှိရမည့်အရည်အချင်းများအဖြစ် ဂုဏ်အင်္ဂါ(၁၀)ပါးကိုလည်း ဖော်ပြထားပါသည်။

## သံတမန်ဖြစ်ထိုက်သည့် ဂုဏ်အင်္ဂါ(၁၀)ပါး

(၁) အရှင်သခင်ကို လေးစားခြင်း
(၂) ဂုဏ်အရည်အချင်းရှိခြင်း
(၃) အကျင့်စာရိတ္တ ရိုးဖြောင့်စင်းခြင်း
(၄) ထိုထိုအမှုကိစ္စ ကျွမ်းကျင်ခြင်း
(၅) စကားအရာ လိမ္မာခြင်း
(၆) အပျော်အပါးစသော ပျက်စီးကြောင်းကင်းခြင်း
(၇) သည်းခံတတ်ခြင်း
(၈) ဗြဟ္မဏမျိုးဖြစ်ခြင်း
(၉) သူတစ်ပါးတို့၏လျှို့ဝှက်တိုင်ပင်ချက်ကို သိရှိရိပ်မိတတ်ခြင်း
(၁၀) ဉာဏ်ပညာရှိခြင်း

အရေးကြီးသည့်ကိစ္စ၊ လျှို့ဝှက်သည့်ကိစ္စများကို တိုင်ပင်ဆွေးနွေးသည့်အခါ လုံခြုံမှုရရှိပြီး သတင်းပေါက်ကြားမှုမရှိအောင် ဆိတ်ကွယ်ရာအရပ်မှာ (၂)ဦးချင်းသာ တိုင်ပင်ဆွေးနွေးသင့်ကြောင်း၊ လူအများရှေ့မှောက်တိုင်ပင်ဆွေးနွေးလျှင် ပညာရှင်များက မျက်နှာရိပ်၊ မျက်နှာကဲ၊ သံနေသံထား၊ မျက်စိ၊ မျက်နှာဟန်အမူအရာကိုကြည့်ပြီး စိတ်အကြံကိုရိပ်မိနိုင်ကြောင်း၊ ထို့ကြောင့် ဆိတ်ကွယ်ရာမှာသာ တိုင်ပင်သင့်သည်ဟု ပညာပေးထားပါသည်။

ကိုယ့်နိုင်ငံကလွှတ်မည့်သူလျှိုနှင့်ပတ်သက်၍လည်း ပြည့်ရှင်မင်းသည် ကျောင်း၊ သင်္ချိုင်း၊ နတ်ကွန်း စသည့်နေရာများ၌ တရားကျမ်းဂန်နာကြားဟန်ပြုပြီး ရသေ့ရဟန်းအသွင်ဆောင်ထားသော မိမိသူလျှိုနှင့် တိုင်ပင်နှီးနှောပြောဆိုသင့်ကြောင်း၊ ထိုသို့ တိုင်ပင်သည့်အခါ၌လည်း နား (၆)ခုရှိလျှင် အတိုင်အပင် ပေါက်ကြားပျက်ပြားနိုင်သဖြင့် မိမိနှင့်ရင်းနှီးဆက်နွယ်သူတစ်ဦးနှင့်သာ တိုင်ပင်ဆွေးနွေးသင့်ကြောင်း၊ ရှင်ဘုရင်၏အတိုင်အပင် အကြံအစည် ပေါက်ကြားသွားမည်ဆိုလျှင် ဖြစ်ပေါ်လာမည့်အကျိုးဆက်ကို တားဆီးပိတ်ဆို့ရန်ခက်ခဲကြောင်း၊ ထို့ကြောင့် တိုင်ပင်ပြောကြားချက်များကို ပိပိရိရိဖြင့်လျှို့ဝှက်ပြီး ဆောင်ရွက်သင့်ကြောင်း ပညာပေးထားပါသည်။

ဟိတောပဒေသကျမ်း၌ စစ်တိုက်သည့်အခါ ရန်သူ့သတင်းမရလျှင် ပိုင်ပိုင်နိုင်နိုင် စီမံချက်ချပြီး ရန်သူကိုစစ်မထိုးနိုင်သည့်အတွက် ရန်သူ့သတင်းရရှိရန် နည်းမျိုးစုံဖြင့် ထောက်လှမ်းရမည်၊ သူလျှိုကောင်းရရှိခြင်းသည် စစ်ပွဲ၌ အောင်ပန်းရရှိခြင်းဖြစ်သည်ဟု သူလျှို၏အရေးပါမှုကို ဖော်ပြထား ပါသည်။ စစ်တိုက်ရတော့မည်ဆိုလျှင် ရန်သူ့နေရာသို့ အရေးတကြီး သူလျှိုစေလွှတ်ရမည်၊ သူလျှိုလွှတ် ထားမှသာ ရန်သူ့အစီအစဉ်နှင့် အင်အားရှိသည်မရှိသည်ဆိုသည်ကို သိရမည်၊ မိမိနိုင်ငံ၊ သူတစ်ပါး နိုင်ငံတို့၌ အမှုကြီးငယ်ကို ကြည့်ရှုစုံစမ်းရာ၌ သူလျှိုဆိုသည်မှာ မင်း၏မျက်စိဖြစ်သည်၊ သူလျှိုတည်းဟူ

သော မျက်စိမရှိသည့်မင်းသည် အကန်းပင်ဖြစ်သည်၊ သူလျှိုလွှတ်လျှင် ယုံကြည်စိတ်ချရသည့် အဖော်တစ်ယောက်နှင့် လွှတ်ရမည်၊ သူလျှိုက ရန်သူ့နိုင်ငံ၌ အလိုရှိသည့်အကြောင်းအရာ စုံစမ်းထောက်လှမ်းပြီးလျှင် အဖော်အဖြစ်ပါရှိသူကို လုံခြုံပိရိစွာ ပြောဆိုမှာကြား ပြန်လည်စေလွှတ်ပါဟု နည်းလမ်းပေးထားပေသည်။ ထို့ပြင် စစ်တိုက်သည့်အခါ ရန်သူကို အကွဲကွဲအပြားပြားဖြစ်အောင် လုပ်ရမည်၊ ရန်သူကို ကွဲပြားအောင် လုပ်သည့်နေရာတွင် ရန်သူ့ဆွေမျိုးသားချင်းထက်ပိုပြီး ကွဲပြားအောင်လုပ်နိုင်မည့်သူ မရှိ၊ ထို့ကြောင့် ရန်သူ့ဆွေမျိုးသားချင်းများကို မိမိဘက်ပါအောင်လုပ်ရမည်၊ အရေးပါသည့်မှူးမတ်များကို အစေ့အစပ် လုပ်ပြီး ရန်သူ့အတွင်းရေးပျက်ပြားအောင် အားထုတ်ရမည်၊ ရန်သူ့နိုင်ငံသားများကို ပေးကမ်းချီးမြှင့်ပြီး တစ်နေ့နေ့ အသုံးဝင်အောင်လုပ်ရမည်ဆိုသည့် သူလျှိုစေလွှတ်၍ သင်းကွဲအောင်ပြုလုပ်ရန်နည်းလမ်းများကို ပေးထားသည်။

ဟိတောပဒေသကျမ်း၊ စေ့စပ်ခန်းတွင် ဥစ္စာပစ္စည်းကို သာတူညီမျှ ခွဲခြမ်းပေးခြင်း၊ သူလျှိုအဖွဲ့ လျှို့ဝှက်ပိရိခြင်း၊ အတိုင်အပင် လုံခြုံစွာရှိခြင်း၊ တိုင်းသူပြည်သားအမှုထမ်းများပေါ်၌ နှစ်သက်ဖွယ်စကား ပြောကြားလေ့ရှိခြင်းစသည့် ဂုဏ်အင်္ဂါ(၄)ပါးနှင့်ပြည့်စုံသည့်မင်းသည် သမုဒ္ဒရာအဆုံးရှိသည့် မြေအပြင်ကို စိုးမိုးအုပ်ချုပ်နိုင်လိမ့်မည်ဟု သူလျှို၏အဓိကအရေးပါမှုနှင့်ပတ်သက်၍ ထပ်မံဖော်ပြထားသည်ကို တွေ့ရသည်။

ဟိတောပဒေသကျမ်း၌ ထောက်လှမ်းရေးနှင့်ပတ်သက်၍ သူလျှိုကောင်းစေလွှတ်နိုင်သဖြင့် စစ်နိုင်သည်ဆိုသည်ကို သင်ခန်းစာပေးသကဲ့သို့ မိမိဘက်ကသတင်းရဖို့ သူလျှိုလွှတ်ရုံနှင့် မအောင်မြင်နိုင်၊ မိမိကဲ့သို့ ရန်သူ့ဘက်မှလည်း သူလျှိုလွှတ်ပေလိမ့်မည်၊ ရန်သူ့ဘက်မှစေလွှတ်သောသူလျှိုကို ဖော်ထုတ်ဖမ်းဆီးနိုင်ရန်လည်း အရေးကြီးသည်ဆိုသည့်သင်ခန်းစာကို ပေးထား၏။

## ရွှေဟသာ်မင်းပျို့

ရွှေဟသာ်မင်းပျို့ကို ပထမအင်းဝခေတ်၊ ရွှေနန်းကြော့ရှင်(၁၅၀၇-၁၅၃၂)လက်ထက်၌ ဆရာတော် ရှင်တေဇောသာရ(၁၄၈၈-၁၅၄၈)က ရေးသားခဲ့ပါသည်။ အသီတိနိပါတ်၊ ဇာတ်တော်စဉ်(၅၃၃) စူဠဟံသဇာတ်မှ စစ်သူကြီးသုမုခ၏ကျေးဇူးသစ္စာစောင့်သိမှုကိုစံထားပြီး ပညာပေးထားသည့်ပျို့ ဖြစ်ပေသည်။ ထိုပျို့၌ စစ်ရေးဆိုင်ရာ စစ်ပညာလေ့ကျင့်မှု၊ စစ်ဆင် စစ်မြင်း စောင့်ရှောက်မှု၊ သူရဲကောင်းများကို တန်ဖိုးထားချီးမြှောက်ရန်နှင့် စစ်ရေး၌စွန့်စားလိုစိတ်ရှိရန် တိုက်တွန်းပညာပေးထားသည်။ ထောက်လှမ်းရေးနှင့်ပတ်သက်၍ ပြည့်ရှင်မင်းဆိုသည်မှာ သူလျှိုထားရှိရမည်ဟု ပါရှိလေသည်။

*မင်းဟူကလျင်၊ နိစ္စခလေ့၊ ကြပတေ့ဖြင့်၊ မမေ့ကျန်ရာ၊ အခါမရှိ၊ မသိသိအောင်၊*
*လှုံ့လဆောင်၍၊ တောင် တောင်မြောက်မြောက်၊ နောက်နောက်ရှေ့ရှေ့၊ စေ့စေ့မျက်နှာ၊*
*အဖြာဖြာသား၊ ပြည်ရွာနဂိုရ်၊ ရပ်ထိုထို၌၊ သူလျှိုမျက်စိ၊ ရှိတို့အပ်စွ၊ ရှိတုံမှတည့်၊*
*ကိစ္စပြုမူ၊ ဟူဟူရာရာ၊ သူ့မှာကောင်းကျင့်၊ မကောင်းကျင့်ကို၊ သိလင့်တုံရ၊ သိပြီးမှလျှင်၊*
*ဖြဖြလုပ်ဆောင်၊ နေကာအောင်၏။*

## နဝရတ်ပျို့

နဝရတ်ပျို့ကို ပထမအင်းဝခေတ် ဒုတိယမင်းခေါင်(၁၄၈၀-၁၄၉၂)နှင့် ရွှေနန်းကြော့ရှင် ဘုရင်နရပတိ(၁၄၉၈-၁၅၆၃)တို့လက်ထက်၌ ထင်ရှားကျော်ကြားခဲ့သည့် တိလောကခင်ကြီး (ခေါ်) ဆရာတော်ရှင် ဣန္ဒဂုတ္တ (၁၄၉၈-၁၅၆၃)က ရေးသားစီရင်ခဲ့ပါသည်။ အင်းဝဘုရင် နရပတိကို ဆုံးမဩဝါဒပေးလိုသည့်အတွက် သက္ကတဘာသာဖြင့် ရေးသားထားသော "နဝရတန"ကျမ်းကို ဘာသာပြန်ဆိုပြီး ပျို့အဖြစ်ရေးသားခဲ့ခြင်း ဖြစ်ပေသည်။ အပိုဒ်(၆)၌ မင်းတို့၏ကျင့်ရိုးကျင့်စဉ်အတိုင်း လူအများ၏အကျင့်စရိုက်များကို ဒေါသမပါ၊ ပညာဖြင့် အမြကြံစည်သိတတ်သည့် သူလျှိုကောင်းဖြင့် ထီးဖြူဆောင်းမင်းတို့၏အကြံအစည်၊ အဖြောင့်အကောက်ကို အမြဲသိအောင်လုပ်ရမည်ဟု ဩဝါဒပေးထားပါသည်။

*နရာဒိပ္ပ၊ လောကထိပ်မိုး၊ ပြည်ကြီးစိုးသာ၊ မင်းရိုးကျင့်မှတ်၊ နားတော်သွတ်အံ့၊*
*ဘုန်းထွတ်ပြည့်ရှင်၊ ရွှေနားတင်လော့၊ ပုံပြင်နည်းနာ၊ မင်းကျင့်ရာကား၊ ဖွေရှာစိတ်ပြား၊*
*အများဗိုလ်ပါ၊ လူတကာ၏၊ ထွေလာအကျင့်၊ အဆင့်ဆင့်ကို၊ ဘုန်းရင့်ရန်တိမ်း၊*
*ခါခပ်သိမ်းလျှင်၊ မလိမ်းဒေါသ၊ ပညာမ,၍၊ နိစ္စကြံတတ်၊ သူလျှိုမြတ်ဖြင့်၊ လောကတ်*
*စရိတ်၊ သူကြံစိတ်ကို၊ နိမိတ်ထွေးယူ၊ သိအောင်မူလျက်၊ ထီးဖြူဆောင်းချင်း၊ ထိုထိုမင်း၏၊*
*ဝမ်းတွင်းကြံစည်၊ ဖြောင့်ကောက်သည်ကို၊ ဖွေနည်းဆင်ခြင်၊ အမြဲပင်လျှင်။ ကြံအင်*
*စူးစမ်းရာသတည်း။*

## လောကသာရပျို့

လောကသာရပျို့ကို အင်းဝမင်းကြီးစွာစော်ကဲ၏ဆရာတော် ရခိုင်သူမြတ်က ရေးသားခဲ့သည်ဟု အချို့က ဆိုပါသည်။ အချို့ကလည်း ကန်တော်မင်းကျောင်းဆရာတော် (၁၄၃၈-၁၅၁၃)ပြုစုခဲ့သည်ဟု ဆိုကြသည်။ လောကသာရပျို့သည် လောကအနှစ်သာရများကို ဖော်ညွှန်းပြဆိုသည့်ပျို့၊ အမျိုးလေးပါးတို့၏တာဝန်ဝတ္တရားများကို သင်ပြသည့်ပျို့ ဖြစ်ပါသည်။ စစ်ရေးဆိုင်ရာများပါရှိပြီး သူတစ်ပါး၏တိုင်းပြည်ရပ်ရွာ၌ ဖြစ်ပျက်နေသည့်အကြောင်းခြင်းရာများကို သိရှိရအောင် သူလျှိုများနှင့် အရောတဝင်တိုင်ပင်ပြီး ထိုသူလျှိုတို့ကိုစေလွှတ်၍ မနားမနေ စုံစမ်းကြိုးပမ်း လုပ်ဆောင်စေရမည်ဟု အပိုဒ်(၂၇)တွင် ဖော်ပြထား၏။

*သူပြည်သူရွာ၊ သူရပ်မှာ၌၊ ခြင်းရာသိကြောင်း၊ တချောင်းချောင်းလျှင်၊ ညွှဲပျောင်း*
*ရောဝင်၊ တိုင်ပင်ကြံထွေ ၊ သူလျှိုစေ၍ ၊ မနေစုံစမ်း၊ ကြိုးပမ်းလုပ်ဆောင်၊ အားအန်*
*ထောင်လျက်၊ နောက်နောင်မြေးသား၊ စီးပွားစဉ်ရှည်၊ တည်စိမ့်သောကြောင်း၊ နှုတ်*
*ကောင်းခွန်းသာ၊ လက်ဆောင်စာနှင့်၊ စေပါစင်းလျင်း၊ ထိုထိုမင်းကို၊ ချစ်တင်းမေးမြန်း၊*
*ဆွေခင်ပွန်းဟု၊ စိတ်မှန်းကိုယ်ကို၊ တံတစ်ဆို၍၊ ချစ်လိုစကား မှန်စေမင်း။*

## နေမိမဂ္ဂစိုးခဏ်းပျို့

ရှင်အဂ္ဂသမာဓိ(၁၄၇၉-၁၅၅၂)သည် နေမိမဂ္ဂစိုးခဏ်းပျို့အား မြန်မာသက္ကရာဇ်(၈၉၇)ခုနှစ်၊ ခရစ်နှစ်(၁၅၃၅)ခုနှစ်တွင် သိုဟန်ဘွား၏စနက်ကြောင့် အင်းဝပြည်ကြီးပျက်စီးနေချိန်၌ ရေးသားခဲ့သောပျို့ ဖြစ်သည်။ ထိုပျို့တွင် မင်းနှင့်ခေါင်းဆောင်ဖြစ်မည့်သူများအတွက် စစ်အတတ်ပညာကို တတ်မြောက်သင့်သည့်အကြောင်း၊ စစ်လက်နက်နှင့်ဝတ်စားဆင်ယင်ပုံ၊ ရန်သူ့သတင်း မပြတ်စုဆောင်းသင့်ကြောင်း၊ စစ်ချီ၊ စစ်တက်၊ ခံစစ်ပြင်ဆင်မှုစသည့် စစ်ရေးသဘောတရားများကို လေ့လာဖွယ်ရာ ပါရှိပါသည်။

ရန်သူ့သတင်းရရှိရန်နှင့်ပတ်သက်၍ မိမိတို့၌စစ်အင်အားကောင်းသည်ဆိုသော်လည်း ရန်သူ့နိုင်ငံများသို့ သူလျှိုစေလွှတ် ထောက်လှမ်းသင့်သည့်အကြောင်း ပြဆိုထားသည်ကို တွေ့ရပေသည်။ ယင်းပျို့အပိုဒ် (၁၅)၌-

*လောကစိုးကွပ်၊ အထပ်ထပ်လျှင်၊ ရန်စပ်လှစ်ဖွဲ၊ နိုင်ငံချဲ့က၊ ပြုံပြုံ့လပေါ်၊ ငါ့ထက်ကျော်သား၊ မင်းသော်တမာ၊ မရှိရာဟု၊ တကာလူဗိုလ် ၊ ပြောချီးဆိုလည်း၊ သူလျှိုမပြတ်၊ အညှံ့လွှတ်သို့၊ သိတတ်လေစွ၊ အောက်မေ့ကလျှင်၊ နရထွတ်ခေါင်၊ ရွှေဥသျှောင်ကို၊ ဆီရောင်မကွာ၊ ပြိုးပြုံးစွာ၍၊ ရတနာမျက်ရှင်၊ တန်းဆာဆင်လျက်၊ လုလင်ဘောင်ဝယ်၊ ရှက်စဖွယ်နှင့်၊ ရွှက်သွယ်မြဲညောင်း၊ မွဲသွေ့ရောင်း၍၊ ဆံကောင်းထူးလည်၊ ပြုလတ်သည်တည့်၊ မရှည်စရာ၊ မိန့်တော်စာနှင့်၊ မင်းမှာချဟန်၊ သေမင်းကျွန်ဟု၊ တမန်သူချင်း၊ ထိပ်ထက်နင်းသော် ၊ မျိုးရင်းဖံသီး၊ လင်မှီးစုံပြောင်၊ ရွှေဘုံဆောင်တက်၊ မင်းခေါင်နတ်ဆွယ်၊ ရှေးသာနှယ်ကို၊ အဘယ်ပျော်ရှာ ဤအံ့နည်း။*

## ဂမ္ဘီသာရပျို့

ဂမ္ဘီသာရပျို့ကို ရှင်မဟာရဋ္ဌသာရ(၁၄၆၈-၁၅၃၀)က ရွှေနန်းကြော့ရှင်လက်ထက်၌ ပြုစုခဲ့သည်ဟု ဆိုပါသည်။ အမျိုး(၄)ပါးကို သွန်သင်ဆုံးမသည့်ဆုံးမစာပျို့ကဗျာ ဖြစ်၏။ ထိုပျို့တွင် စစ်ရေးနှင့်ပတ်သက်၍ သင်ခန်းစာများပါရှိသည်။ ထောက်လှမ်းရေးနှင့်ပတ်သက်၍လည်း လေ့လာအတုယူဖွယ် သင်ခန်းစာများ တွေ့ရ၏။ သူလျှိုတစ်ဦး၊ ထောက်လှမ်းရေးသမားတစ်ယောက်အနေဖြင့် သတင်းရရှိရန်အတွက် သတင်းပေးစည်းရုံးသိမ်းသွင်းသည့်အခါ မည်သို့သိမ်းသွင်းရမည်ကိုလည်း လမ်းညွှန်ထားပေသည်။

*မိတ်ရန်ဝိုးဝါး၊ သူတပါး၏၊ ဝှက်ထားမြဲကျိတ်၊ ထဲကြံစိတ်ကို၊ တုံဆိတ်ကွယ်ရာ၊ ကြားပေလှမူ၊ ဝမ်းသာအားရ၊ နောင်ကာလလည်း၊ သိကသည့်တူ၊ ဆိုပါဟူ၍၊ ပျူပျူငှာငှာ၊ ချစ်မာယာနှင့်၊ နောင်ခါမရှောင်၊ ဆိုချင်အောင်လျှင်၊ သွေးဆောင်နှစ်ထောင်း၊ လှည့်ဖြားယောင်း၍၊ နှုတ်ကောင်းဖြည်းညင်း သာစေမင်း။*

မိတ်ဆွေလေလား၊ ရန်သူလား မကွဲမပြား ဝိုးတဝါးဖြစ်နေသူများ၏ သိုသိုသိပ်သိပ်တိုင်ပင်သည့် အကြံအစည်သတင်းကို တစ်စုံတစ်ယောက်က သင့်အား တိုးတိုးတိတ်တိတ်လာပြောလျှင် ထိုသို့ပြောလာသည့်သူကို နောင်သိလျှင်လည်း ယခုကဲ့သို့လာပြောရန် ဝမ်းမြောက်ဝမ်းသာ ပြောပါ။ နောင်အခါ မသွေမဖည်လာပြောချင်အောင် ထူးခြားသည့်အပြောအဆိုအမူအရာဖြင့် ထိုသူကို ဝမ်းမြောက်ဝမ်းသာစွာ သွေးဆောင်လှည့်ဖြားပြီး စကားချိုချိုသာသာနှင့် ပြောဆိုတတ်ပါစေဟု ဆိုထားသည်။

ထိုသို့ ရန်သူလေလား၊ မိတ်ဆွေလား မကွဲမပြားဖြစ်နေသည့်သတင်းကို ခိုင်မာသည့်သတင်း တည်ဆောက်ရန်လည်း လမ်းညွှန်ထားပါသည်။

*လွယ်လင့်တကူ၊ မယူအပြစ်၊ မုန်းချစ်ဝိုးဝါး၊ ထိုသူအားလည်း၊ ဆံဖျားလေသံ့၊ မပျံ့ရအောင်၊ ကွယ်ရှောင်ခဲခက်၊ ရိပ်ခြည်ဝှက်၍၊ ပြန်ပွက်မဆို၊ ဝမ်းထဲသိုလျက်၊ သူလျှိုတမန်၊ ရောက်ဟန်ကွေ့လည်၊ နက်ကြံစည်ဖြင့်၊ ကြားသည်သူနှုတ်၊ ဟုတ်မဟုတ်ကို၊ အားထုတ်စိုင်းပြင်း နာစေမင်း။*

ထို သိရှိရသည့်သတင်းစကားအရ မိတ်ဆွေမှန်းရန်သူမှန်း မသိရသေးသည့် သူ့အပေါ် အပြစ်ယူမလွယ်နှင့်။ မိတ်-ရန်မကွဲသေးသည့်သူလည်း လုံးဝမသိအောင် ခက်ခဲသည့်နည်းဖြင့် ဖုံးကွယ်ထားရန်၊

မမေးမမြန်းဘဲ ဝမ်းထဲမှာပင်ထားရန်၊ မိမိထံကသူလျှိုတမန်များ သူ့ထံရောက်အောင် နည်းကွေ့နည်းကောက် နက်နဲစွာကြံစည်၍ ပြောလာသည့်သတင်းစကား မှန်မမှန် အတတ်သိအောင် ကြိုးစားစုံစမ်း၊ မေးမြန်းမှုပြုလုပ်ရန်၊ ကြားသိသည့်အတိုင်း အရမ်းမယုံဘဲ ပြန်စုံစမ်းပြီး သိအောင်အားထုတ်ပါဟု ဆိုထား၏။

အထက်အကြီးအကဲများက ထူးခြားသည့်ကိစ္စ၊ လျှို့ဝှက်အပ်သည့်ကိစ္စ တိုင်ပင်ပြောဆိုသဖြင့် သိထားသည့်အခါ မည်သို့ထိန်းသိမ်းရမည်ဆိုသည်ကို အပိုဒ်(၄၁)၌ လမ်းညွှန်ထားပါသည်။

*သံသရာစက်၊ အဆက်ဆက်က၊ လေ့ကျင့်ဖူးစွာ၊ ဝါသနာကြောင့်၊ ပညာရင့်ညောင်း၊*
*သူတော်ကောင်းတို့၊ ကျိုးကြောင်းဟုတ်လှ၊ ထုံးစံပြသား၊ ဆုံးမစကား၊ ကျေးဇူးများကို၊*
*ကြားကြားသရွေ့၊ ရွှင်ပျော်မွေ့လျက်၊ နေ့လည်းအစဉ့်၊ ညဉ့်လည်းမကွာ၊ မှတ်သားနာ၍၊*
*ဖွေရှာစူးစမ်း၊ ပြောဆိုကျွမ်းလည်း၊ စိတ်ဝမ်းကြည်လင်၊ သားသိခင်မူ၊ တိုင်ပင်လျှို့ဝှက်၊*
*ထဲနက်ရေးခြား၊ ပြင်တပါးသို့၊ မကြားစေချင်၊ မမြင်စေလို၊ မဆိုစေမှု၊ တခုခု၌၊ မြော်ရှု*
*သတိ၊ မင်းရိပ်သိ၍၊ မျက်စိမမြင်၊ ခေါ်လျှင်မကြား၊ လျှာမဲ့ငါးသို့၊ ဆွေဝါးခင်ပွန်း၊*
*ဖွေမေးမြန်းလည်း၊ တခွန်းမပွား၊ မင်းစကားကို၊ ပိုက်သားဝမ်းတွင်း ကျေစေမင်း။*

မင်းနှင့်ပြောဆိုကျွမ်းဝင်သူဖြစ်၍ မိမိကိုကြည်ဖြူသည့်အရှင်သခင်က ပြင်ပလူတွေမကြား၊ မမြင် မသိစေချင်သည့်အတွင်းတော်ကိစ္စ၊ ထူးခြားသည့်ကိစ္စတို့၌ လျှို့ဝှက်အပ်သည့်တိုင်ပင်မှုပြုခဲ့လျှင် သတိဖြင့် ဆင်ခြင်ပြီး မင်းရိပ်မင်းကဲသိသည့်အတိုင်း မျက်စိကန်း၍မမြင်ရသည့်သူကဲ့သို့လည်းကောင်း၊ လျှာမရှိ၍ အ နေသူကဲ့သို့လည်းကောင်း၊ နားပင်း၍ မကြားသူကဲ့သို့လည်းကောင်း ကျင့်ရမည်၊ ထိုအကြောင်းကို သားမယားဆွေမျိုးများကိုသော်မှ တစ်ခွန်းမျှမပြောလေနှင့်၊ ဝမ်းထဲမှာပင်ထား၍ ဝမ်းထဲမှာပင် ပျောက်ပါစေဟု ဆိုထားပါသည်။

သူလျှိုတစ်ယောက်၊ ထောက်လှမ်းရေးသမားတစ်ယောက်အနေဖြင့် သတင်းရယူရန် ကြိုးစားဆောင်ရွက်ရာ၌ အတုယူနိုင်ရန်လည်း၊ အပိုဒ်(၄၄)မှာ ဖော်ပြထားပါသည်။

*လျှို့ဝှက်ထဲကြံ၊ နက်စံရည်ကောင်း၊ သူ့အကြောင်းကို၊ ချောင်းမြောင်းနှိုးနွှယ်၊ သိအောင်*
*ရွယ်မူ၊ ပွဲကျယ်အရပ်၊ မတင့်အပ်ဝယ်၊ ထက်ကြပ်မကွာ၊ နေကာမတွေ့၊ ကြည့်၍မမြော်၊*
*နားသော်မကြား၊ လိုမှုများကို၊ ဝှက်ထားမြဲကျိတ်၊ ထဲကြံစိတ်ဖြင့်၊ တိတ်တိတ်ဝှက်ခြင်း*
*မြဲစေမင်း။*

သူတစ်ပါး၏လျှို့ဝှက်ဖုံးကွယ်ထားသည့်အကြံအစည်၊ အစွမ်းသတ္တိ၊ အကြောင်းအရာတို့ကို သိအောင်လုပ်ရာ၌ လူသူအစည်းအဝေးပြုရာအရပ်၌ဖြစ်စေ၊ လူမြင်မခံသည့်အရပ်၌ ဖြစ်စေ၊ သူနှင့်အတူ နေကာမျှနှင့် သူ့အကြံကိုမသိရ၊ မမြင်ရမကြားရဖြစ်နေမည်ဆိုလျှင်လည်း မိမိသိချင်သည့်ကိစ္စ၊ သိလိုသည့် ကိစ္စတို့ကို သူတစ်ပါးမသိစေနှင့်၊ သိုသိုသိပ်သိပ်ဖြင့် ဝမ်းထဲမှာပင်ထား၊ ဝမ်းထဲမှာပင် ကြံစည်မှုကို ခိုင်ခိုင်မြဲမြဲ သိုဝှက်ထားပါဟု ဆိုထား၏။

ထောက်လှမ်းရေးသမား၊ သူလျှိုတစ်ဦးသည် မိမိလျှို့ဝှက်စကားကို ပြောမှားသွားခဲ့လျှင် မည်သို့ ကျင့်သုံးရမည်ဆိုသည်ကို အပိုဒ်(၁၆)မှာ သင်ခန်းစာယူဖွယ် လမ်းညွှန်ထားပါသည်။

*ရှေးကမကျွမ်း၊ သူစိမ်းရှမ်းကို၊ စူးစမ်းစာနာ၊ လိမ္မာနားဝင်၊ အကောင်းထင်၍၊  ဆင်ခြင်*
*မရှိ၊ သတိလွတ်ထွေ၊ ပြောမိလေသား၊ မချေသူ့နား၊ ကွယ်စကားကို၊ အများကြားအောင်၊*

*ပြယ်သည့်ယောင်သို့၊ ပွဲဘောင်ဆိုထို့ ၊ တဖန်လှုံ့မူ၊ နှုတ်တုံ့မလှဲ၊ မျက်နှာလွှဲ၍၊ ဝမ်းထဲ*
*ထွေငေါ်၊ မပွက်ဖေါ်တည့်၊ သည်တော်တမူ၊ အပြစ်ဟူ၍၊ မှတ်ယူစိတ်သွင်း ရှိစေမင်း။*

ယခင်ကမသိဘူးသည့်သူစိမ်းကို မိမိနှင့်နှိုင်းယှဉ်၍ လူကောင်းထင်ပြီး မစဉ်းမစား သတိလက်လွတ် လျှို့ဝှက်စကားပြောမိမည်ဆိုပါက ထိုသူကလည်း လူအများရှေ့တွင် ကျီစယ်သကဲ့သို့ ထုတ်ဖော်ပြောမည်ဆိုလျှင် ပြန်လည်ချေပခြင်းမပြုပါနှင့်။ မျက်နှာလွှဲပြီး ဒေါသကိုချုပ်တည်းကာ ငါ့အမှားပဲဟု စိတ်ထဲမှာ မှတ်ယူတတ်ပါဟု ဆိုထားပါသည်။

သူလျှိုအထောက်တော်တစ်ဦးအတွက် ပွဲလမ်းသဘင်အမျိုးမျိုးသို့ ဝင်ထွက်ရောနှော သတင်းရယူနိုင်ရန် အတတ်ပညာမျိုးစုံတတ်အပ်ကြောင်းကိုလည်း လမ်းညွှန်ထားပါသည်။

*အလိုက်အလိုက်၊ လူတို့၌ဝယ်၊ ကြက်တိုက်အန်ခတ်၊ ဇယ်လွတ်ပြေးချီ၊ ဗလီပြေးဖမ်း၊*
*လက်ပမ်းလက်ပွေ၊ ကျင့်လေကျင်လည်၊ ဆိုစသည်ကို၊ အရည်အစွမ်း၊ အတတ်သွမ်းဟု၊*
*မကျွမ်းမကျင်၊ နားမဝင်ဘူး၊ သဘင်ပွဲထံ၊ ရောမပွံသော်၊ ရှက်ရွံ့ဆုတ်ဆိုင်း၊ ရှိုင်းစိုင်း*
*မတ်လတ်၊ ဖြစ်တို့တတ်စွ၊ မလွတ်မကျန်၊ ဤရေးဟန်လည်း၊ မကျန်မကြွင်း စေ့စေ့မင်း။*

မည်သည့်နေရာ မည်သည့်ဌာနရောက်ရောက်၊ မည်သည့်လူတန်းစားနှင့်တွေ့တွေ့ ရောနှောနိုင်ဖို့ လိုအပ်ပါသည်။ သို့မှသာသူ့ရပ်၊ သူ့ရွာ၊ သူတို့ဘာသာအလိုက် ရောယှက်နိုင်ပြီး လိုအပ်သည့်သတင်းများ ရနိုင်ပါမည်။ ထိုသို့ရောနှောနိုင်ရန်အတွက် ကြက်တိုက်၊ ကြွေကစားခြင်းကအစ မည်သည့်အတတ်ပညာမဆို တတ်အပ်သည့်အကြောင်း ပညာပေးထားပါသည်။

## သံဝရပျို့

သံဝရပျို့ကို ပထမအင်းဝခေတ်၌ ရှင်မဟာရဋ္ဌသာရ(၁၄၆၈-၁၅၃၀)က ရေးသားပြုစုခဲ့ပါသည်။ အေဒီ(၁၅၂၄) မိုးညှင်းစလုံစော်ဘွားနှင့် ပြည်ဘုရင်သတိုးစောတို့ပေါင်းပြီး အင်းဝကို တိုက်ခိုက်ခဲ့ပါသည်။ အင်းဝရွှေနန်းကြော့ရှင်သည် အားမတန်၍ ဆုတ်ခွာရှောင်တိမ်းသည့်အခါ သတိုးစောက ရှင်မဟာရဋ္ဌသာရကို ပြည်သို့ပင့်ဆောင်သွားခဲ့ပါသည်။ ပြည်မြို့၌သီတင်းသုံးစဉ် သတိုးစော၏သားတော် ဘုရင်ထွေးလက်ထက်၌ ရေးဖွဲ့ခဲ့သည်ဟု ဆိုပါသည်။ သံဝရပျို့တွင် စစ်ရေးဆိုင်ရာ သင်ခန်းစာယူဖွယ်များ ပါရှိပါသည်။

သံဝရပျို့ ပိုဒ်ရေ-၁၅၉၊ ၁၆၀၊ ၁၆၁။ ၁၆၃၊ ၁၆၄ ကို လေ့လာကြည့်လျှင် ထောက်လှမ်းရေးနှင့် ပတ်သက်သည့်သင်ခန်းစာယူစရာများ တွေ့ရှိရပါသည်။ ရှင်ဘုရင်ဆိုသည်မှာ မည်ကဲ့သို့သော အရည်အချင်းရှိသူကို တမန်အဖြစ်မွေးမြူပြီး မည်သို့ပြုစုစောင့်ရှောက်ရမည်၊ တိုင်ပင်ဖော်တိုင်ပင်ဖက်ကို မည်သို့စည်းရုံးထားရှိရမည်။ ရန်သူဘက်ကသူလျှိုကို ဖော်ထုတ်ဖမ်းဆီးရမိအောင် မည်သို့လုပ်ဆောင်ရမည်၊ မည်သို့အရည်အချင်းရှိသူကို သူလျှိုအဖြစ်မွေးမြူမြောက်စားရမည်စသဖြင့် သင်ခန်းစာပေးထားပါသည်။

သံဝရပျို့ ပိုဒ်ရေ-၁၅၉ ၌ သံတမန်တစ်ယောက်၏အင်္ဂါရပ်များကို ဖော်ပြ၍ မည်သို့ချီးမြှင့်မြောက်စားရမည်၊ မည်သို့ဆောင်ရွက်ရမည်ကို လမ်းညွှန်ထားပါသည်။

*ပညာထက်မြန်၊ တတ်ပွန်စကား၊ သူ့အားမကြောက်၊ ပွဲမှောက်ရဲရင့်၊ သူနှင့်အလိုက်၊*
*စရိုက်ကျင့်တတ်၊ ကောင်းမြတ်ယဉ်ဆုံး၊ နှလုံးမယိုင်း၊ မှာတိုင်းဆိုကုံ၊ အင်ခြောက်စုံဖြင့်၊*
*ယုံကြုံစလောက်၊ ချီးမြှောက်မစ၊ လာဘမလျှို့၊ သံခံတို့လည်း၊ မင်းသို့လျှောက်လာ၊*

*သူခြင်းရာကို၊ မင်းမှာမချန်၊ ဟုတ်တိုင်းပြန်၏၊ မမှန်စကား၊ လျှပ်စာစားဟု၊ မင်းနား တထောင်၊ ကြားနှံဆောင်သော်၊ မင်းပေါင်မင်းလက်၊ ကျေးမက်ခရိုင်၊ စည်းစိမ်ပိုင်လည်း၊ ချက်ယိုင်ယုတ်မာ၊ များမကြာလျှင်၊ အာဏာလောင်ထိန်၊ ညှိုးခြောက်ပိန်သည်၊ နေရှိန်ပန်းနှယ် သွေ့သတည်း။*

ပညာတတ်မြောက်ခြင်း၊ စကားပြောတတ်ခြင်း၊ သူတစ်ပါးအား မကြောက်တတ်ခြင်း၊ ပွဲလမ်းသဘင်အလယ်တွင် ရဲရင့်ခြင်း၊ စိတ်နှလုံးကောင်းမွန်၍ သူတစ်ပါး၏စရိုက်ကို အလိုက်သင့် ကျင့်သုံးတတ်ခြင်း၊ မှာတိုင်း ဆိုတတ်ခြင်းစသည့် အင်္ဂါ(၆)ပါးနှင့် ပြည့်စုံသည့်တမန်ကို လာဘ်လာဘ မချို့တဲ့အောင် ချီးမြှောက်မစမည်ဆိုလျှင် မိမိအပေါ် လေးစားပြီး သိရှိသမျှ မခြွင်းမချန် ပြန်လည်ပြောဆိုလိမ့်မည်ဖြစ်သည်ဟု ဆိုထား၏။ ပိုဒ်ရေ-၁၆၀၌ သံတမန်နှင့်ပတ်သက်၍ သင်ခန်းစာပေးထားပါသည်။

*ဆိုသောကြားထင်၊ နားဝင်ကြလွယ်၊ ကြားဖွယ်လေ့ကျက်၊ အနက်မှတ်မိ၊ သတိမပြယ်၊ ခိပ္ပါယ်သိသူ၊ လူသူသိမ္မူ၊ သိအောင်ပြုလျက်၊ နှစ်စုဝေခြား၊ စီးပွားရှိမဲ့၊ ပြဲ့ပြဲ့မြင်နေ၊ လိမ္မာထွေဖြင့်၊ သွားလေရာရာ၊ ရန်ရှာမချုတ်၊ ကိုယ်နှုတ်နှိမ်ကြို့၊ ဤသို့တဦး၊ ကျေးဇူးမချို့၊ တမန်တို့လည်း၊ နှစ်ကိုယ့်တကိုယ်၊ ချစ်လိုတည့်တည့်၊ နှစ်ပြည်တပြည်၊ ဖြစ်စိမ့်သည်ဟု၊ လည်လည်လျားလျား၊ မင်းတပါးကို၊ အကြားစပ်တတ်၊ ကိုယ်သို့ညွှတ်မှ၊ ဆတ်ဆတ်မြားမြား၊ ထောင်ထားတယောက်၊ သံကျောက်အတူ၊ ကျန်သောဟူလည်း၊ မီးပူ၌တွင်၊ ဖယောင်းကင်သို့၊ ကျောချင်လျော့လျော့၊ မာန်မကျော့သည်၊ စိတ်ပျော့မျဉ်းမျဉ်း ခွေ့သတည်း။*

ပြောဆိုမှာကြားမှုကို သေချာစွာနာကြားပြီး နားဝင်လွယ်ခြင်း၊ မှာကြားသမျှကိုလေ့လာပြီး အဓိပ္ပာယ်သိအောင်ပြုခြင်း၊ သတိတရားလက်ကိုင်ထားပြီး မှာကြားမှုကို ပတ်ဝန်းကျင်လူအများသိအောင် ပြုတတ်ခြင်း၊ စီးပွားရှိ စီးပွားမဲ့သူတို့ကို လိမ္မာစွာဆက်ဆံတတ်ခြင်း၊ သွားလေရာ၌ သူတကာနှင့်ရန်မများဘဲ သင့်တင့်အောင် ကိုယ်နှုတ်နှိမ့်ချ ဆက်ဆံတတ်ခြင်းစသည့် အရည်အချင်းများနှင့် ပြည့်စုံသည့်သူကို သံတမန်အဖြစ် မွေးမြူစောင့်ရှောက်ရမည်။ ထိုသို့သောသံတမန်မှသာ မာန်မာနထောင်လွှားပြီး ကြမ်းတမ်းခက်ထန်သည့် တစ်ပါးတိုင်းပြည် တစ်ပါးမင်းတို့ကို နားဝင်အောင် ချဉ်းကပ်ပြောဆိုပြီး နှစ်ပြည်တစ်ပြည် ဆက်ဆံရေးအထူးကောင်းမွန်အောင် ဖန်တီးတတ်သဖြင့် မိမိအတွက် အကျိုးကျေးဇူး များစွာ ရတတ်သည်ဟု ဆိုထားပါသည်။

ပိုဒ်ရေ-၁၆၃တွင် သူလျှိုရန်ကို ကာကွယ်ဖော်ထုတ်တတ်ရန် သင်ခန်းစာပေးထားပါသည်။

*သူစိမ်းသူကျက်၊ အထွက်အဝင်၊ ရိပ်ခြည်ထင်က၊ အလျင်သိတတ်၊ လှည့်ပတ်လည့်ဝန်း၊ ပင်ပန်းခန့်ချို၊ အစိအစစ်၊ ပြေပြစ်လိမ္မာ၊ ဗိုလ်ပါချစ်ဖွယ်၊ တင့်တယ်ယောင်ဆင်း၊ သန့်ရှင်းမှုထား၊ ဟန့်နိုင်အားနှင့်၊ ခြောက်ပါးအင်စုံ၊ ရေးကုံဝိုက်လည်း၊ တံခါးသည်လည်း၊ တပြည်ရပ်သား၊ စွန့်စားသူလျှို၊ ရောရှက်ခို၍၊ ရောဆိုရောကျင့်၊ ရောခွင့်သာအောင်၊ ဗိုလ်ပုံဘောင်ဝယ်၊ ပေါင်မြောင်လျှို့ကတ်၊ ရောက်လှာလတ်သော်၊ ချောမွတ်စင်လှ၊ ကြေးမုံဝတွင်၊ အရိပ်မြင်သို့၊ သည်လျှင်သူ့သူ၊ မတူလူဟု၊ အယူကြံတွေး၊ ခြိမ်းမောင်းမေးက၊ မပြေးဝံ့စွမ်း၊ လက်ဖမ်းလွယ်ကာ၊ ညှိုးချုံးရှာသည်၊ မျက်နှာရှုဥ္စနှယ် ဇွေ့သတည်း။*

ဝင်ထွက်လာသူများကို ရန်သူလူလား၊ မိမိလူလား၊ အရိပ်အခြည်ကြည့်၍ သိခြင်း၊ ချစ်ခင်ဖွယ်ရာရှိခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ခွန်အားကြီးခြင်း၊ အပင်ပန်းခံနိုင်ခြင်း၊ မေးမြန်းစိစစ်ရာတွင် လိမ္မာခြင်း စသည့် အင်္ဂါ(၆)ပါးနှင့်ပြည့်စုံသူကို တံခါးမှူးအဖြစ် ရွေးချယ်ခန့်ထားရမည်၊ သို့မှသာ တိုင်းတစ်ပါးက သူလျှိုများသည် မိမိတို့ဗိုလ်ပါသူရဲများနှင့်ကပ်မြောင်ပြီး လျှို့ဝှက်စွာဝင်လာလျှင် မှန်ကိုကြည့်ပါက မိမိအရိပ်ပေါ်လာသကဲ့သို့ ကြိုတင်သိရှိဖမ်းဆီးနိုင်မည်၊ နည်းမျိုးစုံသုံးပြီး သူလျှိုတို့၏အကြံအစည်ကို ဖော်ထုတ်နိုင်မည်ဖြစ်သည်စသဖြင့် ဖော်ပြထားပါသည်။

သံဝရပျို့ ပိုဒ်ရေ-၁၆၄ ၌ သူလျှိုကောင်းတို့သည် မည်သည့်အရည်အချင်းများရှိရမည်။ မည်သို့ ထိုးဖောက်ထောက်လှမ်းရမည်။ မည်ကဲ့သို့မွေးမြူချီးမြောက်ရမည်စသည်ဖြင့် သင်ခန်းစာပေးထားပါသည်။

*ရဲလည်းရဲရင့်၊ ခွင့်လည်းခွင့်ထိ၊ သည်းခံချို၍၊ ဟုတ်လိချင်ဖွယ်၊ လည့်ပြယာယ်ဖြင့်၊ ဉပါယ်တံမျဉ်၊ မင်းတိုင်ယှဉ်၍၊ ဖိတ်စဉ်နှုတ်လျှံ၊ တိုင်ပင်သံကို၊ မင်းထံမင်းပါး၊ သူ့ကျွန်များတွင်၊ စကားနားထောင်၊ ကြားအောင်လည်းပြု၊ ရောရှက်မှုဖြင့်၊ အဏုမြူညှင်း၊ မြင်းမိုရ်ထွင်းသို့၊ ထိုးခြင်းသူလျှို၊ သူ့လိုသိကြောင်း၊ သူ့မှာချောင်းက၊ ရှိန်းကောင်းမန္တန်၊ တတ်ပွန်အပြီး၊ မှူကြီးထမ်းရည်၊ အညွှသည်လည်း၊ ဆံခြည်မခြား၊ သူ့ဗိုလ်ကြားဝယ်၊ ကျော်သွားချင်းဘောက်၊ စေတိုင်းရောက်က၊ ဝမ်းမြောက်စွာမှု၊ ရွှေငွေစုသည်၊ ရဲဆု တလက် ပွေ့သတည်း။*

ရဲရင့်ခြင်း၊ အခွင့်အလမ်းကိုသိတတ်ခြင်း၊ သည်းခံတတ်ခြင်း၊ ပရိယာယ်ဝေဝုစ်ကြွယ်ဝခြင်း စသည့်အရည်အချင်းများနှင့်ပြည့်စုံသူကို သူလျှိုအဖြစ် မွေးမြူရမည်၊ သို့မှသာ အခြားမင်းတစ်ပါး၏ ကျေးကျွန်များထံ ယုံကြည်အောင်ချဉ်းကပ်ပြီး အခြားမင်းများ၏အကြံအစည်များကို သိအောင်လုပ်နိုင်မည်၊ အခြားမင်းများ၏တန်ပြန်ထောက်လှမ်းမှုကိုလည်း၊ လိမ္မာပါးနပ်စွာ ရှောင်တိမ်းတတ်ရမည်၊ ဤကဲ့သို့သော သူလျှိုမျိုးကို ရဲဆု အဖြစ် ရွှေ ငွေ စသည်ပေးကမ်းချီးမြှင့်ရမည်ဟု ဆိုထားပါသည်။

ပထမအင်းဝခေတ်သည် ပုဂံခေတ်ထက်ပိုပြီး မြန်မာစာပေတိုးတက်လာပြီ ဖြစ်ပါသည်။ ထောက်လှမ်းရေးနှင့်ပတ်သက်သည့်တမန်၊ သူလျှို၊ အထောက်တော်ဆိုသည့်အသုံးအနှုန်းများလည်း သုံးနှုန်းလာကြပြီ ဖြစ်၏။ စာပေများ၌ သူလျှို၊ အထောက်တော်၊ တမန်တို့နှင့်ပတ်သက်သည့်အင်္ဂါရပ်များ၊ တာဝန်ဝတ္တရားများ၊ ထောက်လှမ်းရေးနှင့်ဆိုင်သည့်အကြောင်းအရာများ၊ လေ့လာအတုယူဖွယ်ရာများ တွေ့ရှိရသည်။ တိုးတက်ထွန်းကားလာသည့်စာပေများအရ မင်းသာမက မှူးမတ်ပြည်သူတို့ပါ လေ့လာနိုင်ကြမည်ဖြစ်သည်။ တွေ့ရှိရသည့်အထောက်အထားများအရ ပထမအင်းဝခေတ်၌ မြန်မာတို့၏ ထောက်လှမ်းရေးအသိပညာ၊ ထောက်လှမ်းရေးအတွေးအခေါ်များသည် မြင့်မားလာပြီဟု ဆိုနိုင်ပါသည်။

အခန်း(၅)

# တောင်ငူခေတ်
# ထောက်လှမ်းရေး

## တောင်ငူခေတ် ထောက်လှမ်းရေး

တောင်ငူခေတ်၊ ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်(၁၅၅၁-၁၅၈၁)သည် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့ပါသည်။ တောင်ငူခေတ်တစ်လျှောက် မင်းများသည်လည်း စစ်မက်ထူပြောမှုများနှင့် ဖြတ်သန်းခဲ့ကြရသည်။ ဟံသာဝတီ(ပဲခူး)ကိုဗဟိုပြုသည့် ဒုတိယမြန်မာနိုင်ငံတော်ကြီးသည် အလွန်အင်အားကြီးမားကျယ်ပြန့်ခဲ့သဖြင့် ထိုခေတ်ထိုကာလတွင် ထောက်လှမ်းရေးလုပ်ငန်းသည် မလုပ်မဖြစ် လုပ်ရပါလိမ့်မည်။ လုပ်လည်းလုပ်ခဲ့ကြပါလိမ့်မည်။ သို့ရာတွင် သမိုင်းမှတ်တမ်းများ၊ ထိုခေတ်၌ပေါ်ထွန်းခဲ့သည့် ရတု၊ ဧချင်းစသောစာပေများ၊ ကျောက်စာများ၌ ထောက်လှမ်းရေးနှင့်ပတ်သက်၍ ရေးသားမှတ်တမ်းတင်မှု မတွေ့ရသလောက်ပင် ဖြစ်သည်။ မင်းတရားရွှေထီး နန်းတက်သည့်အခါ ယောက်ဖတော်ဘုရင့်နောင်ကို ကျော်ထင်နော်ရထာဘွဲ့ပေးပြီး အိမ်ရှေ့မင်းတမျှ အခွင့်အရေးပေးခဲ့သည်ဟု ဆိုပါသည်။ မင်းတရားရွှေထီး(၁၅၃၁-၁၅၅၀)နန်းတက်ပြီး (၂)နှစ်ကျော်ခန့်တွင် သုရှင်တကာရွတ်ပိ (၁၅၂၆-၁၅၃၈)အုပ်စိုးနေသည့်ဟံသာဝတီကို မင်းတရားရွှေထီးနှင့်ဘုရင့်နောင်က တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ဟံသာဝတီကိုတိုက်ခိုက်သည့်အခါ ဘုရင့်နောင်က ပရိယာယ်ဖြင့် ဟံသာဝတီမင်းသုရှင်တကာရွတ်ပိနှင့် သူ့အထိန်းတော်(၂)ဦးဖြစ်သည့် ဗညားလောနှင့်ဗညားကျန်းတို့ကို ဥပါယ်သုံး၍ သွေးကွဲအောင်ပြုပြီးမှ တိုက်ခိုက်ခဲ့သည်ဟု သိရှိရပါသည်။

သမိုင်းပါမောက္ခဟောင်း ဒေါက်တာကျော်သက်ရေးသားသည့် ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်းအရ မင်းတရားရွှေထီးသည် မြောင်းမြနှင့်ပုသိမ်ကိုရပြီးသည့်အခါ ဟံသာဝတီ(ပဲခူး)ကို ဆက်လက်တိုက်ခိုက်ခဲ့သည်။ ဟံသာဝတီသားများကလည်း လေးနှစ်တိုင်တိုင် ကြံ့ကြံ့ခံထားခဲ့သည်။ နောက်ဆုံး၌ မင်းတရားရွှေထီးနှင့်ဘုရင့်နောင်တို့၏ဘေဒဥပါယ်ဖြင့် သင်းကွဲအောင်လုပ်ဆောင်နိုင်သဖြင့် သုရှင်တကာရွတ်ပိသည် သူ့အားအထားရဆုံးစစ်မှူး(၂)ယောက်ကို ကွပ်မျက်ခဲ့သည်။ ထိုသို့ ကွပ်မျက်မှုကြောင့် ကြံ့ကြံ့မခံနိုင်ကြတော့သဖြင့် ဟံသာဝတီကို သိမ်းပိုက်နိုင်ခဲ့သည်ဟုဆိုသည်။

မြန်မာမင်းများအရေးတော်ပုံကျမ်းတွင် လက်ဝဲနော်ရထာ(၁၇၂၃-၁၇၉၉)ရေးသားသည့် ဟံသာဝတီဆင်ဖြူများရှင်အရေးတော်ပုံ၌ ဟံသာဝတီဆင်ဖြူများရှင်က ယိုးဒယားကိုတိုက်ခိုက်စဉ် သူလျှိုထားရှိသတင်းရယူပုံကို တွေ့ရ၏။ ဟံသာဝတီဆင်ဖြူများရှင်သည် ထီးနန်းရပြီး အယုဒ္ဓယကို (၂)ကြိမ်တိုက်ခဲ့ရာ၌ ပထမအကြိမ်တိုက်ခိုက်စဉ်က ဖြစ်ပါသည်။ အယုဒ္ဓယမြို့ကို ဝိုင်းပတ်တိုက်ခိုက်သည့်အခါ ယိုးဒယားမင်းသည် စိုးရိမ်ကြောက်လန့်ပြီး စစ်ကူလာရန် လင်းဇင်းပြည်(ယခု-ဗီယန်ကျင်းမြို့ လာအိုနိုင်ငံ)ကို အပြင်းစေလိုက်သည်ဟု ဆိုသည်။ ထိုစစ်ကူတောင်းသည့်သတင်းကို သူလျှိုများက တင်လျှောက်သဖြင့် ဟံသာဝတီဆင်ဖြူများရှင် သိရှိခဲ့သည်။ ကြိုတင်သိရှိသည့်အတွက် လိုအပ်သော တပ်အခင်းအကျင်း၊ စစ်ရေးအစီအမံများပြုလုပ်ခဲ့ကြောင်း တွေ့ရပေသည်။

ဘုရင့်နောင်မင်းတရားကြီး ဒုတိယအကြိမ် အယုဒ္ဓယကိုတိုက်သည့်အခါ ယိုးဒယားများက မြို့တွင်းကနေ အပြင်းအထန်ခုခံသဖြင့် လုပ်ကြံ၍မရနိုင်ဘဲ ဖြစ်နေလေသည်။ မြို့ပြင်က ဝိုင်းရံတိုက်ခိုက်၍ မရနိုင်သည့်အခါ ဘုရင့်နောင်သည် သူလျှိုလွှတ်ပြီး ယိုးဒယားတို့စစ်ရေးကျဆုံးအောင် လုပ်ဆောင်ခဲ့ပါ

သည်။ ယိုးဒယားကိုပထမအကြိမ်တိုက်စဉ်က မြန်မာတို့လက်အောက်ကျရောက်နေသည့် ယိုးဒယား အမတ် ဖြချက္ကရီဆိုသူ ရှိသည်။ ဖြချက္ကရီကို ဘုရင့်နောင်က ကိုယ့်လူဖြစ်အောင် စည်းရုံးသိမ်းသွင်းသည်။ ဖြချက္ကရီကို မြန်မာတို့လက်က ထွက်ပြေးလွတ်မြောက်ဟန်ဆောင်ပြီး အယုဒ္ဓယမြို့တွင်းသို့ ဝင်စေခဲ့၏။ ယိုးဒယားဘုရင်သည် ဖြချက္ကရီကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုသည်။ အယုဒ္ဓယမြို့ကို ကာကွယ်ရန်အတွက် တာဝန်ပေးခဲ့သည်။ ဖြချက္ကရီသည် တိုက်ရည်ခိုက်ရည်ရှိသူများကိုဖယ်ရှားပြီး သူယုံကြည်ရသူများကို အရေးကြီးသည့်နေရာများတွင် ရွေးချယ်တာဝန်ချထားလိုက်သည်။ မြန်မာတို့နှင့်တိုင်ပင်ထားသည့် သူ့ အစီအမံများပြီးစီးသည့်အခါ ဘုရင့်နောင်ထံ စာရေးပြီးအကြောင်းကြားလိုက်၏။ မြန်မာတပ်များသည် ဖြချက္ကရီချိန်းဆိုသည့်ဘက်မှ မြို့တွင်းသို့ဝင်ရောက်ပြီး တိုက်ခိုက်သည့်အခါ အယုဒ္ဓယမြို့ကို အလွယ်တကူ သိမ်းပိုက်အောင်မြင်ခဲ့လေသည်။ သူလျှိုစစ်ဆင်နည်းကြောင့် အောင်မြင်မှုရခဲ့သည်ဟု ဆိုရပါမည်။

ဦးကုလား(၁၆၇၈-၁၇၃၈)၏မဟာရာဇဝင်ကြီးထဲတွင် ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင် ကိုယ်တိုင် ယိုးဒယားကိုတိုက်ခိုက်သည့်အခါ မြို့စီးပြစီးထူထပ်လှသဖြင့် လုပ်ကြံ၍မရနိုင်ဘဲ ကြန့်ကြာနေပါ သည်။ ဟံသာဝတီဆင်ဖြူများရှင်က ညီတော်၊ သားတော်မှအစ တပ်မှူး၊ စစ်ကဲများ ကြိုးစားအားထုတ် အမှုတော်မထမ်းသဖြင့် အရေးတော်ပြီးခဲနေသည်။ ကြိုးစားအားထုတ် အမှုတော်မထမ်းလျှင် ကြီးစွာသော အကွပ်တော်ခံရမည်ဟု အမိန့်တော်ထုတ်ပါသည်။ ညီတော်၊ သားတော်၊ တပ်မှူး၊ စစ်ကဲများလည်းကြိုးစား ပြီး တိုက်ခိုက်လုပ်ကြံကြ၏။ အထိအခိုက်အကျအဆုံး များသည်။ ချောင်းအဦး၌ရှိသည့် တပ်မှူး ဗညား စက်နှင့် စစ်ကဲစောတိုင်ခံတို့ကွပ်ကဲသည့်တပ်သည် အခြေအနေယိုင်သည့်အကြောင်း ယိုးဒယားတို့ သိရှိ သဖြင့် မြို့ထဲမှ လှေလေးငါးစင်းဖြင့် ထွက်၍တိုက်သည်။ တပ်သားများ ထင်းခွေ၊ ဟင်းခူးသွားခိုက် လှေမှာရှိသည့်အမြောက်သေနတ်များကိုယူပြီး တဲ(၁)လုံး(၂)လုံး မီးရှို့ခဲ့သည်။ ထိုစစ်မျက်နှာကို ကွပ်ကဲ သည့် ပြည်ဘုရင် သတိုးဓမ္မရာဇာ၏စစ်သည်များက မြင်သဖြင့် လိုက်၍တိုက်ရာ ယိုးဒယားလှေများ မြို့ထဲသို့ ပြန်လည်ပြေးဝင်သွားသည်။ ထိုကိစ္စကို နားခံများကလျှောက်သဖြင့် ဟံသာဝတီဆင်ဖြူများရှင် သိသွားသည့်အခါ ကိုယ်တိုင်သွားရောက်ကြည့်ရှုလေသည်။ တပ်မှူးဗညားစက်နှင့် စစ်ကဲစောတိုင်ခံတို့ (၂)ဦး ထွက်ပြေးသွား၏။ ဟံသာဝတီဆင်ဖြူများရှင် အမျက်တော်ရှပြီး ထိုကိစ္စ၌တာဝန်ရှိသည့် ညီတော် ပြည်ဘုရင် သတိုးဓမ္မရာဇာအား ကွပ်မျက်ရန် အမိန့်တော်ချသည်။ကွပ်မျက်ခါနီးဆဲဆဲ ထွက်ပြေးသွား သည့်တပ်မှူးနှင့်စစ်ကဲတို့ ပြန်မိလာသဖြင့် တပ်မှူးဗညားစက်နှင့်စစ်ကဲစောတိုင်ခံတို့ကိုသာ ကွပ်မျက်ခဲ့ သည်။ ထိုအကြောင်းအရာကိုကြည့်လျှင် ဟံသာဝတီဆင်ဖြူများရှင်သည် စစ်မြေပြင်၌ နားခံ ဆိုသည့် စစ်ဘက်ထောက်လှမ်းရေးအရာရှိထားရှိပြီး ရန်သူ့သတင်းသာမက မိမိသတင်းကိုပါ ထောက်လှမ်းစေခဲ့ ကြောင်း သိနိုင်ပေသည်။ ဘုရင့်နောင်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၉၃၅ ခု၊ သီတင်းကျွတ်လဆန်း (၁၁)ရက်နေ့ ထုတ်ပြန်ခဲ့သောအမိန့်တော်တမ်းတွင် လူအင်အား(၅၀၀)ပါသောတပ်တစ်တပ်၌ စစ်ဘက်နားခံ(၂)ဦးအထိ ခန့်ထားကြောင်း တွေ့ရှိရသည်။

*ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော ဆင်ဖြူများရှင် လက်နက်စကြာ သခင် အသျှင်ဘဝရှင်မင်းတရားကြီးအမိန့်တော်ရှိသည် . . .*

*"ရွှေတောင်လက်ဝဲကျော်ကို တပ်မှူး၊ ငမြတ်သူ၊ ငလွန်းပြေတို့ကို စစ်ကဲ၊ ငမြိမ်း၊ ဒေဝ သီဟတို့ကို နားခံ၊ တုရင်ပျံချီ၊ ငကြီးတို့ကို တပ်ရေး၊ တပ်ပါ သေနတ်ကိုင် ၂၅၀၊ လှံကိုင် ၂၅၀၊ ၂ စု ၅၀၀ နှင့် တတပ်၊"*

*"သီရိစည်သူကျော်ခေါင်ကို တပ်မှူး၊ သီရိရွှေတောင်၊ သောပန်းတို့ကို စစ်ကဲ၊ သောပန်းအောင်၊ ငဖြူတို့ကို နားခံ၊ ငစိန်ညို၊ ငလုံးတို့ကိုတပ်ရေး၊ တပ်ပါ မြင်းစီး ၆၀၊ သေနတ်ကိုင် ၂၀၀၊ လှံကိုင် ၂၄၀၊ ၃ စု လူ ၅၀၀ နှင့် တတပ်၊"*

*"နိုင်ငံတော် ကျိုင်သင်မြို့သို့ လင်းဇင်းရှမ်းရွာကို နှောက်ရှက်လာရောက်သည်တွင် ကျိုင်သင်မြို့ဝန် စစ်ကဲနားခံအရာရှိတို့ တပ်မှူးမြို့စားသဥ်ပေါ်မိုင်တစု ကျေးဇူးသစ္စာတော်မြတ်ကိုစောင့်၍ သစ္စာတညီတညွတ် ကြံကြသည်ကို မတိုးမတက်နိုင်ရှိသည်နှင့်"*

ဤအမိန့်တော်ကို ကြည့်ခြင်းအားဖြင့် တောင်ငူခေတ် တပ်မတော်ဖွဲ့စည်းပုံ၌ စစ်ဘက်အထောက်တော် နားခံအရာရှိ ထားရှိသကဲ့သို့ မြို့ပြအုပ်ချုပ်ရေးတွင်လည်း မြို့ဝန်၊ စစ်ကဲတို့နှင့်အတူ ထောက်လှမ်းရေးတာဝန်ထမ်းဆောင်ရသည့် နားခံအရာရှိ ထားရှိကြောင်း တွေ့ရှိရပါသည်။

## တောင်ငူခေတ် သုဝဏ္ဏဗျူဟာ

တောင်ငူခေတ်မြန်မာစာပေ၌ ရတုဘုရင်အဖြစ်ထင်ရှားခဲ့ကြသည့်နတ်ရှင်နောင်(၁၅၇၈-၁၆၁၃?)၊ နဝဒေး(၁၄၉၉-၁၅၈၈?)တို့သည် ကျေးစေရတုပေါင်းများစွာ ရေးသားခဲ့ပါသည်။ အလွမ်းဘွဲ့ ကျေးစေရတုအရ ကျေးငှက်ကိုအသုံးချသည့်သုဝဏ္ဏဗျူဟာကိုလည်း ကောင်းစွာနားလည်သည်ဟု ဆိုရပါမည်။ မဟောသဓဇာတ်တော်ထဲ၌လည်း သုဝဏ္ဏဗျူဟာကိုအသုံးချခဲ့သည့်အကြောင်း ပါရှိပြီးဖြစ်၍ ကျေးငှက်တို့နှင့်သတင်းရယူသည့် ဤနည်းဗျူဟာကို မြန်မာတို့ ကောင်းစွာနားလည်ကြပြီး ဖြစ်ပေသည်။

နတ်ရှင်နောင်၏" ချင့်တာသုံးထောင်" အစချီ ကျေးစေရတုတွင် မိုင်ပေါင်းများစွာ ဝေးကွာသည့် တရုတ်ဥတည်မင်း၏ သမီးတော်ထံ တောင်ငူကေတုမတီနန်းတော်မှ ကျေးငှက်ကို စေလွှတ်ခဲ့ဟန် ရေးသားဖွဲ့ဆိုထားပါသည်။ ရတုပါအရေးအဖွဲ့အရ ကျေးငှက်နှင့် စာထည့်ပေးနိုင်ကြောင်း၊ အမှာစကားပါးနိုင်ကြောင်း၊ တစ်ဘက်ကပြန်မှာသည့်စကားကိုလည်း ပြောပြနိုင်ကြောင်း တွေ့ရှိရ၏။

ထိုရတုကိုလေ့လာခြင်းအားဖြင့် တောင်ငူခေတ်တွင် သုဝနည်းဗျူဟာအသုံးပြု၍ ရန်သူ့သတင်းစုံစမ်းထောက်လှမ်းသည့်ထောက်လှမ်းရေးနည်းပညာကို ကောင်းစွာသိရှိမည်ဟု ဆိုနိုင်ပါသည်။

**ကျေးစေရတု**

ဥတည်မင်း-သမီးထံစေဟန်

*ချင့်တာသုံးထောင်၊ သချ်ာဆောင်၍၊ တောင်လည်းရံဝန်း၊ ပန်းလည်းကြိုင်ပျံ၊ သာမောလျှ၏၊ မိဘမျိုးဆွေ၊ ရွှေတောင်နေသား၊ ခြေကားသန္တာ၊ နှုတ်အာပတ္တမြား၊ ပြယားမျက်စိ၊ ကိုယ်လုံးညိမျှ၊ နှံ့သိပညာ၊ လိမ္မာဆန်းကြယ်၊ လွန်တင့်တယ်လျက်၊ မင်းဘွယ်စိုးယ၊ သိက္ခမ်းလှသည်၊ နရသံတည်၊ ကျေးမြရည်။ ။*

*ကျူးရှည်မြေခြား၊ နိုင်ငံပြားသည်၊ တိုင်းကားပြောစည်၊ သင်းတွဲ(ယူနန်)ပြည်၌၊ ကြီးသည် အာဏာ၊ တရားရိပ်ဖြူ၊ အမိုးမူလျက်၊ ကျိုက်ဆူသတင်း၊ ဥတည်မင်း၏၊ ရင်တွင်းသမီး၊ လျှံညီးဆင်းဝါ၊ ထွတ်ကလျာသို့၊ မကြာဆောလျှင်၊ ပျံစေချင်သည်၊ မြသွင်ကျေးသား တမန်သော။ ။*

*ဆင့်ကာကုံးမြောင်၊ ပန်းလက်ဆောင်နှင့်၊ မြဲအောင်ခွေလိပ်၊ ခတ်တံဆိပ်ကို၊ ဦးထိပ်တင်ထွေ၊ ပျံရောက်လေသော်၊ လှနေစံမြောက်၊ နှစ်ယောက်မဆွယ်၊ ရွှေနန်းလည်၌၊ သုံးရွယ်ဝန်းရံ၊ တင့်စံနှစ်ခြိုက်၊ နေသောကြိုက်ဝယ်၊ သောင်းတိုက်ရပ်သား၊ ဝပ်တွားရုံးစု၊ ခွန်ဆက်ပြုသည်၊ ကေတုမတီ၊ သိင်္ဂီနန်းတည်၊ ပွင့်လင်းစည်သား၊ ရွှေပြည်အုပ်စိုး၊ အခေါင်မိုးဆည့်၊ နေမျိုးလုဖျား၊ သည်းကြားရင်သွေး၊ သားတော်ထွေးဟု၊ နီးဝေးကြေညာ၊ ကျော်ဝှန်ဝါလျက်၊ အာဏာလွှမ်းကဲ၊ ပြိုင်ဘက်ရှဲသား၊ မင်းရဲကျော်ထင်၊ ကျွန်းလုံးရှင်က၊ ရပ်ခွင်မြေခြား၊ စေသောအားဖြင့်၊ ထံပါးရွှေမှောက်၊ ရောက်သောဟန်ကို၊ မကျန့်ကြောင်းလျား၊ ပြန်လျှောက်ကြားသည်၊ စကားကြွင်းမဲ့ မချန်သော။ ။*

*သင့်စွာထုံးနှောင်၊ မိန့်စာစောင်နှင့်၊ ရွှေရောင်အသား၊ ကြိုင်ပျံ့ရှားသည်၊ စကားသီရှုံး၊ ဆက်ပြီးဆုံးမှ၊ တောလုံးဟေဝန်၊ ကျူးခဲ့လွန်၍၊ တမန်တို့ခေါက်၊ ပြန်လှာရောက်ဟု၊ ပေါက်ပေါက်ပျားရည်၊ ချစ်ကြည်မြတ်လေး၊ လက်တော်ကျွေး၍၊ ဆေးလေးကြောင်းဝန်၊ လျှောက်လိုက်ဟန်ကို၊ ဘုန်းဝှန်နတ်တူ၊ မေးတော်မူသော်၊ ရန်သူအလုံး၊ ကြောက်ရွံ့ချုံးသည်၊ ပတ်ကုံးကျော်ကြား၊ ထွတ်ဘုရား။ ။ နှစ်ပါးတွေးဆ၊ မယွင်းခွနှင့်၊ မြွက်ဟသံညောင်း၊ လျှောက်လိုက်ကြောင်းမူ၊ တသောင်းသချီ၊ ကျွန်းမျက်နှာထက်၊ များစွာအပေါင်း၊ ရှစ်သောင်းလေးထောင်၊ မြို့ကုန်အောင်ကို၊ အခေါင်လက်ရုံး၊ သိမ်းကျုံးအာဏာ၊ စိုးသောခါမှ၊ လက်ယာတောင်နေ၊ ဖြစ်ပါစေဟု၊ သံခြေသံချို၊ ကျွန်ုပ်ကိုလျှင်၊ မြွက်ဆိုကြောင်းလျား၊ လျှောက်လိုက်ကြားသည်၊ ပျို့ထွားချောနွဲ့ နတ်ဟန်သော။ ။*

အထောက်အထားများများစားစား မတွေ့ရသော်လည်း ဒုတိယမြန်မာနိုင်ငံကိုထူထောင်ခဲ့သည့် ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်သည် စစ်ရေး၊ အုပ်ချုပ်ရေး၌ သူလျှိုများ ထားရှိပါလိမ့်မည်။ ထောက်လှမ်းမှုများ လုပ်ခဲ့ပါလိမ့်မည်။ ဘုရင့်နောင်သာမက တောင်ငူခေတ်ကမင်းများအားလုံး သူနည်းသူ့ဟန်နှင့် ထောက်လှမ်းမှုများလုပ်ခဲ့ကြမည်မှာ သေချာပါသည်။

အခန်း(၆)

# ညောင်ရမ်းခေတ် ထောက်လှမ်းရေး

# ဒုတိယအင်းဝခေတ်(သို့မဟုတ်)ညောင်ရမ်းခေတ် ထောက်လှမ်းရေး

မင်းတရားရွှေထီး၊ ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်တို့တည်ထောင်ခဲ့သည့်ဟံသာဝတီ နေပြည်တော်ကြီးသည် နန္ဒဘုရင်(ခေါ်)ငါးဆူဒါယကာ(အေဒီ ၁၅၈၁-၁၅၉၉)လက်ထက်၌ ပျက်ယွင်းသွားခဲ့ပါသည်။ ဘုရင့်နောင်၏သားတော် ညောင်ရမ်းမြို့စားသည် အင်းဝကို မြို့သစ်တည်ထောင်ပြီး အထက်မြန်မာနိုင်ငံတစ်လွှား စုစည်းသိမ်းသွင်းခဲ့ပါသည်။ ဒုတိယအင်းဝခေတ်သည် နိုင်ငံအတွင်း စစ်ပွဲများ၊ တရုတ်တို့နှင့်ဖြစ်သည့်စစ်ပွဲများနှင့်ကြုံခဲ့ရပြီး စစ်မက်ထူပြောခဲ့သည်ဟု ဆိုရပါမည်။ ထို့ကြောင့် ညောင်ရမ်းခေတ်စာပေများတွင်လည်း စစ်ရေးအခြေအနေများထင်ဟပ်နေသည်ကို တွေ့ရပါသည်။ ညောင်ရမ်းခေတ်အမိန့်တော်ပြန်တမ်းနှင့်စာပေများကိုလေ့လာကြည့်သည့်အခါ ထောက်လှမ်းရေးနှင့် ပတ်သက်၍ အလေးထားဆောင်ရွက်ခဲ့ကြသည်ဟု တွေးဆသိရှိနိုင်ပါသည်။

မြန်မာသက္ကရာဇ်(၁၀၀၀)ပြည့်နှစ်၊ အေဒီ ၁၆၃၈ ခုနှစ် သာလွန်မင်းတရား(၁၆၂၉-၁၆၄၈) ထုတ်ပြန်ခဲ့သည့်အမိန့်တော်ပြန်တမ်းထဲမှ စစ်ချီအမိန့်တော်ထဲတွင် ထောက်လှမ်းရေးနှင့်ပတ်သက်၍ မည်သို့ဆောင်ရွက်ရမည်ဆိုသည်ကို ဖော်ပြပါရှိကြောင်း တွေ့ရှိရပါသည်။

*တပ်မှူးစစ်ကဲတို့က ခန့်ထားသည့်အတိုင်း စောင့်နေသည်၊ မနေသည်ကို တပ်ပါ စာရေးကြီးတို့က မြင်းသည်တော်တို့ကို သူလျှိုစေပါ၊ စုံစမ်းခန့်ထား၍ ကြည့်ရှုစေ၊ ခန့်ထားသည့်အတိုင်းတည်၍ မစောင့်နေသူတို့ကို ဗိုလ်ပါစစ်ကဲတို့ကအပ်၍ ရာဇဝတ်တော်ကို နောင်မဝံ့အောင် သူရဲသူခက်တို့ကို ကြည့်ရှုစေ၍ အဆုံးအရှုံး စီရင်ကွပ်ညှပ်ရမည်*

ဟု စစ်ဘက်ထောက်လှမ်းရေး ထားရှိဆောင်ရွက်ခဲ့ပုံကို တွေ့ရှိရပါသည်။

မြန်မာသက္ကရာဇ် ၉၉၇ ခု ဒုတိယဝါဆိုလဆန်း ၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်တော်တွင်-

*အထူးထူးသော နှုတ်၏အတတ်၊ အထူးထူးသော လက်၏အတတ်တို့ကို တတ်စွမ်းနိုင်သူတို့ကိုလည်း ရှာ၏၊ အထူးထူးသော တတ်သိနိုင်သော ဆင်အတတ် မြင်းအတတ် လက်နက်အတတ်ကို တတ်စွမ်းနိုင်သောသူတို့ကိုလည်း ရှာ၏၊ လှည့်ပတ်ချောင်းနှောင်း နှံ့ပြား၍ကောင်းမကောင်းကို အရှင်မင်းအားသိစေဟူ၍ လျှောက်ကြားသောသူကိုလည်း ရှာ၏၊ ဤသို့သောသူတို့သည် မင်းကောင်းမင်းမြတ် လောကနတ်ဖြစ်သော မင်း၏ခင်ပွန်းတည်း၊ သည်အရာရှိကို ရာဇဓမ္မ၊ လောကဓမ္မကျမ်းမှနှုတ်သော စကား၊ သည်အမိန့်တော်အတိုင်းကို အမြဲထား၍မှတ်ရမည်*

အထက်ပါအမိန့်တော်များကို ကြည့်ခြင်းအားဖြင့် သာလွန်မင်းတရားကြီးလက်ထက်တွင် စစ်ဘက်နယ်ဘက် ထောက်လှမ်းရေးကွန်ရက်ကို စနစ်တကျထားရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

သာလွန်မင်းတရားကြီးသည် ယိုးဒယားပြည်၊ ရခိုင်ပြည်တို့နှင့်ပါ သံတမန်စေလွှတ်မှုများရှိခဲ့သဖြင့် ပြည်ပ ထောက်လှမ်းရေးလည်း လုပ်ခဲ့လိမ့်မည်ဟု ယူဆရပါသည်။

ရှေးမြန်မာမင်းများလက်ထက်က စစ်ဘက်၌ နားခံဆိုသည်မှာ ထောက်လှမ်းရေးတာဝန်ထမ်း ဆောင်သူဖြစ်ပါသည်။ တပ်သားများကို ထိန်းသိမ်းစောင့်ရှောက်ဆုံးမပဲ့ပြင်ရသည့်အပြင် တပ်များအပေါ် ကောင်းမကောင်း စုံစမ်းထောက်လှမ်းပြီး အထက်ဗိုလ်ချုပ်ထံ တင်ပြရသည်။ ညောင်ရမ်းခေတ်၌ နားခံ ဟူ၍ အရပ်ဘက်အုပ်ချုပ်ရေး၌လည်း တွေ့ရပါသည်။ မြို့များတွင် မြို့ဝန်၊ စစ်ကဲ၊ နားခံများ ခန့်ထား ပါသည်။ ဥပမာ- အေဒီ-၁၇၃၉ ခုနှစ်တွင် ကသည်းများစစ်ကိုင်းမြစ်ဆိပ်ထိ ချီတက်နိုင်ခဲ့သဖြင့် မဟာ ဓမ္မရာဇာဓိပတိ(၁၇၃၃-၁၇၅၂)သည် အင်းဝနေပြည်တော်လုံခြုံရေးအတွက် ကသည်းများစစ်ချီလာ သည့်လမ်းကြောင်းတစ်လျှောက် မြို့ရွာများ၌ မြို့ဝန်၊ စစ်ကဲ၊ နားခံ၊ မြို့စာရေးများ ခန့်ထားအုပ်ချုပ် စေခဲ့ကြောင်း တွေ့ရှိရပါသည်။ ညောင်ရမ်းခေတ်(၁၅၉၉-၁၇၅၂)မြို့ပြအုပ်ချုပ်ရေး၌ ခန့်ထားသည့်နားခံ အရာရှိသည် တစ်ဘက်က ရန်သူ့သတင်းရယူရန် တာဝန်ပေးထားခြင်းခံရသကဲ့သို့ တစ်ဘက်ကလည်း မြို့ဝန်၊ စစ်ကဲ၊ အကောက်ဝန်စသည့် မိမိဘက်ကပုဂ္ဂိုလ်များကိုပါ စုံစမ်းထောက်လှမ်းရန် တာဝန်ရှိသည်ဟု သိရပါသည်။

## ဒုတိယအင်းဝခေတ်စာပေများမှ ရရှိနိုင်သည့် ထောက်လှမ်းရေးအသိပညာ

## ဦးကုလား မဟာရာဇဝင်ကြီး

ညောင်ရမ်းခေတ်၊ တနင်္ဂနွေမင်း(၁၇၁၄-၁၇၃၃)လက်ထက်၌ ရာဇဝင်ပဏ္ဍိတ် ဦးကုလား (၁၆၇၈-၁၇၃၈)က မဟာရာဇဝင်ကြီးကို ၁၇၁၄ခုနှစ်၌ ရေးသားခဲ့ပါသည်။ မဟာရာဇဝင်ကြီး၊ ပထမတွဲ၌ ထောက်လှမ်းရေးနှင့်ပတ်သက်၍ ရာဇနီတိ၊ သာရတ္ထဒီပနီ၊ လောကီကျမ်းများလာ မင်းကျင့်တရား၊ တမန်အင်္ဂါ၊ သံတော်ခံအင်္ဂါ၊ တိုင်းပြည်ကျယ်ဝန်းအပ်သောအကြောင်း၊ စစ်အောင်ရာသောအကြောင်း၊ စူးစမ်းသိရာသည့်(၇)ပါးအကြောင်း စသည်တို့ကို ဖော်ပြထားပါသည်။ ထောက်လှမ်းရေးနှင့်ပတ်သက်၍ လေ့လာမှတ်သားဖွယ်ရာများ ဖြစ်ပါသည်။

### မင်းတို့ကျင့်တော်မူရာသော တရား(၈)ပါး

(၁) သိကြားမင်းသည် လူသတ္တဝါတို့အား နှိပ်ခြင်း ချီးမြှောက်ခြင်းကို ပြုသကဲ့သို့ ပြည်သူ လူအပေါင်းတို့အား နှိပ်ခြင်း ချီးမြှောက်ခြင်းကို ပြုရာသည်လည်း တစ်ပါး။

(၂) နေသည် ရှစ်လတိုင်တိုင် မိမိအရောင်ဖြင့် ရေကို ခန်းခြောက်စေသကဲ့သို့ တိုင်းနိုင်ငံတို့၌ အခွန်အတုတ်ကို ဖြည်းဖြည်းခံယူရာသည်လည်း တစ်ပါး။

(၃) လေသည် သတ္တဝါတို့၏ကိုယ်တွင်းကိုဝင်၍သွားသကဲ့သို့ သူလျှိုဖြင့် သူတစ်ပါးအကြောင်း ကို သိအောင်ပြုရာသည်လည်း တစ်ပါး။

(၄) ယမမင်းသည် ချစ်သသူ မုန်းသသူမရွေး ကံအလျောက် သေစေသကဲ့သို့ ချစ်သူ မုန်းသူ မဟုတ် အပြစ်နှင့်လျော်စွာ ဒဏ်ပေးသည်လည်း တစ်ပါး။

(၅) သမုဒ္ဒရာသည် တောင့်တခြင်းမရှိမူ၍ မြစ်ငယ်တို့စီးဝင်ရာဖြစ်သကဲ့သို့ ဥစ္စာစည်းစိမ်ကို မတောင့်တသည်လည်း တစ်ပါး။

(၆) လပြည့်ဝန်းကို မြင်သောသူတို့သည် နှစ်သက်ကုန်သကဲ့သို့ ခပ်သိမ်းသောသူတို့သည် မင်း၏မျက်နှာကို မြင်အောင်ပြုရာသည်လည်း တစ်ပါး။

(၇) မြေကြီးသည် ကောင်း၊ မကောင်းသောသူတို့ကို အညီအမျှ ရွက်ဆောင်သကဲ့သို့ တိုင်းကား ပြည်ရွာ ဇနပုဒ်ကို ရွက်ဆောင်ရာသည်လည်း တစ်ပါး။

(၈) မိုးနတ်သားသည် မိုးလေးလပတ်လုံး ရွာစေသကဲ့သို့ သူရဲသူခက်တို့အား မျိုးရိက္ခာဖြင့် နှစ်သက်စေရာသည်လည်း တစ်ပါး။

**တမန်အင်္ဂါ(၈)ပါး**

(၁) ကြားလွယ်သည်လည်း တစ်ပါး၊
(၂) ဆိုတတ်သည်လည်း တစ်ပါး၊
(၃) အားထုတ်၍မှတ်သည်လည်း တစ်ပါး၊
(၄) ကြားသည်ကို အလေးပြုတတ်သည်လည်း တစ်ပါး၊
(၅) သူ၏ရိပ်ခြည်ကို ကြည့်ရှုသိမြင်သည်လည်း တစ်ပါး၊
(၆) မိမိရိပ်ခြည်ကို သူ့အား သိစေသည်လည်း တစ်ပါး၊
(၇) စီးပွားရှိ-မဲ့ကို လိမ္မာသည်လည်း တစ်ပါး၊
(၈) ငြင်းခုံခြင်းကင်းသည်လည်း တစ်ပါး၊

**တစ်နည်း တမန်အင်္ဂါ(၈)ပါး**

(၁) အမျိုးအမည် ထင်ရှားသည်လည်း တစ်ပါး၊
(၂) အဆင်းအင်္ဂါ လက္ခဏာကြီးငယ်နှင့် ပြည့်စုံသည်လည်း တစ်ပါး၊
(၃) ဗဟုသုတ အကြားအမြင်သည်လည်း တစ်ပါး၊
(၄) ပညာအမြင်နှင့် ပြည့်စုံသည်လည်း တစ်ပါး၊
(၅) ရဲရင့်တည်ကြည်သည်လည်း တစ်ပါး၊
(၆) ဗျတ္တိဗလနှင့် ပြည့်စုံသည်လည်း တစ်ပါး၊
(၇) ခဲယဉ်းသောအမေးပုစ္ဆာကို မေးနိုင်သည်လည်း တစ်ပါး၊
(၈) သူမေးသောပြဿနာကို ဖြေနိုင်သည်လည်း တစ်ပါး၊

**သံတော်ခံအင်္ဂါ(၆)ပါး**

(၁) မှာတိုင်း ပြန်တတ်သည်လည်း တစ်ပါး၊
(၂) ထက်သောပညာရှိသည်လည်း တစ်ပါး၊
(၃) စကားတတ်သည်လည်း တစ်ပါး၊
(၄) ပွဲအလယ်၌ရဲရင့်တည်ကြည်သည်လည်း တစ်ပါး၊
(၅) စရိုက်ကိုသိတတ်သည်လည်း တစ်ပါး၊
(၆) ယဉ်ကျေးသောနှလုံးရှိသည်လည်း တစ်ပါး၊

**တိုင်းပြည်ကျယ်ဝန်းအံ့သော အကြောင်း(၈)ပါး**

(၁) စစ်၏ဦးကင်းမည်သော စစ်သူကြီးရှိသည်လည်း တစ်ပါး၊
(၂) စစ်၏မျက်စိမည်သော ဟူးရားတတ်ရှိသည်လည်း တစ်ပါး၊
(၃) စစ်၏နားမည်သော လိမ္မာသောသူလျှိုရှိသည်လည်း တစ်ပါး၊
(၄) စစ်၏အားမည်သော ဗိုလ်ပါများသည်လည်း တစ်ပါး၊
(၅) စစ်၏ခံတွင်းမည်သော လိမ္မာသောတမန်လည်း တစ်ပါး၊
(၆) စစ်၏အစွယ်မည်သော အမတ်သူရဲကောင်းလည်း တစ်ပါး၊
(၇) စစ်၏အခြေမည်သော ခြေသည်သူရဲကောင်းသည်လည်း တစ်ပါး၊
(၈) စစ်၏လက်မည်သော လက်နက်ကြိယာလည်း တစ်ပါး၊

**စူးစမ်း၍သိရာသည့်အကြောင်း(၇)ပါး**

(၁) သူလျှိုလွှတ်သဖြင့် သိရာသည်။
(၂) သူကလွှတ်သည်ကို တို့က ကင်းစောင့်ထားသဖြင့်လည်း သိရာသည်။
(၃) တို့က ကုန်ပြုသွားသဖြင့်လည်း သိရာသည်။
(၄) သူက ကုန်ပြုလာသောကုန်သည်တို့ကို ပေးကမ်းဖြားယောင်း၍လည်း သိရာသည်။
(၅) တို့က တမန်စေသဖြင့်လည်း သိရာသည်။
(၆) သူ့အရပ်မှလာသောသူတို့အား ဥပါယ်တမည်ဖြင့် စုံစမ်း၍လည်း သိရာသည်။
(၇) သူ့တမန်ကို ပေးကမ်းစုံစမ်းသဖြင့်လည်း သိရာသည်။

**စစ်အောင်ရာသည့်အကြောင်း(၁၂)ပါး**

(၁) စစ်ဆင်စီရင်ရာ၌ လိမ္မာသောကြောင့် အောင်ရာသည်။
(၂) မင်းနှင့်အမတ် ညီညွတ်သောကြောင့်လည်း အောင်ရာသည်။
(၃) ပေးကမ်းခြင်း၌ အမျက်မရှိသောကြောင့်လည်း အောင်ရာသည်။
(၄) စစ်သူကြီးခန့်ထားစီရင်တိုင်း သူရဲသူခက်တို့၌တည်သောကြောင့် အောင်ရာသည်။
(၅) သူရဲကောင်းများသဖြင့်လည်း အောင်ရာသည်။

(၆) ယတြာမန္တန်ပြုသဖြင့်လည်း အောင်ရာသည်။
(၇) ဇာတာစန်းလင်္ဂကောင်းသဖြင့်လည်း အောင်ရာသည်။
(၈) မျိုးစေ့ရိက္ခာ ရေ၊ ဆန်၊ ထင်း၊ မြက် များသဖြင့်လည်း အောင်ရာသည်။
(၉) မင်းစသောပြည်သူတို့ အနာကင်းသဖြင့်လည်း အောင်ရာသည်။
(၁၀) သူလျှိုတို့ကိုစေ၍ ဘေးအန္တရာယ်ကင်းသဖြင့်လည်း အောင်ရာသည်။
(၁၁) ပြည်စောင့်နတ်တို့ကို မပြတ်ပူဇော်သဖြင့်လည်း အောင်ရာသည်။
(၁၂) ဆင်ကောင်း၊ မြင်းကောင်းများသဖြင့်လည်း အောင်ရာသည်။

## ကုမ္မာဘယပျို့

ကုမ္မာဘယပျို့ကို ညောင်ရမ်းခေတ်စာဆို ဝန်ကြီးပဒေသရာဇာ(အေဒီ ၁၆၈၃-၁၇၅၄)က ရေးဖွဲ့ခဲ့ပါသည်။ ကုမ္မာဘယမင်းသားကို အိမ်ရှေ့ဥပရာဇာအရာ အပ်နှင်းပြီးသည့်နောက် တိုင်းရေးပြည်မှုနှင့် ပတ်သက်လာသည့်အခါ ကိုယ်တော်တိုင် စုံစမ်းထောက်လှမ်းရမည်။ နီးသည့်ဒေသဖြစ်စေ၊ ဝေးသည့်ဒေသဖြစ်စေ ကိုယ်တော်တိုင်သွားရောက်ပြီး စုံစမ်းထောက်လှမ်းရမည်။ အကြောင်းခြင်းရာ အတိအကျ မသိသေးသည့်အခါ တစ်ပါးသူတို့ကို အထောက်အလှမ်းစေလွှတ်ပြီး သိအောင်လုပ်ရမည်။ မိမိ စုံစမ်းစေလွှတ်ထားသူက လိုလျှင်လိုသလို၊ မကြိုက်လျှင်မကြိုက်သည့်အလျောက်၊ မုန်းလျှင်မုန်းသည့်အလျောက် ချွတ်ယွင်းသတင်းများကိုလျှောက်တင်တတ်သဖြင့် အလျင်အမြန်မယုံသင့်ကြောင်း၊ ချွတ်ယွင်းချက်များကိုလည်း ထောက်ပြပြုပြင်ဆုံးမသင့်ကြောင်း ပညာပေးထားပါသည်။

*စုံစမ်းဖွေရှာ၊ မြန်းရာမှာလည်း၊ အရာအရေး၊ ရှိချေသေး၏၊ နီးဝေးထိုထို၊ မောင်ကိုယ်တော်တိုင်၊ နေထိုင်သွားလာ၊ ကြောင်းလျှာအပ်အပ်၊ ကြပ်ကြပ်စိစိ၊ မသိသာချေ၊ သူ့ကိုစေအံ့၊ အထွေအငေါ်၊ ထိုရော်ထိုသူ၊ လွယ်ကူကြားလှည့်၊ မြင်ခဲ့၏ဟု၊ တည့်တည့်လျှောက်ဆို၊ ပြောတိုင်းကိုလည်း၊ ရွယ်ဖျိုမောင်လှ၊ နေကြယုံကြည်၊ မြတည်ယူငင်၊ စိတ်မလျင်နှင့်၊ လောင်လင်လော်လည်၊ ထိုသူသည်ပင်၊ လိုလျှင်လိုလိုက်၊ မကြိုက်ဆုန်းဆုန်း၊ မုန်းလျှင်မုန်းလျောက်၊ အကောက်အဆန်း၊ လှည့်ဝန်းခွေပတ်၊ လျှောက်စတတ်၏၊ မှားချွတ်ဖွယ်သာ၊ လွန်လီမွာသည်၊ ခုခါလူများ၊ ဆန်းပြားသဖြင့်၊ သို့မသင့်လည်း၊ နိမ့်မြင့်ယုတ်လတ်၊ အမြတ်ပြီးဆည်၊ ကျွန်ဟူသည်ကို၊ ကွေလည်ကောက်တု၊ မပြုနှင့်မောင်၊ နိုင်အောင်တည့်တည့်၊ နင်ပြုသည့်ချက်၊ ယွင်းကွက်သဖြင့်၊ သို့မသင့်ဟု၊ ဖွင့်၍ဖျဖျ၊ ဆုံးမမှုလည်း၊ မောင်လှအကြိုက်၊ စိုက်စိုက်လိုက်နာ၊ ကျင့်စရာသည်။ ။ မြစ္စာသတိ ရှိ၏တည်း။*

ဒုတိယအင်းဝခေတ်တွင် ထောက်လှမ်းရေးနှင့်ပတ်သက်၍ မည်သို့ဆောင်ရွက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများ၌ များများစားစားမတွေ့ရသော်လည်း အင်းဝနိုင်ငံတော်ကို ထူထောင်ခဲ့ကြသည့် ညောင်ရမ်းမင်း၊ နယ်ချဲ့ရန်ခြေကုတ်ယူနေသည့် ပေါ်တူဂီ ငဇင်ကာတို့ကိုချေမှုန်းခဲ့သော အနောက်ဘက်လွန်မင်း၊ တိုင်းပြည်အေးချမ်းသာယာအောင် ကြိုးပမ်းတည်ဆောက်ခဲ့သည့်သာလွန်မင်းတို့ကဲ့သို့ တိုင်းပြုပြည်ပြုမင်းများစိုးစံခဲ့သဖြင့် ထောက်လှမ်းရေးလုပ်ဆောင်မှုများ မလွဲမသွေရှိခဲ့မည်သာ ဖြစ်ပါသည်။

အခန်း(၇)

# ကုန်းဘောင်ခေတ်
# (၁၇၅၂-၁၈၈၅)
# ထောက်လှမ်းရေး

# ကုန်းဘောင်ခေတ်(၁၇၅၂-၁၈၈၅)ထောက်လှမ်းရေး

## အလောင်းဘုရား(၁၇၅၂-၁၇၆၀)လက်ထက် ထောက်လှမ်းရေး

ဒုတိယအင်းဝခေတ်၊ ညောင်ရမ်းမင်းဆက်၏နောက်ဆုံးမင်းဖြစ်သော မဟာဓမ္မရာဇာဓိပတိ (၁၇၃၃-၁၇၅၂)၏လက်ထက်တွင် အင်းဝနိုင်ငံတော်သည် ပုန်ကန်မှုများကြောင့် ချိနဲ့ယိမ်းယိုင်လျက် ရှိပါသည်။ ပြိုကွဲပျက်သုဉ်းတော့မည့်အချိန် နီးကပ်လျက် ရှိပါသည်။ အေဒီ၁၇၅၁ ခုနှစ်တွင် ဗညားဒလ ၏တပ်များသည် ကျောက်ဆည်နယ်ကို ဝင်ရောက်သိမ်းပိုက်သည့်အခါ အင်းဝနေပြည်တော်တစ်ခုသာ ကျန်ပါတော့သည်။ အေဒီ ၁၇၅၂ ခုနှစ်တွင် ဗညားဒလ၏တပ်များသည် အင်းဝကို ဝိုင်းရံတိုက်ခိုက် သည်။ ထိုအချိန်က အင်းဝ၌ စားနပ်ရိက္ခာရှားပါးနေသဖြင့် အင်းဝနိုင်ငံသားများသည် အင်အားချိနဲ့နေရာ ခုခံတိုက်ခိုက်နိုင်စွမ်းမရှိတော့သောကြောင့် ဘုရင်နှင့်တကွ မြို့ကို သိမ်းပိုက်ခံခဲ့ရသည်။ မဟာဓမ္မရာဇာ ဓိပတိကို ဟံသာဝတီသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သဖြင့် ဟံသာဝတီရောက်မင်းဟု ခေတ်အဆက်ဆက် မှတ်သားခဲ့ကြသည်။ ဗညားဒလသည် အင်းဝဘုရင်ကိုဖမ်းပြီး အင်းဝကိုသိမ်းပိုက်နိုင်ပြီဆိုသော်လည်း မတ္တရာနယ်မှ ကွေ့ဂုဏ္ဏအိန်အုပ်စု၊ ရွှေဘိုနယ်မှ ဦးအောင်ဇေယျ၊ ခင်ဦးမှ ငချစ်ညိုတို့အုပ်စုများရှိနေ သဖြင့် အထက်မြန်မာနိုင်ငံတစ်ဝန်းလုံးအား သိမ်းပိုက်နိုင်ခြင်းမရှိသေးချေ။ ထိုအုပ်စုများထဲတွင် ဦး အောင်ဇေယျသည် အလောင်းမင်းတရားဘွဲ့ခံပြီး တတိယအကြိမ်မြန်မာ့ဦးစွန်းနိုင်ငံတော်ကြီးကို တစ်ဖန် ပြန်လည်တည်ထောင်ရန် ရဲရဲတောက်ပေါ်ထွက်လာမည့်သူ ဖြစ်ပေသည်။

ဦးအောင်ဇေယျသည် မဟာဓမ္မရာဇာဓိပတိနန်းတက်စမှာပင် မင်းလောင်းဟု ကျော်ကြားခဲ့ သဖြင့် ခေါ်ယူစစ်မေးခြင်း ခံခဲ့ရ၏။ မင်းလောင်းဟု သမုတ်ခံရလောက်အောင်လည်း အရည်အချင်း ပြည့်ဝပြီး ဦးဆောင်မှုပေးနိုင်သူလည်း ဖြစ်သည်။ အင်းဝမပျက်မီ(၃)နှစ်လောက်ကတည်းက နိုင်ငံ၏အခြေ အနေကို မှန်မှန်ကန်ကန် သုံးသပ်မျှော်တွေးခဲ့ပြီး မုဆိုးဘိုတစ်ဝိုက်က ရွာ(၄၆)ရွာအား စည်းရုံးသိမ်းသွင်း ခဲ့ကာ တာ(၄၇၀)ကျယ်ဝန်းသည့်ထန်းလုံးခံတပ်ကို အခိုင်အမာ တည်ဆောက်ခဲ့ပါသည်။ အင်းဝကို ပုန်ကန်ခြားနားမှုမပြုသော်လည်း အင်းဝ၏အခြေအနေကို မပြတ်စုံစမ်းထောက်လှမ်း၍ လိုအပ်သည့် စစ်ရေးပြင်ဆင်မှုများ ပြုလုပ်ခဲ့၏။ အင်းဝပျက်ပြီးနောက် ဗညားဒလရော ကွေ့ဂုဏ္ဏအိန်အုပ်စုကပါ သစ္စာခံဖို့ လာရောက်ကြိုးစားကြသည့်အခါ မည်သူကိုမျှ သစ္စာမခံဘဲ ပြန်လည်တိုက်ခိုက်ခဲ့သည်။ မုဆိုးဘို သို့ လာရောက်တိုက်ခိုက်ကြသည့်ဗညားဒလ၏တပ်များကို အောင်မြင်စွာ ခုခံတိုက်ခိုက်ချေမှုန်းနိုင်ခဲ့လေ သည်။ ဦးအောင်ဇေယျသည် ခံစစ်မှထိုးစစ်အသွင်ပြောင်းခဲ့ပြီး တစ်နယ်ပြီးတစ်နယ် တစ်ပွဲပြီးတစ်ပွဲ အောင်ပွဲခံခဲ့သည်။ အလောင်းမင်းတရားဘွဲ့ခံ၍ အင်းဝကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့လေသည်။

အင်းဝကိုသိမ်းပိုက်ပြီးနောက် အောက်မြန်မာနိုင်ငံမှ ပြည်၊ မြန်အောင်၊ ဒဂုံ၊ သန်လျင်၊ ပဲခူးတို့ကို ဆက်လက်သိမ်းပိုက်ခဲ့၏။ မဏိပူရ ကသည်းတို့ကိုလည်း အောင်နိုင်ခဲ့၏။ ဆက်လက်ပြီး တနင်္သာရီကို

ယိုးဒယားတို့လက်မှ ပြန်လည်သိမ်းပိုက်ခဲ့ပြီး ယိုးဒယားကိုပါ တိုက်ခိုက်ခဲ့သည်။ အသက် (၂၂)နှစ်အရွယ် မင်းလောင်းဟု သမုတ်ခံရချိန်မှစပြီး အသက်(၄၆)နှစ် နတ်ရွာစံချိန်အထိ တစ်နိုင်ငံလုံး တစ်စည်းတစ်လုံး တည်းဖြစ်ရန် အဆက်မပြတ် ကြိုးပမ်းခဲ့သည်။ အလွန်ကြီးမားသည့် စစ်ရေးအင်အား တည်ဆောက်နိုင်ပြီး အောင်မြင်မှုများရရှိခဲ့ကာ တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့ပေသည်။ စစ်ရေး၊ အုပ်ချုပ်ရေး စွမ်းရည်သတ္တိပြည့်စုံသည့် အလောင်းမင်းတရား၏လုပ်ဆောင်မှုများကို ရာဇဝင်၊ သမိုင်းမှတ်တမ်းများ၌ လေ့လာကြည့်သည့်အခါ ထောက်လှမ်းရေးနှင့်ပတ်သက်၍ မည်သို့လုပ်ဆောင်ခဲ့သည်ကို ထူးထူးခြားခြား ရေးသားဖော်ပြထားခြင်းမရှိပါ။

ကုန်းဘောင်ခေတ်ဦးပိုင်း ဘိုးတော်နှင့်ဘကြီးတော်၊ ကုန်းဘောင်ခေတ်နှောင်းပိုင်း(ရတနာပုံ မန္တလေးခေတ်) မင်းတုန်းနှင့်သီပေါမင်းများလက်ထက်တွင်ကား ထောက်လှမ်းရေးနှင့်ပတ်သက်သည့် လုပ်ဆောင်ချက်များကို တွေ့ရှိရပါသည်။ မည်သို့ပင်ဖြစ်စေ တတိယမြန်မာနိုင်ငံတော်ကြီးကို ပြန်လည် တည်ထောင်ခဲ့သည့် အလောင်းမင်းတရားကြီးသည် တစ်လျှောက်လုံး စစ်ရေးနှင့်အုပ်ချုပ်ရေး မနားမနေ လုပ်ခဲ့ရသဖြင့် ထောက်လှမ်းရေးမရှိလျှင် မည်သို့မျှ အောင်မြင်မှုရနိုင်မည် မဟုတ်ပေ။ အလောင်းမင်း တရားကြီး၏မင်းဆရာဖြစ်သော သာသနာပိုင်အတုလဆရာတော်(အေဒီ၁၇၁၄-၁၇၇၉)သည် မင်းတရား ကြီးကို အနီးကပ်လမ်းညွှန်ဩဝါဒပေးခဲ့ကြောင်း တွေ့ရပါသည်။ အတုလဆရာတော်ရေးသားခဲ့သည့် ကုန်းဘောင်ဆက်သမိုင်းအလင်္ကာကျမ်း၌ လောကဓမ္မထုံးစံ ရှေးမင်းများလိုက်နာကျင့်သုံးခဲ့သည့်ထုံးနည်း များကိုပမာပြု၍ လမ်းညွှန်ဩဝါဒပေးထားသည်ကို တွေ့ရသည်။ ထိုစာပေများထဲ၌ မင်းဆိုသည်မှာ သူလျှိုကောင်း ထားရမည်၊ သူလျှိုကောင်းလိုအပ်သည်ဆိုသည့်အကြောင်း ဟံသာဝတီမင်းတစ်ပါးကို လုပ်ကြံမှုအကြိမ်ကြိမ်ပြုရာ၌ သူလျှိုကြောင့် ကြိုတင်သိမြင်ခဲ့ပုံအား သာဓကပြလမ်းညွှန်ထားပါသည်။ ကိုယ့်ဘက်က သူလျှိုကောင်းမရှိလျှင် ရန်သူ့ဘက်ကသူလျှို၊ ဒလန်များ၏လုပ်ဆောင်မှုကို မကြားမသိရ၍ ဆုံးရှုံးနိုင်သည့်အကြောင်းကိုလည်း ဝဿကာရပုဏ္ဏားကို ဥပမာပေး ညွှန်ပြထား၏။ အိန္ဒိယနိုင်ငံ၊ ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်နှင့်ဝေသာလီပြည် လိစ္ဆဝီမင်းတို့ စစ်မက်ဖြစ်ကြရာ လိစ္ဆဝီတို့ ညီညွတ်ကြသဖြင့် ရာဇဂြိုဟ်ပြည့်ရှင်အဇာတသတ်သည် စစ်ကို အနိုင်မတိုက်နိုင်ခဲ့ပေ။ အဇာတသတ်၏ပညာရှိ ဝဿကာရ အမတ်သည် သူလျှိုဒလန်နည်းနာဖြင့် စစ်အောင်နိုင်ဖို့ ကြံဆောင်ခဲ့သည်။ ဝဿကာရအမတ်သည် ဝေသာလီပြည်သို့ ခိုလှုံနေထိုင်ပြီး လိစ္ဆဝီမင်းများအကြား သပ်လျှိုသွေးခွဲရင်း သတင်းရယူခဲ့သည်။ လိစ္ဆဝီ တိုင်းသားများ အချင်းချင်းသွေးကွဲသည့်အခါကျမှ အဇာတသတ်မင်းသည် ဝေသာလီကို စစ်အနိုင်ရခဲ့ပေ သည်။ ဤသည်ကို အတုလဆရာတော်က-

*ဝဿကာရပုဏ္ဏားအမှုထမ်းတို့ နှလုံးနောက်အောင် ပြောဆိုသည်ကို သူလျှိုမရှိ၍*
*မင်းနားမကြားရ။ သူလျှိုနှင့် မကင်းရချေ။ တစ်ထုံးယူလေ။*

ဟု လမ်းညွှန်ပါသည်။ ထိုသို့သော မင်းဆရာ၏လမ်းညွှန်မှုလည်းရှိ၊ အလောင်းမင်းတရားကြီး ကိုယ်တိုင်ကလည်း နှလုံးရည်၊ လက်ရုံးရည်လည်းရှိသူဖြစ်သဖြင့် ထောက်လှမ်းရေးနှင့်ပတ်သက်၍ စနစ် တကျ လုပ်ဆောင်မှု ရှိခဲ့ပေလိမ့်မည်။

ထိုယူဆချက်ခိုင်မာကြောင်း အလောင်းမင်းတရားကြီး၏စစ်ရေးဆိုင်ရာအမိန့်တော်များက သက်သေပြလျက်ရှိပါသည်။အလောင်းမင်းတရားကြီး၏စစ်ရေးဆိုင်ရာအမိန့်တော်များ၌ ထောက်လှမ်း ရေးနှင့်ပတ်သက်၍ ထည့်သွင်းထုတ်ပြန်ခဲ့သောကြောင့် စစ်ရေးတွင် ထောက်လှမ်းရေးသတင်းရရှိရေး

အလေးထားခဲ့ကြောင်း တွေ့ရပါသည်။ အလောင်းမင်းတရားကြီးက ယိုးဒယားကိုစစ်ချီသည့်အခါ ယိုးဒယားများနှင့်တွေ့လျှင် ညီညီညွတ်ညွတ်တိုက်ဖို့နှင့် ထောက်လှမ်းရေးသတင်းများ မပြတ်ပေးပို့ရန် ရှေ့ချီတပ်မှူးများကို အမိန့်တော်ထုတ်ပြန်ခဲ့ပါသည်။ ၁၁၂၁ခု တပေါင်းလပြည့်ကျော်(၇)ရက်နေ့(၈၊ မတ်လ ၁၇၆၀)၌ ထုတ်ပြန်ခဲ့သည့်အမိန့်တော်အမှတ်(၆၁)တွင်-

*အမိန့်တော်ရှိသည် မင်းလှနော်ရထာ။ ရွှေတောင် လက်ယာပေါ်။ ရွှေတောင် ကျော်စွာထင်။ ရွှေတောင် လက်ဝဲကျော် တိမ်ကြားမင်းကြီးတို့နှင့် လူပျိုတော် သွေ့ကြီးအမည်ရ အမှုထမ် ကျွန်တော်မျိုးတို့ဝ်နှင့် ရှမ်း ယိုးဒယား။ ရန်သူတော်တွေ့လျှင် တညီတညွတ် တည်း ဦးလည်မသုန် ရတနာ သုမ္ဘားဂုဏ်တော် ဘုန်တော်ကိုမှီ၍ အသက်ကို အသက်မမှတ် စိတ်နှလုပ်ချ၍ တိုက်လံဖမ်းဆီး သတ်ညှစ်ရမည်။ မညီမညွတ် မဆင်မခြင် အမှုခမ်သိမ်ကိုပင် မပြုအပ် ညီညီညွတ်ညွတ်သာ ဆောင်ရွက်လုပ်ကြံရမည် အရေကို မြင်သမျှကိုလည် နေ့ညမဆို မပြတ်ရှိခိုဝ်း သံတော်ဦးတင်လှာရမည်*

ဟု ပါရှိပါသည်။ အရေးမြင်သမျှကိုလည်း နေ့ညမဆို မပြတ်ရှိခိုးသံတော်ဦးတင်ရမည်ဆိုသည်မှာ ရန်သူ့သတင်းကိုထောက်လှမ်းပြီး နေ့ညမပြတ် ပေးပို့တင်လျှောက်ရန် ညွှန်ကြားခဲ့ခြင်း ဖြစ်ပါသည်။ အလားတူ ထိုရက်စွဲဖြင့်ထုတ်ပြန်ခဲ့သည့်အမိန့်တော်၌လည်း ယိုးဒယားတပ်များနှင့်တိုက်ပွဲပြီး၍ အောင်ပွဲရသည့်အခါ ရိက္ခာစုဆောင်းရန်၊ သတင်းထောက်လှမ်းရန်၊ အမိန့်တော်အတိုင်းတိုက်ရန် ညွှန်ကြားထားကြောင်း တွေ့ရပါသည်။

*အမိန့်တော်ရှိသည် ရွှေတောင်လက်ယာပေါ် ရွှေတောင်ကျော်စွာထင် လူပျိုတော် သွေ့ကြီးအမည်ရ အမှုထမ်းတို့။ သင်တို့ မခံ့ပြေး၍ မျိုးရိက္ခာစိုးစဉ်း အဖြည့်အစွက် ရရန်ရှိလျှင် မျိုးရိက္ခာသိမ်းရမည်။ မပျက်မီ ရောက်သည်မြင်းနှင့် အင်တံရုံစေ၍ အရပ် အခံ ရှိသည် မရှိသည်ကို ကြည့်စေ။ ဖျပ်ဗီ (Phej Buri- 13`-6' N, 99`-55' E)တွင် မြို့ပြကျုမ်းမြောင် အခံအရပ်ရှိကြောင်ကို သိရလျှင် မတိုက်လံနှင့်ဦး ဖျပ်ဗီရွာတွင် ငါကိုယ်တော်ကို ငံ့ရဦးမည်။ သို့မှ သင်းတို့ကို မလွတ်မလပ်ရ တဝတည်း စီရင် လုပ်ကြံသတ်ညှစ်ရမည်။ အမြောက်ရထားတော်များလည်း မရောက်သေး စစ်၏အင်္ဂါ စစ်ခြေစစ်လက် ရှမ်းစည်းမိမှ တိုက်လံရမည် အမိန့်တော်ကို ကျူးလွန်၍ မပြုမကျင့်နှင့် ငါခန့်ထားတော်မူသည်တွင် ရွှေ့သာတိုက်လံ လုပ်ကြံရမည် အရေးအရာကို မျှော်တင်းရဦးမည် ပြင်ရေး အတွင်းရေးကုန်အောင် စီရင်ရမည်ဖြစ်၍ မှာထားတော်မူသည်။ မင်းခေါင်နော်ရထာ။ နေမျိုးရထာ ရွှေတောင်ကျော်စွာထင်တို့ဝ်လည်း တပ်ပေါင် ရှုက်မိလျှင် တဝတည်း အမိန့်တော်ကို ခံရဦးမည်။ ။ ဝင်နေ့ ရွှေတောင် ပျံထင် နန္ဒသူရိယကိုပေး။ ။*

အလောင်းမင်းတရားကြီး ယိုးဒယားကိုတိုက်ရန်စစ်ချီစဉ်၌ ထုတ်ပြန်ခဲ့သည့်အမိန့်တော်များထဲတွင် ရန်သူ့သတင်းရရှိရန် အကြိမ်ကြိမ်ညွှန်ကြားထားကြောင်း တွေ့ရှိရပါသည်။ ရှေ့ချီတပ်ရင်းမှူးများ လိုက်နာရန် ထုတ်ပြန်ခဲ့သည့်အမိန့်တော်အမှတ်(၅၇)၌-

*အမြင့်တပ်ကသူရပျံချီထင်နှင့် မြင်းမှာ ၂၅ လူကောင်ကိုရွေး၍ ကန္ဒပျံချီတို့နှင့် လိုက်စေရမည်။ သင်းတို့က လူသူဖမ်းဆီး၍ မိလျင်လည်း အကြောင်အရာကို စစ်ကြောချက်နှင့် ညဥ့်နေသံတော်ဦးတင်စေရမည်။ ။*

ထို့ပြင် ရှေ့ဖျားချီတပ်များကိုညွှန်ကြားခဲ့သည့် စစ်ဆင်ရေးဆိုင်ရာအမိန့်တော်အမှတ်(၅၈)မှာလည်း ထပ်မံညွှန်ကြားခဲ့ကြောင်း တွေ့ရပါသည်။

*အမြင့်တပ်က သူရပုံချီထင်နှင့် မြင်းပါ ၂၅ လည်း ဣန္ဒပုံချီတို့နှင့် ချီလှာစေသည် သင်းတို့လူသူဖမ်း၍ ရလျှင် အကြောင်းအရာကို စစ်ကြောချက်နှင့်။ နေ့ညအလျင် သံတော်ဦးတင်စေရမည်။ ။*

ရိက္ခာစုဆောင်းထိန်းသိမ်းရန် ညွှန်ကြားခဲ့သည့်အမိန့်တော်အမှတ်(၆၈)၌လည်း စစ်ကြောင်းချီရာလမ်းတစ်လျှောက် ရိက္ခာထောက်ပံ့မှု၊ ရေနှင့်မြက်ရနိုင်သည့်ခရီး၊ စခန်းများနှင့်ပတ်သက်၍ နေ့စဉ်မပြတ်သတင်းပို့ရန်ညွှန်ကြားထားသော်လည်း ယခုတိုင်သတင်းပို့ရောက်မလာ၊ တစ်ဘက်ရန်သူ ယိုးဒယားတို့၏စစ်ရေးအခြေအနေ မည်သို့ရှိသည်ကိုလည်း ယခုတိုင်မသိရကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။

*အမိန့်တော်ရှိသည် မင်းလှရာဇာရွှေတောင်လက်ယာပေါ်။ ရွှေတောင် ကျော်စွာထင် ရွှေတောင်လက်ဝဲကျော်တို့နှင့် နောက်ခန့်တော်မူသည် နေမျိုးနော်ရထာ တိမ်ကြားမင်းကြီး သွောက်ကြီး အကွပ်အကြပ်အမှုတော်ထမ်းတို့ငဲ့။ မျိုးရိက္ခာထောက်နှင့် ရေမြက်အဆစ်အပိုင်းခရီးကို မပြတ်မလတ် နေ့ဆက်သံတော်ဦးတင်လာစေရမည် အမိန့်တော်ရှိသည်အတိုင်း မရောက် သင်းတို့ အကြောင်းအရာကိုလည်း မသိမကြားရ . . . . . . ။*

အမိန့်တော်အမှတ်(၆၉)၌ ဖက်ဘူရီ(Phef Buri)မြို့၌ ယိုးဒယားတပ်များရှိမရှိ ယခုထိ မသိရသေး၍ လက်ယာမင်းငယ်ကျော်စွာကို စုံစမ်းရန်စေလွှတ်ထားသည့်အကြောင်း ရှေ့ချီတပ်မှူးများ ဖြစ်သည့် ရွှေတောင်ကျော်စွာထင်၊ ရွှေတောင်လက်ယာပေါ်၊ ရွှေတောင်လက်ဝဲကျော်၊ မင်းလှရာဇာတို့ ရှေ့ဆက်မချီမီ မင်းတရားကြီးထံ တွေ့ဆုံဖူးမျှော်ဖို့ ညွှန်ကြားထားကြောင်း တွေ့ရပါသည်။ ထိုသို့ ထုတ်ပြန်ခဲ့သည့်အမိန့်တော်များကိုကြည့်လျှင် စစ်ရေး၌ ရန်သူ့သတင်းရဖို့ အလေးထားဆောင်ရွက်ခဲ့ကြောင်း ထင်ရှားလှပေသည်။

ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးပထမတွဲ စာမျက်နှာ(၁၃၆)၌ ဟိုင်းကြီးကျွန်းကိစ္စပါရှိသည်။ သက္ကရာဇ် ၁၁၁၇ ခုနှစ် အလောင်းမင်းတရားကြီး ဒဂုံကိုသိမ်းပြီးသည့်အခါ ဟံသာဝတီသားများက အင်နှင့်အားနှင့် ပြန်တိုက်ဖို့ ချီလာသည်။ တာမွေအရပ်၌ တပ်ချ၏။ အလောင်းမင်းတရားကြီး၏တပ်များက တာမွေတပ်ကို အောင်နိုင်ခဲ့သည်။ ဖမ်းဆီးရမိသည့်သုံ့ပန်းများကို စစ်ဆေးသည့်အခါ ဟိုင်းကြီးကျွန်း၌ရှိသည့်အင်္ဂလိပ်များက ဟံသာဝတီသားများကို လက်နက်ခဲယမ်းများကူညီကြောင်း သိရှိရလေသည်။ မင်းတရားကြီးက အင်္ဂလိပ်များကို အမျက်တော်ရှ၏။ ရှေးမင်းများလက်ထက်ကတည်းက မဟာမိတ်အဖြစ် ဟိုင်းကြီးကျွန်းပေါ်၌ အင်္ဂလိပ်များ ရောင်းဝယ်ဖောက်ကားနေသည်ကို မည်သို့မျှ မိန့်တော်မမူခဲ့။ ထိုကျေးဇူးတော်ကိုမှမထောက် ရန်သူကို ကူညီသည်၊ အင်္ဂလိပ်များကို ဟိုင်းကြီးကျွန်းမှာ ထားဖို့မသင့် ဟု မိန့်တော်မူပါသည်။ ထို့ကြောင့် ဟိုင်းကြီးကျွန်းပေါ်မှ အင်္ဂလိပ်များကို တစ်ယောက်မကျန် ဖမ်းဆီးဆက်သဖို့ မင်းရဲကောင်းပုံနှင့် ကလံပွားမြင်းစီး သန်နရာကို လှေ(၂)စီး၊ လက်ရွေးစင်ရဲမက်(၁၀၀)ကျော်နှင့် ချေမှုန်းရန်စေလွှတ်ခဲ့သည်။ မင်းရဲကောင်းပုံတို့ ဟိုင်းကြီးကျွန်းပေါ်တက်ရောက်ပြီး အိမ်ရာတဲအုံများကို မီးရှို့၊ တွေ့ရှိသမျှ ဖမ်းဆီးထိုးခုတ် ရိုက်နှက်ချေမှုန်းခဲ့သဖြင့် အများအပြား သေဆုံးခဲ့သည်ဟု

ဆိုသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ၁၈၇၈ခုနှစ်က အင်္ဂလိပ်စစ်တပ်မှ ဒုတိယဗိုလ်ချုပ်ကြီး အဲလ်ဘတ်ဖိုက်ချ် (Albert Fytche)ရေးသားထုတ်ဝေခဲ့သည့် Burma Past and Present with Personal Reminiscences of the country အမည်ရှိစာအုပ်ထဲတွင် ဟိုင်းကြီးကျွန်းကအင်္ဂလိပ်များကို ချေမှုန်းခဲ့သူများမှာ အာမေးနီးယန်းလူမျိုး ဂရီဂိုရီ(Gregory)နှင့်ပြင်သစ်လူမျိုးလဗိုင်း(Lavine)တို့ ဖြစ်သည်၊ သူတို့ကိုကူညီခဲ့သူမှာ ဟိုင်းကြီးကျွန်းရှိအင်္ဂလိပ်တို့ဘက်မှ ပေါ်တူဂီစကားပြန်တစ်ဦးဖြစ်သည်ဟု ဆိုပါသည်။ ကုန်းဘောင်ဆက်ရာဇဝင်မှာပါသည့် မင်းရဲကောင်းပုံနှင့် ကလံပွားမြင်းစီးသခ်နရာတို့သည် ဂရီဂိုရီ နှင့် လဗိုင်းတို့ ဖြစ်နိုင်ပါသည်။ သူတို့ကိုကူညီခဲ့သည့် ပေါ်တူဂီလူမျိုးစကားပြန်ဆိုသူမှာ မြန်မာဘက်ကမွေးထား သည့် သတင်းပေး သူလျှို ဖြစ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်းပေါ်သို့တက်ရောက်ပြီး တိုက်သည့် အချိန်မှာ အင်္ဂလိပ်လက်နက်ကိုင်တပ်များ ဘင်္ဂလားသို့ပြန်သွားနေသည့်အချိန် ဖြစ်နေသည်။ အင်္ဂလိပ်က ဟံသာဝတီသားများကိုကူညီသည့်သတင်း၊ ဟိုင်းကြီးကျွန်းပေါ်က နောက်ဆုံးလှုပ်ရှားမှုသတင်းများကို ထိုသို့သောသတင်းပေးများထံမှ သတင်းရရှိခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ သတင်းရရှိဖို့လည်း စုံစမ်းထောက်လှမ်းခဲ့မည် ဖြစ်သည်။ သတင်းရသဖြင့်လည်း ပိုင်ပိုင်နိုင်နိုင်ချေမှုန်းနိုင်ခဲ့ခြင်း ဖြစ်ပေသည်။ မည်သို့ပင် ဖြစ်စေ အလောင်းမင်းတရားကြီးသည် ထိုအချိန်ကတည်းက နိုင်ငံခြားသားများကို သစ္စာတော်ခံအဖြစ် မွေးမြူထားရှိအသုံးချနိုင်ကြောင်း တွေ့ရပါသည်။

စစ်ရေးနှင့်ပတ်သက်၍ထောက်လှမ်းမှုကို မင်းတရားကြီးကိုယ်တိုင် အလေးထားခဲ့သကဲ့သို့ တပ်မှူးများကလည်း အလေးထားခဲ့ကြောင်း တွေ့ရသည်။ အလောင်းမင်းတရားကြီးသည် သံလျင်ကို တိုက်သည့်အခါ မြို့စောင့်တပ်နှင့်ရေတပ်များက အမြောက်၊ စိန်ပြောင်းများ ထပ်မံအားဖြည့်ပြီး အပြင်းအထန်ခုခံသဖြင့် သိမ်းပိုက်မရဘဲ ဖြစ်နေသည်။ ထိုအခြေအနေတွင် သံလျင်ကိုဝန်းရံတိုက်ခိုက်သည့် သေနတ်ဝန် မဟာသေနာပတိသည် ကျုံးနဖူး၌လှည့်လည်၍ ကိုယ်တိုင်ထောက်လှမ်းနေစဉ် စိန်ပြောင်းသင့်ခဲ့၏။ ရရှိဒဏ်ရာပြင်းသဖြင့် ကျဆုံးသွားခဲ့ပါသည်။

အလောင်းမင်းတရားကြီးသည် မြို့၊ ခရိုင်၊ တိုင်းများကို သိမ်းပိုက်အောင်မြင်သည့်အခါ ထိုဒေသ၌ မြို့ဝန်၊ မြို့အုပ်၊ စစ်ကဲ၊ နားခံဆိုသည့်အုပ်ချုပ်ရေးအရာထမ်းများကို ခန့်အပ်အုပ်ချုပ်စေပါသည်။ နားခံဆိုသည်မှာ ဘုရင်၏လူယုံတော် ထောက်လှမ်းရေးအရာရှိပင် ဖြစ်သည်။ ထိုဒေသ၏အခြေအနေအရပ်ရပ်ကို စုံစမ်းထောက်လှမ်းပြီး လွှတ်တော်သို့ တင်ပြရသည်။ အလောင်းမင်းတရားကြီး ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးချိန်တွင် ဦးဒိန္နန္ဒနှင့်လက်ယာဂုမ္ဘာန်တို့ကို နားခံတော်များအဖြစ် ခန့်ထားခဲ့သည်ဟု သိရပေသည်။ အလောင်းမင်းတရားကြီးသည် ရန်ကုန်မြို့ကိုသိမ်းပြီးကတည်းက မြို့ပြအုပ်ချုပ်ရေးနှင့်ပတ်သက်၍ ထောက်လှမ်းရေးတာဝန်များ ပေးအပ်သည့်သဘော ရှိပါသည်။

ရာဇဝင်သမိုင်းမှတ်တမ်းများ၌ ထောက်လှမ်းရေးနှင့်ပတ်သက်သည့် ဖြစ်စဉ်ဖြစ်ရပ် မှတ်တမ်းမှတ်ရာ များများစားစား မတွေ့ရသော်လည်း တတိယမြန်မာနိုင်ငံတော်ကြီးကို စတင်တည်ထောင်ခဲ့သည့် အလောင်းမင်းတရားကြီးသည် စစ်ရေး၊ အုပ်ချုပ်ရေးများတွင် ထောက်လှမ်းရေးနှင့်ပတ်သက်၍ စနစ်တကျလုပ်ဆောင်ခဲ့မည်မှာ သေချာပါသည်။ အလောင်းမင်းတရားကြီးသာမက ကုန်းဘောင်မင်းဆက်မှာ စစ်ဘုရင်တစ်ပါးဟုဆိုရမည့် ဒုတိယသားတော် ဆင်ဖြူရှင်သည်လည်း ယိုးဒယားကို အောင်နိုင်ခဲ့သကဲ့သို့ တရုတ်တို့၏ကျူးကျော်စစ်(၄)ကြိမ်ကိုလည်း အောင်မြင်ခဲ့ပါသည်။ ကသည်းကိုလည်း အနိုင်ရခဲ့ပါသည်။ ထိုသို့ စစ်အောင်နိုင်ဖို့ဆိုသည်မှာ ထောက်လှမ်းရေးကောင်းမှုသာ ဖြစ်ပေမည်။ မှတ်တမ်းမှတ်ရာ မတွေ့ရှိရသော်လည်း ထောက်လှမ်းရေးနှင့်ပတ်သက်၍ ထူးထူးကဲကဲဆောင်ရွက်နိုင်ခြင်းများရှိခဲ့မည်ဟု ယူဆရပါသည်။

## ဗဒုံမင်း(ဘိုးတော်ဘုရား)(၁၇၈၂-၁၈၁၉)လက်ထက် ထောက်လှမ်းရေး

ကုန်းဘောင်ခေတ်၏ အထွတ်အထိပ်ကာလများဟုဆိုပါလျှင် ဗဒုံမင်း(၁၇၈၂-၁၈၁၉)လက်ထက်ထိဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ဗဒုံမင်းသည် တိုင်းပြည်သာယာဝပြောရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည့်မင်း ဖြစ်ပါသည်။ ထီးနန်းသက်အားဖြင့်လည်း(၃၇)နှစ်ရှိခဲ့သဖြင့် ကုန်းဘောင်မင်းများထဲတွင် နန်းသက် အရှည်ကြာဆုံး ဖြစ်သည်။ နိုင်ငံတစ်ဝန်း မြို့ရွာများကို စစ်တမ်းများ ကောက်ယူစေခဲ့သည်။ ဗဒုံမင်းသည် ရခိုင်သူကောင်းမျိုးများ၏ပင့်ဖိတ်ချက်အရ ရခိုင်ဒေသကို ၁၇၈၄ ခုနှစ်၌ သိမ်းပိုက်ခဲ့သည်။ အောင်မြင်မှုမရသော်လည်း ၁၇၈၅ ခုနှစ်တွင် ယိုးဒယားသို့ ချီတက်တိုက်ခိုက်ခဲ့သေးသည်။ အာသံကိုလည်း သွားရောက်တိုက်ခိုက်ခဲ့သည်။ အလောင်းမင်းတရားနှင့်မြေဒူးမင်းတို့လက်ထက်ကကဲ့သို့ စစ်အင်အားကြီးမားသည့်ကာလများ ဖြစ်ပေသည်။

ရခိုင်ပြည်၏နောက်ဆုံးမင်းဖြစ်သည့် မဟာသမ္မတမင်း(၁၇၇၇-၁၇၈၂)သည် တိုင်းပြည်ကို ထိရောက်စွာ အုပ်ချုပ်နိုင်စွမ်းမရှိသဖြင့် သာသနာရေး၊ ပညာရေး၊ စီးပွားရေး အဘက်ဘက်ဆုတ်ယုတ်ပြီး ဖရိုဖရဲ ဖြစ်ခဲ့သည်။ အာဏာဖီဆန်ပုန်ကန်မှုများ ပေါ်ပေါက်ခဲ့သည်။ ထိုအချိန်၌ ရခိုင်သူကောင်းမျိုးများက ဗဒုံမင်းထံ ရခိုင်ကိုသိမ်းပိုက်ဖို့ တိုက်တွန်းလျှောက်ထားကြသည်။ ဗဒုံမင်းက သူလျှိုများစေလွှတ်ပြီး အခြေအနေအရပ်ရပ်ကို စုံစမ်းခဲ့သည်။ သိမ်းယူသင့်ကြောင်းသိရသဖြင့် သားတော်အိမ်ရှေ့မင်းကို စစ်ချီသိမ်းပိုက်စေခဲ့၏။ ရခိုင်ကိုသိမ်းပိုက်သည်နှင့် အင်္ဂလိပ်ပိုင်စစ်တကောင်းနှင့်နယ်နိမိတ်ချင်း ထိစပ်လာခဲ့လေသည်။ မြန်မာ့ သြဇာခံ အာသံ၊ မဏိပူရတို့နှင့်လည်း အလားတူ ဆက်စပ်နေခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်များနှင့် ဆက်ဆံရေးပြောင်းလဲလာမည့်အနေအထား ဖြစ်လာသည်။ နယ်ချဲ့အင်္ဂလိပ်တို့၏ရန်ကို လျစ်လျူရှု၍မရတော့သည့်အခြေအနေကို ရောက်လာခဲ့သည်။ ထို့ကြောင့်လည်း ဗဒုံမင်းသည် အနောက်ဘက်မျက်နှာစာကို အထူးအာရုံပြုခဲ့သည်။ အထောက်တော်များစေလွှတ်ပြီး စုံစမ်းထောက်လှမ်းမှုများ လုပ်ခဲ့သည်။ အနောက်ဘက်မျက်နှာစာကို အာရုံစိုက်သကဲ့သို့ အရှေ့ဘက်ခြမ်း မြန်မာ-ယိုးဒယားနယ်စပ်ကိုလည်း စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ခဲ့ကြောင်း တွေ့ရပါသည်။ ၁၇၈၈ခုနှစ် မတ်လ ၂၃ ရက်နေ့စွဲပါ အမိန့်တော်ထဲ၌ သတင်းရရှိရန်နှင့်စစ်ရေးပြင်ဆင်သတိရှိရန် ညွှန်ကြားထားကြောင်း တွေ့ရပေသည်။

> *နေမျိုးစည်သူကို ခန့်အပ်ထားရင်းအတိုင်း မိုးနဲ၊ မိုင်း ပန်သို့ အဆီးအဆို့သွားစေ။ မိုးနဲမိုင်းပန်သို့ရောက်လျှင် တပ်အခိုင်အလုံ ရပ်စွဲနေ၍ မိုင်းပန်၊ မိုးနဲ၊ ကျိုင်းတောင်၊ သံလွင်ထားဆိပ်၊ အကူးအပို့နီးရာ မြေလတ်တပြင်သားတို့ကိုလည်း တက်သက်လုပ်ဆောင်စေ၊ နောင် တပ်ချီတပ်တက် အလိုရှိလျှင်ရအောင် အနီးအပါး မြို့ကျေးရွာများက စပါးကိုလည်း မိုင်းပန်တပ်သို့ ကျီကျနှင့်သွင်း၍ စုံပုံထား၍ နေ့ည မပြတ်မလတ် ထောက်လှမ်းစုံစမ်းစေ။*

အနောက်ဘက်ကသည်းတို့နှင့်ပတ်သက်၍လည်း စုံစမ်းထောက်လှမ်းမှုများပြုလုပ်ခဲ့ကြောင်း ၁၇၈၈ ခုနှစ် ဖော်ဖော်ဝါရီလ ၁၁ ရက်နေ့စွဲပါအမိန့်တော်၌ တွေ့ရပါသည်။

*ကသည်းတို့ အကြောင်းအရာကို သိရအောင် သာထွန်းနန်းမြေ တပ်မှူး၊ စစ်ကဲတို့က ကင်းဆင့်စုံစမ်းစေ။*

ဗဒုံမင်းသည် မြောက်ဘက်အိမ်နီးချင်းတရုတ်ပြည်ကိုလည်း မျက်ခြည်ပြတ်မခံ စုံစမ်းထောက်လှမ်းခဲ့ကြောင်း၊ ၁၇၈၈ ခုနှစ်ဖေဖော်ဝါရီလ ၈ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့်အမိန့်တော်၌ တွေ့ရပါသည်။

*တရုတ်ပြည်နှင့်တရက်တို့ခိုက်ရန်ဖြစ်၍ တိုက်ခိုက်ကြသည့်အမှုကို ရွှေတိုက်ဝန်က ဘော်တွင်းရှိ ပေါက်ရောက်သည့် တရုတ်။ သိန္နီစော်ဘွားကလည်း ကိုင်းမားစားနှင့် တိုင်ပင်၍ ပေါက်ရောက်သူ ဗန်းမော်ကောင်းတုံမြို့ဝန်ကလည်း ပေါက်ရောက်သူတို့ကို ရွေးချယ်၍ တရုတ်ပြည်အကြောင်းအရာကို အတပ်အကြပ်သိရအောင် စေလွှတ်စုံစမ်းစေ။*

ဗဒုံမင်းသည် ရခိုင်ကိုသိမ်းပိုက်ပြီးသည့်နောက် နယ်ချဲ့အင်္ဂလိပ်၏သတင်းများရရှိရန် အိန္ဒိယသို့ ကုလားစကား၊ ပုဏ္ဏားစကားတတ်ကျွမ်းသူ၊ ကျည်းစာ၊ ယွန်းစာ၊ ပိဋကတ်တတ်သူ၊ စာကူးတတ်သူ၊ ပန်းချီတတ်သူများကိုရွေးချယ်ပြီး သက်ဆိုင်ရာမင်းများထံ ရာဇသံလက်ဆောင်များနှင့် ကျမ်းစာစုဆောင်းရေးအကြောင်းပြစေလွှတ်ပြီး ထောက်လှမ်းမှုများ ပြုလုပ်ခဲ့ပါသည်။ အိန္ဒိယသို့ ကျမ်းစာစုစေလွှတ်သကဲ့သို့ ယိုးဒယား၊ ကမ္ဘောဒီးယား၊ မာလာယုကျွန်းများကိုလည်း အတီးအမှုတ်၊ အဆိုအက၊ သုခုမပညာရပ်များ လေ့လာရန် ပညာရှင်(၈)ဦး စေလွှတ်ခဲ့ကြောင်း သိရသည်။ အလားတူ သီဟိုဠ်ကိုလည်း ကျမ်းစာရှာ စေလွှတ်ခဲ့သည်ဟု သိရသည်။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသကဲ့သို့ ကျမ်းစာရှာရင်း ထောက်လှမ်းမှု လုပ်ဆောင်စေခဲ့ခြင်းဖြစ်မည်ဟု ယူဆရပေသည်။

ဗဒုံမင်းသည် ရခိုင်ကိုသိမ်းပြီးသည့်နောက် ရခိုင်က ပိုင်ဆိုင်ခဲ့ဖူးသည့် စစ်တကောင်း၊ ပန်းဝါ၊ ဒက္ကာစသည့် ဘင်္ဂါ(၁၂)မြို့ကို ဆက်လက်သိမ်းပိုက်ရန် ကြံရွယ်ခဲ့သည်ဟု သိရပါသည်။ သိမ်းပိုက်လိုသည်ဖြစ်စေ၊ မသိမ်းပိုက်လိုသည်ဖြစ်စေ၊ နယ်ချဲ့အင်္ဂလိပ်များနှင့် နယ်မြေချင်းထိစပ်သွားပြီဖြစ်သဖြင့် အင်္ဂလိပ်၏ရန်ကို သတိထားရပြီ ဖြစ်၏။ ထို့ကြောင့် အထောက်တော်များစေလွှတ်ပြီး အင်္ဂလိပ်၏သတင်းများကို ထောက်လှမ်းမှုပြုခဲ့ကြောင်း ဦးတင်၏မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ တတိယတွဲ၌ တွေ့ရှိရပါသည်။

*ရှေးအခါ၊ ရခိုင်နိုင်ငံက ပိုင်ဖူးသော မဏိပူရနယ်၊ အာသံနယ်တို့ကို ၂ ခါပြန် သိမ်းယူရပြန်သည့်အခါ၊ မာန်တက်ပြန်၍၊ ရခိုင်နိုင်ငံက ပိုင်ဖူးသော၊ စစ်တကောင်း၊ ပန်းဝါ၊ ဒါကာ၊ မောက်သူဇာ၊ ပဋိက္ကရား စသော ဘင်္ဂါ(၁၂)မြို့ကို သိမ်းယူရန် အကြံဖြစ်ပြန်သည်။ အထောက်တော်သူလျှိုများ၊ များစွာ အိန္ဒိယသို့ စေလွှတ်သည်။ အမည်တပ်သည်မှာ စာပေရှာဖွေစေရန်ဆို၍ အမည်တပ်သည်။ တစ်ချက်ခုတ်နှစ်ချက်ပြတ် ဆိုဘိသကဲ့သို့ အလိုရှိသော လောကီစာပေများလည်း အားကြီးရခဲ့သည်။ ဗာရာဏသီ၊ ကာသိ၊ ပဥ္စာလ၊ လက္ခနောင်၊ နေပံ စသောမင်းများနှင့် ဆက်ဆံမိကြသည်။ ဆိုခဲ့သော မင်းများက လက်ဆောင်ပဏ္ဏာစာ ပေးပို့သကြသည့်ပြင် အိန္ဒိယမှာ လာရောက်နှောက်ရှက်နေသော ဘင်္ဂလားကအင်္ဂလိပ်များကို မြန်မာမင်းနှင့်ပူးပေါင်း၍ နှင်ထုတ်ရန် အကြံပြုကြသည်။ ဗာရာဏသီက မဟာဂေါဝိန္ဒဆိုသော သာသနာပိုင်ခေါ်သော ပုဏ္ဏား*

*ကြီးသည် အမရပူရမြို့သို့ လာရောက်သည့်ပြင် တူနှင့်တပည့်များကိုလည်း ကိုယ်စား၊ အမရပူရတွင်ထားခဲ့၍ ပြန်သွားသည်။ ထိုပုဏ္ဏားကြီးကို မဟာရာဇိန္ဒအဂ္ဂမဟာ ဓမ္မရာဇာဓိရာဇဂုရု ဟူသောဘွဲ့ကို ချီးမြှင့်လိုက်သည်။*

ဗဒုံမင်းသည် ၁၇၈၄ ခုနှစ် ရခိုင်ကိုသိမ်းပြီးနောက် အိန္ဒိယနိုင်ငံရှိစာပေကျမ်းဂန်များအား ကူးယူရန် သံတမန်အဖွဲ့များ အကြိမ်ကြိမ်စေလွှတ်ခဲ့ပါသည်။ ၁၇၈၄ ခုနှစ်၌ ပုဏ္ဏားသီရိဇေယျဓမ္မဂုရု၊ သီရိဓမ္မိကဂုရုနှင့် ရာပြတ်သီရိစန္ဒဂုတ်တို့ ဦးဆောင်သောအဖွဲ့၊ ၁၇၉၇ ခုနှစ်၌ အဆောင်တော်မြဲ သာငသည်း ဦးဆောင်သောအဖွဲ့၊ ၁၈၀၅ ခုနှစ်၌ မင်းကျော်တမွတ် ဦးဆောင်သောအဖွဲ့၊ ၁၈၀၆ ခုနှစ်၌ ငလှေး ဦးဆောင်သောအဖွဲ့၊ ၁၈၀၆ ခုနှစ်၌ ရွှေတောင်သာဂသူ(ရမ္မဝတီမြို့ဝန်)ဦးဆောင် သောအဖွဲ့၊ ၁၈၁၀ ခုနှစ်၌ ငပေတူ၊ ငကွယ်ဦးဆောင်သောအဖွဲ့၊ ၁၈၁၂ခုနှစ်၌ ရဲထင်ကြီးနှင့်နဝဒီပ ဦးဆောင်သောအဖွဲ့၊ ၁၈၁၃ ခုနှစ်၌ အခွန်ဝန်ဇေယျကျော်ထင် ဦးဆောင်သောအဖွဲ့၊ ၁၈၁၅ ခုနှစ်၌ ဝတ်မြေဝန် သီရိပျံချီ နရာဇေယျကျော်နှင့် အကောက်ဝန်ပျံချီ ဇေယျနော်ရထာ ဦးဆောင်သောအဖွဲ့၊ ၁၈၁၇ ခုနှစ်၌ မြိတ်မြို့ဝန် နေမျိုးမင်းလှကျော် ဦးဆောင်သောအဖွဲ့၊ ၁၈၁၇ ခုနှစ်၌ မင်းကျော်တမွတ်၊ သုဝံသပြ၊ ပဋ္ဌာအုပ်စု၊ ကျမ်းတတ်ပုဏ္ဏား ပရကြည်မှူး၊ ပညာ ထာဝကာ အဖွဲ့ စသည့်အဖွဲ့များကို စေလွှတ်ခဲ့ကြောင်း သိရသည်။ ၁၈၂၄ ခုနှစ်၊ ဇန်နဝါရီလ၌ ရခိုင်ဝန်ကြီးဦးစီးသည့် မြန်မာ(၆၀)ပါအဖွဲ့ လည်း အင်္ဂလိပ်မှတ်တမ်းများအရ ဂေါ်ဟတ္တိသို့ ရောက်ခဲ့သည်ဟု သိရ၏။ အင်္ဂလိပ်များကလည်း ထို အဖွဲ့များ အိန္ဒိယသို့ လာရောက်ခြင်းနှင့်ပတ်သက်၍ ထောက်လှမ်းရန်လာခြင်းဖြစ်သည်ဟု သံသယ ရှိကြသည်။ အင်္ဂလိပ်တို့၏စောင့်ကြည့်ခံရသဖြင့် ပိပိရိရိ စည်းစနစ်တကျနေထိုင်ကြရန် သတိ ပေးခဲ့ရသည်များလည်းရှိခဲ့ကြောင်း သိရသည်။ ကျမ်းစာကူးအဖွဲ့ဟုဆိုသော်လည်း ထောက်လှမ်းမှု များလုပ်ခဲ့ကြသည်မှာ အမှန်ပင်ဖြစ်သည်။ ဘကြီးတော်ဘုရားလက်ထက်၌ ရွှေတောင်သာဂသူတို့၏ အထောက်တော်တင်လွှာအရ အိန္ဒိယနိုင်ငံသို့ အကြိမ်ကြိမ်ရောက်ရှိခဲ့ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ကျမ်းစာကူးအဖွဲ့များတွင် သူလျှိုများပါရှိခဲ့သည်မှာ အမှန်ဖြစ်ပါသည်။ ထို့အပြင် တွေ့ရှိရသောမှတ်တမ်း များအရ သီးခြားသူလျှို အထောက်တော်များလည်း စေလွှတ်ခဲ့သည်ဟု ယူဆရပေသည်။

ဗဒုံမင်းသည် ၁၇၈၄ ခုနှစ် ရခိုင်ကိုသိမ်းပိုက်ပြီးသည့်နောက် ၁၇၉၄ ခုနှစ်၌ ပုန်ကန်မှုပေါ် ပေါက်၍ လိုက်လံနှိမ်နှင်းသည့်အခါ ပုန်ကန်သူများသည် အင်္ဂလိပ်နယ်မြေ စစ်တကောင်းနယ်ထဲသို့ ပြေးဝင်သွားသဖြင့် ပြဿနာပေါ်ပေါက်ခဲ့၏။ ၁၇၉၇ ခုနှစ်၌လည်း ပုန်ကန်မှုထပ်မံဖြစ်ပွား၍ နှိမ်နှင်း သည့်အခါ စစ်တကောင်းနယ်ထဲပြေးဝင်သဖြင့် လိုက်လံတိုက်ခိုက်ရပြန်သောကြောင့် အင်္ဂလိပ်များနှင့် ပစ်ခတ်မှုဖြစ်ခဲ့ရပြန်သည်။ အင်္ဂလိပ်-မြန်မာဆက်ဆံရေးသည် ပိုပြီးဆိုးဝါးလာသဖြင့် ဗဒုံမင်းသည် အနောက်ဘက်မျက်နှာကို ပိုပြီး ဂရုစိုက်ခဲ့ပါသည်။ ထို့ကြောင့်လည်း အိန္ဒိယသို့ စာပေကျမ်းဂန်ရှာရန် အကြောင်းပြ၍ ထောက်လှမ်းမှုများပြုလုပ်ခဲ့ခြင်း ဖြစ်ပေမည်။ အင်္ဂလိပ်ကလည်း အိန္ဒိယသို့လွှတ်သည့် မြန်မာအဖွဲ့များကို သူလျှိုအဖွဲ့ဟု စွပ်စွဲခဲ့သည်။ Amil Chandra Bamerfee ၏ Eastern Frontier of British India ဆိုသည့်စာအုပ်၌ ၁၈၁၁-၁၈၁၄ ခုနှစ်အတွင်း ဗြိတိသျှတို့၏ပျော့ညံ့သည့်နိုင်ငံရေး မူဝါဒကြောင့် မြန်မာတို့သည် အိန္ဒိယနိုင်ငံများနှင့်လျှို့ဝှက်ပြီး နိုင်ငံရေးဆက်သွယ်မှုများ ပြုလုပ်နေကြောင်း၊ ဆက်သွယ်မှုများ အတင့်ရဲလာပြီး အင်္ဂလိပ်တို့ကိုဒုက္ခပေးဖို့ စီစဉ်နေကြောင်း၊ မြန်မာတို့၌ လျှို့ဝှက်လုပ်ငန်း များရှိနေကြောင်း၊ မြန်မာတို့သည် ကုန်သည်အသွင်နှင့် လျှို့ဝှက်လုပ်ငန်းများလုပ်နေကြောင်း၊ အိန္ဒိယ



မြန်မာသံအဖွဲ့တစ်ဖွဲ့ အိန္ဒိယသို့ရောက်ရှိစဉ်
၁၈၁၀–၁၈၂၀အတွင်း ဒေလီပန်းချီဆရာတစ်ဦး ရေးဆွဲထားသည့်ပုံ
(အထောက်တော် မင်းလှသာဂသူနှင့်အဖွဲ့ဟု ယူဆရပါသည်။)

မြောက်ပိုင်းက ဆစ်ခ်လူမျိုးများနှင့် ရင်းနှီးစွာဆက်သွယ်နေကြောင်း စသဖြင့်ရေးသားထားသည်ကို တွေ့ရှိရ၏။ အမှန်တကယ်လည်း ဗဒုံမင်း၏သူလျှိုသည် အိန္ဒိယအတွင်းပိုင်းထိ ထိုးဖောက်ထောက်လှမ်းနိုင်ခဲ့သည်ကို တွေ့ရှိရ၏။ ဒေါက်တာတိုးလှ၏ကုန်းဘောင်ရွှေပြည်စာအုပ်ထဲ၌ ၁၈၀၆ ခုနှစ်က အာသံကို တိုက်ခိုက်ပြီး မြန်မာတို့နန်းတင်ပေးသည့် စန္ဒရဂန္ဒရှိန်အား မှူးမတ်တို့ မညီမညွတ်ဖြစ်ပြီး နန်းချသည့်အခါ အင်္ဂလိပ်ပိုင်နယ်ထဲသို့ ထွက်ပြေးခဲ့သည့် ဗာဒန်စန္ဒရသည် ကလကတ္တား၌ မြန်မာဘုရင့်သူလျှိုတစ်ဦးနှင့် ဆက်သွယ်မိပြီး ထိုသူလျှိုမှတစ်ဆင့် မြန်မာဘုရင်ထံ အကူအညီတောင်းခဲ့လေသည်။ ထို့ကြောင့် ၁၈၁၈ ခုနှစ်တွင် မြန်မာတပ်များ ဒုတိယအကြိမ် အာသံကို ချီတက်တိုက်ခိုက်ကာ စန္ဒရဂန္ဒရှိန်အား နန်းတင်ခဲ့သည်ဟု ဆိုပါသည်။

ဗဒုံမင်း၏ ၁၈၁၀ ခုနှစ်၊ မတ်လ ၃ ရက်စွဲနှင့်ထုတ်ပြန်ခဲ့သည့်အမိန့်တော်အရ (သိုးဆောင်း) အင်္ဂလိပ်ဘာသာစကားကို မြန်မာလူငယ်(၄)ဦးဖြစ်သည့် ငရွှေဦး၊ ငရွှေဘုး၊ ငရွှေရောက်၊ ငရွှေပုတို့ကို သင်ကြားစေခဲ့သည်ဟု သိရသည်။ သိုးဆောင်း(အင်္ဂလိပ်)ဘာသာသင်ဆရာမှာ ဂျော့ချ် (George)ဟု သိရသည်။ အင်္ဂလိပ်နယ်ချဲ့ရန်ကိုသိခဲ့သည့် ဘိုးတော်ဗဒုံမင်းသည် အမြော်အမြင်ကြီးစွာဖြင့် စီစဉ်ခဲ့ခြင်း ဖြစ်ပါသည်။ အင်္ဂလိပ်တို့၏သတင်းများကိုရရှိရန် သင်ကြားစေခဲ့ခြင်း ဖြစ်နိုင်၏။ ထိုလူငယ်များကို အထောက်တော်များအဖြစ် တာဝန်ပေးကောင်းပေးခဲ့ပါလိမ့်မည်။ ဗဒုံမင်းသည် ရခိုင်ကိုသိမ်းပြီးသည့်နောက်ပိုင်း အင်္ဂလိပ်နယ်ချဲ့တို့၏ရန်ကို ကြိုတင်တွက်ဆ၍ ထိုးဖောက်အထောက်တော်များ စေလွှတ်ထောက်လှမ်းသကဲ့သို့ အနောက်ဘက်စစ်မျက်နှာအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါသည်။ ရခိုင်နှင့်ပြည်မဆက်သွယ်သည့်မဟာဗျူဟာလမ်းမကြီး ဖောက်လုပ်စေခဲ့သည်။ ဗဒုံမင်းသည် ရခိုင်ကိုသိမ်းပြီး (၃)နှစ်အကြာ၌ ဒွါရာဝတီမြို့ဝန်သောကို ငွေချိန်ပိဿာတစ်ရာပေးအပ်ကာ ဆင်ဖြူကျွန်းမှ ရခိုင်သို့ ဆက်သွယ်သည့်လမ်းအား ဖောက်လုပ်စေခဲ့သည်ဟု ဆိုသည်။ အောင်မြင်မှုမရှိသည့်အတွက် ၁၈၁၆ ခုနှစ်၌ နေမျိုးဇေယျကျော်ထင်ကို ဒွါရဝတီမြို့ဝန်အဖြစ်ခန့်အပ်ပြီး ငွေချိန်ပိဿာတစ်ရာပေး၍ ထပ်မံဖောက်လုပ်စေခဲ့သည်။ ဇေယျကျော်ထင်သည် ငွေပိဿာတစ်ရာကို ရခိုင်ဒင်္ဂါး (၁၆၀၀၀) ခတ်လုပ်သည်။ လူ(၁၀၀၀)ခေါ် ယူပြီး လမ်းဖောက်သည်။ လမ်းလုပ်ခအဖြစ် လူတစ်ဦးလျှင် တစ်လဒင်္ဂါး(၅)ကျပ် ထောက်ပံ့ခဲ့သည်။ ရခိုင်ပြည်နယ်၊ အမ်းမြို့မှ ရိုးမကိုဖြတ်၍ စက်တော်ရာမှ ဆင်ဖြူကျွန်း ဧရာဝတီဆိပ်ကမ်း၊ စက်တော်ရာမှ မင်းဘူးမြစ်ဆိပ်ထိ လမ်းနှစ်သွယ်ဖောက်လုပ်ခဲ့သည်။ လမ်းတစ်လျှောက် သင့်လျော်သောနေရာများ၌ စခန်းများပြုလုပ်ပြီး လယ်တီလယ်ပေါ် ဇရပ်(၁၀)ဆောင်၊ လမ်းဆစ်ချောင်း ကူးများ၌ တံတားဆယ်ခု၊ ရေကန်(၃)ခု တည်ဆောက်ခဲ့သည်ဟု ဦးလှထွန်းဖြူတည်းဖြတ်သည့် မဇ္ဈိမအရေးတော်ပုံကျမ်း၌ တွေ့ရှိရပါသည်။ ဒေါက်တာတိုးလှရေးသည့် အလောင်းမင်းတရားကြီး၏ ကုန်းဘောင်ရွှေပြည်စာအုပ်ထဲ၌ ယနေ့အသုံးပြုနေသည့် ငဖဲနတ်ရေကန်တော်ထိပ်လမ်းသည် ဗဒုံမင်းဖောက်လုပ်ခဲ့သည့်လမ်းဖြစ်ကြောင်း၊ အုတ်များခင်းထားသည့်လမ်းကြောင်းဟောင်းကို ယနေ့တိုင် တွေ့နိုင်သေးသည်ဟု ဆိုထားသည်။ ဗဒုံမင်းသည် ထိုလမ်းကြောင်း၌ မြင်းထောက်၊ လှေထောက်၊ ကင်းစခန်း များ ချထားသည်ဟုလည်း သိရ၏။

သမိုင်းမှတ်တမ်းများတွင်တွေ့ရှိရသမျှ သုံးသပ်ကြည့်လျှင် ဗဒုံမင်းသည် ထောက်လှမ်းရေးနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပ၌ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည်ဟု ဆိုရပါမည်။

# ဘကြီးတော်စစ်ကိုင်းမင်း(၁၈၁၉-၁၈၃၇)လက်ထက် ထောက်လှမ်းရေး

ဗဒုံမင်း(၁၇၈၂-၁၈၁၉)နတ်ရွာစံသည့်အခါ ဘကြီးတော်စစ်ကိုင်းမင်း(၁၈၁၉-၁၈၃၇) နန်းတက်ခဲ့ပါသည်။ စစ်ကိုင်းမင်းသည် အုပ်ချုပ်ရေးထက် စစ်ရေးစစ်ရာ၌ ပိုမိုအားသာသည့်မင်း ဖြစ်ပါသည်။ စစ်ကိုင်းမင်းသည် ဗဒုံမင်း၏လုပ်နည်းလုပ်ဟန်များအတိုင်း ဆက်လက်လုပ်ဆောင်ခဲ့မည်ဟု ယူဆရသည်။ ပြည်တွင်းပြည်ပ ထောက်လှမ်းမှုများလုပ်သည့်နေရာတွင် ၁၈၃၇ ခုနှစ်၊ မေလ ၈ ရက်နေ့စွဲနှင့် ထုတ်ပြန်ခဲ့သည့် ဘကြီးတော်မင်း၏အမိန့်တော်၌ ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သံဃာတော်များဖြင့်မအပ်စပ်သည့် ရွှေငွေအရောင်းအဝယ်ပြုလုပ်ခဲ့သော ရဟန်းသံဃာများကို ဘုရင့်အထောက်တော်က ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း တွေ့ရှိရပါသည်။

*အခြားဂိုဏ်းမှ ရွှေခံ၊ ငွေခံအရောင်းအဝယ် အလဲအလှယ်များကို မင်းဇကေရာဇ်*
*သူလျှိုမိ၍ ၎င်းအမိန့်တော်နှင့်တကွ သုတ္တုဒ္ဒေသသံဃဥပုသ် ပြုကြစေ။ ပါတမုတ်ရ*
*ခြင်း၏အကြောင်း သုံးကြိမ်တိုင် သာသနာပိုင်ဆရာတော်ဘုရားကြီးက တိုက်တွန်းနှိုး*
*ဆော်သောအားဖြင့် အမိန့်တော်ထုတ်ပြန်သည့်အတိုင်း ဆင့်ဆိုနှိုးဆော်ရင်းရှိသည်။*

ဗဒုံမင်းလက်ထက်ကတည်းက ပြည်ပနိုင်ငံများသို့ ထောက်လှမ်းမှုများ ပြုလုပ်ခဲ့သကဲ့သို့ ဘကြီးတော်လက်ထက်၌လည်း အင်္ဂလိပ်နယ်ချဲ့ရန်ကြောင့် ပြည်ပထောက်လှမ်းမှုကို ပိုမိုပြုလုပ်ရမည့်အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ ဘကြီးတော်(စစ်ကိုင်းမင်း)နန်းတက်ချိန်၌ မြန်မာလက်အောက်ခံ မဏိပူရ်ရာဇာသည် ဘိသိက်မင်္ဂလာပွဲကို လာရောက်မတက်သည့်အတွက် ပုန်ကန်သည်ဟု မြန်မာတို့က ယူဆခဲ့သည်။ ထို့ကြောင့် မဏိပူရ်ကို သွားရောက်တိုက်ခိုက်ခဲ့၏။ မဏိပူရ်ရာဇာ မာဂျစ်ဆင်သည် ကချာနယ်(Kosali)ထဲသို့ ထွက်ပြေးဝင်ရောက်ခဲ့လေသည်။ ကချာရာဇာသည် စိုးရိမ်ပြီး ဗြိတိသျှပိုင်နက်ထဲသို့ ပြေးဝင်၍ ဗြိတိသျှတို့ကို အကူအညီတောင်းခဲ့သည်။ အင်္ဂလိပ်တို့ကလည်း ထိုအခွင့်ကောင်းယူပြီး ကချာနယ်ကိုသိမ်းပိုက်ရန် ပြုလုပ်သည်။ မြန်မာပိုင်အာသံ၊ မဏိပူရ်နယ်များမှာ အင်္ဂလိပ်တို့ ပိုမို ခြေရှုပ်လာတော့သည်။ ထို့ကြောင့် ဘကြီးတော်သည် စစ်ရေးပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါသည်။ အနောက်ဘက်မျက်နှာ၌ ရွှေမြို့တော်မှ ရှင်မဖြူကျွန်း(Shanpuri)၊ သံတွဲ၊ ဧည့ဝတီအထိ ကုန်းကြောင်း၊ ရေကြောင်း၊ မြင်း၊ လှေ၊ လူများဖြင့် စခန်းစဉ်ချထားခဲ့၏။ အနောက်မြောက်မျက်နှာစာမှာလည်း မိုးကောင်းမှ အာသံ(Assam)အထိ မြင်းအထောက်စခန်းများ ချထားခဲ့သည်။ ထိုးဖောက်အထောက်တော်များ စေလွှတ်ပြီး အင်္ဂလိပ်၏အခြေအနေကို မပြတ်ထောက်လှမ်းခဲ့ပေသည်။

ဗဒုံမင်းလက်ထက်က အိန္ဒိယနိုင်ငံသို့ စာပေကျမ်းဂန်များကူးရန်အကြောင်းပြပြီး အထောက်တော်များစေလွှတ်ခဲ့ကြောင်း တင်ပြပြီးဖြစ်ပါသည်။ ထိုအဖွဲ့၌ မြေနန်းဝန်ဟောင်း မင်းလှသာဂသူလည်း

ပါရှိခဲ့သည်။ ထိုအဖွဲ့သည် (၂၁)လတိုင်တိုင် အိန္ဒိယနိုင်ငံထဲ၌ လှည့်လည်စုံစမ်းခဲ့သည်ဟု သိရ၏။ ဘကြီးတော်စစ်ကိုင်းမင်း နန်းတက်ပြီး(၂)နှစ်ခန့်အကြာ ၁၈၂၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ မဟာဗောဓိသို့ အလှူတော်များနှင့်အဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့သည်။ ထိုအဖွဲ့၌ မြေနန်းဝန်ဟောင်း မဟာမင်းလှသာဂသူနှင့် အဆောင်တော်မြဲ ရွှေတောင်သာဂသူတို့လည်းပါရှိသည်ဟု ယူဆရ၏။ ထိုအဖွဲ့ကို အင်္ဂလိပ်တို့က သူလျှို အဖွဲ့ဖြစ်သည်ဟု စွပ်စွဲခဲ့သည်။ ဒွါရဝတီမြို့ဝန် ဇေယျကျော်ထင်၏ မဇ္ဈိမဒေသအရေးတော်ပုံကျမ်းထဲတွင် သူတို့အဖွဲ့သည် အင်္ဂလိပ်၏တန်ပြန်ထောက်လှမ်းခြင်းခံခဲ့ရသည်ဟု ဆိုထားပါသည်။ အမှန်တကယ်လည်း စုံစမ်းထောက်လှမ်းရန် သွားရောက်ခဲ့ကြသည့်အထောက်တော်များ ဖြစ်ကြသည်။ မင်းလှသာဂသူနှင့် ရွှေတောင်သာဂသူတို့သည် ဘကြီးတော်လက်ထက်တွင် အထောက်တော်အစီရင်ခံစာကို တင်သွင်းခဲ့ကြသည်။ အထောက်တော်တင်လွှာတင်ခဲ့သည့် ရွှေတောင်သာဂသူတို့ညီအစ်ကိုနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်ရာကောင်းပါသည်။ ရွှေတောင်သာဂသူမှာ ဘင်္ဂလားသွားမှတ်တမ်းအပါအဝင် ကျမ်းပေါင်း(၆၀) ခန့်ရေးသားခဲ့သည့် စာဆိုတော်ဦးနု(၁၇၆၂-၁၈၂၂) ဖြစ်ပါသည်။ ဦးနုသည် အဖ ရှိတ်ဒ်ဒါ ဝူးဒ်နှင့် အမိဒေါ်ငြိမ်း(သွေးသောက်ကြီး ဦးပွင့်၊ ဒေါ်မြတ်နှင်းတို့၏သမီး)တို့က မွေးဖွားခဲ့သူ ရွှေဘိုဇာတိ ဖြစ်သည်။ ငယ်စဉ်က အင်းဝနန်းဦးဆည်ကျောင်း၌ ပါဠိမြန်မာစာများ သင်ကြားခဲ့ပါသည်။ အသက် (၁၉)နှစ်၌ ဒဂုံသို့ရောက်ခဲ့ပြီး ဆီးရီးယားနိုင်ငံမှလာသည့် စိုင်းယဒ်မုဟမ္မဒ်ထံတွင် အစ္စလာမ်စာပေ၊ အရဗီ၊ အူရဒူ၊ ဖာရစီဘာသာများ သင်ကြားခဲ့သည်။ ဦးနုသည် မြန်မာစာ၊ ပါဠိ၊ သက္ကတ၊ အရဗီ၊ အူရဒူ၊ ဖာရစီ (ပါရှန်းဘာသာ)၊ ဟိန္ဒူစတန်နီနှင့် အဆင့်မြင့်အူရဒူစာပေ၊ ဒက္ခနီဘာသာစာပေများ နှံ့နှံ့စပ်စပ် တတ်မြောက်သူဖြစ်၏။ ဘိုးတော်ဘုရားလက်ထက်၌ ရွှေတောင်သာဂသူဘွဲ့နှင့် ရမ္မာဝတီ (ရမ်းဗြဲ)မြို့ဝန်အဖြစ် ခန့်အပ်ခံခဲ့ရသည်။ အကောက်ဝန်နှင့် ဘုရင့်အဝယ်တော်တာဝန်များထမ်းဆောင်ခဲ့သည်ဟု ဆိုပါသည်။ ဦးနုသည် ၁၈၀၅ ခုနှစ်၌ အင်းဝမှရခိုင်ကိုဖြတ်၍ ဘင်္ဂလားသို့ ကုန်ရောင်းသွားခဲ့သည်။ အသွားအပြန် (၄)လ(၁၈)ရက်ကြာပြီး ဘင်္ဂလား၌(၁)လကြာ နေထိုင်ခဲ့သည်။ ထိုခရီးစဉ်၌ ဘင်္ဂလားသွားမှတ်တမ်းကို ရေးသားခဲ့သည်။ ၁၈၀၆ ခုနှစ်၌ ရွှေတောင်သာဂသူဦးဆောင်၍ အိန္ဒိယသို့ ကျမ်းစာကူး စေလွှတ်ခဲ့သည်။ ၁၈၀၉ ခုနှစ်၌ ပုရောဟိတ်ပုဏ္ဏား ဝါသိဋ္ဌပြဟ္မာနှင့်အတူ အိန္ဒိယသို့ ကျမ်းစာရှာ ထပ်မံစေလွှတ်ခြင်း ခံခဲ့ရ၏။ အိန္ဒိယသို့ အကြိမ်ကြိမ်ရောက်ခဲ့စဉ် အင်္ဂလိပ်တို့၏လှုပ်ရှားမှုများကို လေ့လာထောက်လှမ်းခဲ့သည်။ အထောက်တော်တင်လွှာအဖြစ် ဘကြီးတော်လက်ထက်၌ အစီရင်ခံစာတင်သွင်းခဲ့ပါသည်။ တွေ့ရှိရသောအထောက်အထားများအရ ရွှေတောင်သာဂသူ(ဦးနု)သည် ဗဒုံမင်းလက်ထက်ကတည်းက အထောက်တော်အဖြစ် တာဝန်ပေးခိုင်းစေခြင်းခံခဲ့ရသူဖြစ်သကဲ့သို့ ဘကြီးတော်လက်ထက်၌လည်း ထပ်မံစေလွှတ်ထောက်လှမ်းခိုင်းခဲ့သဖြင့် အထောက်တော်တင်လွှာတင်ခဲ့ရခြင်း ဖြစ်နိုင်ပါသည်။

အထောက်တော်တင်လွှာကို ၁၈၂၃ ခုနှစ်၊ ဇန်နဝါရီလ(၂၁) ရက်နေ့စွဲဖြင့် တင်သွင်းခဲ့ခြင်း ဖြစ်သည်။ အင်္ဂလိပ်များသည် ရှင်မဖြူကျွန်းပေါ်၌ စစ်တပ်ငယ်တစ်ခု လာရောက်ချထားသဖြင့် ၁၈၂၃ ခုနှစ်၊ စက်တင်ဘာလ၌ မြန်မာတို့က ရှင်မဖြူကျွန်းကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ထိုအချိန်၌ အင်္ဂလိပ်သည် နပိုလီယံနှင့်တိုက်ခိုက်ရာ အနိုင်ရရှိခဲ့ပြီး ဖြစ်သည်။ စစ်အင်အားတောင့်တင်းနေသည့်အချိန် ဖြစ်နေပေပြီ။ ထို့ကြောင့်လည်း ၁၈၂၄ ခုနှစ်၊ မတ်လ (၅)ရက်နေ့၌ နယ်ချဲ့အင်္ဂလိပ်က မြန်မာကို စစ်ကြေညာခဲ့၏။ ပထမအင်္ဂလိပ်-မြန်မာ(၁၈၂၄-၁၈၂၆)စစ်ပွဲ၌ မြန်မာတို့ရှုံးနိမ့်ပြီး ရခိုင်၊ တနင်္သာရီနှင့် အာသံကို အင်္ဂလိပ်တို့အား ပေးခဲ့ရသည်။ လက်နက်ချင်းမမျှသဖြင့် ရှုံးခဲ့ရသော်လည်း ထောက်လှမ်း

ရရှိချက်တင်လျှောက်လွှာကို လေ့လာလျှင် ဘကြီးတော်စစ်ကိုင်းမင်းသည် ဘိုးတော်(ဗဒုံမင်း)ကဲ့သို့ အင်္ဂလိပ်၏ရန်ကို အထူးသတိပြုပြီး ထောက်လှမ်းမှုများ ပြုလုပ်ခဲ့ကြောင်း၊ ထောက်လှမ်းသူတို့၏စစ်ရေး၊ နိုင်ငံရေးအသိအမြင်များ၊ ထောက်လှမ်းရရှိချက်များသည် အဆင့်အတန်းမြင့်မားကြောင်း တွေ့ရှိရပါသည်။

## မြေနန်းဝန်ဟောင်း မင်းလှသာဂသူနှင့် ညီအဆောင်တော်မြဲ ရွှေတောင်သာဂသူတို့၏ အထောက်တော်တင်လွှာမှ ကောက်နုတ်ချက်

မဇ္ဈိမဒေသ သောဠသတစ်ဆယ့်ခြောက်ပြည် ကွန္တြီယတိုင်း အနောက်ကုလားပြည်အကြောင်း (အထောက်တော်) "ဘုရားကျွန်တော် မြေနန်းဝန်ဟောင်း မဟာမင်းလှသာဂသူ၊ အဆောင်တော်မြဲ ရွှေတောင်သာဂသူ ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား၊ အနောက်ကုလားပြည်သို့ အကြိမ်ကြိမ် အခေါက်ခေါက် ကူးသွားသည်တွင် မဇ္ဈိမဒေသ သောဠသ တစ်ဆယ့်ခြောက်ပြည်၏ အဖြစ်အပျက် အကြောင်းအရာများကို ကြားသိသမျှ မှတ်သားမိသည်မှာ"ဟု အစချီပြီး တင်ပြလျှောက်ထားရာ၌-

> *ဘုရားကျွန်တော် ၁၁၈၄-ခုနှစ်(အေဒီ ၁၈၂၂) မေဃဝတီ (မာန်အောင်)က အနောက်ကုလားပြည်သို့ ကူးသွားရာ ဖေယာပူရမြို့ ကွန်လကံတောင်ထောင့်တွင် နေပါလတိုင်း (Napal)၊ ပဥ္စလမြို့သား ပသီလူမျိုး မည်းရဟန်းဇာ (Meerassidar, an Islamic Man of some importance) နှင့်တွေ့ကြ၍ ကုလားပြည်၏အကြောင်းအရာများကို မေးမြန်းသည့်ကာလ ရွှံပြည်ကြီး(Yunt -Mogul Emperor)သည် အရှေ့မျက်နှာကို နေပါလတိုင်း ပဥ္စလဟိုမြို့၊ တောင်မျက်နှာကို ကွန္တြီယတိုင်း သဃံပတံမြို့ (Seringatam) အနောက်မျက်နှာကို၊ မဂဓတိုင်း မဂရောဇ်မြို့၊ မြောက်မျက်နှာကို ဟန်ဗရိုတိုင်း ဟိုရံမြို့ အသီးသီး သားစဉ်မြေးဆက် ရှီးရာမပျက် အုပ်ထိမ်းစီရင်ကြပါသည်။ တောင်မျက်နှာ ကွန္တြီယတိုင်း သဃံပတံမြို့တွင် ပသီလူမျိုး စော်ဘွား မည်းရဇာအလီခံ(Nizam Ali) အုပ်ချုပ်စီရင်သည်အတွင်း ၁၁၆၃ခုနှစ်(အေဒီ-၁၈၀၁) ပင်လယ်နားတလျောက်နေ သိုးဆောင်းအင်္ဂလိပ်လူမျိုးတို့က ဘီလပ်အရပ်တွင် အခွန်ပေးဆက်၍ မြို့တည်လုပ်နေထိုင်ရပါမည့်အကြောင်းနှင့် သဃံပတံမြို့စော်ဘွား မည်းရဇာအလီခံကို လျှောက်ထားသောကြောင့် ဘီလပ်အရပ်တွင် မြို့တည်လုပ် နေထိုင်စေသည်။ ဇိနပွတ္တံမြို့(Masulipatam)၊ ဘင်္ဂလားမြို့(Calcu-tta)၊ ဟိုင်ဒရပတ်မြို့၊ ဘုံပိုင်သူရပ်မြို့(Bombay)၊ မဆလီ ပံဒပ်မြို့၊ နာဂူ၊ နဂပတံ(Negapatam)၊ ကိုရံချီ၊ နရရှတ္တိ၊ ဒါကာ(Dacca)၊ မောက်သူဇာ၊ ပထနာ(Patna)၊ မုံဂရာဇ်၊ ဘနာရတ်-ဗာရာဏသီမြို့(Banaras)၊ လက္ခဏောင်း၊ စစ်တကောင်း(Chitta-gong)၊ ဂုမ္ဘီလာ (Gorakpur)၊ နသူဒါပတ်၊ ဘီလပ် မြို့မှစ၍ ကွန္တြီယတိုင်းအဝင် အရပ်ရပ် မြို့ကျေးရွာများက ရသည့်အခွန်များကို မြို့စား ဘရာသတ်(Surat)၊ နပတ်(Nawab Sahib)တို့က မြို့စောင့်စစ်ပါရီ၊ ဗိုလ်မှူး၊ တပ်မှူး၊ အမှုထမ်း၊ စာရေးလုပ်တို့ ထုံးစံရှိရာ စားမြဲပေးမြဲ လခများကို အသီးသီးပေးကုန်၍ ကျန်သမျှအခွန်မှာ သဃံပတံမြို့ စစ်ဘုရင် မည်းရဇာ*

အလီခံသို့ ဆက်သွင်းရပါသည်။ မည်းရဇာအလီခံမှာလည်း အရပ်ရပ်မြို့ရွာများက ရသမျှ အခွန်ကို သဃပတံမြို့တွင် မြို့စောင့်စစ်ပါရီ၊ ဗိုလ်မှူး၊ တပ်မှူးတို့ စားရိုးပေးရိုး ရှိသမျှကို ပေး၍မကုန် ကျန်အခွန်များကို ရွှံမင်းသို့ ဆက်သွင်းပါရသည်။

သိုးဆောင်းအင်္ဂလိပ်လူမျိုးတို့ ဘိလပ်မြို့ကို ပြုစုတည်လုပ်နေထိုင်ပြီးလျှင် ငါးနှစ်ကျော် အခွန်ပေးဆက်နေသည့်အတွင်း သဃပတံမြို့ စော်ဘွား မည်းရဇာ အလီခံ သေဆုံး၍ သားတိပူ (ဆူလတန်) ဆက်ခံအုပ်ထိမ်းစီရင်သည့်နောက် အင်္ဂလိပ်တို့ အခွန် မပေးနေသောကြောင့် တိပူမင်းသည် ရွှံမင်းထံသွား၍ ကျွန်တော်တို့ ကုန္တြိယတိုင်း အဝင် ဘိလပ်နေ သိုးဆောင်းအင်္ဂလိပ်လူမျိုးတို့ကို ကျွန်တော် အဘ မည်းရဇာအလီခံ မြို့တည်လုပ်နေထိုင်စေ၍ ကျွန်တော်လက်ထက်တိုင် အစဉ်မပြတ် အခွန်ပေးဆက်နေပါသည်ကို ယခု မပေးမဆက်ပါ။ တိုက်ရပါမည့်အကြောင်းနှင့် လျှောက်ထားလျှင် မင်းတို့အဘ မင်းတို့မြေပေးသောကြောင့် ဖြစ်သည်။ ငါက စရိတ် မပေးသင့်၊ တိုက်လိုလျှင် မင်းတို့စရိတ်နှင့် တိုက်လေတော့(ရွှံ)မင်းကဆို၍ တိပူမင်းသည် ရဲမက် စစ်ဗိုလ် အခြေ အလုံးအရင်း ငှားရမ်းစည်းကြပ် ချီတက်တိုက်ခိုက်ရာ ဘိလပ်မြို့နေ အင်္ဂလိပ် သိုးဆောင်းလူမျိုးတို့ သေကြေ၍ မရပ်မခံနိုင်သောကြောင့် ကျွန်ုပ်တို့မှာ ခဲယမ်းမီး ကျောက် ကုန်ပါသည်။ သုံးနှစ် ငံ့ဆိုင်းပါ။ ကုန်သမျှစရိတ်ကို ပြန်ပေးပါမည်ဟု ပြောဆို၍ ဒင်္ဂါးပြားရေ ၂ သန်းကျော် ပြန်ပေးလျှင် တိပူမင်းသည် သဃပတံမြို့သို့ ပြန်၍ သုံးနှစ် ငံ့ဆိုင်းသည်။

သုံးနှစ်စေ့ကာလ တိပူမင်းသည် ရဲမက်ဗိုလ်ခြေအလုံးအရင်းနှင့် ချီတက်တိုက်ခိုက်ရာ၊ ဘိလပ်နေအင်္ဂလိပ်လူမျိုးတို့သေကြ၍၊ ပျက်စီးမည်တွင် တိပူမင်းသည် ကျောတွင် အနာပဆုပ်ပေါက်၍ သေဆုံးသည်နှင့် ရဲမက်ဗိုလ်ပါ ပျက်ပြားလေသောကြောင့် ဘိလပ်နေအင်္ဂလိပ်တို့ လိုက်ထပ်တိုက်လံရာ သဃပတံမြို့ရောက်၍ ၎င်းတွင် တိပူမင်းသား နေဇာအလီသည် ဆယ်နှစ်ရွယ်(ငယ်သောကြောင့်မ)စည်း မရပ်မခံနိုင်သဖြင့် ထွက်ပြေးပြီးလျှင် မရာထာအရပ်ကနေ၍ ရွှံမင်းထံ တင်လျှောက်သည်မှာ ကျွန်တော် အဘတိပူဘိလပ်နေအင်္ဂလိပ်လူမျိုးတို့နှင့် တိုက်ခိုက်ကြရာ အဘတိပူသည်၊ စစ်မြေပြင်အရပ်တွင်၊ ကျောမှအနာပဆုပ်ပေါက်၍သေဆုံးသောကြောင့်၊ ဗိုလ်ခြေ ပျက်ပြားရှိသည်နှင့် အင်္ဂလိပ်တို့လိုက်လံတိုက်ခိုက်၍ သဃပတံမြို့များကိုရချေသောကြောင့်၊ ကျွန်တော် ထွက်ပြေးခဲ့ရပါသည်။ တိုက်ပါရမည့်အကြောင်းနှင့်လျှောက်ထားလျှင် မင်းတို့ ဘိုးဘ မြေပေးသောကြောင့် ဖြစ်သည်။ မိုက်လျှင် သုကျွန်ဖြစ်မည်။ ငါက စရိတ်မပေးသင့်၊ တိုက်လိုလျှင် မင်းတို့စရိတ်နှင့် တိုက်လေတော့ ဆို၍ တိပူမင်းသား နေဇာအလီသည် ရွှံပြည်ကြီး၏အရှေ့မျက်နှာ နေပါလတိုင်း၊ ပဥ္စာလဟိုမင်းထံသွား၍ မှီခိုကပ်ရပ်နေပြီးလျှင်၊ ကျွန်တော်တို့ ယတိုင်းနှင့်တကွ သဃပတံမြို့ကို၊ ဘိလပ်နေအင်္ဂလိပ် သိုးဆောင်းလူမျိုးတို့ ဖျက်ဆီးတိုက်ယူပါသည်။ အဘတိပူလည်း သေဆုံးရှိပါသည်။ ကျွန်တော်ကို စရိတ်ကြေးငွေနှင့်တကွ မစတော်မူပါ၊ လက်နက်လူသူ ငှားရမ်းစည်းကြပ်တိုက်ခိုက်ပါရစေ၊ ကုန္တြိယတိုင်းများကို ရကာလ၊ ကျေးဇူးနှင့်တကွ ကုန်သမျှ စရိတ်ကြေးငွေများ

ကို ဆပ်ပေးပါမည်ပြောဆို၍ ပဋ္ဌလဟိုမင်းက စရိတ်ကြေးငွေပေးမ ငှားရမ်းတိုက်စေသည်။

နေဖာအလီတွင် နှစ်လရှည်၍ ကြေးငွေစရိတ်အထပ်ထပ်ရှိသောကြောင့်၊ ပဋ္ဌလဟိုမင်းသည် ကိုယ်မှုဖြစ်၍ နှစ်စဉ်မပြတ်တိုက်ပါသည်။ ဘိုးတော်ဘုရားလက်ထက်တော်တွင်လည်း၊ ဘိလပ်ဘင်္ဂလားနေ၊ သိုးဆောင်းအင်္ဂလိပ်လူမျိုးတို့သည်၊ မရပ်မခံနိုင်၍ ပျက်ပြားရှိလျှင် ခိုမှီရအောင်၊ လက်ဆောင်တော်များနှင့် ဇံကေနီ (Jonh Canning)ကို သံစေလွှတ်၍၊ ပုသိန်မြို့နယ်(မြောက်လတ္တီကျူ ၁၆°-၄၆'၊ အရှေ့လောင်ဂျီကျူ ၉၄°-၄၆')၊ ဟိုင်းကြီးကျွန်း(မြောက်လတ္တီကျူ ၁၆°-၀'၊ အရှေ့လောင်ဂျီကျူ ၉၄°-၁၈')၊ကို တောင်းစေသည်တွင်၊ ပေးတော်မမူ၊ ကျွန်ုပ်တို့ နေပါလတိုင်းကသိ၍ သံထပ်မံစေလွှတ်ပြီးလျှင် အရှေ့နေထွက်ဘုရင်ဘိုးတော်ဘုရားထံ တင်လျှောက်သည်မှာ၊ သင်တို့ ပင်လယ်နားတလျှောက်နေ သိုးဆောင်းအင်္ဂလိပ်လူမျိုးတို့သည်၊ မင်းမျိုးမဟုတ်ပါ။ ဘိလပ်ဘင်္ဂလား ကုန္ဒြိယတိုင်းအလုံးကို ဖျက်ဆီး လုယူသောကြောင့်၊ သားစဉ်မြေးဆက်ဖြစ်မည်ကိုစိုး၍ တိုက်သည့်အတွင်း သင်းတို့ အရေးမသာလျှင် မှီခိုရအောင်၊ ဟိုင်းကြီးကျွန်းကို တောင်းသည်မှာ၊ ပေးတော်မမူပါမည်အကြောင်း၊ ပေးတော်မူလျှင်၊ အင်္ဂလိပ်လူမျိုးတို့သည်၊ အခိုအမှီကိုဖျက်၍ ညောင်ပင်ကဲ့သို့ ကျင့်တတ်သည့်လူမျိုး ဖြစ်ပါသည်။

တစ်ကြောင်းလည်း ယိုးဒယားနယ် ပလောပီနံကျွန်း(ယခုပီနန်ကျွန်း၊ မလေးရှား) ကို အခွန်ပေးပါမည်ဆို၍ တောင်းရမ်းနေပြီးလျှင် တနှစ်သာအခွန်ပေး၍ နောက်အခွန်တောင်းပါသည်ကို အခွန်ကို မပေးပြီ၊ လိုချင်လျှင်၊ အမြောက်စေ့ သေနတ်စေ့ရှိ၏ ဆို၍နေလျှင်၊ ယိုးဒယားစားသည် ချီတက်လုပ်ကြံတိုက်ခိုက် မရရှိသောကြောင့်၊ ယခုတိုင် နေရပါသည်၊ သင်းတို့ အင်္ဂလိပ်လူမျိုးတို့သည် အခိုအမှီကို ညောင်ပင်ကဲ့သို့ ကျင့်တတ်သည့်လူမျိုးဖြစ်၍ ရွှံပြည်(ယခု ဗီယက်နမ်နိုင်ငံ)၊ ဟန်ဇရှိပြည်၊ တရုတ်ပြည်၊ မဂဓရာဇ်တိုင်း၊ နေပါလတိုင်းများသို့ ကုန်သဘောက်ကားရောင်းဝယ်သွားလာသည်မှာ၊ ခြောက်လသာ ရောင်းဝယ်နေထိုင်ပါရသည်။ ခြောက်လကလွန်လျှင် ကြုံရာကုန်သည်သင်္ဘောတွင် အကျဉ်းထည့်အပ်လိုက်ပါသည်။ လိမ်တတ်လှည့်တတ် အခိုအမှီဖျက်တတ်သည့်လူမျိုးဖြစ်၍၊ ပုသိန်မြို့နယ် ဟိုင်းကြီးကျွန်းကို ပေးတော်မမူပါမည်အကြောင်း၊ ကျွန်ုပ်တို့က တကြိမ် လျှောက်ထားဘူးပါသည်၊ ယခုလည်း အင်္ဂလိပ်လူမျိုးတို့ တစတစ ခွန်အားကြီးချေလျှင် အရပ်ရပ်တိုင်းနိုင်ငံများကို မွေနှောက်မည့်လူမျိုးဖြစ်၍ ကျွန်ုပ်တို့ နေပါလတိုင်း၊ ပဋ္ဌလဟိုမြို့ကလည်း တိုက်ဆဲဖြစ်ပါသည်။ အင်အားရည်တူသောကြောင့်၊ အလျင်အမြန် မရတည့်ပါ။ နောင်အရေးအကြောင်းကို မြော်မြင်၍ ကျွန်ုပ်တို့ နေပါလတိုင်း၊ ပဋ္ဌလဟိုမြို့နှင့် ဘက်စပ်ပြီးလျှင် သင်းတို့သိုးဆောင်း အင်္ဂလိပ်လူမျိုးတို့ကို တိုက်ဖျက်၍ အမျိုးနှင့်တကွ ပခက်တွင်းမကျန် သတ်ညှစ်ပါရလျှင် အရပ်ရပ်တိုင်းနိုင်ငံများသည်၊ စည်ပင်သာယာ ရောင်းဝယ်ဘောက်ကား မဟာမိတ်ဆွေ ဖြစ်ကြပါမည်၊ ပဋ္ဌလဟိုမြို့သား၊ မည်းရဟန်းဇာပြောဆိုသည့်စကားရပ်များကို၊ မှတ်သား

*ကြားသိခဲ့ရပါကြောင်းကို၊ ရွှေဘဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား။" (သုတေသီစာစု)*

ထိုအစီရင်ခံစာရေးသားတင်သွင်းခဲ့ကြသည့်အထောက်တော်များ အိန္ဒိယသို့ရောက်ခဲ့သည့်အချိန်သည် အိန္ဒိယပြည်နှင့်အရှေ့အာရှတောင်ပိုင်းတစ်ဝိုက်၌ အင်္ဂလိပ်၊ ဒတ်ချ်၊ ပြင်သစ်၊ ပေါ်တူဂီ ကိုလိုနီနယ်ချဲ့များ သူ့ထက်ငါ အလုအယက်ဖြစ်နေ၍ ထိုဒေသရှိနိုင်ငံငယ်များသည် ထိတ်ထိတ်လန့်လန့် ဖြစ်နေကြရသည့်အချိန် ဖြစ်ပါသည်။ ကာလကတ္တား၊ ဘုံဘေ၊ မဒရပ်၌ အခြေပြုနေကြသည့်အင်္ဂလိပ်ကုမ္ပဏီများသည် နီးစပ်ရာအိန္ဒိယနိုင်ငံနယ်မြေများကို သိမ်းယူနေကြသည်။ ဒေလီမြို့၌ရှိသည့် မဂိုဘုရင်များသည် တန်ခိုးအာဏာမရှိသလောက် ဖြစ်နေကြ၏။ မြန်မာမင်းထံကိုလည်း အင်္ဂလိပ်တို့က သံတမန်များ စေလွှတ်ပြီး အခွင့်အရေးများ တောင်းနေကြသည်။ မြန်မာပိုင် မဏိပူရ၊ အာသံပြည်နယ်များ အရေးကိစ္စပေါ်ပေါက်နေချိန်လည်း ဖြစ်ပေသည်။

ထို့ကြောင့် ဘိုးတော်နှင့်ဘကြီးတော်တို့သည် ပြည်ပနိုင်ငံများသို့ အထောက်တော်များ စေလွှတ်ပြီး ထောက်လှမ်းစေခဲ့သည်ဟု ဆိုရပါမည်။ အစီရင်ခံစာ၌ပါရှိသည့် အကြောင်းအချက်အလက်များကို လေ့လာကြည့်လျှင် မြန်မာမင်းများသည် နိုင်ငံခြားရေးကိစ္စများ၌ သတင်းအချက်အလက်များ မည်သို့ရရှိနေသည်၊ မည်မျှ နားလည်သဘောပေါက်ကြသည်ကို အကဲခတ်နိုင်ကြပါသည်။ အဓိကတွေ့မြင်ရသည်မှာ ထိုအချိန်က မြန်မာမင်းများ၏အထောက်တော်စနစ်ပင် ဖြစ်၏။ ပြည်ပနိုင်ငံများသို့ ထိုးဖောက်ထောက်လှမ်းနိုင်ခဲ့ရုံသာမက အထောက်တော်များ၏ထောက်လှမ်းနိုင်မှုမှာလည်း အဆင့်အတန်းမြင့်မားခဲ့ကြောင်း တွေ့ရပါသည်။ မည်သို့ပင်ဖြစ်စေ၊ ထိုခေတ်ထိုအခါက မြန်မာတို့၏ထောက်လှမ်းရေးအသိပညာသည် အဆင့်အတန်း မြင့်မားခဲ့သည်ဟု ဆိုနိုင်ပါသည်။

ဘကြီးတော်စစ်ကိုင်းမင်းသည် အင်္ဂလိပ်-မြန်မာပထမစစ်ပွဲ မဖြစ်မီကတည်းက အင်္ဂလိပ်ကို ကြိုတင်ထောက်လှမ်းမှုလုပ်ခဲ့သကဲ့သို့ စစ်ရေးကြိုတင်ပြင်ဆင်မှုများလည်း ပြုလုပ်ခဲ့သည်။ စစ်ရေး၌လည်း ထောက်လှမ်းရေးကိုအလေးထားကြောင်း ၁၈၂၄ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့စွဲဖြင့် သတိုးမဟာဗန္ဓုလ (၁၇၈၂-၁၈၂၆)ထုတ်ပြန်ခဲ့သည့်အမိန့်တော်ထဲတွင် တွေ့ရပါသည်။

> *. . . ရှေ့ သူပုန်ရန်သူတို့ကို ထောက်လှမ်းစုံစမ်းရာ မည်ကဲ့သို့ ကြားသိထင်မြင်သည်၊ မကြားမသိ မထင်မမြင်သည့် အကြောင်းအရာအများကို တပ်တော်မချရပ်မီ ၅၀၀ ဗိုလ်ထံ ရှေ့ချီမြင်း ၂ တပ်ကစေလွှတ်၍ အစီရင်ခံရမည်။ ၅၀၀ ဗိုလ်ကမှ အရေးအကြောင်းရှိလျှင် အရေးအလျှောက် ဗိုလ်ချုပ်ထံ မြင်းစေလွှတ် လျှောက်ထားအစီရင်ခံရမည်. . . ။*

အလားတူပင် ၁၁၈၆ခုနှစ် ဝါခေါင်လဆန်း(၁၂)ရက်နေ့ ထုတ်ပြန်ခဲ့သည့်အမိန့်တော်၌ အင်္ဂလိပ်တို့၏သတင်းများကိုရရှိရန် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရပါသည်။

> *ပုဏ္ဏားသာသနာပိုင် မဟာရာဇိန္ဒ အဂ္ဂမဟာ ဓမ္မရာဇာဂုရုက၊ ရွှေဖဝါးတော်အောက် အလျှောက်အထားစေရောက်သူ၊ ဗါရာဏသီမြို့နေ ပုဏ္ဏား နရောတ္တမ ဘိသိက်တော်ဆက်ရှစ်ပါး ပုဏ္ဏား မဟာဇေယရာဇိန္ဒ မဟာဓမ္မဂုရု၊ သီရိမဟိန္ဒ ဓမ္မရာဇဂုရု၊ သီရိသုဝံသရာဇိန္ဒမဟာဓမ္မရာဇဂုရု၊ စကားပြန် ရွှေတောင်သိန္ခိကျော်ထင်တို့ကို၊ ဗိုလ်မှူးဝန်ကြီး၊ သတိုးမဟာဗန္ဓုလ တပ်သို့ပို့ပြီးလျှင်၊ မဇ္ဈိမဒေသ ရှိန္ဒရာမြို့၊ လက္ခနောင်*

*မြို့၊ ပည္စလမြို့၊ နေပံမြို့များသို့ တော်သင့်အောင် ထောက်လှမ်းပြောဆိုပေါင်းသင်း၍၊ အင်္ဂလိပ်လူမျိုးတို့၊ ဘင်္ဂလားမြို့မှာ၊ အရပ်အနေရှိသည်ကို၊ ကုန်စင်အောင် ဖမ်းဆီး သတ်ညှစ်ရမည်၊ ရှေ့မျက်နှာတပြင်ကလည်း ပန်းဝါစစ်တကောင်း၊ ဒါကာမောက်သူဇာ မြို့များသည်၊ ရတနာပူရရွှေပြည်တော်ကြီး အခြံအရံ၊ ဧည္ဝတီမြို့အပါအဝင် နယ်မြေ ဖြစ်ကြောင်းကို၊ ထုံးဟောင်းစာဟောင်းထွက်ရှိသည်နှင့်အညီ၊ ပဌနာမြို့ရောက်၊ လက်နက်နိုင်ငံသိမ်းယူမည့်အကြောင်းနှင့်၊ ပုဏ္ဏားသာသနာပိုင် မဟာရာဇိန္ဒ အဂ္ဂမဟာ ဓမ္မရာဇ ဂုရုရှိရာ၊ ပေါက်ရောက်အောင် ဆင့်ဆိုမှာထား ပြန်သွားစေ၊ ရှိန္ဒရာမင်း၊ လက္ခနောင်မင်း၊ ပည္စာလမင်း၊ နေပံမင်းတို့ကလည်း ဗိုလ်မှူးဝန်ကြီး သတိုးမဟာ ဇန္ဒုလတပ်၊ ရှေ့ချီစစ်ကဲကြီးတို့က၊ တော်သင့်အောင် မှာထားစေ။*

## ကုန်းဘောင်ခေတ် မြန်မာသူလျှိုတစ်ဦးရေးဆွဲခဲ့သည့် ယိုးဒယားမြို့တော်၏မြေပုံ

၁၉၉၆ခုနှစ်၊ ဇန်နဝါရီလတွင် စာရေးသူသည် မြန်မာ့သမိုင်းအဖွဲ့ဝင်ဆရာကြီးဦးမောင်မောင်တင်(၁၉၁၇-၂၀၀၁)နေထိုင်သည့်ရန်ကင်းတိုက်ခန်းသို့ ကိစ္စတစ်ခုဖြင့် သွားရောက်ခဲ့ပါသည်။ ဆရာကြီးနှင့်စကားစပ်မိသဖြင့် ရှေးမြန်မာမင်းများလက်ထက်က အထောက်တော်များ၊ သူလျှိုများအကြောင်း မေးမြန်းပြောဆိုမိပါသည်။ ဆရာကြီးက ကုန်းဘောင်ခေတ်မြေပုံပုရပိုက်တစ်ခုအား ထုတ်၍ပြ၏။ အလျား (၁၁)ပေ(၉. ၇) လက်မ၊ အနံ(၂)ပေ (၁၁. ၂)လက်မခန့်ရှိပြီး ဆေးရောင်စုံဖြင့်ရေးဆွဲထားသည့်မြေပုံဖြစ်သည်။ ထိုမြေပုံကို ရေစကြိုမြို့နယ် ဘုန်းတော်ကြီးတစ်ပါးထံမှရခဲ့သည်ဟု ပြောသည်။ ထိုမြေပုံသည် ယိုးဒယား နိုင်ငံ ထုံဗူရီ(သို့မဟုတ်) ဘန်ကောက်မြို့တည်ခါစပုံဖြစ်နိုင်သည်ဟုလည်း ပြောသည်။ မြန်မာမင်း၏အထောက်တော်က ထောက်လှမ်းရေးဆွဲပြီး ဆက်သခြင်းဖြစ်မည်၊ ကုန်းဘောင်ခေတ် ဆင်ဖြူရှင်တို့ ဘိုးတော်တို့လက်ထက်က ဖြစ်နိုင်သည်ဟု ဆရာကြီးက ပြောပါသည်။ ထိုသို့ပြောနေစဉ် တမ္ဗဝတီ ဦးဝင်းမောင်ရောက်လာပြီး ဦးဝင်းမောင်ကလည်း ရေးဆွဲပုံရေးဆွဲနည်းနှင့်ဆေးများကြည့်လျှင် ကုန်းဘောင်ခေတ်ကဟု ပြောသည်။ စာရေးသူလည်း ဆရာကြီးထံမေတ္တာရပ်ခံခဲ့ပြီး ထိုမြေပုံကို မြေပုံကူးစက်ကြီးများနှင့် ကူးယူထားခဲ့ပါသည်။ ဆရာကြီးဦးမောင်မောင်တင် ကွယ်လွန်သည့်အခါ ထိုမြေပုံပုရပိုက် မည်သည့်နေရာရောက်နေသည်ကို မသိတော့ပါ။ စာရေးသူထံတွင် ကူးယူထားသည့်မြေပုံ ရှိနေပါသေးသည်။ (အဆိုပါမြေပုံကို ဤစာအုပ်တွင် အချပ်ပိုအဖြစ် ပူးတွဲဖော်ပြထားပါသည်။)

၂၀၀၂ခုနှစ်က ထိုမြေပုံကို ရန်ကုန်တက္ကသိုလ် သမိုင်းဌာန ပါမောက္ခ ဒေါက်တာကျော်ဝင်းအား ပြကြည့်ပါသည်။ မြေပုံပေါ်၌ ပါရှိသည့်အထောက်အထားများအရ ကုန်းဘောင်ခေတ် မြန်မာအထောက်တော်တစ်ဦး ရေးဆွဲခဲ့သည့်မြေပုံ ဖြစ်မည်။ ယိုးဒယားနိုင်ငံ အယုဒ္ဓယ(သို့မဟုတ်)ဘန်ကောက်မြို့မြေပုံ ဖြစ်နိုင်ပါသည်ဟု ရက်စွဲကို သုံးသပ်ပြောဆိုသည်။

၂၀၀၃ခုနှစ်မတ်လ၌ တက္ကသိုလ်များသမိုင်းသုတေသနဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးလှထံသွားရောက်ပြီး ထိုမြေပုံကို ပြကြည့်ပါသည်။ ဆရာကြီးဒေါက်တာတိုးလှက ဘန်ကောက်မြေပုံဖြစ်သည်ဟု ပြောဆိုသည်။

စာရေးသူလေ့လာသိရှိသမျှတင်ပြရလျှင် ထိုမြေပုံသည် ထုံဗူရီလား၊ ဘန်ကောက်လားဆိုသည်ကို တိတိကျကျ မပြောနိုင်သော်လည်း ယိုးဒယားနိုင်ငံမြို့တော်၏မြေပုံဖြစ်သည်ကိုကား အသေအချာပြောနိုင်ပါသည်။ မည်သည့်ခေတ်ကဖြစ်မည်နည်းဟု ဆက်လက်စဉ်းစားပါက မြေပုံပေါ်တွင်ပါရှိသည့်အထောက်အထားများနှင့်စာရေးသားပုံ၊ ရေးဆွဲဟန်များသည် ကုန်းဘောင်ခေတ်ဆိုသည်မှာ သေချာသည်။ မည်သည့်မင်းလက်ထက်ဖြစ်မည်နည်းဟု ဆက်လက်စဉ်းစားကြည့်သည့်အခါ မြေပုံတွင် ဘိုးတော်ဘုရားလက်ထက်က ယိုးဒယားတို့ထံ ဘက်ပြောင်းခိုလှုံသွားသော ဗညားစိန်၏နေအိမ်နေရာကိုပါ ဖော်ပြပါရှိသဖြင့် ဘိုးတော်ဘုရားနှင့်ဘကြီးတော်မင်းလက်ထက်က ရေးဆွဲသည့်ပုံဖြစ်နိုင်ပါသည်။ ဘိုးတော်ဘုရားလက်ထက်ဖြစ်လျှင် ဘန်ကောက်မြို့ပုံဖြစ်သည်ဟု ဆိုရပါမည်။

မြေပုံကိုကြည့်ပါက စစ်တိုက်ရန်ရေးဆွဲထားခြင်းဖြစ်ကြောင်း အလိုလိုသိနိုင်သည်။ မြေပုံထဲတွင် အမြောက်များထားသည့်နေရာ၊ ကင်းချထားသည့်နေရာ၊ ရိက္ခာတိုက်၊ ဘဏ္ဍာတိုက်၊ လက်နက်တိုက် စသည့် အရေးပါသောနေရာများအား အသေးစိတ်ရေးဆွဲထားသည်။ ထို့ကြောင့် စစ်တိုက်ဖို့ရည်ရွယ်ရေးဆွဲထားသည့်မြေပုံဟု ပြောဆိုနိုင်ခြင်းဖြစ်သည်။ အသေးစိတ်ရေးဆွဲထားသည်ကိုထောက်ရှုလျှင် သူလျှိုစေလွှတ်ပြီး အချိန်ယူစုံစမ်းလေ့လာလုပ်ဆောင်စေခဲ့ခြင်းဖြစ်မည်ဟု မှန်းဆရပါသည်။

ကုန်းဘောင်ခေတ်ဦးပိုင်း အလောင်းမင်းတရား၊ ဆင်ဖြူရှင်နှင့် ဘိုးတော်(၁၇၈၂-၁၈၁၉)တို့သာ ယိုးဒယားကိုအာရုံစိုက်ခဲ့သော်လည်း ဘကြီးတော်မှစပြီး နောက်ပိုင်းမင်းများသည် အနောက်ဘက်အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်ဘက်မှ ဗြိတိသျှနယ်ချဲ့များ၏ရန်ကြောင့် ယိုးဒယားကို အာရုံစိုက်နိုင်မှု မပြုနိုင်ကြတော့ပေ။

မည်သို့ပင်ဖြစ်စေ ရှေးမြန်မာမင်းများသည် အယုဒ္ဓယ၊ ဇင်းမယ်(Chingmai)၊ လင်ဇင်း (Vienchang)တို့ကို အကြိမ်ကြိမ် အနိုင်တိုက်နိုင်ခဲ့ခြင်းသည် ထိုသို့သောသူလျှိုကောင်းများရှိခဲ့၍သာ အောင်မြင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုရပါမည်။

## ကုန်းဘောင်ခေတ် မြို့ပြအုပ်ချုပ်ရေးတွင် ထောက်လှမ်းရေးတာဝန် ထမ်းဆောင်ရသူ(နားခံ)ခန့် အမိန့်တော်ပြန်တမ်း

ကုန်းဘောင်ခေတ်ဦးပိုင်းကဟု ယူဆရသော သံလျင်မြို့အတွက် နားခံခန့်အမိန့်တော်ပြန်တမ်း တစ်စောင်ကို ရွှေနန်းသုံးဝေါဟာရအဘိဓာန်မှာ တွေ့ရပါသည်။ "ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူရှင်များရှင် လက်နက်စကြာသခင် အရှင်ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ ရဲဘော် မြင်း ငထွန်းအောင်၊ နောက်တော်ပါ မြင်း ငသက်ရှည် တို့ကို သံလျင်မြို့နားခံ ခန့်တော်မူသည်"ဟု အစချီပါသည်။

*ငါ့အမိန့်တော်ကို အမြဲဦးထိပ်ထက်ဆင်ရွက်၍ သံလျင်မြို့သို့ရောက်လျှင် ငါ့အရှင် ဇကရာဇ်မင်းမြတ်အကျိုး စီးပွားတော်များ၍ သားတော်အစဉ် မြေးတော်အဆက် ခိုင်ခံ့မြဲလျက် ပြည်သူလူတကာ သတ္တဝါအပေါင်း ငြိမ်းချမ်းသာယာ စည်ပင်အောင် ကျေးဇူးသစ္စာတော်နှင့်အညီ မြို့ဝန်၊ စစ်ကဲ၊ နားခံ စာရေးကြီးတို့ကိုလည်း ကိုယ့်ဘို့ လိုရာ ပဏ္ဏာကာရ ရမည်အရာကိုသာ အားကြီး၍ ဆင်းရဲသားတို့ကို ညှဉ်းပန်းနှိပ်စက်လျှင် စီရင်ခန့်ထားသည့်ရုံးတော်သို့ အမှန်တကျ၍ ညီညွတ်စွာ ခန့်ထားစီရင်ကြရမည်။*

*မညီမညွတ် အလိုရှိအလိုပါ အကွဲကွဲအပြားပြား ခန့်ထားစီရင်သည်။ မြို့ဝန် စီရင်သည့် အမှုအခင်း မသင့်မတင့်သောကြောင့် စစ်ကဲတို့က ထောက်မလဲ ဆိုသည်။ ထောက်မလဲ ဆိုသည်ကို မြို့ဝန်မနာမယူ နေသည်။ စစ်ကဲတို့သည် မြို့ဝန်မသိရ အလျောက်စီရင်သည်ကို မြို့ဝန်ဆိုသည်။ ဘိုးတော်ခွန်တော်သင့်သော အကောက် တော်အုပ်မျိုး ထည်မျိုးမှစ၍ အလုံးစုံကို အခွန်ဝန်၊ စာရေးကြီးတို့ဟုတ်မှန်သည့် အတိုင်း စစ်ကြောနှီးဆော်၍ တိုက်တော်၊ ကျတော်များမှာ စာရင်းကျယ်၊ စာရင်းချုပ်နှင့် မြို့ဝန်၊ ရေဝန်၊ အခွန်ဝန်၊ စစ်ကဲတို့ညီညွတ်စွာသွင်းသည် မသွင်းသည်၊ မြို့ဝန်၊ ရေဝန်၊ အခွန်ဝန်၊ စစ်ကဲတို့မသိရ၊ စာရေးကြီးတို့အလျောက် သွင်းသည် မသွင်းသည်၊ သူခိုး၊ ဓားပြ၊ လျှပ်စား၊ ပေါက်စားပြုသူတို့ကို တွေ့မိအောင်ဖမ်းဆီး၍ ကွပ်ညှပ် သတ်ဖြတ် စီရင်သည်၊ ကြေးငွေပဏ္ဏာ စားယူ၍လွှတ်သည်။ မြို့ဝန်၊ ရေဝန်၊ စစ်ကဲ၊ နားခံ၊ စာရေးကြီး၊ မြို့စား၊ ရွာစား၊ အမှူးအကြီး၊ စာရေး၊ မြို့နေရွာသားတို့သည် ကျေးဇူးသစ္စာတော်ကိုမထောက် အကျိုးတော် မရှိသည့်အရာကို ပြုကျင့်သည်၊ ညဥ့်နေ့ အသွားအလာ အပေါင်းအဖက်မတော် ပေါက်ပြပေါ်ထွက်သည်၊ မြို့ဝန်၊ ရေဝန်၊ စစ်ကဲ၊ နားခံ၊ စာရေးကြီးတို့မှာ ကပ်မှီ၍ မြို့နေရွာသားတို့ကို ညဥ်းပန်း မနှိပ်စက်သည်၊ နှိပ်စက်သည်၊ သို့အချက်များမှစ၍ စီးပွားတော်၊ ဘဏ္ဍာတော်၊ ရာဇဝတ်တော်နှင့် ဆိုင်သင့်သမျှကို မပြတ်ကြားသိထင်မြင်ရအောင် ထိုးထွင်းကြံစည်နာခံ၍ ကြားသိ ထင်မြင်သမျှကို ကျေးဇူးသစ္စာတော် ၂ပါး စောင့်သိရိုသေစွာ အမိန့်တော်မှတ်စာ အရထောက်၍ ရာဇဝတ်တော်နှင့် မသင့်မတင့် ဖြစ်သမျှအခင်းအလုံးစုံကို ရွှေဘဝါး တော်အောက် လွှတ်တော်မှာ အစီရင်ခံရမည်”*

ထိုအမိန့်တော်ပြန်တမ်းကိုကြည့်လျှင် သံလျင်ကဲ့သို့သောဆိပ်ကမ်းမြို့၌ မြို့ဝန်၊ ရေဝန်၊ အခွန်ဝန်၊ စစ်ကဲ၊ နားခံဆိုသည့်အုပ်ချုပ်ရေးအရာရှိများ ခန့်ထားရာ၌ နားခံအရာရှိသည် ထောက်လှမ်းရေးတာဝန် ထမ်းဆောင်ရသူဖြစ်ကြောင်း ထင်ရှားပါသည်။ ထောက်လှမ်းစုံစမ်းရရှိချက်ကို လွှတ်တော်သို့ တင်သွင်း ရပါသည်။ မြို့ပြအုပ်ချုပ်ရေးဖွဲ့စည်းပုံအရထားရှိသည့် ထောက်လှမ်းရေးတာဝန် ထမ်းဆောင်ရသူဟု ဆိုရပါမည်။ ဘုရင်က တိုက်ရိုက်ကိုင်တွယ်တာဝန်ပေးသည့် သူလျှို၊ အထောက်တော် မဟုတ်သော်လည်း အုပ်ချုပ်ရေး၌ ထောက်လှမ်းရေးတာဝန်ပေးထားသူဖြစ်ကြောင်း တွေ့ရ၏။

## ကုန်းဘောင်ခေတ်တွင် ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံအား ထောက်လှမ်းခဲ့ကြပုံ

ရှေးမြန်မာမင်းများလက်ထက်က ထောက်လှမ်းရေးနှင့် ပတ်သက်၍ မိမိဘက်က ထောက်လှမ်း ခဲ့သည်များကိုသာ ဖော်ပြမည်ဆိုလျှင် မပြည့်စုံနိုင်ပေ။ မိတ်ဘက်၊ ရန်ဘက် လက်အောက်ခံ ပဏ္ဏာဆက် နိုင်ငံများက မိမိနိုင်ငံအတွင်းသို့ ထောက်လှမ်းခဲ့ကြသည်များကိုလည်း ဖော်ပြရန်လိုပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထောက်လှမ်းရေးဆိုသည်မှာ သတင်းရယူရေးတာဝန်တစ်ရပ်တည်းသာ မဟုတ် ပေ။ တစ်ဘက်မှလာသည့် သူလျှို၊ ဒလန်၊ အထောက်တော်များကို ထောက်လှမ်းဖော်ထုတ်နိုင်ရန်လည်း လိုအပ်ပေသည်။ ယခုခေတ်သုံးစကားနှင့်ဆိုလျှင် တန်ပြန်ထောက်လှမ်းရေးလုပ်ရန်လိုအပ်သည်ဟု ပြောရ

မည်ဖြစ်ပေသည်။ အမှန်တကယ်လည်း မိမိနိုင်ငံသို့လာပြီး ထောက်လှမ်းခဲ့ကြပါသည်။ အိမ်နီးချင်း လက်အောက်ခံ ပဏ္ဏာဆက်နိုင်ငံများမှလာပြီး ထောက်လှမ်းခဲ့ပုံမျိုးကို ရာဇဝင်နှင့်သမိုင်းမှတ်တမ်းများ၌ မတွေ့ရသေးပေ။ နယ်ချဲ့ကိုလိုနီ အင်္ဂလိပ်၊ ပြင်သစ်နှင့် အနောက်နိုင်ငံသားများက ကုန်းဘောင်ခေတ်တစ်လျှောက် မိမိတို့နိုင်ငံအား ထောက်လှမ်းမှုလုပ်ခဲ့သည်များကို လေ့လာတွေ့ရှိရပါသည်။ အထူးသဖြင့် ကုန်းဘောင်ခေတ်နေဝင်ချိန်တွင် နန်းတွင်းမှာပင် သူလျှိုများခြေချင်းလိမ်အောင် လှုပ်ရှားခဲ့သည်ကို တွေ့ရပါသည်။ မည်သည့်ခေတ်အခါကမှ မိမိနိုင်ငံအား ထောက်လှမ်းနေသည့်သူလျှိုများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့သည်ဟု လေ့လာမိသမျှ မတွေ့မိသေးပေ။ မြန်မာတို့၏ထောက်လှမ်းရေးနှင့် နယ်ချဲ့အနောက်တိုင်းသားများ၏ထောက်လှမ်းရေးတို့ကို နှိုင်းယှဉ်ပြီးသုံးသပ်နိုင်ရန် ကုန်းဘောင်ခေတ်တစ်လျှောက် နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာနိုင်ငံအတွင်း ထိုးဖောက်ထောက်လှမ်းခဲ့ပုံများကို ခေတ်အလိုက်ကောက်နုတ်၍ အကျဉ်းချုပ်တင်ပြသွားမည် ဖြစ်ပါသည်။

## ကုန်းဘောင်ခေတ်ဦးပိုင်း အင်္ဂလိပ်သံတမန်သူလျှိုများ

အင်္ဂလိပ်နယ်ချဲ့နှင့်မြန်မာတို့ဆက်ဆံမှုသည် ကုန်းဘောင်ခေတ်ဦးပိုင်းတွင် စတင်ခဲ့သော်လည်း ၁၇၆၀ ပြည့်နှစ်နောက်ပိုင်း၌ အကြောင်းအမျိုးမျိုးကြောင့် (၃၅)နှစ်ခန့်ရပ်ဆိုင်းခဲ့ပါသည်။ ဗဒုံမင်းလက်ထက်ရောက်မှ သံတမန်ဆက်သွယ်မှု စခဲ့ခြင်းဖြစ်ပါသည်။ ၁၇၉၅ ခုနှစ်၌ အိန္ဒိယဘုရင်ခံချုပ်သည် ကပ္ပတိန် မိုက်ကယ်ဆိုင်းမ်(Capt. Michal Symes-1753-1809)ဦးဆောင်သည့်သံအဖွဲ့ကို စေလွှတ်ခဲ့ပါသည်။ ဆိုင်းမ်(Symes)အဖွဲ့လာရောက်ခြင်းသည် စစ်တကောင်း၊ ရခိုင်နယ်စပ် အချင်းများသည့်ကိစ္စ၊ ကူးသန်းရောင်းဝယ်ရေးကိစ္စ၊ မြန်မာအစိုးရအခြေအနေကို စုံစမ်းရန်ကိစ္စ၊ ပြင်သစ်-မြန်မာဆက်ဆံရေးအခြေအနေများကို စုံစမ်းထောက်လှမ်းရန်ကိစ္စများနှင့် အဓိကအကြောင်းအရင်းတစ်ခုမှာ တစ်ချိန်တွင် စစ်မက်ဖြစ်ပွားပါက တိုက်ခိုက်နိုင်ရေးအသင့်ဖြစ်အောင် ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် လိုအပ်သည်များကို ထောက်လှမ်းရန်ပင် ဖြစ်သည်။ မိုက်ကယ်ဆိုင်းမ်၏သံအဖွဲ့မှာ အဖွဲ့ဝင်(၇၀)ကျော် ပါရှိသည်။ ရန်ကုန်ရောက်သည့်အချိန် ဟံသာဝတီမြို့ဝန်ကဖိတ်သဖြင့် ပဲခူးကို သွားရောက်လည်ပတ်ခဲ့သည်။ ဆိုင်းမ်သည် စစ်ရေးစစ်ရာအတွက် အရေးပါသည့်ရန်ကုန်နှင့် ပဲခူးမြို့တို့၏အနေအထားများကို လေ့လာခဲ့သည်။ ရန်ကုန်မြစ်ကမ်းများ၏ရေမြေအနေအထားများသည် သင်္ဘောကျင်းများတည်ဆောက်ရန်ကောင်းကြောင်း မှတ်တမ်းတင်ခဲ့ပါသည်။ ရန်ကုန်မှအမရပူရသို့ ခရီးဆက်သည့်အခါ ဖြတ်သန်းရာဒေသတိုင်း၏စိုက်ပျိုးသီးနှံ၊ သယံဇာတထွက်ကုန်၊ ပထဝီဝင်အနေအထားများကို လေ့လာခဲ့ပါ သည်။ ဥပမာ-တရုတ်မော်အနီး ကံမ၌ ကျွန်းသစ်တောများရှိကြောင်း၊ စလေမြို့၌ ပိုးထည်လုပ်ငန်း၊ ဆီမီးခုံ၌ ယမ်းစိမ်းထွက်ကြောင်း၊ ခနေဖြူအထက် ကျောင်းဆိပ်ရွာအနီးနှင့် သရက်ပထနဂို၌ မဲနယ် စိုက်ပျိုးကြောင်း၊ ရေနံချောင်း၌ ရေနံထွက်ကြောင်း၊ ရေနံမှာ မြန်မာတစ်နိုင်ငံလုံးသာမက အိန္ဒိယကိုပါ တင်ပို့နိုင်ကြောင်း၊ ငန်းမြာမှ ဆေးရွက်ကြီးထွက်ကြောင်း၊ အမျိုးစားကောင်းဂျုံများလည်း စိုက်ပျိုးကြောင်း မှတ်တမ်းတင်ခဲ့ပါသည်။ နေပြည်တော်ရောက်သည့်အခါ မြန်မာဓလေ့၊ နန်းဓလေ့၊ တရားစီရင်နည်း၊ အုပ်ချုပ်ရေးစနစ်၊ စစ်လက်နက်များ၊ စစ်ဆင်စစ်ထိုးနည်းများ၊ ကုန်သွယ်မှု၊ ဂီတတူရိယာ၊ ဘာသာစာပေ၊ အချိန်နာရီတွက်ချက်ပုံ၊ ကျောက်မျက်ရတနာများကိုလည်း လေ့လာမှတ်တမ်းတင်ခဲ့ပါသည်။ ဆိုင်းမ်၏သံ

အဖွဲ့သည် နယ်စပ်ကိစ္စပြေလည်ရေး၊ အရောင်းအဝယ်ကိစ္စတိုးတက်ရေးစသဖြင့် အပေါ်ယံဟန်ပြဖော်ပြခဲ့သော်လည်း မြန်မာတို့နှင့် စစ်ဖြစ်လာလျှင် လိုအပ်သည်များကြိုတင်ပြင်ဆင်နိုင်ရန် စုံစမ်းထောက်လှမ်းခဲ့သည့်ရှေ့ပြေးအဖွဲ့ဟု ဆိုရပါမည်။

၁၈၂၂ ခုနှစ်၌ မိုက်ကယ်ဆိုင်းမ်နှင့် အဖွဲ့ဝင်(၂၃၀)ပါဝင်သည့်သံအဖွဲ့ ထပ်မံရောက်ရှိခဲ့သည်။ အမရပူရ၌ (၇)လကြာခဲ့သည်။ မိုက်ကယ်ဆိုင်းမ်၏သံတမန်ခရီးသည် အင်္ဂလိပ်ကိုယ်စားလှယ် တစ်ဦး နေပြည်တော်၌ အမြဲတမ်းထားခွင့်ရရန်၊ ကောင်စစ်ဝန်တစ်ဦး ရန်ကုန်၌ထားခွင့်ရရန်၊ မြန်မာနိုင်ငံ၌ ပြင်သစ်ဩဇာသက်ရောက်မှုဖယ်ရှားရန် အဓိကလာရောက်ခဲ့ခြင်း ဖြစ်သည်။ မိုက်ကယ်ဆိုင်းမ်၏ခရီးစဉ်သည် အောင်မြင်မှုမရခဲ့ဟု ဆိုသည်။ မည်သို့ပင်ဖြစ်စေ ပထမအကြိမ်လာရောက်စဉ်ကလိုပင် ထောက်လှမ်းမှုများလုပ်ခဲ့မည်မှာ သေချာပါသည်။



**ဗြိတိသျှစစ်ဗိုလ် ဖဲကေနီ(ဂျွန် ကင်းနင်း)ဦးဆောင်သော သံအဖွဲ့**
**(ရွှေနန်းလက်သုံးပုရပိုက်တွင် ရေးဆွဲထားသော ပန်းချီပုံ)**

ရန်ကုန်ကို ဆိုင်းမ်(Symes)အဖွဲ့ရောက်သည့်အချိန်တွင် မွန်တီနဲ(Montaigne)အမည်ရှိ ပြင်သစ်လျှို့ဝှက်အထောက်တော်တစ်ဦးကို တွေ့ရှိခဲ့သည့်အကြောင်း၊ မွန်တီနဲ(Montaigne)သည် မြန်မာအာဏာပိုင်များနှင့်အလျှဉ်းသင့်ပြီး ဥရောပနိုင်ငံရေးအခြေအနေများကို မြန်မာ့နန်းတော်သို့ သတင်းပို့နေကြောင်း သိရှိသွားခဲ့သည်ဟု ဆိုသည်။ ၁၇၉၆ ခုနှစ်တွင် ကပ္ပတိန် ဟီရန် ကောက်စ် (Captain Hiran Cox)ကို စေလွှတ်ပြန်ပါသည်။ ကောက်စ်(Cox)ကို ဘုရင်ခံချုပ်က မြန်မာတို့၏ပြည်တွင်းရေးအခြေအနေကိုစုံစမ်းရန်၊ အထူးသဖြင့် မြန်မာပြည်၌ရောက်ရှိနေသည့် ပြင်သစ်တို့၏လှုပ်ရှားမှုကို ထောက်လှမ်းရန် မှာကြားလိုက်သည်ဟု သိရသည်။ ၁၈၀၃ ခုနှစ်၊ ၁၈၀၉ ခုနှစ်နှင့် ၁၈၁၁ ခုနှစ်များမှာ စစ်ဗိုလ် ဂျွန်ကင်းနင်း(Lt. Johm Canning)ကို (၃)ကြိမ်တိုင် စေလွှတ်ခဲ့၏။ ကင်းနင်း(Canning)ကို စေလွှတ်ခြင်းမှာလည်း မြန်မာတို့၏အခြေအနေနှင့်ပြင်သစ်တို့၏အကြံအစည်ကို စုံစမ်းထောက်လှမ်းရန် စေလွှတ်ခဲ့ခြင်း ဖြစ်သည်။ ကင်းနင်း(Canning)ဒုတိယအကြိမ် လာရောက်ပြီးအပြန်တွင် ရခိုင်နှင့်စစ်တ

ကောင်း သဘာဝအနေအထားအရ ရေကြောမြေကြောဆက်နေ၍ ဗြိတိသျှတို့က သိမ်းပိုက်သင့်ကြောင်း၊ သိမ်းမည်ဆိုလျှင် အလွယ်တကူ သိမ်းပိုက်နိုင်မည်ဖြစ်ကြောင်း အထက်အာဏာပိုင်များကို ကင်းနင်း (Canning)က အကြံပေးတင်ပြခဲ့သည်ဟု သိရသည်။

အင်္ဂလိပ်-မြန်မာပထမစစ်ပွဲအပြီး ၁၈၂၆ ခုနှစ်၌ အင်းဝ နေပြည်တော်သို့ ဂျွန်ကရောဖွတ် (John Crawfurd)ခေါင်းဆောင်သည့်အင်္ဂလိပ်သံအဖွဲ့ ရောက်ရှိလာသည်။ ရန္တပိုစာချုပ်အရ အကဲစမ်းသည့်အနေနှင့် လာခဲ့ကြောင်းသိရသည်။ ကူးသန်းရောင်းဝယ်ရေးနှင့်ပတ်သက်သည့် စာချုပ်ချုပ်ပြီးသည်နှင့် ကြာရှည်မနေဘဲ ပြန်သွားခဲ့သည်။ ကရောဖွတ်ပြန်သွားပြီး ၁၈၃၀ ပြည့်နှစ်၌ ဗိုလ်မှူးဗာနေ (Major. Burney)ခေါင်းဆောင်သောအင်္ဂလိပ်သံအဖွဲ့ ရောက်လာပြန်သည်။ ရန္တပိုစာချုပ်ပါအရ သံကိုယ်စားလှယ်ထားရှိရေးကို အကောင်အထည်ဖော်ရန်လာခြင်းဖြစ်ကြောင်း သိရပါသည်။ သံအဖွဲ့ကို သူလျှိုအဖွဲ့ဟုယူဆသည့်အတွက် ဘကြီးတော်စစ်ကိုင်းမင်းသည် နေပြည်တော်၌ သံအဖွဲ့ထားရှိရေးကို လက်မခံလိုပေ။ သို့ရာတွင် တနင်္သာရီ၊ ရခိုင်နယ်များကိုပြန်ရလိုသဖြင့် လက်ခံခဲ့ရပါသည်။ ဗာနေ (Burney)နေပြည်တော်၌ရှိနေစဉ်မှာပင် ဘကြီးတော်စစ်ကိုင်းမင်း မမာမကျန်းဖြစ်သောကြောင့် မိဖုရားကြီးမယ်နု၏မောင် စလင်းမင်းသားကြီးမောင်အိုသည် ဘုရင့်ကိုယ်စား ဝန်ကြီး၊ မှူးကြီးမတ်ကြီးများနှင့် တိုင်ပင်အုပ်ချုပ်နေသည်။ ဦးအို၏အုပ်စုက ညီတော်သာယာဝတီမင်း၏အိမ်ကို တပ်နှင့်ဝိုင်းသည်အထိ ဖြစ်လာခဲ့သည်။ သာယာဝတီမင်းက စစ်ကိုင်းဘက်ကိုရှောင်တိမ်းပြီး ထီးနန်းကိုလုပ်ကြံသည့်အခါ အင်းဝထီးနန်းကို အောင်မြင်စွာ သိမ်းယူရရှိခဲ့သည်။ သာယာဝတီမင်းသည် စစ်ကိုင်းမင်းလက်ထက်က အင်္ဂလိပ်နှင့်ချုပ်ဆိုခဲ့သည့်စာချုပ်မှန်သမျှ အသိအမှတ်ပြုလိုစိတ် လုံးဝမရှိခဲ့ပေ။ သာယာဝတီမင်းက စာချုပ်များနှင့်ပတ်သက်၍ မည်သည့်တာဝန်မျှမရှိကြောင်း အတိအလင်းထုတ်ဖော်ပြောကြားခဲ့ပြီး စာချုပ်နှင့်ပတ်သက်၍ အင်္ဂလိပ်တို့ကတင်ပြလာသည့်အခါတိုင်း ဆန့်ကျင်ငြင်းဆန်ခဲ့၏။ ထို့ကြောင့် ဗာနေ(Burney)က မြန်မာပြည်ကိုတိုက်ခိုက်သိမ်းပိုက်ရန် ယခုထက် ကောင်းသည့်အခွင့်အလမ်းမရှိကြောင်း၊ အတိအလင်းစစ်ကြေညာသိမ်းပိုက်သင့်ကြောင်း ဘုရင်ခံချုပ်ထံ တင်ပြခဲ့သည်။ ဘုရင်ခံချုပ်က ဗာနေ(Burney)၏အကြံပြုချက်ကို လက်မခံခဲ့ပေ။ ၁၉၃၈ ခုနှစ်တွင် ဗာနေ(Burney)သည် သံအမတ်ရာထူးကိုပြန်အပ်ပြီး အင်္ဂလန်သို့ ပြန်သွားခဲ့သည်။ ၁၉၃၈ ခုနှစ်၌ ဗာနေ(Burney)ပြန်သွားသည့်အခါ သံကိုယ်စားလှယ်အသစ်အဖြစ် ကာနယ်ဘင်ဆင်(Col. Richard Benson) ရောက်ရှိလာပါသည်။ ထိုအချိန်က အိန္ဒိယ-မြန်မာနယ်စပ်တွင် အင်္ဂလိပ်တို့ စစ်အင်အားဖြည့်တင်းခဲ့သည်ကို မြန်မာတို့သိရှိပြီး စစ်အင်အားတိုးချဲ့နေသည့်အချိန် ဖြစ်သည်။ နေပြည်တော်၌လည်း အမြောက်တပ်သားများက နေ့စဉ်အမြောက်ပစ်ခတ်လေ့ကျင့်လျက် ရှိသည်။ ရန်ကုန်၊ မုတ္တမ၊ ရခိုင်၊ ဇဖဲဒေသများသို့ တပ်များချီတက်နေရာချထားမှုများ ပြုလုပ်ခဲ့သည်။ ထိုအကြောင်းကို ကာနယ်ဘင်ဆင်(Col. Benson)မြင်တွေ့သည့်အခါ အင်္ဂလိပ်အစိုးရကို မြန်မာတို့အားစစ်ပြုသင့်သည့်အကြောင်း အကြံပေးတင်ပြခဲ့သည်ဟု သိရသည်။ ကာနယ် ဘင်ဆင်(Col. Benson)၏နောက် ဒဗလျူ မဲလော့(W. Meleod)ဆက်ခံခဲ့သည်။ ဆက်ဆံရေးအခြေအနေ တစ်စထက်တစ်စ တင်းမာလာပြီး ၁၈၄၀ ဇန်နဝါရီလ၌ အင်္ဂလိပ်သံရုံးကို ပြန်လည်ရုပ်သိမ်းသွားခဲ့သည်။ ထိုအချိန်မှစ၍ သံတမန်အဆက်အသွယ်ပြတ်သွားခဲ့၏။ မည်သို့ဖြစ်စေ လာရောက်ခဲ့သမျှ သံတမန်တို့သည် ထောက်လှမ်းရေးလုပ်သူများသာဖြစ်ကြောင်း တွေ့ရှိရပေမည်။

## ကုန်းဘောင်ခေတ်စာပေများမှ ရရှိနိုင်သည့် ထောက်လှမ်းရေးအသိပညာ

### လက်ဝဲသုန္ဒရအမတ်ကြီး(၁၇၂၃-၁၇၉၉)ရေးသားခဲ့သည့် စစ်ရေးဆိုင်ရာပျို့များ

လက်ဝဲသုန္ဒရအမတ်ကြီးသည် အလောင်းမင်းတရားကြီးနှင့် သားတော်များဖြစ်သည့် နောင်တော်ကြီးမင်း၊ ဆင်ဖြူရှင်၊ စဉ့်ကူးမင်း၊ ဗဒုံမင်းလက်ထက်များ၌ အမှုတော်ထမ်းခဲ့သည့် စာဆိုပညာရှိ ဖြစ်ပါသည်။ စစ်မက်ရေးရာထူပြောလှသည့်ကာလများကို ကိုယ်တိုင်ပါဝင်အမှုထမ်းရင်း ဖြတ်သန်းခဲ့ရသူ တစ်ဦးဖြစ်ပါသည်။ စာဆိုအမတ်ကြီးသည် များပြားလှသည့်ပျို့၊ ရတုများရေးသားခဲ့ရာတွင် စစ်ကျမ်းများဟုဆိုရမည့် သေနင်္ဗျူဟာပျို့၊ ဗျူဟာစက္ကပျို့၊ နန္ဒိသေနပျို့များသည် ထင်ရှားလှပါသည်။ ထိုပျို့များတွင် စစ်ရေးနှင့်ပတ်သက်၍ လေ့လာသင်ခန်းစာယူစရာများ ပါရှိပါသည်။ စစ်ရေးဟုဆိုသည်နှင့် ထောက်လှမ်းရေးကဏ္ဍလည်း ပါရှိပါသည်။ စစ်ရေးမှာ သူလျှိုကဏ္ဍအရေးပါပုံကို အဓိကဖော်ပြပါရှိပါသည်။

#### သေနင်္ဗျူဟာပျို့

သေနင်္ဗျူဟာပျို့၌ ရန်သူ့သတင်းရရှိရန် ရန်သူ့ပြည်တွင်း၊ ရန်သူ့တပ်တွင်း ထိုးဖောက်ဝင်ရောက်ပြီး ရန်သူ့အကြံအစည် ရည်ရွယ်ချက်များကို ထောက်လှမ်းသတင်းရယူသည့်သူလျှိုအား စစ်နားဟုခေါ်သည့်အကြောင်း ဖော်ပြထားပါသည်။ သူလျှို၏အခန်းကဏ္ဍသည် အရေးပါသည့်အတွက် စစ်၏အစိတ်အပိုင်း(၇)ပါး၌ စစ်နားဟုဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

*စစ်မက်ဆင်ရာ၊ စိုးအုပ်ချာသား၊ သေနာပတိ၊ ပညာရှိ၍၊ ဆီးမီးအတူ၊ စစ်ခေါင်းဟူ၏၊ သူ့လူဗိုလ်တွင်း၊ ကျော်ချင်းနင်းလျက်၊ ဖောက်ထွင်းလှည့်လည်၊ သူ့ရပ် ပြည်ဝယ်၊ ကြံစည်ထူးပြား၊ သူ့ကြောင်းလျှာကို၊ စကားထဲသို၊ ထိုသူလျှိုကား၊ ခေါ်ဆိုမှတ်သား၊ စစ်၏နားတည့်၊ ဟူးရားဗေဒင်၊ မြော်မြင်ထူးပြား၊ ကျော်ထင် ရှားသား၊ သမားဖြူညို၊ သူတို့ကိုလျှင်၊ ခေါ်ဆိုမည်ရှိ၊ စစ်မျက်စိတည့်၊ မငြိမစွန်း၊ မယွန်းမစက်၊ တဖက်ရန်ပြိုင်၊ မတုနိုင်အောင်၊ ရှက်ဆိုင်ဝန်းလည်၊ သဲသဲစည်လျက်၊ စိတ်ရည်ကိုယ်တူ၊ သောသောအုမ္ပါ၊ ဗိုလ်လူအများ၊ စစ်၏ခါးတည့်၊ စကားအရာ၊ အင်ရှစ်ဖြာဖြင့်၊ ရေးရာနှံ့သိ၊ ကဝိတဆူ၊ တမန်မူကား၊ ရေးယူမှတ်သွင်း၊ စစ်ခံတွင်းတည့်၊ ခင်းကျင်းတပ်တာ၊ များဗိုလ်ပါနှင့်၊ ညီညာသဲသဲ၊ ရန်ခက်ခဲ၍၊ စစ်ပွဲတိုက်ချိန်၊ စဉ်းသွား စိန်သို့၊ တရှိန်တည်းကွန့်၊ အသက်စွန့်လျက်၊ ရန်ညွန့်ပယ်ရှား၊ သူရဲအားကို၊ ထူးပြား အံ့ဘွယ်၊ စစ်အစွယ်တည့်၊ များကြွယ်ရုံးပေါင်း၊ ဆင်ကောင်းမြင်းလျှင်၊ သောင်းသောင်း ဖြင်မျှ၊ စုံလင်ဖြိုးတွေ၊ စစ်၏ခြေတည့်၊ အုပ်ထွေပည်းလှိုင်၊ လက်နက်ကိုင်ကား၊ ဆွယ်ပြိုင် နှိုင်းခက်၊ စစ်၏လက်တည့်၊ လေ့ကျက်ဖွယ်ဖွယ်၊ အသွယ်သွယ်သည်၊ ရွေးချယ်စီလျှင် ကြောင်းလမ်းတည်း။ ။*

#### ဗျူဟာစက္ကပျို့

ဗျူဟာစက္ကပျို့လာ စစ်ဗျူဟာ(၂၉)ပါးထဲ၌ ကုတ္တိဗျူဟာဆိုသည်မှာ ရန်သူကိုအောင်နိုင်ဖို့ မိန်းမမာယာအသုံးပြုခြင်းပင် ဖြစ်ပါသည်။ အမျိုးသမီးကို ရန်သူ့ထံ အယုံသွင်းစေလွှတ်ပြီး ရန်သူ့သတင်းထောက်လှမ်းရယူ တိုက်ခိုက်အနိုင်ယူခြင်းပင် ဖြစ်သည်။ မိမိထက်အင်အားကြီးမားသည့်ရန်သူကို စစ်မက်

ဖက်ပြိုင်တိုင်ခိုက်ရန် အခြေအနေမပေးသည့်အခါ ရန်သူပျော့ကွက်ဟာကွက်ကို ထိုနည်းဖြင့် သတင်းရယူပြီး တိုက်ခိုက်နိုင်ပါသည်။ အမျိုးသမီးများအသုံးပြုပြီး သတင်းယူသည့်နည်းသည် မည်သည့်ခေတ်မည်သည့်အခါမှမရိုးနိုင်ပေ။ ဗျူဟစက္ကပျို့ အပိုဒ်ရေ(၁၀)၌

*သူကောင်းသမီး၊ ရှုမငြီးအောင်၊ လျှပ်မီးအသွင်၊ တန်ဆာဆင်လျက်၊ ရုပ်သွင်ကြန်ညီ၊*
*ကလျာဏီလျှင်၊ နာရီဗျူဟာ၊ တတ်လိမ္မာ၍၊ သာယာချိုပြား၊ သူကောင်းသားအား၊*
*စကားတုံ့ချေ၊ သဘောပြေဖြင့်၊ ဣန္ဒြေမူလ၊ မပျက်ရအောင်၊ ချိုမြသံလွင်၊ သွေးဆောင်*
*ငင်သို့၊ ငြိုငြင်ထွက်ပြူ၊ ရန်ဖက်သူကို၊ ထိုသူသိမ်မွေ့၊ တစေ့စေ့လျှင်၊ ချမ်းမြေ့ဖန်ဖန်၊*
*အတန်တန်တိ၊ တမန်တန်တား၊ လှယ်လှယ်ပါး၍၊ ကြောင်းလျားသွယ်ငင်၊ ရန်မျိုး*
*စင်သော်၊ ရန်ပင်မရှိ၊ မစွန်းငြိသည်၊ ဣတ္ထိဗျူဟာ၊ ကျမ်းထွက်မှာ၏။*

ဗျူဟစက္ကပျို့လာ စစ်ဗျူဟာ(၂၉)ပါးထဲမှ သုဝဗျူဟာဆိုသည်မှာ တိရစ္ဆာန်ဖြစ်သည့်ကျေးသားကို လူ့စကား၊ လူ့အတွေးခေါ်များ လေ့ကျင့်သင်ကြားပေးပြီး ထောက်လှမ်းမှုပြုရာ၌အသုံးချသည့်နည်းပင်ဖြစ်သည်။ ကျေးသားကိုသာမက ခို၊ သိမ်းငှက်တို့ကိုလည်းလေ့ကျင့်ပြီး သတင်းပို့ဆက်သွယ်ရာ၌ အသုံးချနိုင်ပါသည်။ ယနေ့မျက်မှောက်ခေတ်မှာလည်း အသုံးချနေဆဲဖြစ်ပါသည်။ ပိုဒ်ရေ(၁၀)၌ ဤသို့ ဖော်ပြထားပါသည်။

*မြိုင်သာရိပ်ခို၊ ရွှေကျေးညိုတို့၊ လူလိုလျောက်ပတ်၊ သင်လျှင်တတ်၍၊ လူ့ဇာတ်ပျော်ရွှင်၊*
*အကျိုးဝင်သို့၊ ထိုတွင်ဖောက်ပြန်၊ တဖက်ရန်ကို၊ ကျမ်းဂန်နှီးနွှယ်၊ ပရိယာယ်ဖြင့်၊*
*လှယ်ပယ်ပြသ၊ စစ်ဆင်ကြသည်၊ သုဝဗျူဟာ၊ ရှေ့ထုံးလာ၏။*

စစ်ဗျူဟာ(၂၉)ပါးထဲက ပတ္တဗျူဟာဆိုသည်မှာ သူလျှိုစစ်နည်းဗျူဟာဖြစ်ပါသည်။ ရန်သူအတွင်း ဝင်ရောက်ခိုလှုံထောက်လှမ်းပြီး အနိုင်ရအောင်တိုက်ခိုက်သည့်ဗျူဟာ ဖြစ်ပါသည်။ စစ်အောင်ဖို့ဆိုရာ၌ ရန်သူ့သတင်းရဖို့ အဓိကလိုအပ်ပါသည်။ သတင်းရယူဖို့ သူလျှိုလွှတ်ထောက်လှမ်းပြီး စီမံချက်ချတိုက်မှသာ အနိုင်ရနိုင်မည် ဖြစ်ပါသည်။ မည်သည့်ခေတ်မဆို မရိုးနိုင်သည့်ဗျူဟာ ဖြစ်ပါသည်။ ဗျူဟာစက္ကပျို့ အပိုဒ် (၁၁)၌ အောက်ပါအတိုင်း ဆိုထားပါသည်။

*ရိပ်ခြည်မထင်၊ မမြင်ရအောင်၊ လူသူ့ဘောင်ဝယ်၊ ရောယောင်ရောသင့်၊ ရောခွင့်ရော*
*ထို၊ ကပ်မြှောင်ခို၍၊ သူလျှိုကင်းစမ်း၊ အရိပ်ဖမ်းလျှက်၊ ကြောင်းလမ်းပြီးမှ၊ တိုက်ယူရမှု၊*
*ပတ္တဗျူဟာ၊ ဤအရာလည်း၊ စစ်မှာစီရင်၊ တပွဲဝင်၏။*

ဗျူဟစက္ကပျို့ သတ္တမပိုင်း ပိုဒ်ရေ(၅၆)တွင် စစ်၌ ဥပါယ်(၄)မျိုးရှိသည့်အကြောင်း ဖော်ပြရာ၌ သူလျှိုနှင့် စစ်အောင်မြင်အောင်ဆောင်ရွက်နိုင်သည့် ဘေဒဉပါယ် ပါရှိပါသည်။ တပင်ရွှေထီးသည် ဟံသာဝတီကိုတိုက်ခိုက်သည့်အခါ မင်းနှင့်အမတ်ကို စိတ်ဝမ်းကွဲအောင် ဘေဒဉပါယ်ဖြင့် ကြံဆောင်ခဲ့သဖြင့် အောင်မြင်ခဲ့သည့်အကြောင်း နမူနာပြဆိုထားပါသည်။

*စစ်နိုက်ဉပါယ်၊ ပေါင်းလေးသွယ်မူ၊ သူ့ဝယ်မြင်းဆင်၊ သူ့တွင်ဗိုလ်အား၊ ကြီးသည်များ*
*ကြောင့်၊ စကားပြသ၊ အောင်မြင်ကြသည်၊ သာမျှဉပါယ်၊ စစ်ငြိမ်းလွယ်၏၊ သူကြွယ်*
*သူလျှို၊ သူ့ကိုဖေါ်ပေါင်း၊ အကြောင်းကြောင်းဖြင့်၊ ချောင်းမြောင်းကြံဆ၊ အောင်မြင်*
*ကြသည်၊ ဘေဒဉပါယ်၊ လွန်ဆန်းကြယ်၏၊ ဖွယ်ဖွယ်ရာရာ၊ လျောက်ပတ်စွာလျှင်၊*
*ဥစ္စာရွှေငွေ၊ မက်မောစေ၍၊ ထွေထွေပြသ၊ အောင်မြင်ကြသည်၊ ဒါနဉပါယ်၊*

*ရန်ပျောက်ပြယ်၏၊ သူ့ဝယ်လက်နက်၊ ရဲမက်ဗိုလ်လူ၊ နည်းသည်ဟူ၍၊ ကျိုက်ဆူသီးသီး၊ စစ်အားကြီးဖြင့်၊ ဘိစီးတိုက်လျှင်၊ ပြုန်းတီးစင်၍၊ အောင်မြင်လေကြ၊ ချက်ချင်းရသည်၊ ဒဏ္ဍာဉပါယ်၊ ထုံးစံသွယ်၏၊ နည်းကျယ်ကျမ်းဂန်၊ သို့ထွက်ဟန်ကြောင့်၊ မျက်မာန်အားကြိုး၊ စစ်မက်ထိုးလျက်၊ ပကိုးခရိုင်၊ မရနိုင်သော်၊ ရွှေစိုင်သိင်္ဂါ၊ ရတနာတိ၊ သစ္စာရွှေခက်၊ ပန်းနှစ်ခက်နှင့်၊ လျှို့ဝှက်သေသတ်၊ အကြံတတ်၍၊ အမတ်နဲ့မင်း၊ စိတ်ကွဲခြင်းကြောင့်၊ ခင်းကျင်းရေးရာ၊ တိုက်လံခါနိုက်၊ စကြာစိုက်ထူ၊ အောင်တော်မူသည်၊ သိမ်းယူဟသာ် ပကိုးတည်း။*

## နန္ဒိသေနပျို့

နန္ဒိသေနပျို့သည် စစ်အစီအရင်များ၊ စစ်တပ်ဖွဲ့စည်းပုံ၊ စစ်သူကြီးတို့၏ကျင့်ဝတ်များ၊ စစ်သည်တော်ကျင့်ဝတ်များ၊ မြို့စောင့်ပြည်စောင့်တပ်တို့၏တာဝန်များ၊ စစ်ရေးခံယူချက်များကို ပျို့အဖြစ်ရေးသားထားသည့်စစ်ရေးဆိုင်ရာကျမ်းတစ်စောင် ဖြစ်ပါသည်။ ထိုပျို့ထဲ၌ စစ်အောင်နိုင်ရာသောအကြောင်းရင်းကြီးတစ်ခုအဖြစ် ဖော်ပြထားပါသည်။

*စစ်မက်အောင်ရာ၊ အင်္ဂါအပြား၊ ဆယ့်နှစ်ပါးတွင်၊ ငါကားမင်းပင်၊ သင်ကားအမတ်၊ ညီညွတ်ကြစွာ၊ ငါ့ဇာတာလည်း၊ ပြစ်ဆာသန့်ရှင်း၊ ပေးကမ်းခြင်းဖြင့်၊ ဆင်မြင်းဗိုလ်ပေါင်း၊ သူရဲကောင်းလည်း၊ သိန်းသောင်းသချေ၊ ဆန်ရေစပါး၊ ပြည့်စုံများလျက်၊ ပြည်သားပြည်သူ၊ ဘေးမြူစင်ကြယ်၊ အန္တရာယ်နှင့်၊ ပျောက်ကွယ်ရောဂါ၊ ယတြာနှင့်၊ ပြုသည်တစ်ထောင့်၊ သူလျှိုနှောင့်လျက်၊ ပြည်စောင့်နတ်အား၊ ဆပွားမလွဲ၊ ပူဇော်မြဲတည့်။ သူရဲဗိုလ်လူ၊ နှလုံးဖြူလျက်၊ စစ်သူကြီးက၊ ခန့်သမျှကို၊ ယွင်းခမဖည်၊ အာဏာတည်ဟု။*

မိမိကရန်သူကို သူလျှိုစေလွှတ် ထောက်လှမ်းစုံစမ်းသလို ရန်သူကလည်း မိမိအတွင်း ဝင်ရောက်ထောက်လှမ်းလိမ့်မည်။ မိမိတပ်သားများကို ဖမ်းဆီးရှေ့တန်းတင်ပြီး တံခါးဖွင့် အတင်းဝင်တိုက်လာနိုင်သည်။ ကိုယ့်တပ်က ရဲမက်ဖြစ်သော်လည်း ယုံလောက်သည့်အထောက်အထားကို အသေအချာစစ်ဆေးမေးမြန်းရမည်ဟု သင်ခန်းစာပေးထားကြောင်း တွေ့ရှိရပါသည်။

## ရာဇဒီပနီကျမ်း

သာယာဝတီမင်း(၁၈၃၂-၁၈၄၆)လက်ထက်တွင် ဇိနာလင်္ကာရဓဇ မဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ငါးစိ့ဆရာတော်က ၁၈၄၂ ခုနှစ်တွင် ရာဇဒီပနီကျမ်းကို ပြုစုခဲ့ပါသည်။ ရာဇဒီပနီကျမ်း၌ တိုင်းပြည်၏နားဖြစ်သည့်သူလျှို(အထောက်တော်)များ၏အခန်းကဏ္ဍသည် အရေးပါ အရာရောက်သည့် အကြောင်း လမ်းညွှန်ထားပါသည်။

*ဝဿကာရပုဏ္ဏားသည် အမှုထမ်းတို့အား နှလုံးနှောင့်အောင် ပြောဆိုသည်ကို သူလျှို (အထောက်တော်)မရှိ၍ မင်းနားမကြားရသောကြောင့် အကျိုးစီးပွားယုတ်သည်ကို ထောက်၍ မင်းဇကရာဇ်တို့မှာ သူလျှိုနှင့်ကင်း၍ မနေရာချေ။ သူလျှို(အထောက် တော်)ထား၍ အမှုခပ်သိမ်း ပြီးစီးအောင်မြင်ကြောင်းထုံးကား၊ မိတ္ထီလာပြည့်ရှင် ဝိဒေ ဟရာဇ်မင်း၏အမတ် မဟောသဓသည် ပြည်ရေးရွာမှုကို ဆောင်ရွက်ရသည်ဖြစ်၍ အသီးသီးသော ဖွားဘက်တော်တစ်ထောင်တို့ကိုစေလွှတ်၍ ထိုမြို့ထိုရွာ အမှုခပ် သိမ်း မည်သို့ရှိသည်၊ အစရှိသည်တို့ကို သိအောင်ထားလေသည်ဖြစ်သောကြောင့် ထိုမြို့ထိုရွာ အမှုခပ်သိမ်းအကြံအစည်ဟူသမျှကို သိရသည်ဖြစ်၍ အမှုခပ်သိမ်းမရောက်မီ စီရင် ခင်းကျင်းရနှင့်သောကြောင့် အမှုခပ်သိမ်းရောက်လာသော်လည်း မအောင်မြင်နိုင်။ ကိုယ်၏အကျိုးစီးပွားသာ များလေတော့သည်။ ဤထုံးကို ပုံစံအမှီပြု၍ အဝေးအနီး သူလျှို(အထောက်တော်)ထား၍ အမှုခပ်သိမ်းတို့ကို သိအောင်ပြုချေရာသည်။ သို့မှ လည်း ကိုယ်၏အကျိုး စီးပွားများရာသည် တထုံးမှတ်ရာ၏။ (အမျိုးသားစာကြည့်တိုက်၊ ဘားနဒ်-ပေ ၁၈၂၂၊ ခီ-ကျော၊ ကြောင်းရေ ၈-၉။ ခု-ဝမ်း၊ ကြောင်း ရေ ၁-၃)။*

ထိုကျမ်း၌ မြို့စားရွာစားတို့၏အခွန်အတုတ်ကောက်ခံမှုများနှင့်ပတ်သက်၍ မှန်ကန်မှုရှိမရှိ မည်သို့ထောက်လှမ်းရမည်ဆိုသည်ကိုလည်း လမ်းညွှန်ထားပါသည်။

*အကြီးအကဲမြို့စားရွာစားတို့လည်း အရှင်အဖို့အရာကို ထုံးစံနှင့်အညီ ဆက်သွင်းရာ၏။ ဆက်သွင်းသော အခွန်အတုပ်ကို အရှင်မင်းတို့လည်း မေးမြန်းစိစစ်ရာ၏။ အဘယ်သို့ စိစစ်ရနည်းဟူမူကား ရှေးထုံးနှင့်အညီ မင်းတို့မြို့ရွာမှာ ကောက်ယူပါ၏လောဟု မေးရာ၏။ မေး၍ ရှေးထုံးအတိုင်းမှန်၏ပင်ဆိုလျှင်မူလည်း မယုံသင့်ချေသေး။ ထိုမြို့ ထိုရွာသို့ သူလျှို(အထောက်တော်)ထား၍ စူးစမ်းစေရာ၏။ စူးစမ်း၍ လျှောက်ဆိုဝ် တိုင်းမှန်ခြေလျှင် ငါ၏ကျွန်သည် ငါ၏အစီးအပွားကို မယုတ်စေ။ တိုးပွားအောင် ကျင့်ပေသည်ဟု ဝမ်းမြောက်ဝမ်းသာ ပြောဆိုရာ၏။ (အမျိုးသားစာကြည့်တိုက်ပေမူ၊ ပေအမှတ် ဘားနဒ်-၁၈၂၂၊ ခ-ဝမ်း၊ ကြောင်းရေ ၈-၁၀)။*

## ဝိဓူရပျို့

ဗဒုံမင်းလက်ထက်စာဆိုကျော် ဦးထွန်းညို(၁၇၂၆-၁၈၀၆)ရေးသားသည့် ဝိဓူရပျို့ ပိုဒ်ရေ(၁၂၇) မှာ သူလျှိုအထောက်တော်ဆိုင်ရာအမတ်အမှုထမ်း၊ အရာထမ်းများသည် နှုတ်စောင့်စည်းမှုရှိရမည်။ လျှို့ဝှက်သတင်းများကို လုံခြုံအောင် သတိရှိကြရမည်ဆိုသည့်အကြောင်း ရေးစပ်ထားပါသည်။

*ဝင်ထွက်ခစား၊မင်းယောကျ်ားတို့၊စကားလျှို့ဝှက်၊လွင့်မထွက်စေ၊စောင့်စည်းထွေနှင့်။*

## ဇနကပျို့

ဦးထွန်းညို၏ ဇနကပျို့၌ ပြည့်နားဖြစ်သောသူလျှို အထောက်တော်အပါအဝင် ပြည့်နဝရတ် (၉)ပါး တစ်ပါးမှမပျက်ပါစေနှင့်ဟု ဆိုထားပါသည်။

*ပြည်မစွယ်ချွန်၊ ပြည့်တံခွန်နှင့်၊ ပြည့်မှန်မျက်စိ၊ ပြည်ကြီးမျက်နှာ၊ ပြည်သာဦးကင်း၊ ပြည့်မင်းဝမ်းနက်၊ ပြည့်နားခွက်က၊ ပြည့်လက်ပြည့်ခြေ၊ မပျက်စေတည့်။*

## မှန်နန်းမဟာရာဇဝင်တော်ကြီး

ဘကြီးတော်ဘုရား(၁၈၁၉-၁၈၃၇)လက်ထက်တွင် မုံရွေးဇေတဝန်ဆရာတော် အရှင်အာဒိစ္စဝံသ (၁၇၆၆-၁၈၃၅)၊ ရဟန်းပညာရှိ၊ လူပညာရှိ၊ ပုဏ္ဏားပညာရှိများပါဝင်သည့်အဖွဲ့ ဖွဲ့စည်းပြီး မှန်နန်းရာဇဝင်တော်ကြီးကို ရေးသားပြုစုခဲ့ပါသည်။ မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲ၌ ထောက်လှမ်းရေးနှင့် ပတ်သက်၍ လေ့လာဖွယ်ရာများ ပါရှိပါသည်။

**နိုင်ငံကျယ်အံ့သောအကြောင်း(၈)ပါး**

(၁) စစ်၏ခေါင်းမည်သော စစ်သူကြီးရှိသည်။
(၂) စစ်၏မျက်စိမည်သော ဟူးရားတတ်ရှိသည်။
(၃) စစ်၏နားမည်သော လိမ္မာသောသူလျှိုရှိသည်။
(၄) စစ်၏အားမည်သော ဗိုလ်ပါများသည်။
(၅) စစ်၏ခံတွင်းမည်သော လိမ္မာသောတမန်ရှိသည်။
(၆) စစ်၏အစွယ်မည်သော အမတ်သူရဲကောင်းရှိသည်။
(၇) စစ်၏အခြေမည်သော ခြေသည်သူရဲကောင်းရှိသည်။
(၈) စစ်၏လက်မည်သော လက်နက်ကိရိယာရှိသည်။

**စုံစမ်း၍သိရာသောအကြောင်း(၇)ပါး**

(၁) တို့က သူလျှိုလွှတ်သဖြင့် သိရာသည်။
(၂) သူကလွှတ်သည်ကို တို့ကကင်းစောင့်သဖြင့် သိရာသည်။
(၃) တို့က ကုန်ပြုသွားသဖြင့် သိရာသည်။
(၄) သူက ကုန်ပြုလာသောကုန်သည်တို့ကို ပေးကမ်းဖြားယောင်း၍ သိရာသည်။
(၅) တို့က တမန်စေသဖြင့် သိရာသည်။
(၆) သူ့အရပ်မှလာသောသူတို့အား ဥပါယ်တံမျဉ်ဖြင့် စုံစမ်း၍သိရာသည်။
(၇) သူ့တမန်ကိုပေးကမ်းစုံစမ်းသဖြင့် သိရာသည်။

**စစ်အောင်ရာသောအကြောင်း (၁၂)ပါး**

(၁) စစ်စီရင်ရာ၌ လိမ္မာသောကြောင့် စစ်အောင်ရာသည်။
(၂) မင်းနှင့်အမတ် ညီညွတ်သောကြောင့် စစ်အောင်ရာသည်။
(၃) ပေးကမ်းခြင်း၌ အမျက်မရှိသောကြောင့် စစ်အောင်ရာသည်။
(၄) စစ်သူကြီး ခန့်ထားစီရင်တိုင်း သူရဲသူခက်တို့၌တည်သောကြောင့် စစ်အောင်ရာသည်။
(၅) သူရဲကောင်းများသဖြင့် စစ်အောင်ရာသည်။
(၆) ယတြာမန္တန်ပြုသဖြင့် စစ်အောင်ရာသည်။
(၇) ဇာတာစန်းလဂ်ကောင်းသဖြင့် စစ်အောင်ရာသည်။
(၈) မျိုးစေ့ရိက္ခာ ရေ ဆန် ထင်း မြက် များသဖြင့် စစ်အောင်ရာသည်။
(၉) မင်းစသော ပြည်သူတို့အနာကင်းသဖြင့် စစ်အောင်ရာသည်။

(၁၀) သူလျှိုကိုစေ၍ သူပြည့်ရန်သူ ဘေးအန္တရာယ်ကင်းသဖြင့် စစ်အောင်ရာသည်။

(၁၁) ပြည်စောင့်နတ်ကို မပြတ်ပူဇော်သဖြင့် စစ်အောင်ရာသည်။

(၁၂) ဆင်ကောင်း၊ မြင်းကောင်းများသဖြင့် စစ်အောင်ရာသည်။

## ပေါက္ကံမောင်ချို၏စကားပုံ

ဗဒုံမင်းလက်ထက်က ပေါက္ကံမောင်ချို၏စကားပုံများထဲတွင် ထောက်လှမ်းရေးနှင့်ပတ်သက်၍ မှတ်သားဖွယ်ရာအချို့ကိုလည်း လေ့လာတွေ့ရှိရပါသည်။

| | |
|---|---|
| ရောပြွမ်းယှက်တင်လိုသော် | မေးမြန်း |
| စုံစမ်းလိုသော် | ဆိုင်းလင့် |
| အခွင့်ကိုလိုသော် | ချိုသာ |
| ရာကြီးထူးကြီးကိုလိုသော် | စောင့်ထိန်း |
| လျှို့ဝှက်သောစကားကို | မလှိုင်စေနှင့် |

## မဟော်ပြဇာတ်

ကုန်းဘောင်ခေတ်လယ်ကာလ၌ စာဆိုဦးကြင်ဥ(၁၇၇၃-၁၈၃၈)သည် မဟော်ပြဇာတ်ကို ရေးဖွဲ့စပ်ဆိုခဲ့ပါသည်။ ထိုပြဇာတ်စာပေထဲတွင် မဟောသဓကျေးစေခန်းကို ရေးဖွဲ့သည့်အခါ စစ်ဗျူဟာ(၃၂)ပါးထဲမှ ထောက်လှမ်းရေးစစ်ဗျူဟာဖြစ်သည့်သုဝဗျူဟာကို ပေါ်လွင်ထင်ရှားအောင် ရေးဖွဲ့ထားကြောင်း တွေ့ရပါသည်။

မိတ္ထီလာပြည်ကိုစစ်ပြုရန်ကြံစည်နေပြီဖြစ်သည့် ပဉ္စလရာဇ်ပြည့်ရှင် စူဠနီဗြဟ္မဒတ်မင်းထံ စစ်သေနာပတိ မဟောသဓသည် ကျေးသားတို့ကိုစေလွှတ်ပြီး ထောက်လှမ်းစေခဲ့ပါသည်။ ဦးကြင်ဥက ထိုဇာတ်ဝင်ခန်းတွင်. . .

*. . . အောင်တပ်စခန်း၊ စံတဲနန်းက၊ ထောက်လှမ်းစီရင်ပါတော့မည်ဘုရား. . .*

ဟု ကျေးစေခန်းကို စဖွင့်ပါသည်။ မဟောသဓစေလွှတ်သည့်ကျေးသားသည် ထောက်လှမ်းရေးပညာမှာ အနုရောအကြမ်းပါ တတ်မြောက်သည့်အကြောင်း. . .

*. . . အနုအကြမ်း ထောက်လှမ်းပညာ၊ ဝတ်ငါးဖြာနှင့်*
*ညီညာကုန်စင်၊ တတ်မြော်မြင်သား. . . ။*

ဆိုပြီး ရေးဖွဲ့ထားပါသည်။ ထို့နောက် စူဠနီမင်းတို့၏လျှို့ဝှက်အကြံအစည်သတင်းများကြားနာရယူလာသောကျေးသားက မဟောသဓအား ပြန်လည်လျှောက်တင်ခန်း၌. . .

*. . . ယုတ်မာ ပုဏ္ဏား၊ မင်းဖျားစူဠနီ၊*
*သိင်္ဂီရောင်လျှပ်၊ နန်းပြသဒ်ထက်၊*
*ချိန်းချက်တိုင်ပင်၊ မမြင်လျှိုကတ်၊*
*အမတ်သူလျှို၊ ပြန်ဆိုသည့်စကား ကြားသိရသည်. . .*

ဟု စပ်ဆိုထားပါသည်။

စစ်ချီမည့်အစီအရင်၊ လက်နက်ဗိုလ်ပါ၊ အင်အား၊ တပ်ချရပ်နားမည့်စခန်းနေရာစသည့် ရန်သူ့စစ်သတင်းများထောက်လှမ်းဂယူသည့်ကျေးဇူးကိုလည်း စားနပ်ရိက္ခာအလုံအလောက်ကျွေးမွေးပြုစု၍ ထိန်းအုပ်စောင့်ရှောင်ခဲ့ရမည်ဟု ဆိုထားပါသည်။

*. . . အလျှင်ချီထွက်၊ လက်နက်မက္ခာ၊ ဗိုလ်ပါရှေ့နောက်၊ ကွန်းထောက်စခန်း၊ ထောက်လှမ်းသင့်ရာ၊ သတ္တဝါကို၊ ရိက္ခာစားနပ်၊ မပြတ်မေးမြန်း၊ မနွမ်းစေရ၊ ထိန်းအုပ်ကြလျက်၊ သေနင်္ဗျူဟာ၊ မက္ကဋ္ဌာကို၊ လိမ္မာသိသည့်၊ မတ်ကဝိ. . . ။*

သံတမန်ဆိုသည်မှာ လိမ္မာပါးနပ်စွာဖြင့် မည်သို့ဆောင်ရွက်ရမည်ကိုလည်း ပြဆိုထားပါသည်။

*ရာဇသံနှင့်၊ တမန်အင်္ဂါ၊ မာယာဂဟော၊ ဥာဏ်လွန်ပွေ၍၊ ထွေထွေလှည့်ဖြား၊ စကားကုန်အောင်၊ နှင်းလက်ဆောင်နှင့်၊ ပါအောင်ခေါ်မည်၊ ထိုတိုင်းပြည်သို့၊ ကြံလျှို့ဝှက်၍၊ ခဲခက်ဆွေးနွေး၊ ဉာဏ်ဖြင့်သွေးသည်၊ အရေးကုန်ပါ၏လော။*

## ရာဇာဘိဟိတဒီပနီကျမ်း

ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် ၁၈၂၁ ခုနှစ်၌ မဲထီးဆရာတော် ရှင်ကဝိန္ဒာဘိဝံသမထေရ်သည် ထိုကျမ်းကို ရေးသားပြုစုခဲ့ဖူးပါသည်။ အဆိုပါ ရာဇကထာကျမ်း၌ ပြည့်ရှင်မင်းတို့ မဆင်မခြင် မစုံမစမ်း . ၁မကျင့်ရာ(၇)ပါး၌ ထောက်လှမ်းရေးနှင့် ပတ်သက်၍ ပြည့်နားကိုမဖျက်ရာဟူ၍ တစ်ပါးပါးပါရှိပါသည်။

**ပြည့်ကြီးရှင်မင်းတို့ မဆင်မခြင် မစုံမစမ်း မကျင့်ရာ(၇)ပါး**

(၁) ပြည့်ဝမ်းကို မဖောက်ရာသည် တစ်ပါး၊
(၂) ပြည့်ကြီးဦးကင်းကို မနှိမ်ရသည် တစ်ပါး၊
(၃) ပြည့်တံခွန်ကို မလှဲရာသည် တစ်ပါး၊
(၄) ပြည့်မျက်စိကို မထုတ်ရာသည် တစ်ပါး၊
(၅) ပြည့်စွယ်ကို မချိုးရာသည် တစ်ပါး၊
(၆) ပြည့်နားကို မဖျက်ရာသည် တစ်ပါး၊
(၇) ပြည့်ခြေလက်ကို မဖြတ်ရာသည် တစ်ပါး၊

## မဇ္ဈိမဒေသအရေးတော်ပုံကျမ်း

မဇ္ဈိမဒေသအရေးတော်ပုံကျမ်းအား ၁၈၂၃ခုနှစ် နိုဝင်ဘာလတွင် ဒွါရဝတီမြို့ဝန် ဇေယျကျော်ထင် ရေးသားခဲ့ပါသည်။ ဇေယျကျော်ထင်သည် ဘိုးတော်ဘုရားလက်ထက် ရခိုင်ကိုသိမ်းသည့်အချိန် ပုန်ကန်မှုများနှိမ်နင်းရာ၌ ဒွါရာဝတီမြို့ဝန်၏တပ်တော်တွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ ပုန်ကန်သူများကိစ္စ အင်္ဂလိပ်များနှင့်ဆွေးနွေးရာတွင် သံအဖွဲ့ဝင်အဖြစ် အကြိမ်ကြိမ် ပါဝင်ခဲ့ပါသည်။ ဓညဝတီအခွန်ဝင်အဖြစ်လည်း တာဝန်ပေးခံရပါမည်။ ၁၈၁၂ ခုနှစ်တွင် အိန္ဒိယကို စာပေကျမ်းဂန်များကူးယူရန် စေလွှတ်ခြင်းခံရသူ ဖြစ်ပါသည်။ အိန္ဒိယမသွားမီ ဗဒုံမင်းတရားကြီးထံ ခစားဝင်သည့်အခါ မင်းတရားကြီးက တမန်အင်္ဂါ(၈)ပါးအကြောင်းမေးတော်မူပြီး မင်းကောင်းမင်းမြတ်တို့၏ဓမ္မတာ၊ ရန်

အောင်ကြောင်း(၄)ပါး၊ အမတ်အင်္ဂါ(၉)ပါး၊ တော်ဖြောင့်ရာ(၆)ပါး၊ မတိုင်ပင် မပေါင်းဖော်အပ်သူ(၈) ယောက်၊ စစ်ဖြစ်ရာသောအကြောင်း(၁၁)ပါးတို့ကို မေးမြန်းပြောဆိုတော်မူခဲ့သည်ဟု မဗ္ဗိမဒေသအရေး တော်ပုံကျမ်းထဲတွင် ရေးသားထားပါသည်။ ထိုကျမ်း၌ သံတမန်အထောက်တော်များအတွက် အတုယူ လေ့လာဖွယ်ရာများ ပါရှိပါသည်။

**တမန်အင်္ဂါ(၈)ပါး**

(၁) သောတာစ- သူတစ်ထူး၏စကားကို လျှင်မြန်စွာ ကြားတတ်ခြင်း၊
(၂) သာဝေတာစ- ကြားသောစကားကို မယုတ်မလွန်စေရ၊ သူတပါးကိုပြောဆိုခြင်း၊
(၃) ဥဂ္ဂဟေတာစ- ရွက်ဆောင်သောအမှုကို ကောင်းအောင် အားထုတ်ခြင်း၊
(၄) ဓါရေတာစ- မြဲမြန်စွာအမှတ်အသားရှိခြင်း၊
(၅) ကုသလောစ- လိမ္မာဆန်းကျယ်သောအမှုကို နားလည်ခြင်း၊
(၆) သဟိတာစ- အကျိုးစီးပွားကို သိတတ်ခြင်း။
(၇) သဟိဿစ- ကိုယ်၏စီးပွားအကျိုးရှိသည်အတိုင်း သူတစ်ပါးကို ပွားများအောင် ပြု ခြင်း၊
(၈) ကလဟာစ- သူတစ်ပါးတို့နှင့် ရန်မီးပွားအောင် အငြင်းအခုံ အတင်အလွှား အမှု စကားများကို မပြုခြင်း။

**ရန်အောင်ရာသောအကြောင်း(၄)ပါး**

(၁) ကောဓံ၊ အမျက်စောင်မာန်ကြီးသောသူတို့နှင့်တွေ့သည်ရှိသော် ၊ အကောဓေန၊ မာန်မာန ကို ချုပ်တည်းသဖြင့် အောင်ရာ၏။
(၂) အသာမုံ၊ သူမကောင်းနှင့်တွေ့သည်ရှိသော်၊ သာဓု-နာ၊ ကောင်းသောစကားကို ချိုသာစွာ နှိမ့်ချပြောဆို၍ အောင်ရာ၏။
(၃) မစ္ဆရဠူ၊ ဝန်တိုချုပ်ချယ် လောဘရှိသောသူကိုတွေ့သော်၊ ဒါနေန၊ ပေးကမ်းစွန့်ကြဲသဖြင့် အောင်ရာ၏။
(၄) အလိက်ဝါဒီ၊ စကားမမှန် ချွတ်ယွင်း၊ ပြောလိုရာပြောလေ့ရှိသောသူနှင့်တွေ့သည်ရှိသော်၊ သစ္စေန၊ တော်ဖြောင့်မှန်ကန်သောစကားကို ပြောဆို၍အောင်ရာ၏။

**အမတ်ကောင်းတို့၏အင်္ဂါ(၉)ပါး**

(၁) ရက္ခိန္ဓြိယံ၊ ဟောရမ်းပေါ့ပျက် လိမ့်လက်မရှိ ဣန္ဒြေတည်ကြည်၏။
(၂) သာဓုတ္တံ၊ သမာဓိရှိသည်ဟူ၍ လူအများပြောဆိုကျော်စော၏။
(၃) နာနာဘာသာသုံ၊ လူမျိုးအများ ဘာသာတတ်လိမ္မာ၏။

(၄) ဓမ္မရတံ၊ ဟုတ်မှန်သောတရားကိုသိအောင် ထိုးထွင်းသောဉာဏ်ပညာနှင့်လည်း မွေ့လျော်၏။
(၅) မုခါပေက္ခံ၊ မျက်နှာကြီးငယ်မလိုက် တည့်မတ်၏။
(၆) နာနာသိပ္ပံ၊ အထူးထူးအဆန်ဆန်သော အတတ်ပညာတို့ကိုလည်း တတ်၏။
(၇) ဝိသာရဒံ၊ ရဲရင့်သောသတ္တိလည်းရှိ၏။
(၈) ကုလသီလယုတ္တံ၊ ကိုယ်၏အမျိုးကို မပျက်စေရ၊ စောင့်ထိန်းသောအကျင့်တရားလည်းရှိ၏။
(၉) ဘိတံ၊ ပြည့်ရှင်မင်းကိုလည်း ချစ်ကြောက်ရိုသေရှိ၏။

**မတိုင်ပင်  မပေါင်းဖော်အပ်သူ(၈)ဦး**

(၁) မျက်မာန် အလွန်ပြင်းစွာ ထွက်တတ်သောသူ။
(၂) ရမ္မက်လောဘ ကြီးသောသူ။
(၃) ထိုင်းမှိုင်းတွေဝေ ရှိသောသူ။
(၄) သူ၏အတင်းကို မကောင်းအောင်ပြောတတ်သောသူ။
(၅) အိပ်ကျူး စားကျူးသောသူ။
(၆) ပျင်းတတ်သောသူ။
(၇) တီးတိုးစကားပြောဆိုတတ်သောသူ။
(၈) ပညာအထိုးအထွင်းမရှိသောသူ။

ထိုကျမ်းထဲ၌ မဟောသဓဇာတ်တော်မှ ပဉ္စလရာဇ်မင်းက ကေဝဋ္ဋပုဏ္ဏားကို ဝိဒေဟရာဇ်ပြည်သို့ သံတမန်အဖြစ်စေလွှတ်ခဲ့ရာမှစပြီး စစ်ထိုးရန် အခြေအနေရောက်ခဲ့ကြောင်း၊ ပဉ္စလရာဇ်မင်းသည် အကြိမ်ကြိမ် စစ်ရှုံးခဲ့ကြောင်း၊ မဟောသဓသည် အကောက်ဉာဏ်ကော အဖြောင့်ဉာဏ်ပါ တတ်သိလိမ္မာသည့်အတွက် အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အဖြောင့်ကိုသာတတ်ပြီး အကောက်ဉာဏ် မရှိလျှင် အကောက်ကြံသောသူကို အဖြောင့်ဉာဏ်ဖြင့် မနိုင်နိုင်၊ အကောက်ဉာဏ်ကို အကောက်ဉာဏ် နှင့်မှသာ လိုရာရောက်နိုင်သည်ဟု ဗဒုံမင်းတရားကြီးက မိန့်တော်မူကြောင်း ရေးသားထားသည်ကို တွေ့ရှိရပါသည်။

အခန်း (၈)

# ကုန်းဘောင်ခေတ်နှောင်းကာလ ထောက်လှမ်းရေး

## ကုန်းဘောင်ခေတ်နှောင်းကာလ ထောက်လှမ်းရေး

ရှေးမြန်မာမင်းများလက်ထက်ထောက်လှမ်းရေးနှင့်ပတ်သက်၍ လေ့လာသည့်အခါ ကုန်းဘောင်ခေတ်မတိုင်မီထိ ရာဇဝင်သမိုင်းမှတ်တမ်းများ၌ ရေးသားမှတ်တမ်းတင်ခဲ့ကြသည်မှာ အလွန် နည်းပါးလှပါသည်။ ကုန်းဘောင်ခေတ်တွင် ထောက်လှမ်းရေးနှင့်ပတ်သက်၍ ယခင်ခေတ်များကထက် အနည်းအကျဉ်း ရေးသားမှတ်တမ်းတင်ခြင်း တွေ့ရှိရသည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် အထောက်တော်များ ဖွဲ့စည်းတာဝန်ပေးထားခြင်း၊ ထောက်လှမ်းမှုအတွက် ငွေကြေးသုံးစွဲခြင်း၊ ပြည်တွင်း၊ ပြည်ပ ထောက်လှမ်းခဲ့ခြင်း၊ ထောက်လှမ်းရေးနှင့်ဆိုင်သည့်အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ခြင်းများကို တွေ့ရှိရ၏။ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် နယ်ချဲ့အင်္ဂလိပ်တို့သည် ရခိုင်၊ တနင်္သာရီကမ်းမြောင်ဒေသများကို သိမ်းပိုက်ခဲ့ပြီးဖြစ်သည်။ နယ်ချဲ့တို့၏ရန်နှင့် အလွန်နီးကပ်လျက်ရှိသဖြင့် ပုဂံမင်းလက်ထက်တွင် မြန်မာတို့သည် အင်္ဂလိပ်တို့ကို မျက်ခြည်မပြတ် ထောက်လှမ်းခဲ့ကြသည်။ လုပ်သင့်လုပ်ထိုက်သော ထောက်လှမ်းသတင်းရယူမှုများပြုလုပ်၍ စစ်ရေးပြင်ဆင်မှုများလုပ်ခဲ့သော်လည်း ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲတွင် အရေးနိမ့်ခဲ့ရသည်။ အောက်မြန်မာနိုင်ငံတစ်ခုလုံး နယ်ချဲ့တို့လက်သို့ ကျရောက်ခဲ့သည်။ နောက်ပိုင်းတွင်ဆက်လက်နယ်ချဲ့ဦးမည့် အင်္ဂလိပ်တို့၏ရန်မှာ ပိုမိုနီးကပ်လာခဲ့ပါသည်။ အထက်မြန်မာနိုင်ငံတွင် နယ်ချဲ့သူလျှိုများသည် နန်းတွင်းထိ ခြေရှုပ်လာခဲ့ပေသည်။

မင်းတုန်းမင်းကြီးလက်ထက်၌ မြင်ကွန်း၊ မြင်းခုံတိုင်နှင့် ပတိမ်းမင်းသားပုန်ကန်မှုများ ပေါ်ပေါက်ခဲ့ပြီး ထီးနန်းကိုခြိမ်းခြောက်သကဲ့သို့ သီပေါမင်းလက်ထက်၌ ရှမ်းပြည်နယ်တွင် ပုန်ကန်မှုများ ပေါ်ပေါက်ခဲ့၏။ ထိုသို့ အတွင်း၊ အပြင် ရန်မီးများဝိုင်းနေခြင်းကြောင့် ထောက်လှမ်းမှုများ ပိုမို ပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။ ထောက်လှမ်းရေး၏အရေးပါမှုကို အလေးဂရုပြုမိ၍လည်း မင်းတုန်းမင်းကြီးသည် အထောက်တော်များကို ကိုယ်တိုင်ကိုင်တွယ်ကြပ်မတ်ပြီး ထောက်လှမ်းမှုများပြုလုပ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ပုဂံမင်းလက်ထက် ထောက်လှမ်းရေး

စာဖတ်သူများသိရှိပြီးဖြစ်သည့်အတိုင်း ကုန်းဘောင်မင်းဆက်တွင် နန်းစံသက်(၆)နှစ်သာ ကြာခဲ့သည့် ပုဂံမင်းသည် အရည်အချင်းညံ့ဖျင်းသောမင်းဖြစ်သည်ဟု အများကသုံးသပ်ထားကြသည်။ ကြက်တိုက်ငှက်တိုက် အလောင်းအစား အပျော်အပါးဝါသနာထုံ၍ တိုင်းရေးပြည်ရာကို လျစ်လျူရှုခဲ့ပြီး မင်းတစ်ပါး၏တာဝန်မကျေခဲ့သည်မှာ အမှန်ပင်ဖြစ်၏။ အနီးအပါးတွင် ဘိုင်ဆပ်ကဲ့သို့ လူရမ်းကားများကို မြို့ဝန်ရာထူးပေးပြီး မြှောက်စားခဲ့သည်။ ဝန်ကြီးဦးပွားနှင့် ပုဂံမင်း၏ယောက်ဖတော်သူဦးကျောက်လုံးတို့က လွှတ်တော်ကို ခြယ်လှယ်ခဲ့ကြသည်။ ဦးပွားသည် လွှတ်တော်ကိုပင် တက်ရောက်ခြင်းမပြုဘဲ ပုဂံမင်း

၏အရှိန်အဝါဖြင့် ယင်း၏နေအိမ်၌ပင် လွှတ်တော်တွင်စီရင်ရမည့်ကိစ္စများကို စီရင်ဆုံးဖြတ်ခဲ့သည်အထိ ဖြစ်ခဲ့သည်။ မြို့ဝန်ဘိုင်ဆပ်တို့ကြောင့် အပြစ်မဲ့ပြည်သူများ သေကြေရပြီး ဆင်းရဲဒုက္ခရောက်ကြရသည်။ သားပျိုသမီးပျိုများ အနိုင်အထက်ဖျက်ဆီးခံခဲ့ရသည်။ ထိုသို့သော မင်းမြှောင်ကပ်ပါးလူရမ်းကားများကြောင့် ပုဂံမင်းအပေါ် ပြည်သူများငြိုငြင်ခဲ့သည်။ မင်းမြှောင်ကပ်ပါးများက မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ညီအစ်ကိုကိုပင် ရာဇဝတ်သင့်အောင် လုပ်ကြံစီမံလာသည့်အခါ မင်းတုန်းနှင့် ကနောင်မင်းသားကြီးတို့ညီနောင်သည် အင်းဝမှထွက်ခွာ၍ ပုန်ကန်ခဲ့ရသည်။ သက္ကရာဇ် ၁၂၁၄ ခု တပေါင်းလဆန်း ၁၁ ရက်နေ့တွင် ပုန်ကန်သူတို့ကအောင်မြင်သဖြင့် ပုဂံမင်းမှာ ထီးနန်းကို လွှဲပြောင်းပေးခဲ့ရသည်။

ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်၌ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲဖြစ်ပွားခဲ့ပြီး ရခိုင်၊ တနင်္သာရီဒေသများကိုသိမ်းပိုက်ခဲ့သော နယ်ချဲ့အင်္ဂလိပ်သည် ဆက်လက်နယ်ချဲ့ရန် အရှိန်ယူစောင့်ဆိုင်းနေခဲ့ကြသည်။ ရန်ကုန်တွင် ကုန်သည်အဖြစ်နေထိုင်သည့် အင်္ဂလိပ်လူမျိုး ဂျွန်ဘရောင်း(John Brown)ဆိုသူသည် မြန်မာတို့၏အတွင်းသတင်းများကိုရယူ၍ အိန္ဒိယဘုရင်ခံချုပ်ထံ အမြဲမပြတ်ပေးပို့ခဲ့သည်ဟု ဆိုပါသည်။ မြန်မာတို့၏အတွင်းရေးကို အမြဲစုံစမ်းထောက်လှမ်း၍ မြန်မာတို့အားနည်းချိန်တွင် ဝင်ရောက်တိုက်ခိုက်ရန် စီစဉ်ပြီးဖြစ်ပေသည်။ ကျစ်လစ်ခိုင်မာအင်အားတောင့်တင်းမှုမရှိသော ပုဂံမင်း၏လက်ထက်တွင် ထပ်မံနယ်ချဲ့ရန် အခွင့်အခါကောင်းဖြစ်လာခဲ့သည်။ နယ်ချဲ့စစ်ပွဲဖန်တီးလိုသဖြင့် တမင်အပြစ်ရှာရန်စခဲ့သည်။ အင်္ဂလိပ်သင်္ဘော(၂)စီးမှ သင်္ဘောကပ္ပတိန်တို့၏သင်္ဘောသား(၂)ဦးအား သတ်ဖြတ်သည့်ကိစ္စ သင်္ဘောသားများကတိုင်ကြားကြသဖြင့် ဟံသာဝတီမြို့ဝန်ကစစ်ဆေး၍ ဒဏ်ငွေချမှတ်ခဲ့သည်။ ၁၂၁၃ ခု နတ်တော်လတွင် ထိုကိစ္စကို မကျေနပ်သဖြင့် အိန္ဒိယဘုရင်ခံချုပ်က တပ်မှူးလမ်းဘာ့တ် (Commodore Lambert)ဦးစီးသည့် စစ်သင်္ဘော(၁)စီးအား အကူစစ်သင်္ဘော(၄)စီးနှင့် ရန်ကုန်သို့စေလွှတ်ခဲ့ရာ မြန်မာ့ရေပြင်ပိုင်နက်အတွင်း ခွင့်မတောင်းဘဲ ဝင်ရောက်လာခဲ့သည်။ ကန့်ကွက်စာပို့ပြီး တောင်းဆိုမှုများ ပြုခဲ့ရာ မြန်မာတို့ကလိုက်လျော့သည့်တိုင် စစ်သင်္ဘောများရုပ်သိမ်းမှုမပြုဘဲ တပ်စွဲချထားခဲ့သည်။ မြန်မာဘုရင့်ရေနန်းယာဉ်သာသင်္ဘောတော်ကို အနိုင်အထက်လုယူသည်အထိ စော်ကားရန်စခဲ့သည်။ နောက်ဆုံးတွင် စစ်ပြုရန်ပြင်ဆင်ပြီးဖြစ်သော အင်္ဂလိပ်တို့သည် ၁၂၁၄ ခုနှစ် တန်ခူးလပြည့်ကျော်(၈)ရက်နေ့တွင် ရန်ကုန်ဆိပ်ကမ်းကို စတင်တိုက်ခိုက်ခဲ့ရာမှ အင်္ဂလိပ်-မြန်မာဒုတိယစစ်ဖြစ်ပွားခဲ့ပြီး အောက်မြန်မာနိုင်ငံအား သိမ်းပိုက်ခံခဲ့ရပါသည်။

ထိုသို့ အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲဖြစ်ပွားခါနီးအချိန်တွင် မြန်မာတို့ဘက်မှ အင်္ဂလိပ်တို့၏လှုပ်ရှားမှုများကို နေရာဒေသအလိုက် မျက်ခြည်မပြတ် ထောက်လှမ်းခဲ့ကြောင်းတွေ့ရှိရပါသည်။ ထောက်လှမ်းချက်အစီရင်ခံစာအချို့အား သမိုင်းမှတ်တမ်းများနှင့် တိုက်ဆိုင်လေ့လာနိုင်ရန် ကောက်နုတ်ဖော်ပြအပ်ပါသည်။

"သက္ကရာဇ် ၁၂၁၃ ခု၊ နတ်တော်လပြည့်ကျော် ၂ရက်နေ့၊ အမှုထမ်း နေမျိုးရာဇကျော်ထင်တွင်ပါ၊ ၎င်းလပြည့်ကျော်၃ရက်နေ့ မင်းတုန်းမင်းအကြီး မောင်တူ လွှတ်တော်သို့တင်သည်၊ ၎င်းနေ့နာခံတော်ဦးပြားကို အပ်၍သွင်း"

*ဘုရားကျွန်တော် မြင်းခုံတိုင်မြို့စား၊ ဟံသာဝတီမြို့ဝန်၊ အခွန်ဝန်၊*

*အကောက်ဝန် သတိုးမင်းကြီးမဟာမင်းခေါင်သီဟသူ။ ရေဝန်စစ်ကဲတို့ ရွှေဘဝါး*

*တော်မြတ်အော် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား။ ကုလား ရှုံး ယိုးဒယား တို့အကြောင်းအရာများကိုသိရအောင် မော်လမြိုင် ယိုးဒယား ဇင်းမယ်နယ်ရော် ထော်လှမ်းစေသူ အမှုထမ်းနေမျိုးရာဇကျော်ထင်၊ နေမျိုးသီရိကျော်ထင်တို့ ပြန်ရော်ရာ။ မော်လမြိုင်ဝန်တို့က ထားပြတိုက်ခိုက်သည့်အကြောင်းနှင့်၊ ဘင်္ဂလားကုမ္ပဏီထံ အပေးအပ်ပြန်ရော်ထောက်လှမ်းသည့်အကြောင်းအရာ၊ စစ်မေးထွက်ချက် ၅၁ချက်၊ သံလျင်မြို့ မီးပြရွာအလွန် ခုနှစ်လံဝတွင် မီးသင်္ဘောလာရော်ကြောင်းကို မြို့အုပ် မြို့စာရေးတို့က မီးပြရွာနေငမှုံနှင့်လာရော်အစီရင်ခံချက် မှန်မမှန် ရတနာပုံတိုက်စိုး မင်းလှမင်းခေါင်၊ ရေကြောင်းမာလိန်ငဒူလာ၊ စကားပြန်ငရွှေအိုးတို့ကို ထော်လှမ်းကြည့်ရှုစေရာ၊ စစ်မေးထွက်ဆိုချက်(၇)ချက်၊နေ့ော် သင်္ဘောသူကြီးမူလာအီပုံဟင်၊ အကဘာယ်ရှာ၊ စကားပြန်ငဘိုးကို ထပ်မံစေလွှတ်ပြန်ရော်စစ်မေးထွက်ဆိုချက်များကို သိတော်မူသာအောင် ဆက်သပါကြောင်း၊ သက္ကရာဇ် ၁၂၁၃ခု၊ နတ်တော်လဆန်း၃ရက်နေ့ ၃ချက်တီးအချိန် တိုက်သင်္ဘောကြီး၁၊ မီးသင်္ဘောကြီး၂၊ ဟံသာဝတီမြို့ဆိပ်တော်သို့ ကျော်ခွဲရပ်ဆိုက်ရော်ရှိပါသည်။ သင်းတို့ပြောဆိုသည့်စကားပါသည့် စာအရများကို ခြားနားသိသာသည့် ကာလနေ့ည အလျင်အမြန် တင်လျှော်ပါမည့်အကြောင်းကို၊ ရွှေဘဝါးတော်မြတ်အော် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား။*

"မော်လမြိုင်က ပြန်ရော်သူ အမှုထမ်းနေမျိုးရာဇကျော်ထင်၊ နေမျိုးသီရိကျော်ထင် တို့ကို မေးသော် ထွက်ချက်"

*သက္ကရာဇ်၁၂၁၃ခု နတ်တော်လဆန်း၂ရက်နေ့ မော်လမြိုင်ကပြန်ရော်သူ အမှုထမ်း နေမျိုးရာဇကျော်ထင်၊ နေမျိုးသီရိကျော်ထင်တို့ကို ရေဝန်အရာရှိအစုံအညီရှေ့မေးသော် ထွက်ဆိုချက်။ ကုလား ရှုံး ယိုးဒယားတို့အကြောင်းအရာများကို သိရအောင် ထောက်လှမ်းစုံစမ်းရမည်၊ ဆင်ကောင်ဆင်ချောတွေ့ရှိလျှင်လည်း ဆက်သရန်ဝယ်ယူခဲ့ရမည်စေလွှတ်သောကြောင့် ၁၂၁၃ခု၊ တော်သလင်း လပြည့်ကျော်၄ရက်နေ့။ ရန်ကုန်မြို့ဆိပ်တော်က ကပ္ပီတံဥမ္မာအလီ သမ္ဘာန်တွင်စီးလိုက်သွားရာ၊ ရက်ပေါင်း ၆ရက်နှင့် မော်လမြိုင်သို့ရောက်ပါသည်။ မော်လမြိုင်တွင် ကုလားဆရာကလေးတိုက်တွင် တဲခိုနေထိုင်ပြီးလျှင် ထော်လှမ်းစုံစမ်းရာ မော်လမြိုင်မြို့ဝန်အရာရှိတို့ ပြောဆိုသည့်စကားကြားရသည်မှာ မော်လမြိုင်သည် မြန်မာမင်းနယ် မုတ္တမ၊ စစ်တောင်း၊ ရွှေကျင်၊ သံလျင်မြို့များနှင့် အနီးအစပ်ဖြစ်၍ မြို့ရွာပြုစုရာ မဖြစ်ထွန်းနိုင်သည်၊ ၎င်းမြို့စုကလည်း လူဆိုးထားပြလက်ခံ၍ မော်လမြိုင်နေ ကုန်သည်ကြီးတို့ကို တိုက်ခိုက်စေသည့်အကြောင်းအရာများနှင့်ဘင်္ဂလားဂုမ္ဘဏီထံစာပေးရာ ဘင်္ဂလားဂုမ္ဘဏီကလည်း အထက်ခန့်ထားသည့်ဝန်တို့ မော်လမြိုင်မြို့ကို ပြုစုဖြစ်ထွန်းရှိသည်။ ယွှုမပြုမစုနိုင်ဆိုသည့်အရာသည် စကားထူးသည်၊ မော်လမြိုင်နေကုန်သည်ကြီးအာကာဘာကယ်တို့ကို မြန်မာမင်းမြို့ရွာက ထားပြလူဆိုးတို့တိုက်ခိုက်သည့်အကြောင်းအရာကို အထုပ်အထည်နှင့်အသေအချာ အမှတ်အသားရမှ ပြောဆိုတောင်းရမ်း၍ ကောင်းမည်၊*

*အသေအချာမဟုတ်လျှင် အပြောခက်လိမ့်မည် စာပြန်လိုက်သည်နှင့် မော်လမြိုင်ဝန် အရာရှိတို့က နော်ထပ်၍ ဂုမ္ဘဏီထားပြတိုက်သည့်အကြောင်းအရာကို ထော်လှမ်း သည့်ကာလ။ တပ်ရာသိကြောင်းနှင့်မေးသောကြောင့် ထားပြတိုက်သည့်အကြောင်း အရာ မြို့ရွာအကြောင်းအရာများကို မှန်မမှန်အမေးအမြန်း နာကူမြို့နေ သူဌေးကြီး ဆိုသူကို မီးသင်္ဘောနှင့်စေလွှတ်လာရော်လျှင် မော်လမြိုင်ဝန်တို့က ကျိုက်ခမိဝ ထိ သမ္ဘန် ၄၀ကျော်နှင့် ကြိုယူပါသည်။ မော်လမြိုင်သို့ရောက်လျှင် ၎င်းသူဌေးကြီးကို ရွှေထီး ၂ချက်မိုး၍ ကုလားတို့အတီး အမှုတ်၊ စစ်ပါရီသေနတ်ကိုင် ၄၀၀ကျော် ၅၀၀ခန့်နှင့်ကြိုယူပြီးလျှင် မော်လမြိုင်ရုံးရှေ့တိုက်တွင်တဲနေစေကြောင်းကို ကြားသိရာ၊ အလာအရော်ထူးသောကြောင့်သိရကြောင့် ကုလားမူလာဟာရှင်တို့နှင့်လိုက်၍ မေး မြန်းရာ မြန်မာတိုင်းပြည်က ထားပြလူဆိုးတို့ မော်လမြိုင်နေကုန်သည်ကြီးတို့ကို တိုက် ခိုက်ဖျက်ဆီးစေသည်အမှု မော်လမြိုင်ပျက်သည် မပျက်သည်ကို အကြည့်အရှုလာ ကြောင်းနှင့် ပြောဆိုကြားသိပါသည်။ မော်လမြိုင်နေ ကုလားတလိုင်းလူမျိုးတို့ကို ပြောဆိုသည်များကို ကြားသိခဲ့သည်မှာ၊ သံလျင်မြို့က ထားပြတို့ကိုတောင်းလိမ့်မည်၊ မရလျှင် သံလျှင်မြို့ကို တိုက်ဖျက်လိမ့်မည် ပြောဆိုကြပါသည်။ မော်လမြိုင်အခွန်ဝန် ဆိုသူနှင့် တလိုင်းအမျိုးသားလူကြီးတို့က ပြောဆိုသည့်စကားမှာ ငါတို့မော်လမြိုင်သည် လုပ်မြေမရှိ၍ဆန်စပါးဈေးနာမြင့်သည်။ မြန်မာမင်းနိုင်ငံ ဒီဘေး အရှေ့တစ်ခွင်မြို့ရွာ နယ်မြေများကိုရလျှင်၊ လုပ်မြေနေမြေပေါ်များ၍ချမ်းသာစွာလုပ်ကိုင်နေထိုင်ကြရလိမ့် မည်၊ အကြောင်းနှင့်ပြောဆိုသည်များကို ကြားသိပါသည်။ ကျွန်တော်တို့လည်း ဆက်သ ရန် ဆင်ကောင်းဆင်ချောတွေ့၍ ဝယ်ယူပြီးလျှင် ၎င်းနှစ်တန်ဆောင်မုန်းလဆန်း ၁၅ရက်နေ့ မုတ္တမဘက်သို့ကူး၍ ဆင်တော်ကို ဆောင်ယူပြန်လာရာ ဟံသာဝတီ ရန်ကုန်မြို့သို့ နတ်တော်လဆန်း၂ရက် နေ့ဆိုက်ရော်ပါသည်။ အစစ်ခံထွက်ဆိုသည်။*

"ရတနာပုံတိုက်စိုးမင်းလှမင်းခေါင် စကားပြန်ငရွှေဘိုးတို့ကို စေလွှတ်ကြည့်ရှုပြန် ရော်ရာ မေးသော်ထွက်ချက်ဘုရား"

*သက္ကရာဇ် ၁၂၁၃ခု နတ်တော်လဆန်း ၂ရက်နေ့ သံလျင်မြို့အုပ် မြို့စာရေးတို့က ပို့ရော်သူငမှုံအစစ်ခံချက်အရ ရတနာပုံတိုက်စိုး မင်းလှမင်းခေါင်၊ ရေကြောင်းမာလိန်ငဒူလာ၊ စကားပြန် ရွှေဘိုးတို့ကို စေလွှတ်ကြည့်ရှုပြန်ရော်ရာ။ မေးသော်။ ချက်။ သံလျင်မြို့နယ် မီးပြကင်းရွာနေငမှုံ စကားအရ မီးသင်္ဘောရှိမရှိ၊ မှန်မမှန် ထောက်လှမ်းကြည့်ရှုမေးမြန်းရမည် စေလွှတ်သော့ကြောင့်။ ၎င်းနှစ်နတ်တော် လဆန်း ၁ရက်နေ့ သမ္ဘာန်ငယ်ကိုစီး၍ထွက်သွားကြရာ မီးပြအလွန်ပင်လယ်ဝသို့ ရောက်လျှင်။ သင်္ဘောကြောင်းရေရိုးတွင် ဘော်ရာချထားသည်ကို တွေ့မြင်ပါသည်။ ၎င်းက ခုနစ်လံဝသို့ ထွက်သွားကြည့်ရှုရာ မီးသင်္ဘော၂စင်းတွေ့မြင်ပါသည်။ အလျင် တွေ့သည့် မီးသင်္ဘောငယ်၁ကို ချင်းကပ်၍ မည်သည့်အကြောင်းတရားနှင့်လာသည် ကိုမေးမြန်းရာ၊ အရေးပိုင်လူကြီးပါသည်၊ သင်္ဘောမဟုတ်သောကြောင့် သင်္ဘောတွင်ပါ*

*သည့်လူငယ်တို့က ပြောဆိုသည်မှာ ငါတို့လာလိုသည့် စိတ်ရှိ၍လာသည် ပြောဆိုသည်။ ကျွန်တော်တို့ကရန်ကုန်မြစ်တွင်းသို့ဝင်လိုလျှင်တိုင်ကြားပြောဆိုပြီးမှ ဝင်ရမည် စကား ပြန်ဆိုရာ။ စကားမပြန် မပြောဝင်၍လာသောကြောင့် ဒလမြို့သခွတ်ပင်အော်တွင် နေ့၃ချက်တီးကျော်အချိန်ကျော်စွဲရပ်နေပါသည်။ ၎င်းပြင် ကျွန်တော်တို့လှမ်း၍ မြင်ခဲ့ သည်မှာ မီးသင်္ဘော၁၊ တိုက်သင်္ဘောများကိုလည်း မြင်ခဲ့ပါသည်ဟုထွက်ဆိုသည်ဘုရား။*

"သက္ကရာဇ် ၁၂၁၃ခု၊ တပို့တွဲလဆန်း ၈ရက်နေ့။ ငမြတ်စိမ်းတွင်ပါ။ ၎င်းနေ့ည၄ချက် တီးခန့်အချိန်။ တိုက်ကုလားမြို့အုပ်ဟောင်း ငရော်။ မြို့မှူးဆောင်ကြောချွန်တို့ လွှတ်တော်သို့ တင်သည်။ ၎င်းနေ့နာခံတော်ကိုအပ်၍သွင်း"

*ဘုရားကျွန်တော် တိုက်ကုလားမြို့စား မုတ္တမမြို့ဝန်မင်းကြီး မဟာ သခ်ယာ၊ စစ်ကဲတို့ရှိခိုး သံတော်ဦးတင်ပါသည်ဘုရား၊ ကုလားတို့အကြောင်းအရာ အကြံအစည်များကိုသိသာအောင် မော်လမြိုင်တွင် အစုံအထောက်ထားသူတို့ကပေးရန်၊ စက္ကူစာကို သိသာတော်မူအောင်ဆက်သပါကြောင်း၊ အရေးကိုထောက်ချင့်၍ မုတ္တမမြို့ တွင် စည်းကြပ်ရင်း လူ၊ သေနတ်၁၁၀၀၊ သူကောင်းထမ်း၁၀၀၊ ၂စုလူ ၁၂၀၀၊ ခဲယမ်းမီးကျော် စိန်အမြောက် မျိုးရိက္ခာများကို စည်းကြပ်အသင့်ရှိပါကြောင်း၊ ဘီလင်း တပ်ဟောင်း မခိုင်မလုံပျက်ပြားရှိသည်ဖြစ်ပါ၍ တပ်မြေ ကတုတ် ထူလုပ်ပါကြောင်းကို ရှိခိုးသံတော်ဦးတင်ပါသည်။*

"မုတ္တမမြို့ဝန်က မော်လမြိုင်မှာ စုံထောက်ထားသူတို့ပို့ရော်သည် စက္ကူစာလကွဲ"

*ရန်ကုန်မြို့က မီးသင်္ဘောနှင့်လက်တက်ဗိုလ်ဆိုသူ ရန်ကုန်မြို့နေ ကုလား ကုန်သည်တို့ သားမယား မိန်းမယောက်ျား လူ ၇၀ကျော်ကိုတင်ဆောင်၍ သက္ကရာဇ် ၁၂၁၃ ပြာသိုလပြည့်ကျော် ၅ ရက်နေ့ မော်လမြိုင်သို့ပို့ရော်လာသောကြောင့် မေးမြန်းရာ၊ ပြည်ရွှေတောင်မြို့ဝန် ရဲမက်ဗိုလ်ခြေအများနှင့် ဟံသာဝတီမြို့သို့ လာရော်ရှိလျှင် တိုက်သင်္ဘောဗိုလ်က သင်္ဘောလက်နက် လူသူအင်အား နည်းပါသည်။ ဘင်္ဂလားမြို့သို့ အသွားအပြန်ရက်ပေါင်း ၂၀နှင့်သင်္ဘော လက်နက် စစ်သည်များကို ထပ်ဖြည့်ပါမည့်အကြောင်းနှင့်စေလွှတ်သောကြောင့်သွားရကြောင်းကို ပြောဆိုပြီးလျှင်၊ ပါသည့်မိန်းမယောက်ျားတို့ကို မော်လမြိုင်တွင်တင်ထားခဲ့၍၊ ၎င်းလပြည့်ကျော်၆ရက် နေ့ထွက်သွားပါသည်။ မော်လမြိုင်မြို့ဝန်တို့ထံ တိုက်သင်္ဘောဗိုလ်ကပေးသည့်စာမှာ ပုသိမ်မြို့အတွက် ပင်လယ်တွင် သင်္ဘော၂စင်းထားသည်။ မော်လမြိုင်နှင့်မုတ္တမမြို့ လည်း ရက်ပေါင်း၂၀အတွင်း ကုန်သည်တို့အရောင်းအဝယ် အကူးအသန်းမရှိစေနှင့် စာပါကြောင်းကို အတပ်သိပါရသည်။*

"သက္ကရာဇ် ၁၂၁၃ခု၊ တပို့တွဲလပြည့်ကျော်၅ရက်နေ့၊ ပုသိမ်မြို့စာရေး ငရွှေစင်တွင် ပါ၊ ၎င်းနေ့နာခံပြောကြီးမှူးကို အပ်၍သွင်း အလွှာ၆လကွဲ"

*ဘုရားကျွန်တော်ပုသိမ်မြို့ဝန် သတိုးမင်းကြီးမဟာမင်းခေါင် ရှိခိုးသံတော်ဦးတင်ပါသည် ဘုရား။ သက္ကရာဇ် ၁၂၁၃ခု တပို့တွဲလပြည့်ကျော် ၁ရက်နေ့ရွှေဘဝါးတော်မြတ်အောက်က စုံဆင်းရာ၊ အောင်မြေလောကဘုရားတွင်တည်၊ ၎င်းက အာလ္လကပ္ပမြို့တွင်တညအိပ်နေ၍ စုံဆင်းလျှင် ငမြာကြီးရွာတွင် ပုသိမ်မြို့သူကြီး အကောက်ဝန်မင်းကြီး မဟာသမိန်ထောရာဇာက ပုသိမ်မြို့ကုလားတို့အကြောင်းအရာ အစီရင်ခံစာ စစ်မေးထွက်ဆိုချက်များနှင့် အတင်အလျှောက်လာသူမြို့စာရေး ငရွှေစင်ကိုတွေ့၍ အကြောင်းအရာမေးမြန်းပြီးလျှင် အလျင်အမြန်ဆန်တက်ပါစေကြောင်း၊ ဘုရားကျွန်တော်လည်း မရပ်မဆိုင်းစုန်ဆင်းပါကြောင်းကို ရှိခိုးသံတော်ဦးတင်ပါသည် ဘုရား။*

*ဘုရား ကျွန်တော် ပုသိမ်မြို့သူကြီး အကောက်ဝန်မင်းကြီး မဟာသမိန်ထောရာဇာ ရှိခိုး သံတော်ဦးတင်ပါသည်ဘုရား၊ ပုသိမ်မြို့သင်္ဘောထွက်လမ်းဝင်လမ်း၊ ကြည်းကြောင်းရေကြောင်းများတွင် တပ်တောင်တာခင်းကျင်းစောင်နေ ထမ်းရွက်ကြသည့်အကြောင်းအရာများနှင့် အနေ့ဲကုလား ရခိုင်တို့အကြောင်းအရာများကို သိရအောင် အထော်အလှမ်းစေလွှတ်သူတို့ ပြန်ရော်စစ်မေးထွက်ဆိုချက်၊ မိန်းမလှကျွန်းစောင့်၊ ဟိုင်းကြီးကင်းတော်စောင့်တို့ စစ်မေးထွက်ဆိုချက်၊ ဟံသာဝတီအရေးပိုင်ပြည်ရွှေတောင်မြို့ဝန်ထံ အဆင့်အဆိုခံစေလွှတ်သူတို့ စစ်မေးထွက်ဆိုချက်များနှင့် သိတော်မူသာအောင် မြို့စာရေးငရွှေစင်ကိုပေးဆက်ပြီးလျှင် တင်လျှော်ဆက်သပါကြောင်း၊ နေ့ဲကိုလည်း နေ့ရက်မကြာ စစ်တွေမြို့ရော်ထော်လှမ်းစေလွှတ်ပြန်ရောက်သူတို့ စစ်မေးထွက်ဆိုချက်များကိုလည်း ဆက်သပါမည်အကြောင်းကို ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား။*

*ဘုရားကျွန်တော်ပုသိမ်မြို့သူကြီး အကောက်ဝန်မင်းကြီး မဟာသမိန်ထောရာဇာ ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား၊ ဟံသာဝတီမြို့တွင် အင်္ဂလိပ်ကုလားသံဗိုလ်တို့၊ မီးသင်္ဘောတိုက်သင်္ဘောများနှင့် ကျော်စွဲရပ်နေသောကြောင့် လံဦးကင်းပြားမြို့ရွာဖြစ်သည်နှင့်အညီ အရေးတော်မလစ်မဟင်းစေရ၊ ပုသိန်၊ သမြင့်တုံ၊ ဝဲပေါင်မြို့ခံဝန်ရ၏ အမှုထမ်း လူ ၁၅၅၀၊ အမြော်၊စိန်ပြောင်း၊ ဆေး၊ ခဲရမ်းမီးကျော် စစ်ကရိယာအစုံ စည်းကြပ်ခန့်ထားခင်းကျင်းပြီးလျှင်၊ ရွှေမုဋ္ဌောဘုရားအနေ့ဲမျက်နှာ မဟာရံတံတိုင်းမြို့ရှိ ပုသိန်မြို့တောင်၊ အောင်တပ်တော်များတွင် ကျော်ချောင်းတိုက် အမှုထမ်းခလော်သိုက်ရွာအမှုထမ်း အမြောက်အမှုထမ်းကုလား။ ပုသိန်မြို့မရှိလူတို့နှင့် ဘုရားကျွန်တော်ကိုယ်၊ တပ်စီးနင်းရပ်နေ၍ နတ်ကျွန်းအောင်မြေမှာ ဘုရားကျွန်တော်လူအာကာရွှေတောင်ကျော်၊ တပ်ရေး ငရွှေဦးတို့ကို ရေကြည်းခဲပေါင် အမှုထမ်းလူ ပေးအပ်စည်းကြပ်စေ၍ ရေကြည်ပဲ့နင်းနှင့်တတပ်၊ ပျံရေကျော်တွင် သူရကျော်စွာကိုသမြင်တုံ၊ရွှေလောင်းကြီး၊မရမ်း ၁၂ရွာ၊ ပဲ့နင်းတတပ် ကျော်တန်းဘုရားကုန်းတွင်*

*ရဲခေါင်သူရိန်နော်ရထာ၊ တပ်ရေးငရွှေမိတ်တို့ကို စမွယ်ရုံ၊ ပေပင်၊ မြောင်းမြ၊ သိကွင်း၊ ကျော်ချောင်းကြီး၊ ဘိုတော်ကွင်းလှ၊ မြေနုအင်းရဲ အမှုထမ်းပေး အပ်စည်းကြပ်စေ၍ စမွယ်ရုံပဲ့နင်းနှင့်မြေနုပဲ့နင်းတို့နှင့်တတပ်၊ စမောင်မော်သဲကျင်း အရပ်တွင် ငနိုကို ၄မျက်နှာရွာ အမှုထမ်းလူ ပေးအပ်စည်းကြပ်စေ၍ ၄မျက်နှာပဲ့နင်း နှင့်တတပ်၊ အသီးသီး မြို့သူကြီးပဲနင်းတို့ကို စည်းကြပ်ခန့်ထား အမြော်စိန်ဘုံ လုံခြုံအောင် တပ်မြေကတုတ်ထိပ်ပြင်ဝ၀်၊ သူရဲခို၊ သူရဲပြေသမင်ကြို ပြင်ထားတပ်၄မျက်နှာ ကျုံးမြောင်းအကျယ် ၁၂၊ အပြီးအခိုင်တည်လုပ်စောင့်ထမ်းရွက်စေပြီးလျှင် ဟိုင်းကြီး ကင်းတော်မှာလည်း စာရေးနေမျိုးသိခ်ကျော်ထင်၊ ရဲရောင်မြန်မာသူ၊ အမှုထမ်း ငကေ တို့မှာ စောင်ယားကျွန်အမှုထမ်း ကင်းတော်စောင့်လူတို့ကို ပေးအပ်စည်းကြပ်စေ၍ လုံခြုံအောင်စောင့်နေ ထမ်းရွက်စေယာ သူပုန်ကုလားတို့ မဝင်မလာဝံ့၊ ပင်လယ်ကမ်းမိန်းမလှကျွန်းပြင်များတွင်သာ လှည့်ပတ်သွားလာပါသည်။ နော်မိန်းမလှကျွန်းတွင် ရေရိုးတွင်း တိုက်သင်္ဘော ၁၊ မှန်စီသမ္ဘာန်ငယ်၁၊ သမ္ဘာန်နက်၁များနှင့် ကျော်စွဲရပ်နေကြောင်း၊ ကင်းစောင့်တို့အစစ်ခံကြားသိရသည်ကိုလည်း အချင်း မကပ်စေရ၊ ဆင့်ဆိုထားပါကြောင်း၊ ပုသိန်မြို့စီရင်စု အနော်ဘက် တောင်ရိုးတလျှော်ပေါ်ရော်သာသည့် လမ်းပေါ်လမ်းဝများမှာ ဘိုးတော်တိုက်သူကြီး အကြီးအကြပ် ခန့်ထားပြီးလျှင် လုံခြုံအောင် တပ်မြေကတုတ် တည်လုပ် စည်းကြပ် စောင့်နေပါစေကြောင်း၊ ပုသိန်၊ အမြင့်တုံ၊ ခဲပေါင်မြို့သူကြီး ပဲ့နင်းတို့ကလည်း စိတ်ရောကိုယ်ပါ သက်စွန့်ကြိုးပမ်း အမှုတော်ကိုထမ်းရွက်လိုသည်ဖြစ်ပါ၍ ဘုရားကျွန်တော်ကိုယ်နှင့် စစ်တွေ၄မြို့၊ မအီ ၊တောင်ကုတ် ၊တန်လွဲ စတေး တောင်စဉ်တလျှော် မြို့ကျေးရွာများကို ဘုရားရွှေဘုန်းတော်နှင့် တိုက်ပျက်ယူ ရွှေလက်တော်ရော်၊ ဆက်သပါရမည့်အကြောင်းကို ရှိခိုးသံတော်ဦး တင်ပါသည်ဘုရား။*

"အနောက်ကုလားရခိုင်တို့ အကြောင်းအရာကိုသိရအောင် အထော်အလှမ်းစေလွှတ် သူ ပုသိန်မြို့နေ ပသီလူမြို့ ကုလာငမုခံ အစစ်ခံချက်ဘုရား"

*သက္ကရာဇ် ၁၂၁၃ခု ပြာသိုလပြည့်ကျော် ၇ရက်နေ့ ပုသိန်မြို့နေ ပသီလူမျိုးကုလားငမုခံ။ ချက်။ ကျွန်တော်ကို ကုလားရခိုင်တို့အကြောင်းအရာသိရအောင် အထော်အလှမ်း သက္ကရာဇ်၁၂၁၃ခု ပြာသိုလဆန်း ၁၄ရက်စေလွှတ်၍ ဘိုးတော်ကွင်းလှတောင်ရိုးတက်လမ်းစခမ်း၊ အစည်မပျက်သွားရာ ၃ရက်နှင့်ခွချောင်းကျေးရွာသို့ရော်လျှင် သူကြီးသော၀အိမ်တွင် တဲခိုစုံစမ်းထောက်လှမ်းမေးမြန်းသည်တွင် မြန်မာနေထွက်ဘုရင် အသျှင်ဇက္ကရာဇ်မင်းမြတ်ထံ အင်္ဂလိပ်ဗိုလ်တို့က ရွှေပေလွှာနှင့်လိုရာတောင်းမည်မည်သွားသည်၊ တောင်း၍မရလျှင် ၂တိုင်း၂ပြည် ရန်စစ်မငြိမ်းရှိမည်ဖြစ်သောကြောင့် ၄မြို့ခွချောင်တောင်စည်တစ်လျှော် မအီ၊ တောင်ကုတ်၊ အနွလက်အရှေ့တိုင်းပြည်နှင့်နီးစပ်သည့် လမ်းပေါ်လမ်းဝ၊ မြို့ကျေးရွာများမှာ ဆင်မြင်းရထား*

*သွားအောင်တွင်ပြင်ထားရမည်၊ အထက်တွင် ဆင့်ဆိုထားသည်။ လမ်းစခန်း ဂါရာရုံ များမှာ တပ်မြေကတုတ်လုံခြုံအောင် လုပ်ကိုင်အသင့်ရှိစေရမည်။ အင်္ဂလိပ်ဗိုလ်တို့က ဆင့်ဆိုစောင့်နေရသည်။ သံတွဲဝန်နှင့်မီးသင်္ဘော ၁၊ ပုသိန်မြို့သို့ဝင်မည်သွားရာ ဟိုင်းကြီးကင်းတော်တပ်၊ သဲကျင်ခမောင်မော်တပ်၊ ကျော်တန်တပ်များက အဝင်မခံ တားဆီးသောကြောင့် ပုသိန်မြို့သို့မဝင်မသွားနိုင်၊ ပြန်လာရသည်နှင့်စစ်တွေ၄မြို့ဝန် မင်းကြီးထံ စာတင်သည်။ ရခိုင်၄မြို့တောင်စည်တလျှော် မြို့ကျေးရွာများတွင်ရှိနေ သည် လူကြီးလူငယ်ကျွဲနွားမကျန် စာရင်း စစ်သိမ်းယူပြီးလျှင်၊ ဇာနာပထံ အဇာပထံ။ မဇီလီပန္နရပ်မြို့များက တိုက်သင်္ဘော၂၀ကျော်၊ ကပ္ပလီကျွန်းမှာရပ်နေ၍ ရွှေပေလွှာ ပေးသည်။ အရကိုမည်သို့ပြန်မည်၊ သိသာအောင်ဆိုင်လင်ရပ်နေစေကြောင်း၊ ဟံသာ ဝတီမြို့က စစ်တွေမြို့ရောက်ပင်လယ်လမ်းစခန်း အမြော်တလုံးကွာသင်္ဘောထား၍ သံတွဲဝန် ပင်လယ်ရေကြောင်း လည်ပတ်နေထိုင်ကြောင်း စာဖြူသင်ပါတင်္ဂီဆရာက လူ ၁၀၀၀၀ ရသည်ပြောဆိုသောကြောင့် စရိတ်အများကုန်ကျရှိသည်ကို တဦးတယော် မလာမရော်ရှိသည်။ ကုန်ငွေစရိတ်များကို စာဖြူသင် ပါတင်္ဂီဆရာကိုတောင်မှာထား၍၊ တောင်းကြောင်း၊ ဘင်္ဂလားကူးလှေစီတို့ကိုလည်း စားရိက္ခာပေး၍ မထွက်မသွားရ တားဆီးကြောင်းကို ပြောဆိုကြားသိခဲ့ပါသည်။ ယင်းတို့တိုင်းပြည်မှာလည်း ရောဂါကပ် ရော် အများသေဆုံးမရပ်မတည်နိုင် ထိပ်လန့်ကြော်ရွံ့ကြပါသည်။ ကျွန်တော်လည်း ၄မြို့စစ်တွေ အကြောင်းအရာများကို ချားနားသိသာသည်နှင့်ပြန်ရော်လာရာ သက္ကရာဇ် ၁၂၁၃ခုပြာသိုလပြည့်ကျော် ၆ရက်နေ့ ပုသိန်မြို့သို့ပြန်ရော်ပါသည်။ အစစ်ခံထွက်ဆိုသည်ဘုရား။*

"မော်လမြိုင်သို့ အထော်အလှမ်းစေလွှတ်သူတို့ ထွက်ချက်ဘုရား"

*သက္ကရာဇ် ၁၂၁၃ ခု၊ တပို့တွဲလဆန်း ၁၃ရက်နေ့ စာရေးငရွှေမောင်၊ ငနန္ဒီတို့။ ချက်။ မော်လမြိုင်ကုလားတို့က အကူးအသန်းမရှိစေရတားမြစ်သောကြောင့် ကုလားတို့အကြောင်းအရာ အကြံအစည်များကို သိသာအောင်ထောက်လှမ်းရမည်။ မုတ္တမမြို့ရုံးက မော်လမြိုင်မင်းကြီးအရေးပိုင် ဆိုသူထံ စာပေးအပ်စေလွှတ်ကူးသွားရာ သိမြင်သည်မှာ ကျွန်တော်တို့ မော်လမြိုင်မင်းကြီး အရေးပိုင် ဆိုသူတို့နှင့် အရေးပိုင် တိုက်ရုံးမှာ စကားပြောဆိုရှိနေသည်အတွင်း မီးသင်္ဘော မော်လမြိုင်သို့ဆိုက်ရောက် လာပြီးလျှင် စိန်အမြော်ထိခိုက်သည် ကုလားဗိုလ် ၁၊ ဂေါ်ရာကုလားဖြူ၄ ၊ ပိုးတွဲပိုး ဆောင်ယူခဲ့၍ မင်းကြီးဆိုသူအရေးပိုင်တို့ကို ပြသပြောဆိုသည်မှာ ဘင်္ဂလားမြို့ ဂုမ္ဘဏီတို့က ဟံသာဝတီမြို့သို့ စာပေးပို့ရမည်စေလွှတ်သောကြောင့် မီးသင်္ဘော ၁၊ တိုက်သင်္ဘော ၁ များနှင့်ဘင်္ဂလားမြို့ကထွက်လာ၍ ဟံသာဝတီမြို့သို့ဝင်လျှင် သီလဝါ ကင်းက အမြော်စိန်နှင့်ပစ်ခတ်သောကြောင့် မီးသင်္ဘောကို အမြော်၂ချက်၊ တိုက် သင်္ဘောကို အမြော်၃ချက်ထိခိုက်ရာ အင်္ဂလိပ်ကုလားဗိုလ် ၁၊ ဂေါ်ရာအများ ထိ*

*ခိုက်သည်တွင် ဟံသာဝတီမြို့သို့မဝင်မသွားနိုင်သောကြောင့် ဘင်္ဂလားမြို့က ပေး ရင်းစာကိုဆောင်ယူ၍ မော်လမြိုင်သို့လာရကြောင်းနှင့်ပြောဆိုသည်ကာလ၊ ထိခိုက်သူ တို့ကို ဆေးကုရမည်၊ လူနာထမ်း၍ အပ်ပါသည်။ ကျွန်တော်တို့ကိုလည်း ယနေ့ဖြင့် အကူးအသန်းစာအပေးအပို့ မရှိပါစေနှင့် တားမြစ်ပါသည်။ မော်လမြိုင်တွင်ရှိသည့် အမြော်ံ စိန်တုံးစေ့ ခဲယမ်းမီးကျော့်များကိုလည်း မီးသင်္ဘော ၁၊ တိုက်သင်္ဘောများသို့ သယ်ယူတင်ဆောင်သည်ကို သိမြင်သောကြောင့် ကျွန်တော်တို့လည်း နေရင်းမုတ္တမ မြို့သို့ အလျင်အမြန်ပြန်လာရသည်။ ငရွှေမောင် ၊ ငနန္ဒီတို့ ထွက်ဆိုသည်ဘုရား။*

ထိုသို့ အရည်အချင်းညံ့ဖျင်းသည်ဟု အများကသုံးသပ်ကြသည့် ပုဂံမင်းလက်ထက်တွင် နယ်ချဲ့ အင်္ဂလိပ်တို့၏ရန်ကိုထောက်လှမ်းခဲ့ကြသော မြန်မာတို့၏ထောက်လှမ်းရေးလုပ်ဆောင်မှုများကို လေ့လာ တွေ့ရှိရသည့်အခါ အလွန်အံ့သြမိပါသည်။ နယ်ချဲ့အင်္ဂလိပ်တို့နှင့်ထိစပ်နေရသောဒေသများမှ အင်္ဂလိပ်တို့ လှုပ်ရှားမှုသတင်းများကို မျက်ခြည်မပြတ်ထောက်လှမ်းသတင်းရယူခဲ့ကြသည်။ ထိုးဖောက်ထောက်လှမ်း ခဲ့ကြသည်။ ထောက်လှမ်းရရှိသောသတင်းအချက်အလက်များအပေါ် မူတည်၍ ပုဂံမင်းသည် လိုအပ်သော စစ်ရေးပြင်ဆင်လှုပ်ရှားမှုများ၊ တပ်အခင်းအကျင်းခံစစ်ပြင်ဆင်မှုများကို အချိန်နှင့်တစ်ပြေးညီ ကြိုတင် လုပ်ဆောင်ခဲ့ကြောင်းလည်းတွေ့ရှိရပါသည်။ ထိုအထောက်အထားများအရ အရည်အချင်းညံ့ဖျင်းသည်ဟု အများက ပြောကြ၊ရေးကြ၊ သတ်မှတ်ကြသော ပုဂံမင်းလက်ထက်တွင် မြန်မာတို့သည် နယ်ချဲ့အင်္ဂလိပ်ကို ဘာမှမလုပ်ဘဲ ငုတ်တုတ်ထိုင်၍အရှုံးပေးခဲ့ခြင်းတော့မဟုတ်ပေ။ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ခဲ့ သည့်သဘောရှိပြီး၊ အင်အားကြီးမားလှသောနယ်ချဲ့ဒီရေလှိုင်းကို အစွမ်းကုန် ခုခံကာကွယ်ကြရင်း ရှုံးနိမ့်ခဲ့ ရခြင်းဖြစ်သည်ဟု ယူဆမိပါသည်။


## မင်းတုန်းမင်း(၁၈၅၃-၁၈၇၈)လက်ထက် ထောက်လှမ်းရေးဖွဲ့စည်းပုံ

မင်းတုန်းမင်းလက်ထက်၌ သားတော်များဖြစ်သည့် မြင်ကွန်း၊ မြင်းခုံတိုင် ပုန်ကန်မှုကြောင့် ညီတော်အိမ်ရှေ့မင်း ကနောင်မင်းသားကြီး(၁၈၁၉-၁၈၆၆) ကျဆုံးခဲ့သည်။ ပုန်ကန်မှုနှင့်ပတ်သက်၍ ကြိုတင်သတင်းမရခဲ့ပေ။ ကနောင်မင်းသားကြီးသည်ပင်လျှင် ပုန်ကန်လုပ်ကြံခံရမည့်နေ့ကျမှ မြင်ကွန်း မင်းသားတို့၏အကြံကို ရိပ်စားမိသည်ဟု ဆိုသည်။ မင်းတုန်းမင်းကြီးကိုယ်တိုင်လည်း ထိုလုပ်ကြံမှုတွင် အသက်ဘေးက သီသီကလေး လွတ်ခဲ့ရ၏။ ထို့ကြောင့် ပုန်ကန်မှုပေါ်ပေါက်ခဲ့သည့်နောက်ပိုင်း မင်းတုန်း မင်းကြီးသည် ကိုယ်တိုင်ကိုင်တွယ်ကြပ်မတ်၍ ထောက်လှမ်းမှုများလုပ်ခဲ့သည်ဟု သိရသည်။ မင်းတုန်း မင်းကြီးလက်ထက်၌ ထောက်လှမ်းရေးနှင့်ပတ်သက်၍ စနစ်တကျဖွဲ့စည်းခဲ့သည့်သဘော တွေ့ရှိရ၏။ ထောက်လှမ်းရေးတွင် အထောက်တော်ချုပ်ဟူ၍ အကြီးအကဲအဖြစ် တာဝန်ပေးထားခြင်း၊ အထောက် တော်ချုပ်၏အောက်၌ အထောက်တော်ခေါင်းများ ခန့်ထားခြင်း၊ အထောက်တော်ခေါင်း၏အောက်၌ အထောက်တော်များခန့်ထားခြင်းတို့ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါသည်။

အထောက်တော်ချုပ်၏အောက်တွင် အထောက်တော်ခေါင်းမည်မျှခန့်ထားသည်ကို အတိအကျ မသိရသော်လည်း အထောက်တော်များခန့်ထားရာတွင် ရာဇဌာနီ(နေပြည်တော်)အတွက် တစ်မျိုး၊ အဝေး မြို့ရွာများအတွက်တစ်မျိုး ခွဲခြားတာဝန်ပေးထားကြောင်း သိရှိရသည်။ ထို(၂)မျိုးလုံးအတွက် မထင်

## မင်းတုန်းမင်းလက်ထက် ထောက်လှမ်းရေးဖွဲ့စည်းပုံ

### အထောက်တော်ဖွဲ့စည်းပုံဇယား



မရှားထားသည့်အထောက်တော်များ၊ အထင်အရှားထားသည့်အထောက်တော်များဆိုပြီး (၂)မျိုးရှိပါသည်။ ပြည်ပနိုင်ငံများကိုထောက်လှမ်းရာတွင် ဘိုးတော်ဗဒုံမင်း၏နည်းနာကိုလိုက်နာခဲ့သည်ဟု ဦးတင်၏မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း (တတိယတွဲ)၌ လေ့လာတွေ့ရှိရ၏။ ပြည်တွင်း၊ ပြည်ပ ထောက်လှမ်းရေးအတွက် အထောက်တော်အင်အား မည်မျှရှိသည်ကို တိတိကျကျမသိရသော်လည်း ငွေကြေးသုံးစွဲမှုနှင့် အခြေအနေများကိုမှန်းဆကြည့်လျှင် အတော်များများထားရှိခဲ့သည့်သဘော တွေ့ရသည်။ ပြည်တွင်းရောပြည်ပပါ အထောက်တော်များကို မင်းတုန်းမင်းကြီးကိုယ်တိုင် ကိုင်တွယ်ကြပ်မတ်ခဲ့ကြောင်းလည်း တွေ့ရ၏။ အထောက်တော်များရွေးချယ်ခန့်ထားသည့်အခါ မင်းတုန်းမင်းကြီးကိုယ်တိုင်ရွေးချယ်သကဲ့သို့ မှူးမတ်များကလည်း ရွေးချယ်ပေးခြင်းရှိကြောင်း သိရသည်။ ရှေးမြန်မာမင်းအဆက်ဆက်လည်း ထိုသို့ပင် ကိုယ်တိုင်ရွေးချယ်တာဝန်ပေးကြမည်ဟု ယူဆရပါသည်။ အဘယ့်ကြောင့်ဆိုသော် ထီးတော်မိုး၊ သက်တော် စောင့်၊ ဘဏ္ဍာစိုး စသည့်ရာထူးများသည် ကိုယ်တိုင်တောင်းဆိုအပ်သည့် တာဝန်မဟုတ်။ တာဝန်ပေးလျှင်လည်းမငြင်းအပ်ဟု ပြောစမှတ်ရှိပါသည်။ အထောက်တော်ဆိုသည့် ထောက်လှမ်းရေးတာဝန်မှာလည်း အရေးကြီးသည့်တာဝန်၊ လျှို့ဝှက်သည့်လုပ်ငန်းဖြစ်သဖြင့် ရှေးမြန်မာမင်းများလည်း ထိုသို့ပင်ဆောင်ရွက်ခဲ့ကြမည်ဟု ယူဆရပါသည်။

**အထင်အရှားထားသော အထောက်တော်များ**

- ❑ အဆောင်တော်မြဲခေါင်းနှင့် အဆောင်တော်မြဲငယ်သားများ
- ❑ လူပြန်တော် (ခေါ်) ရဟန်းလူထွက်ခေါင်းနှင့် ရဟန်းလူထွက်ငယ်သားများ
- ❑ ရာဇပတိက (ခေါ်) အဆောင်တော်မြဲနှင့် ရဟန်းလူထွက် နှစ်မျိုးရောနှောပါဝင်သော ခေါင်းနှင့်ငယ်သားများ

**မထင်မရှားထားသော အထောက်တော်များ**

- ❖ ဆရာတော်၊ သံဃာတော်
- ❖ မိဖုရား
- ❖ သားတော်
- ❖ သမီးတော်
- ❖ အပျိုတော်
- ❖ အရာရှိကြီးငယ်
- ❖ စုကြီးအမှုထမ်း
- ❖ စုသေးအမှုထမ်း
- ❖ စုနုအမှုထမ်း
- ❖ ဥပုသ်တော်(ကျား+မ)
- ❖ ဘိုးသူတော်

❖ မယ်သီလ

❖ သမားတော်

❖ အနှိပ်တော်

❖ ဆတ္တာတော်

⌘ ပြည်တွင်းထောက်လှမ်းရေးအတွက် အဝေးမြို့ရွာများကို အထောက်တော်များတာဝန်ပေး စေလွှတ်သည့်အခါ မိဖုရား၊ သားတော်၊ သမီးတော်၊ အပျိုတော်များမှလွဲ၍ ကျန်အထောက် တော်များကို သွားလာထောက်လှမ်းစေသည်ဟု သိရပါသည်။

⌘ ပြည်ပထောက်လှမ်းရေးအဖြစ်စေလွှတ်ရာတွင် သံတမန်အဖွဲ့အနေနှင့်ဖြစ်စေ၊ စာပေ ယဉ်ကျေး မှုကိုယ်စားလှယ်အဖွဲ့အနေနှင့်ဖြစ်စေ စေလွှတ်သကဲ့သို့ အသွင်အမျိုးမျိုးဖြင့် သီးခြားစေလွှတ် ခြင်းများလည်းရှိသည်ဟု သိရပါသည်။

⌘ စုကြီးအမှုထမ်းဆိုသည်မှာ မြန်မာလူမျိုးတို့ဖြင့်ဖွဲ့စည်းထားသောလက်နက်ကိုင်မြင်းစီးအမှုထမ်း နှင့် မြန်မာလူမျိုးမဟုတ်သောအခြားလူမျိုးများဖြင့်ဖွဲ့စည်းထားသည့်လက်နက်ကိုင်အမှုထမ်း၊ မြင်းစီးအမှုထမ်း(၂)မျိုးတွင်ပါဝင်သောလက်နက်ကိုင်အမှုထမ်း၊ မြင်းစီးအမှုထမ်းများကို ဆိုလိုပါ သည်။

⌘ စုသေးအမှုထမ်းဆိုသည်မှာ ရှေ့တော်ပြေး၊ စားမြောင်၊ တုရင်၊ ပြေ့၊ နေရာချ စသောအစု များနှင့် ရွှေတိုက်၊ ကသောင်းမြောင်တိုက် စသောတိုက်စောင့်များပါသောအစုများကိုဆိုလို ပါသည်။

⌘ စုနုအမှုထမ်းဆိုသည်မှာ ရွှေမျက်ပါး၊ ကြယ်ခတ်၊ ရွှေချည်ထိုး၊ ခတ်၊ ဂုန္တန်ထိုး၊ ဂုန္တန်ရွှေလုပ်၊ ဘီးတော်လုပ် စသောအသုံးအဆောင်လုပ်ရသောအစုများကို ဆိုလိုသည်။

⌘ ဆတ္တာတော်ဆိုသည်မှာ ရှေးမင်းအဆက်ဆက်က ခြေသည်း၊ လက်သည်းသန့်စင်တော်မူရန် ခန့်ထားသူများဖြစ်သည်။ မင်းတုန်းမင်းလက်ထက်တွင် ဆတ္တာခေါင်း၊ ဆတ္တာဝန်များ ခန့်ထားခဲ့ သည်။

အနှိပ်တော်= မင်းတုန်းမင်းလက်ထက်တွင် ဆရာလူ၊ ဆရာဌေး၊ ဆရာ နပန်းစံ စသော ယောကျ်ား အနှိပ်တော် (၁၀)ဦး၊ မိဖုရားများအတွက် မညာစသောမိန်းမအနှိပ်တော်(၇)ဦး ခန့် ထားတော်မူခဲ့သည်။

သမားတော်= မင်းတုန်းမင်းလက်ထက်တွင် ဦးစံဝင်း၊ ဦးနှောင်း၊ ဦးမှိုင်း၊ ဦးဘဲ၊ ဦးစာ၊ ဦးနက်၊ ဦးခဲ၊ ဦးပေါ စသည့် နန်းတွင်းသမားတော်ကြီး(၁၀)ဦး ခန့်ထားခဲ့ပါသည်။

## မင်းတုန်းမင်းကြီး အထောက်တော်ချုပ် ခန့်ထားတာဝန်ပေးပုံ

ဝက်မစွတ်မြို့စားဦးလတ်(၁၈၂၆- ၁၀ဩဂုတ်၁၉၃၀)သည် မင်းတုန်းမင်း၏အထောက်တော် ချုပ် ခန့်အပ်ခံရသည့်ပုဂ္ဂိုလ်ဖြစ်သည်ဟု ဆိုပါသည်။ ဝက်မစွတ်မြို့စား ဦးလတ်ကို မင်းတုန်းမင်းက အထောက်တော်ချုပ်ခန့်ထားပြီး ထောက်လှမ်းမှုဆောင်ရွက်ခဲ့ခြင်းနှင့်ပတ်သက်၍ ဒဂုန်ခင်ခင်လေး ရေးသားသည့် ဝက်မစွတ်အတ္ထုပ္ပတ္တိ၌ အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရ၏။

*"ဖင်းမယ် ၅ ခရိုင်အရပ်၊ ကျိုင်းရဲမြို့၊ ကျိုင်းသေည်မြို့၊ ယိုးဒယားဘန်ကောက်မြို့ ၃ ဌာနမှ အရေးအခွင့် အကြောင်းအရာသတင်းရပ်များကို အဆက်မပြတ်စေရတဲ့ တဦးသွားတဦးပြန် အထောက်တော်များ ထားရှိမြဲဖြစ်သည့်အတိုင်း ထိုအထောက်တော်များသည် ကုန်သည်များအဖြစ် ရှမ်းပြည်ကြိုက် ကုန်သေးကုန်နုတ်များကို သွားရောက်ရောင်းချဟန်နှင့် သတင်းထောက်လှမ်းကြရသည်။*

*ရှမ်းပြည်ကြိုက် ကုန်သေးကုန်ပေါ့များကိုငင်း၊ ခရီးသွားစရိတ်ကိုငင်း၊ ငွေတော်ထုတ်ပေး၍ တဌာနလျှင် လူ ၆ ယောက်၊ ကျွန်တော်မျိုးလူ ၁၈ ယောက်တို့ကို အပ်တော်မူသည်။ ၎င်းတို့က အမိန့်တော်အတိုင်း ကုန်ဝယ်ပေးအပ်ပြီးလျှင် သွားစရိတ်ထုတ်ပေးရခြင်း၊ ပြန်ရောက်လာသူအထောက်တော်ထံမှရရှိသော သတင်းထောက်လှမ်းချက်အကြောင်းအရာတို့ကို မင်းတုန်းမင်းတရားကြီး နန်းသာဖြူစံနန်းတော်တွင် သီးသန့်စံတော်မူချိန်မှာ ဝင်ရောက်ခစား၍ သံတော်ဦး တင်လျှောက်ရသောအလုပ်ကို သံတော်ဆင့် အဝေးကျီဝန် ဦးလတ်က ထမ်းဆောင်ရပြန်လေသည်။ စုံစမ်းထောက်လှမ်းရေးဆိုင်ရာ တာဝန်မှူးချုပ် ဖြစ်လေသည်။*

*သံတော်ဆင့်အဝေးကျီဝန်မင်းဦးလတ်သည် မင်းတုန်းမင်းတရားကြီး၏အထူးလျှို့ဝှက်စွာစီစဉ်ထားသော စုံစမ်းထောက်လှမ်းရေးဌာန၌ ရှမ်း ၅၇ ခရိုင်မှ အထောက်တော်တို့ယူဆောင်လာသောသတင်းအရပ်ရပ်ကို နန်းသာဖြူစံနန်းတော်အတွင်းသို့ ဝင်ရောက်ခစားပြီး မင်းတရားကြီးအား လျှောက်ထားရသည်။ အကြောင်းခြင်းရာအရပ်ရပ်နှင့်ပတ်သက်၍ မင်းတရားကြီးအမေးတော်ရှိသမျှ ဖြေကြားရခြင်း၊ နောက်ထပ် ထုတ်ဆင့်သောအလိုတော်ရှိရာအမိန့်တော်မြတ်ကို မှတ်သားနာယူကာ ဆိုင်ရာဌာနတို့သို့အမိန့်ချပေးရခြင်း စသည်များကို ထမ်းဆောင်လျက်နေရလေသည်။*

*ထိုမှ္မမက ရတနာပုံရွှေမြို့တော် မြို့တွင်းမြို့ပြင် ရပ်ကွက်များအတွင်းက ကြားသိသမျှသောအကြောင်းအရာများကိုလည်း စုံစမ်းထောက်လှမ်းရေးဌာနတခု ရှိလေသေး၏။*

*ထိုဌာနမှာ အများအားဖြင့် ပုဏ္ဏားများက ထမ်းဆောင်ပေးကြရလေသည်။ ထိုသို့ ရွှေမြို့တော်တွင်း မြို့ပြင် အရပ်ရပ်သတင်းများကို စုံစမ်းထောက်လှမ်းရသော အထောက်တော်အလုပ်ကို ပုဏ္ဏား ၄၀ တို့အား စေခိုင်းတော်မူထားသည့်အလျောက် ထိုပုဏ္ဏားတို့သည် မနက်စောစော၌ မြို့တွင်းမြို့ပြင် အိမ်စဉ်တလျှောက်တို့သို့ ဆန်အလှူခံရောက်လာကြသည်။ တစ်အိမ်လျှင် ဆန်တဆုပ်တခဲကျ လှူဒါန်းကြသည်။ ပုဏ္ဏားများက စိန္တာမဏိမင်္ဂလာဂါထာကိုရွတ်၍ သပြေခက်တခက်စီ ဆန်အလှူအိမ်သို့ ပြန်ပေးခဲ့သည်။ မနက်မိုးလင်းစ မင်္ဂလာရှိသောအလှူခံဟူ၍ စေတနာထားကြသဖြင့် ဆန်တဆုပ်မျှ ပေးလှူရသည်ကို ကြည်ဖြူစွာပင် ရှိကြစမြဲဖြစ်သည်။ ဆရာပုဏ္ဏားတို့သည် ဤနည်းဖြင့် အိမ်စဉ်တလျှောက် ရပ်ကွက်တလျှောက် ရောက်လာကြသည်။ အချို့ဗေဒင်မေးလိုသူ၊ လက္ခဏာကြည့်လိုသူတို့အဖို့ သူတို့တတ်ကျွမ်းသောဗေဒင်ပညာဖြင့် အဘိုးအခယူ၍ ဟောပြောပေးကြသေးသည်။ အချို့ကုန်သည် ဈေးသည်တို့က*



မင်းတုန်းမင်းကြီးလက်ထက် အထောက်တော်ချုပ်တာဝန်ပေးခံရသော
မင်းကြီးမင်းထင်မဟာစည်သူဘွဲ့ခံ ဝန်ထောက်တော် ဝတ်မစွတ်မြို့စား၏ပုံ
(ဒဂုံခင်ခင်လေး၏ဝတ်မစွတ်အတ္ထုပ္ပတ္တိ နှင့်စာပေများစာအုပ်မှကူးယူတင်ပြခြင်းဖြစ်ပါသည်။)

*လည်း ပုဏ္ဏားများလက်ကရသောသပြေပန်းခက်ကို ရောင်းကုန်ပစ္စည်းများပေါ်တွင် တင်၍ လာဘ်လာဘခေါ်ကြလေသည်။*

*ဤအလေ့အထရှိသောပုဏ္ဏားများအတွင်းဝယ် (၄၀) လေးဆယ်သော စုံစမ်းရေး အထောက်တော်ပုဏ္ဏားများ ပါဝင်လေသည်။ ပုဏ္ဏားများထံမှ နေ့စဉ်နေ့တိုင်း စုံစမ်း ထောက်လှမ်း၍ ရရှိခဲ့သောသတင်းများကို ဘုရင်ရွှေနားတော်လျှောက်ကြားသင့်သော သတင်းများကို တင်လျှောက်ရန်ကိစ္စမှာလည်း သံတော်ဆင့် အဝေးကျီ ဝန်မင်းဦးလတ် ကသာလျှင် ဦးဆောင်တင်လျှောက်ရ၍ အမိန့်တော်ချမှတ်သောကိစ္စကိုလည်း ဦးလတ် ကပင် ယူငင်လာပြီး ဌာနအသီးသီးတို့ နေ့စဉ် ဖြန့်ဝေညွှန်ကြားချက်ပေးလိုက်ရလေ သည်"*

ဝက်မစွတ် အတ္ထုပတ္တိနှင့် မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းများအရ ကုန်းဘောင်ခေတ်နှောင်းပိုင်း၌ လွှတ်တော်၏အုပ်ချုပ်မှုအောက်မှ ထောက်လှမ်းရေးသတင်းများ ရယူသကဲ့သို့ မင်းတုန်းမင်းကြီးကိုယ်တိုင် တိုက်ရိုက်ကိုင်တွယ်ပြီး ပြည်တွင်း၊ ပြည်ပထောက်လှမ်းမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရပါသည်။

## မင်းတုန်းမင်း အထောက်တော်များနှင့်တွေ့ဆုံသတင်းရယူပုံ

ဝက်မစွတ်ဝန်ထောက် ဦးလတ်၏မြေး ဒေါ်ဒဂုန်ခင်ခင်လေး ရေးသားသည့် ဝက်မစွတ် အတ္ထုပ္ပတ္တိနှင့် ဦးတင်ရေးသားသည့် မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း(တတိယတွဲ)၌ အထောက်တော်များနှင့် မင်းတုန်းမင်းကြီး တွေ့ဆုံသတင်းကြားနာပုံများကို တွေ့ရှိရသည်။ မင်းတုန်းမင်းကြီးသည် နံနက်ပိုင်း လွှတ်တော်၌ ညီလာခံ၊ နေ့လယ်ပိုင်း တောင်နန်းတော်ဦး၌ ဗိုလ်ရှုခံ(စစ်ဘက်ဆိုင်ရာကိစ္စများညီလာခံ)၊ ညပိုင်းတွင် ရွှေနန်းတော်အရှေ့ပိုင်း၌ ညညီလာခံများ နေ့စဉ်တက်ရောက်သည်ဟု သိရ၏။ နေ့စဉ်ညနေ (၆)နာရီခွဲချိန်တွင် နံ့သာဖြူနန်းတော်ဆောင်၌ ထောက်လှမ်းရေးနှင့်ပတ်သက်၍ ကြားနာတော်မူသည်။ သီးခြားခန့်ထားသည့်အထောက်တော်အကြီးအကဲများနှင့် အတွေ့ခံတော်မူခြင်း ဖြစ်သည်။ နံ့သာဖြူ နန်းတော်၌ ထောက်လှမ်းသိရှိရသည်များကိုကြားနာသကဲ့သို့ ထောက်လှမ်းချက်တင်လျှောက်လွှာများကို လည်း လက်ခံတော်မူပါသည်။ အရေးယူသင့်သည်များပါရှိလျှင် သင့်လျော်သည့်မှူးမတ်များကို တိတ်တ ဆိတ် ထပ်မံစုံစမ်းစေပြီး အရေးယူသင့်သည်ဆိုပါက ညီလာခံတွင်ဖြစ်စေ၊ ဗိုလ်ရှုခံတွင်ဖြစ်စေ ထိုကိစ္စ ဆွေးနွေးမိန့်ကြားပြီး အရေးယူတော်မူသည်ဟု သိရ၏။ အထောက်တော်များက တင်လျှောက်သည့် သတင်းဆိုပြီး ချက်ချင်းအရေးယူဆောင်ရွက်မှုလုပ်ခဲ့သည်မဟုတ်ပေ။ စီစစ်ပြီးမှ အရေးယူဆောင်ရွက် ခြင်း ဖြစ်ပေသည်။ အထောက်တော်သတင်းကြောင့် အရေးယူရသည့်ပုံစံမျိုးမဖြစ်အောင်လည်း ထိန်းသိမ်း ဆောင်ရွက်ခဲ့ကြောင်း တွေ့ရ၏။ မင်းတုန်းမင်းသည် ထောက်လှမ်းရေးနှင့်ပတ်သက်၍ ညီလာခံကဲ့သို့ သဘောထားပြီး သီးခြားနေရာ၊ သီးခြားတွေ့ဆုံကြားနာဆောင်ရွက်ခဲ့သဖြင့် မည်မျှအလေးထားခဲ့ကြောင်း သိရှိနိုင်ပါသည်။



## မင်းတုန်းမင်းကြီး နေ့စဉ် အထောက်တော်များနှင့်တွေ့ဆုံ၍ သတင်းကြားနာတော်မူသော နံ့သာဖြူနန်းတော်

### မင်းတုန်းမင်းကြီး၏ ထောက်လှမ်းရေးအသုံးစရိတ်

အထောက်တော်ချုပ်ဖြစ်သော ဝက်မစွတ်မြို့စား ဦးလတ်သည် ထောက်လှမ်းရေးလုပ်ငန်းနှင့် ပတ်သက်၍ အသုံးစရိတ်ငွေတော်များကို မင်းတုန်းမင်းကြီးထံ လျှောက်ထားတောင်းခံပေးရသည်ဟု ဆိုပါသည်။ (၂)လတစ်ကြိမ်၊ (၃)လတစ်ကြိမ် ငွေတော်(၄၀၀၀)မှ (၅၀၀၀)ကို လျှို့ဝှက်သုံးငွေတော်အဖြစ် မင်းတုန်းမင်းကြီးမှ ဦးလတ်အား ပေးထားသည်ဟု ဆိုပါသည်။ သုံးစွဲကုန်ကျသည့်စာရင်းကို ဦးလတ်က ဘုရင့်ထံ စာရင်းနှင့်တကွတင်လျှောက်ရသည်ဟု သိရသည်။ ထိုခေတ်က ငွေတော် (၄၀၀၀၊ ၅၀၀၀) ဆိုသည်မှာ အလွန်တန်ဖိုးများပါသည်။ ရွှေ(၁)ကျပ်သားလျှင် ငွေတော်(၁၈)ကျပ်မှ (၁၉)ကျပ် တန်ဖိုးသင့်သည့်ကာလ ဖြစ်၏။ အဝေးမြို့ရွာအုပ်ချုပ်ရေးနှင့်အတူထားရှိသည့် အဝေးရောက် ရှင်ဘုရင့် အထောက်တော်များကိုလည်း အသုံးစရိတ်များ ချပေးထားပေသည်။ ထောက်လှမ်းရေးစရိတ် သုံးစွဲရာ၌ လစဉ်အသုံးစရိတ်များကို တပ်ရုံး၊ ဆင်စု၊ မြို့ရွာခွဲငွေက စစ်ကဲအရာရှိတို့ထံမှ နုတ်ပေးရလေသည်။ စစ်ကဲကလည်း (၄)လတစ်ကြိမ် အသုံးစာရင်းများကို ဆိုင်ရာဗိုလ်မှူးထံသို့ စာရင်းတင်ပြရသည်။ ထိုခေတ်ထိုကာလ၏ငွေကြေးအသုံးစရိတ်ကိုကြည့်မည်ဆိုလျှင် ထောက်လှမ်းရေးနှင့်ပတ်သက်၍ မည်မျှ အလေးထားဆောင်ရွက်ခဲ့မည်ဆိုသည်ကို မှန်းဆနိုင်ပါသည်။

## မင်းတုန်းမင်း၏ သာသနာရေးဆိုင်ရာ ထောက်လှမ်းပုံ

ပဥ္စမသင်္ဂါယနာတင်မင်းအဖြစ်ခံယူ၍ မင်းတုန်းမင်းသည် သာသနာရေး၌ အထူးအလေးပေးခဲ့သည့်ဘုရင်ဖြစ်သည်။ သာသနာရေးမှာ အားပေးသကဲ့သို့ သာသနာတော်မညစ်နွမ်းစေရန် ထောက်လှမ်းမှုများလည်း လုပ်ခဲ့ပါသည်။သာသနာရေးဆိုင်ရာ ကိစ္စများဆောင်ရွက်ရန်အတွက် မဟာဒါန်ဝန်ခန့်ထားပါသည်။ မဟာဒါန်ဝန်ဆိုသည်မှာ မြင့်မြတ်သော(သို့မဟုတ်)ဘုရင့်၏ လှူဒါန်းမှုအစုစုကို စီမံခန့်ခွဲရသူ၊ ရဟန်းတို့၏အမူအကျင့်ကိုလည်း ထောက်လှမ်းစုံစမ်းရသူဟု ဦးထွန်းမြတ်၏ပါဠိသက်ဝေါဟာရအဘိဓာန်၌ ဖော်ပြထားပါသည်။ ဆရာယုဒသန်(၁၇၈၈-၁၈၅၀)၏၊ အင်္ဂလိပ်၊ မြန်မာအဘိဓာန်တွင် ဘုန်းကြီးများကို ထောက်လှမ်းရသူဟု အဓိပ္ပာယ်ဖွင့်ထား၏။ ထို့ကြောင့် မဟာဒါန်ဝန်သည် သာသနာရေးအတွက် တစ်ဘက်က ဘုရင့်ကိုယ်စားဆောင်ရွက်ပေးရသကဲ့သို့ တစ်ဘက်တွင် ဘာသာရေးဆိုင်ရာ သတင်းများကိုလည်း စုံစမ်းမှုဆောင်ရွက်ရသူဟု ဆိုရပါမည်။ တစ်နည်းအားဖြင့် မဟာဒါဝန်ဆိုသည်မှာ သာသနာရေးဆိုင်ရာ ထောက်လှမ်းရေးလုပ်ရသူပင် ဖြစ်ပါသည်။ ထို့ပြင် လူပြန်တော်များဖြင့်လည်း ရဟန်းသံဃာ၊ ရှင်သမဏေများအား ရဟန်းသံဃာ၊ ရှင်သာမဏေတို့နှင့်မအပ်စပ်သည့်ကိစ္စ၊ မသင့်လျော်သည့်လုပ်ဆောင်မှု၊ ထူးခြားသည့်အကြောင်းအရာများကိုစုံစမ်းစေပြီး အထောက်တော်ခေါင်းမှတစ်ဆင့် ဘုရင်ထံ ထောက်လှမ်းချက်များဆက်သစေသည်ဟု သိရသည်။ သာသနာရေး၌ မဟာဒါန်ဝန်နှင့် သတင်းရယူသကဲ့သို့ ဘုရင်မှ တိုက်ရိုက်တာဝန်ပေးထားသည့် ရဟန်းလူထွက် လူပြန်တော်များနှင့်လည်း သတင်းရယူစေခဲ့ကြောင်း သိရပါသည်။

## မင်းတုန်းမင်းလက်ထက် အထောက်တော်သတင်းများအရ အရေးယူဆောင်ရွက်ခဲ့ပုံများ

မင်းတုန်းမင်းလက်ထက်၌ ဥပဒေရုံးသီးခြားထားရှိပြီး ဥပဒေများပြုစုခဲ့ပါသည်။ သီပေါမင်းလက်ထက်မှာလည်း ဥပဒေပြဋ္ဌာန သီးခြားထားရှိဆောင်ရွက်ခဲ့သည်ဟု သိရသည်။ "အထောက်တော်ဥပဒေ" ရှိသကဲ့သို့ "ထောက်လှမ်းချက်ပါ လူတို့ကိုချခေါ်စစ်ဆေးနည်းဥပဒေ"ရှိခဲ့သည်ဟု ဦးတင်၏မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၌ ဖော်ပြထားသည်ကို တွေ့ရ၏။ အထောက်တော်သတင်းများအရ အရေးယူဆောင်ရွက်ခဲ့သည့် သာဓကများလည်း ရှိခဲ့သည်။ ဥပမာအားဖြင့် ယောအတွင်းဝန် ဦးဘိုးလှိုင်(၁၈၂၉-၁၈၈၃)ကို ၁၈၇၂၊ အောက်တိုဘာလ၌ စလင်းမြို့မှဘုရားတစ်ဆူပြုပြင်ရန် စေလွှတ်ခဲ့သည်။ မြင်းခြံမြို့သို့ရောက်ရှိစဉ် စကားစပ်လျှင်းပြီး ယောအတွင်းဝန်က "ဗျစ်ရည်သည် ဆေးခါးကြီးရေနှင့်တူကြောင်း၊ ဆေးအဖြစ် နည်းနည်းသောက်ရင် အပြစ်မရှိကြောင်း၊ များများသောက်ရင်သာ မူးယစ်တတ်သဖြင့် အပြစ်မကင်းကြောင်း" ပြောခဲ့သည်ဟု ဆိုပါသည်။ ထိုစကား၏အနက်အဓိပ္ပာယ်ကို သေသေချာချာ သဘောမပေါက်ဘဲ အထောက်တော်တောင်ထားဝယ်ဗိုလ်ကကြားသိပြီး မင်းတုန်းမင်းကြီးထံ တင်လျှောက်ခဲ့လေသည်။ မင်းတုန်းမင်းကြီးက မြင်းခြံသို့ရောက်ရှိနေသည့် ယောအတွင်းဝန်အား ချက်ချင်းပြန်ခေါ်ပြီး စစ်မေးခဲ့သည်။ ယောအတွင်းဝန်ကလည်း မကွယ်မထောက် မှန်ရာကို အစစ်ခံ၏။ ဆေးအဖြစ်သောက်လျှင်အပြစ်မရှိကြောင်း တင်လျှောက်သည့်အခါ မင်းတရားကြီးက ပညာမဲ့သူများအဓိပ္ပာယ်ကောက်လွဲပြီး အရက်သောက်ခြင်းသည်အပြစ်မရှိဟု ယူဆနိုင်သည်ဆိုကာ ယောအတွင်းဝန်အား ရာထူးကချသည့်အပြင် ခြောက်လထောင်ချခဲ့သည်ဟု သိရသည်။



## မင်းတုန်းမင်းကြီး၏
## အထောက်တော် စုဖုရားလတ်

အလားတူပင် သံတော်ဆင့် မင်းကျော်ပြာရှပ်ဆိုသူသည် လွှတ်တော်လက်နက်တိုက်အနီး၌ အလှူမဏ္ဍပ်ကြီးဆောက်ပြီး ရှင်ပြုအလှူ ပြုလုပ်ရန်စီစဉ်ပါသည်။ ထိုကိစ္စကို အထောက်တော်ခေါင်း မောင်ဆင့်က မီးဘေးစိုးရိမ်ရကြောင်း၊ အလှူကြီးလှူနိုင်ကြောင်း မင်းတုန်းမင်းကြီးထံ တင်လျှောက်ခဲ့သဖြင့် မှူးမတ်တစ်ဦးအား သွားရောက်ကြည့်ရှုစေပြီး မီးဘေးစိုးရိမ်ရသဖြင့် မဏ္ဍပ်ကိုဖျက်စေသည်။ အလှူကြီးလှူနိုင်သည်မှာ ငွေစားမှုဖြစ်နိုင်၍ ကြိတ်ပြီးစစ်ဆေးခဲ့ရာ ငွေစားမှုမှာ အထင်အရှားမရှိဟု သိရ၏။ မင်းတုန်းမင်းကြီးသည် အိမ်ရှေ့မင်းနှင့် မင်းညီမင်းသားများကိုလည်း နေ့စဉ်ထောက်လှမ်းစေသည်ဟု သိရသည်။ မကွေးရာမင်းသားကိုထောက်လှမ်းသည့်အခါ မင်းသားက နေ့စဉ်ဘုရားရှိခိုးတိုင်း ခမည်းတော် ကျန်းမာပါစေဆုတောင်းကြောင်း၊ စာပေကျမ်းဂန်၌ပျော်မွေ့ကြောင်း အကြိမ်ကြိမ် ကြားရသဖြင့် ကနောင်မင်းသားကြီးဦးစီးခဲ့သည့် စက်ရုံ(၅၀)ကို ဦးစီးကွပ်ကဲရန် တာဝန်ပေးခဲ့သည်။ နောက်ပိုင်း မကွေးရာမင်းသားအိမ်သို့ လူအဝင်အထွက်များလာပြီး သိန္နီစော်ဘွားသမီးကို မြောက်ဆောင်ထားကြောင်း ကြားသိသည့်အခါ အမြင့်မြို့အုပ်ကို ဆုလာဘ်ပေးမှုအကြောင်းပြပြီး အရာက နုတ်တော်မူခဲ့ပါသည်။

၁၈၆၆ ခုနှစ် မြင်ကွန်း၊ မြင်းခုံတိုင်ပုန်ကန်မှု၊ ပတိမ်းမင်းသား ပုန်ကန်မှုဖြစ်ပြီးသည့်နောက် မင်းတုန်းမင်းကြီးသည် အရွယ်တော်ရောက်လာသည့်သားတော်များ၏နေအိမ်သို့ အခြားသူများ အဝင်အထွက်မလုပ်စေရဟု အမိန့်ထုတ်ပြန်ပါသည်။ အမိန့်ထုတ်အပြီးမှာ မကွေးရာမင်းသားကြီးအိမ်ကို အမြင့်မြို့အုပ် မောင်ကြီးဆိုသူ ဝင်ရောက်ခစားခဲ့သည်။ မင်းသားကြီးကလည်း အမြင့်မြို့အုပ်ကို ဆုလာဘ်များ ပေးသနားခဲ့၏။ မင်းသားကြီးကိုစောင့်ကြည့်နေသည့်အထောက်တော်က မင်းတုန်းမင်းကြီးကို လျှောက်ထားသဖြင့် သိသွားသည့်အခါ အမိန့်ကိုမနာခံသည့်သားတော်ကြီးကို အရာကနုတ်တော်မူသကဲ့သို့ အမြင့်မြို့အုပ် မောင်ကြီးကိုလည်း အကျဉ်းထောင်ပို့၍ အကျဉ်းချထားခဲ့လေသည်။ မင်းတုန်းမင်းကြီးသည် မင်းညီမင်းသားများကိုထောက်လှမ်းသကဲ့သို့ မိဖုရားများကိုလည်း ထောက်လှမ်းခဲ့ကြောင်း သိရှိရ၏။ သမီးတော်စုဖုရားလတ်သည်ပင်လျှင် မင်းတုန်းမင်းတရားကြီး၏အထောက်တော်တစ်ဦးဖြစ်သည်ဟု ဆိုပါသည်။ မယ်တော်ဆင်ဖြူမရှင်၏အဆောင်တော်သို့ အဝင်အထွက်ရှိသူများ၊ ပြောဆိုဆွေးနွေးမှုများကို ဘုရင့်ထံ နေ့စဉ်တင်လျှောက်ရသည်ဟု သိရ၏။

## စုံစမ်းထောက်လှမ်းမှုနှင့်သက်ဆိုင်သော အစုအမှုထမ်းများအတွက် ထုတ်ပြန်ခဲ့သည့်ဥပဒေ

အမျိုးသားစာကြည့်တိုက်၊ ကင်းဝန်စာစုပုရပိုက်အမှတ်(၂၄၈)၌ "စုံညီညှိနှိုင်းချက်ဥပဒေဘုရား" ဆိုသည့်ခေါင်းစဉ်ဖြင့် ထုတ်ပြန်ခဲ့သောဥပဒေတစ်စောင်ကို လေ့လာတွေ့ရှိရပါသည်။ မင်းတုန်းမင်းကြီး လက်ထက်၌ ထုတ်ပြန်ခဲ့သည့်ဥပဒေဖြစ်ပြီး ဥပဒေ(၅)ရပ်ပါရှိပါသည်။ ယင်းဥပဒေ(၅)ရပ်အနက် ထောက်လှမ်းမှုနှင့်ဆိုင်သည့် ဥပဒေ(၄)ရပ်ကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

ဆင့်ဆိုရန်ဥပဒေဘုရား

အစုအမှုထမ်းတို့ သနားတော်မြတ် ခံရသည့် ပယ်ထွက်စုဆ စပါးများကို အစုအမှုထမ်းတို့သို့ ပြေကုန်အောင် မပေး၊ စုထိန်းစုအုပ်တို့က ထိန်ချန်စားယူမှု မရှိစေရ။ အစုအမှုထမ်းတို့ ရသင့်စုဆအတိုင်း ရယူစား သောက်ထမ်းရွက်နိုင်အောင် ကြီးကြပ်တည်းတည်း ဆင့်ဆိုမည်။

စီရင်ရန်ဥပဒေဘုရား

အစုအမှုထမ်းတို့ စားသင့်ပယ်ထွက်စုဆ စပါးကို အချို့အဝက်ဖြစ်စေ၊ အလုံးဖြစ်စေ စုထိန်းစုအုပ်တို့က ထိန်ချန်စားယူလျှင် အစုဆိုင်ရာ ဝန်ကြီးက အလျှင်သိအောင်ထောက်လှမ်း၍ သိလျှင်သိချင်း စားယူသည့်စပါးများကို ၂ ဆ ဒဏ်ပြန်ပေးစေ၍ စားယူသည့်အစုထိန်းအစုအုပ်တို့ကို အမိန့်တော်မြတ်ခံ၍ အရာကိုနုတ်ပြီးလျှင် ရာဇဒဏ် ၁၅ ချက် သွေးမြင်အောင်ရိုက်၍ လွှတ်မည်။ ဆိုင်ရာဝန်ကြီးက အလျှင်မသိ၊ အခြားသူတို့က ရွှေနားတော်မြတ် ကြားတင်လျှောက်ကြားသိတော်မူလျှင် ထိန်ချန်စားယူသည့် စုဆစပါး ၂ ဆဒဏ်ကို ဆိုင်ရာဝန်ကြီး၊ အတွင်းဝန်တို့က ၂ စု၊ အစုရှင်ဝင်းမှူး၊ ဝန်၊ ဗိုလ်တို့က ၁ စု၊ စားပုံရှင်းအမှုထမ်းသို့ ပေးလျော်နှင့်ပြီးမှ ထိန်ချန်စားယူရင်း စုထိန်းစုအုပ်တို့မှ အလျော်တောင်းခံ၊ အထက်ဥပဒေအတိုင်း စီရင်မည်။

ဆင့်ဆိုရန် ဥပဒေဘုရား

နောက်ထောက်စားအမှုထမ်းလူတို့မှာ လက်ရှိနောက်ထောက်စားလူတို့က ခွဲတောင်း၊ ကောက်ခံရငွေများကို စုထိန်းစုအုပ်တို့အလျောက် အနုတ်အယူမရှိ၊ တိုင်ရှင်အမှုထမ်းတို့ အမှန်နေရာကျအောင် ကြပ်ကြပ်တည်းတည်း ဆင့်ဆိုမည်။

စီရင်ရန် ဥပဒေဘုရား

နောက်ထောက်အမှုထမ်းတို့ငွေကို တိုင်ရှင်အမှုထမ်းတို့သို့ မပေး၊ စုထိန်းစုအုပ်တို့အလျောက် ထိန်ချန်နုတ်ယူစားသုံးလျှင် အစုဆိုင်ရာဝန်ကြီးက အလျှင်သိအောင် ထောက်လှမ်း၍ သိလျှင်သိချင်း ထိန်ချန်စားယူငွေကို ၂ ဆဒဏ် တိုင်ရှင်အမှုထမ်းသို့ ပြန်ပေးစေ၍ စားယူသူ စုထိန်းစုအုပ်တို့ကို အမိန့်တော်မြတ်ခံ၍ အရာဆင့်ဆိုရန်၊ အရာဆင့်ဆိုရန်ကို နုတ်ပြီးလျှင် ရာဇဒဏ် ၁၅ ချက် သွေးမြင်အောင်ရိုက်၍ လွှတ်မည်။

ဆိုင်ရာဝန်ကြီးက အလျင်မသိ၊ အခြားသူတို့က ရွှေနားတော်မြတ် ကြားတင်လျှောက်ကြားသိတော်မူလျှင် ထိန်ချန်စားယူသည့်ငွေ ၂ ဆဒဏ်ကို ဆိုင်ရာဝန်ကြီး၊ အတွင်းဝန်တို့က ၂ စု၊ စုရှင်၊ ဝန်၊ ဗိုလ်တို့က ၁ စု၊ ပေးလျော်နှင့်စေပြီးမှ ထိန်ချန်စားယူသူတို့အလျော်တောင်းခံ အထက်ဥပဒေအတိုင်း စီရင်ရမည်။

ဆင့်ဆိုရန် ဥပဒေဘုရား

ပယ်စား၊ နောက်ထောက်စားအမှုထမ်းတို့မှာ ပယ်ထွက်စပါး နောက်ထောက်ငွေ ခွဲခန့်တောင်းချိန်မရောက်မီ မလှမ်းမကမ်း အစားအစာ ပြတ်လတ်ရှိလျှင် ဆိုင်ရာဝန်ကြီး၊ စုရှင်၊ ဝင်းမှူး၊ ဝန်၊ ဗိုလ်တို့က မပြတ်ထောက်လှမ်း၍ သိလျှင်သိချင်း အမိန့်တော်မြတ်ခံရမည်။

စီရင်ရန် ဥပဒေဘုရား

ပယ်ထွက်စပါး နောက်ထောက်ငွေ မခွဲမတောင်းမီ မလှမ်းမကမ်း အစားအစာပြတ်လတ်သူတို့ကို နေရာကျ မကြည့်မရှု မထောက်မလှမ်း မတင်မလျှောက် ပေါ့လျော့လစ်လပ်ရှိ၍ အစုအမှုထမ်းတို့ အစားအစာ ပြတ်လတ်ရှိလျှင် ပြတ်လတ်သူအမှုထမ်း ၁ လအတွက် ရိက္ခာငွေ ၁၀ကျ ကို ဆိုင်ရာဝန်ကြီး၊ အတွင်းဝန်တို့က ၂ စု၊ အစုရှင်၊ ဝင်းမှူး၊ ဝန်၊ ဗိုလ်တို့ က ၁ စု ပေးနှင့်စေ၍ ပယ်ထွက်စပါးနောက်ထောက်ငွေများနှင့် ဆက်လက်မိအောင် အမိန့်တော်မြတ်ခံယူထုတ်ပေး စားသောက်ထမ်းရွက်စေမည်။

ဆင့်ဆိုရန် ဥပဒေဘုရား

အစုအမှုထမ်းတို့မှာ မှုပြစ်မရှိ ကြွေးငွေကုန်ကျသည့် အမှုစားပုံ လယ်မြေပေါင်နှံ ရောင်းစားမှု၊ အစုစပါးနောက်ထောက်ငွေများကို အကြီးအအုပ်တို့ နုတ်ယူထိန်ချန်စားယူမှု၊ အစုအမှုထမ်းတို့ အစားအစာ ပြတ်လတ်သည့်အမှုများကို အမှန်နေရာကျအောင် ထောက်လှမ်းစေရန် ရေးခြားလိမ္မာသူကို တစ်စုလျှင်တစ်ယောက်ကျ တောင်းယူ၍နေ့စဉ်မပြတ်ထောက်လှမ်းလျှောက်ထားစေရမည်။

စီရင်ရန် ဥပဒေဘုရား

နေ့စဉ်မပြတ် စေလွှတ်မေးမြန်းထောက်လှမ်းရာ ထောက်လှမ်းသူက အလျင်မသိ၊ မလျှောက်မထား၊ အခြားသူတို့က ရွှေနားတော်မြတ်ကြားတင်လျှောက် တစ်စုံတစ်ရာ ပေါ်ပေါက်ကြားသိတော်မူသည့်နောက်မှ ကြားသိရလျှင် ထောက်လှမ်းသူတို့ကို ရာဇဒဏ် ၁၀ ချက် သွေးမြင်အောင်ရိုက်၍ လွှတ်ရမည်။

## မင်းတုန်းမင်းကြီးလက်ထက် အဝေးမြို့ရွာများမှ ထောက်လှမ်းရေးသတင်းရယူခဲ့ပုံ

မင်းတုန်းမင်းလက်ထက်တွင် နေပြည်တော်အုပ်ချုပ်ရေးနှင့် အဝေးမြို့ရွာအုပ်ချုပ်ရေးခွဲခြား သတ်မှတ်အုပ်ချုပ်ခဲ့ပါသည်။ အဝေးမြို့ရွာအုပ်ချုပ်ရေး၌ မြို့ဝန်၊ စစ်ကဲ၊ နာခံ၊ မြို့သူကြီး၊ ခေါင်းသူကြီး။ စုထိန်း၊ စုအုပ် ဆိုပြီး အုပ်ချုပ်ရေးအကြီးအကဲများ ထားရှိခဲ့သည်။

ထိုအုပ်ချုပ်ရေးပိုင်းဆိုင်ရာမင်းမှုထမ်းများက ပြည်သူများအပေါ် အခွန်အတုတ်များကို သတ်မှတ်သည့်အတိုင်း ကောက်မကောက်၊ မိုးလေဝသ မှန်မမှန်၊ စီးပွားရေး ကောင်းမကောင်း၊ မြို့ရွာသာယာမှု ရှိမရှိ အထောက်တော်များထားရှိပြီး ထောက်လှမ်းစုံစမ်းစေခဲ့သည်။ ထောက်လှမ်းရရှိချက်များကို နေပြည်တော်သို့ တစ်လတစ်ကြိမ် ပို့စေခဲ့ပါသည်။ ထောက်လှမ်းသတင်းပို့ရန်အတွက် မြို့ခုံတော်ကို တာဝန်ပေးအပ်စေခဲ့သည်ဟု သိရပါသည်။ (၁၂၂၈ အရပ်ရပ်ခုံတော်ပေးအပ်သည့်မှတ်စာဥပဒေလက်ခံဘုရား၊ အမျိုးသားစာကြည့်တိုက် ပုရပိုက်အမှတ် ပု-၂၈၂၈)။ အမျိုးသားစာကြည့်တိုက်မှ "ဝန်ကြီးတို့ပြည့်စုံရန်ဥပဒေဘုရား"ဆိုသည့်ပုရပိုက်တစ်ဆူတွင် လေ့လာတွေ့ရှိရ၏။

> *နေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း အနီးအဝေး၊ မြို့ကျေးရွာများကို မပြတ်မလပ် လှူစေလွှတ်ထောက်လှမ်း၍ မြို့ကျေးရွာမှုကို၊ မပြတ်မလပ် မေးမြန်းတိုင်ပင် ဆင်ခြင်ကြံဆလေ့ရှိခြင်း။*

ဟူ၍ ဥပဒေအပိုဒ်(၅)၌ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ထို့ပြင် ဆရာတော်၊ သံဃာတော်များကတစ်ဆင့်လည်း သတင်းရယူခဲ့ပါသည်။ မင်းတုန်းမင်းနှင့် သီပေါမင်းတို့သည်အဝေးမြို့ရွာများက ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်သံဃာတော်ဆရာတော်များထံ လစဉ်ဆွမ်းမှအစ လှူဖွယ်ပစ္စည်းများ ပေးပို့လှူဒါန်းခဲ့သည်။ ဆရာတော်များကလည်း ဘုရင့်ထံ မေတ္တာစာများ ရေးသားပေးပို့ကြ၏။ ထိုမေတ္တာစာများသည် သာမန်နေရေးထိုင်ရေးအဆင်ပြေကြောင်း၊ မာကြောင်းသာကြောင်းရေးသားသည့်စာများမဟုတ်ဘဲ အထောက်တော်စုံစမ်းရရှိချက်အစီရင်ခံစာ သဘောမျိုးဖြစ်ကြောင်း တွေ့ရသည်။ ဦးတင်၏မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းထဲမှ အထောက်တော်များစာရင်းတွင် ပါရှိသောဆရာတော်၊ သံဃာတော်များဆိုသည်မှာ ထိုသို့ အဝေးမြို့ရွာများက မေတ္တာစာရေးသား၍ သတင်းပေးပို့နေကြသည့်သံဃာတော်၊ ဆရာတော်များဖြစ်မည်ဟု ယူဆရပါသည်။

သာဓကအားဖြင့် ၁၈၇၃ ခုနှစ် ဩဂုတ်လ(၁၇)ရက်နေ့ ရှမ်းပြည်နယ် ပင်းတယဆရာတော်များက မင်းတုန်းမင်းထံပေးပို့ခဲ့သည့်မေတ္တာစာတွင်-

> *"ပင်းတယမြို့ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်သမဂ္ဂသံဃ အပေါင်းများစွာတို့ . . . ဆက်သွင်းလိုက်ပါသည် . . . ပင်းတယစီရင်စုနယ်အဝှမ်း၌ ဆိုက်ရောက်လာသော ကုန်သည်တဲကား၊ နွားလား၊ ဝန်တင်၊ ခြေလျင်၊ ပုန်းထမ်း . . . ကုန်သည်အပေါင်းတို့သွားလာရာ . . . သူခိုးမြေ . . . မထွက်မပေါ် . . . မလုမယက် . . . ဆင်းရဲသား ကျွန်တော်မျိုးတို့ . . . တအိမ်လျှင် ၁ိ ကျပ်သုံးဒင်္ဂါး ၈ ပြားကျ၊ သဿမေဓ ငွေတော်ဆို၍ ခွဲတောင်းကောက်ခံကြောင်း ဆင်းရဲသား ကျွန်တော်မျိုး၊ အစိုးရ ကျေးထိန်း ရွာအုပ်တို့ လျှောက်ထား၍ ကြားသိကြောင်း"*

ထိုစာကိုကြည့်လျှင် သာမန်မေတ္တာစာမဟုတ်ဘဲ ပင်းတယစီရင်စု၏နယ်မြေဒေသအခြေအနေ သတင်းများကိုတွေ့ရသည့်အတွက် အထောက်တော်သတင်းပေးပို့ပုံသဘောမျိုး ဖြစ်နေပါသည်။ ထို့အပြင် မင်းတုန်းမင်းသည် တံဆိပ်တော်ခေါင်းစီး(Letter Head)ပါရှိသောပေးစာရေးရန်စာရွက်(Writting Pad)များကို အဝေးမြို့ရွာများရှိ ဆရာတော်များထံ ဆက်ကပ်ထား၏။ ထိုစာများ နန်းတော်သို့ ရောက်ရှိလာလျှင် ဘုရင့်ထံသို့ တိုက်ရိုက်ဆက်သကြရသည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်း မင်းတုန်းမင်းလက်ထက်ထောက်လှမ်းရေးနှင့်ပတ်သက်၍ အထောက်တော်ထားရှိသည့်စနစ်သည် ကျေးရွာအောက်ခြေအဆင့်အထိထားရှိသည်ကို တွေ့ရှိရ၏။ စဉ့်ကူးမြို့ ရေတော်ရွာမှအထောက်တော်၏အစီရင်ခံစာကို ရှေးဟောင်းစာပေသုတေသီတစ်ဦး၏ရှေးဟောင်းမှတ်စာပဒေသာအရ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

*ဘုရားကျွန်တော် စဉ့်ကူးမြို့စီရင်စု ရေတော်ရွာနေ အထော်တော် ငမြစ် ရွှေဖဝါးတော်မြတ်အော် ရှစ်ခိုး သံတော်ဦးတင်ပါသည်ဘုရား။ ။ စဉ့်ကူမြို့နယ်မြေကျေးရွာများမှာ ထော်လှမ်းတင်လျှောက်စေ၊ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် စေရွက်ရသည့်အတိုင်း ထော်လှမ်းရာ ရွှေခုံတိုင်ရွာတွင် ရွှေပန်းတန် ဆေးတော်ထိုး အမှုထမ်းငရွှေလုံးကို မှုပြစ်မရှိ ပုံ့နင်းငအေပ်က လူအများဖြင့် ဝိုင်းဝန်း၍ သေနတ်ဖြင့်ပစ်ခတ်တိုက်ခိုက် အနာတရ ရိုက်နှက်ပြီးနေ့ ငရွှေလုံးညီ ငအုံကို ပုံ့နင်းက သေနတ်ဖြင့်ပစ်သောကြောင့် သေနတ်ဒဏ်ရာ ထိခိုက် သေရှင်မသိ ရှိရပါကြောင်း. . . . . . မြွှေဟသ်ာရွာမှ အမိန့်တော်နှင့် နယ်မြေများကို အကွဲအပြား အသနားတော်များခံရသည့်အမိန့်တော် စာချွန်တော်များကို နာစေမည်ခေါ် ရာ မြွှေဟသ်ာစီရင်စု ဦးတိမ်ရွာ ပုံ့နင်း ငပျား အမိန့်တော်စာချွန်တော်များကို မနာမယူ ခုခံတိုက်ခိုက် သေနတ်ဖြင့်ပစ်သောကြောင့် မြွှေဟသ်ာလှေဆေးထိုး အမှုထမ်းငမိုးကို သေနတ်ထိခိုက်ဖြစ်ပါ၍ သေရှင်မသိ . . . သိသာတော်မူရန် ရွှေဖဝါးတော်မြတ်အော် ရှစ်ခိုး သံတော်ဦးတင်ပါသည်ဘုရား။*

*ဘုရားကျွန်တော် ရေတော်ရွာနေ အထော်တော်ငမြစ် ရွှေဖဝါးတော်မြတ် အောက် ရှစ်ခိုးသံတော်တင်ပါသည်ဘုရား။ ။ စဉ့်ကူးမြို့စီရင်စုနယ်မြေကျေးရွာများမှာ ထော်လှမ်းတင်လျှော်စေ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း ထော်လှမ်းရာ ရေတော်ရွာ ငထွန်းအေး ငဆောင်ကြီးတို့အိမ်တွင် ဒင်္ဂါး(၂၀၀)တန် ဘိုးဦးပိုင် နွား ၇ ကို သူခိုးခိုးယူပါကြောင်း၊ သူပုန်ဘက်က ဟသ်ာပုံ့နင်းဟောင်း ငဘိုး ငသိန်းတို့နှင့်အတူ စစ်ကဲ ပြုလုပ်တိုက်ခိုက်သူ ဦးဒိန် ရွှေခဲပုံ့နင်း ငပျားမှာ အမိန့်တော်နှင့်မပေးမအပ်သည်ကို သေနတ် ၄ စွဲ ကိုင်၍ ဟသ်ာလှေဆေးထိုးအမှုထမ်းတို့ လက်ရှိလုပ်ဆောင်သည့်ရာမြေများကို အတင်းသိမ်းယူ ဖမ်းဆီးသောကြောင့် အမှုထမ်း လူ ၃၀ ကျော်ထွက်ပြေးပျက်ပြားရှိပါကြောင်း။ ၎င်း သေနတ် ၄ လက်၊ မြွှေရွှေခဲ အမှုထမ်း ငကြီးလက်တွင် ၃ ပင်တိုင်သံတဇာ ၈ ကို မြွှေဟသ်ာလှေတော် ပုံ့နင်းက ဖမ်းဆီးရမိကြောင်း ထော်လှမ်းကြားသိရပါသောကြောင့် ရွှေဖဝါးတော်မြတ်အော် ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား။ ။*

ဆိုပြီး တွေ့ရှိရပါသည်။ မိုးနဲတပ်ရုံးမှာထားရန် ဥပဒေဘုရားဆိုပြီး အမျိုးသားစာကြည့်တိုက် ပုရပိုက်တစ်ဆူမှာလည်း အဝေးမြို့ရွာအထောက်တော်တို့နှင့်ပတ်သက်ပြီး အပိုဒ်ရေ(၁၅)၌ အောက်ပါအတိုင်း တွေ့ရှိရ၏။

*တပ်ရုံးဆင့်စု မြို့ကျေးရွာများမှာ စော်ဘွား၊ မြို့စား၊ မြို့အုပ်၊ စစ်ကဲတို့ စီရင်စု မြို့ကျေးရွာအတွင်း တရားရာဇဝတ်မှုများမှာ အမိန့်တော်ထမ်းတပ် အလွန်ငွေကြေး ပိုမိုစားယူသည့်မှု၊ လက်ဆောင်ပန္နာခံယူ၍ ဟိန်(စော်ဘွား၏စစ်ကဲ)၊ ထမုံ(စော်ဘွား၏ သူကြီး)၊ မြေတိုင်ကြော့ခေါင်းတို့ကို အလိုရှိရာ လွှဲပြောင်းခန့်ထားသည့်အမှု၊ ကျေးရွာ နေဆင်းရဲသားတို့မှာ ကြေး၊ ငွေ၊ ခွဲတောင်းသည့်အမှုများကို တပ်ရုံးက ထောက် လှမ်းမှတ်သား၍ လေးလတစ်ကြိမ် ဗိုလ်မှူးရှိရာ အစီရင်ခံစေပြီးလျှင် ဗိုလ်မှူးက လွှတ်တော်မှာ လျှောက်ထားစေရမည်။*

## မင်းတုန်းမင်းကြီးလက်ထက် ယိုးဒယားနိုင်ငံအား ထောက်လှမ်းခဲ့ပုံ

မင်းတုန်းမင်းတရားကြီး နန်းတက်သည့်အချိန်သည် ဒုတိယအကြိမ် အင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်နေဆဲကာလ ဖြစ်ပါသည်။ နန်းတက်သည့်နေ့မှာပင် အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲ(၁၈၅၈)ကို အတိုက် အခိုက်ရပ်စဲကြောင်း ကြေညာခဲ့သည်။ စစ်ပြေငြိမ်းရေးစာချုပ်ကိုမူ မင်းတုန်းမင်းက လက်မှတ်မထိုးခဲ့ပေ။ အင်္ဂလိပ်တို့၏နယ်မြေလုယူမှုကို အသိအမှတ်မပြုသည့်သဘောပင် ဖြစ်သည်။ မင်းတုန်းမင်းသည် မြန်မာ နိုင်ငံ၏အချုပ်အခြာအာဏာကို ထိပါးလာသည့်အန္တရာယ်များအားဖယ်ရှားပြီး လွတ်လပ်ရေး တည်တံ့ အောင် ကြိုးစားခဲ့သည်။ မြန်မာနိုင်ငံသည် အချုပ်အခြာလွတ်လပ်သည့်နိုင်ငံဖြစ်သည်ဆိုသည်ကို ကမ္ဘာ ကသိအောင် ကြိုးစားခဲ့၏။ တစ်ဘက်တွင် အိမ်နီးချင်းတရုတ်၊ ယိုးဒယားနိုင်ငံတို့နှင့် ဆက်သွယ်ခဲ့သည်။ ၁၈၅၇ ခုနှစ်တွင် ယိုးဒယားနိုင်ငံနှင့်ချစ်ကြည်စွာဆက်ဆံကြောင်းအထိမ်းအမှတ်အနေနှင့် ယိုးဒယား သာသနာပိုင်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများနှင့် အဖွဲ့တစ်ဖွဲ့စေလွှတ်ခဲ့သည်။ ယိုးဒယားဘုရင် စတုတ္ထ မြောက်ရာမမင်းဆက် မဟာမောင်းဂွတ်(၁၈၅၁-၁၈၆၈)ကလည်း မြန်မာသာသနာပိုင်ဆရာတော် အရှင် ဥေယျ(ဥေယျဓမ္မာဘိမုနိ ဝရညာဏကိတ္တိ သီရိသဒ္ဓမ္မဇ သေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု) ထံ လှူဖွယ်ပစ္စည်းများ ပြန်လည်ဆပ်ကပ်လှူဒါန်းခဲ့ပါသည်။ သို့ရာတွင် မင်းတုန်းမင်းကြီးသည် ယိုးဒယား နိုင်ငံကို သတိကြီးစွာထားခဲ့သည်။ ယိုးဒယားနိုင်ငံ၏သတင်းများကို အထောက်တော်များဖြင့် အဆက် မပြတ် ထောက်လှမ်းခဲ့ကြောင်း တွေ့ရှိရ၏။ "မိုးနဲတပ်ရုံးမှာထားရန် ဥပဒေဘုရား" ဆိုသည့် အမျိုးသား စာကြည့်တိုက်၊ ကင်းဝန်-၂၀၆ ပုရပိုက်တစ်ဆူတွင်-

*ကလောင်(ဇင်းမယ်ဒေသရှိ ရှမ်းအနွယ်)၊ ယွန်း(ဇင်းမယ်)၊ ယိုးဒယားတို့ ပေါက်ရောက် သည့် ထားကင်း အစောင့်အနေများမှာ ထောက်လှမ်းမြဲထောက်လှမ်း၍ ကြားသိ ထင်မြင်သမျှ အကြောင်းအရာ သံလွင် အရှေ့ဖက် မြို့ကျေးရွာများက တပ်ရုံးသို့ အစီရင်ခံလာရောက်သည့်အကြောင်းအရာများကို အလျှင်အမြန် လျှောက်ထားစေ ရမည်။*

*ရွှေကြောင်းအလျောက်၊ ရွှေဖဝါးတော်အောက် တင်လျှောက်ရသည့်စရိတ်။ အစေအလွတ် ထောက်လှမ်းသူတို့ကို စရိတ်မှစ၍ ရုံးသုံးစရိတ်ငွေများမှာ၊ လစဉ်သုံးမြဲတိုင်း တပ်ရုံး၊ ဆင်စုမြို့ရွာခွဲငွေက၊ စစ်ကဲ အရာရှိတို့ စားစရိတ်နှင့်တကွ နှုတ်ပေးမည်ဖြစ်၍ (၄)လတစ်ကြိမ်၊ အသုံးစရိတ်နှင့် ဗိုလ်မှူးထံတင်ပေးရမည်။*

ဟုပါရှိ၏။ အဘယ်ကြောင့် ယိုးဒယားကို ထိုမျှလောက် အလေးထားထောက်လှမ်းနေရသနည်းဟု မေးစရာရှိသည်။ မင်းတုန်းမင်းကြီးသည် တစ်ဘက်မှာ အင်္ဂလိပ်၏အန္တရာယ်ကို အနီးကပ် ရင်ဆိုင်နေရချိန်တွင် သမိုင်းနောက်ကြောင်းများရှိခဲ့သည့်ယိုးဒယားကိုလည်း သတိကြီးစွာ ထားရလေသည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ(၁၈၂၄-၁၈၂၆)မတိုင်မီက အင်္ဂလိပ်နှင့်မြန်မာစစ်ဖြစ်လျှင်ကူညီရန်နှင့် အောင်မြင်မည်ဆိုလျှင် ယိုးဒယားတို့အား ထားဝယ်၊ မြိတ်၊ တနင်္သာရီ၊ မြန်မာကမ်းရိုးတန်းဒေသများကိုပေးမည်ဟု အင်္ဂလိပ်က ကမ်းလှမ်းခဲ့သည်။ ယိုးဒယားကလည်း အင်္ဂလိပ်တို့နှင့်ပူးပေါင်းအမြတ်ထုတ်ရန် စိတ်အားထက်သန်ခဲ့၏။ သို့ရာတွင် အင်္ဂလိပ်-မြန်မာစစ်ဖြစ်ပါက အင်္ဂလိပ်ကမြန်မာကိုနိုင်လိမ့်မည်ဟု မထင်သဖြင့် ပူးပေါင်းကူညီခြင်း မပြုဝံ့ခဲ့ချေ။ အခြေအနေပေးလျှင်မူ အမြတ်ထုတ်လိုသည့်ဆန္ဒ ရှိပေသည်။ သမိုင်းတစ်လျှောက်တွင်လည်း မြန်မာတို့အင်အားချိနဲ့ချိန်တွင် ထိပါးကျူးကျော်ခဲ့မှုများ ရှိခဲ့ပေသည်။ ထို့ပြင် အယုဒ္ဓယသည်ပင် မြန်မာတို့၏ပဏ္ဏာဆက်နိုင်ငံသာ ဖြစ်ခဲ့ရသည်မို့ ဇင်းမယ်၊ လင်းဇင်းဒေသများသည် ကာလကြာမြင့်စွာ မြန်မာတို့ လက်အောက်ခံ ဖြစ်ခဲ့ရသည်။ ထို့ကြောင့်လည်း မင်းတုန်းမင်းကြီးသည် သူ့လက်ထက်ကျမှ နိုင်ငံ၏တစ်စိတ်တစ်ဒေသဖြစ်စေ၊ တစ်မြို့တစ်ရွာဖြစ်စေ ယိုးဒယားလက်အောက်သို့ ကျရောက်မည်ကို မည်သို့မျှ လိုလားမည်မဟုတ်ပေ။ ထိုအခြေအနေများကြောင့် မင်းတုန်းမင်းကြီးသည် ယိုးဒယားကို အမြဲသတိထားပြီး ထောက်လှမ်းခဲ့သည်ဟု ယူဆရပါသည်။

## မင်းတုန်းမင်းလက်ထက် တရုတ်ပြည်သို့ သံအဖွဲ့စေလွှတ်ခဲ့ပုံ

၁၈၇၃ ခုနှစ်တွင် မင်းတုန်းမင်းကြီးသည် တရုတ်ပြည်သို့ သံအဖွဲ့တစ်ဖွဲ့စေလွှတ်ရန် စီစဉ်ခဲ့ပါသည်။ ထိုသံအဖွဲ့တွင် စာရေးကြီး မင်းလှမင်းထင်သီဟသူ၊ တရုတ်ဝန် နေမျိုးသီဝရန်အောင်၊ အတွင်းတော်မြဲ နေ်ရထာစည်သူ၊ နေ်ရထာသိခ်သူ၊ လွှတ်တော်အဆောင်တော်မြဲ နေ်ရထာကျော်ထင်တို့ ပါရှိကြသည်။ သံအဖွဲ့ တရုတ်ပြည်မသွားမီ 'ဂန္ဓလရာဇ်တိုင်း အရှေ့နိုင်ငံ တရုတ်ပြည်တုံကြည်ဥတည်မင်းထံ စေလွှတ်သွားစေသူတို့ကိုပေးအပ်ရန် မှတ်စာဘုရား' ဆိုသည့်ခေါင်းစဉ်ဖြင့် ညွှန်ကြားချက်ပေးထားသောအမိန့်တော်စာကို တွေ့ရှိရပါသည်။

ထိုအမိန့်တော်စာထဲတွင် တရုတ်ပြည်သို့ မည်သည့်အတွက် သံအဖွဲ့စေလွှတ်ရသည်၊ သံအဖွဲ့နှင့်အတူ မည်သည့်လက်ဆောင်များ ယူသွားရမည်၊ မည်သည့်လမ်းက သွားရမည်၊ တရုတ်ပြည်သို့ ရောက်လျှင် မည်သို့လုပ်ဆောင်ရမည်၊ သွားရောက်ကြမည့်သံအဖွဲ့ဝင်များကိုလည်း ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင် ပြောဆိုကြရမည်၊ သံတမန်အင်္ဂါ(၆)ပါးကိုနှလုံးသွင်းပြီး တရုတ်ပြည်မှဧကရာဇ်မင်းနှင့်တွေ့လျှင် မည်သို့ ပြောဆိုလျှောက်ထားရမည်၊ တရုတ်ပြည်အတွင်းမှ မည်သည့်သတင်းအချက်အလက်များကို စုံစမ်းမှတ်သားခဲ့ရမည်၊ တရုတ်ပြည်၌ အခြားနိုင်ငံများကသံတမန်ကိုယ်စားလှယ်များရှိလျှင်လည်း မဟာမိတ်ဖွဲ့ခဲ့ရမည်၊ တရုတ်ပြည်ရောက်ရှိနေခိုက် ကိုယ်ကျိုးစီးပွားမငဲ့ဘဲ တိုင်းကြီးပြည်ကြီးသားဖြစ်သည်နှင့်

အညီ အကျိုးယုတ်မည့်တစ်စုံတစ်ရာ မကြုံမစည် မပေါက်မကြားစေရန် စသည်တို့ကို အသေးစိတ် ညွှန်ကြားထားပေသည်။ အဆိုပါညွှန်ကြားချက်များအတွင်းမှ လိုအပ်သမျှ ကောက်နုတ်ဖော်ပြပါမည်။ ကောက်နုတ်ချက်ကိုလေ့လာကြည့်မည်ဆိုလျှင် ရှေးမြန်မာတို့၏ထောက်လှမ်းရေးအသိဉာဏ်နှင့် ထောက်လှမ်းရေးအတွေးအခေါ်မည်မျှမြင့်မားနေကြောင်း မှန်းဆနိုင်မည်ဖြစ်ပါသည်။ ညွှန်ကြားချက်တစ်ခုလုံးအား လေ့လာကြည့်လျှင် မည်သည့်ခေတ်မည်သည့်အခါမဆို သံတမန်များလိုက်နာဆောင်ရွက်ရမည့် အခြေခံအကျဆုံးတာဝန်ဝတ္တရားများဖြစ်သည်ကိုလည်း တွေ့ရပါသည်။ ထို့ပြင် သံတမန်ဆိုသည်မှာ တခြားနိုင်ငံ၌ ကိုယ်ကျိုးစီးပွားရှာရန် စေလွှတ်ခြင်းမဟုတ်။ ကိုယ့်နိုင်ငံအကျိုးရှိရန် သံတမန်အရေးခြုံပြီး စုံစမ်းထောက်လှမ်းရန် စေလွှတ်ခြင်းဖြစ်သည်ဟု အတိအလင်းမပြောသော်လည်း ပြောဘိသကဲ့သို့ညွှန်ကြားထားသည်ကို တွေ့ရ၏။ မည်သို့ပင်ဖြစ်စေ ရှေးမြန်မာများသည် သံတမန်အရေးကိုခြုံ၊ သံတမန်တို့၏ရသင့်ရထိုက်သည့်အခွင့်အရေးကို ပြောင်ထောက်လှမ်းရေးအဖြစ် အသုံးပြုသည့်နေရာ၌လည်း တတ်သိလိမ္မာသူများဖြစ်သည်ဟု ဆိုရပါမည်။

## ""တရုတ်ပြည်သွား သံတော်များသို့ ပေးအပ်သည့်မှတ်စာမှ ကောက်နုတ်ချက်""

*ဥတည်မင်းနိုင်ငံအတွင်း အရပ်ရပ် ကြည့်ရှုမေးမြန်း မှတ်သားရန် ရှိသည်များကို ကြွင်းကျန်လစ်လပ်မရှိ ပေါင်းသင်းသင့်သူတို့ကို ဝင်ထွက်ပေါင်းသင်း ကြည့်ရှုမေးမြန်း မှတ်သားတင်လျှောက်ရန်၊ အရည်အကျောက် ရွေးကောက်ခန့်ထား စေလွှတ်တော်မူသည့်အရာ ဖြစ်သည်။ စေလွှတ်တော်မူသည့်သံတော်အရာရှိတို့ စခန်းသင့်ရာ အသက်သွားလာမြဲလမ်းစဉ်အတိုင်းသွားလာ၍ ဂန္ဓာလရာဇ်တိုင်း တရုတ်ဥတည်မင်းနိုင်ငံအတွင်းသို့ရောက်ကာလ သင့်ရာဝင်ထွက် ပေါင်းဖော်သင့်သူတို့ကို ဆက်လက် ကမ်းလှမ်း ဝင်ထွက်ပေါင်းသင်း အလျဉ်းသင့်ရာစကား ပြောဆိုနှုတ်ခွန်းဆက်လက်၍ ယူနန်မြို့ဝန် ရင့်နံစုံတူတို့ထံ ပေးအပ်ရန်စာများကို ပေးအပ်တင်ပြပြီးလျှင်၊ ယုတ်လွန်နိမ့်ကျ မရှိစေရ။ သင့်လျော်အောင် စကားပြောဆိုတတ်သွားရာ၊ တရုတ်မင်းနေပြည် ဘဲကျင်မြို့(Beijing)သို့ရောက်ကာလ ပါသည့်ရာဇသံ လက်ဆောင်တော်များကို ထုံးစံရှိရာ ကောင်းမွန်စွာ ကြိုယူရမည်အကြောင်းနှင့်၊ ဥတည်မင်း၊ စစ်သူကြီး၊ မှူးတော် မတ်တော်တို့ကို ပြောဆိုကြိုယူစေ၍၊ သံကြီးတမန်ကြီး ကောင်းမွန်စွာ ကြိုယူမြဲကြိုယူရမည်။ ဥတည်မင်း၊ စစ်သူကြီး၊ မှူးတော်မတ်တော်တို့ကို ပြောဆိုကြိုယူစေ၍ သံကြီး၊ တမန်ကြီး တိုင်းကြီးပြည်ကြီးသားဖြစ်သည်နှင့်အညီ၊ ဘွယ်ရာယဉ်ကျေးအောင် အရပ်ရပ်အရေးအခွင့်များကို အယုတ်အလွန်မရှိစေရ သဘောနှလုံးထားပြီး ပါသည့်လူကြီးလူငယ်တို့ စိတ်ဝမ်းသဘော မကွဲမပြား တခွန်းတသံတည်းဖြစ်အောင် တိုင်ပင်ဆင့်ဆို၍ ဒိဋ္ဌသုတ မြို့မင်္ဂလာရှိသောစကားကိုသာ ပြောဆိုပြီးလျှင်၊ ထုံကြည် ဥတည်မင်းထံ ဝင် ထွက်၊ ဥတည်မင်းနှင့် တင်လျှောက်ရန် စကား၊ စစ်သူကြီး မှူးတော်မတ်တော်တို့နှင့် ပြောဆိုရန်စကားများကို အရေးတင်မဖြစ်စေရ အရေးခံပြုလုပ်ပြောဆိုရမည်။*

ဂန္ဓာလရာဇ်တိုင်း တရုတ်ဥတည်မင်းနိုင်ငံ အနောက်မျက်နှာ အစွန်အဖျား မြို့ကျေးရွာများကို ပန်းသေးလူမျိုးတို့ထိပါးနှောက်ယှက်ကြောင်းနှင့် ကြားသိတော်မူလျှင်လည်း ယူနန်မြို့ မိုးမျည်းမြို့ဝန် ဗိုလ်အရာရှိတို့ အင်အားတိုးတက် ထမ်းအားရှက်အားရှိအောင် ကျွန်ုပ်တို့အသျှင် မြန်မာနေထွက်ဘုရင် ဘဝရှင်မင်းတရားကြီးဘုရားက အတွင်းတော်မြဲ ကျွန် တော်မျိုးတို့နှင့် အဆောင်တော်မြဲ ကျော်ထင်ဇေယျနော်ရထာတို့ကို ယူနန်မြို့ မိုးမျည်းမြို့ရော စေလွှတ်တော်မူ၍ အထူးသဖြင့် စောင်မကြည့်ရှုတော်မူကြောင်း၊ မိုးမျည်းမြို့ဗိုလ် မြို့ဝန်တို့က တရုတ်ရဲမက်လက်နက်ကိုင်တို့ စရိတ်ကြေးငွေပြတ်လတ်ကြောင်းနှင့် ၁၂၃၃ ခုနှစ်၊ တပေါင်းလအတွင်း မတာလောရဲ လျှိုးဆံကျင်တို့ကို တင်စာလျှောက်စာ ပေးအပ်စေလွှတ်လာရောက်သည့်ကာလကလည်း ဂွမ်း ၁၀၀ လျှင် သာခွါချိန် ဈေးနှုန်းအကျ ငွေတော် ဒင်္ဂါး ၂၁၃. ၃၀ သင့် ဂွမ်းတော် ၂၀၀၀၀ ကျော်ကို ပေးကမ်း မစတော်မူကြောင်း၊ နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ကျေးရွာရှိ တရုတ်လူမျိုးတို့ကိုလည်း မြန်မာကျွန်တော်မျိုးနှင့်မခြား တရှင်တကျွန်းတည်း သဘောထားတော်မူပြီးလျှင် အထူးသဖြင့် စောင်မ ကြည့်ရှုသိမ်းပိုက်တော်မူကြောင်း။

ဥတည်မင်းနိုင်ငံတော်က လာရောက်မြဲ ရာဇသံလက်ဆောင် မလာမရောက်နိုင် နှစ်ပေါင်း၂၀ ကျော် လစ်လပ်ရှိသည်ကို ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ဘဝရှင်မင်းတရားကြီးဘုရားက မဟာမိတ်အဖြစ် မြဲမြံခိုင်ခန့်သည်ထက်တိုး၍ မြဲမြံခိုင်ခန့်စေလိုသည်ဖြစ်သောကြောင့် အားထုတ်ကြံရည် စေလွှတ်တော်မူ၍ ကျွန်ုပ်တို့ မငြိုမငြင် ပေါက်ရောက် ရှိပါသည်။

မှတ်ချက်မှတ်စာ အသေအချာ ပေးအပ်ခန့်ထားသည့်အကြောင်း၊ အလုံးစုံမျိုးကို စေ့စေ့နှလုံးသွင်း၍ တမန်တို့အင်္ဂါနှင့်အညီ၊ သောတာကြားလွယ်ခြင်း၊ သောတာ ဝစ-ကြားလွယ်အောင်ဆိုတတ်ခြင်း၊ ဥဂ္ဂဟေတာ အားထုတ်၍မှတ်သားခြင်း၊ ဝိညာတာ ကြားသည်ကို အလေ့ပြု၍နားလည်ခြင်း၊ ဓါရေတာ သူ၏ရိပ်ခြည်ကို ကြည့်ရှုသိမြင်နိုင်ခြင်း၊ ဝိညာပေတော မိမိရိပ်ခြည်ကို သူအားသိစေခြင်း၊ ကုသလော သဟီ စီးပွားရှိမဲ့ကို လိမ္မာခြင်း၊ နော့စကလဟာ ငြင်းခုံမရှိကင်းခြင်း၊ အင်္ဂါ ၈ပါး။ အမျိုးအမည် ထင်ရှားခြင်း၊ အင်္ဂါလက္ခဏာနှင့် ပြည့်စုံခြင်း၊ ဇာတ္တိဗလနှင့် ပြည့်စုံခြင်း၊ ခဲရင်းသော အမေးပုစ္ဆာကို မေးနိုင်ခြင်း၊ သူမေးသောပြဿနာကို ဖြေဆိုနိုင်ခြင်း၊ ရဲရင့် တည်ကြည်ခြင်း အင်္ဂါ(၆)ပါး။ ပညာထက်မြန်ခြင်း၊ စကားတတ်ခြင်း၊ ပွဲမှောက်ရဲရင့်ခြင်း၊ သူနှင့် အလိုက်စရိုက်ကျင့်ခြင်း၊ ကိုယ်နှုတ်နှလုံး စောင့်သုံးယဉ်ကျေးခြင်း၊ မှာတိုင်း မကြွင်း မကျန် ပြန်ဆိုနိုင်ခြင်း၊ အင်္ဂါ(၆)ပါးများကို အသင့်နှလုံးသွင်း၍ ပြောရေး ဆောင်ရေး ရောက်သမျှမှာ မနိမ့်မကျ၊ မင်း၏ဘုန်းပညာအင်အားကို ပြောဆိုရာ၌ အရှင်ကိုမထိမစပ်စေရာ၊ ဥတည်မင်း မှူးကြီး မတ်ကြီးတို့နှင့် မြန်မာမှူးလတ်မတ်လတ်၊ ဥတည်မင်း မှူးလတ်မတ်လတ်တို့နှင့် သံတို့ အနေပြိုင်ဆိုင်မိအောင် ကြိုးပန်း လုလ္လ ဥဿဟထုတ်၍ ယုတ်လွန် နိမ့်ကျမရှိ ပြောဆိုထမ်းဆောင်ရမည်။

ဘုရားရှှေဘုန်းတော်မြတ်ကြောင့် လိုတအရေး အခွင့်များကို အလွယ်တကူပြော ဆို ထမ်းဆောင်ပြီး ပြေကုန်တွင်ရှိလျှင်၊ တရုတ်နိုင်ငံအကျဉ်းအကျယ် ရေ လမ်း ကြည်း လမ်း ခရီးတိုင်ကွာများနှင့် နိုင်ငံအတွင်း အိမ်ခြေလူနေမည်မျှရှိသည်၊ မြို့ရွာနယ်ပယ်များကို စုံတူပြုလုပ်သူတို့ မည်သို့ ဆက်လက်ကမ်းလှမ်းကြသည်။ ပဲကျင်း မြို့မကို မည်သို့ထိမ်းအုပ်စီရင်သည်၊ အသီးအသီး စုံတူပြုလုပ်သူတို့ ထိမ်းအုပ်စုမြို့ရွာကို မည်သို့ထိန်းအုပ်ဆင့်ဆိုစီရင်ကြသည်၊ စုံတူချင်းချင်း ထိမ်းအုပ်ပုံတူသည်၊ တရုတ်နိုင်ငံ လုံးကို ဥတည်မင်းက မည်သို့ ဥပဒေထား၍ စီရင်သည်၊ မှူးမတ်တို့ကို အသီးသီး ဩဇာအာဏာ မည်သို့ပေးသည်၊ ဥတည်မင်း တိုင်းပြည်ပေါ်တွင် မည်သို့အစိုးရသည်၊ မှူးမတ်တို့ မည်သို့အစိုးရသည်၊ မည်သည့်နိုင်ငံများနှင့် ဆက်လက်ကမ်းလှမ်းပြီး ရှိ သည်၊ မည်သည့်လူမျိုးက ကိုယ်စားလှယ်ရှိသည်၊ မည့်သည့်နိုင်ငံများနှင့် ဆက်လက် ကမ်းလှမ်းဆဲရှိသည်၊ မည်သို့စာချုပ်ထားကြသည်၊ တရုတ်နိုင်ငံအတွင်း ဥတည်မင်းပိုင် ရင်းမြို့ရွာများကို မည်သည့်လူမျိုးက တစွန်းတစ တစိတ်တဒေသ ပိုင်ဆိုင်ရယူသည်၊ မည်သို့ အထိန်းအုပ်ထားသည်၊ နိုင်ငံစပ်ဖြစ်သော ယိုးဒယား၊ ယွန်းကြီး(ယခု ဗီယက်နမ်) ဂျပန် ရွှတ်ခြား( ရုရှား ) မြောက်မျက်နှာ အနောက်မျက်နှာနိုင်ငံများနှင့် မည်သို့ ဆက်လက်နေထိုင်ကြသည်၊ တရုတ်နိုင်ငံတွင် ကြည်းရေအင်အားရှိသည်၊ အသင့်စည်းကြပ်ပြီး လက်နက်လူသူ မည်မျှရှိသည်၊ မည်သည့် လက်နက်မျိုးရှိသည်၊ ရှိသည့်လက်နက်များကို သုံးနိုင်သည်၊ မသုံးနိုင်သည်၊ အစွန်းအဖျား လမ်းပေါက် လမ်းဝ သင့်သည်၊ မြို့ရွာဆိပ်ကမ်း အရပ်များ နှင့် ခံမြို့ကတုတ် အပြီးအခိုင် တည်လုပ် ရှိသည်၊ မရှိသည်၊ အခွန်ဘဏ္ဍာ မည်သို့ကောက်ခံသည်၊ မည်မျှ ရသည်၊ ဥယျာဉ်လယ် ယာ လုပ်ခင်းဆောင်တာ များသည် နည်းသည်၊ အခု အမှုထမ်းလူတို့ကို မည်သို့ ပေးကမ်း ထမ်းရွက်စေသည်။ မည်သည့်ကုန်မျိုး၊ မည်သည့်ကျောက်မျိုး၊ မည်သည့် ဓာတ်မျိုး၊ မည်သည့် မြေမျိုးထွက်သည်၊ အဘိုးမည်မျှတန် ထွက်သည်၊ ထွက်သမျှကုန် အသုံးအဆောင်များအနက်၊ မည်သည့်ကုန် အသုံးအဆောင် အများဆုံးထွက်နိုင်သည်၊ မည်သည့်စီးပွားချမ်းသာကို အားပြုသည်၊ အယူဝါဒ မည်သို့ ကွဲပြားသည်၊ သာသနာ တော်ကို ကိုးကွယ်ယုံကြည်သူရှိသည်၊ မရှိသည်၊ တိုင်းတပါးက ရှိသေလောက်အောင်၊ တိုင်းခြေပြည်မြစ်ဖြစ်သော အလုပ်အဆောင် အကြံအစည် မည်သို့ရှိသည်၊ မည်သည့် လောကီပညာများကို တတ်မြောက်နားလည်ကြသည်၊ မင်းမှူးမတ်ပြည်သားတို့ ညီညွတ်ကြသည်၊ တရုတ်ပြည်နိုင်ငံတွင် ပညာရှိ လူကြီးလူကောင်း၊ သူဌေးသူကြွယ် ပေါများသည်၊ မပေါများသည်၊ ယခု ပစ္စုပ္ပါန်အခါ တရုတ်ပြည်မှာ မည်သည့် တိုင်းတပါးမင်းကို မဟာမိတ်အားကြီးစွာ ပြုသည်၊ မည်သည့်နိုင်ငံနှင့် အားကြီး ဆက်လက်ကမ်းလှမ်း ပေါင်းသင်းဆက်ဆံသည်၊ အနီးအစပ် မြို့ ရွာ နိုင်ငံများနှင့် ကြည်းလမ်း ရေလမ်း မည်သို့ပေါက်ရောက် ဆက်ဆံကူးသန်းကြသည်၊ မည်သည့် လောကီပညာများကို အနောက်တိုင်းပြည်နိုင်ငံများက ယူဆောင်ခဲ့၍ ဂန္ဓာလရာဇ် တိုင်း တရုတ်နိုင်ငံအတွင်း မည်သို့နေရာချထား လုပ်ဆောင်သည်၊ ချိပ်ကုန်တိုက်

*ကုန်လုံးရေချပ်များ၊ ချိန်တွယ် ရောင်းဝယ်ကြသည်များမှာ အလေး တောင်းတင်းများကို မည်သို့ထား၍ ချိန်တွယ်ရောင်းဝယ် သုံးဆောင်ကြသည်၊ ဥတည်မင်းမှာ မိဘုရားကိုယ်လုပ်မောင်းမ သားတော်သမီးတော် မည်မျှရှိသည်၊ ဥတည်မင်း ထီးနန်းတိုက်အိမ်မည်သို့ ကြီးကျယ်ခမ်းနားသည်မှ စ၍ အရပ်ရပ် မှတ်သားခွင့် မှတ်သားရန် အကြောင်းအရာရှိသည်များကို နေ့စဉ် အမှတ်အသားများနှင့်တကွ ကြွင်းကျန်လစ်လပ်မရှိ ကျေးဇူးသစ္စာတော်မြတ် ဝမ်းဝယ်ရှိသည့်အတိုင်း လေးလေးနာနာ ကျိုးနွံရှိသေစွာ သဘောနှလုံးထားပြီးလျှင် နေရာကျအမှန်အကန် အသေအချာ ရွှေနားတော်မြတ်ကြားတင်လျှောက်နိုင်အောင် နောက် ထပ်မံ စေလွှတ်တော်မူလျှင်လည်း အလွယ်တကူ အမှုတော်ထမ်းရွက်နိုင်အောင် ကြိုးပန်း လုလ္လဥဿာဟပြု၍ မေ့လျော့လစ်လပ်မရှိ စေ့စေ့စုံစုံ နေရာကျ မေးမြန်းမှတ်သားခဲ့ရမည်။*

*ဥတည်မင်းနေဘောဂျင်းမြို့မှာလည်း ဥတည်မင်းနှင့် ဆက်လက်ကမ်းလှမ်း မဟာမိတ်ဖွဲ့ဆိုသည့် နိုင်ငံရှင်မင်းတို့က ကိုယ်စားလှယ်ထားသည် မထားသည်၊ ကိုယ်စားလှယ်ထားလျှင်လည်း မည်သည့်နိုင်ငံများက ထားသည်၊ ကိုယ်စားလှယ်မည်သူဖြစ်သည်၊ တပ်ရာ သေချာ မေးမြန်းပေါင်းသင်း ဆက်လက်ကမ်းလှမ်း၍ နိုင်ငံတော်မဟာမိတ်ဖွဲ့ဆိုဆက်ရလျှင်၊ အကျိုးတော် ဖြစ်ထွန်းရန်ရှိသည်များကို ကိုယ်စားလှယ်တို့နှင့် နောင်ဆက်ဆံပေါင်းသင်းလိုလျှင် ဆက်လက်ကမ်းလှမ်း ပေါင်းသင်းလွယ်အောင် အယုတ် အလွန် အနိမ့်အကျ မရှိ၊ စကားနီးနှောပြောဆိုခဲ့ရမည်။*

*တရုတ်နိုင်ငံသို့ သွားရောက်အမှုတော်ကို ထမ်းရွက်သည်အတွင်း ကိုယ်ကျိုးကိုယ်စီးပွားကို ငဲ့ကွက်ခြင်း မရှိ၊ အခြားတိုင်းပြည်နိုင်ငံများကဲ့သို့မဟုတ်၊ မြတ်စွာဘုရားသာသနာတော် နေလဝန်းအရောင်ကဲ့သို့ ထင်ပေါ်တောက်ထွန်း၍ တရားပြည့်စုံကြသော တိုင်းကြီးပြည်ကြီးသား ဖြစ်သည်နှင့်အညီ အသျှင် အလိုတော် မရှိသည့်အရာ၊ အကျိုးတော်ယုတ်လျော့မည့် အရာများကို တစုံတရာ မကြံမစည် မပြုမကျင့် မပေါက်ကြားစေရ၊ ကင်းလွတ်လုံခြုံအောင် အထူး သဘောနှလုံးထား၍ ရှောင်ကြည်စောင့်စည်း ထိန်းသိမ်းပြီးလျှင် အသျှင် အလိုတော်ရှိမည့်အရာ၊ အကျိုးတော်ဖြစ်ထွန်းတိုးပွားမည့်အရာများနှင့် တိုင်းပြည် မြို့ရွာ သာယာဖြစ်ထွန်း ဆင်းရဲသား အများသတ္တဝါတို့ ချမ်းသာမည့်အရာများကိုသာ နေ့ညအမြဲ နှလုံးစွဲ၍ တပေါက်တလမ်းကြိုးပမ်းအားထုတ် မေ့ကျန်ချွတ်ယိမ်း တိမ်းပါးမရှိ၊ နေရာကျ ချောမောပြေကုန်အောင်၊ ကျွန်ကောင်းလက္ခဏာနှင့်အညီ ဖြောင့်ဖြောင့်ရိုးရိုး ထမ်းဆောင်ရမည်။*

တရုတ်ပြည်သွား သံတော်များသို့ပေးအပ်သည့်မှတ်စာမှာ အလွန်ရှည်လျားသဖြင့် အရေးကြီးသည့်အချက်အလက်ကိုသာ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။ ဖော်ပြခြင်းမပြုသောမှာကြားချက်များအား လေ့လာနိုင်ရန် အကျဉ်းချုပ်၍တင်ပြရလျှင် တရုတ်ပြည်မှသံတော်များလာရောက်စဉ်က မည်သို့ပြုစုစောင့်ရှောက်ဆက်ဆံခဲ့ကြောင်း၊ တရုတ်သံတော်များပြန်သွားသည့်နောက် ယခုကဲ့သို့ သံတော်များကိုစေလွှတ်ခြင်းဖြစ်ကြောင်း၊ ၁၀ နှစ်တစ်ကြိမ်စေလွှတ်မြဲ တရုတ်သံတော်များလာရောက်လျှင် တရုတ်ဥတည်မင်းအား ကိုယ်တိုင်တွေ့မြင်ရသကဲ့သို့ရှိပြီး ဝမ်းမြောက်ဝမ်းသာကြိုဆိုမည်ဖြစ်ကြောင်း ပြောဆိုရန်။

တိုင်းပြည်မြို့ရွာ သာယာငြိမ်ဝပ်၍ မိုးရေဖြောင့်မှန် လုပ်သီးဆောင်ပွား ဖြစ်ထွန်းပေါများကြောင်း ပြောဆိုရန်၊ သာသနာတော်နှင့်ပတ်သက်၍ပြောဆိုခန်းရောက်လျှင် နေပြည်တော်မှစေတီပုထိုးများ အကြောင်း၊ ဆောက်လုပ်လှူဒါန်းသော ကျောင်းတော်ကြီးများ၊ ဇရပ်များ၊ သူအိုသူနာရုံများ၊ မြို့ရွာများတွင် ပြုပြင်လှူဒါန်းသောဘုရားကျောင်းကန်များ၊ သံဃာတော်များအား လှူဒါန်းမှုများပြုလုပ်၍ သာသနာ တော်စည်ပင်သန့်ရှင်း ထွန်းလင်းတောက်ပကြောင်း ပြောဆိုရန်။ပဥ္စမသင်္ဂါယနာနှင့်ပတ်သက်၍ မေးမြန်း ပြောဆိုရန်ရှိလျှင် သုတ်သုံးကျမ်း၊ ဝိနည်းငါးကျမ်း၊ ပိဋကတ်အားဖြင့် သုံးပါး၊ နိကာယ်ငါးပါး၊ အင်္ဂါအားဖြင့် သုံးပါး၊ ဓမ္မက္ခန္ဓာအပေါင်း ရှစ်သောင်းလေးထောင်ကို ကျောက်ထက်အက္ခရာတင်၍ သံဃာတော် ၂၄၀၀ ကျော်တို့ဖြင့် နှုတ်တက်အာဂုံဆောင်၍ ပဥ္စမသင်္ဂါယနာတင် မင်္ဂလာသဘင် ဆင်ယင်တော်မူခဲ့ကြောင်း ပြောဆိုရန်။

မင်းတရားကြီး၏ဘုန်းတော်ဂုဏ်တော်များနှင့်ပတ်သက်၍ပြောဆိုခန်းရောက်လျှင် ကုန်းဘောင် မင်းဆက် သကျသာကီယမင်းရိုးမင်းစဉ် နေထွက်ဘုရင်ဖြစ်ကြောင်း၊ ကျမ်းဂန်နှင့်အညီ မလျော့မတင်း မှန်ကန်ညီညွတ်စွာ ဆုံးမစီရင်လေ့ရှိကြောင်း၊ တိုင်ပင်ခြင်း(၇)ပါးတွင် ပညာရှိတို့တိုင်ပင်ခြင်းဖြင့်သာ အခါခပ်သိမ်း တိုင်ပင်လေ့ရှိကြောင်း၊ အပ္ပမာဒတရား၊ လောကပါလတရား (၂) ပါး၊ သင်္ဂဟတရား(၄)ပါး နှင့် တစ်နေ့ (၇)ကြိမ် စည်းဝေးတိုင်ပင်ကြောင်း၊ စကြာမင်းတို့၏ပညာ(၅)ပါး၊ အား(၅)ပါး၊ ဥပါယ်မာယာ (၄)ပါး၊ စုံစမ်းမြော်မြင်ကြောင်း (၇)ပါး၊ ရန်အောင်မြင်ခြင်း (၄)ပါး၊ မင်းတို့ကျင့်အပ်သော နာယကဂုဏ် (၆)ပါး၊ အပ္ပရိဟာနိယတရား (၇)ပါး၊ ရာဇဂုဏ် (၈)ပါး၊ မင်းကျင့်တရား (၁၀)ပါး၊ စကြာမင်းတို့ကျင့်မြဲ တရား(၁၂)ပါးနှင့် ပြည့်စုံ၍ မုဒ္ဓါဘိသိက် (၂)ကြိမ်ခံတော်မူသည့်မင်းဖြစ်ကြောင်း ပြောဆိုရန်။

နိုင်ငံတော်အတွင်း ရတနာမျိုးစုံပေါများကြောင်းကိုလည်း ပတ္တမြားတွင်း၊ ရွှေတွင်း၊ ငွေတွင်း၊ ခဲတွင်း၊ ပယင်း၊ ဒုတ္တာ၊ ကန့်၊ ကျောက်စိမ်း၊ ကန့်ကူဆား၊ ယမ်းတို့ မြေအနှံ့များစွာရှိကြောင်း၊ ရတနာပုံရွှေမြို့တော်ကြီးတည်ဆောက်ထားပုံ၊ ရွှေနန်းတော်အဆောင်များနှင့် ပလ္လင်(၉)ရပ်ရှိကြောင်း ပြောဆိုရန်။

ရာဇဝတ်မှု၊ ရာဇဝတ်ကြောင်းနှင့်စပ်လျဉ်း၍ပြောခန်းရောက်လျှင် လူဆိုးလူသွမ်းတို့ မပေါ် မထွက်၊ မြို့ရွာသာယာငြိမ်ဝပ်ကြောင်း၊ ရဲမက်လက်နက်ကိုင် (၅၀၀၀၀)ကျော်ကိုလည်း (၆)လတစ်ကြိမ် လစာရိက္ခာပေး၍ စောင့်ရှောက်ထားကြောင်း ပြောဆိုရန်။

ပြည်ထောင်မင်းများနှင့် ရာဇမဟာမိတ်ဖြစ်ရန် အလိုရှိကြောင်း၊ ဥတည်မင်းကဲ့သို့ အင်္ဂလိပ်၊ အီတလီ၊ ပြင်သစ် စသည့်မင်းတို့နှင့် ရာဇမဟာမိတ်ဖြစ်၍ ကူးသန်းသွားလာ သံတမန်မပြတ်ပေါက် ရောက်ကြောင်း ပြောဆိုရန်။

မိဖုရား၊ သားတော်သမီးတော်များနှင့်ပတ်သက်၍ပြောရန်ရှိလျှင် နန်းရဆောင်ရ မိဖုရား(၃၄) ပါး၊ သားတော် (၂၄)ပါးနှင့် အသုံးကံကျွေး၊ အထိန်းရကျေးကျွန်သင်းပင်း အခြွေအရံများ ချီးမြှင့်သော သမီးတော်များရှိကြောင်း ပြောဆိုရန်။

ဆင်ရတနာ၊ မြင်းရတနာများ ပေါများကြောင်း၊ လက်နက်အမျိုးမျိုး၊ စက်ကရိယာအမျိုးမျိုး လုပ်ဆောင်သည့်အကြောင်း၊ စက်ရုံအလုပ်ရုံများအကြောင်း၊ စစ်အင်္ဂါ စစ်သူကြီးတို့အကြောင်းများကို ပြည်ရေးတိုင်းရေး အရှင့်အကျိုး စီးပွားတော် ဖြစ်ထွန်းပြေကုန်အောင် ပြောရန် အသေးစိတ်မှာကြား ကြောင်း တွေ့ရပါသည်။ နောက်ဆုံး၌ မှတ်စာပေးအပ်သည့်အတိုင်း မတည်၊ အရှင့်အလိုတော် မရှိ

သည့်အရာ၊ အကျိုးတော်ယုတ်သည့်အရာများကို တစ်စုံတစ်ရာပြုကျင့်၍ နေရာမကျ မထမ်းဆောင်နိုင်၊ ပြန်ရောက်သည့်အခါ နေ့စဉ်အမှတ်အသားများနှင့် သွားလာရောက်ပေါက် ဖြစ်ပျက်သည့်အကြောင်းအရာများကို မေးမြန်းမရ မှန်ကန်သေချာအောင် မတင်မလျှောက်နိုင်၊ ပေါ့လျော့လစ်လပ် ကိုယ့်ကျိုးစီးပွားငဲ့၍ တစ်ခွန်းတစ်သံတည်းမဟုတ်၊ သဘောကွဲပြား မညီမညွတ် ပြုလုပ်ပြောဆိုကြောင်း ကြားသိရလျှင် အပြစ်ပေးမည်ဖြစ်ကြောင်း သတိပေးထားသည့်သဘော ရှိပါသည်။ သံတော်များသို့ ပေးအပ်သည့်မှတ်စာအပြည့်အစုံကို လေ့လာမည်ဆိုပါက မည်သည့်ခေတ်ကာလမဆို နိုင်ငံအတွက် အကျိုးပြုနိုင်မည့်သံကောင်းတမန်ကောင်းတစ်ဦးဖြစ်စေရန် သင်ခန်းစာယူဖွယ်ရာများ၊ လမ်းညွှန်မှုများ ပေးနေကြောင်းတွေ့ရပေသည်။

## မင်းတုန်းမင်းကြီးလက်ထက် အိမ်ရှေ့စံ ကနောင်မင်းသားကြီးကိုယ်တိုင် ထောက်လှမ်းခဲ့ပုံ

မင်းတုန်းမင်းလက်ထက် အိမ်ရှေ့စံ ကနောင်မင်းသားကြီးကိုယ်တိုင်လည်း တိုင်းရေးပြည်ရာ၌ကိုယ်တိုင်ထောက်လှမ်းခဲ့သည်ဟု ဆရာကြီးမြကေတု၏ဆောင်းပါးထဲ၌ တွေ့ရှိရသည်။ မင်းတုန်းမင်းလက်ထက် ကျောက်တော်ကြီးဘုရား တည်ဆောက်ချိန်က ဖြစ်၏။ ဘုရားတည်ဆောက်ရာတွင် လိုအပ်သည့်ကျောက်များကို လယ်ယာလုပ်ငန်းခွင်မှ ခေတ္တနားနေသည့်အချိန်တွင် ရွာသူရွာသားများက လှည်းများဖြင့် သယ်ဆောင်ပို့ပေးကြရသည်။ ထိုသို့ခိုင်းသည့်အတွက် ဆင်းရဲသားများငြိုငြင်ကြပြီး မကျေမနပ်ဖြစ်ကြသည်ဆို၏။ ထိုကိစ္စနှင့်ပတ်သက်၍ အိမ်ရှေ့မင်းကိုယ်တိုင်ထွက်ပြီး စုံစမ်းလေသည်။ တစ်နေ့တွင် အိမ်ရှေ့မင်းသည် ကျောက်သယ်လှည်းတစ်စီးပေါ်သို့ ခွင့်တောင်းပြီး လိုက်ပါခဲ့၏။ အိမ်ရှေ့မင်းသားက လှည်းသားကို ခင်ဗျားတို့အလွန်ပင်ပန်းနေကြသည်ဟု ကြားရကြောင်း။ နောက်မင်း တက်လာလျှင် သို့ဖြစ်မည်ဟုမထင်ကြောင်း ပြောဆိုသည်ဟု ဆိုသည်။ ထိုအခါ လှည်းသမားက "တော်စမ်းပါဗျာ၊ နောက် ဒီမအေ. . . တက်လာလည်း ဒီထက်ဆိုးမှာပါ" ဟု ပြန်ပြောကြောင်း သိရသည်။ လှည်းသမားက ဤကဲ့သို့ပြောဆိုသည်ကို အိမ်ရှေ့မင်းက အပြစ်မယူခဲ့ကြောင်း၊ အကြောင်းစုံသိရအောင် စုံစမ်းခြင်းသာဖြစ်သည်ဟု ဆိုပါသည်။

# သီပေါမင်း(၁၇၇၈-၁၈၈၅)လက်ထက် ထောက်လှမ်းရေး

၁၈၇၈ခုနှစ် မင်းတုန်းမင်းကြီး နတ်ရွာစံသည့်အခါ သားတော်သီပေါမင်း နန်းတက်ခဲ့ပါသည်။ နန်းတက်သည်နှင့် ထီးနန်းလုပ်ကြံနိုင်မည့်မင်းညီမင်းသားများကို ဖမ်းဆီးကွပ်မျက်ခဲ့သဖြင့် နန်းတွင်းရေးများ ရှုပ်ထွေးခဲ့၏။ မင်းတုန်းမင်းကြီးနတ်ရွာစံခါနီးနောက်ဆုံးအချိန်များ၌ အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ထားသည့်အင်္ဂလိပ်များနှင့်ဆက်ဆံရေးမှာ မပြေလည်တော့ပေ။ သီပေါမင်းနန်းတက်စတွင် အင်္ဂလိပ်များသည် အာဖဂန်နစ္စတန်နှင့် အာဖရိကတောင်ပိုင်းတို့၌ နယ်ချဲ့စစ်ပွဲဆင်နွှဲနေရချိန်ဖြစ်သဖြင့် အထက်မြန်မာနိုင်ငံကိုတိုက်ခိုက်ရန် အာရုံမစိုက်နိုင်ခဲ့ချေ။ သို့ရာတွင် ဆက်ဆံရေးမှာ ပြေလည်လာခြင်း မရှိတော့သဖြင့် ၁၈၇၉ ခုနှစ်တွင် မန္တလေးမှာ၌ထားရှိသည့်အင်္ဂလိပ်သံရုံးကိုယ်စားလှယ် ရွှေ့ပြောင်းရန် အမိန့်ထုတ်ခဲ့ပြီး မန္တလေးမှ ထွက်ခွာစေခဲ့သည်။ အင်္ဂလိပ်တို့၏ခြိမ်းခြောက်မှုမှာလည်း တစ်နေ့တခြား ပိုမိုဆိုးဝါးလာ၏။ စင်စစ် အင်္ဂလိပ်များသည် အထက်မြန်မာပြည်ကိုဆက်လက်သိမ်းပိုက်ရန် နှစ်ပေါင်းများစွာကတည်းက ပြင်ဆင်ခဲ့ပြီးဖြစ်သည်။ သီပေါမင်းသည် တစ်ဘက်က အင်္ဂလိပ်၏ရန်ကို ရင်ဆိုင်ရသကဲ့သို့ နယ်စွန်နယ်ဖျားဒေသများကိုလည်း ထိရောက်စွာမအုပ်ချုပ်နိုင်သဖြင့် မငြိမ်မသက် ဖြစ်နေခဲ့လေသည်။ သီပေါမင်းသည် နိုင်ငံတည်တံ့ရေးအတွက် ပြင်သစ်၊ အီတလီ ဥရောပနိုင်ငံများသို့ သံတမန်များ စေလွှတ်ဆက်သွယ်ခဲ့၏။ သို့ရာတွင် နယ်ချဲ့အင်္ဂလိပ်များသည် မူလရည်ရွယ်ချက်အတိုင်း အကြောင်းရှာ၍ ၁၈၈၅ ခုနှစ်၌ အထက်မြန်မာပြည်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပါသည်။

သီပေါမင်းသည် ခမည်းတော်လက်ထက်က အားကိုးအားထားပြုခဲ့သည့်မှူးကြီးမတ်ကြီးများကို ရာထူးမှချသူကိုချ၊ အချို့ကို ချုပ်နှောင်ဖယ်ရှားပြီး အရည်အချင်းမရှိသည့်သူ၏လူယုံများကို နေရာပေးခဲ့သည်။ ထိုကဲ့သို့သောလုပ်ရပ်များကို ထောက်ရှုခြင်းအားဖြင့် သီပေါမင်းသည် မင်းတုန်းမင်းကြီး၏ထောက်လှမ်းရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ခြင်း ရှိမရှိ၊ စနစ်တကျဆောင်ရွက်ခြင်းရှိမရှိ ဆိုသည်မှာ စဉ်းစားစရာအဖြစ် ရှိနေပါသည်။ မင်းတုန်းမင်းကြီးလက်ထက်တော်ကကဲ့သို့ ထက်ထက်မြက်မြက် လုပ်နိုင်ခဲ့သည့်အနေအထားမျိုး မတွေ့ခဲ့ရပေ။ သို့ရာတွင် ရှမ်းပြည်နှင့်ဇင်းမယ်ဒေသကို အထောက်တော်များစေလွှတ်ပြီး သတင်းထောက်လှမ်းခဲ့သည့်အထောက်အထားများတွေ့ရသဖြင့် ထောက်လှမ်းမှုများ လုပ်တန်သလောက်လုပ်ခဲ့သည်ဟု ဆိုရပေမည်။ အဓိကရန်သူဖြစ်သည့်အောက်မြန်မာနိုင်ငံမှ နယ်ချဲ့အင်္ဂလိပ်နှင့်ပတ်သက်၍ ထောက်လှမ်းမှုလုပ်ဆောင်ခဲ့သည့်မှတ်တမ်းမှတ်ရာ များများစားစား မတွေ့ရပေ။ ဆရာမြသန်းတင့်၏ 'တောင်သမန်ရွှေအင်းက လေညှင်းဆော်တော့' စာအုပ်ထဲတွင် ဖရက်ဒရစ်အားစ်၏ ကြေကွဲဖွယ်ရာနိဂုံးနှင့် အန်ဒရေးရိ သစ္စာဖောက်မှု ဆိုသည့်အခန်း၌ သီပေါဘုရင်သည် ကုန်သွယ်ရေးကိုယ်စားလှယ်အဖြစ် ဦးကြည်ဆိုသူကို ရန်ကုန်မှာထားရှိသည်ဟု သိရ၏။ ဦးကြည်သည် ၁၈၈၅ ခုနှစ် အောက်တိုဘာလ (၂၂)ရက်နေ့စွဲဖြင့် အင်္ဂလိပ်အစိုးရ၏ရာဇသံကို ကြိုတင်သိရှိသည်နှင့် ကင်းဝန်မင်း

ကြီးထံသို့ ကြေးနန်းဖြင့် သတင်းပေးပို့ခဲ့ပါသည်။ အင်္ဂလိပ်နယ်ချဲ့တပ်သား (၁၀၀၀၀)သည် ဧရာဝတီ ဖလိုတီလာ သင်္ဘောများ၊ သမ္ဗာန်များဖြင့် သရက်မြို့သို့ ရောက်လာကြပြီး နယ်စပ်ကိုကျော်ဖြတ်ကာ အထက်မြန်မာပြည်ကိုတိုက်ရန် အမိန့်စောင့်နေကြပြီဆိုသည့်သတင်းကိုလည်း ဦးကြည်ကပင် နေပြည်တော်ကို ကြိုတင်သတင်းပေးပို့ခဲ့သည်ဟု သိရ၏။ ဦးကြည်တို့ကဲ့သို့ အခြားအထောက်တော်များလည်း ရှိကောင်းရှိနိုင်ပါသည်။ ပြည်တွင်းပြည်ပအန္တရာယ်အတွက် ထိုးဖောက်ထောက်လှမ်းခြင်းနှင့်ပတ်သက်၍ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး(တတိယတွဲ) စာမျက်နှာ (၅၈၇)တွင် သက္ကရာဇ် ၁၂၄၄ တပေါင်းလဆန်း(၃)ရက်နေ့၌ နိုင်ငံတော်မှရှောင်ရှားနေသူ မြင်းခုန်တိုင်စားကို ဘဏါရပ်မြို့(ဗာရာဏသီ)တွင် ချုပ်ထားကြောင်း၊ မြင်ကွန်းစားမှာ ပြင်သစ်ပိုင် ချန်တာနဂိုရ်မြို့မှ ဇေခုန်မြို့သို့ကူးသွားရာ အင်္ဂလိပ်က ပြင်သစ်ထံမတောင်းနိုင်ကြောင်း၊ မြင်ကွန်းစားကလည်း အပြစ်မရှိဘဲ ထောင်တစ်သက်ထားသူကဲ့သို့ မနေနိုင်၊အင်္ဂလန်အတွင်းနေသူတို့ကို အထိအပါးမရှိ မြန်မာနိုင်ငံသို့ သွားလိုသည်ကို အင်္ဂလိပ်မင်းက မတားသင့်ကြောင်းနှင့် ဘုရင်ခံမင်းကြီးထံစာပို့သည်တွင် ဘုရင်ခံမင်းကြီးက စာကို လန်ဒန်မြို့ပါလီမန် လွှတ်တော်သို့ပို့ကြောင်း၊ ညောင်ရမ်းစား၊ ညောင်အုပ်စား၊ မြင်းခုန်တိုင်စားတို့က ဘဏါရပ်တွင်ရှိကြောင်း ထောက်လှမ်းစေသူ မင်းလှမြို့နေငချွဲ ပြန်ရောက်ကြားသိရကြောင်း လွှတ်တော်သို့ကြေးနန်းရောက်သည်ဟု တွေ့ရှိရပါသည်။ သီပေါမင်းလက်ထက်တစ်လျှောက်လုံး မန္တလေးနေပြည်တော်၌ အင်္ဂလိပ်၏သူလျှိုများ ခြေချင်းလိမ်နေကြပြီ ဖြစ်သည်။ သီပေါမင်းသည် ထက်ထက်မြက်မြက်မရှိဟုဆိုကြသော်လည်း စုဖုရားလတ်(၁၈၅၉-၂၄ နိုဝင်ဘာ ၁၉၂၅)၏ထောက်လှမ်းရေးလုပ်ဆောင်မှုမှာမူ အစွမ်းထက်သည်ဟု ဆိုရပါမည်။ စင်စစ် စုဖုရားလတ်သည် မင်းသမီးဘဝကတည်းက ခမည်းတော် မင်းတုန်းမင်းကြီး၏ အထောက်တော် ဖြစ်ခဲ့၏။ စုဖုရားလတ်သည် မိဖုရားခေါင်ကြီးဖြစ်သည့်အခါ ကိုယ်ပိုင်အထောက်တော်များထားရှိကြောင်းလည်း သိရသည်။ ထို့ကြောင့်လည်း ထက်ထက်မြက်မြက်နှင့် ဘုရင့်အပေါ် ဩဇာသက်ရောက်မှုရှိသည့်မိဖုရားခေါင်ကြီး ဖြစ်ခဲ့လေသည်။

မယ်တော်ဆင်ဖြူမရှင်သည် သီပေါမင်းနှင့်စုဖုရားလတ်တို့ကို သစ္စာဖောက်ကာ အိန္ဒိယနိုင်ငံ ချန္ဒရာနဂို၌ရောက်နေသည့် မြင်ကွန်းမင်းသားကြီးအား အငယ်ဆုံးသမီးတော်နှင့်ပေးစားပြီး နန်းတင်ရန် ကြံစည်ခဲ့သေးသည်။ ၁၈၈၄ ခုနှစ်မေလ(၂၃)ရက်နေ့တွင် ဆင်ဖြူမရှင်က လူယုံတော်အပျိုတော်တစ်ဦးအား မြင်ကွန်းမင်းသားကြီးထံ စိန်နှင့် ငွေတော်ငါးသောင်းပို့ရန် ရန်ကုန်မြို့မှ အိန္ဒိယသို့ စေလွှတ်ခဲ့သည်ဆို၏။ ထိုအကြံအစည်ကို စုဖုရားလတ်၏အထောက်တော်များသိသွားသဖြင့် ပျက်သွားခဲ့သည်ဟု သိရသည်။ ထို့ပြင် စုဖုရားလတ်သည် ကာလကတ္တားမြို့အနီး ဘာရပ်ပူရ်မှာနေထိုင်သည့် ညောင်ရမ်းမင်းသားကိုပင် သတ်ဖြတ်သုတ်သင်ရန် သူလျှို (၆)ဦးစေလွှတ်ခဲ့သည်ဆို၏။ စုဖုရားလတ်သည် နယ်ချဲ့အင်္ဂလိပ်များနှင့်ပတ်သက်၍ မည်သို့ထောက်လှမ်းခဲ့သည်ကိုမသိရသော်လည်း နန်းစည်းစိမ်တည်မြဲရေးအတွက်မူ ထီးနန်းလုနိုင်သူများ၏သူလျှိုများအား တန်ပြန်ထောက်လှမ်း ဖော်ထုတ်နှိပ်ကွပ်နိုင်ခဲ့ကြောင်း တွေ့ရပါသည်။ သီပေါမင်း၏ထီးနန်းကိုလုပ်ကြံရန်အတွက် ရန်ကုန်၊ ကလကတ္တား၊ ပွန်ဒီ ချေရီမြို့တို့မှ နည်းမျိုးစုံဖြင့် ရုပ်ဖျက်ဝင်ရောက်လာသည့်သူလျှိုများကို စုဖုရားလတ်က ရက်စက်စွာ ဖော်ထုတ်နှိမ်နှင်းခဲ့ကြောင်း တွေ့ရှိရ၏။ တစ်ဦးချင်းကို အမိအရဖမ်းပြီး ဖမ်းဆီးရမိသူများကို နေပူလှန်းကာ ရက်ရက်စက်စက် ညှဉ်းပန်းခဲ့သည်ဆို၏။ ထိုအပြုအမူများကို ဝန်ကြီးများကိုယ်တိုင်က မနှစ်မြို့သော်လည်း ထီးနန်းအရေးဖြစ်သဖြင့် မည်သူမှ မတားမြစ်ရဲကြပေ။ မိဖုရားကြီးသည် တစ်ဘက်က လုံခြုံရေးတပ်များကို ချီးမြှင့်

မြောက်စားပြီး တစ်ဘက်ကလည်း ရန်သူများကို ပြင်းထန်စွာ နှိမ်နင်းခဲ့သည်။ မသက်ာသူများကိုလည်း အတောမသတ်အောင် လူသိရှင်ကြား အဖမ်းအဆီးပြုလုပ်ခဲ့သည်ဟု ဒေါက်တာခင်မြကြူ မြန်မာပြန်သည့် 'ကုန်းဘောင်ခေတ် မြန်မာ-ပြင်သစ်ဆက်ဆံရေးသမိုင်း' စာအုပ်ထဲ၌ လေ့လာတွေ့ရှိရပါသည်။

## စစ်ရေးနှင့်ပတ်သက်၍ ရှမ်းပြည်အရှေ့ပိုင်းနှင့်ဇင်းမယ်ဒေသသို့ ထောက်လှမ်းခဲ့ပုံ

သီပေါမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၂၄၅ ခုနှစ်၌ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ပုန်ကန်မှု ပေါ်ပေါက်ခဲ့ပါသည်။ မိုးနဲ၊ မိုင်းနောင်၊ ရပ် စောက်၊ မိုင်းပျင်းစော်ဘွားများ ပူးပေါင်းပြီး ပုန်ကန်ခဲ့ခြင်း ဖြစ်ပါသည်။ သီပေါမင်းတပ်များက ပုန်ကန်မှုကိုနှိမ်နင်းသည့်အခါ ပုန်ကန်သူများသည် ကျိုင်းတုံစော်ဘွား နှင့်ဆက်သွယ်ပြီး ကျိုင်းတုံစော်ဘွား၏နယ်မြေကို ခိုဝင်ကြ၏။ ကျိုင်းတုံစော်ဘွားက ဇင်းမယ်နှင့်ဆက် သွယ်ပြီး အကူအညီတောင်းခဲ့သည်။ ဇင်းမယ်ကလည်း မြန်မာတပ်များ အင်နှင့်အားနှင့်ချီတက်လာ သည်ဟု ကြားသိရသဖြင့် အကူအညီမပေးခဲ့ချေ။ ထိုပုန်ကန်သူများကိုနှိမ်နင်းရန်အတွက် မည်သို့ ထောက် လှမ်းခဲ့ကြသည်ကို အထောက်တော်များ၏အစီရင်ခံတင်လျှောက်လွှာများတွင် တွေ့ရှိရ၏။ ထိုခေတ်က သံဃာတော်များပါ အထောက်တော်များအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့ရှိရသည်။ နားခံဟုခေါ်သောအထောက်တော်များသည် အသွင်အမျိုးမျိုးနှင့် ယိုးဒယားနယ်မြေအတွင်းသို့တိုင်အောင် စွန့်စွန့်စား စား ထိုးဖောက်ထောက်လှမ်းခဲ့ကြသည်ကိုလည်း တွေ့ရပေသည်။ မည်သို့ပင်ဖြစ်စေ သီပေါမင်း လက်ထက်၌လည်း ထောက်လှမ်းမှုများကို သူ့ခေတ်နှင့်သူ စနစ်တကျ လုပ်ခဲ့ကြကြောင်း အထင်အရှား တွေ့ရမည် ဖြစ်ပါသည်။

မိုင်းနောင်ကြောင်းချီ ဗိုလ်ချုပ်ပုဂံဝန်ထောက်က လွှတ်တော်လျှောက်လွှာ

*ဘုရားကျွန်တော် ပုဂံမြို့ဆိုင်ရာ ၉ ခရိုင်အုပ် ဝန်ထောက်မင်းကြီး မင်းမဟာ ရာဇသင်္ကြံ ရှိခိုး အစီရင်တော်ခံပါသည်ဘုရား။ သံလွင်အရှေ့ဘက် သူပုန် တို့ အကြောင်းအရာ အကြံအစည်များကို တပ်ရာသိရအောင် မိုင်းနောင်မြို့ စုတ်လတ်ရွာ က ပြောင်းရွှေ့ ထွက်သွား၊ ကျိုင်းတုံမြို့ မင်္ဂလာကျောင်းတွင် သတင်းသုံးနေသည့် ရဟန်းတော် ဦးပညာထံ မိုင်းနောင်မြို့စား သီဝိရဋ္ဌမဟာဇေယရာဇာ လူစေလွှတ် လျှောက်ထားစေရာ၊ ရဟန်းတော်ဦးပညာက ပေးသည့်စာပြန်ရောက်၊ သူတို့ထွက်ဆို ချက်များကို သိတော်မူသာအောင် ယောဲ၊ ထီးလင်းငယ်သူကြီး ရိုးငကန်းမှူး၊ ပုဂံမြို့ သစ်တောင်ရွာသူကြီး ရိုးငဖြိုးတို့ကို စေလွှတ်ဆက်သပါကြောင်း ရှိခိုး အစီရင်တော်ခံပါ သည်ဘုရား။*

*လွှတ်တော်မှတ်တမ်း စာ-၁၇၃*

ကျိုင်းတုံမြို့ကို စေလွှတ်ထောက်လှမ်းပြန်ရောက်သူ
ငစံခန်း၊ ငတံကူးတို့ ထွက်ဆိုအစစ်ခံချက်

*၁၂၄၆ခုဝါခေါင်လပြည့်ကျော် ၄ ရက်နေ့ ကျိုင်းတုံမြို့က ထောက်လှမ်းပြန် ရောက်သူ ငစံခန်း၊ ငတံကူးတို့ကို မေးသော်----*

*ကျိုင်းတုံမြို့ သူပုန်တို့ အကြောင်းအရာများကို တပ်ရာသေချာ သိရအောင် ကျိုင်းတုံမြို့ မင်္ဂလာကျောင်းနေ ရဟန်းတော်ဦးပညာ ကျောင်းရောက် သွားရောက် ထောက်လှမ်းရမည်။ မိုင်းနောင်မြို့စားက စေလွှတ်သောကြောင့် လက်ဖက်ခြောက်၊ ကွမ်းသီး၊ ထားလှီးဆေး၊ ဒိန်၊ ထန်းလျက်၊ နွားနို့ဆီ၊ လံခြား တစ်ငယ်များကို ထမ်းဆောင်၊ ကုန်သည် ပြုလုပ်ထွက်သွား၊ လှည့်လည်ရောင်းချရာ သံလွင်အရှေ့ဘက် ကူးတို့များတွင် တစ်ကူးတို့လျှင် လူ(၃၀၊ ၅၀၊ ၆၀)ခန့် စောင့်နေရှိကြပါသည်။ ဖျက်ကန့်တွင် ဗိုလ်ငခန်း မှန်းတယားအမတ်ဆိုသူတို့နှင့် လူ ၄၀၀ ကျော်ခန့် တပ် မြေကတုတ်နှင့် ရှိပါသည်။ ဘော်ကြိုးတွင် ဗိုလ်ကန္တာ ရွှေလုံဗိုလ်ဆိုသူနှင့် လူ ၃၀၀ကျော်၊ ၄၀၀ ခန့် ရှိပါ သည်။ မိုင်းပျဉ်းမြို့တွင် လူ ၄၀၀ ကျော် ၅၀၀ ခန့် တပ်မြေကတုတ်နှင့် ပြင်ဆင်လုပ်ဆောင်လျက်ရှိသည်များကို ကြည့်ရှုရန် ကျိုင်းတုံမြို့သို့ထွက်သွား၊ ကျိုင်းတုံမြို့ထဲတွင် မြို့ရိုး၊ မြို့တာ လမ်းပေါက် လမ်းဝ များကို ပြင်ဆင်လုပ်ဆောင်သည် ကို တွေ့မြင်ပါသည်။ မင်္ဂလာကျောင်း ဦးပညာထံ ဆိုက်ရောက်လျှင် လှူဒါန်းရန် ထန်းလျက်၊ ကွမ်းသီး၊ လက်ခြောက်များကို လှူဒါန်းပေးအပ်လိုက်ရင်း စာကိုပြသ လျှောက်ထား၊ ဦးပညာက ပြန်ပေးသည့်စာများကို ယူဆောင်၊ တပ်တော်သို့ ၁၂၄၆ခု၊ ဝါခေါင်လပြည့်ကျော်(၆)ရက်နေ့ ဆိုက်ရောက်ပါသည် ထွက်ဆိုသည်။*

*လွှတ်တော်မှတ်တမ်း၊ စာ-၁၇၃*

ကျိုင်းတုံမြို့ မင်္ဂလာကျောင်းနေ ဦးပညာက မိုင်းနောင်မြို့စားထံပေးသည့်မေတ္တာစာ

*ရဟန်းတော်ဦးပညာ ကြားသိလိုက်သည်။ တကာမိုင်းနောင်မြို့စား မောင်စန်း၊ သံလွင်အရှေ့ဘက်က သူပုန်တို့လာရောက်၊ ဟုတ်လပ် ကျေးရွာကို ဖျက်ဆီး၊ နေရင်းကျောင်းများကို မီးတိုက်ရှို့သောကြောင့် ဥပဇ္ဈာယ်ဆရာရှိရာ ကျိုင်းတုံမြို့ မင်္ဂလာကျောင်းသို့ သွားရောက်နေထိုင်ရသည်။ သီတင်းဝါလကျွတ်လျှင် မိုင်းနောင်မြို့ တကာရှိရာ ပြန်လည်မည် ကြံစည်နေသည့်အတွင်း မိုင်းနောင်မြို့စားက ငစံခန်း၊ ငတံကူးတို့ကို စေလွှတ်၊ ကွမ်းသီးချိန် ၁၊ ထန်းလျက် ၁၊ လက်ခြောက် ၂ များကို လှူဒါန်းရရှိပေသည်။ ကျိုင်းတုံမြို့အကြောင်းအရာများကို သိလိုသည်။ လျှောက်စာပါ သည့်အတိုင်း၊ ဆရာကြားသိရသည်မှာ ကျိုင်းတုံစော်ဘွားက မိုးနဲစော်ဘွားတို့ကို အမြောက်၊ စိန်၊ သေနတ်၊ ခဲ၊ ယမ်း၊ မီးကျောက်၊ စားနပ်ရိက္ခာ ပေးကမ်း၍ သီတင်း မကျွတ်မီ သံလွင်အရှေ့ဘက် မြန်မာနှင့်အလိုတူ မိုင်းလွန်းမော်ဘွမြို့ရွာများကို တိုက်*

*ခိုက်ရမည်။ အနောက်ဖက်တစ်ခုကိုလည်း တိုက်ခိုက်ရမည်။ ကျိုင်းတုံနယ်စွန်နယ်ဖျား များက လူ ၁၀၀၀၊ မိုးနဲ မိုင်းနောင်တို့နှင့်ထည့်အပ်သည့် မိုးနဲမိုင်းနောင်တို့က ငှားရန်း စေစပ်သည့်လူလည်း ၅၀၀၀ ကျော် ရှိသည်။ သီတင်းကျွတ်လဆန်းလျှင် မိုင်းနောင်မြို့ ကို အရယူမည်။ မိုင်းနောင်ကိုရလျှင် မိုးနဲကိုယူမည်။ ယခုတစ်ကြိမ် တားကြို၍တိုက်ခိုက် ကြ၍မရလျှင် ကျိုင်းတုံနယ်နှင့်လွတ်အောင်နေ၊ ကျိုင်းတုံစော်ဘွားကြီးက ပြောဆို ကြောင်း၊ ကျိုင်းတုံမြို့လမ်းပေါက် လမ်းဝများမှာလည်း ပြင်ဆင်လုပ်ဆောင်ရှိသည်။ အရပ်ရပ်ကို သတိပညာရှိသည့်အတိုင်း တကာမိုင်းနောင်မြို့စားက ဗိုလ်ချုပ် ဝန်ထောက်မင်းထံ လျှောက်ထားပြောဆိုမည့်အကြောင်း ကြားလိုက်သည်။*

*လွှတ်တော်မှတ်တမ်း၊ စာ-၁၇၄*

သက္ကရာဇ် ၁၂၄၆ ခု၊ တော်သလင်းလဆန်း ၉ရက်နေ့
နာခံငမှဲ့တွင် ပါသည့် စက္ကူစာ

*ဘုရားကျွန်တော် ဗိုလ်ချုပ် နောက်ဝင်းတော်မှူး ပျဉ်းမနားမြို့စားကြီး မဟာ မင်းလှမင်းခေါင် ရှိခိုးအစီရင်ခံတော်မူပါသည်ဘုရား။ သူပုန် ငကျီ၊ ငထွန်း၊ ငဝိုင်း၊ ငဘက်တို့နှင့် ကျိုင်းတုံစော်ဘွားတို့ အကြံအစည် ယိုးဒယားဇင်းမယ်မြို့များသို့ ကူးသန်းထွက်ဝင် အကြောင်းအရာများကို အရပ်ရပ်တပ်ရာသိရအောင် ကျိုင်းတုံ တပ်နားခံ ရဲလှရဲထင်ကို စေခိုင်း ထောက်လှမ်းရာ၊ ရရှိသည့်ထောက်လှမ်းစကား မေးချက်၊ ထွက်ချက်များနှင့် ထောက်လှမ်းပြန်ရောက်ရင်းသို့ နာခံငမှဲ့ကို စေလွှတ်လာပါစေကြောင်း သိတော်မူသာအောင် ရှိခိုး အစီရင်တော်ခံပါသည်ဘုရား။*

ထောက်လှမ်းစေခိုင်းသူ နာခံငမှဲ့၊ ငပန်းဦးတို့ လျှောက်ရင်းစာလကွဲ

*ဘုရားကျွန်တော် တပ်ဦးနာခံရဲလှရဲထင် ရှိခိုး အစီရင်တော်ခံပါသည်ဘုရား။ ။ နယုန်လပြည့် ကျော် ၈ ရက်နေ့ တပ်မတော်က ဇင်းမယ်လမ်းများသို့ ထွက်သွားရာ၊ မိုင်းပန်မြို့သို့ ဆိုက်ရောက်၊ မိုယ်းလအခါ ဖြစ်ပါသောကြောင့် ဖျားနာမကင်း ဆေးဝါး ကုသ ချမ်းသာရသည်ဖြစ်ပါ၍၊ ၁၀ ရက် ရပ်ဆိုင်းပြီးမှ မိုင်းပန်မြို့စား၊ မိုင်းတွန် စော်ဘွားကြီးက ဘက်ထည့်သူကျောင့်တကာ ငပန်းဦး၊ ကျွန်တော်မျိုး နောက်ပါလူ ၅ ယောက်နှင့် စခန်းစဉ်မပြတ် တက်သွားရာ၊ ဝါဆိုလဆန်း ၁၃ ရက်နေ့၊ ဇင်းမယ်နှင့် ခရီး ၂ ညဥ့်ကွာ၊ မိုင်းငဲ့ကျေးရွာသို့ ဆိုက်ရောက်လျှင်၊ ဇင်းမယ်မြို့က ကုန်သည် အများထွက်လာ၊ လမ်းတွင် တွေ့ရှိမေးမြန်းရာ၊ ဗန်ကောက် အိမ်ရှေ့မင်း၊ ဇင်းမယ်မြို့သို့ တက်လာ၊ ရပ်တန့် ရှိသည်နှင့် ကျိုင်းတုံစော်ဘွားနှင့် ငကျီ၊ ငထွန်း၊ ငဝိုင်း၊ ငဘက်တို့က ယခုကျွန်တော်တို့ ကျိုင်းတုံ၊ ကျိုင်းချိုင်မြို့ ကျေးရွာနယ်မြေများကို တိုက်ခိုက်မည်စွဲရပ် နေသည့်၊ မိုးနဲဗိုလ်ချုပ်တပ်မတော်ကစ၍၊ သံလွင်မြစ်ရိုးတလျှောက် ကောက်ကောက်*

*ကွေကွေ၊ အဝဝလမ်းများက၊ ရှမ်းတပ်၊ မြန်မာတပ် လူ ၁၀၀,၀၀၀ ကျော်၊ စွဲရပ်ရှိသည်သာမက၊ ဖဝါးတော်မြတ်အောက်က ထပ်မံပြင်ဆင် ချီတက်လာမည့်၊ တပ်တော်လူ ၅၀၀,၀၀၀ ကို မိုယ်းရေစဲငြိမ်းရှိလျှင် အမှန်ကျိုင်းတုံ၊ ကျိုင်းချိုင်သို့ ဆိုက်ရောက်မည်ဖြစ်၍၊ ဇင်းမယ်မြို့က ကူညီပါမှ ချမ်းသာရပါတော့မည် ဖြစ်ပါ သော့ကြောင့်၊ ကူညီပါ၊ လစဉ်မပြတ် လက်ဆောင်ပဏ္ဏာ လူ စာ စေလွှတ်သည်ကို အိမ်ရှေ့မင်းလည်း ဘုရာ့ရွှေဘုန်းတော်မြတ် မခံဝံ့သည်ဖြစ်ပါသောကြောင့် ၊ ဗန်ကောက်အုပ်စုပါ ဇင်းမယ်မြို့ကျေးရွာသို့ ဌင်းစစ်ကြီး ဆိုက်ရောက်မည်ကို အလွန်ကြောက်ရွံ့ရှိသည်နှင့် ဇင်းမယ်မြို့ဆင်ခြေဖုံးကျေးရွာကစ၍၊ နယ်ဦး နယ်ထိပ်ထိ ကင်းဝပ် ကင်း ပတ် ကင်းတပ် နေ့ညလှည့်ပတ်စောင့်နေကြရမည်။ မြန်မာတပ်တော်နှင့် ကျိုင်းတုံ၊ ကျိုင်းချိုင်မြို့ ကျေးရွာနှင့်ရှုပ်ထွေးကြသည်လည်းတကြောင်း၊ တမြို့နှင့်တမြို့ တနိုင်ငံနှင့်တနိုင်ငံ အမှုများပြားဥပဒေမသေမဝပ်ကြသည့်အခါ၊ တိုင်းတပါး နိုင်ငံသားကုန်သည်တို့ ထွက်ဝင်မရှိစေနှင့်။ ကျန်ကုန်သည်များကိုလည်း၊ သားမယားရှိရာ မြို့ကျေးရွာများသို့ ပြန်သွားစေရမည်။ ထပ်မံ၍ အဝင်အထွက် မရှိစေရ။ ဗန်ကောက်အိမ်ရှေ့မင်းက စာဆင့်ဆိုရှိပါကြောင်း၊ ကုန်သည်တို့ ပြောဆိုသည်တရပ်၊ ဇင်းမယ်လူမျိုးဦးစွန်းဖုတ်တို့လည်း၊ ကုန်သည်များကဲ့သို့ ပြောဆိုရှိပါကြောင်းများကို သိတော်မူသာအောင် ရှိခိုး အစီရင်တော်ခံပါသည်ဘုရား။ ။*

## ကုန်းဘောင်ခေတ် လေ့လျှင်၊ မြင်းလျှင် ဆက်သားများ၏ ထောက်လှမ်းရေးတာဝန်

ကုန်းဘောင်ခေတ်၌ လေ့လျှင်တော်၊ မြင်းလျှင်တော်များသည် အရေးကြီးသည့် ကြားစာ၊ မှာစာ၊ ဆင့်စာ၊ ချစာများကို ယူဆောင် ပို့ပေးရပါသည်။ ယခုခေတ်အခါ ဆက်သားဟု ပြောရပါမည်။ ကုန်းဘောင်ခေတ်တွင် အညာဆန်လှေလျှင်အကြီးအမှူးကို ခတ်လှေစီးအရာရှိဟု ခေါ်၏။ လိမ္မာပါးနပ်သည့်အဆောင်တော်မြဲများကို ခတ်လှေစီးအရာရှိအဖြစ် တာဝန်ပေးသည်။ ခတ်လှေစီးများသည် စာပို့ရုံသာမက အထောက်တော်များဖြစ်ကြသည့်အတွက် မြို့ရွာဒေသအခြေအနေများကိုလည်း စုံစမ်းတင်ပြကြရသည်ဆို၏။ အရာရှိများကတစ်ဆင့် အရေးကြီးသည့်ကိစ္စများကို ဘုရင့်ထံ တင်သွင်းရသည်ဟုသိရသည်။ ခြေလျင်သွားရန်မသင့်သည့်အရေးကြီးကိစ္စများကို မြင်းနှင့်သွားရောက်ရသည်။ မြင်းသည်တော်ဟုလည်း ခေါ်ကြသည်။ စင်စစ် လေ့လျှင်တော်၊ မြင်းလျှင်တော်များသည်လည်း ထောက်လှမ်းရေးတာဝန်ထမ်းဆောင်ရသူများ ဖြစ်ကြပါသည်။

## ကုန်းဘောင်ခေတ်နှောင်းပိုင်း ပြဋ္ဌာန်းခဲ့သည့် စုံစမ်းထောက်လှမ်းမှုနှင့်ပတ်သက်၍ ခရိုင်ဝန်၊ မြို့ဝန်တို့ စောင့်ထိန်းလိုက်နာရမည့် ဥပဒေ

ကုန်းဘောင်ခေတ်နှောင်းပိုင်း၌ ခရိုင်များခွဲဝေပိုင်းခြားပြီး ခရိုင်ဝန်၊ လက်ထောက်အရာရှိစသည်များ ခန့်ထားအုပ်ချုပ်ရာတွင် လိုက်နာရမည့် ဥပဒေများကို ပြဋ္ဌာန်းညွှန်ကြားခဲ့ပါသည်။ ကျောက်

စာဝန် မစ္စတာတော်စိန်ခို(၁၈၆၄-၁၉၃၀)တည်းဖြတ်သည့် လွှတ်တော်မှတ်တမ်း၌-

*သူခိုးထားပြ လူဆိုးလူသွမ်းတို့ကို ဖမ်းဆီး ရမိလွယ်အောင် အထောက်အလှမ်း စေခိုင်းရန်ဆို၍ ခိုးယူတိုက်ခိုက် ဆိုးသွမ်းဘူးသူတို့ကို လက်ခံမွေးထားမရှိ စောင့်ရှောက် ရမည်။*

သူခိုး၊ ဓားပြများကိုဖမ်းဆီးရမိရေးအတွက် စုံစမ်းထောက်လှမ်းရန်အကြောင်းပြပြီး ဆိုးသွမ်းသူများကို မွေးမြူထားခြင်းမရှိအောင် ကြပ်မတ်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ အဓိပ္ပာယ်မှာ သူခိုး၊ ဓားပြ ဆိုးသွမ်းသူကို သတင်းပေးအဖြစ် မမွေးစေနှင့်ဟု ဆိုသည့်သဘောပင် ဖြစ်ပါသည်။ အလားတူ မြို့ဝန်အရာရှိများလိုက်နာရန် ညွှန်ကြားချက်များထဲတွင်လည်း ထိုကိစ္စနှင့်ပတ်သက်၍ ထပ်မံပါရှိ၏။

*မြို့ရွာနယ်မြေအတွင်း သူခိုးထားပြ ခိုးယူတိုက်ခိုက်ရှိလျှင် ဖမ်းဆီးရမိနိုင်အောင် အထောက်အလှမ်းစေခိုင်းရန်ဆို၍ ခိုးယူတိုက်ခိုက် ဆိုးသွမ်းဘူးသူတို့ကို လက်ခံ မွေးထား မရှိစေရ။ စောင့်ရှောက်ထိန်းသိမ်းရမည်။*

သီပေါမင်းလက်ထက်၌ ဥပဒေပြဋ္ဌာန သီးခြားထားရှိပြီး ဥပဒေပြုအစည်းအဝေးများ ပြုလုပ်ပါသည်။ ပြုစုခဲ့သည့်ဥပဒေအများအပြားရှိသည့်အနက် ထောက်လှမ်းချက်ပါ လူတို့ကိုခေါ်ချ စစ်ဆေးနည်းဥပဒေ ဆိုပြီး ဥပဒေများစာရင်းထဲ၌ တွေ့ရပါသည်။ သို့ရာတွင် ပြဋ္ဌာန်းအသုံးပြုခဲ့ကြောင်း အထောက်အထားမတွေ့ရသဖြင့် အဆိုပါဥပဒေတို့သည် ဥပဒေပြုခဲ့ပြီးပြီလော၊ ဥပဒေပြုရန် ရည်ရွယ်ခဲ့ခြင်းသာ ဖြစ်သည်လော ဆိုသည်ကိုမူ အတိအကျ မဆိုနိုင်ချေ။

## ကုန်းဘောင်ခေတ်နှောင်းပိုင်း နေပြည်တော်ရှိ နိုင်ငံခြားသားအမှုထမ်းများ

မင်းတုန်းမင်းနှင့်သီပေါမင်းလက်ထက်တွင် နေပြည်တော်၌ ဥရောပနိုင်ငံခြားသား ကုန်သည်များ၊ ခရစ်ယာန်သာသနာပြုများ၊ ဘုရင့်အမှုထမ်းများ အများအပြားရှိခဲ့သည်။ ဘုရင့်အမှုထမ်းများတွင် ပြင်သစ်၊ ဂျာမန်၊ အီတလီ၊ အမေရိကန်၊ အင်္ဂလန်နိုင်ငံသားများ ပါဝင်ခဲ့သည်။ ယင်းနိုင်ငံခြားသားများသည် ကနောင်မင်းသားကြီး ကြီးကြပ်တည်ဆောက်ခဲ့သည့် စက်ရုံ(၅၀)တွင် သေနတ်လက်နက်ထုတ်လုပ်သူ ပညာရှင်များ၊ စစ်ဘက်ဆိုင်ရာခံကတုတ်တည်ဆောက်သည့်လုပ်ငန်းနှင့် စစ်ပညာလေ့ကျင့်သင်ကြားပေးသူများ၊ နန်းတွင်းအဝယ်တော်၊ အပျိုတော် စသည်ဖြင့် တာဝန်ထမ်းဆောင်ကြသည်။ ဥပမာ- ၁၈၆၀ ခုနှစ်က အမရပူရတွင် တည်ဆောက်ခဲ့သည့်မဲနယ်စက်ရုံတွင် အမေရိကန်နိုင်ငံသားများကို အမှုထမ်းစေခဲ့ကြောင်း၊ အီတလီ ဒုတိယကောင်စစ်ဝန် ဒေါက်တာ ဘာဘီရီ (Dr.Barbiri)ဆိုသူအား နန်းတွင်းဆေးဆရာအဖြစ် လစာ(၆၀၀)ပေး၍ အမှုထမ်းစေခဲ့ကြောင်း၊ အီတလီလူမျိုး ကမဲပ (Camepa)ဆိုသူအား လစာ(၃၀၀) ပေး၍ ရတနာပုံယက္ကန်းစက်ရုံတွင် အမှုထမ်းစေခဲ့ကြောင်း၊ အလားတူ သီပေါမင်း၏လျှပ်စစ်မီးစက်ရုံတွင် အီတလီလူမျိုး ပက်ဒရုန်း (Pedrone)အား အင်ဂျင်နီယာအဖြစ် အမှုထမ်းစေခဲ့ကြောင်း၊ ထို့အတူ ပြင်သစ်လူမျိုးများဖြစ်သည့်ဘင်ဒါဘိုးလ် (Bentabole)ဆိုသူအား မြန်မာရဲမက်တို့ကို စစ်ပညာသင်ကြားရန်နှင့် ဘင်ခရာသမားများကို ကြီးကြပ်ရန် ဗင်ဂျန်(Vengeance)ဆိုသူအား အင်ဂျင်နီယာ စသည်ဖြင့် အမှုထမ်းစေခဲ့ကြောင်း၊ အမြောက်လုပ်စက်ရုံတွင် ဂျာမန်အမျိုးသား(၂)ဦးအား အမှုထမ်းစေခဲ့ကြောင်း၊ အမေရိကန်လူမျိုးကီယာဆင် (Kearsing)ဆိုသူအား သွားစိုက်ဆရာ၊

အာမေးနီးယန်းအမျိုးသား အရာတွန် (Aratoon)နှင့် အိန္ဒိယနိုင်ငံသား အန်ထရန် (Antran)တို့အား ခတ်ပုံဆရာ၊ အိန္ဒိယနိုင်ငံသားဝေါလေ့စ် (Wallace)၊ မာရီကာ (Merica)နှင့် သီဟိုနိုင်ငံသား တာရာမီဒါ (Tarameda)တို့အား စကားပြန်အဖြစ် အမှုထမ်းစေခဲ့ကြောင်း၊ တရုတ်-မြန်မာကပြား အဟီး (Ahee) ဆိုသူအား စာပုံနှိပ်စက်လုပ်ငန်းတွင် ဦးစီးဦးဆောင် အမှုထမ်းစေခဲ့ကြောင်း၊ သီပေါမင်းလက်ထက်၌ စုဖုရားလတ်အနီးတွင် ဂရိ-မြန်မာကပြား၊ အာမေးနီးယန်း စသည့်နိုင်ငံခြားသူများကို အပျိုတော်အဖြစ် အမှုထမ်းစေခဲ့ကြောင်း တွေ့ရှိရသည်။ ကောက်နုတ်ဖော်ပြခြင်းသာဖြစ်၍ အခြားသောနိုင်ငံခြားသား အမှုထမ်းများလည်း ကျန်ရှိ ဦးမည်ဖြစ်ပါသည်။ ထိုနိုင်ငံခြားသားများသည် မြန်မာတို့အကျိုးကို လိုလားစွာ သစ္စာစောင့်သိသူ ရှိကောင်းရှိနိုင်သော်လည်း အများအားဖြင့် မြန်မာတို့အပေါ် သစ္စာစောင့်သိမှုမရှိ ကြောင်း တွေ့ရှိရသည်။ ဥပမာအားဖြင့် မြန်မာ့ရေတပ်တွင်အမှုထမ်းနေသည့်အီတလီလူမျိုး ကိုမိုတိုနှင့် မိုလီနာရီတို့သည် မင်းလှ နှင့် ဂွေးချောင်းခံစစ်များကျပြီး နောက်တစ်နေ့တွင် မင်းလှမြို့အနီး၌ အင်္ဂလိပ် တို့ထံ လက်နက်ချခဲ့ကြသည်။ ၎င်းတို့သည် ဧရာဝတီမြစ်ကြောင်းပိတ်ဆို့ရေးအစီအစဉ်နှင့် မြစ်ကြောင်း ခံကတုတ်များ၊ တပ်စွဲသည့်ပုံစံများပါရှိသော စာရွက်စာတမ်းများကို အင်္ဂလိပ်တို့အား ပေးအပ်ခဲ့သည်ဟု သိရှိရသည်။ ထို့အတူ အီတလီစစ်ပညာသင်ဆရာ ကပ္ပတိန် တာစီလို ဘာဘေးရစ် (Capt. Tarsilo Barbeiris)ဆိုသူလည်း မြန်မာဘုရင်က ခန့်ထားသည့်အမှုထမ်းဖြစ်လျက်နှင့် နယ်ချဲ့အင်္ဂလိပ်တို့အား အကူအညီပေးခဲ့သည့်အပြင် အင်္ဂလိပ်တို့နှင့်ပူးပေါင်း၍ မြန်မာတို့အား ပြန်လည်တိုက်ခိုက်ခဲ့ကြောင်း တွေ့ရပါသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာတို့၏စစ်ရေး၊ နိုင်ငံရေး လျှို့ဝှက်သတင်းများကို ထိုနိုင်ငံခြားသား အမှုထမ်းများထံမှ ရယူခဲ့ကြောင်း အင်္ဂလိပ်မှတ်တမ်းများအရ သိရှိရပေသည်။ မင်းလှခံတပ်၊ သပြေတန်း ခံတပ်၊ အင်းဝခံတပ်များ၏အချက်အလက်များကို အီတလီအမှုထမ်းများထံမှ အင်္ဂလိပ်တို့ရရှိသကဲ့သို့ စုဖုရားလတ်၏အပျိုတော် ဂရိ-မြန်မာကပြား မက်တီ ကာလိုဂရီဒီ အမ်ထရန် (Mattie Calogreedy Amtran)မှတစ်ဆင့် ပြင်သစ်-မြန်မာလျှို့ဝှက်စာချုပ်များ ရယူနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ မြန်မာတို့ဘက် မှ ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းမရှိခဲ့သော်လည်း နိုင်ငံခြားသားအမှုထမ်းများထဲတွင် အင်္ဂလိပ်၏သူလျှို အဖြစ်တာဝန်ထမ်းဆောင်ခဲ့သူများ အများအပြားရှိမည်ဟု ယူဆရပေသည်။ မြန်မာတို့အပေါ်သစ္စာ စောင့်သိသည်ထက် သူတို့ဥရောပမျက်နှာဖြူလူမျိုးချင်း ပိုမိုယိုင်းပင်းသွေးစည်းကြမည်မှာ ယုံမှားဖွယ် မရှိချေ။

## ကုန်းဘောင်ခေတ်နှောင်းပိုင်း အင်္ဂလိပ်သံတမန်သူလျှိုများ

၁၈၅၅ ခုနှစ်တွင် ကာနယ်ဖယ်ရာ(Phayre)ခေါင်းဆောင်သည့် အင်္ဂလိပ် သံအဖွဲ့တစ်ဖွဲ့သည် အမရပူရနေပြည်တော်တွင်ရှိသည့် မင်းတုန်းမင်းထံ ရောက်ရှိလာခဲ့သည်။ ထိုအဖွဲ့၌ လူစုံ ပါရှိ၏။ အထက်မြန်မာနိုင်ငံအကြောင်းစုံစမ်းထောက်လှမ်းရန် ပညာရှင်ပေါင်းစုံ ခေါ်ယူလာခြင်းဖြစ်ပေသည်။

ဒေါက်တာ ဂျွန်ဖောဆစ်(John Forsyth)ဆိုသူမှာ ရာသီဥတု၊ ကျန်းမာရေးအခြေအနေ၊ သဘာ ဝထွက်ကုန်အကြောင်း ထောက်လှမ်းရန်၊ မေဂျာ ဂရန့်အာလန်(Grant Allan)မှာ စစ်ရေးစစ်ရာ အသုံးဝင် မည့်ကိစ္စများအားလုံး၊ နေပြည်တော်အရောက်ချီတက်ရမည့်လမ်းစခန်းစဉ် ထောက်လှမ်းမှတ်သားရန်၊ ကက်ပတိန် ရဲန်နီ(Rennie)မှာ မြေထဲမြို့မှစ၍ အညာမြစ်စဉ်စခန်းများနှင့် မြစ်ကြောင်းအပြောင်း



**၁၈၅၅ ခုနှစ်တွင် အင်းဝနေပြည်တော်သို့ ရောက်ရှိလာသော ဗြိတိသျှသံအဖွဲ့ (ထိုသံအဖွဲ့တွင်ပါဝင်သော ကပ္ပတိန် ဟင်နရီယူးလ် ရေးခဲ့သည့် အင်းဝရောက်အင်္ဂလိပ်သံအဖွဲ့စာအုပ်တွင် စီးဂရန့် ရေးဆွဲထားသောပုံ)**

အလဲကို ၁၈၂၆ ခုနှစ်အနေအထားနှင့် နှိုင်းယှဉ်မှတ်သားရန်၊ ပါမောက္ခ တီအိုဒဟမ်(T.Oldham)မှာ ဘူမိဗေဒပညာရှင်ဖြစ်၍ သယံဇာတတွင်းထွက်ပစ္စည်းများ စုံစမ်းရန်၊ ပန်းချီဆရာ ကိုလက်ဝါသီ ဂရန့် (Colesworthy Grant)မှာ မြေပြင်အနေအထားရှုမျှော်ခင်းနှင့် မြို့ကွက်မြို့ကွင်းများ ရေးဆွဲရန်၊ ကက်ပတိန် လင်နေယပ်စ် ထရိုက်(Linnaeus Tripe)မှာ ဓာတ်ပုံရိုက်ရန်၊ ကက်ပတိန် ဟင်နရီယူးလ်(Henry Yule)မှာ ခံစစ်ကျွမ်းကျင်သူဖြစ်၍ ခံတပ်များကိုအကဲဖြတ်ရန်ဖြစ်ကြောင်း သိရှိရသည်။ ဟင်နရီ ယူးလ် (Henry Yule)သည် မြန်မာ့စစ်သည်အင်အားနှင့် လက်နက်ခဲယမ်းမီးကျောက်အခြေအနေများကိုလည်း လေ့လာမှတ်တမ်းတင်ခဲ့လေသည်။ မှတ်တမ်းထဲတွင် မြန်မာတို့၏ခုခံနိုင်စွမ်းအားကို သေနတ်ပေါင်း (၂၅၀၀၀ မှ ၃၀၀၀၀)ခန့်အပေါ်တွင် မူတည်စဉ်းစားရမည်ဖြစ်ကြောင်း၊ ထိုသေနတ်များမှာလည်း ခေတ်မမီတော့သည့်အပြင် မီးကျိုးမောင်းပျက်များဖြစ်ကြောင်း၊ နောင်အနှစ် (၂၀)ကြာလျှင် သုံးပုံတစ်ပုံမှာ သုံးစွဲ၍ရတော့မည် မဟုတ်ကြောင်း၊ ထို့ကြောင့် ဗြိတိသျှပိုင်မြန်မာပြည်ကိုကျော်ဖြတ်ပြီး ပြည်ပက လက်နက်ဝယ်ယူတင်သွင်းခွင့်ကို ဆက်လက်ပိတ်ပင်သင့်၊ မပိတ်သင့် စဉ်းစားရမည်ဖြစ်ကြောင်း ရေးသားမှတ်တမ်းတင်ခဲ့သည်ဟု သိရ၏။ ၁၈၆၇ ခုနှစ် အောက်တိုဘာလတွင် ဆာ အဲလ်ဘတ် ဖိုက်ချ် (Sir Albert Fytche) ခေါင်းဆောင်သည့်အင်္ဂလိပ်သံအဖွဲ့တစ်ဖွဲ့သည် မန္တလေးနေပြည်တော်သို့ ရောက်ရှိလာခဲ့သည်။ အဖွဲ့ဝင်ပေါင်း (၁၇၆)ယောက် ပါရှိ၏။ အဆိုပါသံအဖွဲ့ကို မင်းလှဆိပ်ကမ်းမှ လှေ၊ သင်္ဘောများဖြင့် ကြိုဆိုခေါ်ဆောင်ခဲ့ကြသည်။ သံအဖွဲ့များရပ်နားရာမြို့တိုင်း၌ ကောင်းမွန်စွာ ကြိုဆိုဧည့်ခံကြသည်။ နန်းတော်သို့ဝင်သည့်အခါ လက်နက်ကိုင်စစ်သည် (၅၀၀၀)ချထားကြိုဆိုသည့်အကြောင်း၊ ငါးပုံတစ်ပုံမှာ လှံ၊ ဓားကိုင်ပြီး အချို့သာ သေနတ်များကိုင်ထားကြောင်း၊ ငါးပုံတစ်ပုံမှာ စစ်မှုထမ်းဖို့မသင့်သည့် အရွယ်အိုများ၊ လူမမယ်များဖြစ်ကြောင်း၊ အခမ်းအနားအတွက် ခါတော်မီခေါ်ထားသူများဖြစ်ဟန်တူကြောင်းစသဖြင့် ရေးသားမှတ်တမ်းတင်ထားသည်ကို တွေ့ရှိရပေသည်။ စင်စစ် ထိုသံအဖွဲ့များသည် ထောက်လှမ်းရေးလုပ်သွားခဲ့ကြသူများပင် ဖြစ်ပါသည်။

## ပြင်သစ်ရောက်မြန်မာသံအဖွဲ့ကို အင်္ဂလိပ်က ထောက်လှမ်းခဲ့ခြင်း

၁၈၈၃ ခုနှစ်၊ ဧပြီလ၌ သီပေါမင်းသည် ဥရောပသို့ သံအဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့၏။ မြို့သစ်မြို့စား မင်းကြီးမဟာဇေယျသင်္ကြံ ဦးဆောင်ပြီး ပြင်သစ်ဘာသာတတ်ကျွမ်းသူ သံချက်ဝန် မင်းကြီးမင်းလှမဟာစည်သူကျော်၊ အင်္ဂလိပ်ဘာသာတတ်သူ စာရေးကြီး မဟာမင်းလှသင်္ချာ၊ အီတလီဘာသာတတ်သူ စာရေးကြီး မဟာမင်းလှရာဇာတို့လည်း ပါဝင်သည်။ ထိုသံအဖွဲ့နှင့်အတူ နေပြည်တော်တွင် ရောက်ရှိနေသည့် ပြင်သစ်နိုင်ငံသား အမ်ဒဲထရဲဗဲလဲ (M.De Trevelec)လိုက်ပါသွားလေသည်။ ပြင်သစ်၌ မြန်မာသံအဖွဲ့၏သံရေးတမန်ရေးလုပ်ဆောင်မှုများ အောင်မြင်သည်ဆို၍။ ပြင်သစ်နှင့်မြန်မာ ဆက်ဆံရေးကောင်းမွန်လျှင် ၎င်းတို့၏အကျိုးစီးပွားထိခိုက်လိမ့်မည်ဟု အင်္ဂလိပ်တို့ စိုးရိမ်ခဲ့သည်။ ထို့ကြောင့် မြန်မာသံအဖွဲ့၏လှုပ်ရှားဆောင်ရွက်မှုမှန်သမျှ တိတိကျကျ ပြည့်ပြည့်စုံစုံသိရအောင် နည်းမျိုးစုံဖြင့် စုံစမ်းထောက်လှမ်းသည်။ အက်ဖ်အာ ပလန်းကက်တ် (F.R Plunkett)ဆိုသူက ထောက်လှမ်း သတင်းပေးပို့သည်။ ထို့ပြင် ပြင်သစ်မှာရှိသည့် အင်္ဂလိပ်သံအမတ်ကလည်း စုံစမ်းထောက်လှမ်း သတင်းပေးပို့သည်ဟု သိရ၏။ ထိုသို့ အင်္ဂလိပ်ကထောက်လှမ်းမှုများလုပ်မည်ဆိုသည်ကို မြန်မာသံအဖွဲ့ကလည်း ကြိုတင်သိရှိသဖြင့် အရောင်းအဝယ်စာချုပ်ကိစ္စများပြောသည့်အခါ နိုင်ငံရေးကိစ္စ၊ လက်နက်သယ်ယူရေးကိစ္စများကို ထည့်သွင်းပြောဆိုခြင်း မပြုခဲ့ကြဟု သိရသည်။ အင်္ဂလိပ်က မြန်မာသံအဖွဲ့၏လှုပ်ရှားမှုကို သူလျှိုများနှင့် ထောက်လှမ်းမှုလုပ်ခဲ့သည့်အပြင် ပြင်သစ်မှာရှိသည့်အင်္ဂလိပ်သံအမတ်ကလည်း ပြင်သစ်နိုင်ငံခြားရေးရုံး၌ မြန်မာနိုင်ငံသည် အင်္ဂလိပ်အင်ပါယာနှင့်နယ်နိမိတ်အယှက်အတင်ရှိနေသဖြင့် အင်္ဂလိပ်၏သီးသန့်စီးပွားရှာနယ်မြေအဖြစ် သဘောထားသည့်အကြောင်း ပြောဆိုသတိပေးခဲ့သည်ဟု သိရ၏။ မည်သို့ပင်ဖြစ်စေ ၁၈၈၅ ခုနှစ် ဇန်နဝါရီလတွင် မြန်မာသံအဖွဲ့သည် ပြင်သစ်နှင့်စာချုပ်ချုပ်ခဲ့သည်။ စစ်ရေးစစ်ရာမပါဟု ဆိုသည်။ ဖေဖော်ဝါရီလ၌ မြန်မာသံအဖွဲ့သည် ပြင်သစ်ကအပြန် အီတလီသို့ဝင်သည်။ အီတလီ၌အချိန်မရသဖြင့် စာချုပ်သစ်မချုပ်နိုင်ခဲ့သော်လည်း ဂျာမနီသံအမတ်နှင့်တွေ့ဆုံပြီး ဧပြီလ၌ မဟာမိတ်စာချုပ်ချုပ်ခဲ့ကြောင်း သိရသည်။ သံအဖွဲ့သည် မေလ၌ မန္တလေးမြို့ကို ပြန်လည်ရောက်ရှိခဲ့လေသည်။ ထိုသို့ ပြင်သစ်နှင့်ဆက်ဆံရေးကောင်းမွန်လာမှုကြောင့် အင်္ဂလိပ်တို့သည် စိုးရိမ်ပူပန်မှုများ ရှိလာခဲ့၏။ မကြာမီ အထက်မြန်မာပြည်ကို သိမ်းယူရန်စီစဉ်ခဲ့ခြင်းသည် ပြင်သစ်နှင့် မြန်မာစာချုပ်များကိစ္စသည်လည်း အဓိကအကြောင်းရင်းတစ်ရပ် ဖြစ်ပေသည်။

## နေပြည်တော်ရှိ နိုင်ငံခြားသံရုံးများကို ထောက်လှမ်းခြင်း

ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ၌ သံအဆက်အသွယ်ပြတ်သွားရာက ကုန်းဘောင်ခေတ်နှောင်းပိုင်း မင်းတုန်းမင်းလက်ထက် ၁၈၆၂ ခုနှစ်တွင် အင်္ဂလိပ်အမြဲတမ်းကိုယ်စားလှယ်တစ်ဦး နေပြည်တော်သို့ ပြန်လည်လာရောက်ထားရှိခဲ့ပေသည်။ သီပေါမင်းလက်ထက် ၁၈၇၉ ခုနှစ်၊ အောက်တိုဘာလတွင် မန္တလေး၌ရှိသည့်အင်္ဂလိပ်သံရုံးအား ပြန်လည်ရုပ်သိမ်းခဲ့လေသည်။ မင်းတုန်းမင်းရောသီပေါမင်းပါ သံတမန်များကို သံသယရှိစွာ စောင့်ကြည့်ခဲ့ကြောင်း သိရသည်။ သံတမန်များ၏လှုပ်ရှားမှုများကို အထောက်တော်များဖြင့် စုံစမ်းထောက်လှမ်းခဲ့ကြောင်း တွေ့ရ၏။ အထူးသဖြင့် အင်္ဂလိပ်သံတမန်များကို စောင့်ကြည့်

ထောက်လှမ်းခဲ့ကြောင်း အင်္ဂလိပ်များ၏အစီရင်ခံစာအရ သိရှိရ၏။ ၁၈၇၉ ခုနှစ်တွင် မန္တလေး၌ရှိနေသည့်ခေတ္တသံအမတ်က အိန္ဒိယရှိနိုင်ငံခြားရေးအတွင်းဝန်ထံပို့သည့်စာအရ သံရုံးများကို ထောက်လှမ်းခဲ့ကြောင်းသိရပေသည်။ အဆိုပါစာအား ဖော်ပြအပ်ပါသည်။

*စာအမှတ်(၁၉)တွင် အကျွမ်းဝင်စာ (က)*
*မန္တလေးမြို့နေ ခေတ္တသံအမတ်ထံမှ အိန္ဒိယပြည်*
*နိုင်ငံခြားရေး အတွင်းဝန်ထံသို့ အစီရင်ခံစာ။*
*၁၈၇၉-ခုဇူလိုင်လ ၁၇-ရက်နေ့ရေး။*

*သံအမတ်ကို ပြန်လည်ရုပ်သိမ်းခြင်းကိစ္စနှင့်ပတ်သက်၍ (မစ္စတာ အိပ်ချ်ချီဆင်)က ကြေးနန်းရိုက်ကြားမေးနှင့်ပြီးဖြစ်၍ ကျွန်ုပ်၏(၁၀)ရက်နေ့စွဲနှင့် အစီရင်ခံစာတွင် ပြန်ကြားဖြေဆိုနိုင်ပြီး ဖြစ်၏။ ကျွန်ုပ်တို့သည်သာ လျှင်မြန်ဖြတ်လတ်သောစီမံချက်များကို ပြုလုပ်နိုင်အောင် ခိုင်မာသောအကြောင်းတစုံတရာမရှိဘဲ သံအမတ်ကိုရုပ်သိမ်းခြင်းသည် ဗြိတိသျှအကျိုးစီးပွား နစ်နာဖွယ်သာရှိသည်ဟု ကျွန်ုပ်ထင်မြင်ယူဆသည့်အတိုင်း အတွင်းဝန်မင်းလည်း ယူဆရန်ရှိသည်။*

*အလွန်လျှင် ပြတ်သားသောသံအမတ်ရုပ်သိမ်းခြင်းအမှုသည် မြန်မာနိုင်ငံတွင် ပြည်တွင်းရေးလှုပ်ရှားရုပ်ထွေးဖွယ်ဖြစ်၏။ ကျွန်ုပ်၏အထင်မှာ ဧကန်လှုပ်ရှားလိမ့်မည်ဟုထင်၏ သို့သော်လည်း မလှုပ်ရှားပဲ ငြိမ်သက်စွာရှိပါမူ အဘယ်သို့ရှိအံ့ကိုလည်း ဆင်ခြင်တွေးဆရပေလိမ့်မည်။ ဤသို့ဖြစ်ခဲ့သော် အတွင်းဝန်စဉ်းစားမိသည့်အတိုင်း သံအမတ်ထွက်ခွါသည်နှင့်တပြိုင်နက် မြန်မာများက တံခါးကိုပိတ်၍ မထားပေဘူးဟု မဆိုသာ၊ ထိုကာလ၌ ကျွန်ုပ်တို့ဂုဏ်သိက္ခာကိုမထိခိုက်ဘဲ ပြန်ဝင်ရန်အကြောင်းရှာရန် ခက်ပေလိမ့်မည်။*

*သံအမတ်ကိုရုပ်သိမ်းပြီးသည်နှင့်တစ်ပြိုင်နက် ကိစ္စအရပ်ရပ်တို့ကို ပြီးမြောက်အောင်ဆောင်ကြဉ်းနိုင်ရန် အိန္ဒိယအစိုးရသည် အကြောင်းလုံလောက်စွာရှိပြီးဟု အထင်မရှိခဲ့ပါသော် ကျွန်ုပ်က သံအဖွဲ့အားလုံးကိုရုပ်သိမ်းရန် မထောက်ခံပါသော်လည်း ရာထူးကြီးမြင့်သော အရာရှိတစ်ဦးကို သံအမတ်အဖြစ်ခန့်ထားခြင်းသည် ကျွန်ုပ်၏ဂုဏ်သတင်းကို ထိခိုက် ညှိုးနွမ်းဖွယ်ရာသာရှိ၏။*

*ဥပမာဆိုသည်ရှိသော် အောက်မြန်မာပြည်တွင် လူအများသိရှိပြီးလည်းဖြစ်သည်။ ကျွန်ုပ်တို့နယ်အတွင်း၌ တိုင်းသူပြည်သားများက အတန်အရေးကြီးသောအရာရှိကြီးတစ်ဦးဟု ထင်မှတ်ခြင်းခံရသော ကျွန်ုပ်ကဲ့သို့သော အရာရှိကြီးတစ်ဦးကို ဘုရင်မင်းမြတ်၏ရွှေဖဝါးတော်၏အရိပ်အောက်၌ (သုည)မျှသာရှိသောအခြေသို့ ရောက်ရှိနေခြင်းသည် ပြည်သူလူများမျက်စိတွင် ကျွန်ုပ်တို့အခြေအနေသည် မြင့်ဖွယ်ရာအကြောင်းမရှိပေ။ အခြားသူများနှင့်လည်း အကျဉ်းကျသည်နှင့်မခြား၊ ဆက်သွယ်နိုင်ခွင့် မရှိ၊ မင်းမှုထမ်းမဟုတ်သည့် လူကြီးလူကောင်းများနှင့်တွေ့ဆုံရန်လည်း အခွင့်မရ၊ မြန်မာအစောင့်အကြပ်များနှင့် သူလျှိုများ ဝန်းရံလျက်ရှိသော ခြံဝင်းအတွင်း၌နေရ၏။ ကျွန်ုပ်၏ပတ်ဝန်းကျင်၌ မည်သို့ ဖြစ်ပျက်နေသည်ကိုလည်း သတင်းမရနိုင်၊ ရရှိသောသတင်းမှာလည်း သွယ်ဝိုက်၍ ကျေနပ်ဖွယ် မရှိပါ။ ဗြိတိသျှလက်အောက်ခံများအတွက် မည်သို့သောပြုပြင်ရေးကိုမျှလည်း တောင်းဆို၍ရနိုင်ခြင်း မရှိပါ။*

*ကျွန်ုပ်တို့၏ပဲ့သွားရမည့်ခရီးစဉ်အား သံအဖွဲ့တစ်ဖွဲ့လုံးကို ရုပ်သိမ်းခြင်းလည်း မပြု၊ တစ်ဖွဲ့လုံးတည်မြဲမတည်နေစေဘဲ အလယ်လမ်းကိုလိုက်ခြင်းသည် အကောင်းဆုံးဖြစ်ပေလိမ့်မည်။ သံအမတ်တစ်ဦးတည်းကိုသာလျှင်ရုပ်သိမ်း၍ အိန္ဒိယပြည်အစိုးရနှင့် တိုက်ရိုက်ဖြစ်စေ၊ ကော်မရှင်နာမင်းကြီးမှတစ်ဆင့်*

*အိန္ဒိယပြည်အစိုးရနှင့် အထက်မြန်မာပြည်အစိုးရနှင့် စာပေးစာယူကိစ္စအတွက်ဖြစ်စေ၊ အရာရှိငယ်တစ်ဦးသာ ထားရမည်။*

*ဤကဲ့သို့ပြုလုပ်သည်ရှိသော် အိန္ဒိယလက်အောက်ခံ ကုလားနှင့်တရုတ်လူမျိုးတို့သည် မန္တလေးမြို့မှထွက်ခွါရန် အချိန်ရပေလိမ့်မည်။ သူတို့သည် အကြောင်းကို ရိပ်မိတန်ရာ၏။ အိန္ဒိယအစိုးရက သင့်လျော်သည်ဟု အထင်ရှိခဲ့ပါမူ ဤကဲ့သို့ထွက်ခွါမည်ဟု ထုတ်ဖော်ပြောဆိုသောအခါ ထွက်ခွါရခြင်းအကြောင်းမှာ မြန်မာအစိုးရတို့အမူအယာနှင့်တကွ စိတ်နေသဘောထားကို မကျေနပ်ခြင်းကြောင့်ဖြစ်သည်ဟု ပြောရန်သင့်၏။ သို့တည်းမဟုတ် ယခုအခါသည် ချိန်းခြောက်သောစကားမျိုး လှုပ်ရှားထကြွဖွယ်စကားမျိုးပြောဆိုရန် အချိန်မဟုတ်သေးဟု အထင်ရှိမူ အခြားသောအကြောင်းအရာကို ရှာကြံရာ၏။ ကျွန်ုပ်မှာ ပဲခူးမြို့တွင် ဆောင်ရွက်ဖွယ်ကိစ္စရှိနေကြောင်း၊ သံအဆောက်အဦမပြီးသေးမီအတွင်း အခြားသောသံအမတ်ကို မခန့်သေးကြောင်း၊ ပြောဆိုမည်ဟူကလည်း ပြောနိုင်သည်။ ယခု သံအမတ်နေရသောသံတဲမှာ သပ်သပ်ရပ်ရပ် အမိုးရှိသော မိုးလုံသောအိမ်၌သာ နေလေ့ရှိထသောသူအတွက် ယခုသံတဲမှာ သက်သာချောင်ချိခြင်းမရှိကြောင်းလည်း ပြောဆိုရာ၏။*

*ဗြိတိသျှလက်အောက်ခံများ နိုင်ငံတော်အတွင်းမှ ထွက်၍လာအောင် ဤကဲ့သို့ပြုလုပ်ခြင်းကို ခြိမ်းခြောက်သည်နှင့်တူသောနည်းလမ်းများထက် ပိုမို၍နှစ်သက်၏။ ခြိမ်းခြောက်သော စကားအသုံးအနှုန်းကိုပြုသည်ရှိသော် ဗြိတိသျှလက်အောက်ခံတို့ဖြစ်သောလူတိုင်းကိုဖမ်းဆီး၍ ၎င်းတို့၏ပစ္စည်းကို ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းမည်ကား မလွဲတည်း။ အသက်ချမ်းသာအောင် ပြေးနိုင်သောသူသည် ကံကောင်းသည်ဟု အောက်မေ့ရပေလိမ့်မည်။ ကျွန်ုပ်တို့ ခြိမ်းခြောက်ရုံမျှဖြင့် သီပေါမင်းသည် မိမိ၏ယိမ်းယိုင်ချိန့်သော ရာဇပလ္လင်ထက်မှ လိမ့်မကျသည်ရှိသော် ရှေ့အဖို့ ဖြစ်မည့်အရေးကို တွေးခြင်းမျှမပြုပဲ နေမည်ဖြစ်၏။*

*မြန်မာမင်းအပေါ် ကျွန်ုပ်တို့နစ်နာချက်များနှင့်ပတ်သက်၍ကား ကျွန်ုပ်တို့၏လက်အောက်ခံများ တရားသဖြင့်ဖြစ်ရပါစေဟု တောင်းဆိုသော်လည်း ငြင်းဆန်ခြင်းပြုလုပ်သည့်အမှုများသည် အချင်းဖြစ်ပွားလောက်အောင် အရေးမကြီးသောကိစ္စဖြစ်သည်ဟု အိန္ဒိယမင်း အထင်ရှိတိုင်ရာပေသည်။ ဤကဲ့သို့သောအမှုမျိုးများ သည်းခံ၍လာခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်၍ ယခုအရေးမကြီးသကဲ့သို့ ပြုလုပ်ခြင်းသည် မဖွယ်မရာ မညီမညွတ်ဖြစ်ပေလိမ့်မည်။ ဖိနပ်ချွတ်ခြင်းကိစ္စမှာလည်း အစိုးရတို့သည် တင်းကြပ်သောစနစ်ဖြင့် ပြီးပြတ်အောင် စီမံရမည့်ကိစ္စဟု ကျွန်ုပ်က မထင်ပါ။*

*(ပုံ) ဟောရိတ်(စ်)အေ-ဘရောင်း။*

## နေပြည်တော်သို့လာရောက်ကြသည့် သံတမန်အဖွဲ့များကို ထောက်လှမ်းခြင်း

သံတမန်ဆိုသည်မှာ မည်သည့်သံတမန်မျိုးပင်ဖြစ်စေ ထောက်လှမ်းရေးလုပ်ကြမည်ဆိုသည်ကို ရှေးမြန်မာမင်းများလည်း သိကြသည်။ ထို့ကြောင့်လည်း နေပြည်တော်သို့လာရောက်နေထိုင်သည့် သံတမန်များကို စောင့်ကြည့်ထောက်လှမ်းသကဲ့သို့ ခေတ္တခဏ လာရောက်ကြသည့် သံတမန်များကိုလည်း ထောက်လှမ်းခဲ့ကြ၏။ ၁၈၆၇ ခုနှစ် မင်းတုန်းမင်းလက်ထက်တွင် ဆာ အဲလ်ဘတ် ဖိုက်ချ် (Sir Albert

Fytche)ခေါင်းဆောင်သည့် အင်္ဂလိပ်သံအဖွဲ့ နေပြည်တော်သို့ ရောက်ရှိလာလေသည်။ ထိုသံအဖွဲ့ကို ခမ်းခမ်းနားနား ကြိုဆိုကြသည်။ သို့ရာတွင် တစ်ဘက်မှလည်း ထိုသံအဖွဲ့၏လှုပ်ရှားမှုအားလုံးကို စောင့်ကြည့်ခဲ့ကြ၏။ ထိုသို့ စောင့်ကြည့်ခဲ့ကြသည်ကို မောင်ကျော်ဝင်း(မဟာဝိဇ္ဇာ)၏ 'တတိယမြန်မာနိုင်ငံ' ဆိုသည့်စာအုပ်မှ 'အင်္ဂလိပ်သံရောက်စာတမ်း' တွင် အောက်ပါအတိုင်း တွေ့ရပါသည်။

> *အင်္ဂလိပ်တို့ မြို့တွင်းမြို့ပြင် လှည့်ပတ်သွားလာ ဝင်ထွက်ကြည့်ရှု မှတ်သားသမျှနှင့် သံတဲသို့ လာရောက် ဝင်ထွက်ပြောဆိုသမျှစကားရပ်များကို သံတဲ အကြီးအကြပ် မှူးတော်မတ်တော်အရာရှိတို့က လူ ဘက်ထည့် ကြည့်ရှု မှတ်သား လွှတ်တော်တွင် နေ့စဉ် လျှောက်ထား တင်ပေးစေသည်။*

ထိုအဖွဲ့သာမဟုတ်ပေ။ သံအဖွဲ့များ လာတိုင်းလာတိုင်း ထိုသို့ စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ခဲ့မည်မှာ သေချာပါသည်။

## နယ်ချဲ့အင်္ဂလိပ်တို့အတွက် သူလျှိုလုပ်ပေးခဲ့သည့် အီတလီကောင်စစ်ဝန်

မင်းတုန်းမင်းလက်ထက်ကတည်းက နေပြည်တော်သို့ရောက်ရှိနေသည့် အီတလီနိုင်ငံသား အင်ဒရီနို(Chevalier Andreino)သည် အီတလီကောင်စစ်ဝန်ဖြစ်သကဲ့သို့ အင်္ဂလိပ်ပိုင် ဘုံဘေဘားမား သစ်ကုမ္ပဏီနှင့် ဧရာဝတီ ဖလိုတီလာကုမ္ပဏီတို့၏ကိုယ်စားလှယ်လည်း ဖြစ်ပေသည်။ အင်ဒရီနို၏ဝင်ငွေသည် ကောင်စစ်ဝန်လစာမပါဘဲ တစ်လလျှင် ကျပ်(၂၅၀၀)ရရှိခဲ့သည်ဟု သိရ၏။ အင်္ဂလိပ်သူလျှိုအဖြစ် တာဝန်ထမ်းဆောင်ခဲ့သဖြင့် ရရှိသည့်ဝင်ငွေ ဖြစ်သည်။ အင်ဒရီနိုသည် မန္တလေးမြို့တော်၌ (၂၇)နှစ်ကျော်ကြာ အခြေချနေထိုင်ခဲ့သူ ဖြစ်၏။ နေပြည်တော်၌ မင်းပါးစိုးခွင် ဝင်ဆံ့ပေါက်ရောက်သူလည်း ဖြစ်၏။ စင်စစ် အင်္ဂလိပ်၏သူလျှိုအဖြစ် တစ်ဦးတစ်ယောက်တည်းလှုပ်ရှားနေခြင်းမဟုတ်ဘဲ သတင်းပေးများမွေးမြူ၍ သူလျှိုဂိုဏ်းချုပ်အဖြစ် စနစ်တကျ ထိထိရောက်ရောက် လုပ်ဆောင်ခဲ့သူဖြစ်ကြောင်း လေ့လာသိရှိရပေသည်။ အင်ဒရီနိုအတွက် သတင်းရယူရန်မှာ အခက်အခဲမရှိနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန်က နေပြည်တော်၌ အီတလီ၊ ပေါ်တူဂီ၊ ပြင်သစ်၊ အာမေးနီးယန်း၊ အမေရိကန်၊ အင်္ဂလိပ်စသည့်အနောက်တိုင်းသားများသည် မင်းတုန်းမင်း၏စက်ရုံအလုပ်ရုံများနှင့် ဘုရင့်စစ်တပ်တို့တွင် အမှုထမ်းများ၊ နည်းပြများအဖြစ် တာဝန်ထမ်းဆောင်နေကြ၍ ဖြစ်သည်။ ထို့ပြင် နန်းတွင်းအပျိုတော်များအဖြစ် တာဝန်ထမ်းဆောင်နေသူများလည်း ရှိကြ၏။ ထို့အတူ နေပြည်တော်၌ ကုန်သည်အဖြစ် နေထိုင်နေသူများလည်း ရှိကြသည်။ ထို့ကြောင့် နန်းတွင်းက နိုင်ငံရေးလျှို့ဝှက်သတင်းများကို အောက်မြန်မာနိုင်ငံမှာရှိသည့် ဗြိတိသျှကော်မရှင်နာမင်းကြီးထံ အမြဲဆက်သွယ်ပေးပို့နိုင်ခဲ့ပါသည်။ တတိယ အင်္ဂလိပ်-မြန်မာစစ်မဖြစ်မီ နယ်စပ်၌ဖြစ်ပွားခဲ့သည့်ပြဿနာများကြောင့် မြန်မာတို့ကရန်ရှာမည်ကို စိုးရိမ်သည့်အတွက် ၁၈၇၉ ခုနှစ်တွင် မန္တလေးရှိအင်္ဂလိပ်သံအဖွဲ့ကို ပြန်လည်ရုပ်သိမ်းသွားခဲ့ပါသည်။ အင်္ဂလိပ်သံရုံး နေပြည်တော်၌ မရှိတော့သော်လည်း အင်္ဂလိပ်၏သူလျှို အီတလီကောင်စစ်ဝန် အင်ဒရီနို (Andreino)သည် မန္တလေး၌ ဆက်လက်ရှိနေခဲ့သဖြင့် အင်္ဂလိပ်များအဖို့ မြန်မာတို့၏သတင်းများကို အဆက်မပြတ် ရရှိနေခဲ့ပါသည်။

၁၈၈၅ခုနှစ် ဇန်နဝါရီလ၌ ပြင်သစ်-မြန်မာ မဟာမိတ်စာချုပ်ကို နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သည်။ မြန်မာသံအဖွဲ့အပြန်တွင် ပြင်သစ်ဝန်ကြီးချုပ်က မြန်မာအစိုးရအဖွဲ့ နန်းရင်းဝန်ကြီးထံရေးသည့် အတွင်းရေးလျှို့ဝှက်စာတစ်စောင်ကိုလည်း ပေးအပ်လိုက်သည်ဟု သိရ၏။ ပြင်သစ်-မြန်မာ မဟာမိတ်စာချုပ်နှင့် ပြင်သစ်ဝန်ကြီးချုပ်၏ပေးစာအား အင်္ဂလိပ်၏သူလျှို အင်ဒရီနိုကတစ်ဆင့် အင်္ဂလိပ်တို့ ရရှိသွားခဲ့လေသည်။ ရရှိပုံမှာ စုဖုရားလတ်၏နန်းတွင်းအပျိုတော် ဂရိ-မြန်မာကပြား မက်တီ ကာလိုဂရီဒီ အမ်ထရန် (Mattie Calogreedy Amtran)သည် ကင်းဝန်မင်းကြီး၏စာရေးတစ်ဦးထံမှ ထိုစာချုပ်အား ရရှိခဲ့ခြင်းဖြစ်၏။ အဆိုပါ နန်းတွင်းအပျိုတော်မှတစ်ဆင့် အင်္ဂလိပ်သူလျှို အင်ဒရီနို (Andreino)၏ လက်သို့ ရောက်သွားတော့သည်။ အင်ဒရီနိုက မြန်မာနိုင်ငံကော်မရှင်နာမင်းကြီး ဆာချားလ် ဘားနဒ်(Sir Charles Bernard)ထံသို့ ၁၈၈၅ ခုနှစ် ဇူလိုင်လကုန်လောက်တွင် ဆက်လက်ပို့ပေးခဲ့သည်။ ထိုစာချုပ်နှင့်စာကို အိန္ဒိယဘုရင်ခံချုပ်ကတစ်ဆင့် အင်္ဂလန်အစိုးရအဖွဲ့ ရရှိသွားခဲ့၏။ စာချုပ်နှင့်စာကိုသိရှိသွားသည့်အခါ ပြင်သစ်၏အကူအညီမရရှိမီ အထက်မြန်မာနိုင်ငံအား အင်္ဂလိပ်တို့ သိမ်းပိုက်ခဲ့ခြင်း ဖြစ်ပေသည်။

ပြင်သစ်-မြန်မာစာချုပ်နှင့် ပြင်သစ်ဝန်ကြီးချုပ်၏လျှို့ဝှက်ပေးစာကို အင်္ဂလိပ်တို့လက်ရောက်ရှိသွားစေခဲ့သည့် အင်ဒရီနို၏သူလျှိုလုပ်ရပ်သည်လည်း စိတ်ဝင်စားစရာကောင်းလှပါသည်။ ဆရာမြသန်းတင့်၏'တောင်သမန်ရွှေအင်းက လေညင်းဆော်တော့'စာအုပ်ထဲတွင် 'နိုင်ငံခြားသူ မိန်းမချောတစ်ယောက်နှင့်မြန်မာပြည်' ဆိုသည့်အခန်း၌ ထိုကိစ္စအား ရေးသားထားသည်။ နန်းတွင်းအပျိုတော်မက်တီကာလို ဂရီဒီသည် စုဖုရားလတ်၏လူယုံတော်လက်စွဲတစ်ဦး ဖြစ်၏။ မန္တလေးနန်းတော်ထဲ၌ ပြင်သစ်အမျိုးသား ဘွန်ဗီလိန်း(Bonvillaim)ဆိုသူ စစ်ဘက်အကြံပေးအရာရှိနှင့် ဘုရင့်အစိုးရအဝယ်တော်ဖြစ်လာခြင်းသည် ဂရီဒီ၏သြဇာကြောင့်ဖြစ်သည်ဟု ဆိုသည်။ ထို့နောက် သူတို့နှစ်ဦးသည် အကြင်လင်မယားဆက်ဆံရေးအထိဖြစ်လာပြီး လက်ထပ်ခြင်းမပြုသော်လည်း အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြသည်။ ဗွန်ဗီလိန်းသည် ၁၈၈၄-၈၅ တွင် မြန်မာသံအဖွဲ့နှင့်အတူ ပြင်သစ်သို့ပြန်သွားပြီး ပြင်သစ်အမျိုးသမီးတစ်ဦးနှင့်လက်ထပ်ခဲ့လေသည်။ မြန်မာသံအဖွဲ့နှင့် မန္တလေးပြန်လာသည့်အခါ ဇနီးကိုပါ ခေါ်လာသည်။ ထိုအခါ ဂရီဒီသည် ဗွန်ဗီလိန်းအား စိတ်နာပြီး လက်စားချေရန် စိတ်ကူးခဲ့ပေသည်။ ဂရီဒီသည် သူ့ကိုသဘောကျပြီး ချစ်ရေးဆိုဖူးသည့်ကင်းဝန်မင်းကြီးဦးကောင်း၏စာရေးထံမှ စာချုပ်နှင့်လျှို့ဝှက်စာအား မရရအောင်ယူခဲ့ကြောင်း သိရ၏။ ဗွန်ဗီလိန်းကိုစိတ်နာပြီး ပြင်သစ်တို့အကျိုးပျက်စီးစေရန် ထိုစာချုပ်ကို အင်္ဂလိပ်၏သူလျှို အင်ဒရီနိုကို ပေးလိုက်ခြင်းဖြစ်သည်။ စာချုပ်နှင့် လျှို့ဝှက်စာကိုပေးခဲ့သည့် ကင်းဝန်မင်းကြီး၏စာရေးဆိုသူမှာ တပယင်းဝန်ထောက် ဦးမြဖြစ်သည်ဟု အများကပြောကြရေးကြပါသည်။

အင်ဒရီနို(Andreino)သည် ထိုသို့ အရေးပါသည့်စာချုပ်နှင့်စာကို ရအောင်ယူပေးသည့်အပြင် ပြင်သစ်-မြန်မာဆက်သွယ်မှုနှင့်ပတ်သက်၍ ရရှိနေသည့်သတင်းများကို အင်္ဂလိပ်တို့ထံသို့ အဆက်မပြတ်ပေးပို့ခဲ့သည်။ အင်ဒရီနိုကြောင့် စာချုပ်နှင့်စာ အင်္ဂလိပ်တို့လက်ရောက်သွားသည့်အကြောင်း မြန်မာတို့သိရှိသွားသည့်တိုင် ထိုအချိန်က မန္တလေးတွင်ရှိသည့် နိုင်ငံခြားသားအားလုံးကို ဖမ်းဆီးခြင်းမလုပ်ရဟု သီပေါမင်းက အမိန့်ချအကာအကွယ်ပေးလိုက်သဖြင့် ဖမ်းဆီးအရေးယူခြင်း မခံခဲ့ရချေ။ အင်ဒရီနိုသည် နောက်ဆုံးပိတ် တတိယအင်္ဂလိပ်-မြန်မာစစ်မဖြစ်မီ (၃)နှစ်အတွင်း မန္တလေးနေပြည်တော်မှ နိုင်ငံရေး

သတင်းများကို တိတိကျကျ အသေးစိတ်ရယူပေးပို့ခဲ့သည်ဟု သိရှိရသည်။ ဘုံဘေဘားမားအင်္ဂလိပ်သစ်ကုမ္ပဏီမှ သစ်များခိုးထုတ်သည့်ကိစ္စနှင့်ပတ်သက်၍ မြန်မာဘုရင်လွှတ်တော်ကဒဏ်ငွေပေးဆောင်ရန်ဆုံးဖြတ်သောဆုံးဖြတ်ချက်မိတ္တူကို နန်းတွင်းသူလျှိုမှတစ်ဆင့် အင်ဒရီ ရရှိခဲ့သည်ဟုသိရသဖြင့် နန်းတွင်းအထိ ထိုးဖောက်ထောက်လှမ်းနိုင်ခဲ့ကြောင်း တွေ့ရပေသည်။ ထို့ကြောင့်လည်း သီပေါမင်းပါတော်မူပြီးသည့်အခါ အိန္ဒိယဘုရင်ခံချုပ်က အင်ဒရီနိုကို အင်္ဂလိပ်တို့အတွက် သက်စွန့်ကြိုးပမ်း အမှုထမ်းခဲ့သဖြင့် ကျေးဇူးတင်ကြောင်း အကြောင်းကြားခဲ့သည်။ ဆုငွေအဖြစ် ပေါင်စတာလင်(၅၀၀၀)ပေးခဲ့သည်ဟုလည်း သိရသည်။ အင်ဒရိနိုသည် တတိယအင်္ဂလိပ်-မြန်မာစစ်ပြီးချိန်အထိ မန္တလေးမြို့မှာပင် ဆက်လက်နေထိုင်ခဲ့သည်။ နေပြည်တော်၏လှုပ်ရှားမှုမှန်သမျှ အင်္ဂလိပ်တို့ထံ သတင်းပေးပို့ခဲ့သည်။ အင်ဒရီနိုသည် အီတလီကောင်စစ်ဝန်ဆိုသည့်သံတမန်အရေကိုခြုံ၍ မြန်မာတို့၏ထီးနန်းရိပ်ကိုခိုပြီး မြန်မာတို့၏ရန်သူ အင်္ဂလိပ်အတွက် သူလျှိုလုပ်ခဲ့သည်မှာ အထင်အရှားပင်ဖြစ်ပါသည်။

## နေပြည်တော်မှာ နေထိုင်ခဲ့ကြသည့် ဥရောပနိုင်ငံခြားသားများအတွင်းမှ သူလျှိုများ

နိုင်ငံခြားသားများသည် ကုန်းဘောင်ခေတ်ဦးပိုင်းကစပြီး နန်းတွင်း၌အမှုထမ်းသူ၊ ကုန်ရောင်းကုန်ဝယ်အခြေချလုပ်ကိုင်သူ၊ သံတမန်အဖြစ်နေထိုင်ခွင့်ရသူစသည်အားဖြင့် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ခဲ့ကြပါသည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင်မူ ပို၍ပင်များပြားလာပြီ ဖြစ်သည်။ ထိုနိုင်ငံခြားသားများထဲတွင် အင်္ဂလိပ်အတွက် သူလျှိုလုပ်ပေးခဲ့သူများ ရှိခဲ့သည်။ ဥပမာအားဖြင့် စကော့လူမျိုး သောမတ်စပီးယား(Thomas Spear)ဆိုသူသည် အမရပူရ၌ အထည်ကုန်သည်အဖြစ် (၁၅)နှစ်ခန့် နေထိုင်ပြီး မချိုဆိုသူမြန်မာအမျိုးသမီးနှင့် အိမ်ထောင်ပြုခဲ့သည်။ စပီးယားသည် အမရပူရနန်းတွင်း၌ အရေးပါအရာရောက်ခဲ့သူဟု သိရသည်။ ၁၈၅၃ ခုနှစ် ဒါလဟိုဇီ အိန္ဒိယဘုရင်ခံချုပ်ဖြစ်လာသည့်အခါ စပီးယားအား ထောက်လှမ်းရေးအရာရှိအဖြစ် ခန့်အပ်ခဲ့သည်ဟု သိရ၏။ စပီးယားသည် အင်္ဂလိပ်အတွက် မည်သည့်သတင်းများကိုထောက်လှမ်းပေးပို့ခဲ့သည်၊ မည်သို့ထောက်လှမ်းခဲ့သည်ဆိုသည်ကို ဒါလဟိုဇီနှင့်ဖယ်ရာအပြန်အလှန်ပေးစာများတွင် အထင်အရှား တွေ့ရပေသည်။ အထက်မြန်မာပြည်၏ ဆန်စပါးဈေးနှုန်းအခြေအနေ၊ မင်းတုန်းမင်း၏စပါးဖူလုံရေးအပြင် ထွက်ကုန်အဖြစ်တင်ပို့ရောင်းချနိုင်ရန် တိုးချဲ့စိုက်ပျိုးနေမှုသတင်းစသည်များကို စုံစမ်းပေးပို့ခဲ့ကြောင်း တွေ့ရှိရသည်။ ဆန်စပါးသတင်းသာမဟုတ်ပါ၊ ခဲ၊ ကြေးနီစသည့်ဓာတ်သတ္တုထုတ်လုပ်ရောင်းချမှုအခြေအနေများကိုလည်း စုံစမ်းပေးပို့ခဲ့ကြောင်း တွေ့ရှိရသည်။ ထိုအထောက်အထားများအရ စပီးယားသည် စစ်ရေး၊ နိုင်ငံရေး၊ နန်းတွင်းရေး စသည့်ရရှိသမျှသတင်းများကိုထောက်လှမ်းပြီး အောက်မြန်မာနိုင်ငံမှာရှိသည့်အင်္ဂလိပ်တို့ထံပေးပို့ခဲ့မည်မှာ သေချာပါသည်။ စင်စစ် စပီးယား(Spear)သည် ၁၈၅၃ ခုနှစ်မှ ၁၈၆၁ ခုနှစ်ထိ နာမည်မခံသော အင်္ဂလိပ်ကိုယ်စားလှယ်ပင် ဖြစ်ပေသည်။ ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး၌လည်း အင်္ဂလိပ်တို့က စပီးယားကို မြန်မာတို့၏စိတ်သဘောထားနှင့်အကြံအစည်များအကြောင်း စုံစမ်းထောက်လှမ်းခိုင်းခဲ့သေးသည်ဟု သိရပါသည်။

အလားတူပင် ၁၈၅၂ခုနှစ်က ရန်ကုန်သို့ရောက်ရှိလာသည့် ပြင်သစ်နိုင်ငံသား ဒေါ်ဂိုနီ(M.D'or goni)ဆိုသူသည် မြန်မာနန်းတော်ထိပေါက်ရောက်ခဲ့ပြီး မြန်မာ-ပြင်သစ်စာချုပ်များချုပ်ဆိုနိုင်ရန် ကြိုးပမ်း

ခဲ့ကြောင်း သိရပါသည်။ ၁၈၅၄ခုနှစ် စက်တင်ဘာလ၌ အင်းဝလက်နက်နိုင်ငံတော်သတင်းကို ရရှိအောင် စုဆောင်းပေးနိုင်သည့်အတွက် အရှေ့အိန္ဒိယကုမ္ပဏီ(East India Company)အကြီးအကဲများက ဒေါ့ဂိုနီအား ဆုငွေ ပေါင်စတာလင်(၁၀၀)ချီးမြှင့်ခဲ့သည်ဟု သိရ၏။

၁၈၈၅ ခုနှစ် တတိယအင်္ဂလိပ်-မြန်မာစစ် ဖြစ်ခါနီးဆဲဆဲ၌ နေပြည်တော်တွင် နိုင်ငံခြားသားအတော်များများ ရှိနေကြသည်။ အီတလီကောင်စစ်ဝန် အင်ဒရီနိုသည် စုဖုရားလတ်၏အပျိုတော် မတ်တီကာလိုဂရီဒီမှတစ်ဆင့် ပြင်သစ်-မြန်မာစာချုပ်နှင့် ပြင်သစ်ဝန်ကြီးချုပ်၏ပေးစာကို လျှို့ဝှက်ရယူပြီး အင်္ဂလိပ်ကို ပေးခဲ့သည်။ ထိုကိစ္စ သတင်းစာ၌ပါရှိပြီး အမှုပေါ်လာသည်။ မြန်မာတပ်များက အင်ဒရီနိုကိုဖမ်းဆီးရန် အိမ်ကိုတက်ရာသည့်အခါ ထွက်ပြေးလွတ်မြောက်သွား၏။ စိတ်ဆိုးနေကြသည့်လူအုပ်ကြီးသည် အင်ဒရီနိုကို (၂)ကြိမ်တိုင် ရိုက်နှက်ရန်ကြိုးစားသဖြင့် ထွက်ပြေးခဲ့ရသည်။ ထိုအချိန်မှာ အင်္ဂလိပ်ကလည်း စစ်ကြေညာခါနီးနေပြီ ဖြစ်သည်။ မန္တလေးတွင်ရှိသည့်ဥရောပသားများအတွက် အန္တရာယ်မကင်းဖြစ်နေသည်။ ထိုသို့သောအခြေအနေမျိုးတွင် သီပေါဘုရင်က နေပြည်တော်တွင်ရှိနေသည့်နိုင်ငံခြားသားများ၏အသက်အိုးအိမ်စည်းစိမ်ကို ထိပါးနှောင့်ယှက်မှုမလုပ်ရဟု အမိန့်ထုတ်လိုက်ပါသည်။ ထိုအမိန့်ကြောင့် နေပြည်တော်တွင်ရှိသည့်အင်္ဂလိပ်လက်အောက်ခံ အိန္ဒိယကုန်သည်နှင့် ဈေးဆိုင်ပိုင်ရှင်(၉၀)ယောက်၊ နန်းတော်အမှုထမ်းများဖြစ်ကြသည့်အီတလီလူမျိုး(၁၉)ယောက်၊ အာမေးနီးယန်း(၁၅)ယောက်၊ ဥရောပ-တရုတ်ကပြား(၈)ယောက်၊ ပြင်သစ်(၂၈)ယောက်၊ တရုတ်ကုန်သည်ကြီး(၂၅)ယောက်၊ ဂရိလူမျိုး(၈)ယောက်၊ ရဟူဒီ(၆)ယောက်၊ အမေရိကန်(၂)ယောက်၊ ဂျာမန်(၂)ယောက်တို့ အသက်အန္တရာယ်သက်သာရာရသွားသည်ဟု သိရှိရ၏။

ထို့ပြင် ကုန်းဘောင်ခေတ်၌ ခရစ်ယာန်သာသနာပြုများလည်း နေပြည်တော်တွင် ရှိနေကြပြီဖြစ်သည်။ သာသနာပြုများသည် အင်္ဂလိပ်၊ အမေရိကန်၊ အီတလီစသည့် အနောက်နိုင်ငံများမှ မျက်နှာဖြူများ ဖြစ်ကြသည်။ ကိုလိုနီနယ်ချဲ့များသည် နယ်ချဲ့သည့်နေရာတွင် အမ် (M)သုံးလုံးဖြင့် နယ်ချဲ့သည်ဟု ဆိုကြပါသည်။ ကုန်သည်(Merchant)၊ သာသနာပြု(Missionary)၊ စစ်တပ်(Military) ဆိုသည့် အမ်(M)သုံးလုံးပင် ဖြစ်ပါသည်။ ကိုလိုနီနယ်ချဲ့အားလုံးသည် အမ်(M)သုံးလုံးနည်းစနစ်ကို ကျင့်သုံးခဲ့ကြသည်မှာ အထင်အရှားပင် ဖြစ်သည်။ ထို့ကြောင့် ခရစ်ယာန်သာသနာပြုများနှင့်ပတ်သက်၍ စဉ်းစားစရာများ ရှိနေပေသည်။ ဥပမာအားဖြင့် မင်းတုန်းမင်းလက်ထက်က နေပြည်တော်တွင် နေထိုင်သည့်ဆရာမှတ်ဟုခေါ်ခဲ့ကြသော ဒေါက်တာမတ်(Dr. Marks)နှင့်ပတ်သက်၍ သံသယဖြစ်ဖွယ်ရာ တွေ့ရသည်။ သီပေါမင်းပါတော်မူပြီးစ တွင် ရုရှားနိုင်ငံမှ ပါဠိပညာရှင် အိုင်ဗင်ပဗလိုဗစ် မိနယဲဖ် (Ivan Pavlovich Mimayefe)(၁၈၄၀-၁၈၉၀)သည် မန္တလေးသို့ ရောက်ရှိနေခဲ့သည်။ ဒေါက်တာသန်းထွန်း၏နယ်လှည့်ရာဇဝင်တတိယတွဲ၌ မိနယဲဖ်နှင့်ဒေါက်တာမတ် တွေ့ဆုံခဲ့သည့်အကြောင်း ရေးသားထားသည်။ ဒေါက်တာမတ်နှင့်တွေ့ဆုံစဉ် “ကျုပ်က သာသနာပြုဆရာ မစစ်ဘူး၊ လုပ်ငန်းက မြေအောက်လုပ်ငန်းဗျ”ဟု ပြောခဲ့သည်ဆို၏။ ဆိုလိုသည်မှာ ဗုဒ္ဓသာသနာကို အမြစ်ကတူးပစ်ရန် လုပ်နေခြင်း ဖြစ်သည်။ ထိုလုပ်ငန်းသည် အင်္ဂလိပ်အစိုးရရောက်လာရန် ပဓာနဖြစ်သည်ဟု နယ်လှည့်ရာဇဝင်စာအုပ်ထဲ၌ ရေးသားပါရှိပေသည်။ စာရေးသူ နားလည်သဘောပေါက်သည်မှာ မြန်မာပြည်ကို အင်္ဂလိပ်အစိုးရရောက်လာရန်လုပ်နေသည်ဟုဆိုလျှင် တိုက်ရိုက်မဟုတ်သော်လည်း သူလျှိုအလုပ်ကို သွယ်ဝိုက်လုပ်နေသည့်သဘောပင်ဖြစ်နေသည်။ သာသနာပြုဆိုသူအားလုံးကို သူလျှို ဟုမစွပ်စွဲလိုသော်လည်း ဒေါက်တာမတ် (Dr.



ဒေါက်တာမတ်၏ပုံ

Marks)နှင့်ပတ်သက်၍ စဉ်းစားစရာ၊ သံသယဖြစ်စရာများ ရှိနေပေသည်။ သာသနာပြုသည်ကို အကြောင်းပြ၍ သူလျှိုအမည်မခံသော်လည်း သူလျှိုဆန်သည့်အလုပ်များ မလုပ်ခဲ့ပါဟု မည်သူမျှမပြောနိုင်ချေ။ အထက်ပါဖြစ်စဉ်များကိုကြည့်ပါက နေပြည်တော်တွင်ရှိသည့် ဥရောပနိုင်ငံခြားသားများထဲ၌ အင်္ဂလိပ်၏သူလျှိုများ မည်မျှရှိနေမည်ဆိုသည်ကို မှန်းဆသိရှိနိုင်မည် ဖြစ်၏။ ထိုနေရာတွင် သတိပြုစရာတစ်ခုမှာ အင်္ဂလိပ်၊ ပြင်သစ်၊ အီတလီ လူမျိုးသာကွဲနေသော်လည်း မျက်နှာဖြူဥရောပသားချင်း သွေးနီးကြသည်မှာ သေချာပေသည်။ မြန်မာ့ရေမြေတွင်မှီခိုနေထိုင်ပြီး မြန်မာတို့အပေါ်သစ္စာရှိသူ အနည်းအကျဉ်းရှိကောင်းရှိနိုင်သော်လည်း အများစုမှာ သစ္စာမဲ့စွာဖြင့် မြန်မာတို့၏ရန်သူအင်္ဂလိပ်အတွက် သူလျှိုအလုပ်များလုပ်ပေးနေသည်ကို တွေ့ရပါသည်။ မြန်မာလူမျိုးထဲကပင် အင်္ဂလိပ်အတွက်သူလျှိုလုပ်ပေးခဲ့သည်များရှိခဲ့သဖြင့် ဥရောပ နိုင်ငံခြားသားများအနေဖြင့် အင်္ဂလိပ်အတွက် သူလျှိုလုပ်ပေးသည်မှာ မည်သို့မျှ မထူးဆန်းပါပေ။ ထို့ကြောင့်လည်း တတိယအင်္ဂလိပ်-မြန်မာ စစ်ဖြစ်ခါနီးကာလများ၌ အင်္ဂလိပ်တို့သည် မန္တလေးနေပြည်တော်တွင် သံရုံးပင်မရှိတော့သည့်တိုင် မြန်မာတို့၏သတင်းများကို စဉ်ဆက်မပြတ်ရရှိနေကြောင်း တွေ့ရ၏။ ဤသာဓကများကိုကြည့်ပါက မည်သည့်နိုင်ငံခြားသားမဆို မည်သည့်အချိန်အခါမှ စိတ်ချယုံကြည်ရန် မသင့်ဟု ဆိုရပေမည်။

## အထက်မြန်မာနိုင်ငံကိုသိမ်းပိုက်ရန် အင်္ဂလိပ်များ၏ကြိုတင်ထောက်လှမ်းမှု

အင်္ဂလိပ်-မြန်မာဆက်ဆံရေးသည် ၁၈၈၀ ခုနှစ်ကစ၍ မပြေမလည်ဖြစ်လာပြီ ဖြစ်ပါသည်။ ထိုအချိန်မှစ၍ အင်္ဂလိပ်များသည် တတိယစစ်ကိုမျှော်မှန်း၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီ ဖြစ်၏။ အထက်မြန်မာနိုင်ငံ၏စစ်ရေး၊ နိုင်ငံရေးအခြေနေအရပ်ရပ်ကို စနစ်တကျထောက်လှမ်းမှုများ လုပ်ခဲ့၏။ စစ်ရေးနှင့်ပတ်သက်၍ အိန္ဒိယစစ်ထောက်လှမ်းရေးဌာနက မက္ကနီး(Major Mac Neil)ဆိုသူကို စေလွှတ်ထောက်လှမ်းခဲ့သည်။ မက္ကနီးသည် ၁၈၈၁ ခုနှစ် နိုဝင်ဘာလတွင် ဧရာဝတီ အဆန်သင်္ဘောနှင့် ခရီးသည်တစ်ဦးအသွင်လိုက်ပါခဲ့ကာ ၁၈၈၂ ခုနှစ် ဇန်နဝါရီလ၌ စုန်ဆင်းပြီး ပြန်လာခဲ့သည်။ မက္ကနီး၏ခရီးစဉ်တစ်လျှောက် မန္တလေးနေပြည်တော်နှင့်ဝန်းကျင်ဒေသ၊ စစ်ရေးစစ်ရာ အချက်အချာကျသည့်မြို့ရွာဆိပ်ကမ်းများ၊ ခံတပ်မြို့များ၊ ခရီးလမ်းပေါက်ဝများစသည့် အရေးပါသော သတင်းအချက်အလက်များကို ဓာတ်ပုံရိုက်ခြင်း၊ ပုံဆွဲခြင်းများပြုလုပ်ကာ အပြည့်အစုံ ထောက်လှမ်းရရှိသွားခဲ့လေသည်။ မက္ကနီး၏ထောက်လှမ်းရရှိချက်များကို ၁၈၈၃ ခုနှစ်၌ မက္ကနီး၏ဂဇက်တီးယား(Mac Neil's Gazetteer)ဟူ၍ ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ဗြိတိသျှသူလျှိုတစ်ဦး၏မှတ်တမ်းဟု ခေါ်နိုင်လောက်သည်ဆို၏။

မက္ကနီး၏ဂဇက်တီးယားထဲ၌ အပိုင်း(၃)ပိုင်းခွဲထားပါသည်။ အပိုင်း(၁)မှာ မြန်မာမင်းပိုင် မြန်မာနိုင်ငံအကြောင်း၊ အပိုင်း(၂)မှာ ဗြိတိသျှမြန်မာပြည်အကြောင်းဖြစ်ပြီး အပိုင်း(၃)မှာ မြေပုံများ၊ စနစ်ပုံများ၊ ပုံကြမ်းများ ဖော်ပြထားပါသည်။ မြန်မာမင်းပိုင် မြန်မာနိုင်ငံအကြောင်းဖော်ပြရာတွင် အနော်ရထာမင်းမှစ၍ ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပြီးအထိသမိုင်းကြောင်း၊ မြန်မာဘုရင်များအုပ်ချုပ်ပုံ၊ အခွန်ကောက်ခံပုံ၊ မြန်မာတို့စစ်အင်အား၊ ကုန်းတပ်၊ ရေတပ်အကြောင်း၊ မြန်မာ့ကာကွယ်ရေးအစီအရင်ခံတပ်များ၊ ကတုတ်များ၊ ကင်းစခန်းများအကြောင်း၊ မြို့ရွာကြီးငယ်များအကြောင်း၊ မြစ်ချောင်းအင်းအိုင်များအကြောင်း၊ လူဦးရေ၊ စီးပွားရေးစသည့်အကြောင်းအရာများ အပြည့်အစုံပါရှိသည်ဟု သိရသည်။

မက္ကနီး၏အစီရင်ခံစာ၌ မြန်မာတို့၏ကြည်းတပ်၊ ရေတပ်နှင့်ပတ်သက်၍ ၁၈၅၅ ခုနှစ်က အဝနေပြည်တော်ကို အာသာဖယ်ရာနှင့်အတူလိုက်ပါခဲ့သည့်သံအဖွဲ့ထဲက ကပ္ပတိန်ယူလ်၏ ရေးသားမှတ်တမ်းတင်ချက်များအား မျက်မြင်ကိုယ်တွေ့စုံစမ်းရရှိချက်များနှင့် နှိုင်းယှဉ်ဖော်ပြထားသည်။ နေပြည်တော်၌ ရဲမက်(၁၃၂၄၅)ယောက်၊ မြင်းတပ်သား(၂၅၀၀)၊ အမြောက်တပ်သား(၅၀၀)၊ စုစုပေါင်း (၁၆၂၄၅) ယောက်၊ သေနတ်(၁၂၀၀၀)ခန့်ရှိကြောင်း၊ မြန်မာစစ်သည်တို့၏စစ်ပညာသင်ကြားတတ်မြောက်မှုအခြေအနေ၊ အမြောက်သေနတ်စက်ရုံများ၏အခြေအနေ၊ အမြောက်သေနတ်များ၏စွမ်းအားများပါ ပါရှိသည်ဟုသိရသည်။

ရေတပ်နှင့်ပတ်သက်၍ မြန်မာမင်းပိုင် သင်္ဘောအချို့အကြောင်း၊ အရွယ်အစား၊ ရေစူး၊ ဝန်ချိန်၊ မြင်းကောင်ရေအား၊ တပ်ဆင်ထားသည့်အမြောက်အရေအတွက်စသဖြင့် သင်္ဘောတစ်စီးချင်းအလိုက်ဖော်ပြထား၏။ သရက်မြို့မှမန္တလေးအထိ ဧရာဝတီမြစ်တစ်လျှောက် မိုင်(၃၀၀)ကျော်အကွာအဝေးအတွင်းရှိ မြန်မာတို့၏ကာကွယ်ရေးအစီအရင်ခံတပ်များအကြောင်း အသေးစိတ်ဖော်ပြထားသည်ဆို၏။ မင်းလှခံတပ်၊ ငွေးချောင်းခံတပ်၊ အဝ ဆင်ကျုံးခံတပ်၊ စစ်ကိုင်း(အစေခံ)ခံတပ်၊ သပြေတန်းခံတပ်များနှင့်ပတ်သက်၍ အနေအထား၊ အရေးပါပုံများကိုလည်းဖော်ပြထားသည်ဟု သိရပေသည်။ သပြေတန်းခံတပ်ကို ဖရင်ဒီရင်ချီကာဒီဗိုင်းဆွဲကြောင်း၊ အဝ ဆင်ကျုံးခံတပ်ကို ပြင်သစ်စစ်ပညာသင်ဆရာ ဝတ်ရှန်က ပုံစံထုတ်ကြောင်း၊ ခံတပ်များ၏အကျယ်အဝန်း မည်မျှမြင့်ကြောင်း၊ မည်သည့်ဘက်တွင် အပေါက်ရှိကြောင်း၊ မြစ်ကမ်းခြေမှ ခြေလှမ်းမည်မျှကွာဝေးကြောင်း၊ အစောင့်စစ်သည် မည်မျှရှိကြောင်း၊ အမြောက်အရေအတွက် မည်မျှထားရှိကြောင်း အသေးစိတ် ပါရှိပေသည်။

အထက်ပါခံတပ်များသာမက သရက်မြို့မှမန္တလေးထိ ဧရာဝတီမြစ်စဉ်တစ်လျှောက် ဆီးဆို့ခုခံတိုက်ခိုက်ရန်ကောင်းသည့်ပတ္တနဂိုရ်အောက်ဆွယ်ရှိ တောင်တွင်းကျွန်း၊ ကူလီကျွန်းနှင့် ပတ္တနဂိုရ်၊ စလေ၊ ပုဂံ၊ စစ်ကိုင်း၊ အဝနှင့် ရွှေကြက်ယက်တောင်တို့ကို အထူးသတိထားရမည်ဖြစ်ကြောင်း၊ ထိုနေရာများ၌ မြန်မာတပ်များ အခိုင်အမာတပ်စွဲနေနိုင်ကြောင်း ဖော်ပြပါရှိ၏။

မက္ကနီး၏ဂဇက်တီးယားအပိုင်း(၃)၌ မြေပုံများ၊ ပုံကြမ်းများ၊ စနစ်ပုံများနှင့်ပတ်သက်၍လည်း အင်္ဂလိပ်-မြန်မာနယ်စပ်မှမန္တလေးထိ ဧရာဝတီမြစ်ပုံ၊ ပတ္တနဂိုရ်နှင့် ကူလီကျွန်းကြားနယ်မြေပုံ၊ မင်းလှခံတပ်၊ စလေမြို့၊ မြင်းခြံမြို့ဆိပ်ကမ်း၊ အဝခံတပ်နှင့်မြို့ရိုးပုံ၊ စစ်ကိုင်းမြို့၊ ၊ အဝမြို့၊ သပြေတန်းခံတပ်ပုံ၊ အဝမြို့အနီး မြန်မာတို့၏ရေကြောင်းပိတ်ဆို့ရေးအစီအရင်၊ ဧရာဝတီမြစ်ကြောင်းပိတ်ဆို့ကာကွယ်ရေးအစီအရင်နှင့်စခန်းများပုံတို့ ပါရှိသည်ဟု သိရသည်။

မက္ကနီးသည် ထိုကဲ့သို့သော အသေးစိတ်သတင်းအချက်အလက်များကို မည်သို့ စုံစမ်းထောက်လှမ်းရရှိသနည်းဟုဆိုလျှင် စစ်သတင်းများနှင့်ပတ်သက်၍ မြန်မာဘုရင်၏လစာရိက္ခာယူပြီး အမှုတော်ကိုထမ်းနေကြသည့်နိုင်ငံခြားသားများထံက အကူအညီများစွာရရှိခဲ့သည်ဟု ဆိုသည်။ ထို့ပြင် မြန်မာတိုင်းရင်းသားများထဲကလည်း လေ့လာသတင်းပေးခဲ့သည်ဟု သိရသည်။ မြန်မာဘုရင့်စစ်တပ်တွင် အမှုထမ်းနေသော အီတလီနှင့်ပြင်သစ် စစ်ပညာသင်ဆရာများ၏သတင်းပေးချက်များလည်း ပါသည်ဟုသိရ၏။ ထိုသို့ သတင်းထောက်လှမ်းနိုင်ခဲ့ခြင်းနှင့်ပတ်သက်၍ ဒေါ်ကြန်ရေးသားသည့် 'သမိုင်းရှာပုံတော်ခရီး' စာအုပ်ထဲတွင် (မက္ကနီး၏ဂဇက်တီးယား)ဆိုသည့်အခန်း၌ စာရေးသူဒေါ်ကြန်က "ထိုမျှ တိတိကျကျ အသေးစိတ်အချက်အလက်များကိုရအောင် မက္ကနီးထောက်လှမ်းနိုင်သည်ကို အထူးအံ့သြဖွယ်ကောင်းလှသည်။ မက္ကနီးကို ချီးကျူးအံ့သြရသည်နှင့်အမျှ မိမိတို့၏ကာကွယ်ရေးအစီအရင်များကို ရန်သူက ထိုမျှ နိုက်နိုက်ချွတ်ချွတ် လေ့လာမှတ်တမ်းတင်သွားနိုင်အောင် မြန်မာတို့ဘက်မှ ပေါ့လျော့ပျော့ညံ့လေသည်ကိုလည်း ယူကျုံးမရ ရင်ထုမနာ ဖြစ်ဖွယ်ကောင်းလှသည်။ မြန်မာနိုင်ငံကို ဗြိတိသျှတပ်များက ၁၄ ရက်အတွင်း လွယ်ကူစွာ ချီတက်သိမ်းပိုက်နိုင်သည်မှာ အထူး အံ့သြဖွယ်မရှိပေ။ ဗြိတိသျှတို့၏တင်ကြိုပြင်ဆင်မှုကား တိကျပိရိပြည့်စုံလှသည်ဟုသာ ဆိုရန်ရှိတော့သည်။ မြန်မာတို့ဘက်မှ ပေါ့လျော့ပျော့ညံ့ခြင်း၊ သတိမမူကြခြင်း၊ အ လွန်းသည်ဟု ဆိုရလောက်အောင် ရိုးသားခြင်း၊ နိုင်ငံခြားသားစစ်ပညာသင်ဆရာများ၊ အမှုထမ်းများကို ယုံလွယ်ခြင်း၊ အားကိုးခြင်း၊ ဇည့်ဝတ်ကျေလွန်းခြင်း၊ သဘောကောင်းလွန်းခြင်း စသည်တို့ကြောင့် သူခိုးကိုဓားရိုးကမ်းမိသကဲ့သို့ဖြစ်ရသည်မှာ ရင်နာဖွယ်ကောင်းလှသည်" ဟုရေးသားဖော်ပြထားပါသည်။


မက္ကနီး၏ထောက်လှမ်းရေးအစီရင်ခံစာအရ စစ်ရေးသတင်းများကို ထိုမျှတိတိကျကျ ရရှိပြီးဖြစ်သဖြင့်လည်း အထက်မြန်မာပြည်ကို အချိန်မရွေးသိမ်းပိုက်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ပေသည်။ စစ်ရေးဆိုင်ရာသတင်းအချက်အလက်များကို အသေးစိတ်ထောက်လှမ်းခဲ့သည့်မက္ကနီး သည် စစ်ဖြစ်သည့်အခါ ဒုတိယလက်ထောက်တပ်ရေးနှင့်စစ်ထောက်ချုပ်ရာထူး ပူးတွဲထမ်းဆောင်လျက် ပါဝင်တိုက်ခိုက်ခဲ့သည်။ မင်းလှခံမြို့အားတိုက်သည့်အခါ ရှေ့ဆုံးကချီတက်တိုက်ခိုက်သည့်တပ်ဖွဲ့တွင်ပါဝင်ခဲ့ပြီး ခြေထောက်တွင် ဒဏ်ရာရရှိခဲ့သည်ဟု သိရ၏။

## ထမင်းကျွေးပြီး သတင်းပေးခဲ့သည့် အောက်မြစ်စဉ်ဝန်


ရိုးသား၍သဘောကောင်းလွန်းခြင်းပင်လော၊ ဇည့်ဝတ်ကျေချင်လွန်းခြင်းပင်လော၊ လုံခြုံရေးအသိတရားကင်းမဲ့လွန်းခြင်းပင်လော၊ အ, လွန်း နုံလွန်းခြင်းပင်လော၊ မည်သို့ မှတ်ချက်ပြုရမည်ကိုပင် မသိနိုင်တော့သည့် ရန်သူကိုထမင်းကျွေးပြီးသတင်းပေးခဲ့သောဖြစ်စဉ်တစ်ခု ရှိခဲ့ပါသည်။ ထိုဖြစ်စဉ်မှာ မိမိတို့ကိုတိုက်ခိုက်တော့မည့်ရန်သူကို ဇည့်ခံကြိုဆိုကျွေးမွေးပြီး အရေးကြီးလှသည့်မိမိခံတပ်များအားလိုက်လံပြသခဲ့ခြင်းပင် ဖြစ်ပါသည်။ အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲ၌ အင်္ဂလိပ်တပ်များကို ဦး ဆောင်တိုက်ခိုက်ခဲ့သည့် ဗိုလ်ချုပ်ကြီး အိပ်ချ် အင်န် ဒီ ပရင်ဒါဂက်စ်(General. H.N.D Premdergast)သည် ၁၈၈၃ ခုနှစ် ဧပြီလတွင် ဗြိတိသျှ-မြန်မာပြည်တပ်မကိုကွပ်ကဲရန် ရန်ကုန်သို့ ရောက်ရှိလာခဲ့သည်။ ရန်ကုန်သို့ရောက်ပြီး အင်္ဂလိပ်-မြန်မာနယ်စပ်ကိုလေ့လာရန် သရက်မြို့သို့ သွားရောက်ခဲ့သည်။ ရန်ကုန်



ဂျင်နရယ်ဂရင်ဒါဂတ်၏ပုံ



မင်းလှခံတပ် နှင့် ဂွေးချောင်းခံတပ်
တည်နေရာပြမြေပုံ



မင်းလှခံတပ်ကို
မြစ်ဘက်မှမြင်ရပုံ

တွင်ရှိနေသည့် မဟာဝန်ရှင်တော်မင်းကြီး ချာလ်ခရော့စဝိတ်လည်း လိုက်ပါခဲ့သည်။ သရက်မြို့မှ မိုင် (၄၀)ခန့်ဝေးသည့် မင်းတုန်းမြို့သို့ မြင်းနှင့်သွားခဲ့ကြသည်။ ပရင်ဒါဂတ်နှင့်အတူ ကိုယ်ရံတော်အရာရှိ ကပ္ပတိန် ဒေါ်နယ် နှင့် ကပ္ပတိန် ယူလ် ဆိုသူတို့လည်း ပါခဲ့သည်။ ထိုခရီး၌ တွေ့မြင်သမျှမလွတ်တမ်း ပုံကြမ်းရေးဆွဲခဲ့သည်ဟု သိရသည်။ သရက်မြို့တွင်ရှိနေစဉ် မြန်မာတို့၏အရေးပါလှသော ဝွေးချောင်း နှင့်မင်းလှခံတပ်များကိုလေ့လာရန် အခွင့်အရေးများ ရခဲ့လေသည်။ သရက်မြို့ အင်္ဂလိပ်အရေးပိုင် ပီးလ်ချားသည် ရာဇဝတ်သားများလှဲလှယ်ရေးကိစ္စနှင့်ပတ်သက်၍ အောက်မြစ်စဉ်ဝန်နှင့်တွေ့ဆုံရန် မင်းလှမြို့သို့ သင်္ဘောနှင့်သွားသည့်အခါ ပရင်ဒါဂတ်ကိုလည်း ခေါ်သွားသည်။ အောက်မြစ်စဉ်ဝန်က သရက်မြို့အရေးပိုင် ပီးလ်ချားနှင့် ပရင်ဒါဂတ်တို့ကို မင်းလှမြို့ပေါ်သို့ဖိတ်ခေါ်ပြီး ပွဲနှင့်ဧည့်ခံဖျော်ဖြေသည်။ ပရင်ဒါဂတ်သည် မမျှော်လင့်ဘဲ မင်းလှခံတပ်တည်ဆောက်ထားပုံကို အသေးစိတ် လေ့လာမှတ် သားနိုင်ခဲ့ပါသည်။ ထို့ပြင် အောက်မြစ်စဉ်ဝန်က ဝွေးချောင်းခံတပ်ကိုပါ လိုက်လံပြသခဲ့သည်ဟု သိရ၏။ ပရင်ဒါဂတ် ရန်ကုန်ပြန်ရောက်သည့်အခါ မင်းလှခံမြို့တည်ဆောက်ထားပုံကို အတိအကျရေးဆွဲပြီး မည်သို့ဝင်ရောက်တိုက်ခိုက်ရမည်ဆိုသည့်အစီအစဉ်ကိုပါ အထက်သို့ တစ်ပါတည်း တင်ပြအစီရင်ခံခဲ့သည်ဟု ဆိုပါသည်။ ပရင်ဒါဂတ်က သူ့မိတ်ဆွေတစ်ဦးထံရေးသည့်စာတွင်-

> *"ကျွန်ုပ်တို့လူစု ဝန်အိမ်သို့ လျှောက်သွားကြသည်ကို မြင်ရလျှင် သင်ပြုံးမိပေမည်။ မြန်မာဝန်တို့သည် ရွှေထီး နှစ်လက် အမိုးခံရသည်။ ခံတပ်များကို ကြီးကြပ် ဆောက်လုပ်သူ အီတာလျံအရာရှိ ကိုမိုတိုသည် ထီးနီ တစ်လက်ဆောင်းရသည်။ ကျွန်ုပ်က အညာတရ တစ်ဦးဖြစ်၍ ထီးတစ်လက်မျှပင် ဆောင်းခွင့်မရချေ။ မြန်မာနယ်မြေ မြန်မာဝန်၏ နေအိမ်တွင် ဗြိတိသျှအမျိုးသားသီချင်းကို ဗြိတိသျှစစ်တီးဝိုင်းကတီးမှုတ်သံကို ကြားရသည်မှာ ရင်ထဲတွင် ထူးခြားသောအရသာတစ်မျိုး ခံစားရသည်။ ထို့ထက် ရယ်စရာကောင်းသည်မှာ မြန်မာအရာရှိများက ကျွန်ုပ်အား ခံတပ်တစ်ခုလုံးကို လိုက်လံပြသခြင်း ဖြစ်သည်။ ဝွေးချောင်းခံတပ်တည်ဆောက်ပုံအနေအထား၊ အဆင်းအတက်၊ အဝင်အထွက်များကိုလည်းကောင်း၊ ခံတပ်ဝန်းကျင်နယ်မြေအခြေအနေ၊ ခရီးလမ်း ပေါက်လမ်းဝများကိုလည်းကောင်း ကျွန်ုပ် အသေးစိတ် လိုက်လံလေ့လာမှတ်သားသည်ကို မည်သူကမျှ မဟန့်တား မကန့်ကွက်ဘဲ စေတနာသန့်သန့်နှင့်ခွင့်ပြုထားသည်မှာ ရယ်ဖွယ်အကောင်းဆုံး ဖြစ်တော့သည်။"*

ဟု ဖော်ပြထားပါသည်။

ပရင်ဒါဂတ်သည် ၁၈၈၃ခုနှစ်၌ အင်္ဂလိပ်-မြန်မာနယ်စပ်မှာပင် တောနင်းရင်းဖြင့် အချိန်ကုန်ခဲ့ပါသည်။ ပြည်မြို့နှင့်သရက်မြို့အကြား သင်္ဘောတစ်စင်းနှင့် ခေါက်တုံ့ခေါက်ပြန် စုန်ဆန်လေ့လာ၍ ပုံကြမ်းများ ရေးဆွဲခဲ့ပါသည်။ ထို့ပြင် ပြည်နှင့်တောင်ငူကြား မြင်း၊ လားတို့ဖြင့် သွားလာပြီး နယ်စပ်တွင်ရှိသည့် မြန်မာတို့၏ကာကွယ်ရေးအစီအရင်ကတုတ်များ၊ ကင်းစခန်းများကို လေ့လာမှတ်သားခဲ့ပါသည်။ ထိုနည်းဖြင့် အင်္ဂလိပ်-မြန်မာနယ်စပ်တစ်လျှောက် ခံတပ်များ၊ ကတုတ်များ၊ ကင်းစခန်းများ၊ စစ်လမ်းပေါက်၊ လမ်းဝများကို နှံ့နှံ့စပ်စပ်လေ့လာသိရှိပြီးနောက် ယင်းအချက်အလက်များပေါ်မူတည်၍ ပရင်ဒါဂတ်သည် သရက်မြို့၌ရှိသည့်ခြေလျင်တပ်ရင်း(၂)ရင်း၊ အမြောက်တပ်ဖွဲ့(၂)ခုကို လုံးဝအနားမပေးဘဲ တိုက်ပွဲဝင်လေ့ကျင့်ခန်းများ ပြုလုပ်စေခဲ့ပါသည်။ တောနင်းတိုက်ပွဲ၊ ခံကတုတ်များအားစီးနင်းသည့်

တိုက်ပွဲများကို စမ်းသပ်လေ့ကျင့်ခဲ့သည်။ ထောက်လှမ်းလေ့လာမှု၊ လေ့ကျင့်မှုများ ကျေနပ်အားရလောက် အောင်လုပ်ပြီးမှ ပရင်ဒါဂတ်သည် အိန္ဒိယသို့ ပြန်သွားခဲ့သည်။ ထို့ကြောင့်လည်း ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာ လတွင် အထက်မြန်မာနိုင်ငံကို ချီတက်သိမ်းပိုက်သည့်အခါ ပရင်ဒါဂတ်သည် မြန်မာတို့ အလွန်အားထား ခဲ့သည့် မင်းလှနှင့်ဂွေးချောင်းခံတပ်(၂)ခုစလုံးကို တစ်ရက်တည်းနှင့်ပင် အလွယ်တကူသိမ်းပိုက်နိုင် ခဲ့သည်မှာ အထူးအဆန်းမဟုတ်ဟု ဒေါ်ကြန်၏'သမိုင်းရှာပုံတော်ခရီးနှင့်အခြားစာတမ်းများ' စာအုပ်ထဲမှ (ပရင်ဒါဂတ်နှင့်မင်းလှခံဂွေးချောင်း)ဆိုသည့်အခန်းတွင် ရေးသားထားသည်ကို လေ့လာတွေ့ရှိရပေသည်။ ပရင်ဒါဂတ်အား ဂွေးချောင်းနှင့်မင်းလှခံတပ်ကို ၁၈၈၃ ခုနှစ်ကလိုက်လံပြသခဲ့သည့် အောက်မြစ်စဉ်ဝန် ၏အမည်မှာ မှတ်တမ်းများတွင်ဖော်ပြထားခြင်းမရှိသဖြင့် မသိရပါ။ ၁၈၈၅ခုနှစ် အင်္ဂလိပ်တို့က စတင် တိုက်ခိုက်သည့်အချိန်တွင် မင်းလှခံစစ်ဒေသ၌ အောက်မြစ်စဉ်ဝန်အဖြစ် ကွပ်ကဲခဲ့သူမှာမူ သူရမဟာ မင်းခေါင်သမိန်ဗရမ်းဖြစ်ကြောင်း နတ်မောက်ဘုန်းကျော်၏အင်္ဂလိပ်-မြန်မာစစ်ပွဲများ သမိုင်းကျမ်း၌ ဖော်ပြပါရှိပါသည်။ ထို့ကြောင့် ခံတပ်အားလိုက်လံပြသခဲ့သူ အောက်မြစ်စဉ်ဝန်မှာ သူရမဟာမင်းခေါင် သမိန်ဗရမ်းပင်ဖြစ်မည်ဟု ယူဆရပါသည်။

## အထက်မြန်မာနိုင်ငံကို သိမ်းယူခါနီး ထောက်လှမ်းခြင်း

အင်္ဂလိပ်တို့သည် အထက်မြန်မာပြည်ကို တိုက်ခိုက်သိမ်းပိုက်ရန်အတွက် ၁၈၈၃ ခုနှစ်ကတည်း က အသေးစိတ်ထောက်လှမ်းပြီး ကြိုတင်ပြင်ဆင်မှုများလုပ်ခဲ့သည့်ပြင် တိုက်ခိုက်ခါနီးအချိန်မှာလည်း သတင်းထောက်လှမ်းမှုများ ပြုလုပ်ခဲ့သည်။ မြန်မာတို့၏စစ်ရေးလှုပ်ရှားမှုများကို သူလျှိုစေလွှတ်ထောက် လှမ်းသကဲ့သို့ သတင်းပေးများထံမှလည်း သတင်းများရယူခဲ့ပေသည်။ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့ မင်းလှသို့စေလွှတ်ခဲ့သည့်အင်္ဂလိပ်သူလျှိုတစ်ဦးက မြန်မာတပ်များ မန္တလေးမှ မင်းလှသို့ သင်္ဘော နှင့်ဆင်းလာကြောင်း၊ စစ်သည်(၁၀၀၀)မင်းလှထားခဲ့ပြီး ဆင်ပေါင်ဝဲ၌ (၁၅၀၀)ပို့ကြောင်း၊ ဆင်ပေါင်ဝဲ၌ ခံကတုပ်များတည်ဆောက်နေကြောင်း၊ ထို့ပြင် သတင်းပေးတစ်ဦးထံမှလည်း တောင်ငူဘက် စစ်မျက်နှာသို့ မြန်မာစစ်သည်(၁၅၀၀၀) မှ(၂၀၀၀၀)အထိ ပို့ထားသည်ဟု သတင်းများရခဲ့ကြောင်း သိရ၏။ အင်္ဂလိပ် တို့သည် အထက်မြန်မာနိုင်ငံကို စတင် တိုက်ခိုက်တော့မည့်အချိန်တွင်လည်း အချိန်နှင့်တစ်ပြေးညီ စစ်ရေးသတင်းများကို အသေးစိတ် ထောက်လှမ်းရရှိခဲ့ပါသည်။ ထို့ကြောင့်လည်း ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်နေ့ စစ်စတင်တိုက်ပြီဆိုသည်နှင့် မြန်မာတို့အားထားရသော ဂွေးချောင်းနှင့် မင်းလှခံတပ်တို့သည် တစ်နေ့တည်းနှင့် အင်္ဂလိပ်လက်ကျရောက်ခဲ့ရပြီး စစ်ပွဲကာလ(၁၄)ရက်နှင့်ပင် အထက်မြန်မာနိုင်ငံကို သိမ်းပိုက်နိုင်ခဲ့ပါသည်။

## ကုန်းဘောင်ခေတ်နှောင်းပိုင်း ထောက်လှမ်းရေးအသိပညာ ရရှိနိုင်သောစာပေများ

### ရာဇသေဝကဒီပနီကျမ်း

မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက်၌ ရာဇသေဝကဒီပနီကျမ်းနှင့် ရာဇဓမ္မသင်္ဂဟကျမ်းတို့၌ ထောက်လှမ်းရေးအသိပညာကို အနည်းအကျဉ်းတွေ့ရပါသည်။ ထိုကျမ်းများသည် မင်း၊ မိဖုရား၊ အိမ်ရှေ့မင်း၊ မင်းညီမင်းသား၊ မှူးတော်မတ်တော်၊ မင်းခယောက်ျားတို့ လိုက်နာကျင့်သုံးကြစေရန် ရည်ရွယ်

ရေးသားခဲ့သည့်ကျမ်းများ ဖြစ်သည်။ ရာဇသေဝကဒီပနီကျမ်းကို မင်းတုန်းမင်းလက်ထက် မောင်းတောင်ရွှာဇာတိ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရ ပညာသာမိက ဝိဓဇ ဆရာတော်ကြီး(၁၇၉၈-၁၈၆၃)ရေးသားပြုစုခဲ့ခြင်း ဖြစ်၏။ ရာဇသေဝကဒီပနီကျမ်း၌ ရာဇဂုဏ်(၈)ပါးအကြောင်း ဖော်ပြရာတွင်-

(၁) သိကြားမင်းကဲ့သို့ ကျင့်ခြင်း
(၂) နေကဲ့သို့ ကျင့်ခြင်း
(၃) လကဲ့သို့ ကျင့်ခြင်း
(၄) လေကဲ့သို့ ကျင့်ခြင်း
(၅) ယမမင်းကဲ့သို့ ကျင့်ခြင်း
(၆) သမုဒ္ဒရာကဲ့သို့ ကျင့်ခြင်း
(၇) မြေကြီးကဲ့သို့ ကျင့်ခြင်း
(၈) မိုးကဲ့သို့ ကျင့်ခြင်း ဟုပါရှိပါသည်။

လေကဲ့သို့ ကျင့်ခြင်းဆိုသည်မှာ လေသည် သတ္တဝါအပေါင်းတို့၏ကိုယ်တွင်းသို့ဝင်ပြီး လှည့်လည်သကဲ့သို့ ထို့အတူ ပြည့်ရှင်မင်းတို့သည်လည်း ခပ်သိမ်းသော တိုင်းသားပြည်သူ လူရှင်အပေါင်းတို့၏ အမှုအရာ၊ ချမ်းသာ၊ ဆင်းရဲ၊ အကျိုးအပြစ်တို့ကို ကိုယ်တော်တိုင်လှည့်လည်၍ဖြစ်စေ၊ သူလျှိုထား၍ဖြစ်စေ သိအောင်လုပ်ရမည်ဟု ဆိုထားပါသည်။ ဆိုလိုသည်မှာ ရှင်ဘုရင်ဆိုသည်မှာ ထောက်လှမ်းမှုလုပ်ရမည်၊ သိသင့်သိအပ်သည့်သတင်းများကိုထောက်လှမ်းပြီး သိအောင်လုပ်ရမည်ဆိုသည့်သဘောပင် ဖြစ်ပေသည်။

ရာဇသေဝကဒီပနီကျမ်းထဲ၌ မှူးမတ်တို့၏အမည်နာမကွဲပြားခြင်းကိုပြဆိုရာဖြစ်သော အကြောင်းဟုဆိုကာ မှူးမတ်အမျိုးမျိုးတို့၏အခေါ်အဝေါ် တာဝန်ဝတ္တရားများကို ခွဲခြားပြဆိုထားပါသည်။ မှူးမတ်များထဲတွင် စရအမတ် ဆိုသည်မှာ ပကတိသူလျှို ဖြစ်သည်၊ မထင်မရှားအသွင်နှင့်လှည့်လည်သွားလာတတ်သည်ဟု ဆိုပါသည်။ ယထာရဟာဝဏ္ဏအမတ် ဆိုသည်မှာလည်း သူလျှိုပင် ဖြစ်သည်။ ကုန်သည်၊ ရသေ့ရဟန်းအသွင် စသည်အားဖြင့် ချောင်းမြောင်းသည့်သူလျှိုဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထား၏။ ထိုကျမ်းထဲ၌ စရ မည်ကုန်သောသူလျှိုတို့၏လက္ခဏာအကြောင်းဟူ၍ တွေ့ရရှိပါသည်။

**စရ မည်သောသူလျှိုတို့၏အင်္ဂါလက္ခဏာ**

(၁) သူတစ်ပါးတို့၏လျှို့ဝှက်အပ်သောအမှုအရာကိုလည်း ယူနိုင်သည်လည်း တစ်ပါး။
(၂) မိမိလျှို့ဝှက်အပ်သောအမှုအရာကို ဖုံးလွှမ်းနိုင်သည်လည်း တစ်ပါး။
(၃) အခြားစိုးမင်းတို့ထံ၌ များစွာပင် ဆုလာဘ်ကိုရငြားသော်လည်း အနည်းငယ်မျှသာရသော မိမိအရှင်၏ကျေးဇူးကိုမမေ့မလျော့သည်လည်း တစ်ပါး။

စရမည်သော သူလျှိုတို့၏လက္ခဏာဆိုသည်မှာ သူများဘက်ကလျှို့ဝှက်ထားသည့်သတင်းကို ရအောင်ယူနိုင်ရမည်။ မိမိတို့ဘက်က လျှို့ဝှက်ဖို့လိုအပ်သမျှကိုလည်း ပိပိရိရိထိန်းသိမ်းရမည်၊ မည်သို့သော လာဘ်လာဘပေးပေး မိမိဘက်၊ မိမိအရှင်၊ မိမိနိုင်ငံ၏ကျေးဇူးကို မမေ့မလျော့ရဟု ဆိုထားပါသည်။

## စရမည်သောသူလျှိုတို့၏အင်္ဂါလက္ခဏာဂါထာ

*ပရေသံဂုယှံ ဇာနာတိ။ အတ္တနောပနဂုယှကံ။ ပဋိစ္ဆာဒေတိယော ပေါသော။ ပတ္ထာပိဒေသကံဒုရံ။ နပမဇ္ဇတိသာမီနံ။ ထောကံပိကတ ကာရကံ။ တံစရတ္တေန ပေသေယျ။ ဘူမိပေါဌာနဒက္ခဏော။*

ယောပေါသော။ အကြင်ယောကျ်ားသည်၊ ပရေသံ။ သူတစ်ပါးတို့၏၊ ဂုယှံ။ လျှို့ဝှက်အပ်သောအမှုကို၊ ဇာနာတိ။ သိတတ်၏(ဝါ) သိအောင် ပြုတတ်၏၊ အတ္တနောပန။ မိမိ၏ကား၊ ဂုယှကံ။ လျှို့ဝှက်အပ်သောအမှုအရာကို၊ ပဋိစ္ဆာဒေတိ။ ဖုံးလွှမ်းတတ်၏၊ ဒူရံ။ ဝေးသော၊ ဒေသကံ။ အရပ်တစ်ပါးသို့၊ ပတ္ထာပိ။ ရောက်၍လည်း(ဝါ)ရောက်ငြားသော်လည်း၊ သာမီနံ။ အရှင်စိုးမင်းတို့၏၊ ထောကံပိ။ အနည်းငယ်မျှသာဖြစ်သော၊ ကတကာရကံ။ ချီးမြှောက်တော်မူဖူးသောကျေးဇူးတော်ကို၊ နပမဇ္ဇတိ။ မမေ့တတ်၊ တံ။ ထိုသို့သဘောရှိသောသူကို၊ ဘူမိပေါ။ ရေမြေရှင်ဖြစ်သော၊ ဌာနဒက္ခဏော။ အရာရာဌာန၌လိမ္မာသောမင်းမြတ်သည်၊ စရတ္တေန။ သူလျှို၏အဖြစ်ဖြင့်၊ ပေသေယျ။ စေခိုင်းတော်မူရာ၏။

ဤကျမ်းထဲတွင် ရှင်ဘုရင်ဆိုသည်မှာ သူလျှိုထားရမည်။ သူလျှို ဆိုသည်မှာ မည်သို့သော အရည်အချင်းများရှိရမည်ဟု ဖော်ပြပါရှိသည့်အပြင် 'သူလျှိုအထူး' ဆိုပြီး ကာလဒေသ ပယောဂအလိုက် အသွင်ယူလှုပ်ရှားတတ်ဖို့ နည်းလမ်းပေးထားပါသည်။

## ယထာရဟာဝဏ္ဏ သူလျှိုအထူး

ယထာရဟာဝဏ္ဏမည်ကုန်သော သူလျှိုအထူးတို့၏အင်္ဂါလက္ခဏာလည်း မထူးပြီ။ ကုန်သည်အသွင်၊ ရသေ့ ရဟန်းအသွင် စသည်ဖြင့် ချောင်းမြောင်းခြင်းမျှသာထူး၏။ သူလျှိုတို့၏သဘောသည်-

*ဝါမေနသူ ကရောဟောတိ။ ဒက္ခိဏေန အဇာမိဂေါ၊ သရေနနေလကောဟောတိ၊ ဝိသာဏေနဇရဂ္ဂဝေါ။*

ဝါမေန။ လက်ဝဲနံပါးဖြင့်၊ သူကရော။ ဝက်သည်၊ ဟောတိ။ ဖြစ်၏၊ ဒက္ခိဏေန၊ လက်ျာနံပါးဖြင့်၊ အဇာမိဂေါ ဆိတ်သည်၊ ဟောတိ။ ဖြစ်၏၊ သရေန။ အသံဖြင့်၊ နေလကော၊ နွားငယ်သည်။ ဟောတိ၊ ဖြစ်၏။ ဝိသာဏေန၊ ဦးချိုဖြင့်။ ဇရဂ္ဂဝေါ နွားအိုသည်။ ဝါ၊ နွားအိုနှင့်တူသည်။ ဟောတိ၊ ဖြစ်၏။ ဤသို့လျှင် အဋ္ဌကထာဆရာတို့ပြအပ်သော သူကရယက္ခမည်သော ဝက်ဘီလူးသည် ဝက်တို့ကိုမြင်လျှင် လက်ဝဲနံပါးဖြင့်ပြ၍ ငါလည်းဝက်ပင်ဟု ဖြားယောင်းလျက် ဝက်တို့ကို ဖမ်းစား၏။ ဆိတ်တို့ကိုမြင်လျှင် လက်ယာနံပါးဖြင့်ပြ၍ ငါလည်းဆိတ်ပင်ဟု ဖြားယောင်းလျက် ဆိတ်တို့ကို ဖမ်းစား၏။ နွားငယ်တို့ကိုမြင်လျှင် နွားငယ်ကဲ့သို့မြည်၍ ငါလည်း နွားငယ်ပင်ဟုဖြားယောင်း၍ နွားငယ်တို့ကို ဖမ်းစား၏။ နွားလားနွားအိုတို့ကိုမြင်လျှင် ဦးချိုဖြင့်ပြ၍ ငါလည်း နွားလားနွားအိုဟုပင် ဖြားယောင်း၍ နွားလားနွားအိုတို့ကို ဖမ်းစား၏။ ထို့အတူ သူလျှိုတို့လည်း ထိုထိုအရပ်ဒေသဌာနစရိုက်သို့လိုက်၍ ထိုထိုလူတို့၏အမှုအရာအကြံအစည်တို့ကိုသိအောင်မှုကုန်ရာ၏။

(၁) သူတစ်ပါး၏လျှို့ဝှက်ထားသည့်သတင်းကို ရအောင်ယူနိုင်ခြင်း၊
(၂) မိမိတို့ဘက်က လျှို့ဝှက်အပ်သမျှ ပိပိရိရိ ထိန်းသိမ်းနိုင်ခြင်း၊
(၃) မည်သို့လာဘ်လာဘပေးပေး မိမိနိုင်ငံ၊ မိမိအရှင်၏ကျေးဇူးကို မမေ့ခြင်း၊
(၄) မိမိစုံစမ်းထောက်လှမ်းရမည့်ဒေသ၊ ဝန်းကျင်နှင့်တူညီအောင် အသွင်ယူနိုင်ရမည်ဟု ဆိုထားပါသည်။

**ကဝိလက္ခဏာဒီပနီကျမ်း**

ကုန်းဘောင်ခေတ်နှောင်းပိုင်း၊ ကင်းဝန်မင်းကြီးနှင့်အတူ တိုင်းရေးပြည်ရာများ၌အရေးပါခဲ့သည့် သီရိဇေယျသူရအမတ်ကြီး ဦးခြိမ့် (၁၈၂၈-၁၈၈၃)၏ ကဝိလက္ခဏာဒီပနီကျမ်းကလည်း တိုင်းပြည်အုပ်ချုပ်ရေး၌ တာဝန်ခွဲဝေထမ်းဆောင်ကြရသည့် မှူးမတ်(၁၄)ပါးရှိကြောင်း၊ ထိုအမတ်(၁၄)ပါးထဲတွင် သူလျှိုအမတ်လည်း တစ်ပါးအပါအဝင်ဖြစ်ကြောင်း ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။

(၁) မန္တိနီ မင်းတိုင်ပင်အမတ်
(၂) သေနာနီ ဗိုလ်မှူးအမတ်
(၃) အက္ခဒ္ဒဿော တရားဆုံးဖြတ်တတ်သောအမတ်
(၄) ဒေါဝါရိကော တံခါးမှူးအမတ်
(၅) အနီကဋ္ဌော ကိုယ်ရံတော်အမတ်
(၆) မလ္လကော လက်ဖွေ့တော်သတ်အမတ်
(၇) သောကော မင်းခစားအမတ်
(၈) ဟေရညိကော စံကိုင်ပွဲစား(ရွှေ၊ ငွေ၌တတ်သောအမတ်)
(၉) အဓိကတော တစ်ရွာတည်း၌ ကြီးကဲသောအမတ် (ကလန်)
(၁၀) ဂေါပေါ များစွာသောရွာ၌ ကြီးကဲသောသူ (သံပျင်)
(၁၁) စရော သူလျှိုအမတ်
(၁၂) ဒူတော တမန်အမတ်
(၁၃) ဂဏာတော ဂဏန်းဟူးရားတတ်သောအမတ်
(၁၄) လေခကော စာရေးစာချီအမတ်

**ရာဇနီတိကျမ်း**

မင်းတုန်းမင်းနန်းတက်ပြီး ၁၈၅၄၌ အနန္တညာဏပုဏ္ဏားနှင့် ကဏာမိဿကပုဏ္ဏား(၂)ပါး ရေးသားပြုစုသည့် ရာဇနီတိကျမ်းတွင် -

*အကြင်လူများသခင် ဘဝရှင်မင်းတရား၏။ တတ္တော၊ အမြဲခစားသော ယောက်ျားသည်။ ပညာဝါ၊ ပညာလည်း ရှိ၏။ အနုတ္တရောစ၊ အရှင်အမှုကိုလည်း အလွန် ချစ်၏။ သူရော၊ ရဲရင့်၏။ မန္တိဂုဏေ ယုတ္တောစ၊ တိုင်ပင်ခြင်းကျေးဇူးနှင့်လည်း ပြည့်စုံ၏။ တဿနရာ ဓိဗ္ဗာရသာ၊ ထိုလူများသခင် ဘဝရှင်မင်းတရားအား။ သဗ္ဗံ၊ ခမ်းသိမ်းသော*

*ကိစ္စသည်။ သမဗ္ဗုတိ၊ ပြည့်စုံ၏။ ခပ်သိမ်းသော အကျိုးတို့သည် ရောက်၏ဟူလိုသည်။ ရာဇာ၊ ပြည့်ရှင်မင်းသည်။ ရဋ္ဌေ၊ မိမိတိုင်းနိုင်ငံ၌။ ဗလိ၊ အခွန်အတုတ်ကို။ ဟရေ၊ အသာအသာဆောင်ရာ၏။ ပထဝီသပ္ပဘူတာနိ ယဏ စရတိ မာလုတော ဧဝံ ဂုဂယှတိ ဇာနေယျ မာလုတသာ ဝတံ ဣဒံ။ လေသည် ခပ်သိမ်းသောသတ္တဝါတို့ကို ပဝိုးဝင်၏။ လေလှည့်ပတ်သကဲ့သို့ ပြည့်ရှင်မင်းသည် သူလျှိုတို့ဖြင့် သူ၏အကြောင်းအရာကို သိရာ၏။ ဤသို့သော သူလျှိုထားခြင်းသည်ကား လေ၏အကျင့်တည်း။ သူလျှိုထားခြင်းသည် လေနှင့်အတူကျင့်သည် ဟူလို၏။*

**ရာဇဓမ္မသင်္ဂဟာကျမ်း**

ကုန်းဘောင်ခေတ်နှောင်းပိုင်းဟုဆိုရမည့် သီပေါမင်းလက်ထက်တွင် ယောမင်းကြီး ဦးဘိုးလှိုင် (၁၈၂၉-၁၈၈၃)သည် ရာဇဓမ္မသင်္ဂဟာကျမ်းကို ရေးသားခဲ့ပါသည်။ သီပေါမင်းနန်းတက်ပြီးစ (၂)လခန့် အကြာ၌ ရေးသားပြီးစီးခဲ့ခြင်းဖြစ်သည်။ နိုင်ငံအုပ်ချုပ်သူမင်း၊ အစိုးရတို့အတွက် အလွန်အဖိုးတန်သည့် ကျမ်း ဖြစ်သည်။ ဆရာကြီးမောင်ထင် တည်းဖြတ်ထုတ်ဝေသည့် ရာဇဓမ္မသင်္ဂဟာကျမ်း၏မျက်နှာဖုံးပေါ်၌ "သီပေါမင်းသည် ရာဇဓမ္မသင်္ဂဟာကျမ်း၌ပါရှိသောစီမံကိန်းအရပ်ရပ်တို့ကို အကောင်အထည် ဖော်နိုင်ခဲ့လျှင် ယုတ်စွအဆုံး ကိုယ့်မင်းကိုယ့်ချင်း မြန်မာနိုင်ငံသည် ကွက်ကွက်မျှပင်ဖြစ်ဖြစ် ကျန်ရစ်ခဲ့လိမ့်မည်" ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ ထိုကျမ်းတွင် ထောက်လှမ်းရေးနှင့်ပတ် သက်၍ အလေးထားအတုယူဖွယ်၊ မှတ်သားဖွယ်ရာများ ပါရှိပေသည်။

လျှို့ဝှက်တိုင်ပင်ခြင်းဆိုင်ရာအကြောင်းဟူ၍ အလွန်လျှို့ဝှက်သောအရာကို တိုင်ပင်သည့်အခါ နားလေးပေါက် လူနှစ်ယောက် တိုင်ပင်ခြင်း၊ လူသုံးယောက် နားခြောက်ပေါက် တိုင်ပင်ခြင်းများရှိရာ လူသုံးယောက်တိုင်ပင်မှုကို ပယ်ရမည့်အကြောင်း၊ မိလိန္ဒပဥှာကျမ်းပါ လျှို့ဝှက်သောအမှုကိုတိုင်ပင်ရာ၌ ကြဉ်ရှောင်အပ်သည့်အရပ်(၈)ပါး၊ အတိုင်အပင်ကိုဖျက်ဆီးတတ်သူ(၈)ယောက်၊ အတိုင်အပင်ကိုသိလျှင် မလျှို့ဝှက်ဘဲ ဖွင့်ပြောတတ်သူ(၉)ယောက်တို့ကိုလည်း ဖော်ပြထားသည်။

ထိုကျမ်း၌ ပြည့်ရှင်မင်းတို့ ကျင့်သုံးဆောက်တည်အပ်သောရာဇဂုဏ်(၈)ပါးကိုဖော်ပြပြီး ထို(၈)ပါးထဲမှ လေကဲ့သို့ကျင့်ခြင်းဆိုသည်မှာ လေသည်သတ္တဝါတို့၏ကိုယ်အတွင်း ဝင်၍သွားသကဲ့သို့ ပြည့်ရှင်မင်းများသည်လည်း အမှုးအမတ်၊ ပြည်သူခပ်သိမ်းတို့၏အပြုအမူ၊ ဆင်းရဲချမ်းသာကို အလျှို့ အဝှက် သူလျှိုထားပြီး ကိုယ်တွင်းဝင်သကဲ့သို့ သိအောင်ပြုလုပ်ရမည်ဟု ဖော်ပြထားသည်။ ဆိုလိုသည်မှာ ပြည့်ရှင်မင်းသည် ပြည်သူများအကြောင်းအကုန်သိအောင် သူလျှိုထားပြီးထောက်လှမ်းရမည်၊ သိအောင် လုပ်ရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ပြည့်အင်္ဂါ(၉)ပါးအကြောင်းဖော်ပြရာမှာလည်း သူလျှိုဆိုသည်မှာ တိုင်းပြည်၏နားဖြစ်သည်၊ ပြည့်အင်္ဂါ(၉)ပါးကို ပြည့်ရှင်မင်းတို့မဆင်မခြင် မစူးမစမ်း မဖျက်ဆီးအပ်သည့်အကြောင်း ရှင်းလင်းပြပြီး မင်းစဉ်လင်္ကာမှာပါရှိသည့်အတိုင်း "တပြည်တမြို့၊ သူ့ရပ်တို့ဝယ်၊ ပိုက်ကြို့ချောင်းမြောင်း၊ သူလျှိုကောင်းကား၊ ကျိုးကြောင်းဘွေနည်၊ ပြည်နားမည်၏" ဟု ဖော်ပြထားပါသည်။

ဤကျမ်းတွင် ရန်အောင်ခြင်းတရား ဥပါယ်(၇)ပါးအကြောင်း ပြဆိုရာမှာလည်း ကာမန္တကီနီတိ ကျမ်းလာအတိုင်း-

(၁) သာမဥပါယ်

(၂) ဒါနဥပါယ်

(၃) ဒဏ္ဍဥပါယ်

(၄) ဘေဒဥပါယ်

(၅) မာယာဥပါယ်

(၆) ဥပေက္ခာဥပါယ်

(၇) ဣန္ဒဇာလဥပါယ်ဟူ၍(၇)ပါးရှိရာ ဘေဒဥပါယ်ဆိုသည်မှာ အင်အားတူပြီး အသင်းအပင်း ညီညွတ်လှသည့်အတွက် မအောင်နိုင်သောရန်သူကို တိုက်ခိုက်ရမည့်နည်းနာပင် ဖြစ်သည်။ ဘေဒ ဥပါယ်ကိုကျင့်သုံးသည့်အခါ နည်းနာ(၂)မျိုးသုံးရမည်။ တစ်မျိုးမှာ အချင်းချင်းစိတ်ဝမ်းကွဲအောင် လုပ်သည့်နည်း၊ နောက်တစ်နည်းမှာ ဩဇာကြီးသောသူတစ်ယောက်နှစ်ယောက်ကို ကိုယ့်ဘက်ပါအောင် လုပ်သောနည်းပင်ဖြစ်သည်ဟု ဖော်ပြထားသည်။ စင်စစ် ဘေဒဥပါယ်ဆိုသည်မှာ ဒလျှိုဒလန်များကို အသုံးပြုပြီး ရန်သူကိုမည်သို့တိုက်ရမည်ဆိုသည်ကို ဖော်ပြထားခြင်းဖြစ်၏။ ဘေဒဥပါယ် (၃)မျိုးရှိရာ-

(၁) ကုန်းချောသောစကားကိုပြော၍ ညီညွတ်သောသူတို့အချင်းချင်း ချစ်ခင်စုံမက်ခြင်းကို ဖယ်ရှားခြင်း၊

(၂) အချင်းချင်းညီညွတ်သောသူတို့တွင် အချို့သောသူတို့ကို အချင်းချင်းချစ်ခင်စုံမက်သည် ထက် ကိုယ့်ကို ချစ်ခင်စုံမက်ရှင်လန်းအောင်မြင်စေခြင်း၊

(၃) သူအကျိုးရှိခိုက်ဖြစ်၍သာ ယခုအသင့်အတင့်ပြုသည်၊ နောင်သူ့အလိုပြည့်လျှင် သင့်ကို ဖျက်ဆီးလိမ့်မည်ဟု ခြောက်လှန့်ခြင်းတို့ဖြစ်ပါသည်။

မာယာဥပါယ်နှင့်ပတ်သက်၍ လူတို့ပြုလုပ်နိုင်သည့်ဥပါယ်၊ နတ်တို့ပြုလုပ်နိုင်သည့်ဥပါယ်၊ လူတွင်လည်း ပကတိပြုလုပ်နိုင်သည့်ဥပါယ်၊ အင်း၊ မန္တန်၊ ဆေးဝါးတို့နှင့်ပြုလုပ်နိုင်သည့်ဥပါယ်အဖြစ် (၂)မျိုးခွဲခြား ဖော်ပြထားပါသည်။ လူတို့ပကတိပြုလုပ်နိုင်သည့်မာယာဥပါယ်မှာ မိန်းမနှင့်တူသည့် ယောကျ်ားကို မိန်းမလိုဝတ်စေပြီး မိန်းမများသာဝင်၊ ထွက်နိုင်သည့်နေရာအရပ်များကို စေလွှတ် ထောက်လှမ်းခြင်းလုပ်ရမည်ဟု ဖော်ပြထားသည်။ မည်သို့ပင်ဖြစ်စေ ကုန်းဘောင်ခေတ်နှောင်းပိုင်း၌ ထွက်ပေါ်ခဲ့သည့် အထက်ဖော်ပြပါကျမ်း(၂)ကျမ်းသည် ထောက်လှမ်းရေးအတွက် လေ့လာအတုယူဖွယ်ရာ များပါရှိသည်ကို တွေ့ရှိရပါသည်။

**မဃဒေဝလင်္ကာ**

ကုန်းဘောင်ခေတ်နှောင်းပိုင်း ၁၈၇၃ခုနှစ်၌ မန်လည်ဆရာတော်(၁၈၄၁-၁၉၂၀)သည် မဃဒေဝလင်္ကာသစ်ကို စတင်ရေးသားတော်မူခဲ့ရာ ၁၉၀၄ ခုနှစ်ကျမှ အပြီးသတ်ခဲ့သည်ဟုဆိုပါသည်။ ထို့ကြောင့် မဃဒေဝလင်္ကာသစ်ကျမ်းကို မန်လည်ဆရာတော်ဘုရားကြီးသည် (၃၁)နှစ်တိုင်တိုင် ကြိုးပမ်း အားထုတ်ခဲ့ရကြောင်း တွေ့ရှိရပါသည်။ အင်္ဂလိပ်ကိုလိုနီခေတ်ရောက်မှ ကျမ်းစာအုပ်အဖြစ် ရောက်ရှိ ခဲ့ခြင်းဖြစ်သော်လည်း ထောက်လှမ်းရေးနှင့်ပတ်သက်၍ လေ့လာဖွယ်ရာများပါရှိသဖြင့် ကောက်နုတ် ဖော်ပြလိုက်ပါသည်။

မဃဒေဝလင်္ကာသစ်၊ ပုတ္တောဝါဒခန်း၊ ပိုဒ်ရေ (၁၈၀)၌ တိုင်းပြည်၏ ရတနာ(၉)ပါး ကို ပြည့်ရှင်မင်းများ မြတ်နိုးစွာဝတ်ဆင်အပ်သည့် နဝရတ်ကိုးသွယ် အဖြစ် လင်္ကာဖြင့်ဖော်ပြထားပါသည်-

*"နန်းထီးသခင်၊ ပြည်ကြီးရှင်တို့၊ ဝတ်ဆင်အပ်ရာ၊ မြတ်တန်းဆာဟု၊ ရတနာမည်မှတ်၊ နဝရတ်ကိုးသွယ်၊ ဆင်စလွယ်လည်း၊ ကြီးငယ်ပြည်ရေး၊ မြော်တွေးနိုင်စွာ၊ သိလိမ္မာသည့်၊ သေနာပတိ၊ မတ်ဘုန်းယို့ကား၊ ပြည်ကြီးဥကင်း၊ သီတင်းကျင့်မွန်၊ ဂုဏဝန်နှင့်၊ သီလဝန် မည်၊ မဟာထေရ်ကား၊ တိုင်းပြည်တံခွန်၊ ဝေဒလ်ပိဋကတ်၊ တတ်မှတ်ကျော်ထိတ်၊ ပုရောဟိတ်ကား၊ အတိတ်နာဂတ်၊ ဆုံးဖြတ်မြင်သိ၊ ပြည့်မျက်စိတည့်၊ ထိုပြီးတခြား၊ တိုင်းတပါးသို့၊ ရောက်သွားဝင်ထွက်၊ ရှို့ဝှက်ထဲသံ၊ သူ့အကြံကို၊ နာခံထိုထို၊ ကြားကြောင်း ဆိုသည့်၊ သူလျှိုယောကျ်ား၊ သူကောင်းသားကား၊ ပြည့်နားမည်ယို့၊ ဇာတိမန္တ၊ ရဲသူရနှင့်၊ ဝံသမဟာ၊ ဂုဏ်ဝါသိင်္ဂီ၊ ရွှေစံမှီသို့၊ မင်းညီမင်းသား၊ ဆွေတော်များမူ၊ ပြည်သွားပြည့်စွယ်၊ တင့်တယ်ရောင်ညီး၊ ရှုမငြီးသား၊ သမီးကညာ၊ ရတနာကား၊ ကျော်ကြားသတင်း၊ တပြည်ချင်းအောင်၊ ကျော်ခြင်းထွန်းစည့်၊ ဝင်းထိန်မှည့်သား၊ ရွှေပြည့်မျက်နှာ၊ မဟာဂဟပတိ၊ သေဋ္ဌိရတနာ၊ ဥစ္စာပေါ်ယယ်၊ ငွေးသူကြွယ်ကို၊ ပြည့်ဝမ်းဆိုရှင့်၊ ရဲဗိုလ်မှူထမ်း၊ ရဲစွမ်းသတ္တိ၊ အထူးယို့သား၊ ဟတ္ထအဿ၊ ထိုမျှတထွေ၊ ပြည့်ခြေခေါ်ရှိုး၊ လက်နက်မျိုးမှာ၊ ပြည်ရွာ၏လက်၊ စဉ်မပျက်ဖြင့်၊ ပြိုးပြက်နဝရတ်၊ ကိုးချက်မှတ်သား၊ မွန်မြတ်ဥစ္စာ၊ ရတနာတည့်၊ သေချာမှတ်သွင်း၊ ပြည့်ဥကင်းကို၊ သားမင်းမနှိမ်၊ ဂုဏ်သိမ်မြင့်လွန်၊ ပြည့်တံခွန်ကို၊ သားမွန်မချ၊ နေ့ညမြင်သိ၊ ပြည့်မျက်စိကို၊ မထိတပါး၊ ပြည့်နားမပယ်၊ ပြည်စွယ်မချိုး၊ မညိုးမျက်နှာ၊ မနာပြည့်ဝမ်း၊ သန်စွမ်းခြေလက်၊ ပယ်မဖျက်ဘဲ၊ အမျက်ကိုးကွင်း၊ ဆင်နိုင်လျှင်း၍၊ ထွန်းဝင်း ဂုဏ်ရောင်၊ တပြောင်ပြောင်သည်၊ မိုးခေါင်ထိုးဖောက် စေဘိလော့"။*

မယဒေဝလင်္ကာသစ် အပိုဒ်ရေ(၃၈၅) ၌- ပြည့်ရှင်မင်းအနီး ဝင်ထွက်ခစားသူများတွင် တမန်၊ သူလျှိုတို့လည်းပါရှိကြောင်း ပြဆိုထားပါသည်။

*ရေးရာတတ်မြင်၊ ရွှေနန်းဝင်၍၊ ရွှေစင်လုံးနီ၊ ရွှေကွန်းမှီလျက်၊ ဂုဏ်ဆီပြည့်ဝ၊ ထူးဥာဏ ကြောင့်၊ ဌာနဦးတင်၊ မင်းတိုင်ပင်နှင့်၊ သေနစိုးအုပ်၊ ဗိုလ်ချုပ်ကြီးမြတ်၊ ဆုံးဖြတ်တရား၊ တံခါးစောင့်မှူး၊ တထူးကိုယ်ရံ၊ မြဲမြံသန်စွမ်း၊ လက်ပမ်းဆောင်မြဲ၊ ပွဲမှူးရာဖြတ်၊ ပညတ် တသီး၊သူကြီးကလန်၊ သံဗျင်မွန်က၊ တမန်သူလျှို၊ ထိုပြီးတခြား၊ ဟူးရားစာရေး၊ တဆယ့်လေးတည့်၊ နီးဝေးတွင်ပြင်၊ မင်းထံခွင်နှိုက်၊ ထွက်ဝင်မကင်း၊ ညီလာကျင်း၍၊ မင်းနှင့်တကွ၊ ပြည့်ကိစ္စကို၊ လုံ့လကုန်အောင်၊ ရွက်ဆောင်မပြတ်၊ သက်ရှင်တတ် ကြောင့်. . . ။*

ပုတ္တောဝါဒခန်း၊ ပိုဒ်ရေ(၁၉၀)၌လည်း စစ်အင်္ဂါ(၈)ပါးကို ဖော်ပြထားပါသည်။

*တိုင်းခန်းကျယ်ကြောင်း၊ ချဲ့လိုရှောင်းက၊ စစ်ခေါင်းဟူပြီး၊ စစ်သူကြီးနှင့်၊ အတီးနာဂတ်၊ ဆုံးဖြတ်ဆင်ခြင်၊ ရှုမြင်တတ်စွာ၊ ဆရာပဏ္ဍိ၊ စစ်မျက်စိကို၊ သူလျှိုစစ်နား၊ စစ်အား ဗိုလ်သင်း၊ စစ်ခံတွင်းတမန်၊ မှတ်ရန်တသွယ်၊ စစ်စွယ်မတ်ရဲ၊ တကွဲခြေသည်၊ တွင်မည် စစ်ခြေ၊ တထွေမှတ်ချက်၊ လက်နက်ကိရိယာ၊ စစ်အင်္ဂါတည့်၊ ရှစ်ဖြာအပုံ၊ အင်ပြည့်စုံမှ၊ ရွှေဘုံတိုင်းနယ်၊ ချဲ့တိုင်းကျယ်ရှင့်။*

ပုတ္တောဝါဒခန်း၊ ပိုဒ်ရေ(၁၉၄)၌လည်း စစ်အောင်ရာသောအကြောင်း(၁၂)ပါးကို ဖော်ပြထားပါသည်။

*ဗျူဟာခင်းကျင်း၊ လိမ္မာခြင်းနှင့်၊ မင်းမတ်ညီညွတ်၊ စွန့်လွှတ်ပေးကမ်း၊ မှုထမ်းယောကျ်ား၊*
*သူရဲများတို့၊ ခန့်ထားတိုင်းရ၊ များလှဗိုလ်ပါ၊ ယတြာပြုချက်၊ စီးလင်္ဂသန့်စွာ၊ ရိက္ခာ*
*ပြည့်ခြင်း၊ နားကင်းသူလျှို၊ နတ်ကိုပူဇော်၊ ဆင်ကျော်မြင်းကောင်း၊ အကြောင်းဆဲ့နှစ်၊*
*ပြည့်စုံလစ်က၊ ရန်စစ်အောင်ရာ၊ မချွတ်စွာဘူး။*

ပုတ္တောဝါဒခန်း၊ ပိုဒ်ရေ(၂၀၂)၌လည်း ပြည့်ရှင်မင်းဆိုသည်မှာ ပြည့်သတင်းကို မည်သို့ရအောင် ဆောင်ရွက်ရမည်ဆိုသည်ကို လမ်းညွှန်ထားပါသည်။

*တရားစီရင်၊ သဘင်လွှတ်ရုံး၊ ပတ်ကုံးဌာန၊ တွင်းပြင်စသား၊ ဒေသသီးသီး၊ ဝေးနီးမဆို၊*
*ရပ်ထိုထိုနိုက်၊ သူလျှိုယောကျ်ား၊ ကိုယ်စောင့်ထား၍၊ မင်းနားတထောင်၊ ကုန်အောင်*
*မကြွင်း၊ ပြည့်သတင်းကို၊ သားမင်းလိမ္မာ၊ မပြတ်နာရှင့်။*

ပုတ္တောဝါဒခန်း၊ ပိုဒ်ရေ(၂၀၇)၌လည်း သံတမန်ကိုမသတ်ထိုက်သည့်အကြောင်း လမ်းညွှန် ပြဆိုထားပါသည်။

*ဖျားရင်း မူလ၊ မတိုင်းဆဘဲ၊ ကောခအေလို၊ အမျက်ပို၍၊ သံကိုဘယ်ခါ၊ မသတ်ရာဘူး၊*
*သခင်ညွှန်တိုင်း၊ စေကျွန်ယောကျ်ား၊ ထွန်သည့်နွားသို့၊ သွားရတုံဘိ၊ ပြစ်မယိုတည့်၊*
*နှိုင်းညှိစာနာ၊ ကရုဏာနှင့်၊ မေတ္တာမလွတ်၊ ချစ်ရည်ဆွတ်လော့။*

ပုတ္တောဝါဒခန်း၊ ပိုဒ်ရေ(၂၁၂)၌လည်း လျှို့ဝှက်ရမည့်ကိစ္စကို မည်သို့စောင့်ထိန်းရမည်ဆိုသည် ကို လမ်းညွှန်ထားပါသည်။

*ထိုမှတချက်၊ မောင်နားရွက်လော့၊ ရှို့ဝှက်အပ်စွာ၊ အရာရာကို၊ မာတာပိတ၊ မိဘနှင့်*
*သား၊ ကိုယ်ကိုထား၍၊ မယားကိုမျှ၊ မပြောရဘူး။*

သမိုင်းအထောက်အထား မှတ်တမ်းမှတ်ရာများအရ ကုန်းဘောင်ခေတ်သည် ထောက်လှမ်းရေး နှင့်ပတ်သက်၍ အခြားခေတ်များနှင့်စာလျှင် ပီပီပြင်ပြင် ဖွဲ့စည်းလုပ်ဆောင်နိုင်သည်ဟု ဆိုနိုင်၏။ ပြည်တွင်း၌ စနစ်တကျဖွဲ့စည်းထောက်လှမ်းရုံသာမက ပြည်ပသို့ပါ ထိုးဖောက်ထောက်လှမ်းနိုင်ခဲ့ကြောင်း ကိုလည်း တွေ့ရှိရပေသည်။ ပြည်ပသို့ ထိုးဖောက်ထောက်လှမ်းရာတွင် အိန္ဒိယသို့ ဝင်ရောက်နယ်ချဲ့ နေပြီဖြစ်သောအင်္ဂလိပ်၏ရန်ကို အစောပိုင်းကာလများကပင် ကြိုတင်ထောက်လှမ်းသိရှိခဲ့ပြီး မှန်ကန်စွာ သုံးသပ်နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ သမိုင်းစဉ်တစ်လျှောက် ခြုံငုံကြည့်လျှင် ကုန်းဘောင်ခေတ်တွင် မြန်မာတို့၏ထောက်လှမ်းရေးအဆင့်အတန်းမြင့်မားလာပြီဟု ဆိုနိုင်၏။ သို့ရာတွင် နယ်ချဲ့အင်္ဂလိပ်တို့ ၏စနစ်တကျတည်ဆောက်ဖွဲ့စည်းထားသည့်ထောက်လှမ်းမှုများနှင့်ယှဉ်သည့်အခါ များစွာ ခေတ်နောက် ကျကျန်ခဲ့ကြောင်းကိုကား ကွက်ကွက်ကွင်းကွင်း တွေ့မြင်နိုင်ပေသည်။

## အခန်း (၉)

# နိဂုံး

# နိဂုံး

ရှေးမြန်မာမင်းများလက်ထက် ထောက်လှမ်းရေးနှင့်ပတ်သက်၍ ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အထိ ခေတ်ကိုထင်ဟပ်နေသည့်ထောက်လှမ်းရေးနှင့်သက်ဆိုင်သောစာပေများမှအပ ထောက်လှမ်းရေး မည်သို့လုပ်ခဲ့ကြသည်ဆိုသည်ကို ရာဇဝင်သမိုင်းမှတ်တမ်းများ၌ အထောက်အထား အလွန်နည်းပါးလှပါသည်။ ကုန်းဘောင်ခေတ်လောက်တွင်သာ ထောက်လှမ်းရေးတာဝန်ပေးမှု၊ ဖွဲ့စည်းမှုများလုပ်ခဲ့ကြောင်း၊ ပြည်တွင်းပြည်ပထောက်လှမ်းမှုလုပ်ခဲ့ကြောင်း မှတ်တမ်းမှတ်ရာ အနည်းအကျဉ်းတွေ့ရပါသည်။ ခေတ်အလိုက်မြန်မာတို့၏အလေ့အကျင့်အရ မှတ်တမ်းတင်မှုအားနည်းခဲ့သဖြင့် မှတ်တမ်းမှတ်ရာ များများစားစား မတွေ့ရခြင်းလည်း ဖြစ်နိုင်ပါသည်။ ထောက်လှမ်းရေး၏သဘောသဘာဝသည်ပင် လျှို့ဝှက်ရခြင်းဖြစ်သဖြင့် မှတ်တမ်းမတင်နိုင်ခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။ ထို့ပြင် ထီးစံနန်းစံမင်းတို့၏ယုံကြည်စိတ်ချရသူများကိုသာ ထောက်လှမ်းရေးတာဝန်ပေးခြင်းဖြစ်ပြီး မင်းတစ်ပါးစီ၏ကွန်ရက်(Net-work) သဘောမျိုးဖြစ်နေသဖြင့် မှတ်တမ်းမတင်နိုင်ခြင်းလည်း ဖြစ်နိုင်ပါသည်။ ထို့ပြင် ထီးနန်းဆက်ခံရာ၌ ထီးလုနန်းလုတက်ကြသည့်အခါ ယခင်မင်း၏ယုံကြည်စိတ်ချသူအမှုထမ်းများကို ဖယ်ရှားကြသည်ကများသဖြင့် ထောက်လှမ်းရေးစနစ်၊ ထောက်လှမ်းရေးကွန်ရက်ဆိုသည်မှာ စဉ်ဆက်မပြတ် မရှိနိုင်တော့သောကြောင့် မှတ်တမ်းမကျန်ခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။ ထို့ပြင် စာရေးသူအနေဖြင့် နှံ့စပ်အောင် မလေ့လာနိုင်သေးသည့်အတွက် အထောက်အထား များများစားစား မတွေ့ရခြင်းလည်း ဖြစ်နိုင်ပါသည်။ တွေ့ရှိရသလောက် စာပေ၊ အထောက်အထားများနှင့်ပင် စာရေးသူတစ်ဦးတည်းအနေဖြင့် သုံးသပ်မိသည်မှာ-

- ❑ ရှေးမြန်မာမင်းများသည် ထောက်လှမ်းရေးနှင့်ပတ်သက်၍ သံတမန်၊ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များစေလွှတ်ပြီး ပြောင်ထောက်လှမ်းသောနည်း၊ သူလျှိုအထောက်တော်များဖြင့် လျှို့ဝှက်ထောက်လှမ်းသောနည်းများနှင့် ပြည်တွင်းပြည်ပထောက်လှမ်းမှုများ စနစ်တကျလုပ်ခဲ့ကြသည်မှာ အမှန်ပင် ဖြစ်ပါသည်။
- ❑ ခေတ်အလိုက်ပေါ်ပေါက်ခဲ့သောစာပေများအရ ထောက်လှမ်းရေးအတွေးအခေါ်၊ အသိပညာနည်းနာများသည် အဆင့်အတန်းမြင့်မားပါသည်။ သံတမန်၊ သူလျှို၊ အထောက်တော်များ ရွေးချယ်တာဝန်ပေးခြင်းကစပြီး မည်သို့သောအရည်အချင်း ဂုဏ်အင်္ဂါများနှင့်ပြည့်စုံရမည်၊ မည်သို့နေရထိုင်ရမည်၊ မည်သို့ထောက်လှမ်းရမည်၊ မိမိဘက်ကလုံခြုံအောင် မည်သို့လုပ်ဆောင်ရမည်၊ ရန်သူဘက်ကသူလျှိုကို မည်သို့ဖော်ထုတ်ရမည် စသည်အားဖြင့် ရှင်ဘုရင်ကနေ အောက်ခြေအထိ အသေးစိတ် လမ်းညွှန်မှုများပေးထားပါသည်။ မျက်မှောက်ခေတ် သံတမန် အပါအဝင် ထောက်လှမ်းရေးတာဝန်ထမ်းဆောင်ရသူများအတွက် လိုက်နာကျင့်သုံးအပ်သည့်အခြေခံသဘောတရားများဖြစ်နေကြောင်း တွေ့ရှိရပါသည်။
- ❑ တွေ့ရှိသလောက်အထောက်အထားနှင့်ပင် ရှေးမြန်မာမင်းများ၏ ထောက်လှမ်းရေးလုပ်ဆောင်မှုနှင့် သံတမန်၊ သူလျှို အထောက်တော်များ၏လုပ်ဆောင်မှုများသည် အဆင့်အတန်း

မြင့်မားပါသည်။ သံတမန်အဖြစ်စေလွှတ်သူများကို မည်သို့နေထိုင်၊ ပြောဆိုဆက်ဆံရမည်၊ သူတစ်ပါးနိုင်ငံ၏နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ ဘာသာရေး၊ လူမှုရေးစသည့် အရေးအရာကိစ္စများကို မည်သို့စုံစမ်း၊ ထောက်လှမ်းရမည်ကို အသေးစိတ်ညွှန်ကြားထားသည်ကို တွေ့ရှိရသကဲ့သို့ အထောက်တော်သူလျှိုများ၏ထောက်လှမ်းရရှိချက်၊ တင်လျှောက်လွှာများကို လေ့လာကြည့်လျှင် ရှေးမြန်မာတို့၏ထောက်လှမ်းရေးအတွေးအခေါ်၊ ထောက်လှမ်းရေးအသိအမြင်များ အလွန်မြင့်မားကြောင်း တွေ့ရှိရပါသည်။

- ကုန်းဘောင်ခေတ်၌ နယ်ချဲ့အင်္ဂလိပ်တို့၏သံတမန်များသည် နယ်ချဲ့ရန်အတွက် ထောက်လှမ်းရေးလုပ်ခဲ့ကြသည်ကို တွေ့ရပါမည်။ မျက်မှောက်ခေတ်မှာလည်း ခေတ်သစ်နယ်ချဲ့စနစ် ကျင့်သုံးနေကြသည့်နိုင်ငံကြီးများအပါအဝင် နိုင်ငံတကာသံတမန်များသည် မိမိတို့နိုင်ငံအတွင်း၌ ပြောင်သူလျှိုအဖြစ် ထောက်လှမ်းရေးလုပ်နေကြမည်ဆိုသည်ကို သတိရှိရပါလိမ့်မည်။
- ကုန်းဘောင်ခေတ်၌ မြန်မာဘုရင့်ထံအမှုထမ်းနေကြသော နိုင်ငံခြားသားများအပါအဝင်၊ နေပြည်တော်၌ရှိနေကြသည့်နိုင်ငံခြားသားအားလုံး အတော်များများသည် မျက်နှာဖြူချင်း ရိုင်းပင်းကာ ကိုယ်ကျိုးကိုသာကြည့်ပြီး မြန်မာတို့အပေါ် သစ္စာမဲ့ခဲ့သူများသာ ဖြစ်နေကြပါသည်။ မည်သည့်ခေတ်၊ မည်သည့်အခါဖြစ်စေ မြန်မာပြည်ကိုချစ်ပြီး မြန်မာပြည်ကိုသစ္စာရှိပါသည် ဆိုသည့်နိုင်ငံခြားသား အလွန်ရှားပါသည်။ ထို့ကြောင့် နိုင်ငံခြားသားမှန်သမျှ ယုံကြည်စိတ်ချ၍မရနိုင်ဆိုသည်ကို အမြဲသတိရှိရပါလိမ့်မည်။
- ကုန်းဘောင်ခေတ်၌ အင်္ဂလိပ်၏သူလျှိုများ၊ သတင်းပေးများထဲတွင် မြန်မာတိုင်းရင်းသားများ ပါဝင်ခဲ့ပါသည်။ မည်သည့်ခေတ် မည်သည့်အခါမဆို ကိုယ့်နိုင်ငံကိုသစ္စာဖောက်ပြီး ရန်သူ၏ သူလျှိုနှင့်သတင်းပေးများရှိသကဲ့သို့ ထောက်လှမ်းရေးအသိ၊ ထောက်လှမ်းရေးသတိကင်းမဲ့စွာဖြင့် အသိမဲ့သတင်းပေးမိသောသူများလည်း ရှိနိုင်ပါသည်။ မြန်မာတို့အတွက်အရေးပါလှသည့် မင်းလှနှင့်ဂွေးချောင်းခံတပ်ကို နောင်အခါ ဦးဆောင်တိုက်ခိုက်မည့်အင်္ဂလိပ်ဗိုလ်ချုပ် ပရင်ဒါဂတ်ကို ဧည့်ခံထမင်းကျွေးပြီး လိုက်လံပြသခဲ့သည့်အောက်မြစ်စဉ်ဝန်၏အဖြစ်ကို သင်ခန်းစာယူမိပါသည်။ မျက်မှောက်ခေတ်မှာလည်း သံတမန်အပါအဝင် နိုင်ငံခြားသားများက ငွေကြေးနှင့် သတင်းပေးမွေးနေသည်များလည်း ရှိပါသည်။ အရက်ပုလင်းလေးပေး၊ ထမင်းလေး ကျွေး ဧည့်ခံရုံနှင့် အသိမဲ့သတင်းပေးအဖြစ်မခံရအောင် မရိုးကြ၊ မအ ကြဖို့လိုသည်ဟု လည်း သင်ခန်းစာယူမိပါသည်။
- ကုန်းဘောင်ခေတ်ကိုကြည့်လျှင် အင်္ဂလိပ်သူလျှိုများ ခြေချင်းလိမ်နေအောင်လှုပ်ရှားခဲ့သည်များကို မကာကွယ်နိုင်ခဲ့ခြင်း၊ တန်ပြန် ထောက်လှမ်းဖော်ထုတ်နိုင်ခဲ့ခြင်းများ မရှိခဲ့ချေ။ စင်စစ် မိမိဘက်ကထောက်လှမ်းသလို ရန်သူဘက်ကလည်းထောက်လှမ်းလိမ့်မည်ဆိုသည်ကို သိရှိထားပြီး ကာကွယ်ဖော်ထုတ်နိုင်ဖို့လိုပါ သည်။ မျက်မှောက်ခေတ်၌လည်း နိုင်ငံတကာက သံတမန်အရေခြုံပြီးထောက်လှမ်းနေသူများရှိသကဲ့သို့ ကုန်သည်၊ ပွဲစား၊ ပညာရှင်၊ ဆရာဝန် စသည့်အသွင်အမျိုးမျိုးဖြင့် သူလျှိုလုပ်နေသူနိုင်ငံခြားသားများ ရှိနေပါသည်။ မည်သည့်နိုင်ငံခြားသားကိုမှ အပြည့်အဝယုံကြည်၍မရနိုင်ကြောင်း သင်ခန်းစာယူမိပါသည်။

အားလုံးခြုံသုံးသပ်လျှင် ရှေးမြန်မာမင်းများလက်ထက်ထောက်လှမ်းရေးသည် အဆင့်အတန်းမြင့်မားပြီး တော်ခဲ့ကြပါသည်ဟုဆိုလျှင် လွန်မည်ဟုမထင်ပါ။ ကုန်းဘောင်ခေတ် နယ်ချဲ့အင်္ဂလိပ်၏ထောက်လှမ်းရေးနှင့်ယှဉ်ပြီး သုံးသပ်လျှင်တော့ မြန်မာတို့၏ထောက်လှမ်းရေး တော်ပါသည်ဆိုသည်မှာ ဟုတ်နိုင်ပါ့မလားဟု မေးစရာရှိပါသည်။ ဤမေးခွန်းနှင့်ပတ်သက်၍ ရှင်ဘုရင်တစ်ဦးချင်း၏အရည်အချင်းပေါ်မှာမူတည်သည်ဟု ဖြေလိုပါသည်။ မြန်မာတို့၏ထောက်လှမ်းရေးအတွေးအခေါ် အသိပညာစွမ်းဆောင်နိုင်မှုများမှာမူ မည်သည့်ခေတ် မည်သည့်အခါကမှ မညံ့ခဲ့ဟု ယူဆပါသည်။

နိဂုံးချုပ်တင်ပြလိုသည်မှာ မြန်မာနိုင်ငံသည် ပထဝီဝင်နိုင်ငံရေး(Geo-politics)အရ ကြည့်မည်ဆိုလျှင် အလွန်အရေးပါ အချက်အချာကျသောနေရာတွင် တည်ရှိနေပါသည်။ အိမ်နီးချင်း (၅)နိုင်ငံအနက် လာအိုနိုင်ငံမှလွဲလျှင် တရုတ်နှင့်အိန္ဒိယအင်အားကြီးနှစ်နိုင်ငံကြား၌တည်ရှိသကဲ့သို့ နိုင်ငံငယ်သော်လည်း လူဦးရေများလှသည့်ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် သမိုင်းစဉ်တစ်လျှောက် ရန်မီးအဆက်အစပ်များရှိခဲ့သည့် ယိုးဒယားနိုင်ငံတို့ကြား၌ တည်ရှိနေပါသည်။ ထို့ပြင် ခေတ်သစ်ကိုလိုနီနယ်ချဲ့များ၏အန္တရာယ်ကလည်း ရှိနေပါသည်။ ထိုသို့သောအန္တရာယ်များကြား၌ နိုင်ငံ၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးအတွက် မည်သည့်အရာသည် အရေးကြီးဆုံး၊ အလိုအပ်ဆုံးဖြစ်သနည်းဟု မေးမည်ဆိုပါလျှင် အတိတ်သမိုင်းဖြစ်ရပ်များကိုသင်ခန်းစာယူပြီး ယနေ့မျက်မှောက်ကာလ၌ တိုင်းပြည်၏(နား)ဟုဆိုရမည့် ထောက်လှမ်းရေးကောင်းဖို့သည် အဓိကလိုအပ်ပါသည်ဟု ဖြေရပါမည်။ ထို့ပြင် အင်အားသေးငယ်လှသည့်တိုင်းပြည် ငယ်များ၏နိုင်ငံ့ကာကွယ်ရေးရှေ့တန်းစစ်မျက်နှာဆိုသည်မှာ မည်သည့်အချိန်၊ မည်သည့်အခါမဆို ထောက်လှမ်းရေးလုပ်ငန်းသာ အဓိကဖြစ်နေဦးမည် ဖြစ်ပါသည်။ ထောက်လှမ်းရေးလုပ်ငန်းဆိုသည့်နေရာတွင် ထောက်လှမ်းရေးတာဝန်ပေးထားသူများနှင့်သာ လုံလောက်လိမ့်မည်မဟုတ်ပါ။ ပြည်သူတစ်ရပ် လုံး ထောက်လှမ်း ရေးအသိ၊ ထောက်လှမ်းရေးသတိရှိကြဖို့လိုအပ်ပါသည်ဟု ဖြေရပါလိမ့်မည်။ ဤနိဂုံးချုပ်တင်ပြချက်ကို စာဖတ်သူများလည်း လက်ခံသဘောတူမည်ဟု မုချ ယုံကြည်မိပါသည်။

ဗိုလ်မှူးကြီးစန်းပွင့်

## ကိုးကားကျမ်းစာရင်း

**ပုံမနှိပ်ရသေးသောကျမ်းစာရင်းများ**

၁။ ကာမန္တကီကျမ်း၊ အမျိုးသားစာကြည့်တိုက်ပေမူ၊ ဘားနဒ်-၇၈၅။
၂။ ကုန်းဘောင်သမိုင်းလင်္ကာသစ်၊ အမျိုးသားစာကြည့်တိုက်ပေမူ၊ တောင်တွင်းကြီး-၃၁၆၀။
၃။ စုံညီညှိနှိုင်းဥပဒေဘုရား၊ အမျိုးသားစာကြည့်တိုက်ပုရပိုက်၊ ကင်းဝန်-၂၄၈။
၄။ ညောင်ရမ်းမင်းမှသည် အောက်ကိုစုံဆင်း၍ သာလွန်မင်းလက်ထက်တိုင် ထုတ်ပြန်ခဲ့သော မင်းသုံးပါးအမိန့်တော်၊ အမျိုးသားစာကြည့်တိုက်ပေမူ၊ ကင်းဝန်-၂၃၄။
၅။ တရုတ်ပြည်သွားသံတော်များသို့ ပေးအပ်သည့်မှတ်စာဘုရား၊ ရှေးဟောင်းစာပေသုတေသီ တစ်ဦး စာတွဲအမှတ်-၂၃၊ စက်မူ။
၆။ ထင်ရှားသူတို့အကြောင်း၊ အမျိုးသားစာကြည့်တိုက် ပုရပိုဒ်အမှတ်-၉၅၆။
၇။ ပင်းတယဆရာတော်များ၏မေတ္တာစာ၊ ပုရပိုက်မူ၊ ပါမောက္ခဦးစံရွှေ၊ ရှေးဟောင်းသုတေသန ပညာဌာန၊ ရန်ကုန်တက္ကသိုလ်ထံမှ ကူးယူရရှိသည်။
၈။ မောင်မောင်။ ဗဒုံမင်း(၁၇၈၂-၁၈၁၉)လက်ထက် နိုင်ငံရေးအခြေအနေ၊ မဟာဝိဇ္ဇာဘွဲ့ယူ ကျမ်း၊ ရန်ကုန်တက္ကသိုလ်သမိုင်းဌာန၊ ၁၉၉၀၊ စက်မူ။
၉။ မိုးနဲတပ်ရုံးမှာထားရန်ဥပဒေဘုရား၊ အမျိုးသားစာကြည့်တိုက်ပုရပိုက်မူ၊ ကင်းဝန်-၂၀၆။
၁၀။ ယိုးဒယားရာဇဝင်၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်၊ ရန်ကုန်တက္ကသိုလ်၊ ပေကူးလက်ရေးမူ အမှတ်-၃၆၅၅၀၃။
၁၁။ ရာဇနီတိ၊ အမျိုးသားစာကြည့်တိုက်ပေမူ-၁၀၄၃။
၁၂။ ရာဇဒီပနီ၊ အမျိုးသားစာကြည့်တိုက်ပေမူ- ။
၁၃။ ရာဇမာယာတစ်ဆယ့်နှစ်ဖြာ၊ အမျိုးသားစာကြည့်တိုက်ပုရပိုက်အမှတ်-၁၀၇၇။
၁၄။ ရာဇဗျူဟာကျမ်း၊ အမျိုးသားစာကြည့်တိုက်ပေမူအမှတ်-၁၀၇။
၁၅။ ရာဇကြေးမုံ၊ အမျိုးသားစာကြည့်တိုက်ပေမူ-၃၅၀။
၁၆။ ရာဇာဘိဟိတဒီပနီ၊ အမျိုးသားစာကြည့်တိုက်ပုရပိုက်၊ ကင်းဝန်-၁၈၈။
၁၇။ ရာဇိန္ဒရာဇဝရမဏ္ဏနီ(ခေါ်)မဟာရာဇဝင်ကျော် (အေဒီ ၁၇၅၂-၆၀)၊ မောင်မောင်ခိုင် (တည်းဖြတ်)၊ မဟာဝိဇ္ဇာသမိုင်းအထူးပြုဘွဲ့ယူကျမ်း၊ လက်နှိပ်စက်မူ၊ မန္တလေးတက္ကသိုလ်။
၁၈။ ရာဇိန္ဒရာဇဝရမဏ္ဏနီ(ခေါ်)မဟာရာဇဝင်ကျော်(အေဒီ ၁၇၆၃-၇၆)၊ ဆင်ဖြူရှင်မြေဒူးမင်း လက်ထက်၊ ကျော်ဆွေဦး(တည်းဖြတ်)၊ မဟာဝိဇ္ဇာသမိုင်းအထူးပြုဘွဲ့ယူကျမ်း၊ လက်နှိပ်စက်စာမူ၊ မန္တလေးတက္ကသိုလ်။
၁၉။ ရွှေနန်းလက်သုံးပုရပိုက်၊ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၊ ဓနသဟာရစာကြည့်တိုက်၊ ရှေးဟောင်း စာပေသုတေသီတစ်ဦး၏ စက်ကူးမူ။
၂၀။ ဝန်ကြီးတို့ပြည့်စုံရန် ဥပဒေဘုရား၊ အမျိုးသားစာကြည့်တိုက်ပုရပိုက်မူ-။
၂၁။ သာလွန်မင်းလက်ထက် ၁၀၀၀ ပြည့်နှစ်ကသည် အောက်ကိုဆက်၍ မှန်နန်းရှင် ၁-ခွေမင်း၊ နန်းသက် (၁၄)နှစ်တိုင် ထုတ်ပြန်ခဲ့သည့်အမိန့်တော်၊ အမျိုးသားစာကြည့်တိုက်ပေမူ၊ ကင်းဝန်-၁၇၁။

၂၂။ သေနင်္ဂဗျူဟာကျမ်း၊ အမျိုးသားစာကြည့်တိုက်ပေမူ-၁၃၄။
၂၃။ ဟံသာဝတီဆင်ဖြူများရှင်အရေးတော်ပုံ၊ အမျိုးသားစာကြည့်တိုက်ပေမူ၊ ကင်းဝန်-၂၅၈။
၂၄။ အထောက်တော်၏တင်လျှောက်လွှာ၊ ရွှေဟောင်းစာပေသုတေသီတစ်ဦး စက်မူစာတွဲ-၂၃။
၂၅။ အမရကောသနိဿယကျမ်း၊ အဘယာရာမဆရာတော် လက်ရေးမူ (မန္တလေး)။ တက္ကသိုလ်များ သမိုင်းသုတေသနစာကြည့်တိုက်၊ အမရဆောင်၊ ရန်ကုန် တက္ကသိုလ်။
၂၆။ အိန္ဒိယဗုဒ္ဓဂယာသွားခရီးစဉ်နှင့်မြေပုံ၊ အမျိုးသားစာကြည့်တိုက်ပုရပိုက်-၇၄၇။

## ပုံနှိပ်ပြီးကျမ်းစာရင်းများ

၁။ ကာကွယ်ရေးဝန်ကြီးဌာနမြန်မာ့စစ်သွေး၊ မြန်မာ့စစ်ရေး၊ ပထမအကြိမ်၊ ၁၉၉၄။
၂။ ကုလား၊ ဦး။ မဟာရာဇဝင်ကြီး၊ ဒုတိယတွဲ၊ မြန်မာနိုင်ငံသုတေသနအသင်း၊ ဆရာပွား တည်းဖြတ်သည်။ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်။
၃။ ကုလား၊ ဦး။ မဟာရာဇဝင်ကြီး၊ တတိယတွဲ၊ မြန်မာနိုင်ငံသုတေသနအသင်း၊ ဆရာပွား တည်းဖြတ်သည်။ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်။
၄။ ကေလာသ၊ အရှင်၊ ဓမ္မာစရိယ။ မန္တလေးသာသနာဝင်၊ ပဥ္စမတွဲ၊ သာသနာ ရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၈၆။
၅။ ကော်မရှင်အဖွဲ့။ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ၊ ကိုလှမောင်စာအုပ်တိုက်၊ မန္တလေးမြို့၊ ၁၉၅၇၊ အကြိမ်ရေမပါ။
၆။ ကော်မရှင်အဖွဲ့။ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ တတိယတွဲ၊ ကိုလှမောင်စာအုပ်တိုက်၊ မန္တလေးမြို့၊ ၁၉၅၇၊ အကြိမ်ရေမပါ။
၇။ ကျီးသဲလေးထပ် ဆရာတော်။ စွယ်စုံကျော်ထင်အမေးအဖြေကျမ်း၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်၊ ၂၀၀၀ ပြည့်နှစ်။
၈။ ကျော်ဝင်း၊ မောင် (မဟာဝိဇ္ဇာ)။ တတိယမြန်မာနိုင်ငံ၊ မိုးကျော်ဝင်းစာပေ၊ ပထမအကြိမ်၊ ရန်ကုန်။
၉။ ကျော်သက်၊ဒေါက်တာ၊ သမိုင်းပါမောက္ခ၊ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း၊ အစိုးရပုံနှိပ်တိုက်၊ ရန်ကုန်။
၁၀။ ကြန်၊ ဒေါ်။ ပဒေသရာဇ်မြန်မာနိုင်ငံဇာတ်သိမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၈၁။
၁၁။ ကြန်၊ ဒေါ်။ ဘင်္ဂလားသွားစာတမ်း၊ မြန်မာနိုင်ငံသမိုင်းကော်မရှင်၊ ရန်ကုန်၊ ၁၉၆၃။
၁၂။ ခင်ခင်စိန်၊ ဒေါ် မြန်မာသမိုင်းကော်မရှင်။ အလောင်းမင်းတရားအမိန့်တော်နှစ်စောင်တွဲ၊ မြန်မာသမိုင်းကော်မရှင်၊ ရန်ကုန်။
၁၃။ ခင်ခင်လေး၊ ဒဂုံ။ ဝက်မစွတ်မြို့စား၏အထုပ္ပတ္တိနှင့်စာပေ၊ ဒဂုံခင်ခင်လေးစာအုပ်တိုက်၊ ရန်ကုန်၊ ၁၉၇၉။
၁၄။ ခြိမ့်၊ ဦး။ ကဝိလက္ခဏာဒီပနီကျမ်း၊ ပုံနှိပ်မှတ်တမ်း မတွေ့ရပါ။
၁၅။ ငြိမ်းမောင်၊ ဦး။ ရှေးဟောင်းမြန်မာကျောက်စာများ၊ပထမတွဲရှေးဟောင်းသုတေသနဌာန၊ ရန်ကုန်၊ ၁၉၇၂။

၁၆။ ငြိမ်းမောင်၊ ဦး။ ရှေးဟောင်းမြန်မာကျောက်စာများ၊ ဒုတိယတွဲ၊ ရှေးဟောင်းသုတေသနဌာန၊ ရန်ကုန်၊ ၁၉၈၂။

၁၇။ ငြိမ်းမောင်၊ ဦး။ ရှေးဟောင်းမြန်မာကျောက်စာများ၊ တတိယတွဲ၊ ရှေးဟောင်းသုတေသနဌာန၊ ရန်ကုန်၊ ၁၉၈၃။

၁၈။ ငြိမ်းမောင်၊ ဦး။ ရှေးဟောင်းမြန်မာကျောက်စာများ၊ စတုတ္ထတွဲ၊ ရှေးဟောင်းသုတေသနဌာန၊ ရန်ကုန်၊ ၁၉၉၈။

၁၉။ ငြိမ်းမောင်၊ ဦး။ ရှေးဟောင်းမြန်မာကျောက်စာများ၊ ပဉ္စမတွဲ၊ ရှေးဟောင်းသုတေသနဌာန၊ ရန်ကုန်၊ ၁၉၉၈။

၂၀။ စတုရင်္ဂဗလအမတ်။ အဘိဓာနပ္ပဒီပိကာသူစိ၊ သစ္စာမဏ္ဍိုင်စာပေ၊ ရန်ကုန်။

၂၁။ စက္ကပါလထေရ်၊ အဂ္ဂမဟာမဏ္ဍိတ။ အဘိဓာနပ္ပနိဿယကျမ်း၊ မဟာဝိဇ္ဇာဦးလူဖေဝင်း(တည်းဖြတ်)၊ မြန်မာတာရာ ပုံနှိပ်တိုက်၊ ၁၉၅၅။

၂၂။ စန္ဒမာလာလင်္ကာရ၊ အရှင်။ ရခိုင်ရာဇဝင်သစ်၊ ပထမတွဲ၊ ဟံသာဝတီပုံနှိပ်တိုက်၊ မန္တလေး၊ ၁၉၃၁။

၂၃။ ဆန်းထွန်း၊ဦး၊ ကဝိလက္ခဏာဝိသောဓနီကျမ်း၊ ကဝိလက္ခဏာဒီပနီနှင့် ဖြည့်စွက်ပြုစုသည်။

၂၄။ ဇေယျကျော်ထင်၊ ဒွါရာဝတီမြို့ဝန်။ မဇ္ဈိမဒေသအရေးတော်ပုံကျမ်း၊ ရခိုင်သားကြီးစာပေ၊ ဦးလှထွန်းဖြူ ပါမောက္ခ၊ ရှေးဟောင်းသုတေသနပညာဌာန၊ ရန်ကုန်တက္ကသိုလ် တည်းဖြတ်ထားသော မဟာဝိဇ္ဇာသမိုင်းအထူးပြုဘွဲ့ယူကျမ်း၊ ရန်ကုန်၊ ၁၉၉၈။

၂၅။ ညောင်ကန်ဆရာတော်ကြီး။ ငါးရာ့ငါးဆယ်ဝတ္ထု၊ ပထမတွဲ၊ ခင်ချိုထွန်းစာပေ၊ ရန်ကုန်။ ၁၉၉၅။

၂၆။ ညောင်ကန်ဆရာတော်ကြီး။ ငါးရာ့ငါးဆယ်ဝတ္ထု၊ ဒုတိယတွဲ၊ ခင်ချိုထွန်းစာပေ၊ ရန်ကုန်၊ ၁၉၉၅။

၂၇။ ညောင်ကန်ဆရာတော်ကြီး။ ငါးရာ့ငါးဆယ်ဝတ္ထု၊ တတိယတွဲ၊ ခင်ချိုထွန်းစာပေ၊ ရန်ကုန်၊ ၁၉၉၅။

၂၈။ ညောင်ကန်ဆရာတော်ကြီး။ ငါးရာ့ငါးဆယ်ဝတ္ထု၊ စတုတ္ထတွဲ၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၉၃။

၂၉။ ညောင်ကန်ဆရာတော်ကြီး။ ငါးရာ့ငါးဆယ်ဝတ္ထု၊ ပဉ္စမတွဲ၊ ခင်ချိုထွန်းစာပေ၊ ရန်ကုန်။ ၁၉၉၅။

၃၀။ ညိုမြ။ ကုန်းဘောင်ရှာပုံတော်၊ မြဝတီစာပေတိုက်၊ တတိယအကြိမ်၊ ရန်ကုန်၊၁၉၉၇။

၃၁။ တော်စိန်ခို၊ မစ္စတာ၊ ကျောက်စာဝန်။ လွှတ်တော်မှတ်တမ်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရန်ကုန်၊ ၁၉၇၇။

၃၂။ တိုးလှ၊ ဒေါက်တာ၊ သမိုင်းပါမောက္ခ။ အလောင်းမင်းတရားကြီး၏ ကုန်းဘောင်ရွှေပြည်၊ ပထမအကြိမ်၊ မိုးကြည်စာပေ၊ ရန်ကုန်။ ၁၉၉၃။

၃၃။ တင်၊ ဦး။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရား၏ ရာဇသတ်ခေါ်သော အမိန့်တော်ကျမ်းကြီး၊ ပထမတွဲ၊ ဗဟိုပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၅။

၃၄။ တင်၊ ဦး။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရား၏ရာဇသတ်ခေါ်သောအမိန့်တော်ကျမ်းကြီး၊ ဒုတိယတွဲ၊ ဗဟိုပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၅။

၃၅။ တင်၊ ဦး။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော် ဘုရား၏ရာဇသတ်ခေါ်သောအမိန့်တော်ကျမ်းကြီး၊ တတိယတွဲ၊ ဗဟိုပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၅။

၃၆။ တင်၊ ဦး။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရား၏ရာဇသတ်ခေါ်သောအမိန့်တော်ကျမ်းကြီး၊ စတုတ္ထတွဲ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရန်ကုန်၊ ၁၉၈၃။

၃၇။ တင်၊ ဦး။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုး တော်ဘုရား၏ ရာဇသတ်ခေါ် သောအမိန့်တော်ကျမ်းကြီး၊ ပဥ္စမတွဲ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရန်ကုန်၊ ၁၉၈၃။

၃၈။ ထွန်းညို၊ ဦး၊ မဟာသရေစည်သူ မဟာရာဇဝင်သစ်၊ တတိယတွဲ၊ ဦးသိန်းလှိုင်၊ (ဒု-ညွှန်ကြားရေးမှူးချုပ်)၊ အငြိမ်းစား၊ သမိုင်းသုတေသနဦးစီးဌာန၊ အမရဆောင်၊ ရန်ကုန်တက္ကသိုလ် (တည်းဖြတ်)

၃၉။ ထွန်းမြတ်၊ ဦး။ ပါဠိသက်ဝေါဟာရအဘိဓာန်။

၄၀။ ပရက်ရှဝ်(ရှ်)၊ ဖီးလစ်။ ကုန်းဘောင်ခေတ် ပြင်သစ်မြန်မာ ဆက်ဆံရေးသမိုင်း မြန်မာပြန်သူ-ဒေါက်တာ ခင်မြကြူ ပတ္တမြားငမောက်စာပေ၊ ဒုတိယအကြိမ်၊ ရန်ကုန်။

၄၁။ ဘဦး၊ ဦး။ မြန်မာအုပ်ချုပ်ရေးပညာ၊ ဗဟိုရ်စည်သတင်းစာတိုက်၊ မန္တလေးမြို့။

၄၂။ ဘရှင်၊ ဗိုလ်မှူး။ လောကထိပ်ပန်မင်စာ၊ တက္ကသိုလ်ပုံနှိပ်တိုက်၊ ရန်ကုန်။

၄၃။ ဘိုးလှိုင်၊ ဦး။ ယောအတွင်းဝန်။ ရာဇဓမ္မသင်္ဂဟကျမ်း၊ ထိန်ဝင်းစာပေ၊ ပထမအကြိမ်၊ ရန်ကုန်၊ ၁၉၆၀။

၄၄။ ဗညားဒလအမတ်။ ရာဇဓိရာဇ် အရေးတော်ပုံကျမ်း၊ ပါမောက္ခ ဒေါက်တာ နိုင်ပန်းလှ(တည်းဖြတ်)၊ မြဝတီစာပေ၊ ဒုတိယအကြိမ်၊ ရန်ကုန်။

၄၅။ မောင်မောင်တင်၊ ဦး။ K.S.M, A.T.M ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ ပထမတွဲ၊ အောင်မိသားစုစာပေ၊ စတုတ္ထအကြိမ်၊ ရန်ကုန်။

၄၆။ မောင်မောင်တင်၊ ဦး။ K.S.M, A.T.M ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ ဒုတိယတွဲ၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၈။

၄၇။ မောင်မောင်တင်၊ ဦး။ K.S.M, A.T.M ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ တတိယတွဲ၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၈။

၄၈။ မောင်မောင်တင်၊ ဦး။ ရွှေနန်းသုံးဝေါဟာရအဘိဓာန်၊ ပထမတွဲ၊ သာသနာရေးဦးစီးဌာန ရန်ကုန်၊ ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၇၅။

၄၉။ မောင်းတောင် သာသနာပိုင်ဆရာတော် ရာဇသေဝကဒီပဏီကျမ်း၊ ဟံသာဝတီသတင်းစာတိုက်၊ရန်ကုန်၊၁၉၀၁။

၅၀။ မောင်းတောင် သာသနာပိုင်ဆရာတော်။ အမေးတော်အဖြေကျမ်း၊ မန်းတက္ကသိုလ်ဦးဆန်းထွန်းတည်ဖြတ်သည်၊ ပြည်ကြီး မဏ္ဍိုင်ပုံနှိပ်တိုက်၊ ရန်ကုန်။

၅၁။ မုံရွေးဇေတဝန်ဆရာတော်။ ရာဇောဝါဒကျမ်း၊ ပုံနှိပ်မှတ်တမ်းမပါ။

၅၂။ မြကေတု။ နန်းမလေ့ဆိုင်ရာမှတ်တမ်းများ၊ နှလုံးလှ စာပေ၊ ရန်ကုန်၊ ၁၉၇၆။

၅၃။ မြကေတု။ ပုဂံခေတ်ပင်ဝှက်သည်၊ (စာပေ သုတေသန ဆောင်းပါး)။စစ်ပြန်မဂ္ဂဇင်း၊ ၁၉၆၀ ဒီဇင်ဘာလထုတ်။

၅၄။ မြသန်းတင့်။ တောင်သမန်ရွှေအင်းက လေညှင်းဆော်တော့၊ ပထမတွဲ မြန်မာပြန်စာပေ၊ ယနေ့ မန္တလေးစာအုပ်တိုက်၊ ပထမအကြိမ်၊ မန္တလေးမြို့၊ ၁၉၉၉။

၅၅။ မြသန်းတင့်။ တောင်သမန်ရွှေအင်းက လေညှင်းဆော်တော့၊ ဒုတိယတွဲ မြန်မာပြန်စာပေ၊ ယနေ့မန္တလေးစာအုပ်တိုက်၊ ပထမအကြိမ်၊ မန္တလေးမြို့၊ ၂၀၀၃။

၅၆။ မြန်မာပြန်ဆရာတော်များအဖွဲ့။ မိလိန္ဒပဉှာပါဠိတော်မြန်မာပြန်ကျမ်း၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်။

၅၇။ မြန်မာပြန် အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန်၊ တတိယတွဲ၊ ဆရာတော်များအဖွဲ့၊ သာသနာရေးဦးစီးဌာန၊ ဒုတိယအကြိမ်၊ ရန်ကုန်၊ ၁၉၉၂။

၅၈။ မြန်မာပြန်ဆရာတော်များအဖွဲ့။ စူဠဝဂ္ဂပါဠိတော်မြန်မာပြန်၊ သာသနာရေးဦးစီးဌာန၊ ဒုတိယအကြိမ်၊ ရန်ကုန်၊ ၁၉၉၂။

၅၉။ မြင့်သန်း၊ ဒေါ်၊ ကထိက(ငြိမ်း)။ မြန်မာစာပေညွှန့်ပေါင်းကျမ်း၊ တတိယတွဲ၊ ပြန်ကြားရေးဝန်ကြီးဌာနပုံနှိပ်တိုက်၊ ရန် ကုန်၊ ၁၉၉၂။

၆၀။ ယုဒသန်။ မြန်မာ-အင်္ဂလိပ်အဘိဓာန်။

၆၁။ ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီ။ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း၊ ပဉ္စမတွဲ (ယဉ်ကျေးမှုကဏ္ဍ) လက်နှိပ်စက်မူ။

၆၂။ ရီရီ၊ ဒေါက်တာ။ မြန်မာနိုင်ငံအခြေအနေ(၁၇၁၄-၁၇၅၂)၊ ယဉ်ကျေးမှုဝန်ကြီးဌာနပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၇၃။

၆၃။ လမ်းစဉ်ပါတီဌာနချုပ် အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း၊ ဒုတိယတွဲ၊ ပထမပိုင်း၊ အစိုးရပုံနှိပ်တိုက်၊ ပထမအကြိမ်၊ ရန်ကုန်၊ ၁၉၇၇။

၆၄။ ဝန်၊ ဦး၊ စာတည်းချုပ်။ တက္ကသိုလ်မြန်မာအဘိဓာန်၊ စ-အက္ခရာ၊ တက္ကသိုလ်ပုံနှိပ်တိုက်၊ ရန်ကုန်။

၆၅။ သမိုင်းဌာန။ မန္တလေးမဟာမြတ်မုနိတံတိုင်းအတွင်းရှိကျောက်စာများ၊ ပထမတွဲ၊ ပထမအကြိမ်၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်၊၁၉၈၉။

၆၆။ သုခ။ သုခမှတ်စု၊ ပါရမီစာပေ၊ ဆဋ္ဌမအကြိမ်၊ ရန်ကုန်၊ ၁၉၉၇။

၆၇။ သန်းထွန်း၊ ဒေါက်တာ။ အေဒီ ၁၀၀၀ မှ ၁၃၀၀ ထိ မြန်မာမင်း အုပ်ချုပ်ရေးစာတမ်း၊ အသစ်မြင်ဗမာသမိုင်း၊ နှလုံးလှစာပေ၊ ပထမအကြိမ်၊ ရန်ကုန်၊ ၁၉၇၅။

၆၈။ သန်းထွန်း၊ ဒေါက်တာ။ဗမာအကြိုသမိုင်း၊ အသစ်မြင်ဗမာသမိုင်း၊ နှလုံးလှစာပေ၊ ပထမအကြိမ်၊ ရန်ကုန်၊ ၁၉၇၅။

၆၉။ သန်းထွန်း၊ ဒေါက်တာ။နယ်လှဲ့ရာဇဝင်(၁)၊ နံ့သာစာပေတိုက်၊ ပထမအကြိမ်၊ ရန်ကုန်၊ ၁၉၆၈။

၇၀။ သန်းထွန်း၊ ဒေါက်တာ။နယ်လှဲ့ရာဇဝင်(၂)၊ နံ့သာစာပေတိုက်၊ ပထမအကြိမ်၊ ရန်ကုန်၊ ၁၉၆၈။

၇၁။ သန်းထွန်း၊ ဒေါက်တာ။နယ်လှဲ့ရာဇဝင်(၃)၊ နံ့သာစာပေတိုက်၊ ပထမအကြိမ်၊ ရန်ကုန်၊ ၁၉၆၉။

၇၂။ သိန်းလှိုင်၊ ဦး။ ရှေးဟောင်းမြန်မာသမိုင်းသုတေသနအဘိဓာန်၊ တက္ကသိုလ်များသမိုင်း ဦးစီးဌာန၊ အမရဆောင်၊ ရန်ကုန်တက္ကသိုလ်၊ ပထမအကြိမ်။

၇၃။ သိန်း၊ ဆရာနှင့်အဖွဲ့ သုသောဓိတမဟာရာဇဝင်ကြီး၊ ဆဋ္ဌမတွဲ၊ သုဓမ္မဝတီပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၂၃။

၇၄။ ဩဘာသ၊ဦး၊မင်းဘူး။ဇာတ်ကြီးဆယ်ဘွဲ့ ပထမတွဲ၊ ခင်ချိုထွန်းစာပေ၊ တတိယအကြိမ်၊ ၂၀၀၀ပြည့်နှစ်၊ ရန်ကုန်။

၇၅။ ဩဘာသဘိဝံသ၊ အရှင်။ သုတေသနသရုပ်ပြအဘိဓာန်ကျမ်း၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ရန်ကုန်၊ ၂၀၀၃။

၇၆။ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်း တိုက်မှူးရုံး။ တပ်မတော်သမိုင်း (၁၈၂၄-၁၉၄၅) ပထမတွဲ၊ ပုံနှိပ်မှတ်တမ်းမပါ။

ပျို့ကဗျာများစာရင်း

၁။ ကန်တော်မင်းကျောင်း ဆရာတော်။ လောကသာရပျို့၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ရန်ကုန်။

၂။ ကြင်ဥ၊ ဦး။ မဟော်ပြဇာတ်၊ မြန်မာစာဌာန၊ ရန်ကုန် တက္ကသိုလ်။

၃။ တေဇောသာရ၊ အရှင် ရွှေဟင်္သာမင်းပျို့၊ ရဝေထွန်းတည်းဖြတ်သည်၊ သာသနာရေးဦးဌာန၊ ရန်ကုန်၊ ၁၉၉၃။

၄။ ထွန်းညို၊ ဦး၊ မဟာသရေစည်သူ။ ဘလ္လာတိယပျို့နှင့် ပျို့အလင်းပြအဖြေ၊ ဦးလူဖေဝင်းဖြေသည်၊ ပြည်ကြီးမဏ္ဍိုင် ပိဋကတိုက်၊ ရန်ကုန်။

၅။ ထွန်းညို၊ ဦး၊ မဟာသရေစည်သူ။ ဝိဓူရပျို့၊ တက္ကသိုလ်ပုံနှိပ်တိုက်၊ ရန်ကုန်။

၆။ ထွန်းညို၊ ဦး၊ မဟာသရေစည်သူ။ မုဒုလက္ခဏပျို့၊ နန်းညွန့်ဆွေတည်းဖြတ်သည်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၁။

၇။ နတ်သျှင်နောင် ရတုပေါင်းချုပ်၊ ဟံသာဝတီပုံနှိပ်တိုက်၊ စတုတ္ထအကြိမ်၊ ရန်ကုန်၊ ၁၉၆၆။

၈။ ပဒေသရာဇာ၊ ဝန်ကြီး။ကုမ္မာဘယပျို့၊ ရှင်ဝါသဝ တည်းဖြတ်သည်၊ ဒုတိယအကြိမ်၊ မန္တလေး၊ ၁၉၆၂။

၉။ မန်လည်ဆရာတော်။ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်၊ မန်လည်စာပေစောင့်ရှောက်ရေး အဖွဲ့၊ ဆဋ္ဌမအကြိမ်၊ ရန်ကုန်၊ ၂၀၀၃။

၁၀။ မောင်ချို ဥတ္တံ။ စကားပုံများ၊ မြန်မာစာပေညွှန့်ပေါင်းကျမ်း၊ သတင်းနှင့်စာနယ်ဇင်း ပုံနှိပ်တိုက်၊ ရန်ကုန်။

၁၁။ ရဋ္ဌသာရ၊ အရှင်။ ဂမ္ဘီသာရပျို့၊ သာသနာရေးဦးဌာန ပုံနှိပ် တိုက်၊ ရန်ကုန်။

၁၂။ ရဋ္ဌသာရ၊ အရှင်။ သံဝရပျို့၊ တည်းဖြတ်သူတက္ကသိုလ် ဝင်းမွန်၊ ပညာအလင်းပြစာပေ၊ ပထမ အကြိမ်၊ရန်ကုန်၊ ၁၉၈၅။

၁၃။ လက်ဝဲသုန္ဒရအမတ်။ ဗျူဟာစက္ကိပျို့နှင့် သနင်္ဗျူဟာစစ်သမိုင်း၊ ဦးဘသောင်းတည်းဖြတ်သည်၊ ဟာသံ ဝတီပိဋကတ်ပုံနှိပ်တိုက်၊ရန်ကုန်၊ ၁၉၄၃။

၁၄။ လက်ဝဲသုန္ဒရအမတ်။ နန္ဒိသေနပျို့၊ တည်းဖြတ်သူမောင်သုတ၊ ပုံနှိပ်မှတ်တမ်းမပါ၊ ၁၉၆၁။

၁၅။ အဂ္ဂသမာဓိ၊ အရှင်။ နေမိမဃ္ဃစိုးခဏ်းပျို့၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ရန်ကုန်။

၁၆။ ကုန္ဒဂုတ္တ၊ အရှင်။ နဝရတ်ပျို့၊ တည်းဖြတ်သူ လှသမိန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ရန်ကုန်။


## References in English


1. Furnival, J.S **Burma Gazetteer: Syriam District, Vol.A,** Rangoon, 1961.
2. Fythes, Albert **Burma Past and Present: with Personal Reminiscences of the country**, London, 1878.
3. Hall, D.G.E **Burma,** Londen, Hutchinson's University Library, 1956.
4. Hall, D.G.E **The Tragedy of Negrais,** JBRS Vol. XXI, Part(III), 1931.
5. Hervay, G.E **History of Burma From the Earliest Times to 10 March 1824**, Frank Cass & Co. Ltd, 1967.
6. Phayre, A.P **History of Burma,** London, Trunber & Co. 1883.
7. Symes, M **An Account of an Embassy to the Kingdom of Ava,** London, W. Bulmen & Co., 1800.
8. Desai, W.S **History of Brish Residency in Burma,** 1826-1840, Rangoon, The University of Rangoon, 1939.
9. Than Tun, Dr. **The Royal Orders of Burma, A.D 1598-1885, Part I,** Kyoto University, 1986.
10. Than Tun, Dr. **The Royal Orders of Burma, A.D 1598-1885,** ***Part 2,*** Kyoto University, 1986.
11. Than Tun, Dr. **The Royal Orders of Burma, A.D 1598-1885, Part 3**, Kyoto University, 1986.
12. Than Tun, Dr. **The Royal Orders of Burma, A.D 1598-1885, Part 4,** Kyoto University, 1986.

# အက္ခရာဝလိအညွှန်း


က

ကချာနယ် ၁၁၃
ကနောင်မင်းသားကြီး ၁၃၇၊ ၁၅၄၊ ၁၆၆
ကပိလတိုင်း ၄၈
ကရောဖွတ်၊ ဗွန်။ ၁၂၄
ကလကတ္တား ၁၁၂
ကလံပွားမြင်းစီး ၁၀၆
ကလောင် ၁၅၉
ကဝိလက္ခဏာဝိသောဓနီကျမ်း ၇၂
ကဝိန္ဒဘိဝံသထေရ် ၁၃၁
ကသောင်းမြောင်တိုက် ၁၄၈
ကသည်း ၁၀၁၊ ၁၀၉
ကာပတိက ၇၃
ကာမောပဒနည်း ၇၃၊ ၇၄
ကာမိန္ဒ ၅၀၊ ၅၂
ကာမန္တကီနိသာရကျမ်း ၆၃၊ ၆၄
ကာသိတိုင်း ၁၀၉
ကီယာဆင် ၁၇၃
ကုလား၊ ဦး ၉၀၊ ၉၆
ကုလား ၁၃၉
ကူဗလိုင်ခန် ၄၂
ကေတု ၃၆
ကေတုမတီ ၉၂
ကေဝဋ္ဋအမတ် ၄၇၊ ၄၉၊ ၁၃၉
ကောဋိလျအာတ္ထသျှတရကျမ်း ၇၁၊ ၇၃
ကိုမိုတို(အီတလီ) ၁၇၄
ကဏှတိဏ္ဍုကဇာတ် ၄၅၊ ၅၄
ကန်တော်မင်းကျောင်းဆရာတော် ၈၀
ကန်သီတာ ၃၂
ကမ္ဘောဒီးယား ၁၀၉
ကိုရုံချီ ၁၁၅
ကင်းချထားသည့်နေရာ ၁၂၀
ကင်းစမ်းထိုး ၃၅
ကင်းတို ၃၅
ကင်းထောက် ၃၅
ကင်းနင်း၊ ဗွန်။ ၁၂၃၊ ၁၂၄
ကင်းရှည် ၃၅
ကင်းဝန်မင်းကြီး ၁၆၇
ကပ္ပလီကျွန်း ၁၄၄
ကိုင်းမားစား ၁၁၉
ကန်းသောသူ ၆၉
ကုန်သည်အယောင်ဆောင် ၁၁၂
ကုမ္ဘာဘယပျို့ ၉၉
ကုန်းဘောင်ခေတ် ၁၀၁
ကုန်းဘောင်ဆက်သမိုင်းလင်္ကာကျမ်း ၁၀၄
ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး ၁၆၈
ကုန်းဘောင်ရွှေပြည် ၁၁၂
ကုန်းသောသူ ၆၉
ကိုယ်ရံတော် ၇၅
ကျစွာမင်း ၄၂၊
ကျော်ဝင်း၊ ဒေါက်တာ ၁၁၉၊
ကျောက်ခေတ် ၃၀၊
ကျောက်တော်ကြီးဘုရား ၁၆၆
ကျောက်မျက်ရတနာများ ၁၂၂
ကျောက်လုံး၊ ဦး။ ၁၃၄
ကျန်စစ်မင်း ၄၂
ကျိုက္ခမီ ၁၄၀
ကျိုင်းချိုင်မြို့ ၁၇၁၊ ၁၇၂
ကျိုင်းငသည်မြို့ ၉၁၊ ၁၄၉
ကျိုင်းတောင် ၁၀၈
ကျိုင်းတုံစော်ဘွား ၁၆၉၊ ၁၇၁
ကျိုင်းတုံမြို့ ၁၇၀၊ ၁၇၂
ကျိုင်းရဲမြို့ ၁၄၉
ကျမ်းဂန်တတ်သူ ၇၅
ကျမ်းစာကူးအဖွဲ့ ၁၁၀
ကျမ်းတတ်ပုဏ္ဏား ပရကြည်မှူး ၁၁၀
ကြင်ဥ၊ ဦး။ ၁၃၀
ကြည်၊ ဦး။ ၁၆၇၊ ၁၆၈

ကြန်၊ ဒေါ်။ ၁၈၆
ကြယ်ခတ် ၁၄၈
ကွေ့ဂုဏ္ဏအိန် ၁၀၁

## ခ

ခရားဆွဲ ၇၀
ခရီးသွား၊ ခရီးသည် ၇၆
ခလောက်သိုက်ရွာအမှုထမ်း ၁၄၂
ခဲပေါင်မြို့သူကြီး ၁၄၄
ခဲ၊ ဦး။ ၁၄၈
ခင်ခင်လေး၊ ဒဂုန်။ ၁၅၁
ခင်မြကြူ ဒေါက်တာ။ ၁၆၉
ခင်ဦး ၁၀၁
ခရစ်ယာန်သာသနာပြုများ ၁၈၂
ခံကတုတ်တည်ဆောက်လုပ်ငန်း ၁၇၅
ခံစစ် ၇၂
ခံစစ်ကျွမ်းကျင်သူ ၁၇၅
ခံတပ်များ၏ အကျယ်အဝန်း ၁၈၇
ချီဆင်၊ အိပ်ချ်၊ မစ္စတာ ၁၇၇
ချိုးရေတော်တည်သူ ၇၀
"ချင့်တာသုံးထောင်" ချီရတု ၉၁
ချန်တာနဂိုရ်မြို့ ၁၆၈
ချမ်းမြ၊ ဦး ၄၂

## ဂ

ဂရိ မြန်မာကပြားအပျိုတော် ၁၇၄
ဂရိလူမျိုး(၈)ယောက် ၁၈၂
ဂရိဟာပတိ ၇၃
ဂရီကိုရီ ၁၀၇
ဂရန့်၊ စီ။ ၁၇၅
ဂေါ်ရာကုလားဖြူ ၁၄၄
ဂေါ်ဟတ္တိ ၁၁၀
ဂန္ဓာလရာဇ်တိုင်း ၁၆၀၊ ၁၆၁
ဂမ္ဘီသာရပျို့ ၈၁
ဂိုဏ်းထောက်ဆရာတော် ၁၅၇
ဂိုဏ်းအုပ် ၁၅၇
ဂျာမနီသံအမတ် ၁၇၆
ဂျာမနီ(၂)ယောက် ၁၈၂
ဂျပန် ၁၆၃
ဂျုံကောင်း ၁၂၂
ဂွေးချောင်းခံတပ် ၁၇၄
ဂွမ်းတော်၂၀၀၀ကျော် ၁၆၁

## င

ငကျွဲနားတောင်း ၄၄
ငချစ်ညို ၁၀၁
ငစံခန်း ၁၇၀
ငဆောင်ချမ်း ၄၂
ငဇင်ကာ(ဖီးလစ် ဒီဖရစ်တို) ၉၉
ငတက်ပြား ၆၂
ငဒူလာ၊ ရေကြောင်းမာလိန် ၁၄၀
ငနန္ဒီ ၁၄၅
ငပန်းဦး(အထောက်တော်) ၁၇၁
ငဖဲဒေသ ၁၂၁
ငဖဲနက်ရေကန်တော်ထိပ်လမ်း ၁၁၂
ငရောက်(တိုက်ကုလားမြို့အုပ်ဟောင်း) ၁၄၁
ငရွဲ ၁၆၈
ငရွှေစင် ၁၄၁၊ ၁၄၂
ငရွှေပု ၁၁၂
ငရွှေဘူး ၁၁၂
ငရွှေမောင် ၁၄၅
ငရွှေရောက် ၁၁၂
ငရွှေဦး ၁၁၂
ငမှုံ(နားခံ) ၁၇၁
ငမြစ်(အထောက်တော်) ၁၅၈
ငါးစီးရှင်ကျော်စွာ ၆၁
ငါးဆူဒါယကာ(နန္ဒဘုရင်) ၉၅
ငါးရာ့ငါးဆယ်နိပါတ် ၄၈၊ ၅၄
ငါးစို့ဆရာတော် ၁၂၇
ငြိမ်း၊ ဒေါ်။ ၁၁၄
ငွေတော်လေးထောင်မှငါးထောင် ၁၅၂
ငွေတိုက်စိုး ၇၅

## စ


စကားပြန်ငဘိုး ၁၃၉
စကြဝ်ကင်သည် ၄၂
စကြာမင်းတို့၏ပညာ ၅ ပါး ၁၆၅
စကြာမင်းတို့ကျင့်မြဲတရား(၁၂)ပါး ၁၆၅
စမောင်မော်သဲကျင်းအရပ် ၁၄၃
စမြောင်မှူး ၃၆
စတုရင်္ဂဗလအမတ် ၇၅၊ ၇၆၊ ၇၇
စနည်းနာ ၃၅
စလေ ၁၂၂
စလင်းမင်းသားကြီးမောင်အို ၁၂၄
စရအမတ် ၇၀၊ ၇၃၊ ၇၅
စရအမတ်အရည်အချင်း(၂၇)ပါး ၇၀
စာဆိုတော်ဦးနု ၁၁၄
စာဏာကျ ၇၁
စာပုံနှိပ်စက်လုပ်ငန်း ၁၇၄
စာပြုသင်ပါတဦးဆရာ ၁၄၄
စာရေးကြီး ၁၂၀
စားတော်ကဲ ၆၀၊ ၇၃
စုကြီးအမှုထမ်း ၁၅၆
စုဖုရားလတ် ၁၅၄၊ ၁၆၀၊ ၁၆၈
စုဖုရားလတ်၏အထောက်တော်များ ၁၆၈
စုထိန်း၊ စုအုပ် ၁၅၆၊ ၁၅၇
စုနုအမှုထမ်း ၁၅၆
စုသေးအမှုထမ်း ၁၅၆
စူဠကာလိင်္ဂဇာတ် ၄၅
စူဠနီဗြဟ္မဒတ်မင်း ၄၈၊ ၄၉
စူဠဟံသဇာတ် ၇၈
စူးစမ်း၍သိရာသည့်အကြောင်း(၇)ပါး ၉၈
စောခင်နစ်မင်း ၄၂
စောမွန်နစ်မင်း ၄၂
စံကိုင်ပွဲစားအမတ် ၁၉၁
စံဝင်း၊ ဦး ၁၄၈
စန္ဒရဂန္ဒရှိုန် ၁၁၂
စက်ရှု(၅၀) ၁၇၃
စက္ကတေးမင်း ၄၂
စိုင်းယဒ်မုဟမ္မဒ် ၁၁၄
စစ်ကဲ ၁၃၇
စစ်ကိုင်းမင်း ၁၂၄
စစ်ကိုင်း(အစေခံ)ခံတပ် ၁၈၄
စစ်ခံတွင်း (တမန်) ၁၂၉
စစ်ခေါင်း(စစ်သူကြီး) ၁၂၉
စစ်ခြေ(ခြေလျင်စစ်သည်) ၁၀၅၊ ၁၂၉
စစ်ဆင်စစ်ထိုးနည်းများ ၁၂၂
စစ်တကောင်း ၁၁၉၊ ၁၂၃
စစ်တပ်ဖွဲ့စည်းပုံ ၁၂၇
စစ်တွေလေးမြို့ ၁၄၂
စစ်ထောက်ချုပ်ရာထူး ၁၈၆
စစ်နား ၁၂၅၊ ၁၂၉
စစ်ဗျူဟာ ၃၂ ပါး ၁၃၀
စစ်ဘက်ထောက်လှမ်းရေး ၉၀၊ ၉၅
စစ်ဘက်နားခံ ၃၆၊ ၆၃၊ ၉၀၊ ၉၆
စစ်မျက်စိ(ဟူးရား၊ ဗေဒင်ဆရာ) ၁၂၉
စစ်လက်(လက်နက်ကိရိယာ) ၁၀၅၊ ၁၂၉
စစ်လျင် ၃၅
စစ်သေနာပတိ ၄၈၊
စစ်သူကြီးတို့ကျင့်ဝတ်များ ၁၂၇
စစ်အစီအရင်များ ၁၂၇
စစ်အစွယ်(သူရဲကောင်း) ၁၂၉
စစ်အောင်ရာအကြောင်းတရား ၁၂ ပါး ၉၈၊ ၁၂၇
စုံစမ်း၍သိအပ်သောအကြောင်းတရား ၇ ပါး ၁၂၉
စုံထောက်အရာရှိ ၃၆
စဥ့်ကူးမင်း ၁၂၅
စဥ့်ကူးမြို့ ၁၅၈
စဥ်းလဲသောသူ ၆၉
စည်းခုံကြီးဘုရား ၆၁


## ဆ


ဆရာဌေး ၁၄၈
ဆရာနပန်းစံ ၁၄၈

ဆရာလူ ၁၄၈
ဆီးရီးယားနိုင်ငံ ၁၁၄
ဆုငွေပေါင်စတာလင်ငါးထောင် ၁၈၁
ဆုငွေပေါင်စတာလင်တစ်ရာ ၁၈၂
ဆေးရွက်ကြီး ၁၂၂
ဆက်သား ၁၇၂
ဆင်ထိန်း၌ာန ၇၄
ဆင်ဖြူမရှင် ၁၅၄၊ ၁၆၈
ဆင်ဖြူရှင်(မြေဒူးမင်း) ၁၀၈၊ ၁၁၉၊ ၁၂၀၊ ၁၂၅
ဆင်ဖြူရှင်တရဖျားငယ် ၆၁
ဆိုင်းမ်၊ မိုက်ကယ် ၁၂၂၊ ၁၂၃
ဆစ်ခ်လူမျိုး ၁၁၂
ဆည်းဆာဝတ် ၇၂
ဆတ္တာခေါင်း ၁၄၈
ဆတ္တာတော် ၁၄၈
ဆတ္တာဝန် ၁၄၈
ဆန်းထွန်း(မန်းတက္ကသိုလ်) ၇၂

## ဇ

ဇနကျ ၇၁
ဇနကပျို့ ၁၂၈
ဇနပွတ္တံမြို့ ၁၁၅
ဇာတာစန်းလင် ၁၂၉
ဇိနာလင်္ကာရဓဇ ရာဇာဓိရာဇဂုရု ၁၂၇
ဇေခုန်မြို့ ၁၆၈
ဇေယျကျော်ထင် ၁၁၂၊ ၁၃၁
ဇံကေနီ(ဂျွန်ကင်းနင်း-ရှု)
ဇင်းမယ်ငါးခရိုင် ၁၄၉၊ ၁၆၀၊ ၁၆၉၊ ၁၇၁၊ ၁၇၂
ဇင်းမယ်လူမျိုးဦးစွန်းဖုတ် ၁၇၂

## ဥ

ဥေယျ၊ အရှင်။ ၁၅၉

## ည

ညညီလာခံများ ၁၅၁
ညှာ၊ မ။ ၁၄၈
ညီလာခံ ၁၅၁
ညီအဆောင်တော်မြဲ ရွှေတောင်သာဂသူ ၁၁၅
ညောင်ရမ်းခေတ် ၉၅၊ ၉၆
ညောင်ရမ်းစား ၁၆၈
ညောင်ရမ်းမင်း ၉၉
ညောင်အုပ်စား ၁၆၈
ညောင်ဦးစောရဟန်း ၄၂

## တ

တတိယမြန်မာနိုင်ငံတော် ၁၀၄၊ ၁၀၇
တနင်္ဂနွေမင်း ၉၆
တနင်္သာရီ ၁၂၄
တမန် ၆၅၊ ၇၀၊ ၈၁၊ ၈၄
တမန်နှင့်စုံစမ်းရမည့်အကြောင်း ၆၈
တမန်အင်္ဂါ(၈)ပါး ၅၇၊ ၉၇၊ ၁၃၁၊ ၁၃၂
တမန်အင်္ဂါ(၉)ပါး ၆၇
တမန်၏တာဝန်များ ၆၉
တရားရာဇဝတ်မှုများ ၁၅၉
တရားသူကြီး ၇၅
တရက် ၁၀၉
တရုတ်ကုန်သည်ကြီး(၂၉)ယောက် ၁၈၂
တရုတ်တို့၏ကျူးကျော်စစ် ၁၀၇
တရုတ်ပြေးမင်း ၄၂
တရုတ်ပြည် ၁၆၀
တရုတ်မြန်မာကပြားအဟီး(Ahee) ၁၇၄
တရုတ်ဝန်နေမျိုးသီဝရန်အောင် ၁၆၀
တရုတ်သံတော်များ ၁၆၀
တရုတ်ဥတည်မင်း၏သမီးတော် ၉၁
တလိုင်းအမျိုးသားလူကြီး ၁၄၀
တာရာမီဒါ(စကားပြန်) ၁၇၄
တိပူမင်းသား ၁၁၆
တုရင် ၁၄၈

တေဇောသာရ ၇၈
တော်စိန်ခို၊ မစ္စတာ ၁၇၃
တံခါးမှူးမတ် ၇၅
တံဆေး ၃၆
တံဆိပ်တော်ခေါင်းစည်း ၁၅၈
တံတားဆယ်စင်းရေကန်(၃)ကန် ၁၁၂
တိုးလှ၊ ဒေါက်တာ ၁၁၂၊ ၁၁၉
တက္ကသိုလ်ဒေသ ၇၁
တက်နွယ်ကျောင်းကျောက်စာ ၆၄
တင်၊ ဦး။ ၁၀၉၊ ၁၄၇၊ ၁၅၇
တောင်ကုတ် ၁၄၃၊
တောင်ငူခေတ် ၉၁
တောင်တွင်း၊ ကျွန်း ၁၈၄
တောင်ထားဝယ်ဗိုလ် ၁၅၃
တစ်ရွာသူကြီး ၇၅
တည်ပင်စောင့်နတ် ၅၄
တန်ပြန်ထောက်လှမ်းခြင်း ၁၂၁
တယ်တူ (ဘေဂျင်း-ရှု)
တိုက်ကုလားမြို့စား ၁၄၁
တိုက်ဂရစ်မြစ် ၃၀
တိုက်သူကြီး ၇၅
တိုက်သဘော်ကြီး ၁၄၅
တိုက်သဘော်ဗိုလ် ၁၄၁
တိုင်ပင်ရာ၌ရှောင်ကြဉ်အပ်သည့်အရပ်(၈)ပါး ၅၅
တိုင်ပင်အပ်သောအရပ်(၅)ပါး ၆၆
တိုင်းပြည်ကျယ်ဝန်းကြောင်း(၈)ပါး ၉၈
တိုင်းပြည်ရတနာ(၉)ပါး ၁၉၄
တုမ်တပဲ ၄၂
တုံကြည်ဥတည်မင်း ၁၆၁

ထ

ထမုံ(စော်ဘွား၏သူကြီး) ၁၅၉
ထရိုက်၊ ကပ္ပတိန် ၁၇၅
ထားဝယ် ၁၆၀
ထီးတော်မိုး ၁၄၇
ထီးလင်း ငယ်သူကြီးရိုးငကန်းမှူး ၁၆၉
ထူပါရုံဘုရားကျောက်စာတိုက် ၆၁
ထောက်လှမ်းရေးစစ်ဗျူဟာ ၁၃၀
ထောက်လှမ်းရေးတာဝန်ခန့်ပြန်တမ်း ၁၂၀
ထောက်လှမ်းရေးသတင်း ၁၀၅
ထောက်လှမ်းရေးအသုံးစရိတ် ၁၅၂
ထောင်ပြည့်နှစ်အမိန့်တော် ၉၅
ထုံပူရီ ၁၂၀
ထွန်းညို၊ ဦး။ ၁၂၈

ဒ

ဒဂုန် ၁၀၁
ဒလမြို့ သခွပ်ပင်ဝ ၁၄၀
ဒလန် ၁၂၁
ဒါကာ ၁၁၅၊ ၁၁၉
ဒါလဟိုဇီ လော့ဒ်(အိန္ဒိယဘုရင်ခံချုပ်) ၁၈၁
ဒိသာပါမောက် ၄၂
ဒုတိယမင်းခေါင် ၈၀
ဒုတိယမြန်မာနိုင်ငံ ၈၉
ဒုတိယအင်းဝခေတ် ၉၅
ဒုတေယျသုတ် ၅၇
ဒူတ ၇၀
ဒေဝိန္ဒအမတ် ၅၀
ဒေလီမြို့ ၁၁၈
ဒေါ့ဂိုနီ ၁၈၂
ဒိန္နန္ဒ၊ ဦး ၁၀၇
ဒက္ကာမြို့ ၁၀၉
ဒက္ခနီစာပေ ၁၁၄
ဒဏ္ဍာဥပါယ် ၆၆
ဒွါရဝတီမြို့တော်ဝန်ဇေယျကျော်ထင် ၁၃၁

ဓ

ဓမ္မောပဒနည်း ၇၃၊ ၇၄
ဓာတ်လှေစီးအရာရှိ ၁၇၂
ဓညဝတီအခွန်ဝန် ၁၃၁
ဓမ္မရာဇိကဘုရားကျောက်စာ ၄၁

## န

နပိုလီယံ ၁၁၄
နပတ် ၁၁၅
နပုန်း(မိန်းမစိုး-ရှု)
နပုန်းကွဲသောသူ ၆၅
နရရှတ္တိ ၁၁၅
နရဒေဝဘီလူး ၅၁
နရသီဟပတေ့ ၄၂
နရာယနပဏ္ဍိတ်(ဟိတောပဒေသ-ရှု)
နရောတ္တမ ပုဏ္ဏား ၁၁၈
နဝရတနကျမ်း ၈၀
နဝရတ်ပျို့ ၈၀
နဝဒေး ၉၁
နသူဒါပတ် ၁၁၅
နာကူမြို့ ၁၁၅
နာကို ၁၁၅
နာဂပတံ ၁၁၅
နာဂသေနမထေရ် ၅၄
နားခံ ၃၅၊ ၃၆၊ ၉၁၊ ၉၆၊ ၁၀၇၊ ၁၂၀
နားခံတော် ၃၆၊ ၆၄၊ ၉၈၊ ၁၀၇၊ ၁၀၉
နားခံပြေ့ကြီးမှူး ၁၄၂
နားခံရဲလှရဲထင် ၁၇၁
နားခံအရာရှိ ၉၃
နားပင်းသောသူ ၆၉
နိတိကျမ်း ၇၂
နေမျိုးရာဇကျော်ထင် ၁၃၉
နေမျိုးမင်းလှကျော် ၁၁၀
နေမျိုးသီရိကျော်ထင် ၁၃၉
နေမျိုးသီဝရန်အောင် ၁၆၀
နေမျိုးစည်သူ ၁၀၈
နေပါလတိုင်း ၁၁၅၊ ၁၁၆၊ ၁၁၇
နေပံ ၁၀၉
နေမိမင္ဂစိုးခန်းပျို့ ၈၀၊
နောင်တော်ကြီးမင်း ၁၂၅
နံ့သာဖြူစံနန်းတော် ၁၄၉၊ ၁၅၁
နော်ရထာကျော်ထင် ၁၆၀
နော်ရထာစည်သူ ၁၆၀
နော်ရထာသခ်သူ ၁၆၀
နက်၊ ဦး။ ၁၄၈
နောက်ထောက်စားအမှုထမ်း ၁၅၆
နိုင်ငံကျယ်အံ့ကြောင်း(၈)ပါး ၁၂၉
နန္ဒိသေနပျို့ ၁၂၅၊ ၁၂၇
နန်းတွင်းဆရာဝန် ၁၇၃
နန်းတွင်းသမားတော်ကြီး(၁၀)ဦး ၁၄၈
နန်းတွင်းအဝယ်တော် ၁၇၃
နန်းရင်းဝန်ကြီး ၁၈၀
နတ်ရှင်နောင် ၉၁
နယ်လှဲ့ရာဇဝင် ၁၈၂

## ပ

ပကိဏ္ဏကကဏ္ဍ ၇၆
ပထနား ၁၁၅၊ ၁၁၉
ပထမအင်္ဂလိပ်မြန်မာစစ် ၁၁၄
ပထမအင်းဝခေတ် ၆၁
ပထဝီဝင်အနေအထားများ ၁၂၂
ပဒေသရာဇာ ၉၉
ပက်ဒရုန်း ၁၇၃
ပက္ကုသအမတ် ၅၀၊၅၁၊
ပညာ၊ ဦး။ ၁၆၉
ပဋိက္ကရား ၁၀၉
ပတ္တဗျူဟာ ၁၂၆
ပရင်ဒါဂတ် ၁၈၈၊၁၈၉
ပတိန်းမင်းသားပုန်ကန်မှု ၁၅၄
ပလောပီနံကျွန်း ၁၁၇
ပလန်းကတ် ၁၇၆
ပသီလူမျိုး ကုလားငမုခံ ၁၄၃
ပသီလူမျိုးစော်ဘွား(မည်းရဇာ အလီခံ-ရှု)
ပသေနဒီကောသလမင်း ၅၄
ပါကစ္စတန် ၇၁
ပါဠိပညာရှင်အိုင်ဗင်ဗတ်ဗလိုဗစ်မိနယဲ့ဖ် ၁၈၂
ပုဂံမင်း ၁၃၇၊ ၁၄၅
ပုဂံမြို့သစ်တောင်ရွာသူကြီး ရိုးငဖြိုး ၁၆၉

ပုရောဟိတ် ၇၅
ပုသိမ်မြို့စားရေးငရွှေစင် ၁၄၂
ပုသိမ်မြို့နယ် ၁၁၇
ပုသိမ်မြို့ဝန်သတိုးမင်းကြီးမဟာမင်းခေါင် ၁၄၂
ပုသိမ်မြို့သူကြီး ၁၄၂
ပုသိမ်မြို့သင်္ဘောထွက်လမ်း ၁၄၂
ပူရာမ်ကျမ်း ၆၄
ပေကျင်း ၁၆၁၊ ၁၆၄
ပေါ၊ ဦး။ ၁၄၈
ပိုးထည်လုပ်ငန်း ၁၂၂
ပက္ကူသအမတ် ၅၀၊ ၅၁
ပေါက်ကြားစေတတ်သူ(၉)ဦး ၅၆
ပင်ဝှက်သည် ၃၅၊ ၃၉၊ ၄၂
ပင်းတယစီရင်စု ၁၅၇၊ ၁၅၈
ပင်းတယဆရာတော်များ ၁၅၇
ပင်းယခေတ် ၆၁
ပဥ္စလဟိုမြို့ ၁၀၉၊ ၁၁၆၊ ၁၁၇၊ ၁၁၉
ပဥ္စလရာဇ်ပြည် ၄၈
ပဥ္စမသင်္ဂါယနာတင်မင်း ၁၅၃
ပဥ္စလရာဇ်မင်း ၁၃၀
ပျဉ်းမနားမြို့စားကြီးမဟာမင်းလှမင်းခေါင် ၁၇၁
ပညာ၊ ဦး။ ၁၇၀
ပဏ္ဏာဆက်နိုင်ငံများ ၁၆၀
ပတ္တဗျူဟာ ၁၂၆
ပန်းချီဆရာ ကိုလက်ဝါသီဂရန့် ၁၀၉
ပန်းဝါ ၁၀၉၊ ၁၁၉
ပန်းသေးလူမျိုး ၁၆၁
ပန်းတိမ်းမင်းသားပုန်ကန်မှု ၁၃၇၊ ၁၄၁
ပွန်ဒီရေရှီမြို့ ၁၆၈
ပယ်စား ၁၅၆
ပယ်ထွက်စပါး ၁၅၆
ပေါက်ကြားစေတတ်သူ(၉)မျိုး ၅၆
ပုဏ္ဏားသာသနာပိုင် ၁၁၀၊ ၁၁၈၊ ၁၁၉
ပုံချီဇေယျနော်ရထာ ၁၁၀
ပျူခံတပ်(၉)မြို့ ၃၁
ပြတျဟိတ ၇၅
ပြဒါးလင်းဂူ ၃၀
ပြား၊ ဦး။ (နာခံတော်) ၁၃၈
ပြင်သစ် ၇၄၊ ၁၂၂၊ ၁၆၉၊ ၁၇၆၊ ၁၈၂
ပြင်သစ်(၂၈)ယောက် ၁၈၂
ပြင်သစ်စစ်ပညာသင်ဆရာ ဝတ်ရှန် ၁၈၄
ပြင်သစ်စကားတတ်သူသံချက်ဝန် ၁၇၆
ပြင်သစ်နိုင်ငံခြားရေးရုံး ၁၇၆
ပြင်သစ်နိုင်ငံသားအမ်ဒဲထရဲဗဲလဲ (M.De Tre velec) ၁၇၆
ပြင်သစ်ပိုင်ချန်တာနဂိုရ်မြို့ ၁၆၉
ပြင်သစ်မြန်မာဆက်ဆံရေး ၁၂၂
ပြင်သစ်မြန်မာလျှို့ဝှက်စာချုပ်များ ၇၄
ပြင်သစ်ဝန်ကြီးချုပ် ၁၈၀
ပြင်သစ်လူမျိုးဘွန်ဗီလိန်း ၁၈၀
ပြောင်သူလျှို ၃၆
ပြည်ကြီးမျက်နှာ ၆၄
ပြည်ကြီးဦးကင်း ၁၃၁
ပြည်စောင့်နတ် ၉၉၊ ၁၃၀
ပြည်ပထောက်လှမ်းရေး ၁၁၃
ပြည်ဘုရင်သတိုးစော ၈၃
ပြည်ရွှေတောင်မြို့ဝန်၁၄၂၊
ပြည့်ကျက်သရေ ၆၄
ပြည့်ခံတွင်း ၆၄၊ ၆၅
ပြည့်ခြေ ၆၄၊ ၁၂၈၊ ၁၃၁၊
ပြည့်စွယ် ၆၄
ပြည့်တံခွန် ၆၄၊ ၁၂၈၊ ၁၂၈
ပြည့်နှာခေါင်း ၆၄၊
ပြည့်နား ၆၄၊ ၆၅၊ ၁၃၁
ပြည့်မျက်စိ ၆၄၊ ၁၂၈၊ ၁၃၁
ပြည့်ရှင်မင်း၏နဝရတ်ကိုးသွယ် ၁၉၄
ပြည့်လက်ရုံး ၆၄၊၁၂၆၊
ပြည့်ဝမ်း ၆၄၊ ၁၂၈၊ ၁၃၁
ပြည့်အင်္ဂါ(၉)ပါး ၁၉၄
ပြည့်အသဲအအူ ၆၄၊ ၆၅

ပြည့်အသက် ၆၄
ပြည့်ဦးခေါင်း ၆၄
ပွဲတော်တည်ခြင်း ၇၂

## ဖ

ဖရက်ဒရစ်အားစ် ၁၆၇
ဖာရက်စီဘာသာ ၁၁၄
ဖိနပ်ချွတ်ခြင်းကိစ္စ ၁၇၈
ဖောဆိုက်၊ ဂျွန်၊ ဒေါက်တာ။ ၁၇၄
ဖိုးကလုံဂူဘုရား ၄၂
ဖိုးကလုံဂူဘုရားကျောက်စာ ၄၂
ဖက်လိပ်ဘုရား ၄၄
ဖိုက်၊ အဲလ်ဘတ်၊ ဆား။ ၁၀၇၊ ၁၇၅
ဖယ်ရာ အာသာ (Phayre) ၁၈၄
ဖျပ်ဖိ ၁၀၅
ဖျပ်ဘူရိ ၁၀၆
ဖြချက္ကရိ ၉၀

## ဗ

ဗဒုံမင်း ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၂၀၊ ၁၂၂၊
၁၂၅၊ ၁၂၈၊ ၁၃၀၊ ၁၃၁၊ ၁၃၄၊
ဗာဒါနိစန္ဒရ ၁၁၂
ဗာနေ ၁၂၄
ဗာရာဏသီမြို့ ၁၁၀၊ ၁၆၈
ဗီယက်နမ်နိုင်ငံ ၁၁၇၊
ဗီယန်ကျင်းမြို့ ၈၉
ဗူးဘုရား ၄၄
ဗညားကျန်း ၈၉
ဗညားစိန်၏နေအိမ် ၁၂၀
ဗညားစက် ၉၀
ဗညားဒလ ၁၀၁
ဗညားလော ၈၉
ဗန်ကောက်အိမ်ရှေ့မင်း ၁၇၂
ဗန်ဂျန် (Vengeance) ၁၇၃
ဗုဒ္ဓသာသနာသန့်ရှင်းတည်တံ့ပြန့်ပွားရေး
၁၁၃
ဗိုလ်ချုပ်ပုဂံဝန်ထောက် ၁၆၉
ဗိုလ်ချုပ်လန်း(မ်)ဘာ့ ၁၃၇
ဗိုလ်ရှုခံ ၁၅၁
ဗိုလ်က္ကူန္ဒာ ၁၇၀
ဗိဿနိုးဂူပ္ပသျှမ ၇၁
ဗျူဟစက္ကိပျို့ ၁၂၅
ဗြိတိသျှစစ်တီးဝိုင်း ၁၈၇
ဗြိတိသျှသူလျှိုတစ်ဦး၏မှတ်တမ်း ၁၈၃
ဗြိတိသျှအမျိုးသားသီချင်း ၁၈၇
ဗြဲတိုက် ၃၆

## ဘ

ဘကြီးတော်စစ်ကိုင်းမင်း ၁၁၀၊ ၁၁၃၊ ၁၂၄၊
၁၂၉
ဘနာရတ် ၁၁၅
ဘယောပဒနည်း ၇၄၊ ၇၅
ဘရောင်း၊ ဂျွန်။ ၁၃၇
ဘဦး၊ ဦး။ ၃၇
ဘာဘေရစ်၊ ကပ္ပတိန် ၁၇၄
ဘားနဒ်၊ ချားလ်စ် ဆာ ၁၈၀
ဘင်တာဘိုးလ် ၁၇၃
ဘီလီ၊ ဘာ၊ ဒေါက်တာ။ ၁၇၃
ဘုရားလောင်းရုက္ခစိုးနတ် ၄၅
ဘူမိဗေဒပညာရှင်ပါမောက္ခ(T.O Idham)
၁၇၅
ဘေဒဥပါယ် ၁၂၆
ဘဲ၊ ဦး။ ၁၄၈
ဘဲကျင်မြို့(Beijing) ၁၆၁၊ ၁၆၄
ဘိုတော်ကွင်းလှ ၁၄၃
ဘိုးလှိုင်၊ ဦး၊ ယောမင်းကြီး။ ၁၅၃
ဘိုးတော်ဘုရား(ဗဒုံ-ရှု) ၁၁၂၊ ၁၁၃
ဘိုးသူတော် ၁၄၇
ဘုံဘေဘားမားသစ်ကုမ္ပဏီ ၁၇၉
ဘုံဘိုင်မြို့ ၁၁၅

ဘင်ခရာသမားများ ၁၇၃
ဘင်္ဂလားကုမ္ပဏီ ၁၃၉
ဘင်္ဂလားမြို့ ၇၇၊ ၁၀၉၊ ၁၁၅၊ ၁၄၅
ဘင်္ဂလားသွားမှတ်တမ်း(စာဆိုဦးနု ရှု)
ဘင်ဆင်၊ ဗိုလ်မှူးကြီး ၁၂၄
ဘဏ္ဍာစိုး ၁၄၇

မ

မဂဓတိုင်း ၁၄၈
မဂိုဘုရင်များ ၁၁၈
မဃဒေဝလင်္ကာသစ် ၁၉၃
မစုံမစမ်းမကျင့်ရာ(၇)ပါး ၁၃၁
မဆလီပဒ်မြို့ ၁၁၅
မဏိပူရ်မြို့ ၁၀၁၊ ၁၀၉
မတိုင်ပင်အပ်သူ(၈)ဦး ၁၃၄
မတိုင်ပင်အပ်သည့်အရပ်(၈)ပါး ၅၅
မထင်မရှားအထောက်တော် ၁၄၇
မဟာဂေါဝိန္ဒ ၁၁၀
မဟာဒါန်ဝန် ၁၅၃
မဟာဓမ္မရာဇာဓိပတိ ၁၀၁
မဟာပိုအမတ် ၄၂
မဟာဗျူဟာလမ်းကြေး ၁၁၂
မဟာမင်းလှသင်္ချယာ ၁၇၆
မဟာမောင်းဝွတ်ဘုရင် ၁၅၉
မဟာရာဇဝင်ကြီး ၆၂၊ ၉၆
မဟာရာဇသင်္ကြံ ၁၆၉
မဟာရာဇိန္ဒအဂ္ဂမဟာဓမ္မရာဇဂုရု ၁၁၀၊ ၁၁၈၊ ၁၁၉
မဟာရဋ္ဌသာရ၊ အရှင် ၈၁၊ ၈၃
မဟာရစ် ၄၂
မဟာဝန်ရှင်တော်မင်းကြီးချားလ်ခရော့စ်ဝိတ် ၁၆၈၊ ၁၈၇
မဟာသမိန်ထောရာဇ ၁၄၂
မဟာသမ္မတမင်း ၁၀၈
မဟော်ပြဇာတ် ၁၃၀
မဟောသဓဇာတ်တော် ၄၅၊ ၉၁၊ ၁၃၄
မဟောသဓကျေးစေခန်း ၁၃၀
မဟာသေနာပတိ ၁၀၇
မဟာဥဂ္ဂဇာတ် ၄၅
မအီ ၁၄၃
မာဂျစ်ဆင် ၁၁၃
မာရီကာ ၁၇၄
မာလာယုကျွန်း ၁၀၉
မာ့(စ်)၊ ဒေါက်တာ။(Doctor Marks) ၁၈၂
မိလိန္ဒပဉှာပါဠိတော် ၅၄၊ ၁၉၂
မီးဆွဲ ၇၀
မီးပြရွာ ၁၃၉
မီးပြအလွန်ပင်လယ်ဝ ၁၄၀
မီးသင်္ဘောကြီး ၁၃၉
မူလာအီပုံဖုံဟင်၊ သင်္ဘောသူကြီး ၁၃၉
မှူးမတ်(၁၄)ပါး ၇၀
မေဂျာဂရန့်အာလန်(Maj. Grant Alan) ၁၇၄
မဲထီးဆရာတော် ၁၃၁
မဲနယ်စက်ရုံ ၁၂၂၊ ၁၇၃
မဲလော့၊ ဒဗလျူ။ ၁၂၄
မော်လမြိုင်မြို့ ၁၄၄
မော်လမြိုင်စုံထောက် ၁၄၁
မော်လမြိုင်မင်းကြီးအရေးပိုင် ၁၄၄
မိုလီနာရီ ၁၇၄
မိုးညှင်းစလုံစော်ဘွား ၈၃
မိုးနဲ၊မိုင်းပန် ၁၀၈
မိုးနဲတပ်ရုံး ၁၅၉
မိုးနဲဗိုလ်ချုပ် ၁၇၁
မိုးညှင်းသတိုး ၆၃
မိုးနဲ၊ မိုင်းနောင်၊ မိုင်းပျင်းစော်ဘွားများ ၁၆၇
မက္ကနီး ၁၈၆
မက္ကနီး၏ဂဇက်တီးယား ၁၈၆
မက္ကနီး၏ထောက်လှမ်းရေးအစီရင်ခံစာ ၁၈၇
မက္ခရာမင်းသားကြီး၏အိမ် ၁၅၄
မက်ဆိုပိုတေးမီးယားယဉ်ကျေးမှု ၃၀
မောက်သူဇာ ၁၀၉၊ ၁၁၅၊ ၁၁၉
မင်းကျင့်တရား(၁၀)ပါး ၁၆၅
မင်းကျော်တမွတ် ၁၁၀
မင်းကြီးစွာစော်ကဲ ၆၁၊ ၆၂၊ ၆၃၊ ၈၀

မင်းခေါင်နော်ရထာ ၁၀၅
မင်းတရားရွှေထီး ၈၉၊ ၉၅
မင်းတုန်းမင်း ၁၀၄၊ ၁၄၅၊ ၁၅၁၊ ၁၅၄၊
၁၅၇၊ ၁၅၈၊ ၁၆၀၊ ၁၇၁
မင်းတို့ကျင့်အပ်သောနာယကဂုဏ်(၆)ပါး ၉၆
မင်းတိုင်ပင်အမတ် ၇၅
မင်းဗာ ၆၄
မင်းလောင်း ၁၀၄
မင်းလှခံတပ် ၁၇၄၊ ၁၈၇
မင်းလှမဟာစည်သူကျော် ၁၇၆
မင်းလှမင်းထင်သီဟသူ ၁၆၀
မင်းလှရာဇာ ၁၀၆
မင်းလှသာဂသူ ၁၁၄
မင်းရဲကောင်းပုံ ၁၀၆
မင်း၏ခံတွင်း ၇၇
မင်း၏မျက်စိ ၇၇
မင်း၏လက်ရုံး ၇၇
မင်း၏အုပ်ချုပ်ရေးဖွဲ့စည်းပုံ ၇၇
မောင်ချို ပေါက္ကံ ၁၃၀
မောင်ထင် ၁၉၂၊
မောင်မောင်တင်၊ ဦး။ ၁၁၉၊
မောင်းထောင်ဆရာတော် ၄၅၊
မဇ္ဈဂီရိ ၄၂
မည်းရဇာအလီခံ ၁၁၅၊ ၁၁၆၊ ၁၁၇
မန်လည်ဆရာတော် ၁၉၃၊
မယ်သီလ ၁၄၈
မဇ္ဈိမဒေသအရေးတော်ပုံကျမ်း ၁၁၂၊ ၁၃၁
မုတ္တမမြို့ရုံး ၁၂၄
မုတ္တမမြို့ဝန် ၁၄၁
မိန်းမစိုး ၇၅
မိန်းမမာယာအသုံးပြုခြင်း(ကူတ္တိဗျူဟာ-ရှု)
မိန်းမလှကျွန်းစောင့် ၁၄၂
မွန်ဂိုတာတာ ၄၂
မွန်တီမင်း ၁၂၃
မုန့်သည်မ ၆၂
မေတ္တာစာ ၁၅၇
မှိုင်း၊ ဦး။ ၁၄၈
မှန်နန်းမဟာရာဇဝင်တော်ကြီး ၁၂၉
မုံရွေးဇေတဝန်ဆရာတော် ၁၂၉
မျိုးစေ့ရိက္ခာ ၁၂၉
မြကေတု ၁၆၆
မြသန်းတင့် ၁၆၇
မြေတိုင်းကြော့ခေါင်း ၁၅၉
မြေထဲမြို့ ၁၇၄
မြို့ခုံတော် ၁၅၇
မြို့စောင့်စစ်ပါရီ ၁၄၀
မြို့ပြအုပ်ချုပ်ရေး ၁၀၇၊ ၁၂၀
မြွေဟသ်ာစီရင်စု ၁၅၈
မြင်ကွန်း၊ မြင်းခုံတိုင် ၁၃၇၊ ၁၄၅၊ ၁၅၄
မြင်းထောက် ၃၅၊ ၁၁၆
မြင်းထိန်း ၇၀
မြင်းအထောက်စခန်းများ ၁၁၃
မြေနုအင်းရဲ ၁၄၃
မြေနန်းဝန်ဟောင်းမင်းလှသာဂသူ ၁၁၃၊
၁၁၄၊ ၁၁၅
မြေပုံ၊ ပုံကြမ်းစနစ်ပုံများ ၁၈၃
မြေမီးဖုတ်ဇာတ်ရုပ်များ ၄၄
မြောက်ဦးမင်းဆက် ၆၄
မြောင်းမြ ၁၄၉
မြင်းလျင် ၁၇၂
မြိတ် ၁၆၀
မြန်မာမင်းများအရေးတော်ပုံ ၈၉
မြန်မာမင်းများအုပ်ချုပ်ပုံစာတမ်း ၁၀၉၊
၁၄၉၊ ၁၅၁
မြန်မာယိုးဒယားနယ်စပ် ၁၀၈
မြန်မာသမိုင်းရှာပုံတော် ၁၈၇
မြန်မာအထောက်တော်တစ်ဦး ၁၂၅
မြန်မာအင်္ဂလိပ်အဘိဓာန် ၁၅၃
မြန်မာအုပ်ချုပ်ရေးပညာကျမ်း ၃၇

ယ

ယုဒသန် ၁၅၃
ယူနန်ဘုရင် ၄၂
ယူနန်မြို့ ၁၆၁
ယူဖရေးတီးစ် ၃၀
ယိုးဒယား ၉၀၊ ၉၆၊ ၁၀၄၊ ၁၀၅၊ ၁၀၈၊ ၁၄၉၊ ၁၅၉
ယုံကြည်အပ်သူ(ပြတျယိတ-ရှု)
ယမ်းစိမ်း ၁၂၂
ယွန်း ၁၅၉
ယွန်းကြီး ၁၆၃
ယုံကြည်အပ်သောအမတ်ဂုဏ်အင်္ဂါများ
(ကာမန္တကီ ရှု)

ရ

ရခိုင် ၉၆၊ ၁၁၄၊ ၁၂၃၊ ၁၂၄
ရခိုင်ဒင်္ဂါး (၁၆၀၀၀) ၁၁၂
ရခိုင်ဝန်ကြီး ၁၁၀
ရခိုင်သူမြတ် ၈၀
ရတနာပုံတိုက်စိုးမင်းလှမင်းခေါင် ၁၄၀
ရတနာပုံမန္တလေးခေတ် ၁၀၄
ရတနာပုံယက်ကန်းစက်ရုံ ၁၇၃
ရထားထိန်း ၇၀
ရဟူဒီ(၆)ယောက် ၁၈၂
ရာဇဂုဏ်(၈)ပါး ၁၆၅
ရာဇဒီပနီကျမ်း ၁၂၇
ရာဇဒဏ်(၁၅)ချက် ၁၅၆
ရာဇဓမ္မသင်္ဂဟကျမ်း ၁၉၂
ရာဇနီတိကျမ်း ၁၉၁
ရာဇပတိက ၁၄၇
ရာဇပလ္လင် ၇၄
ရာဇာဘိဟိတဒီပနီကျမ်း ၁၃၁
ရာဇဝတ်ဝန် ၃၆
ရာဇသေဝကဒီပနီကျမ်း ၁၈၇၊ ၁၈၉
ရာဇောဝါဒဇာတ် ၄၅
ရာပြတ်သီရိစန္ဒဂုတ် ၁၁၀
ရုရှားလူမျိုး ၁၆၃
ရဲခေါင်သူရိန်နော်ရထာ ၁၄၃
ရဲဆု ၈၅
ရဲ(န်)နီ၊ ကပ္ပတိန် ၁၇၄
ရေတော်ရွာမှုအထောက်တော် ၁၅၈
ရေနံ ၁၂၂
ရေနန်းယာဉ်သာ သဘော်တော် ၁၃၄
ရေဝန် ၁၂၁၊ ၁၃၇
ရေဝန်အရာရှိ ၁၄၅
ရေအရင်းအမြစ်ယဉ်ကျေးမှု ၃၀
ရက္ခိုန္ဒြမဟာဓမ္မရာဇာမင်း ၆၄
ရန်ကုန်မြို့ဆိပ်ကမ်း ၁၂၄
ရန္တပိုစာချုပ် ၁၂၄
ရန်အောင်ခြင်းတရား ဥပါယ်(၇)ပါး ၁၉၁
ရန်အောင်မြင်ကြောင်း(၄)ပါး ၁၃၂
ရန်အောင်ဇေယျသိမ်တော်ကြီး ၆၄
ရပ်စောက် ၁၆၅
ရမ္ဘကထာ ၅၄
ရမ္မဝတီမြို့ဝန် ၁၁၀
ရွတ်ခြား(ရုရှား-ရှု)
ရွှန်ပြည်ကြီး ၁၁၅၊ ၁၁၆
ရွှေ့တော်ပြေး ၁၄၈
ရှင်မဖြူကျွန်း ၁၁၃၊ ၁၁၄
ရှိတ်ဒ်ဒါ ဝူးဒ် ၁၁၄
ရှမ်း ၁၃၉
ရွှေခံငွေခံအရောင်းအဝယ် ၁၁၃
ရွှေခုံတိုင်ရွာ ၁၅၈
ရွှေချည်ထိုး ၁၄၈
ရွှေစည်းခုံစေတီ ၄၅
ရွှေမုဋ္ဌောဘုရားအနောက်မျက်နှာ ၁၄၂
ရွှေတောင်ကျော်စွာ ၁၀၅
ရွှေတောင်ကျော်စွာထင် ၁၀၆
ရွှေတောင်ပျံထင်နန္ဒသူရိယ ၁၀၆
ရွှေတောင်လကျ်ာပေါ် ၁၀၆
ရွှေတောင်သာဂသူ ၁၁၀၊ ၁၁၄
ရွှေတောင်သိဒ္ဓိကျော်ထင်(စကားပြန်) ၁၁၈

ရွှေတိုက်ဝန် ၁၀၉၊ ၁၄၈
ရွှေတိုက်စိုး ၇၅
ရွှေနန်းသုံးဝေါဟာရအဘိဓာန် ၁၂၀
ရွှေနန်းကြော့ရှင် ၇၈၊ ၈၀၊ ၈၁
ရွှေလှံဗိုလ် ၁၇၀
ရွှေဟင်္သာမင်းပျို့ ၇၈

လ

လဗိုင်း(ပြင်သစ်လူမျိုး) ၁၀၇
လာအိုနိုင်ငံ ၈၉
လူပြန်တော် ၁၄၇
လောကထိပ်ပန်ဘုရား ၄၅
လောကနီတိကျမ်း ၇၆
လောကသာရပျို့ ၁၈၀
လက္ခနောင် ၁၀၉၊ ၁၁၉
လက်နက်တိုက် ၁၂၀
လက်နက်သယ်ယူရေးကိစ္စ ၁၇၆
လက်ဖွဲ့တော်သတ်အမတ် ၁၉၁
လက်ျာဂုမ္ဘာန် ၁၀၇
လက်ျာမင်းငယ်ကျော်စွာ ၁၀၆
လက်ဝဲနော်ရထာ ၈၉
လက်ဝဲသုန္ဒရအမတ် ၁၂၅
လင်းဇင်းပြည် ၈၉၊ ၁၂၀၊ ၁၆၀
လတ်၊ ဦး။ ၁၄၈၊ ၁၅၁
လန်ဒန်မြို့ပါလီမန်လွှတ်တော် ၁၆၈
လှေထောက် ၃၅၊ ၁၁၆
လှည်းကျအရပ် ၄၂
လင်ဇင်းပြည် ၈၉
လိစ္ဆဝီတိုင်း ၁၀၄
လျှို့ဝှက်တိုင်ပင်မှုကို ဖျက်ဆီးတတ်သော
ပုဂ္ဂိုလ်(၈)ဦး ၅၅
လျှို့ဝှက်အပ်သည့်အမှု ၅၁၊ ၅၂
လျှပ်စစ်မီးစက်ရုံ ၁၇၃
လွှတ်တော်မှတ်တမ်း ၁၇၀၊ ၁၇၁
လွှတ်တော်အဆောင်တော်မြဲ ၁၆၀

ဝ

ဝါယုဗျူဟာ ၆၇
ဝါသိဋ္ဌပြဟ္မာ ၁၁၄
ဝိဒေဟရာဇ် ၄၅၊ ၅၀၊ ၅၁၊ ၅၂၊ ၁၂၈
ဝိဒေဟရာဇ်ပြည် ၄၅၊ ၅၀၊ ၅၁၊ ၅၂
ဝိဓူရပျို့ ၁၂၈
ဝိနယပိဋကတ် ၄၇၊ ၅၇
ဝေလစန္ဒြမင်း ၇၇
ဝဲလေ့စ် ၁၇၄၊
ဝက်မစွတ်အတ္ထုပတ္တိ ၁၄၈
ဝင်းမောင်(တမ္ပဝတီ)၊ ဦး။ ၁၁၉
ဝမုကီသူကရဇာတ် ၄၅
ဝတ်လဲတော်စိုး ၇၀
ဝသကာရအမတ် ၁၀၄၊ ၁၂၈
ဝဿကာရပုဏ္ဏား ၁၀၄၊ ၁၂၈
ဝန်ကြီးဦးပွား ၁၃၇

သ

သတင်းရရန်အဆွေခင်ပွန်းပြုရမည့်သူများ ၆၉
သတင်းပို့အရုပ်များ ၃၀
သတိုးစော(ပြည်ဘုရင်) ၈၃
သတိုးမဟာဗန္ဓုလ ၁၁၈၊ ၁၁၉
သတိုးမင်းကြီးမဟာမင်းခေါင်သီဟသူ ၁၃၇
သတိုးဓမ္မရာဇာ(ပြည်ဘုရင်) ၉၀၊
သတိုးမင်းဖျား ၆၂
သပြေတန်းခံတပ် ၇၄၊ ၁၈၄
သမားတော် ၇၅၊ ၁၄၈
သမြင်တုံ ၁၄၂
သရံပတ်မြို့ ၁၁၅၊ ၁၁၆
သရက်မြို့ ၁၈၆
သရက်မြို့အရေးပိုင် ပီး(လ်)ချား ၁၈၇
သယံဇာတထွက်ကုန် ၁၇၅
သလင်းကြေ ၄၂
သာထွန်းနန်းမြေ ၁၀၉
သာလွန်မင်း ၉၅၊ ၉၆၊
သာသနာပိုင်ဆရာတော်ဘုရားကြီး ၁၁၃

သာယာဝတီမင်း ၁၂၇
သားတော်သမီးတော် ၁၄၇
သီပေါမင်း ၁၀၄၊ ၁၅၃၊ ၁၅၇၊ ၁၆၇၊ ၁၆၉၊
၁၇၆
သီပေါ(ပျူခံတပ်မြို့) ၃၂
သီရိဇေယျအမတ်ကြီးဦးခြိမ့် ၁၉၁
သီရိပျံချီ နရာဇေယျကျော် ၁၁၀
သီရိရွှေတောင် ၉၁
သီရိသုဝံသရာဇိန္ဒမဟာဓမ္မရာဇာဂုရု ၁၁၈
သီလဝါကင်း ၁၄၄
သီဟသူ ၆၃၊ ၇၆
သီဟိုဠ်နိုင်ငံသားစကားပြန်တရမဲဒ(Tarameda)
၁၇၄
သုဇနကဏ္ဍ ၇၆
သုမုခ၊ စစ်သူကြီး ၇၈
သုရှင်တကာရွတ်ပိ ၈၉
သုဝဏ္ဏဟာ ၆၇၊ ၉၁၊ ၁၂၆၊ ၁၃၀
သူကြီး ၇၅
သူကြီး ငသာဝ ၁၄၃
သူပုန်ကုလား ၁၄၄
သူရပျံချီထင် ၁၀၅၊၁၀၆၊
သူရမဟာမင်းခေါင်သမိန်ဗရမ်း ၁၈၈
သူလျှို ၃၅၊ ၆၅၊ ၆၇၊ ၆၉၊ ၇၅၊ ၇၇၊ ၈၃
သူလျှိုစစ်ဆင်ရေး(မဟောသဓ ရှု)
သူလျှိုတို့၏အင်္ဂါလက္ခဏာ(ကာမန္ဒကီ ရှု)
သူလျှိုတစ်ဦး၏အင်္ဂါရပ်(၆)ပါး(ကာမန္ဒကီ ရှု)
သူလျှိုနှင့်မကင်းရ(အတုလဆရာတော် ရှု)
သူလျှိုမင်ကြီး ၆၁
သူလျှိုမြွတ်(နဝရတ်ပျို့ ရှု)
သူလျှိုသူကန်(မင်းကြီးစွာစော်ကဲ ရှု)
သူလျှိုအထူး ၁၉၁
သူလျှိုအမတ်(အမရကောသ ရှု)
သူလျှိုအဖြစ် မွေးမြူခြင်း
(သံဝရပျို့ ပိုဒ်ရေ ၁၆၄ ရှု)
သေနကအမတ် ၅၀
သေနင်္ဂဗျူဟာ(၃၂)ပါး ၆၇
သေနင်္ဂဗျူဟာကျမ်း ၆၄
သေနင်္ဂဗျူဟာပျို့ ၁၂၅
သောဠသ(၁၆)ပြည် ၁၁၅
သောမတ်စပီးယား ၁၈၁
သံတမန် ၇၆၊၇၇၊၈၄
သံတမန်ဂုဏ်အင်္ဂါ(၁၀)ပါး ၇၈၊ ၈၃
သံတမန်အင်္ဂါ(၆)ပါး ၁၆၀
သံတော်အင်္ဂါ(၈)ပါး ၉၈
သံတော်ဆင့်မင်းကျော်ပြာရှုပ် ၁၅၄
သံတွဲဝန် ၁၄၄
သံပျင်အမတ် ၁၉၁
သံလျင်မြို့စာရေး ၁၄၀
သံလျင်မြို့ ၁၀၇၊ ၁၂၀
သံလျင်မြို့အုပ် ၁၄၀
သံလွင်ထားဆိပ် ၁၀၈
သံလွင်အရှေ့ကသူပုန် ၁၇၀
သံဝရပျို့ ၈၃၊ ၈၄၊ ၈၅
သိုဟန်ဘွား ၈၀၊
သိုးဆောင်းအင်္ဂလိပ်လူမျိုး ၁၁၇
သံ့သေး ၃၆
သဏ္ဍတအဘိဓာန်ကျမ်း ၇၅
သက်တော်စောင့် ၁၄၇
သခ်နရာ ၁၀၆
သင်္ဂဟတရား(၄)ပါး ၁၆၅
သင်္ဘောကျင်း ၁၂၂
သင်းတွဲ(ယူနန်ပြည်) ၉၁
သစ်တောဌာန ၇၄
သန်းထွန်း၊ ဒေါက်တာ။ ၁၈၂
သိန္ဒီစော်ဘွား ၁၀၉
သိန္ဒီစော်ဘွားသမီး ၁၅၄
သတ္တုတွင်းဌာန ၇၄
သုတ္တန်ပိဋကတ် ၄၇
သုတ္တုဒ္ဒေသသံသယဉသ် ၁၁၃
သဿမေဓဝွေတော် ၁၅၇
သျှစ်သောင်းပုထိုးတော်ကြီး ၆၄
သွားဆရာဝန် ၁၇၃၊

## ဟ

ဟိတောပဒေသကျမ်း ၆၁၊ ၆၃၊ ၆၅၊ ၇၉
ဟီရန်ကောက်စ် ၁၂၃
ဟူးရားဗေဒင်သမား ၇၃၊ ၇၄၊ ၇၅၊
ဟောရိတ်အေဘရောင်း ၁၇၈
ဟံသာဝတီမြို့ ၉၅၊ ၁၄၅
ဟံသာဝတီအရေးပိုင် ၁၄၂
ဟံသာဝတီဆင်ဖြူများရှင်ဘုရင့်နောင် ၈၉၊
၉၀၊ ၉၂၊ ၉၅
ဟန်ဗရှိတိုင်း ၁၁၅
ဟိုရုံမြို့ ၁၁၅
ဟင်နရီ ယူးလ် ၁၇၅၊ ၁၈၄
ဟိုင်ဒရာဘတ် ၁၁၅
ဟိုင်းကြီးကျွန်းကိစ္စ ၁၀၆၊
ဟိုင်းကြီးကင်းတော်စောင့် ၁၄၂၊ ၁၄၄
ဟိုင်းကြီးကျွန်း ၁၁၇
ဟိန်(စော်ဘွားကြီးစစ်ကဲ) ၁၅၉

## အ


အကောက်ဝန်
(သတိုးမင်းကြီးမဟာမင်းခေါင်သီဟသူ) ၁၃၈
အကောက်ဝန်မင်းကြီး ၄၂
အခွန်ဝန် ၁၂၁
အခွန်ဝန်ဌာန ၇၄
အချိန်နာရီတွက်ချက်ပုံ ၁၂၂
အစုဆိုင်ရာဝန်ကြီး ၁၅၆၊
အစုရှင်ဝင်းမှူး ၁၅၆
အဆောင်တော်မြင်ယ်သားများ ၁၁၀
အဇာတသတ်မင်း ၁၀၄
အညာမြစ်စဉ်စခန်းများ ၁၇၄
အညာသားယဉ်ကျေးမှု ၃၀
အဌာရသ(၁၈)ရပ် ၃၆
အတုလဆရာတော် ၁၁၄၊
အတိုင်ပင်ဖျက်ဆီးတတ်သူ(၇)ဦး ၆၆
အထောက်တော် ၃၅၊ ၆၅ ၊၇၀၊ ၁၂၁၊ ၁၂၇၊
၁၂၈၊ ၁၄၇
အထောက်တော်ခေါင်း ၁၄၅
အထောက်တော်ချုပ် ၁၄၅
အထောက်တော်ငမြစ် ၁၅၈
အထောက်တော်ဆိုင်ရာ ဥပဒေ ၁၅၃
အထင်အရှားထောက်လှမ်းနည်း ၁၄၇
အထင်အရှားအထောက်တော်များ ၁၄၇
အနောက်ဘက်လွှန်မင်း ၉၉
အနောက်ဝန် ၇၅
အနှိပ်တော် ၇၀၊၁၄၈
အပျိုတော်မက်တီကာလိုဂရီဒီ ၁၇၄
အဘယာရာမဆရာတော် ၇၅
အမရကောသျှကျမ်း ၆၃
အမရပူရ ၁၁၀
အမိသင်တော် ၄၂၊ ၄၄
အမေရိကန်(၂)ယောက် ၁၈၂
အမေရိကန်နိုင်ငံသားများ ၁၈၂
အမတ်ချုပ် ၇၅
အမတ်အင်္ဂါ(၉)ပါး ၁၃၂
အမျိုးသမီးအထောက်တော် ၄၂
အမြောက်စက်ရုံ ၁၇၃
အမြောက်ထားသည့်နေရာ ၁၂၀
အမြောက်အမှုထမ်းကုလား ၁၂၄
အမြင့်မြို့အုပ်မောင်ကြီး ၁၅၄
အမှုထမ်းအမတ် ၇၀
အယုဒ္ဓယ ၈၉၊ ၉၀၊ ၁၁၉၊ ၁၂၀၊ ၁၆၀
အရှေ့အိန္ဒိယကုမ္ပဏီ ၁၈၂
အနော်ရထာ ၄၂၊ ၄၆
အနန္တဉာဏပုဏ္ဏား ၁၉၁
အနန္တပိစည် ၄၂
အနောက်ဆောင် ၇၄
အနောက်ဘက်လွှန်မင်း ၉၉
အလောင်းဘုရား ၁၀၁၊၁၀၄၊၁၀၅၊၁၂၀၊၁၂၅၊
အဝဆင်ကျုံးခံတပ် ၁၈၄
အာကာရွှေတောင်ကျော် ၁၄၂

အာနန္ဒာဂူဘုရား ၄၅
အာနန္ဒာစန္ဒြရကျောက်စာ ၆၄
အာဖဂန်နစ္စတန် ၁၇၆
အာဖရိကတောင်ပိုင်း ၁၇၆
အာမေးနီးယန်း(၁၅)ယောက် ၁၈၂
အာမေးနီးယန်းလူမျိုးအာရတွန်း ၁၇၄
အာမေးနီးယန်းလူမျိုးအပျိုတော် ၁၇၄
အာလကမ္ပမြို့ ၁၄၂
အာသံ ၁၀၈၊ ၁၁၃၊ ၁၁၄
အီဂျစ် ၃၀
အီတလီဒု-ကောင်စစ်ဝန် ၁၆၇
အီတလီစကားတတ်သူစာရေးကြီး ၁၇၆
အီတလီနှင့်ပြင်သစ်စစ်ပညာသင်ဆရာများ ၁၇၄၊ ၁၈၄
အီတလီလူမျိုး ကမဲပါ (Camepa) ၁၇၃
အီတလီလူမျိုး(၁၉)ယောက် ၁၈၂
အီတာလျံ အရာကိုမိုတို ၁၇၄
ဥဒါသိတ ၇၃
ဥဒုမ္ဗရဒေဝီမိဖုရားကြီး ၅၂
ဥပဒေဌာန ၁၇၃
ဥပါယ်(၄)ပါး ၁၂၆
ဥပါယ်မာယာ(၄)ပါး ၁၆၅
ဥပုသ်တော် ၁၄၇၊
ဥမင်္ဂဇာတ် ၄၅
ဥရောပတရုတ်ကပြား(၈)ယောက် ၁၈၂
အူရဒူစာပေ ၁၁၄၊
ဥဇနာမင်း ၄၂
ဥတ္တရပဉ္စာလတိုင်း ၄၈
ဥတည်မင်းနိုင်ငံ ၁၆၁
အက်(ဖ်)အာ ပလန်ကက် (F.R Plunkett) ၁၇၆
ဧရာဝတီဖလိုတီလာသင်္ဘောများ ၁၇၉
အောက်မြစ်စဉ်ဝန် ၁၈၆
အဂ္ဂသမာဓိ၊ အရှင်။၈၀၊
အင်္ဂလိပ်ကုလားစစ်ဗိုလ်၁၁၄
အင်္ဂလိပ်စာရေးဆရာဂျော့ချ် ၁၁၂
အင်္ဂလိပ်စာတတ်သူစာရေးကြီး ၁၇၆
အင်္ဂလိပ်မြန်မာစစ် ၁၁၄
အင်္ဂလိပ်မြန်မာဆက်ဆံရေး ၁၁၀
အင်္ဂလိပ်နယ်ချဲ့တပ်သား ၁၆၇
အင်္ဂလိပ်သံရောက်စာတမ်း ၁၇၉
အင်္ဂလိပ်သူလျှို ၁၆၈၊ ၁၁၂၊
အင်္ဂလိပ်သံအဖွဲ့ ၂၄၊၁၆၈
အင်္ဂုတ္တိုရ်ပါဠိတော် ၅၇
အင်ဒရီနို (C. Andreino) ၁၆၇
အင်းဝခံတပ်များ ၇၄
အင်းဝနန်းဦးဆည်ကျောင်း ၁၁၄
အစ္စလာမ်စာပေ ၁၁၄
အတ္ထောပဒနည်း ၇၄၊ ၇၅
အန်ထရန်(ခတ်ပုံဆရာ) ၁၇၄
အမ် (M)သုံးလုံး ၁၈၂
ဣတ္ထိဗျူဟာ ၁၂၆
ဣန္ဒဂုတ္တ၊ အရှင်။ ၈၀
ဣန္ဒပျံချီ ၁၀၅၊ ၁၀၆
အိန္ဒိယစစ်ထောက်လှမ်းရေးဌာန ၁၈၃
အိန္ဒိယဈေးဆိုင်ပိုင်ရှင် ၁၈၂
အိန္ဒိယ-မြန်မာနယ်စပ် ၁၂၄

## ပုံအညွှန်း

၁။ ပုဂံမြို့ မင်းနန်သူရွာ အရှေ့မြောက်ဘက် ဖိုးကလုန်ဂူဘုရားနှင့် ဘုရားအတွင်းရှိကျောက်စာပုံ စာမျက်နှာ(၄၃)
၂။ ပုဂံမြို့ လောကထိပ်ပန်ဂူဘုရားအတွင်းမှ မဟောသဓသေုခမိန်က အမတ်ကြီးလေးပါး၏လျှို့ဝှက် စကားများကို ချောင်းမြောင်းနားထောင်နေသည့် နံရံဆေးရေးပန်းချီပုံ စာမျက်နှာ(၄၆)
၃။ ပုဂံမြို့ လောကထိပ်ပန်ဂူဘုရားအတွင်းရှိ မဟောသဓကျေးစေခန်းကို သရုပ်ဖော်ရေးဆွဲထားသော နံရံဆေးရေးပန်းချီပုံ စာမျက်နှာ(၄၆)
၄။ အာနန္ဒာဘုရား၊ အထက်စတုတ္ထပစ္စယံရှိ မဟောသဇာတ်တော်မှ ကျေးစေခန်း စဉ့်ကွက်ပုံ (ဇာတ်ကွက်အမှတ် ၆၄၇ မှ ၇၄၀ အထိ) စာမျက်နှာ(၄၇)
၅။ ပထမအင်းဝခေတ် သူလျှိုအသုံးအနှုန်းပါသော စစ်ကိုင်းမြို့ ထူပါရုံဘုရားတွင်ရှိသည့် စည်းခုံကြီး ဘုရားကျောက်စာ၊ ရှေ့ဘက်မျက်နှာစာပုံ စာမျက်နှာ(၆၀)
၆။ မြန်မာသံအဖွဲ့တစ်ဖွဲ့ အိန္ဒိယသို့ရောက်ရှိစဉ် ၁၈၁၀-၁၈၂၀အတွင်း ဒေလီပန်းချီဆရာတစ်ဦး ရေးဆွဲထားသည့်ပုံ (အထောက်တော် မင်းလှသာဂသူနှင့်အဖွဲ့ဟု ယူဆရပါသည်။) စာမျက်နှာ(၁၁၁)
၇။ ဗြိတိသျှစစ်ဗိုလ် ဇဲကေနီ(ဂျွန် ကင်းနင်း)ဦးဆောင်သော သံအဖွဲ့(ရွှေနန်းလက်သုံးပုရပိုက်တွင် ရေးဆွဲထားသော ပန်းချီပုံ) စာမျက်နှာ(၁၂၃)
၈။ မင်းတုန်းမင်းကြီးလက်ထက် အထောက်တော်ချုပ်တာဝန်ပေးခံရသော မင်းကြီးမင်းထင်မဟာစည်သူ ဘွဲ့ခံ ဝန်ထောက်တော် ဝတ်မစွတ်မြို့စား၏ပုံ (ဒဂုံခင်ခင်လေး၏ဝတ်မစွတ်အတ္ထုပ္ပတ္တိနှင့် စာပေ များစာအုပ်မှ ကူးယူတင်ပြခြင်းဖြစ်ပါသည်) စာမျက်နှာ(၁၅၀)
၉။ မင်းတုန်းမင်းကြီး နေ့စဉ် အထောက်တော်များနှင့်တွေ့ဆုံ၍ သတင်းကြားနာတော်မူသော နံ့သာ ဖြူနန်းတော် စာမျက်နှာ(၁၅၂)
၁၀။ မင်းတုန်းမင်းကြီး၏အထောက်တော် စုဖုရားလတ် စာမျက်နှာ(၁၅၄)
၁၁။ ၁၈၅၅ ခုနှစ်တွင် အင်းဝနေပြည်တော်သို့ ရောက်ရှိလာသော ဗြိတိသျှသံအဖွဲ့(ထိုသံအဖွဲ့တွင်ပါဝင် သော ကပ္ပတိန် ဟင်နရီယူးလ် ရေးခဲ့သည့် အင်းဝရောက်အင်္ဂလိပ်သံအဖွဲ့စာအုပ်တွင် စီး ဂရန့် ရေးဆွဲထားသောပုံ) စာမျက်နှာ(၁၇၅)
၁၂။ ဒေါက်တာမတ်၏ပုံ စာမျက်နှာ(၁၈၃)
၁၃။ ဂျင်နရယ်ပရင်ဒါဂတ်၏ပုံ စာမျက်နှာ(၁၈၆)
၁၄။ မင်းလှခံတပ် နှင့် ဂွေးချောင်းခံတပ် တည်နေရာပြမြေပုံ စာမျက်နှာ(၁၈၆)
၁၅။ မင်းလှခံတပ်ကို မြစ်ဘက်မှမြင်ရပုံ စာမျက်နှာ(၁၈၆)
၁၆။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် မြန်မာအထောက်တော်တစ်ဦး ရေးဆွဲဆက်သခဲ့ သည်ဟု ယူဆရသော ယိုးဒယားနေပြည်တော်မြေပုံ (အချပ်ပို)

[illegible]



[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]